ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# တ ရား စီ ရင် ထုံး များ

## ပြည်သူ့တရားသူကြီးအဖွဲ့တစ်ဖွဲ့လုံး

## နှင့်

## ဗဟိုတရားစီရင်ရေးအဖွဲ့

## စီရင်ချက်များ

# ၁၉၈၆ ခုနှစ်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ခွင့်ပြုချက်အရထုတ်ဝေသည်။

တရားရုံးချုပ်စာကြည့်တိုက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

# တရားစီရင်ထုံးများ

## ပြည်သူ့တရားသူကြီးအဖွဲ့တစ်ဖွဲ့လုံး
## နှင့်
## ဗဟိုတရားစီရင်ရေးအဖွဲ့
## စီရင်ချက်များ

၁၉၇၆ ခုနှစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ ရိုက်နှိပ်ထုတ်ဝေသည်။

ပထမအကြိမ်

၁၉၈၆၊ ဇူလိုင်လ

အုပ်ရေ .... ၆၀၀၀

ဗဟိုတရားရုံး၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့် (မှတ်ပုံတင်အမှတ် ၀၃၈၃၁/၈၆) က ဗဟိုတရားရုံးပုံနှိပ်တိုက်၊ အမှတ် ၁၀၁၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်၍၊ ဗဟိုတရားရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွန်း၊ ယာယီကင်းလွတ်ခွင့်အမှတ် (၈၃၇/၈၆) က ထုတ်ဝေသည်။

၁၉၇၆ ခုနှစ်

# ဗဟိုတရားရုံး စာကြည့်တိုက်

## ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့တရားသူကြီးအဖွဲ့

(၁-၁-၇၆ နေ့ မှ ၉-၃-၇၆ နေ့ထိ)

| | | | |
|---|---|---|---|
| ၁။ | ဦးတင်အောင်ဟိန်း | B.A.,B.L.<br>နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်) | ဥက္ကဋ္ဌ |
| ၂။ | ဦးကိုကြီး | .... | အဖွဲ့ဝင် |
| ၃။ | ဦးခင်မောင်ကျော် | .... | အဖွဲ့ဝင် |
| ၄။ | ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးတွမ်မှုန်း | B.A.(Hons.) .... | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းတင် | နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) | အဖွဲ့ဝင် |
| ၆။ | ဦးဘမော် | B.A.(Hons.),B.L. .... | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာ မောင်မောင်အေး | M.B.,B.S. .... | အဖွဲ့ဝင် |
| ၈။ | ဦးဝင်းမောင် (၁) | B.Sc. Engg.(Elec.) .... | အဖွဲ့ဝင် |
| ၉။ | ဦးအေးစန် | .... | အဖွဲ့ဝင် |

(၁၀-၃-၇၆ နေ့မှ ၃၁-၃-၇၆ နေ့အထိ)

| | | | |
|---|---|---|---|
| ၁။ | ဦးတင်အောင်ဟိန်း | B.A.,B.L.<br>နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) | ဥက္ကဋ္ဌ |
| ၂။ | ဦးကိုကြီး | .... | အဖွဲ့ဝင် |
| ၃။ | ဦးခင်မောင်ကျော် | .... | အဖွဲ့ဝင် |
| ၄။ | ဝဏ္ဏကျော်ထင် သီရိပျံချီဦးတွမ်မှုန်း | B.A.(Hons.) .... | အဖွဲ့ဝင် |
| ၅။ | ဦးထွန်းတင် | နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်) | အဖွဲ့ဝင် |
| ၆။ | ဦးဘမော် | B.A.(Hons.),B.L. .... | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာ မောင်မောင်အေး | M.B.,B.S. .... | အဖွဲ့ဝင် |
| ၈။ | ဦးဝင်းမောင် (၁) | B.Sc.Engg.(Elec.) .... | အဖွဲ့ဝင် |
| ၉။ | ဦးအေးစန် | .... | အဖွဲ့ဝင် |
| ၁၀။ | ဒေါက်တာမန်းသက်စံ | B.Sc.(Hons.),M.Sc.,Ph.D(Ill.) .... | အဖွဲ့ဝင် |
| ၁၁။ | ဦးမျိုးမြင့် | .... | အဖွဲ့ဝင် |
| ၁၂။ | ဦးဝင်းမောင် (၂) | .... | အဖွဲ့ဝင် |

၁၉၈၆ ခုနှစ်

# ပြစ်မှုဆိုင်ရာအမှုများ

## စီရင်ထုံးပြုသောမှုခင်းများ

စာမျက်နှာ

## ပြစ်မှုဆိုင်ရာအမှုများ


| | | | |
|---|---|---|---|
| ဦးကံလှပါ(၁၀) | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် * | ၁ |
| မခင်ခင်စော မောင်ဝင်းမြင့် | နှင့် | ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် * ၂။ ဒေါ်ကျင်အေး | ၇ |
| ဦးစိန်လှိုင် | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် * ပါ ၆ | ၁၀ |
| ဦးစိန်အေး | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် * ပါ ၇ | ၁၅ |
| ဒေါ်တုတ်တုတ်ပါ(၂) | နှင့် | ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် * ၂။ ဒေါ်ခင်အေးကြည် | ၁၈ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဦးကေဘသောင်း * | ၂၂ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | နှင့် | ကိုခင်အောင် * | ၂၇ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | နှင့် | အုန်း၊ မြင့်သိန်း ပါ-၁၇-ဦး * ဒေါ်သောင်း၊ စိန် ပါ-၃၄-ဦး၊ စိန်ကုလား ပါ-၄-ဦး | ၃၀ |
| ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | နှင့် | ဦးဝင်းမြင့် အပါအဝင် တစ်မှုစီ ၃၉-ဦး* | ၃၈ |
| မောင်ဘန်ချိန်း ပါ-၇ဦး ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်* မောင်လှပါ (၄) ဦး | ၄၅ |


F,B

# စီရင်ထုံးများ

[illegible] စာကြည့်တိုက်

## ပြစ်မှု ဆိုင်ရာ အမှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ဒေါ်နန်းလှ | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၅၁ |
| ကိုမောင်လေး (ခ) တင်ဦး ပေါ် (၅) | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၅၄ |
| ရန်စံလင်း (ခ) ကျော်သိန်း | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၅၉ |

## စီရင်ထုံးပြုသော အမှုများ

## မြစ်မှုဆိုင်ရာအမှုများ


| | | | မျက်နှာ |
|---|---|---|---|
| မောင်ကျော်ဆွေ | နှင့် | ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် | ၆၄ |
| မောင်စိုးနိုင်(ခ) မောင်ပယ် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ပါ (၂) | ၃၀ |
| ဦးတက်ခေတ်(ခ) ဦးမြင့်လွင် | နှင့် | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် | ၄၇ |


ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

မမအေးချို(ခ)မတင်ချိုပါ(၁၁)

# စီရင်ထုံးပြုသောအမှုများ

## မြစ်မှုဆိုင်ရာအမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| မောင်သောင်းပေါ(၂) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သန်းဘားပေါ(၇) | ၇၇ |
| ဒေါ်အေးကြည် | နှင့် | ဦး ပန်းဆောင်ပေါ(၄) | ၈၇ |
| ဦးအောင်သန်းပေါ (၂၁) | | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | |
| ဦးနေမျှောဘာသပေါ(၅) | နှင့် | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | |
| ဒေါ်ဝန္တသိဒ္ဓိပေါ(၃၉) | | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် | ၉၃ |

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ—**

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ။

ပြစ်မှုဆိုင်ရာဥပဒေ။

၁၉၅၃-ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ။

၁၉၆၃-ခုနှစ်၊ သီးစားချထားရေး ဥပဒေ။

၁၉၆၅-ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေ။

၁၉၇၇-ခုနှစ်၊ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေ။

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉—သီခြားဖြစ်ရပ် တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများကို၊ တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့်၊ စစ်ဆေးကြားနာခြင်း အားလုံးမှာ မူလအစကပင် ပျက်ပြယ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မခင်ခင်စောက ဒေါ်ကျင်အေးအား ပါးရိုက်သည်ဟု စွပ်စွဲသောနေ့မှာ ၂၃-၁၁-၈၂ ရက်နေ့ဖြစ်၍ မောင်ဝင်းမြင့်က ဒေါ်ကျင်အေးအား ဆဲဆိုကြိမ်းဝါးသည့်နေ့မှာ ၂၄-၁၁-၈၂ ရက်နေ့ဖြစ်ကြောင်းပေါ်ပေါက်သည်။ထို့ကြောင့်မခင်ခင်စောနှင့်မောင်ဝင်းမြင့်တို့အပေါ် စွဲဆိုထားသောအမှုများသည် အကြောင်းချင်းရာဖြစ်ရပ်တစ်ခုတည်းမှ ပေါ်ပေါက်လာသော အမှုများဟု မဆိုနိုင်ပေ။သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး၊ ဥပဒေပုဒ်မ ၂၃၉ အရ မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့ကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်

နှင့် မညီညွတ်သဖြင့် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိကြောင်းတွေ့ရသည်။ စာမျက်နှာ

၁။ မခင်ခင်စော နှင့် ၂။ မောင်ဝင်းမြင့် — ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်* ၂။ ဒေါ်ကျင်အေး ၇

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရပြဋ္ဌာန်းချက်–တစ်ဦးတစ်ယောက်အား အပြီးအပြတ် လွှတ်ခဲ့သောအမှုတွင်၊ ယင်းအမှုဖြစ် အကြောင်းချင်းရာနှင့်စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်အပေါ် တရားစွဲဆိုခွင့်မရှိဟု ပိတ်ပင်ထားမှုမရှိခြင်း။**

ဆုံးဖြတ်ချက်။ ။တစ်ဦး တစ်ယောက်သော သူအား ပြစ်မှုတစ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်သည်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်သည်ဖြစ်စေ၊ ထိုသူအား ထိုပြစ်မှုအတွက် ထပ်မံတရားစွဲဆိုခွင့် မပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ တွင် ပြဋ္ဌာန်းထားရာ၌ ယင်းအမှုဖြစ်အကြောင်းချင်းရာနှင့် စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်အပေါ် တရားစွဲဆိုခွင့်မရှိဟု ပိတ်ပင်တားမြစ်ခြင်း မရှိပေ။ ယခုအမှုတွင်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ အစစ်ခံချက်နှင့် ဦးစိန်အေး၏ တိုက်ရိုက်လျှောက်လွှာအပေါ် ကောက်ယူ ဆုံးဖြတ်ခြင်းမပြုဲ အခြားအမှုမှ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ အမှုပိတ်ကြောင်း မူလတရားရုံးက ဆုံးဖြတ်ထားသောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တိုင်းတရားရုံး၏ အမိန့်တို့မှာ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ဦးစိန်အေး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၁၅

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က–ပြစ်မှုဆိုင်ရာအမှုကို ချေဖျက်ပေးရန် လျှောက်ထားခြင်း–လျှောက်ထားသည့် အမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၉ ပါ ပြဋ္ဌာန်းချက်အရ မူလရုံးတွင် စီရင်ပိုင်ခွင့်မရှိဟု မဆိုနိုင်သည့်ပြင်၊ ပြစ်မှုဆိုင်ရာ ဥပဒေအရ ကင်းလွတ်ချက်များနှင့် အကျုံးဝင်ကြောင်း သက်သေပြရန် တာဝန်သည် လျှောက်ထားသူတို့အပေါ် ကျရောက်သဖြင့် အမှုချေဖျက်ရန် အကြောင်း မပေါ်ပေါက်ခြင်း။** စာမျက်နှာ

မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၁၁/၈၄ တွင် လျှောက်ထားသူ ဒေါ်တုတ်တုတ်နှင့် ဦးမြင့်ဆွေတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀/၃၄ အရ အရေးယူပေးရန် ဒေါ်ခင်အေးကြူက တရားစွဲဆိုသည်။ ဒေါ်တုတ်တုတ်တို့နှစ်ဦးက သူတို့အပေါ် စွဲဆိုထားသည့်အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ပယ်ဖျက်ပေးရန် ဗဟိုတရားရုံးတွင် ဤအထွေထွေမှုကို ဘင်သွင်းသည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်တုတ်တုတ်တို့က စလင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သောအမှု ဖြစ်သည့်အတွက် မန္တလေးအရှေ့တောင် မြို့နယ်တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း၊ စွဲချက်များမှာလည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၊ နဝမကင်းလွတ်ချက်တို့နှင့် အကျုံးဝင်နေကြောင်းတင်ပြ၍ အမှုကိုချေဖျက်ရန် လျှောက်ထားခြင်း ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံသို့ ဒေါ်တုတ်တုတ်တို့၏ တိုင်ကြားစာနှင့် ဒေါ်ရွှေနုက မန္တလေး ဆေးတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ တိုင်ကြားစာပေးပို့ခဲ့ခြင်းကြောင့် ဦးမောင်မောင်နှင့် ဒေါ်ခင်အေးကြူတို့မှာ ဂုဏ်သရေကို ထိခိုက်စေခဲ့ကြောင်း စွပ်စွဲချက်များရှိသဖြင့် ဒေါ်တုတ်တုတ်တို့အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၉ ပါ ပြဋ္ဌာန်းချက်အရ မန္တလေး အရှေ့တောင်မြို့နယ် တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာမရှိဟူ၍ မဆိုနိုင်ပေ။ ထို့အပြင် ဖော်ပြပါ ကင်းလွတ်ချက်များနှင့် အကျုံးဝင်ကြောင်း သက်သေပြရမည့်တာဝန်သည် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၅ အရ လျှောက်ထားသူတို့အပေါ်ကျရောက်သဖြင့် ယင်းတင်ပြချက်ကို ယခုအဆင့်တွင် စဉ်းစားခြင်း မပြုနိုင်သည့်အလျောက်အမှုကိုချေဖျက်ရန် အကြောင်းမပေါ်ပေါက်ချေ။

ဒေါ်တုတ်တုတ်ပါ (၂) နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၀
၂။ ဒေါ်ခင်အေးကြူ

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က)- ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ် ထိုက်သော ပြစ်မှုဖြစ်သဖြင့်၊ ယင်းအမှုတွက် ဆိုဆုံးမ၍ လွှတ်သည့် အမိန့်သည် ဥပဒေအရ မှားယွင်းခြင်း။** စာမျက်နှာ

မဟိုဥပဒေရုံးက ဤအမှုနှင့်ပတ်သက်၍ တင်ပြရာတွင် လျှောက်ထားခံရသူ ကိုခင်အောင် ကျူးလွန်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၂၄ အရ ပြစ်မှုသည် ထောင်ဒဏ် (၃) နှစ်အထိ ထိုက်သင့်စေနိုင်သော ပြစ်မှုဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ကိုခင်အောင်အား ဆိုဆုံးမ၍လွှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) တွင် "ပြစ်မှုဆိုင်ရာဥပဒေအရ -၂ နှစ်ထက်မပိုသည့် ထောင်ဒဏ် စီရင်ထိုက်သည့် မှုပြစ်တခုခုနှင့် စီရင်ရာတွင်၊ ၎င်းသူ အပေါ်၌ အထက်က မှုပြစ်စီရင်ဘူးကြောင်း မထင်ရှားက ၎င်းစီရင်သည့်ရုံးမှ သင့်သည်ထင်မြင်လျှင် ကျူးလွန်သူ၏အသက်၊ ယခင်က အကျင့်စာရိတ္တ ကောင်းကြောင်း၊ ကိုယ်ကာယအခြေအနေ စသည့်အချက်အလက်များနှင့်ပတ်သက်၍ ထောက်ထားသင့်သည့် အခြား အကြောင်း များကို ထောက်ပြီး ၎င်းအား အပြစ်ပေးမည့်အစား စည်းကမ်းတကျ ဆုံးမ၍ လွှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားသည်။ ယခုပြစ်မှုနှင့်စပ်လျဉ်း၍ သုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ဒဏ်ငွေဖြစ်ခစေ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုဖြစ်ပေသည်။ ထို့ကြောင့် မူလတရားရုံးက လျှောက်ထားခံရသူ ကိုခင်အောင် အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁-က) အရ ဆိုဆုံးမ လွှတ်သည့်အမိန့်သည် ဥပဒေအရ မှားယွင်းကြောင်း တွေ့ရသဖြင့် မူလတရားရုံးအမိန့်ကို ဤရုံးအနေနှင့် ပြင်ဆင်ပေးရန်ရှိသည်။

| | |
|---|---|
| ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈–ယင်း ပုဒ်မအရ အကျုံးဝင်ရန် အတွက် ဥပဒေအရ အမိန့်ထုတ်ပြန်ရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အမိန့်တစ်ရပ်ထုတ်ပြန်ရန် လိုအပ်ခြင်း – စိမ်းကိန်းဝင် သီးနှံများကို စိုက်ပျိုးရန် ညွှန်ကြားစာကို လိုက်နာရန် ပျက်ကွက်သူအပေါ် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၈ အရ အရေးယူရန်ဖြစ်ခြင်း။ | စာမျက်နှာ |

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အကျုံးဝင်ရန် အတွက် ဥပဒေအရ အမိန့်ထုတ်ပြန်ရန် အာဏာရှိသော ပြည်သူ့ဝန် ထမ်းက ဥပဒေနှင့်အညီ အမိန့်တစ်ရပ် ထုတ်ပြန်ရန် လိုအပ်ပေသည်။ ဥပဒေနှင့်အညီ ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်မှသာလျှင် ပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်ပေမည်။ ထို့ ကြောင့်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်း မြို့နယ် အတွင်းရှိ တောင်သူများအနေဖြင့် စိမ်းကိန်းဝင်သီးနှံများ စိုက်ပျိုးရန် အမိန့်တစ်ရပ် ထုတ်ပြန်ရန်လိုအပ်သည်။ အဆိုပါအမိန့်ကို မလိုက်နာ သူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်ပေမည်။ ဤအမှုတွင် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်း အမိန့်ကို ထုတ်ပြန်ထားခြင်းမရှိသောကြောင့် ဦးကံလှတို့ အသီးသီး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုထားခြင်းသည် ကနဦးကပင် ပျက်ပြယ်နေပြီး ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မူလရုံးအမှုတွဲတွင် လေ့လာသုံးသပ်ကြည့် သောအခါ ရွှေဘိုမြို့နယ် ပြည်သူ့ကောင်စီက ရပ်ကွက် / ကျေးရွာ ပြည်သူ့ကောင်စီဥက္ကဋ္ဌများသို့ ၄–၄–၈၃ နေ့စွဲပါ စာအမှတ် ၈၉၉/ ၁၃/စီးပွား–၁ ဖြင့် ပေးပို့သော ညွှန်ကြားစာတွင် ကြံ၊ ငှက်ပျော၊ သီးပင် စားပင်များကို စိုက်ပျိုးခြင်း မပြုပဲ စိမ်းကိန်းဝင်သီးနှံများကို စိုက်ကေထက် တိုးချဲ့စိုက်ပျိုးရန် ဖော်ပြထားသည်။ အဆိုပါညွှန်ကြား ချက်ကို လိုက်နာရန် ပျက်ကွက်သူအား ၁၉၆၃ ခုနှစ်၊ သီးစားချ ထားရေး အက်ဥပဒေပုဒ်မ ၁၂ အရ အရေးယူရန် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌများထံ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ၂၁–၆–၈၃ နေ့စွဲပါ စာအမှတ် ၁၅၄၀/၁၃/စီးပွား–၁ အရ ညွှန်ကြားခဲ့သည်။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌများထံသို့ အထက်ဖော်ပြပါ ညွှန်ကြားစာအရ စိမ်းကိန်း ရည်မှန်းချက်များတွင် မပါဝင်သည့် ကြံ၊ ငှက်ပျောနှင့် ဟင်းသီး

ဟင်းရွက်များကို လုံးဝ စိုက်ပျိုးခြင်းမပြုပဲ စီမံကိန်း သီးနှံများကိုသာ စိုက်ကေထက် တိုးချဲ့စိုက်ပျိုးရန် ဖော်ပြထားသဖြင့် ယင်း ဖော်ပြချက်များကို လိုက်နာရန် ပျက်ကွက်သူအပေါ် အထက်တွင် ဖော်ပြခဲ့သော ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၀/၄၀ အရ အရေးယူခွင့်ရှိပေသည်။ ဤအမှုတွင် ယင်းကဲ့သို့ အရေးယူခဲ့ခြင်း မရှိသောကြောင့် မြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေ နှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။ ၎င်း အကြောင်းအချက်များအရ သက်ဆိုင်ရာ အဖွဲ့အစည်း၊ အဆင့်ဆင့်သည် ဥပဒေ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပေ သည်။

ဦးကံလှပေါ် (၁၀) နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် ၁

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက် — ယင်း ဥပဒေပုဒ်မအရချမှတ်သည့်ပြစ်ဒဏ်ကို၊ စွဲဆိုရင်း ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်သည့် ပြစ်ဒဏ်နှင့် တပေါင်းတည်းကျခံစေ ရန် ချမှတ်ခြင်း၊သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း- ထို့ပြင် အဆိုပါ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ် ကို ချုပ်ရက်မှ ထုတ်နုတ်ကျခံစေရန် ချမှတ်သည့် အမိန့်မှာ လည်း ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ခြင်း။**

လှိုင်ကော်မြို့နယ် အကျဉ်းစခန်း တာဝန်ခံ ဦးစိန်လှိုင်က မောင်ပိုးရယ်၊ မောင်ဖရေရှယ်၊ ဦးရယ်၊ မောင်ရိုးရယ်နှင့် မောင် ပြီးရယ်တို့ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ လှိုင် ကော်မြို့နယ် တရားရုံးသို့ အမှု ၅ မှု ခွဲ၍ စွဲဆိုသည်။ မြို့နယ် တရား ရုံးက တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ မောင်ပိုးရယ်တို့ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ အသီးသီး စွဲချက် တင်ပြီး ထုချေ ဖြေရှင်းစေရာ မောင်ပိုးရယ်တို့ အသီးသီးက အပြစ်ရှိ ကြကြောင်း ဖြောင့်ဆို ဝန်ခံခဲ့သောကြောင့် မောင်ပိုးရယ်တို့ အသီးသီး အပေါ် ထောင်ဒဏ် ၆ လစီ ကျခံကြစေရန်နှင့် ချုပ်ရက်များကို ထုတ် နုတ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်ပိုးရယ်တို့ ၅ ဦးက မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သည့်အတွက် ပြည်နယ် တရား ရုံး၌ အယူခံဝင်ရာ ပြည်နယ်တရားရုံးက မြို့နယ် တရားရုံး၏ ပြစ်မှု တွေ့ရှိချက်ကို အတည်ပြုပြီးလျှင် အဆိုပါ ပြစ်ဒဏ်အသီးသီးကို မြို့နယ်

တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/၇၉ တွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်အတူ တပေါင်းတည်း ကျခံစေရန်နှင့် ချုပ်ရက်များကို ပြစ်ဒဏ်မှ ထုတ်နှုတ် ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။ စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ ၏ရှင်းလင်းချက်တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

“ဤပုဒ်မတွင်ပါသော ပြစ်ဒဏ်သည် စွဲဆိုရင်း ပြစ်မှုအတွက် ဖြစ်စေ၊ ပြစ်မှုထင်ရှား စီရင်ရင်း ပြစ်မှုအတွက်ဖြစ်စေ၊ ဖမ်းဆီးခြင်း ခံရမည့်သူ ခံထိုက်သော၊ သို့တည်းမဟုတ် အချုပ်ခံနေရသူ ခံထိုက်သော ပြစ်ဒဏ်အပြင် အပိုခံရမည့် ပြစ်ဒဏ်ဖြစ်သည်။”

ပြည်နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ်ကို လှိုင်ကော်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၁/၇၉ တွင် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၃ အရ စွဲဆိုရင်း ပြစ်မှုအတွက် ပြစ်မှုထင်ရှား စီရင်သည့် ပြစ်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ်ခဲ့ခြင်းသည် ပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့အပြင် မြို့နယ် တရားရုံးနှင့် ပြည်နယ် တရားရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ထောင်ဒဏ်ကာလမှ ချုပ်ရက်ကို ထုတ်နှုတ်ကျခံစေရန် အမိန့်ချမှတ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ နှင့် ၁၉၇၀ ခုနှစ် သမဝါယမ အသင်း ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၃ ပါ ပြစ်မှုတို့မှာ သီးခြား ပြစ်မှုများ ဖြစ်ကြသည်။ သို့ရာတွင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၁/၇၉၌ ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေဇယား ၂၊ အမှတ်စဉ် ၁၃ အရ ချမှတ်သည့် ပြစ်ဒဏ်မှာ စွဲဆိုရင်းပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်။ အဆိုပါပြစ်ဒဏ်ကို ကျခံနေစဉ်အချိန် အတွင်း မောင်ဖိုးရယ်တို့ ၅ ဦးက ရဲဘက်စခန်းမှ ထွက်ပြေးခဲ့ကြပြီး နောက် ပြန်လည် အဖမ်းခံရသဖြင့် စွဲဆိုရင်းပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်ကို ပြန်လည် ကျခံနေရသူများ ဖြစ်ကြသည်။ ထို့ကြောင့် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ်မှ ချုပ်ရက်ကို ထုတ်နှုတ်ကျခံစေရန် ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်နှင့် ပြည်နယ် တရားရုံး၏အမိန့်တို့မှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဦးစိန်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ
မြန်မာနိုင်ငံတော်

၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ—ပြည်သူ့ ကောင်စီ အဆင့်ဆင့်နှင့် အလုပ် အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေပုဒ်မ ၁၃ (ပ) အရ လယ်ယာမြေပေါ်တွင် ကျူးကျော်ဝင်ရောက်သူများအား ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က နှင်ထုတ်ခြင်း-ယင်းသို့ နှင်ထုတ်ခြင်းခံရသူများသည် မြေနေရာချထားရေးအဖွဲ့က ချထားခြင်းခံရသူများဖြစ်လင့်ကစား ဥပဒေပါ လုပ်ပိုင်ခွင့်အရ၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ နှင်ထုတ်သည့်အမိန့်သည် မြေနေရာချထားရေး အဖွဲ့၏ စီမံခန့်ခွဲမှုကို လွှမ်းမိုးခြင်း-အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အကြောင်းကြားစာကို ရက်ပေါင်းမည်မျှ ကြိုတင်အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းချက်မရှိခြင်း—နှင်ထုတ်ခြင်းခံရသူတို့သည် မိုးရာသီရောက်လာသဖြင့် နှင်ထုတ်တိုက်သူများ မဟုတ်ဟု အကြောင်းပြချက် တစ်ခုအဖြစ်ဖြင့် မူလမြို့နယ်တရားရုံးက သုံးသပ်ခြင်းမှာ မှန်သည်ဟုမဆိုနိုင်ခြင်း— စာမျက်နှာ

လေးမျက်နှာမြို့ တွေ့ရပ်ကွက် ကွင်းအမှတ် ၁၅၊ ဦးပိုင် အမှတ် ၇ မှ ၁၃ အထိ မြို့တွင်းစိုက်ပျိုးမြေဧရိယာ ၆ ဒသမ ၉၁၀ ဧကပေါ်တွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းပေးသော အိမ်ယာမြေ အကွက်ချထားရေးအဖွဲ့သည် ၁၅–၅–၀၃ ရက်နေ့က ယင်းမြေကို အကွက်ရိုက်၍ အယူခံတရားခံများအား အိမ်ယာအဆောက်အအုံ ဆောက်လုပ်နေထိုင်ခွင့်ပြုခဲ့သည်။ ယင်းသို့ နေထိုင်ခွင့်ပြုသည်ကို ရောဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က သဘောတူသဖြင့် အယူခံတရားခံအသီးသီးသည် မိမိတို့ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖျက်ဆီး၍ မြေမှဖယ်ရှားပေးရန် ၂၆–၃–၀၄ ရက်စွဲဖြင့် တစ်ကြိမ်၊ ၉–၅–၀၄ ရက်စွဲဖြင့် ဒုတိယတစ်ကြိမ်နှင့် ၁၉–၆–၀၄ ရက်စွဲဖြင့် နောက်ဆုံး အကြိမ်ပေါင်း သုံးကြိမ်တိုင်တိုင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့မှတဆင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (ဃ) အရ သတိပေး အကြောင်းကြားခဲ့သည်။ ယင်းအမိန့်ကို သူတို့က လိုက်နာရန် ပျက်ကွက်ခဲ့သဖြင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး

ဦးဆွေမြင့်ဦး သည် တရားလိုအဖြစ် မြို့နယ်တရားရုံး၌ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၀–က အရ တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသော အမှုများဖြစ်သည်။ စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ ကို ရည်ညွှန်း၍ ၁၉၇၇ ခုနှစ် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေ (၁၉၇၇ ခုနှစ် ပြည်သူ့ လွှတ်တော် ဥပဒေ အမှတ် ၁၃)၏ ပုဒ်မ ၁၃ (စ) တွင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့်မရဘဲ လယ်ယာမြေပေါ်တွင် ကျူးကျော်ဝင်ရောက်သဖြင့် နှင်ထုတ်ထိုက်သူတို့ နှင်ထုတ်ရေး၊ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံကို ဖယ်ရှားရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ လုပ်ပိုင်ခွင့်များရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံတရားခံများအား အချင်းဖြစ်မြေကွက်အသီးသီးတွင် နေထိုင်ရန် ခွင့်ပြုခဲ့သောအဖွဲ့၏ စီမံခန့်ခွဲမှုကို ရောဝတီတိုင်း ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်က လွှမ်းမိုးသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အိမ်ယာမြေ အကွက်ချထားရေးအဖွဲ့သည် နေထိုင်ရန်မြေမဲ့သူအတွက် မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီအဆင့်ဆင့် တင်ပြဆောင်ရွက်သွားရန် ဖြစ်သည်။ အယူခံတရားခံများအား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အကြောင်းကြားသော ဖော်ပြပါအက်ဥပဒေ ပုဒ်မ ၁၅ (ဿ) အရ နှင်ထုတ်သည့် အမိန့်ကို ရက်ပေါင်း မည်မျှ ကြိုတင်အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းချက် မရှိသောကြောင့် ဦးမြဝင်းနှင့်သား ခေါင်ကြည်တို့သည် အချိန်မီ လယ်ယာလုပ်ကိုင်နိုင်ရန် ၂၆–၃–၈၄ ရက်မှ စတင်လျက် အယူခံတရားခံများအား နှင်ထုတ်ခြင်းဖြစ်ရာ မိုးရာသီရောက်နေ၍ မြို့နယ်တရားရုံးက သူတို့သည် နှင်ထုတ်ထိုက်သူများ မဟုတ်ဟု အကြောင်းပြချက်တစ်ခုအဖြစ်ဖြင့် ဖော်ပြခြင်းမှာ မှန်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ အယူခံတရားခံများသည် မြေကွက်တစ်ခုလုံးတွင် ဆက်လက် နေထိုက်သူများ မဟုတ်တော့သဖြင့် မြို့နယ်တရားရုံးက မြေပေါ်တွင် သူတို့သည် နေထိုက်၍ နှင်ထုတ်ထိုက်သူများ မဟုတ်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

စာမျက်နှာ

၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၁၂—အယူခံ တရားခံများက စပါး သို့မဟုတ် ဂုန်လျှော် စိုက်ပျိုးရန် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းသည်၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ရာ မရောက်ပဲ၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၄၀ အရ ပြစ်ဒဏ်ထိုက်ခြင်း— အယူခံမှု တွင် ဥပဒေပုဒ်မတစ်ခုမှအခြားဥပဒေပုဒ်မတစ်ခုခုသို့ ပြောင်း၍ အပြစ်ပေးရာ၌ တရားခံများသည် အပြစ်ပေးမည့် ပြစ်မှုကို သတိထားမိခြင်း ရှိမရှိနှင့် ၎င်းတို့အပေါ် နစ်နာရန် အကြောင်းရှိမရှိ သတိချပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့်အလုပ်အမှုဆောင် အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၆၆ (စ) တွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် "လယ်ယာ မြေတွင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လမ်းညွှန် ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း" များကို လုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြပြီး အဆိုပါ လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲဇယား အမှတ်စဉ် ၁၄၆ အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၀/၄၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းဥပဒေပုဒ်မ ၁၁၃ (ဇ) တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လယ် ယာမြေများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကို ဖောက်ဖျက်သူအား ဥပဒေအရ အရေးယူနိုင်ကြောင်း ဖော်ပြ၍ အဆိုပါ လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲဇယား အမှတ်စဉ် ၃၃၁တွင် ဖော်ပြချက်အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ဆောင်ရန်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် အယူခံ တရားခံများသည် အချင်းဖြစ် လယ်ယာမြေများ၌ ငှက်ပျောပင်နှင့် ပီလောပီနံပင်များကို လွန်ခဲ့သည့်နှစ်ပေါင်း (၃၀) ကျော်က စိုက်ပျိုးလာခဲ့ကြောင်း အမှုတွင် အငြင်းမပွားပေ။ ၄-၅-၈၂ ရက်နေ့က တိုက်ခတ်သော လေမုန်တိုင်း ဒဏ်ကြောင့် ငှက်ပျောပင်များ ပျက်စီးသွားခဲ့သည်ဆိုသည့် အချက်မှာ လည်း အငြင်းမထွက်ချေ။ ထို့ကြောင့် ကျုံ့ပျော်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ငှက်ပျောပင်များကို ထပ်မံစိုက်ပျိုးခြင်းမပြုပဲ စီမံကိန်းဝင်သီးနှံပင်များကို ပြောင်းလဲ၍ စိုက်ပျိုးရန်နှင့် စပါးမစိုက်ပျိုး

နိုင်သော မြေကွက်များ၌ ဂုန်လျှော်ပင်များဖြင့် အစားထိုးစိုက်ပျိုးရန် စာမျက်နှာ ညွှန်ကြားခဲ့သည်။ အယူခံတရားခံများက ယင်းညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြသည်။

ထို့ကြောင့် အယူခံတရားခံများက စပါး သို့မဟုတ် ဂုန်လျှော် စိုက်ပျိုးရန် ပျက်ကွက်ခြင်းသည် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ရာမရောက်ဘဲ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၀ အရ ထုတ်ဆင့်သည့် ညွှန်ကြား ချက်ကို လိုက်နာရန်ပျက်ကွက်သည်ဖြစ်၍ ယင်း ဥပဒေပုဒ်မ ၄၀ အရ ပြစ်ဒဏ်ထိုက်ပေသည်။

အထူး ဥပဒေတစ်ရပ်ဖြင့် စွဲဆိုထားသောအမှုကို တရားစွဲဆိုရန် ကြိုတင်အမိန့်မလိုသော အခြား အထူး ဥပဒေတစ်ရပ်ရပ်သို့ ပြောင်းလဲ အပြစ်ပေးနိုင်ကြောင်း ကာဆင်ပါ ၁၁ ဦးနှင့် နိုင်ငံတော်အမှု (၁)၌ လမ်းညွှန်မှုပြုထားသည်။ အယူခံမှုတွင် ဥပဒေပုဒ်မတစ်ခုမှ အခြားဥပဒေ ပုဒ်မတစ်ခုခုသို့ ပြောင်း၍အပြစ်ပေးရာ၌ တရားခံများသည် အယူခံရုံးက အပြစ်ပေးမည့်ပြစ်မှုကို သတိထားမိခြင်း ရှိမရှိ၊ တရားခံများအပေါ် စွဲချက်မတင်သော်လည်း တရားခံများအား နစ်နာရန်အကြောင်း ရှိမရှိ ကို သတိချပ်ရမည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် အုန်းမြင့်သိန်း ပါ ၁၇ ဦး
ဒေါ်သောင်းစိန် ပါ ၃၄ ဦး
စိန်ကုလားပါ ၄ ဦး ၃၀

စာမျက်နှာ

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁)— ယင်း ဥပဒေပုဒ်မအရ တရားစွဲဆိုရန် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်မပါရှိလျှင် စွဲဆိုသော အမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်ခြင်း— အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ တရားခံအပေါ် ယင်း ဥပဒေပုဒ်မ ၁၅ (၁) အရ စွဲချက်တင်၍ ပုဒ်မ ၁၄ (၁) အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ မူလကနဦးကတည်းကပင် ပျက်ပြယ် နေခြင်း—သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က တရားစွဲဆိုခွင့်ပေးလျှင် တရားခံ တို့အား တရားစွဲဆိုနိုင်သေးခြင်း။

**ဆုံးဖြတ်ချက်။** ။မူလတရားရုံးသည် လျှောက်ထားသူ အမှတ် (၂) မောင်ထွန်းစိန် အပေါ်တွင်လည်း နိုင်ငံတော်အစိုးရ၏ ကြိုတင် ခွင့်ပြု ချက်မရှိဘဲ ယင်းဥပဒေပုဒ်မ ၁၅ (၁) အရ စွဲချက်တင်ပြီးနောက် ပုဒ်မ ၁၄ (၁) အရ အပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းဥပဒေ ပုဒ်မ ၁၅ (၁) အရ အရေးယူသည့်ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြု ချက်ကိုဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်း၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ ရယူရမည်ဟု ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင်အဖွဲ့က အယူခံတရားလို မောင်ဘန်ချိန်းပေါ ၇ ဦးနှင့် ပြင်ဆင်မှု (က) မှ အယူခံတရားခံ မောင်လှပေါ ၄ ဦးတို့အား မည်သည့် ဥပဒေ ပုဒ်မဖြင့် အရေးယူရမည်ကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ၏ နည်း ဥပဒေ ၂၅ အရ ဆုံးဖြတ်ထားခြင်းမရှိသည့်အလျောက် ယင်းတို့အား ယင်းဥပဒေပုဒ်မ ၁၄ (၁) အရ တရားမစွဲဆိုနိုင်သဖြင့် ယင်းတို့အပေါ် ပုဒ်မ ၁၄ (၁) အရ စွဲဆိုထားသောအမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့အတူ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လျှောက်ထားသူ မောင်ထွန်းစိန်အပေါ် အမှုစစ်ဆေးပြီးနောက် ယင်း ပုဒ်မ ၁၅ (၁) အရဖြင့် စွဲချက်တင်၍ ပုဒ်မ ၁၄ (၁) အရ ပြစ်ဒဏ် ချမှတ်ခဲ့ခြင်းသည်လည်း မူလကနဦးကတည်းကပင် ပျက်ပြယ်နေသည် ဟု ဆိုရပေမည်။

အမှုတွင် ရန်ကုန်ကိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့မှ မောင်ဘန်ချိန်းပါ(၁၁)ဦးအား ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁)အရ တရားစွဲဆိုခွင့်ပေးလျှင် ယင်းတို့အား တရားစွဲဆိုနိုင်ပေသေးသည်။ စာမျက်နှာ

မောင်ဘန်ချိန်း ပါ–၇ ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော် မောင်လှပါ (၄)ဦး ၄၅

**အချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်ရန်ကိစ္စ–တရားခံတစ်ဦး အား သီးခြားပြစ်မှုများဖြင့် ထောင်ဒဏ်များ ချမှတ်သည့် အခါ အချုပ်ကာလကို တစ်ကြိမ်ထက်ပို၍ ခွင့်ပြုရန်သင့်မသင့်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်ဘသာရုံးသည် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၀/၈၀ တွင် ချမှတ်သော ထောင်ဒဏ် (၂) နှစ်နှင့် ပြစ်မှု ဆိုင်ရာအမှုကြီး အမှတ် ၁၆၄/၈၀ တွင် ချမှတ်သော ထောင်ဒဏ် (၃)နှစ်မှ ဦးကေဘာသောင်း စတင်အချုပ်ခံရသည့် ၅–၂–၈၀ ရက် နေ့မှ အမိန့်ချမှတ်သော ၁၃–၆–၈၄ ရက်နေ့အထိ ချုပ်ရက်များကို ထုတ်နုတ်ရန် အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။

ယခင် နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၇ ခုနှစ်၊ တရားရုံး များ ညွှန်ကြားလွှာ အမှတ် ၈ အပိုဒ်ခွဲ (ခ) တွင် "ပြစ်ဒဏ်အသီးသီးကို တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်ဖြစ်စေ၊ ပြစ်ဒဏ် သီးခြား ကို ဆက်၍ကျခံစေရန် အမိန့်ချမှတ်သည်ဖြစ်စေ၊ ကျခံရမည့်အပြစ်ဒဏ်မှ တစ်ကြိမ်တခါသာ အချုပ်ကာလကို ထုတ်နုတ်ရပါမည်။ အယူခံဝင်၍ ပြစ်ဒဏ်အချို့ကို ပယ်ဖျက်ပေးလျှင်လည်း ကျခံသောပြစ်ဒဏ်မှ အချုပ် ကာလကို ထုတ်နုတ်ရန်ဖြစ်ပါသည်" ဟူ၍လည်း လမ်းညွှန်ထားသည်။

သို့ဖြစ်ရာ မြို့နယ်တရားရုံးသည် အထက်ဖော်ပြပါအမှု (၂) မှု တွင် ချမှတ်သော ထောင်ဒဏ်များမှ ချုပ်ရက်များကို (၂) ကြိမ် ထုတ်နုတ်ခြင်းသည် အထက်ဖော်ပြပါ ညွှန်ကြားချက်နှင့် မညီညွတ် ကြောင်း တွေ့ရသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ နှင့် ဦးကေဘာသောင်း
မြန်မာနိုင်ငံတော် ၂၂

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

ဥပဒေများ—

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

သက်သေခံဥပဒေ

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁)—တရားခံတစ်ဦးသည် ပူးတွဲတရားခံ၏ သက်သေအဖြစ် အစစ်ခံနိုင်ကြောင်း ပြဋ္ဌာန်းချက် မရှိခြင်း၊ —သက်သေခံ ငွေကို သိမ်းဆည်းထားသူအား အမှုတွင်ပါဝင်သူဟု တထစ်ချမဆိုနိုင်ခြင်း။**

ဤအမှုတွင် အယူခံတရားလို ဦးထွန်းဥာဏ်သည် ဘိန်းဖြူဖမ်းမိမှုဖြင့် အရေးယူခြင်းခံရသည်။ ဦးထွန်းဥာဏ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာတွင် ဘိန်းဖြူဖုက်သိမ်းရာတွင် အသုံးပြုသည်ဟု ယူဆရသည့် မြေမြှုပ် စဉ်းအိုးများနှင့် ဘိန်းဖြူရောင်းရငွေဟု ယူဆရသော ငွေကျပ် ၀၄၁၅/—ကို ဦးထွန်းဥာဏ်၏ ဇနီးထံမှ သိမ်းဆည်းခဲ့သည်။ အယူခံတရားလိုဦးထွန်းဥာဏ်၏ ထုတ်ဖော်ပြောဆိုချက်အရ အယူခံတရားလို ထွန်းထွန်းလွင်နှင့် မစန်းမြင့်ဦးတို့၏ ကုတင်အောက်တွင် ဦးထွန်းဥာဏ်မြှုပ်ထားသည့် ဘိန်းဖြူ ၁၅ ထုပ်ကို တူးဖော်တွေ့ရှိ၍ သိမ်းဆည်းရမိသည်။

အယူခံတရားလိုထွန်းထွန်းလွင်နှင့် မစန်းမြင့်ဦးတို့က မိမိတို့အနေဖြင့် နေထွက်မှမိုးချုပ်သည်အထိ အလုပ်သွားလုပ်ရသဖြင့် ကုတင်အောက်တွင် ဘိန်းဖြူထုပ်များ မည်သို့ ရောက်ရှိနေသည်ကို မသိကြောင်း ထုချေသည်။ ဦးထွန်းဥာဏ်က ထွန်းထွန်းလွင်တို့မရှိခိုက် ယင်းတို့အား အသိမပေးဘဲ မိမိအနေဖြင့် သက်သေခံဘိန်းဖြူများကို လျှို့ဝှက်စွာဝှက်သိမ်းထားခဲ့ခြင်းဖြစ်ကြောင်း ရုံးရှေ့တွင်ထွက်ဆိုသည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁) အရ တရားခံတစ်ဦးသည် မိမိအတွက်သာသက်သေခံနိုင်သည်။ ပူးတွဲတရားခံ၏ သက်သေအဖြစ် အစစ်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်၍ ဦးထွန်းဥာဏ်၏ဖြေရှင်းချက်ကို ထွန်းထွန်းလွင်တို့၏အကျိုးအတွက် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်ပေ။

စာမျက်နှာ

**ထင်မံဆုံးဖြတ်ချက်။** ။တရားခံ၏ ဇနီးဖြစ်သူထံမှ သက်သေခံ ငွေကို သိမ်းဆည်းရမိရုံမျှဖြင့် ၎င်းသည့် အမှုတွင် တနည်းနည်းဖြင့် ပါဝင်ပတ်သက်သည်ဟု တထစ်ချမဆိုနိုင်ပေ။

ကိုမောင်လေး (ခ) တင်ဦး ပါ (၅) နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၄

**ဖြောင့်ချက်တစ်ရပ်ပါ အချက်အလက်အချို့ မမှန်ကြောင်း ညွှန်ပြသည့် အခြားလွတ်လပ်သောအထောက်အထားမရှိလျှင် ဖြောင့်ချက်တစ်ရပ်လုံးကို လက်ခံရန် သို့မဟုတ် ပယ်ရန်ဖြစ်ခြင်း— ပိုင်ရှင်အား အသိမပေးဘဲ ပိုင်ရှင်၏ မျက်ကွယ်တွင် ပြုမူမကောင်းသော ယာဉ်မောင်း၏ ဆောင်ရွက်ချက်များအပေါ် ပိုင်ရှင်၌ တာဝန်မရှိခြင်း။**

မန္တလေး အနောက်တောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၁၅၀/၀၅ တွင် တရားခံ ဦးထွန်းဉာဏ်က ဖြောင့်ချက်ပေးရာ၌ သက်သေခံဘိန်းဖြူများကို ဒေါ်နန်းလှပိုင် သက်သေခံမော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းကိစ္စကို မော်တော်ယာဉ်ပိုင်ရှင် ဒေါ်နန်းလှအားအသိမပေးခဲ့ကြောင်းထွက်ဆိုထားသည်။

မန္တလေးအနောက်တောင်မြို့နယ်တရားရုံးက ဦးထွန်းဉာဏ်အား ဖြောင့်ချက်အရ အပြစ်ပေးပြီး သက်သေခံမော်တော်ယာဉ်ကို အယူခံရက်လွန်က ပိုင်ရှင်ဒေါ်နန်းလှသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ရာ မန္တလေးတိုင်းတရားရုံးက ထိုအမိန့်ကို ပယ်ဖျက်၍ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့် ဒေါ်နန်းလှကဗဟိုတရားရုံးသို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဥပဒေသဘောမှာ ဖြောင့်ချက်တစ်ရပ်ပါ အချက်အလက်အချို့ မမှန်ကြောင်း ညွှန်ပြသည့် အခြားလွတ်လပ်သောအထောက်အထား မရှိလျှင် ဖြောင့်ချက်တစ်ရပ်လုံးကို လက်ခံရန် သို့မဟုတ် ပယ်ရန်ဖြစ်သည်။ လိုရာဆွဲ၍သုံးရန်မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ပိုင်ရှင်အား အသိမပေးဘဲ ပိုင်ရှင်၏မျက်ကွယ်တွင် ဥပဒေအရတားမြစ်ထားသောပစ္စည်းများကို ယာဉ်မောင်းက မိမိသဘောအလျောက် လျှို့ဝှက်စွာ တင်ဆောင်လာခြင်းအတွက် ယာဉ်ပိုင်ရှင်အပေါ် တာဝန်ရှိမည် မဟုတ်သည့်အလျောက် အဆိုပါ

စာမျက်နှာ

မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် တိုင်းတရားရုံးမှ အမိန့် ချမှတ်ထားခြင်းသည် လျှော်ကန် သင့်မြတ်ခြင်း မရှိပေ။

ဒေါ်နန်းလှ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၅၁

**ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် ပါဝင်သည့် အဆင့်များ— ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ရုံမျှဖြင့် ပြစ်မှုကျူးလွန်ရန် အားထုတ်ရာရောက်သည်ဟု ကောက်ယူရန် မဖြစ်နိုင်ခြင်း—လက်ဝယ် တွေ့ရှိသော ဘိန်းဖြူများ၏ ပမာဏသက်သက်ကိုကြည့်၍ ယင်းဘိန်းဖြူများကို ရောင်းချရန် အားထုတ်သည်ဟု မကောက်ယူ သင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း၊ ပြစ်မှုကျူးလွန်ရန်ပြင်ဆင်ခြင်း၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ပြစ်မှုကိုကျူးလွန်ခြင်းဟူ၍အဆင့်လေးဆင့်ရှိရာ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက်ရှိသူအား အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရသည်။ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိခြင်းနှင့် ရည်ရွယ်သည့်ပြစ်မှုကို ကျူးလွန်ရန်အားထုတ်ခြင်းကြားတွင် ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခြင်းတည်းဟူသော အဆင့်တစ်ဆင့်ရှိသေးသည်ဖြစ်ရာ ပြစ်မှုကျူးလွန်ရန်ရည်ရွယ်ရုံမျှဖြင့် ပြစ်မှုကျူးလွန်ရန် အားထုတ်ရာ ရောက်သည်ဟု ကောက်ယူရန်မဖြစ်နိုင်ချေ။ အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများ ရောင်းချရန် ကြံရွယ်ချက်ဖြင့် လက်ရှိထားကြောင်း ပေါ်လွင်သဖြင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်**ဟု ကောက်ယူခဲ့ဟန်တူပေသည်။ အမှုတွင် အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများကို ရောင်းချရန် အတွက် ရှေးရှုသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း ကောက်ယူနိုင်ရန် အထောက်အထား မခိုင်လုံသဖြင့် သက်သေခံဘိန်းဖြူများ၏ ပမာဏသက်သက်ကိုကြည့်၍ အယူခံတရားလိုသည် ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်**ဟု မကောက်ယူသင့်ပေ။ ဗဟိုတရားရုံးအပါအဝင် တရားရုံးအဆင့်ဆင့်က တရားခံတစ်ဦး၏ ပြုလုပ်မှု တစ်ခုခုသည် ပြစ်မှုမြောက်မမြောက် သုံးသပ်ရာ၌ အမှုဖြစ်ရပ်ကို

စာမျက်နှာ

သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်နှင့် စပ်ဟပ်စိစစ်ပြီး အဆုံးအဖြတ်ပြုရသည်။ သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့်မရှိချေ။ သက်သေခံဘိန်းဖြူများ၏ ပမာဏများပြားမှုသက်သက်ကို ထောက်ချင့်၍ အယူခံတရားလိုသည် ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်**ဟု ကောက်ယူပါက ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များကို မိမိလိုရာသို့ဆွဲ၍ အလွန်ဆန့်ယူရာရောက်ပေလိမ့်မည်။

ရန်စိန်လင်း (ခ) ကျော်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၇၉

## ပြစ်မှုဆိုင်ရာအမှုများ

စာမျက်နှာ

**ဥပဒေများ-**

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ

တရားရုံးများ မထိမဲ့မြင် ပြုလုပ်မှု အက်ဥပဒေ

လောင်းကစား အက်ဥပဒေ

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က- အမှုစစ်ဆေးဆဲကာလအတွင်း သက်သေခံပစ္စည်းပြန်ပေးခြင်းနှင့် စပ်လျဉ်း၍ တရားရုံး၏ အမိန့်ချမှတ်ပိုင်ခွင့်- တရားခံထွက်ပြေးနေသဖြင့် အမှု မပြီးပြတ်မီ အတောအတွင်း သက်သေတစ်ဦးထံမှ သိမ်းဆည်းထားသော သက်သေခံ ငွေများကို တရားလိုသို့ ပြန်လည် ပေးအပ်ထားခြင်းထက် တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိခြင်းက ပိုမိုမျှတ မှန်ကန်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၆-ကအရ အမှုစစ်ဆေးဆဲ ကာလအတွင်း သက်သေခံပစ္စည်း ပြန်ပေးခြင်းနှင့် စပ်လျဉ်း၍တရားရုံးအနေဖြင့် သင့်မြတ်သည့်အမိန့်ကို ချမှတ်နိုင်ပေသည်။ ယခုအမှုမှာ တရားခံ ထွက်ပြေး တိမ်းရှောင်သွားသည့် အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုအဖြစ် ဆက်လက်ဆောင်ရွက်ရန်ရှိသဖြင့် အမှုမှာ ပြီးပြတ်သွားသည် မဟုတ်သေးပေ။ ဤအခြေအနေတွင် သက်သေတစ်ဦးထံမှသိမ်းဆည်းထားသောသက်သေခံငွေများကို တရားလိုသို့ ပြန်လည်ပေးအပ်ထားခြင်းထက် အမှုမပြီးပြတ်မီ အတောအတွင်း တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိခြင်းက ပိုမိုမျှတမှန်ကန်မည် ဖြစ်ပေသည်။

မောင်ကျော်ဆွေ　နှင့်　ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ပါ ( ၂ )　၆၇

**တရားရုံးများမထိမဲ့မြင်ပြုလုပ်မှု ဥပဒေပုဒ်မ ၂ ၏ခြွင်းချက်-ဒေသဆိုင်ရာ တရားရုံးတစ်ရုံးအပေါ် မထိမဲ့မြင် ပြုလုပ်ခြင်း အတွက် ပြစ်မှုဆိုင်ရာ ဥပဒေဖြင့် အရေးယူလိုက်လျှင် တရားရုံးများ မထိမဲ့မြင် ပြုလုပ်မှု ဥပဒေအရ အရေးယူပိုင်ခွင့် မရှိခြင်း။**

မြစ်ကြီးနား မြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၁၇/၇၄ ၌တရားလို၏ အကျိုးဆောင်ဦးပေါ်ဦးက တရားရုံးရှေ့တွင် ကိုယ်နှုတ်အမူအရာ ရိုင်းပြစွာ ဒေါသတကြီး အော်ပြောခဲ့ကြောင်း

စာမျက်နှာ

ဖော်ပြလျက် တရားခံမောင်စိုးနိုင်က ဦးပေါ်ဦးအပေါ် တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှုဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် ဗဟိုတရားရုံးတွင် အထွေထွေ လျှောက်လွှာတင်သွင်းသည်။

**ဆုံးဖြတ်ချက်။** ။လက်အောက်ခံ တရားရုံးများ၌ တရားရုံးကို မထီမဲ့မြင် ပြုလုပ်သူအပေါ်ဖြစ်မှုဆိုင်ရာဥပဒေတွင် အရေးယူနိုင်ရန် သီးခြား ပြဋ္ဌာန်းချက်ရှိလျှင် ဗဟိုတရားရုံးအနေဖြင့် တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၂ အရ အရေးယူပိုင်ခွင့်မရှိကြောင်း ယင်းပုဒ်မ၏ ခြွင်းချက်တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ မောင်စိုးနိုင်၏ ဦးပေါ်ဦး အပေါ် စွပ်စွဲချက်များသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ တွင် အကျုံးဝင်နေသည့်အတွက်ဦးပေါ်ဦးအပေါ် တရားရုံးများ မထီမဲ့မြင် ပြုမှု ဥပဒေအရ အရေးယူရန် အကြောင်း မပေါ်ပေါက်ချေ။

မောင်စိုးနိုင်(ခ)      နှင့်    ပြည်ထောင်စုဆိုရှယ်လစ်    ....    ....    ၄၀
မောင်ပငယ်                 သမ္မတ မြန်မာ နိုင်ငံတော်ပါ (၂)

**လောင်းကစား အက်ဥပဒေ ပုဒ်မ ၁၄ (က) ပါ ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ သတ်မှတ်ရက်ကျော်လွန်မှစွဲတင်သည့်အမှုကို လက်ခံ စီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု မရှိခြင်း–ဝရမ်းကို ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ အတိအကျ လိုက်နာရန် လိုအပ်ခြင်း။**

မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးက ထုတ်ပေးသော ဝရမ်းမှာ ၂၆-၁-၈၃ နေ့တွင်ဖြစ်ပြီး မလောင်းကစားဝိုင်းကို ဝင်ရောက်ဖမ်းဆီးသော နေ့မှာ လည်း ၂၆-၁-၈၃နေ့ဖြစ်သည်။သို့ရာတွင် ဒဂုံမြို့နယ် တရားရုံးသို့ တရား စွဲဆိုတင်ပို့သောနေ့မှာ ၁၀-၂-၈၃နေ့ဖြစ်သဖြင့် ဖမ်းဆီးပြီး(၁၅)ရက် ကြာမှ တရားစွဲတင်ပို့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဒဂုံမြို့နယ် တရားရုံးကဒေါ်မြစိန်အား လောင်းကစား အက်ဥပဒေပုဒ်မ ၁၂ အရ ဒဏ်ငွေကျပ် ၅၀၀/ -ပေးဆောင်ရန်နှင့် ကျန်တရားခံများဖြစ်ကြသော ဦးတက်ခေတ်(ခ)ဦးမြင့်လွင်ပါ(၁၁)ဦးတို့အား ယင်းအက်ဥပဒေပုဒ်မ ၁၁ အရဒဏ်ငွေကျပ် ၁၀၀/ - စီ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးတက်ခေတ်က ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု ဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ဆက်လက်တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။လောင်းကစား အက်ဥပဒေ ပုဒ်မ ၁၄ (က)တွင် ပုဒ်မ ၁၀ သို့မဟုတ် ၁၁ အရ ပြစ်မှုကျူးလွန်သည့် နေ့မှ (၇)ရက် အတွင်းယင်းပြစ်မှုနှင့် စပ်လျဉ်း၍ တရားရုံးသို့ တိုင်တန်းခြင်း၊ အစီရင်

စာမျက်နှာ

ခံခြင်း၊သတင်းပေးခြင်း၊ မပြုလျှင် တရားရုံးက ယင်းအမှုကို စစ်ဆေးစီရင်ခြင်း မပြုရဟု အတိအလင်း ပြဋ္ဌာန်းထားရာ ပုဒ်မ ၁၁ ဖြင့် ဦးတက်ခေတ်ပါ(၁၁)ဦးအပေါ်ဖမ်းဆီးပြီး(၁၅)ရက်ကြာမှ တရားစွဲတင်ပို့ခြင်းမှာအဆိုပါ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိပေ။

**ထင်မိ ဆုံးဖြတ်ချက်**။ ။၂၆-၁-၈၃ ရက် နေ့စွဲဖြင့် ဒဂုံ မြို့နယ်ပြည်သူ့ရဲ တပ်ဖွဲ့မှူးက ထုတ်ပေးခဲ့သော ဝရမ်းစာတွင် ရဲအုပ်ဦးသောင်းထွန်းအား ဝရမ်းအတည်ပြုရန် တာဝန်ပေးပြီး ရှာရမည့်အိမ်မှာ ဦးတက်ခေတ်(ခ) ဦးမြင့်လွင်၏ အိမ်ဖြစ်သည်။ သို့ရာတွင် သွားရောက်ရှာဖွေသူမှာရှာဖွေပုံစံစာတိုင်(၉)အရရဲအုပ်ဦးသောင်းထွန်းမဟုတ်ဘဲ ဒုရဲအုပ် ဦးတင့်ဆန်း ဖြစ်နေသည့်အပြင် ရှာဖွေခံရသောအိမ်မှာလည်းဦးတက်ခေတ်၏အိမ်မဟုတ်ဘဲဒေါ်မြစိန်၏အိမ် ဖြစ်ကြောင်းပေါ်ပေါက်နေ၍ ဝရမ်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုခြင်းမဟုတ်ပေ။

<u>ဦးတက်ခေတ်(ခ)ဦးမြင့်လွင်</u>　　ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ　　၇၄
ပြည်ထောင်စုဆိုရှယ်လစ်　　နှင့်　　မြန်မာနိုင်ငံတော်
သမ္မတမြန်မာနိုင်ငံတော်　　မအေးချို(ခ)မတင်ချိုပါ(၁၁)

စာမျက်နှာ

# ဖြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ–

- တရားရုံးများမထီမဲ့မြင်ပြုမှုဥပဒေ။
- ၁၉၆၃　ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ။
- ဝိနည်းမမှန် အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ။

**တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေ ပုဒ်မ ၃ — တရားရုံးတစ်ရုံးတွင် စစ်ဆေးကြားနာဆဲ အမှုနှင့် စပ်လျဉ်း၍ အမှုကို စုံစမ်းထောက်လှမ်းရာတွင် ပါဝင်ပတ်သက်သူက စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို ထုတ် ဖော်ရေးသားခြင်းဖြင့် အမှုကိုကြိုတင် ဆုံးဖြတ်ချက်ချမှတ်သည့်သဘော သက်ရောက်၍ တရားစီရင်ဆုံးဖြတ်မှု လုပ်ငန်းကို အနှောင့်အယှက် ပြုရာရောက်ခြင်း၊**

လသာမြို့နယ် တရားရုံး ဖြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၁၀၇/ဂ၅ တွင် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲဆိုသောအမှုကို တရားရုံးကစစ်ဆေးနေစဉ် ''ဗိုလ်ချုပ်ဈေးသစ်တွင် သေတ္တာထဲထည့်ထားသည့် မိန်းမအလောင်းနှင့် ပြည်လမ်း ဘူတာအနီး ရေမြောင်းတွင်းပစ်ထားသည့် ကလေးအလောင်း''ဟူသော ခေါင်းစဉ်ဖြင့် လူသတ်မှု ဖြစ်ရပ်မှန် ဇာတ်လမ်း ဖြစ်ကြောင်း ဖော်ပြကာ၊ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလထုတ် ဖြစ်မှုမဂ္ဂဇင်းတွင် ဆောင်းပါးရေးသားပြီး ဓာတ်ပုံများဖြင့်ထည့်သွင်းခဲ့သည်။ ယင်း ရေးသားချက်သည် လသာမြို့နယ် တရားရုံး၏ ဖြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၁၀၇/ဂ၅တွင် ကြိုတင်အဆုံးအဖြတ်ပေးသကဲ့သို့ဖြစ်နေသည့်အပြင် တရားရုံး၏ တရားစီရင်ရေး လုပ်ငန်း ကိုလည်း အနှောင့် အယှက်ပြုသကဲ့သို့ဖြစ်နေခြင်းကြောင့် တရားခံ၏မိခင်ကဆောင်းပါးရှင်၊မဂ္ဂဇင်းအုပ်ချုပ်ရေးမှူး၊ တာဝန်ခံ စာတည်းနှင့် ဖြန့်ချိရေးမှူးတို့ အပေါ် ၁၉၂၆ ခုနှစ်၊ တရားရုံးများမထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန်လျှောက်ထားခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်**။　။လသာမြို့နယ်တရားရုံး၌ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စစ်ဆေးနေသော လူသတ်မှုသည် အများ ပြည်သူတို့

စာမျက်နှာ

စိတ်ဝင်စားနေသော အမှုကြီးတစ်ခုဖြစ်ပြီး ယင်းအမှုနှင့် ဆက်စပ်နေသည့် အကြောင်းအချက်များစုံစမ်းစစ်ဆေးပုံများကိုအများပြည်သူတို့ တွေ့မြင် ဖတ်ရှုနိုင်သောမဂ္ဂဇင်းထဲတွင် ဖြစ်ရပ်မှန်များ ဖြစ်ကြောင်း ရေးသားခဲ့ခြင်းသည် တရားရုံးက အမှုကို တစ်စုံတစ်ရာ အဆုံးအဖြတ်ပေးသည့် သဘောသက်ရောက်နေသည့်အတွက် တရားစီရင် ဆုံးဖြတ်မှုလုပ်ငန်းကို တစ်နည်းမဟုတ် တစ်နည်း အနှောင့်အယှက် ပြုရာရောက်သည်ဟု ဆိုနိုင်ပေသည်။

ဒေါ်အေးကြည် နှင့် ဦးဝင်းသောင်ပါ (၄) ၁၇

**၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃–ယင်း ဥပဒေပုဒ်မအရ တရား စွဲဆိုနိုင်ရန် ယင်း ဥပဒေပုဒ်မ ၄ အရ တရားစွဲဆိုခွင့်အမိန့်ကို တရားရုံးတွင် တင်ပြရန်လိုအပ်ခြင်း– တရားရုံးတွင် တရားစွဲဆိုခွင့် အမိန့်မတင်ပြမီ အချိန်က စစ်ဆေးမှတ်တမ်းတင်ထားသော သက်သေခံ ချက်များသည် တရားစွဲဆိုခွင့် အမိန့်ရပြီးစွဲဆိုသော အမှုအတွက် တရားဝင်သော သက်သေခံချက်များ မဟုတ်ခြင်း–ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၀ကို ယင်းဥပဒေပုဒ်မ ၂၂၇၊ ပုဒ်မ ၂၂၈ တို့နှင့် တွဲဖက် ဖတ်ရှုရန်လိုအပ်ခြင်း–ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁ အရ ပုဒ်မ ၂၃၀ ပါပြဋ္ဌာန်းချက်များသည် ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်သမျှ ပျက်ပြယ်ခြင်း – ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမှတ်မီ စွဲချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သော်လည်း ၁၉၆၃ ခုနှစ် အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၄ ပါပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ယင်းဥပဒေပုဒ်မ ၃ ဖြင့် စွဲချက်သို့ ပြောင်းလဲခြင်းမပြုနိုင်ခြင်း။**

ဗိုလ်တထောင်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၇၇/၇၄ တွင် တရားခံဝင်းသန်းနှင့် စိုးမြင့် တို့ (၂) ဦး အပေါ် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁) အရလည်းကောင်း၊ တရားခံ မောင်ယောင်း၊ အောင်နိုင်၊ လန်ဘား၊ မြင့်စိုး၊ သော်ရာဂျူး၊ အီစမိုင်အင်နှင့် ဝင်းမော်ဟန်တို့ (၇) ဦး အပေါ် ယင်းဥပဒေပုဒ်မ ၆(၁)/၉ တို့ အရလည်းကောင်း၊ စွဲချက် တင်ကြောင်း ၂-၄-၇၅ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ထိုသို့စွဲချက်

တင်ပြီးနောက် ၁၃-၆-၈၅ ရက်နေ့တွင် ဝင်းသန်းနှင့် စိုးမြင့်တို့(၂) ဦးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရလည်းကောင်း၊ ကျန်တရားခံမောင်သောင်းပါ(၇)ဦးတို့အပေါ် ယင်းဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း၊ ပြောင်းလဲစွဲချက်တင်ကြောင်း အမိန့်ချမှတ်သည်။ယင်းသို့ပုဒ်မပြောင်းလဲ၍ စွဲချက်တင်သောမြို့နယ်တရားရုံး၏ ၁၃-၆-၈၅ ရက်စွဲပါအမိန့်ကို မောင်သောင်းနှင့်မောင်အောင်နိုင်တို့နှစ်ဦးက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတွင် ပြင်ဆင်မှုဝင်ရောက်ကြသည်။ ဗဟိုတရားရုံးက ယင်း ပြင်ဆင်မှုကို လက်ခံပြီး ပြင်ဆင်မှုလျှောက်ထားခြင်းမရှိသော ပူးတွဲ တရားခံလန်ဘားပါ(၇)ဦးတို့အပေါ် ပြင်ဆင်မှုဖွင့်လှစ်အရေးယူခဲ့သည်။

**ဆုံးဖြတ်ချက်။** ။တရားစွဲဆိုခွင့်အမိန့်မပေးပြမီအချိန်က အမှုတွင် စစ်ဆေး မှတ်တမ်းတင်ထားသော သက်သေခံချက်တို့သည် ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲဆိုသောအမှုအတွက် တရားဝင်သော သက်သေခံချက်များမဟုတ်ပေ။ သို့ဖြစ်ရာ တရားခံများအပေါ် အဆိုပါပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုနှင့်စပ်လျဉ်း၍ စွဲချက်တင်နိုင်ရန် အမှုတွဲတွင် သက်သေခံချက်အလျှင်းမရှိဟုဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များကို တသီးတခြားဖတ်ရှုရန် မဟုတ်ချေ။ ပုဒ်မ ၂၂၇ နှင့် ပုဒ်မ ၂၂၈ တို့နှင့်တွဲဖက် ဖတ်ရှုရန်ဖြစ်သည်။ ပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမှတ်မီ စွဲချက်ကိုပြောင်းလဲခြင်း၊ သို့မဟုတ်ဖြည့်စွက်ခြင်းပြုလုပ် နိုင်သည်။ ထိုသို့ပြောင်းလဲဖြည့်စွက်သည့် အခါဆက်လက် ဆောင်ရွက်ရမည့် လုပ်ထုံး လုပ်နည်းများကို ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၂၃၀ တို့တွင် ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မြို့နယ် တရားရုံးက တရားခံများ အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉တို့ အရ စွဲချက်အသီးသီးတင်ခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များက ခွင့်ပြုသည်ဟု ကောက်ယူပါက အဆိုပါ ဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ပြည်ထဲရေး နှင့်

စာမျက်နှာ

သာသနာရေးဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရဟူသော ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို အဟောသိကံဖြစ်စေမည်ဖြစ်၍ အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁ အရ၊ ပုဒ်မ ၂၃ဝ ပါ ပြဋ္ဌာန်းချက်များသည် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု ကောက်ယူရမည်။

ပ ပ်မံဆုံးဖြတ်ချက်၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမှတ်မီ စွဲချက်ကိုပြောင်းလဲခြင်း၊ သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်နိုင်သည်မှန်သော်သည်း ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရဟု အဆိုပါ ဥပဒေပုဒ်မ ၄ တွင် ပိတ်ပင်ထားသည့် ဖြစ်၍ မြို့နယ်တရားရုံးက တရားခံများအပေါ် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁ဝ၉ အရ စွဲချက်အသီးသီး တင်ခြင်းသည် အဆိုပါ ဥပဒေပုဒ်မ ၄ ပါပြဋ္ဌာန်းချက် များနှင့်ဆန့်ကျင်နေပေသည်။

| | | |
|---|---|---|
| မောင်သောင်းပါ(၂) | နှင့် | ပြည်ထောင်စုဆိုရှယ်လစ် |
| ပြည်ထောင်စုဆိုရှယ်လစ် | | သမ္မတ မြန်မာနိုင်ငံတော် |
| သမ္မတမြန်မာနိုင်ငံတော် | | လန်ဘားပါ(၇) |

၂၇

စာမျက်နှာ

**ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက် များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၁—ယင်းဥပဒေပုဒ်မအရ ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများကို သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ဆောင်ရွက်ခြင်း— မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အကျုံး ဝင်ခြင်း မရှိသူများ ကျောင်းတိုက် အာရာမ်အတွင်း နေထိုင်သူမ ဟုတ်သူများ အပေါ် အရေးမယူနိုင်ခြင်း— ကျောင်းအာရာမ်မှ နှင် ထုတ်ဖယ်ရှား နိုင်ရန်လိုအပ်ချက်များ — ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ဂ၊ အပိုဒ် ၅ဂ(ခ)နှင့် (ဂ) အရ ကျောင်းလက်ဝယ် ရထိုက်သောဆရာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သူများ ကျောင်းလက်ဝယ် ရထိုက်သော ဆရာတော်၏ ဩဝါဒနှင့်စည်းကမ်းကို မလိုက်နာဘဲ ဩဝါဒနှင့် စည်းကမ်းကို လိုက်နာရန်ငြင်းပယ်သူများ ကိုသာ နှင်ထုတ်ခွင့်ရှိခြင်း။**

မှော်ဘီမြို့နယ်နှောကုန်းကျေးရွာသဲအင်းဂူဝိပဿနာ ကမ္ဗဋ္ဌာန်းကျောင်းတိုက် စောင့်ရှောက် ထိန်းသိမ်းအုပ်ချုပ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းကျောင်းတိုက်မှ ဦးစန္ဒိမာ၊ဦးသောမ၊ ဦးသုဓမ္မနှင့် ဦးဝိလာသ တို့က စောဒက(တရားလို) များပြုလုပ်ပြီးကျောင်းတိုက် နာယက ဆရာတော် ဦးကေသရ (ဇီးကုန်းဆရာတော်) နှင့် တိုက်အုပ်ဦးမုနိန္ဒ တို့အား စုဒိတက(တရားခံ) များအဖြစ် တရားစွဲဆိုခဲ့သော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းကို မှော်ဘီမြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့က ကြားနာ စစ်ဆေးပြီး ဦးပဥ္စင်း ဦးမုနိန္ဒ၊ ဦးမောင်မောင် နှင့် ဒေါ်ခင်စန်းဆိုသူတို့ကို သဲအင်းဂူကမ္မဋ္ဌာန်း ကျောင်းတိုက် အာရာမ် အတွင်းမှထွက်သွားကြစေရန်၊ ဆရာတော်ဦးကေသရအား ကျောင်းတိုက် စီမံအုပ်ချုပ်မှုတာဝန်အရင်ရပ်မှ အနားယူစေပြီး ကျောင်းတိုက်အတွင်း၌ပင် သီတင်းသုံးနေထိုင်ခွင့်ပြုရန်၊ ဘီးလင်းဆရာတော်နှင့် သရက်တောဆရာတော်နှစ်ပါးအနက် ထေရ်စဉ်ဝါလိုက် ဆရာတော် တစ်ပါးပါးက ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်သွားရန် ဆုံးဖြတ်အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်သံဃဝိနိစ္ဆယ အဖွဲ့၏ဆုံးဖြတ်ချက်ကို ဆရာတော်ဦးကေသရကအယူခံစောဒနာလွှာ တင်သွင်းခဲ့ရာတိုင်းသံဃဝိနိစ္ဆယအဖွဲ့နှင့်နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့တို့က အယူခံလွှာကိုပလပ်ပြီး မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။

စာမျက်နှာ

မှော်ဘီမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၅-၃-၈၅ ရက်နေ့တွင် စုဒိတကများဖြစ်ကြသော ဇီးကုန်းဆရာတော် ဦးကေသရနှင့် ဦးမုနိန္ဒတို့က သဲအင်းဂူကမ္မဋ္ဌာန်း ကျောင်းတိုက် အုပ်ချုပ်ခွင့်နှင့် ပစ္စည်းအရပ်ရပ်ကို ဘီးလင်း ဆရာတော် ဦးဝါယမသို့စာရင်းအင်းနှင့်တကွလွှဲပြောင်းအပ်နှံပေးခဲ့ကြပြီး၊ ဦးပဥ္ဇင်းဦးမုနိန္ဒနှင့် စုဒိတကပက္ခများဖြစ်ကြသော ဦးမောင်မောင်နှင့် ဒေါ်ခင်စန်းတို့သည်လည်း သဲအင်းဂူကျောင်းတိုက်အတွင်းမှဖယ်ရှား ထွက်ခွာခဲ့ကြသည်။ သို့ရာတွင် မူလဝိနိစ္ဆယအမှုမှ တရားနိုင် ဖြစ်သူ ဦးစန္ဒိမာ၏ တင်ပြချက်အရ စုဒိတကပက္ခများဟု ဆိုသူ ဦးပဥ္ဇင်း ဦးနန္ဒောဘာသပါ(၅)ပါး၊ သီလရှင်ဒေါ်စန္ဒသီဂီပါ (၃၉) ပါးနှင့် ယောဂီဦးအောင်သန်းပါ (၂၁) ဦးတို့ကို သဲအင်းဂူ ကျောင်းတိုက် အာရာမ်အတွင်းမှ ဖယ်ရှားထွက်ခွာပေးရန် အကြောင်းကြား သော် လည်း လိုက်နာခြင်းမရှိဟုဆိုကာ ယင်း ပုဂ္ဂိုလ်များကို ပထမတွင် ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုပြီး နောက်ပိုင်းတွင် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက် များကို ကာကွယ် စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ ပြင်ဆင် တရားစွဲ ဆိုခဲ့ရာမှ ဤအမှုများပေါ်ပေါက်လာခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။လျှောက်ထားသူများသည် မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အကျုံးဝင်သော စုဒိတကပက္ခများ ဟုတ် မဟုတ်ဆိုသောအချက်နှင့် ၎င်းတို့သည်သဲအင်းဂူ ကမ္မဋ္ဌာန်း ကျောင်း တိုက်အာရာမ်အတွင်း နေထိုင်ကြသူများ မဟုတ်ကြသည့်အတွက် ဖယ် ရှား နှင်ထုတ်ရန်အကြောင်းရှိ မရှိဟူသော အချက်များသာ အဓိက အဆုံးအဖြတ်ပြုရန်ဖြစ်သည်။

| | | |
|---|---|---|
| ဦးအောင်သန်းပါ(၂၁)ဦး | | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် |
| ဦးနန္ဒောဘာသပါ(၅)ပါး | နှင့် | ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် |
| ဒေါ်စန္ဒသီဂီပါ(၃၉)ပါး | | ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် |

၉၃

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဒေါက်တာ မောင်မောင်အေးတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးကံလှ ပါ(၁၀)

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၈၆ မတ်လ ၂၅–ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ – ယင်း ပုဒ်မအရ အကျုံးဝင်ရန်အတွက် ဥပဒေအရ အမိန့်ထုတ်ပြန်ရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက၊ဥပဒေနှင့်အညီ အမိန့်တစ်ရပ် ထုတ်ပြန်ရန် လိုအပ်ခြင်း – စီမံကိန်းဝင်သီးနှံများကို စိုက်ပျိုးရန် ညွှန်ကြားစာကို လိုက်နာရန် ပျက်ကွက်သူအပေါ် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၄၀ အရအရေးယူရန် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အကျုံးဝင်ရန် အတွက် ဥပဒေအရအမိန့်ထုတ်ပြန်ရန်အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အမိန့်တစ်ရပ်ထုတ်ပြန်ရန် လိုအပ်ပေသည်။ ဥပဒေနှင့်အညီ ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သည့်အမိန့်ကို လိုက်နာရန်ပျက်ကွက်မှသာလျှင် ပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်ပေမည်။ ထို့ကြောင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် စီမံကိန်းဝင်သီးနှံများစိုက်ပျိုးရန် အမိန့်တစ်ရပ် ထုတ်ပြန်ရန် လိုအပ်သည်၊ အဆိုပါအမိန့်ကို မလိုက်နာသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်ပေမည်။ ဤအမှုတွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းအမိန့်ကို ထုတ်

* ၁၉၈၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၄၁(ခ)မှ ၃၄၄(ခ)၊ ၃၄၇(ခ)မှ ၃၅၁(ခ)နှင့် ၃၅၃(ခ)

† ၁၉၈၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်၁၁၄၊၁၀၇၊၁၁၁၊၁၀၉၊၁၁၀၊ ၁၁၂၊၁၀၄၊၁၀၆၊၁၁၃နှင့် ၁၀၅ တို့တွင် ချမှတ်သော (၂၀.၉.၈၄) နေ့စွဲပါ စစ်ကိုင်းဟိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
ဦးကံလှပါ (၁၀) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်

ပြန်ထားခြင်းမရှိသောကြောင့် ဦးကံလှတို့ အသီးသီးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုထားခြင်းသည် ကနဦးကပင် ပျက်ပြယ်နေပြီး ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မူလ ရုံးအမှုတွဲတွင် လေ့လာ သုံးသပ်ကြည့်သောအခါ ရွှေဘိုမြို့နယ် ပြည်သူ့ကောင်စီက ရပ်ကွက်/ကျေးရွာပြည်သူ့ကောင်စီ ဥက္ကဋ္ဌများသို့ ၄-၄-၈၃ နေ့စွဲပါ စာအမှတ် ၀၉၉/၁၃/စီးပွား-၁ ဖြင့် ပေးပို့သော ညွှန်ကြားစာတွင် ကြံ၊ ငှက်ပျော၊ သီးပင်စားပင်များကို စိုက်ပျိုးခြင်းမပြုပဲ စီမံကိန်းဝင်သီးနှံများကို စိုက်ကောထက် တိုးချဲ့စိုက်ပျိုးရန် ဖော်ပြထားသည်။ အဆိုပါညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်သူအား ၁၉၆၃ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေပုဒ်မ ၁၂ အရ အရေးယူရန် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများထံ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ၂၁-၆-၈၃ နေ့စွဲပါစာအမှတ်၊ ၁၅၄၀/၁၃/စီးပွား-၁ အရ ညွှန်ကြားခဲ့သည်။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဥက္ကဋ္ဌများထံသို့ အထက်ဖော်ပြပါ ညွှန်ကြားစာအရ စီမံကိန်း ရည်မှန်းချက်များတွင် မပါဝင်သည့် ကြံ၊ ငှက်ပျောနှင့် ဟင်းသီးဟင်းရွက်များကို လုံးဝ စိုက်ပျိုးခြင်းမပြုပဲ စီမံကိန်းသီးနှံများကိုသာ စိုက်ကောထက် တိုးချဲ့စိုက်ပျိုးရန် ဖော်ပြထားသဖြင့် ယင်းဖော်ပြချက်များကို လိုက်နာရန် ပျက်ကွက်သူအပေါ် အထက်တွင် ဖော်ပြခဲ့သော ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၈/၄၈ အရ အရေးယူခွင့်ရှိပေသည်။ ဤအမှုတွင် ယင်းကဲ့သို့ အရေးယူခဲ့ခြင်းမရှိသောကြောင့် မြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။ ၎င်းအကြောင်းအချက်များအရ သက်ဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်သည် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပေသည်။

လျှောက်ထားသူများအတွက်—ဦးသိန်းထွန်း၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် —ဦးစိန်လှ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

တရားရေးအကြီးပေး —ဦးအောင်ကြည်

၁၉၈၆ ဦးကံလှပါ (၁၀) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၉၉/၈၄၊ ၂၉၂/၈၄၊ ၂၉၈/၈၄၊ ၃၀၂/၈၄၊ ၃၀၃/၈၄၊ ၃၀၁/၈၄၊ ၂၉၄/၈၄၊ ၂၉၆/၈၄၊ ၃၀၀/၈၄ နှင့် ၂၉၅/၈၄ တို့ အသီးသီးတွင် ပြင်ဆင်မှုလျှောက်ထားသူ ဦးကံလှ၊ ဦးအောင်ရင်၊ ဦးအောင်တင်၊ ဦးညွန့်လှိုင်၊ ဦးစိုးမောင်၊ ဦးထွန်းခင်၊ ဦးဘကူး၊ ဦးရွှေ၊ ဦးမောင်ကြီး နှင့် ဦးမောင်တို့ (၁၀)ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အလုပ်မဲ့ ထောင်ဒဏ် တစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့် အသီးသီးကို ဦးကံလှတို့ (၁၀)ဦးက မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံး၌ ပြင်ဆင်မှုအသီးသီး တင်သွင်းကြရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုများကို တင်သွင်းကြသည်။ ပြင်ဆင်မှုများသည်အကြောင်းအချက်တစ်ရပ်တည်း အပေါ် အခြေခံ၍ ပေါ်ပေါက်လာသော အမှုများဖြစ်ပြီး အကြောင်း ပြချက်တို့မှာလည်း တူညီကြသဖြင့် ဤအမိန့်သည် ပြင်ဆင်မှု (၁၀)မှု စလုံးနှင့် အကျုံးဝင်စေရမည်။

ရွှေဘိုမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ မြို့နယ် အတွင်း ဆီထွက် သီးနှံများကို စီမံကိန်းချ၍ တိုးချဲ့စိုက်ပျိုးရန်အတွက် ကြံ၊ ငှက်ပျောနှင့် ဟင်းသီး ဟင်းရွက်အပင်များကို စိုက်ပျိုးခြင်းမပြုရန် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ ထံသို့ ညွှန်ကြားခဲ့သည်။ ကြံ စိုက်ပျိုးကြသည့် ဦးကံလှတို့ (၁၀) ဦး သည် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ညွှန်ကြား ချက်ကို လိုက်နာခြင်း မပြုကြောင်း စွပ်စွဲချက်ဖြင့် မြို့နယ် ပြည်သူ့ ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူဦးသောင်းက ဦးကံလှ၊ ဦးအောင်ရင်၊ ဦးအောင်တင်၊ ဦးညွန့်လှိုင်၊ ဦးစိုးမောင်၊ ဦးထွန်းခင်၊ ဦးဘကူး၊ ဦးရွှေ၊ ဦးမောင်ကြီးနှင့် ဦးမောင်တို့ အသီးသီးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုသည်။

ဦးကံလှတို့က ကျေးရွာပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ သည် လယ်သမားတစ်ဦးချင်းအား ကြံစိုက်ပျိုးခြင်းမပြုရန် အမိန့်ထုတ် ပြန်၍ အကြောင်းကြားခဲ့ခြင်း မရှိသည့်အတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း၊ အမှုကို မိမိတို့ က အကျဉ်းနည်း စစ်ဆေးခြင်းမပြုရန် ကန့်ကွက်ခဲ့သော်လည်း မြို့နယ် တရားရုံးက လက်မခံပဲ အကျဉ်းနည်းဖြင့် စစ်ဆေးခဲ့ကြောင်း၊ ယင်း အချက်များကြောင့် အမှုမှာ မှားယွင်းကြောင်းဖြင့် ဤပြင်ဆင်မှုများတွင် တင်ပြထားသည်။

၁၉၈၆
ဦးကံလှပါ
(၁၀) နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

အမှုကို လေ့လာသုံးသပ်ကြည့်သောအခါ မူလ တရားစီရင်ရေး အဖွဲ့သည် မှုပြစ်ကြောင်းခြင်းရာများကို ဦးကံလှတို့ အသီးသီးအား ရှင်းပြပြီးနောက် ဦးကံလှတို့ အသီးသီးက အပြစ်မရှိကြောင်း ထုချေခဲ့ သဖြင့် မူလတရားစီရင်ရေးအဖွဲ့က တရားလိုသက်သေများအားစစ်ဆေး ရန် ချိန်းဆိုခဲ့သည်။ ထို့နောက် တရားလိုသက်သေ စစ်ဆေးခြင်းမပြုဘဲ မူလတရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ တင်ပြချက်အရ မြို့နယ်တရားသူကြီး အဖွဲ့ဥက္ကဋ္ဌသည် မူလအမှုတွဲကို တရားစီရင်ရေးအဖွဲ့ (၅) သို့ စစ်ဆေး ကြားနာရန် အမှုအား ပြောင်းပေးခဲ့သည်၊ မြို့နယ်တရားစီရင်ရေးအဖွဲ့ (၅)မှ ၂၀-၆-၈၄ နေ့တွင် အမှုကို အသစ်တဖန် စစ်ဆေးရန် အမိန့်ချမှတ်ပြီး ထိုနေ့မှာပင် အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၆၀ အရ အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်ခဲ့သည်။ ၂၀-၆-၈၄ နေ့စွဲပါ နေ့စဉ်မှတ်တမ်းတွင် "တရားခံနှင့် ၎င်းအကျိုးဆောင် လာ ရောက်သည်။ ရုံးပြောင်းလာသောအမှုဖြစ်သဖြင့် အသစ်တဖန် စစ်ကြော မည်ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။ xxx ကျင့်ထုံး ပုဒ်မ ၂၆၀၊ အပိုဒ်ခွဲ (၈)၊ အပိုဒ်ငယ် (၁) အရ ပြစ်မှုအား အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သောအမှုဖြစ်၍ တရားခံ၏ ရှေ့နေလျှောက်ထားချက်ကို ပယ်သည်၊ အမှုကို အကျဉ်းနည်းဖြင့် ကြားနာစစ်ဆေးမည်၊ ပြစ်မှု အကြောင်းအရာ စွဲဆိုချက်ကို တရားခံအား ရှင်းလင်း ဖတ်ပြ နားလည်စေပြီးနောက် အပြစ်ရှိမရှိ မေးမြန်းရာ တရားခံမှ အပြစ်မရှိ ကြောင်း ငြင်းဆိုသည်။ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ မှုပြစ်ထင်ရှားစီရင်သည်၊ ထောင်ကျဝရမ်းလက်မှတ်ရေးထိုး ပြီး"ဟု ဖော်ပြထားသည်ကို တွေ့ရှိရသော်လည်း တရားစီရင်ရေးအဖွဲ့ သည် မည်သည့်သက်သေကိုမျှ စစ်ဆေးခြင်း မပြုခဲ့ပေ။ သက်သေ ထွက်ချက် အတိုချုပ်ကိုလည်း ရေးမှတ်ထားကြောင်း မတွေ့ရပေ။ ထို့အပြင် အမိန့်ချမှတ်ရာ၌ မည်သည့်အချက်အပေါ် အခြေခံ၍ ဆုံးဖြတ် ထားကြောင်းလည်း ရေးမှတ်ထားခြင်း မရှိသောကြောင့် မြို့နယ်တရား ရုံး၏အမိန့်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၆၃ ပါ ပြဋ္ဌာန်းချက် များနှင့် ဆန့်ကျင်နေပေသည်၊ မြို့နယ်တရားရုံး၏ ပျက်ကွက်မှုများမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၇ ပါ ပြဋ္ဌာန်းချက်များ အရ ကုစားနိုင်သည့် ပျက်ကွက်မှုမျိုး မဟုတ်ချေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ အကျုံးဝင်ရန်အတွက် ဥပဒေအရ အမိန့်ထုတ်ပြန်ရန် အာဏာရှိသော ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ အမိန့်တစ်ရပ်ထုတ်ပြန်ရန် လိုအပ်ပေသည်။ ဥပဒေနှင့် အညီ ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်သည့်အမိန့်ကို လိုက်နာရန် ပျက် ကွက်မှသာလျှင် ပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်ပေမည်။ ထို့ကြောင့်

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် စီမံကိန်းဝင်သီးနှံများစိုက်ပျိုးရန် အမိန့်တစ်ရပ် ထုတ်ပြန်ရန်လိုအပ်သည်။ အဆိုပါအမိန့်ကို မလိုက်နာသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုနိုင်ပေမည်။ ဤအမှုတွင် မြို့နယ် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ယင်းအမိန့်ကို ထုတ်ပြန်ထားခြင်းမရှိသောကြောင့် ဦးကံလှတို့ အသီးသီးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တရားစွဲဆိုထားခြင်းသည် ကနဦးကပင် ပျက်ပြယ်နေပြီး ဖြစ်သည်။

၁၉၈၆
ဦးကံလှပါ
(၁၀) နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

စီမံကိန်းဝင် သီးနှံများ စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၈ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပေသည်—

"နိုင်ငံတော်သမ္မတသည် ဒေသ တခုခုတွင် သီးနှံ အမျိုးအစားတခုခုကို စိုက်ပျိုးခြင်းဖြင့်သော် လည်းကောင်း၊ ဒေသတခုခုတွင် လယ်ယာမြေကို သတ်မှတ်ထားသောနည်းလမ်းအတိုင်း အသုံးချခြင်းဖြင့်သော် လည်းကောင်း၊ နိုင်ငံတော်အတွက်ဖြစ်စေ၊ တောင်သူလယ်သမားများအတွက်ဖြစ်စေ အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်ယူဆလျှင် အဆိုပါ အသီးအနှံအမျိုးအစားကို စိုက်ပျိုးစေရန်သော် လည်းကောင်း၊ သင့်တော်မည် ထင်မြင်သည့်အတိုင်း ဆောင်ရွက်နိုင်သည်။ သို့တည်းမဟုတ် ဆောင်ရွက်စေနိုင်သည်။"

ယင်းဥပဒေပုဒ်မ ၃၈ (၁) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သူသည် ယင်းဥပဒေပုဒ်မ ၄၈ အရ ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည် ဖြစ်သည်။

မူလ ရုံးအမှုတွဲတွင် လေ့လာသုံးသပ်ကြည့်သောအခါ ရွှေဘိုမြို့နယ် ပြည်သူ့ကောင်စီက ရပ်ကွက်/ကျေးရွာ ပြည်သူ့ကောင်စီဥက္ကဋ္ဌများသို့ ၄-၄-၈၃ နေ့စွဲပါ စာအမှတ် ၈၉၉/၁၃/စီးပွား-၁ ဖြင့် ပေးပို့သော ညွှန်ကြားစာတွင် ကြံ၊ ငှက်ပျော၊ သီးပင်စားပင်များကို စိုက်ပျိုးခြင်းမပြုပဲ စီမံကိန်းဝင် သီးနှံများကို စိုက်ကောထက် တိုး၍ စိုက်ပျိုးရန် ဖော်ပြထားသည်။ အဆိုပါ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်သူအား ၁၉၆၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေပုဒ်မ ၁၂ အရ အရေးယူရန် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများထံ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ၂၁-၆-၈၃ နေ့စွဲပါ စာအမှတ်၊ ၁၅၄၀/၁၃/စီးပွား-၁ အရ ညွှန်ကြားခဲ့သည်။ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်

အဖွဲ့မှ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဥက္ကဋ္ဌများယံသို့ အသက်ဖော်ပြပါ ညွှန်ကြားစာအရ စိမ်ကိန်းရည်မှန်းချက်များတွင် မပါဝင်သည့် ကြံ၊ ငှက်ပျောနှင့် ဟင်းသီးဟင်းရွက်များကို လုံးဝစိုက်ပျိုးခြင်းမပြုဘဲ စီမံကိန်း သီးနှံများကိုသာ စိုက်ကောထက် တိုးချဲ့စိုက်ပျိုးရန် ဖော်ပြထားသဖြင့် ယင်းဖော်ပြချက်များကို လိုက်နာရန် ပျက်ကွက်သူအပေါ် အထက်တွင်ဖော်ပြခဲ့သော ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၀/၄၀ အရ အရေးယူခွင့်ရှိပေသည်။ ဤအမှုတွင် ယင်းကဲ့သို့ အရေးယူခဲ့ခြင်း မရှိသောကြောင့် မြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ပေ။ ၎င်းအကြောင်းအချက်များအရ သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်သည် ဥပဒေပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပေသည်။

အထက်ဖော်ပြပါ အမှုပျက်ပြယ်ရသည့် အကြောင်းခြင်းရာနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေအချက်အလက်တို့နှင့် ညီညွတ်ခြင်းမရှိသဖြင့် ဤပြင်ဆင်မှုများကို ခွင့်ပြု၍ မြို့နယ်တရားရုံး၏ အမိန့်များနှင့် ယင်းအမိန့်များကို အတည်ပြုခဲ့သည့် ကိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး ဦးကံလှတို့(၁၀)ဦးအား အမှုမှလွှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌ အဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မောင်မောင်အေးနှင့် ဦးအေးစန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

၁။ မခင်ခင်စော

၂။ မောင်ဝင်းမြင့်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

၂။ ဒေါ်ကျင်အေး

† ၁၉၈၆ ဇန်နဝါရီလ ၁၆–ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉–သီခြားဖြစ်ရပ် တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများကို၊ တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့်၊ စစ်ဆေးကြားနာခြင်း အားလုံးမှာ မူလအစကပင် ပျက်ပြယ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။မခင်ခင်စောက ဒေါ်ကျင်အေးအား ပါးရိုက်သည်ဟု စွပ်စွဲသောနေ့မှာ ၂၃–၁၁–၈၂ ရက်နေ့ဖြစ်၍ မောင်ဝင်းမြင့်က ဒေါ်ကျင်အေးအား ဆဲဆိုကြိမ်းဝါးသည့်နေ့မှာ ၂၄–၁၁–၈၂ ရက်နေ့ဖြစ်ကြောင်းပေါ်ပေါက်သည်။ထို့ကြောင့်မခင်ခင်စောနှင့်မောင်ဝင်းမြင့်တို့အပေါ် စွဲဆိုထားသောအမှုများသည် အကြောင်းချင်းရာဖြစ်ရပ်တစ်ခုတည်းမှ ပေါ်ပေါက်လာသော အမှုများဟု မဆိုနိုင်ပေ။သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး၊ ဥပဒေပုဒ်မ ၂၃၉ အရ မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့ကို တစ်မှုတည်းတွင် ပူးပေါင်းစစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်

---

* ၁၉၈၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၁၂(ခ)

† ၁၉၈၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၂၃ တွင် ချမှတ်သော (၂၁–၆–၈၅) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

မခင်ခင်စော
မောင်ဝင်းမြင့်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
ဒေါ်ကျင်အေး

နှင့် မညီညွတ်သဖြင့် စစ်ဆေးကြားနာခြင်းအားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိကြောင်းတွေ့ရသည်။

လျှောက်ထားသူအတွက် — ဦးကျား၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — ၁။ ဒေါက်တာမောင်မောင်တိတ်၊
ဥပဒေပညာရှင်
၂။ ဦးတင်အောင်၊
ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးဝင်းလှိုင်

ပန်းဘဲတန်းမြို့နယ် တရားရုံး၊ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၄၀/၈၃ တွင် လျှောက်ထားသူ မခင်ခင်စောအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ လည်းကောင်း၊ မောင်ဝင်းမြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ အရ လည်းကောင်း စွဲချက်တင်ထားသောအမိန့်ကို ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်း တရားရုံးတွင် မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့က လျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ၂၃-၁၁-၈၂ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့်တွင် ဒေါ်ကျင်အေးသည် မိုလ်ချုပ်ဈေးမှ ဆိုင်သိမ်းပြီးအပြန် ချွေးမဖြစ်သူ မခင်ခင်စောက ကလေး ဘယ်မှာလဲဟု မေးပြီး ပခုံးချင်း လာတိုက်ကြောင်း၊ မိမိက ရှိင်းလှချည့်လားဟုပြောရာတွင် မခင်ခင်စောက မိမိအား ပါးလှမ်းရိုက်ကြောင်း၊ နောက်တနေ့တွင် သားဖြစ်သူ မောင်ဝင်းမြင့်က မိမိ၏ ဆိုင်သို့လာ၍ ဆဲဆိုကြိမ်းမောင်းပြီး ခုံနှင့်ပစ်ပေါက်ကြောင်း စသည်ဖြင့် ဒေါ်ကျင်အေးက မြို့နယ်တရားရုံးသို့ တိုက်ရိုက်လျှောက်ထားရာ တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

လျှောက်ထားသူများက ပြင်ဆင်မှုအကြောင်းပြချက်ဖြင့် တင်ပြရာတွင် မခင်ခင်စောနှင့် အချင်းဖြစ်ပွားသည့်နေ့မှာ ၂၃-၁၁-၈၂ ရက်နေ့ဖြစ်ပြီး မောင်ဝင်းမြင့် ဆဲဆိုသည့်နေ့မှာ ၂၄-၁၁-၈၂ ရက်နေ့ ဖြစ်သည်ဟု ဒေါ်ကျင်အေးက ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် မတူသည့်ဖြစ်ရပ်နှစ်ခုကို တစ်မှုတည်းတွင် ပေါင်းစွဲထားသဖြင့် အမှုမှာ ပျက်ပြယ်နေကြောင်း၊ ဒေါ်ကျင်အေး၏ ထွက်ဆိုချက်ကို သက်သေများက ထောက်ခံထွက်ဆိုခြင်း လုံးဝမရှိဘဲ စွဲချက်တင် ဖြေရှင်းစေခြင်းမှာ မှားယွင်းကြောင်း တင်ပြကြသည်။

မြို့နယ်တရားရုံးအမှုတွဲကို လေ့လာရာတွင် မခင်ခင်စောက— ဒေါ်ကျင်အေးအား ပါးရိုက်သည်ဟု စွပ်စွဲသောနေ့မှာ ၂၃-၁၁-၈၂ ရက်နေ့ဖြစ်၍ မောင်ဝင်းမြင့်က ဒေါ်ကျင်အေးအား ဆဲဆိုကြိမ်းဝါးသည့်နေ့မှာ ၂၄-၁၁-၈၂ ရက်နေ့ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့အပေါ် စွဲဆိုထားသော အမှုများ သည် အကြောင်းချင်းရာ ဖြစ်ရပ်တစ်ခုတည်းမှ ပေါ်ပေါက်လာသော အမှုများဟု မဆိုနိုင်ပေ၊ သီးခြားဖြစ်ရပ်တစ်ခုစီမှ ပေါ်ပေါက်လာသော အမှုများဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၉ အရ မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့ကို တစ်မှုတည်းတွင် ပူးပေါင်း စစ်ဆေးခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်သဖြင့် စစ်ဆေး ကြားနာခြင်း အားလုံးမှာ မူလအစကပင် ပျက်ပြယ်လျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြု၍ ပန်းဘဲတန်းမြို့နယ် တရားရုံး နှင့် ရန်ကုန်တိုင်း တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး ပန်းဘဲတန်း မြို့နယ် တရားရုံးသည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် [illegible] မှ တရားခံ မခင်ခင်စောနှင့် မောင်ဝင်းမြင့်တို့နှင့် စပ်လျဉ်းသော ပြစ်မှုများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သီးခြားတစ်မှုစီခွဲ၍ အစမှပြန်လည် စစ်ဆေးစီရင်သွားရန် ညွှန်ကြားလိုက်ကြောင်း အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းတင် နှင့် ဒေါက်တာ မောင်မောင်အေးတို့ ပါဝင်သော ဗဟို တရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်လှိုင်

နှင့်

† ၁၉၇၆ / မတ်လ / ၁၇–ရက်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ (၆)*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက် – ယင်း ဥပဒေပုဒ်မအရချမှတ်သည့်ပြစ်ဒဏ်ကို၊ စွဲဆိုရင်း ပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်သည့် ပြစ်ဒဏ်နှင့် တပေါင်းတည်းကျခံစေ ရန် ချမှတ်ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်း– ထို့ပြင် အဆိုပါ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ် ကို ချုပ်ရက်မှ ထုတ်နှုတ်ကျခံစေရန် ချမှတ်သည့် အမိန့်မှာ လည်း ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ခြင်း။

လှိုင်ကော်မြို့နယ် အကျဉ်းစခန်း တာဝန်ခံ ဦးစိန်လှိုင်က မောင်ဝိုးရယ်၊ မောင်ဇော်ရယ်၊ ဦးရယ်၊ မောင်ရိုးရယ်နှင့် မောင် ပြီးရယ်တို့ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ လှိုင် ကော်မြို့နယ် တရားရုံးသို့ အမှု ၅ မှု ခွဲ၍ စွဲဆိုသည်။ မြို့နယ် တရား ရုံးက တရားလိုပြ သက်သေများကို စစ်ဆေးပြီး၊ မောင်ပိုးရယ်တို့ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ အသီးသီး စွဲချက် တင်ပြီး ထုချေ ဖြေရှင်းစေရာ မောင်ပိုးရယ်တို့အသီးသီးက အပြစ်ရှိ ကြောင်း ဖြောင့်ဆို ဝန်ခံခဲ့သောကြောင့် မောင်ပိုးရယ်တို့ အသီးသီး အပေါ် ထောင်ဒဏ် ၆ လစီ ကျခံကြစေရန်နှင့် ချုပ်ရက်များကို ထုတ် နုတ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်ပိုးရယ်တို့ ၅ ဦးက မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သည့်အတွက် ပြည်နယ် တရား ရုံး၌ အယူခံဝင်ရာ ပြည်နယ်တရားရုံးက မြို့နယ် တရားရုံး၏ ပြစ်မှု တွေ့ရှိချက်ကို အတည်ပြုပြီးလျှင် အဆိုပါ ပြစ်ဒဏ်အသီးသီးကို မြို့နယ်

* ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၃၆(ခ)

† ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၉ တွင် ချမှတ်သော (၁–၆–၇၄)နေ့စွဲပါ ကယားပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆၊
ဦးစိန်လှိုင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်ပါ
(၆)

တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/၇၉ တွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်အတူ တပေါင်းတည်း ကျခံစေရန်နှင့် ချုပ်ရက်များကို ပြစ်ဒဏ်မှ ထုတ်နုတ် ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက် တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"ဤပုဒ်မတွင်ပါသော ပြစ်ဒဏ်သည် စွဲဆိုရင်း ပြစ်မှုအတွက် ဖြစ်စေ၊ ပြစ်မှုထင်ရှား စီရင်ရင်း ပြစ်မှုအတွက်ဖြစ်စေ၊ ဖမ်းဆီး ခြင်း ခံရမည့်သူ ခံထိုက်သော၊ သို့တည်းမဟုတ် အချုပ်ခံနေရသူ ခံထိုက်သော ပြစ်ဒဏ်အပြင် အပိုခံရမည့် ပြစ်ဒဏ်ဖြစ်သည်။"

ပြည်နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ်ကို လှိုင်ကော်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၁/၇၉ တွင် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၃ အရ စွဲဆိုရင်း ပြစ်မှုအတွက် ပြစ်မှု ထင်ရှား စီရင်သည့် ပြစ်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ် ခဲ့ခြင်းသည် ပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့အပြင် မြို့နယ် တရားရုံးနှင့် ပြည်နယ် တရားရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ထောင်ဒဏ်ကာလမှ ချုပ်ရက်ကို ထုတ်နုတ်ကျခံစေရန် အမိန့်ချမှတ် သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ နှင့် ၁၉၇၀ ခုနှစ် သမဝါယမ အသင်း ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၃ ပါ ပြစ်မှုတို့မှာ သီးခြား ပြစ်မှုများ ဖြစ်ကြသည်။ သို့ရာတွင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၁/၇၉၌ ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေဇယား ၂၊ အမှတ်စဉ် ၁၃ အရ ချမှတ်သည့် ပြစ်ဒဏ်မှာ စွဲဆိုရင်းပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်ဖြစ်သည်။ အဆိုပါပြစ်ဒဏ်ကို ကျခံနေစဉ်အချိန် အတွင်း မောင်ပိုးရယ်တို့ ၅ ဦးက ရဲဘက်စခန်းမှ ထွက်ပြေးခဲ့ကြပြီး နောက် ပြန်လည် အဖမ်းခံရသဖြင့် စွဲဆိုရင်းပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်ကို ပြန်လည် ကျခံနေရသူများ ဖြစ်ကြသည်။ ထို့ကြောင့် ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ်မှ ချုပ်ရက်ကို ထုတ်နုတ်ကျခံစေရန် ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်နှင့် ပြည်နယ် တရားရုံး၏အမိန့်တို့မှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် –

လျှောက်ထားခံရသူအတွက်–ဦးစိန်လှ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

**တရားရေးအကြံပေး** –ဦးတင်မြွယ် (ညွှန်ကြားရေးမှူး)

၁၉၈၆
ဦးစိန်လှိုင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်ပါ
(၆)

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၁/၇၉ တွင် မောင်ပိုးရယ်၊ မောင်ရီးရယ်၊ မောင်ဖဲရေရယ်၊ မောင်ပြီးရယ်၊ မောင်ကွယ်ရယ်၊ မောင်ရွှေရယ်နှင့် ဦးရယ်တို့ အပေါ် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၃ အရ ထောင်ဒဏ် ၅ နှစ်စီကျခံကြစေရန် ၂၁-၉-၇၉ နေ့တွင် မြို့နယ်တရားရုံးက အမိန့်ချမှတ်သည်။ မောင်ပိုးရယ်၊ မောင်ဖဲရေရယ်၊ ဦးရယ်၊ မောင်ရီးရယ်နှင့် မောင်ပြီးရယ်တို့ ၅ ဦးက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သည့်အတွက် ကယားပြည်နယ် တရားရုံး၌ အယူခံဝင်ရာ ပြည်နယ်တရားရုံးက ပလပ်သည်။ မောင်ပိုးရယ်တို့ ၇ ဦးကို သက်ဆိုင်ရာ အကျဉ်းစခန်းမှ ရန်ကုန်မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေး ရဲဘက်စခန်းသို့ လွှဲအပ်ပေးခဲ့သည်။ ၁၈-၁၁-၇၉ ရက်နေ့တွင် ရဲဘက်စခန်းမှနေ၍ မောင်ပိုးရယ်၊ မောင်ဖဲရေရယ်၊ ဦးရယ်၊ မောင်ရီးရယ်နှင့် မောင်ပြီးရယ်တို့ ၅ ဦးမှာ ထွက်ပြေးကြသည်။ ၂၈–၁၂–၈၃ ရက်နေ့တွင် မောင်ပိုးရယ်တို့၅ ဦးကို လွိုင်ကော်ပြည်သူ့ရဲဘဲဖွဲ့စခန်းမှ ဖမ်းဆီးရမိပြီး လွိုင်ကော်မြို့နယ် အကျဉ်းထောင်သို့ အပ်နှံခဲ့သည်။

ထို့နောက် လွိုင်ကော်မြို့နယ်အကျဉ်းစခန်းတာဝန်ခံ ဦးစိန်လှိုင် က မောင်ပိုးရယ်၊ မောင်ဖဲရေရယ်၊ ဦးရယ်၊ မောင်ရီးရယ်နှင့် မောင်ပြီးရယ်တို့ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ လွိုင်ကော်မြို့နယ်တရားရုံးသို့ အမှု ၅ မှုခွဲ၍ စွဲဆိုသည်။ မြို့နယ်တရားရုံးက တရားလိုပြသက်သေများကို စစ်ဆေးပြီး မောင်ပိုးရယ်တို့ ၅ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ အသီးသီးစွဲချက်တင်ပြီး ထုချေဖြေရှင်းစေရာ မောင်ပိုးရယ်တို့အသီးသီးက အပြစ်ရှိကြကြောင်းဖြောင့်ဆိုဝန်ခံခဲ့သောကြောင့် မောင်ပိုးရယ်တို့ အသီးသီးအပေါ် ထောင်ဒဏ် ၆ လစီကျခံကြစေရန်နှင့် ချုပ်ရက်များကို ထုတ်နုတ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

မောင်ပိုးရယ်တို့ ၅ ဦးက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သည့်အတွက် ပြည်နယ်တရားရုံး၌အယူခံဝင်ရာ ပြည်နယ်တရားရုံးက မြို့နယ်တရားရုံး၏ ပြစ်မှုတွေ့ရှိချက်ကို အတည်ပြုပြီးလျှင် အဆိုပါပြစ်ဒဏ်အသီးသီးကို မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၄၁/၇၉ တွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်အတူ တပေါင်းတည်း ကျခံစေရန်နှင့် ချုပ်ရက်များကို ပြစ်ဒဏ်မှ ထုတ်နုတ်ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်သည်။ ပြည်နယ်တရားရုံး၏အမိန့်ကို လွိုင်ကော်မြို့နယ် အကျဉ်းစခန်းတာဝန်ခံ ဦးစိန်လှိုင်က မကျေနပ်သည့်အတွက် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

လှိုင်ကော်မြို့နယ် အကျဉ်းစခန်းတာဝန်ခံ ဦးစိန်လှိုင်က ပြည်နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက်ကို လိုက်နာခြင်းမပြုပဲ အဆိုပါပြစ်မှုအရ ချမှတ်ထားသည့်ပြစ်ဒဏ်အသီးသီးကို စွဲဆိုရင်းပြစ်မှုဖြစ်သည့် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေဇယား ၂၊ အမှတ်စဉ် ၁၃ အရ ချမှတ်ခဲ့သော ပြစ်ဒဏ်နှင့်အတူ တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း ဤပြင်ဆင်မှုတွင် တင်ပြသည်။ ၁၉၈၆ ဦးစိန်လှိုင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်ပါ (၆)

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက်တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်—

> ''ဤပုဒ်မတွင်ပါသော ပြစ်ဒဏ်သည် စွဲဆိုရင်း ပြစ်မှုအတွက်ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ရင်း ပြစ်မှုအတွက်ဖြစ်စေ၊ ဖမ်းဆီးခြင်း ခံရမည့်သူ ခံထိုက်သော၊ သို့တည်းမဟုတ် အချုပ်ခံနေရသူ ခံထိုက်သော ပြစ်ဒဏ်အပြင် အပိုခံရမည့် ပြစ်ဒဏ်ဖြစ်သည်။''

ပြည်နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ပြစ်ဒဏ်ကို လှိုင်ကော်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/၇၉ တွင် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေဇယား ၂၊ အမှတ်စဉ် ၁၃ အရ စွဲဆိုရင်းပြစ်မှုအတွက် ပြစ်မှုထင်ရှားစီရင်သည့် ပြစ်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ချမှတ်ခဲ့ခြင်းသည် ပုဒ်မ ၂၂၄ ၏ ရှင်းလင်းချက်ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု ဆိုရပေမည်။

ထို့အပြင် မြို့နယ်တရားရုံးနှင့် ပြည်နယ်တရားရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့် ထောင်ဒဏ်ကာလမှ ချုပ်ရက်ကို ထုတ်နုတ်ကျခံစေရန် အမိန့်ချမှတ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ နှင့် ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဥပဒေဇယား ၂၊ အမှတ်စဉ် ၁၃ ပါ ပြစ်မှုတို့မှာ သီးခြားပြစ်မှုများ ဖြစ်ကြသည်။ သို့ရာတွင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၁/၇၉ ၌ ၁၉၇၀ ခုနှစ် သမဝါယမအသင်း ဇယား ၂၊ အမှတ်စဉ် ၁၃ အရ ချမှတ်သည့် ပြစ်ဒဏ်မှာ စွဲဆိုရင်းပြစ်မှုအတွက် ချမှတ်သည့်ပြစ်ဒဏ်ဖြစ်သည်။ အဆိုပါပြစ်ဒဏ်ကိုကျခံနေစဉ်အချိန်အတွင်း မောင်ပိုးရယ်တို့ ၅ဦးကရဲဘက်စခန်းမှထွက်ပြေးခဲ့ကြပြီးနောက် ပြန်လည် အဖမ်းခံရသဖြင့် စွဲဆိုရင်းပြစ်မှုအတွက် ချမှတ်သည့်ပြစ်ဒဏ်ကို ပြန်လည် ကျခံနေရသူများ ဖြစ်ကြသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့်ပြစ်ဒဏ်မှ ချုပ်

၁၉၈၆
ဦးစိန်လှိုင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်ပါ
(၆)

ရက်ကို ဟုတ်နုတ်ကျခံစေရန်ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်နှင့် ပြည်နယ်တရားရုံး၏ အမိန့်တို့မှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အထက်ဖော်ပြပါ အချက်များအရ ဤပြင်ဆင်မှုကိုခွင့်ပြု၍ ချုပ်ရက်များကို ထုတ်နုတ်ကျခံစေရန် ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်နှင့် ပြည်နယ်တရားရုံး၏ အမိန့်တို့ကို လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၄ အရ ချမှတ်သည့်ပြစ်ဒဏ်များကို မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၁/၇၉ တွင် ချမှတ်သည့် ပြစ်ဒဏ်နှင့်အတူ တပေါင်းတည်းကျခံစေရန် ချမှတ်သည့် ပြည်နယ် တရားရုံး၏အမိန့်ကို လည်းကောင်း ပယ်ဖျက်ပြီး မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ ထောင်ဒဏ်၆ လစီ ကျခံစေရန် ချမှတ်သည့်အမိန့်အသီးသီးကို အတည်ပြုလိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ်
ဒေါက်တာမောင်မောင်အေးနှင့် ဦးအေးစန် တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ဦးစိန်အေး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ပါ (၃)*

† ၁၉၇၆
မေဖော်ဝါရီလ
၁၇–ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရပြဋ္ဌာန်းချက်–တစ်ဦးတစ်ယောက်အား အပြီးအပြတ် လွှတ်ခဲ့သောအမှုတွင်၊ ယင်းအမှုဖြစ် အကြောင်းချင်းရာနှင့်စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်အပေါ် တရားစွဲဆိုခွင့်မရှိဟု ပိတ်ပင်ထားမှု မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။တစ်ဦး တစ်ယောက်သော သူအား ပြစ်မှုတစ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်သည်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်သည်ဖြစ်စေ၊ ထိုသူအား ထိုပြစ်မှုအတွက် ထပ်မံတရားစွဲဆိုခွင့် မပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ တွင် ပြဋ္ဌာန်းထားရာ၌ ယင်းအမှုဖြစ် အကြောင်းချင်းရာနှင့် စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်အပေါ် တရားစွဲဆိုခွင့်မရှိဟု ပိတ်ပင်တားမြစ်ခြင်း မရှိချေ။ ယခုအမှုတွင်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ အစစ်ခံချက်နှင့် ဦးစိန်အေး၏ တိုက်ရိုက်လျှောက်လွှာအပေါ် ကောက်ယူ ဆုံးဖြတ်ခြင်းမပြုပဲ အခြားအမှုမှ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ အမှုပိတ်ကြောင်း မူလတရားရုံးက ဆုံးဖြတ်ထားသောအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တိုင်းတရားရုံး၏ အမိန့်တို့မှာ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက်–ကိုယ်တိုင်
လျှောက်ထားခံရသူအတွက် –(၁) ဒေါက်တာမောင်မောင်တိတ်၊
ဥပဒေပညာရှင်
(၂) –
တရားရေးအကြံပေး – ဦးအောင်ထူးရှိန်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၄၉၀ (ခ)
† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၀ တွင် ချမှတ်သော (၁၁–၄–၇၅)ရက်နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
ဦးစိန်အေး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်ပါ
(၃)

ဒေါပုံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ဂ၆၉/ဂ၄ တွင် လျှောက်ထားသူ ဦးစိန်အေးက လျှောက်ထားခံရသူ ဦးစန်းအောင်နှင့်ဦးထွန်းကြိုင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၀၆ အရ တိုက်ရိုက်တရားစွဲဆိုသောအမှုကို ယင်မံတရားစွဲခွင့်မရှိ၍ ပိတ်ကြောင်း မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှုတင်သွင်းသော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်၊

အမှုမှာ ဒေါပုံမြို့နယ် အိဘာလျို ရပ်ကွက်နေ ဦးစိန်အေး က သူသည် ၃ တန် မော်တော်ယာဉ်အမှတ် က/၁၉၉၉ (ယခင်အမှတ် -/၂၅၁၉) ကို ပိုင်ဆိုင်သူ ဖြစ်ကြောင်း၊ ယင်းမော်တော်ယာဉ်ကို ၁၉၇၉ ခုနှစ်က ဦးစန်းအောင်အား ကြိုတင်ငွေကျပ် ၂၁၀၀/-ယူ၍ တနေ့လျှင် ငွေကျပ် ၇၀/-ဖြင့် ငှားရမ်းခဲ့ကြောင်း၊ ဦးစန်းအောင်မှ ယင်းမော်တော်ယာဉ်ကို အလွဲသုံးစားပြု၍ ဦးထွန်းကြိုင်အား ငွေကျပ် ၅၀၀၀၀/-ဖြင့် စာချုပ်တုဖြင့် ရောင်းချထားကြောင်း စသည်ဖြင့် ဖော်ပြလျက် ဦးစန်းအောင်နှင့်ဦးထွန်းကြိုင်တို့အပေါ် အရေးယူပေးရန် ဒေါပုံမြို့နယ် တရားရုံးတွင် တရားစွဲဆိုသော အမှုဖြစ်သည်။

လျှောက်ထားသူက မိမိစွဲဆိုသောအမှုမှာ တရားခံအသစ်များအပေါ် စွဲဆိုထားသောအမှုဖြစ်သောကြောင့် မူလရုံးမှ အမှုကိုပိတ်လိုက်ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း ပြင်ဆင်မှုတွင် တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာရာတွင် လျှောက်ထားသူ ဦးစိန်အေးက လျှောက်ထားခံရသူ ဦးစန်းအောင်နှင့် ဦးထွန်းကြိုင်တို့အပေါ် တရားစွဲဆိုသော တိုက်ရိုက်လျှောက်လွှာနှင့် စပ်လျဉ်း၍ ဦးစိန်အေးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးသည့်အဆင့်တွင် တရားလို ဦးစိန်အေးသည် ယခင်က ဦးချစ်စိန် ဆိုသူ အပေါ် အချင်းဖြစ်မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲဆိုခဲ့သော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ဂ၉/ဂ၂ တွင် ရုပ်သိမ်းခွင့်တောင်းပြီး ရုပ်သိမ်းလွှာတင်ခဲ့သည်ကို အကြောင်းပြုလျက် အချင်းဖြစ်မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ ထပ်မံတရားစွဲဆိုခွင့်မရှိဟု ဆိုကာ အမှုကို ပိတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပေသည်။ အဆိုပါအမှုတွင် လျှောက်ထားခံရသူ ဦးစန်းအောင်နှင့် ဦးထွန်းကြိုင်တို့သည် တရားခံများအဖြစ် ပါဝင်ကြောင်း မပေါ်ပေါက်ပေ။

တစ်ဦးတစ်ယောက်သောသူအား ပြစ်မှုတစ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်သည်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်သည်ဖြစ်စေ၊ ထိုသူအား ထိုပြစ်မှု

အဘွက် ထပ်မံတရားစွဲဆိုခွင့် မပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃ တွင် ပြဋ္ဌာန်းထားရာ၌ ယင်းအမှုဖြစ် အကြောင်းချင်းရာနှင့် စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အပေါ် တရားစွဲဆိုခွင့်မရှိဟု ပိတ်ပင်ထားခြင်း မရှိပေ။ ယခုအမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၀ အရ အစစ်ခံချက်နှင့် ဦးစိန်အေး၏ တိုက်ရိုက်လျှောက်လွှာ အပေါ် ကောက်ယူဆုံးဖြတ်ခြင်းမပြုဘဲ အခြားအမှု၌ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ အမှုဝင်ကြောင်း မူလတရားရုံးက ဆုံးဖြတ်ထားသောအမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသည့် တိုင်းတရားရုံး၏ အမိန့်တို့မှာ မှန်ကန်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ပြင်ဆင်မှုကိုခွင့်ပြုပြီး ဒေါပုံမြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်းတရားရုံးတို့၏အမိန့်များကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၄၃၆ အရ အမှုကို ပြန်လည်၍ ဥပဒေနှင့်အညီ စစ်ဆေးစီရင်ရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းတင်နှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၇၆ ဇန်နဝါရီလ ၂၀ ရက်

ဒေါ်တုတ်တုတ်ပါ (၂)

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

၂။ ဒေါ်ခင်အေးကြည်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က–ပြစ်မှုဆိုင်ရာအမှုကို ချေဖျက်ပေးရန် လျှောက်ထားခြင်း–လျှောက်ထားသည့် အမှုမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၉ပါ ပြဋ္ဌာန်းချက်အရ မူလရုံးတွင် စီရင်ပိုင်ခွင့်မရှိဟု မဆိုနိုင်သည့်ပြင်၊ ပြစ်မှုဆိုင်ရာ ဥပဒေအရ ကင်းလွတ်ချက်များနှင့် အကျုံးဝင်ကြောင်း သက်သေပြရန် တာဝန်သည် လျှောက်ထားသူတို့အပေါ် ကျရောက်သဖြင့် အမှုချေဖျက်ရန် အကြောင်း မပေါ်ပေါက်ခြင်း။

မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၈၁/၈၄ တွင် လျှောက်ထားသူ ဒေါ်တုတ်တုတ်နှင့် ဦးမြင့်ဆွေတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀/၃၄ အရ အရေးယူပေးရန် ဒေါ်ခင်အေးကြည်က တရားစွဲဆိုသည်။ ဒေါ်တုတ်တုတ်တို့နှစ်ဦးက သူတို့အပေါ် စွဲဆိုထားသည့်အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ပယ်ဖျက်ပေးရန် ဗဟိုတရားရုံးတွင် ဤအထွေထွေမှုကို တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။ဒေါ်တုတ်တုတ်တို့က စလင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သောအမှု ဖြစ်သည့်အတွက် မန္တလေးအရှေ့တောင် မြို့နယ်တရားရုံးတွင်

* ၁၉၈၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၅၁

† ၁၉၈၄ ခုနှစ်၊ မန္တလေးအရှေ့တောင် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်၇၈၁ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ အမှုကို ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၈၆
ဒေါ်တုတ်တုတ် ပါ (၂)နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ဒေါ်ခင်အေးကြူ

စီရင်ပိုင်ခွင့်မရှိကြောင်း၊ စွဲချက်များမှာလည်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၊ နဝမကင်းလွတ်ချက်တို့နှင့် အကျုံးဝင်နေကြောင်းတင်ပြ၍ အမှုကိုချေဖျက်ရန် လျှောက်ထားခြင်း ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံသို့ ဒေါ်တုတ်တုတ်တို့၏ တိုင်ကြားစာနှင့် ဒေါ်ရွှေနုက မန္တလေး ဆေးတက္ကသိုလ် ပါမောက္ခချုပ်ထံသို့ တိုင်ကြားစာပေးပို့ခဲ့ခြင်းကြောင့် ဦးမောင်မောင်နှင့် ဒေါ်ခင်အေးကြူတို့မှာ ဂုဏ်သရေကို ထိခိုက်စေခဲ့ကြောင်း စွပ်စွဲချက်များ ရှိသဖြင့် ဒေါ်တုတ်တုတ်တို့အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၇၉ ပါ ပြဋ္ဌာန်းချက်အရ မန္တလေး အရှေ့တောင်မြို့နယ် တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာမရှိဟူ၍ မဆိုနိုင်ပေ။ ထို့အပြင် ဖော်ပြပါ ကင်းလွတ်ချက်များနှင့် အကျုံးဝင်ကြောင်း သက်သေပြရမည့်တာဝန်သည် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၅ အရ လျှောက်ထားသူတို့အပေါ်ကျရောက်သဖြင့် ယင်းတင်ပြချက်ကို ယခုအဆင့်တွင် စဉ်းစားခြင်း မပြုနိုင်သည့်အလျောက်အမှုကိုချေဖျက်ရန် အကြောင်းမပေါ်ပေါက်ချေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | — | ဦးအုံးဖေ၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူအတွက် | — | ဦးခင်မောင်ဦး၊ ဥပဒေဝန်ထမ်း အဆင့် (၁) |
| | | ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးတင်နွယ် (ညွှန်ကြားရေးမှူး) |

မန္တလေးတိုင်း၊ မန္တလေးအရှေ့တောင်မြို့နယ် တရားရုံး၊ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၀၁/၈၄ တွင် လျှောက်ထားသူ ဒေါ်တုတ်တုတ်နှင့် ဦးမြင့်ဆွေတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၀/၃၄ အရ အရေးယူပေးရန် ဒေါ်ခင်အေးကြူက တရားစွဲဆိုသည်။ ဒေါ်တုတ်တုတ်တို့နှစ်ဦးက သူတို့အပေါ် စွဲဆိုထားသည့်အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ပယ်ဖျက်ပေးရန် ဗဟိုတရားရုံးတွင် ဤအထွေထွေအမှုကို တင်သွင်းသည်။

ဒေါ်ခင်အေးကြူက သူသည် ငယ်ရွယ်စဉ်အချိန်မှစ၍ ဆင်ဖြူကျွန်းမြို့၊ အနောက်ရပ်တွင် တဝမ်းကွဲအဒေါ်တော်သူ ဒေါ်ရွှေနုနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ဦးမောင်မောင်နှင့် အိမ်ထောင်ကျပြီးနောက် ဦးမောင်မောင်နှင့် အခြား မြို့နယ်များသို့ ပြောင်းရွှေ့ နေထိုင်သည့်အခါတွင်လည်း ဒေါ်ရွှေနုအား မိခင်အရင်းသဖွယ် ပြုစုခဲ့ကြောင်း၊ ဒေါ်ရွှေနု မျက်စေ့ မကောင်းသဖြင့် မန္တလေးမြို့သို့ခေါ်ယူကာ ခွဲစိတ်ကုသပေးခဲ့ကြောင်း၊ ထို့ကြောင့် ဒေါ်ရွှေနုသည် သူ့အား သမီးအရင်းကဲ့သို့ ချစ်ခင်သည့်

၁၉၀၆
ဒေါ်တုတ်တုတ် ပါ (၂)နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ဒေါ်ခင်အေးကြူ

အလျော်ကြေး စိန်လက်ကောက်တရံနှင့် စိန်နားကပ်တရံတို့ကို ပေးခဲ့ကြောင်း၊ ယင်းသို့ပေးသည်ကို ဒေါ်ရွှေနု၏တူမတစ်ဦးဖြစ်သူဒေါ်တုတ်တုတ်နှင့် ဒေါ်တုတ်တုတ်၏သားမက်ဖြစ်သူ ဦးမြင့်ဆွေတို့က မကျေနပ်သောကြောင့် သူနှင့်ခင်ပွန်း ဦးမောင်မောင်တို့အပေါ် စလင်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၅၄/၈၂ တွင် ဒေါ်ရွှေနု၏ပစ္စည်းများကို လိမ်လည်ရယူပြီး အလွဲသုံးစားပြုသည်၊ ခိုးယူသည်ဟု မဟုတ်မမှန် စွပ်စွဲ၍ ဒေါ်ရွှေနုအား တရားစွဲစေခဲ့ကြောင်း၊ တရားစွဲဆိုပြီးနောက် ဒေါ်ရွှေနုသည် အမှုကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ဒေါ်တုတ်တုတ်နှင့်ဦးမြင့်ဆွေတို့မှ ယင်းကဲ့သို့ ဆောင်ရွက်ခဲ့သဖြင့် သူနှင့်ဦးမောင်မောင်တို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ကြောင်း၊ ထို့အပြင် ဒေါ်တုတ်တုတ်သည် သူနှင့် ဦးမောင်မောင်တို့အပေါ် ဒေါ်ရွှေနု၏ ရွှေထည်ပစ္စည်းများကို ခိုးယူသည်၊ လိမ်လည်သည်၊ အလွဲသုံးစားပြုလုပ်သည်၊ မဘရာ ပြုလုပ်သည် စသည်ဖြင့် ဖော်ပြ၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ဋ္ဌေးထံသို့ လည်းကောင်း၊ ဒေါ်ရွှေနုသည်း ဦးမောင်မောင်တာဝန်ထမ်းဆောင်ရာဌာနသို့လည်းကောင်း တိုင်ကြားခဲ့သဖြင့် မန္တလေးဆေးတက္ကသိုလ်တွင် သရုပ်ပြဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးမောင်မောင်နှင့်သူ့အပေါ် မန္တလေးဆေးတက္ကသိုလ်လောကတွင် လည်းကောင်း၊ မန္တလေးမြို့ပေါ်တွင် လည်းကောင်း ဂုဏ်သိက္ခာကို ထိခိုက်စေခဲ့ကြောင်း ဖော်ပြ၍ ဒေါ်တုတ်တုတ်နှင့် ဦးမြင့်ဆွေတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၀/၃၄ အရ မြို့နယ် တရားရုံးတွင် စွဲဆိုသည်။

ဒေါ်တုတ်တုတ်တို့က စလင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော အမှုဖြစ်သည့်အတွက် မန္တလေးအရှေ့တောင်မြို့နယ် တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း၊ စွဲချက်များမှာလည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ တွင်ပါ ကင်းလွတ်ချက်၊ နဝမ ကင်းလွတ်ချက်တို့နှင့် အကျုံးဝင်နေကြောင်း တင်ပြ၍ အမှုကို ချေဖျက်ရန် လျှောက်ထားခြင်းဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံသို့ ဒေါ်တုတ်တုတ်တို့၏ တိုင်ကြားစာနှင့် ဒေါ်ရွှေနုက မန္တလေးဆေးတက္ကသိုလ်ပါမောက္ခချုပ်ထံသို့ တိုင်ကြားစာပေးပို့ခဲ့ခြင်းကြောင့် ဦးမောင်မောင်နှင့် ဒေါ်ခင်အေးကြူတို့မှာ ဂုဏ်သရေကို ထိခိုက်စေခဲ့ကြောင်း စွပ်စွဲချက်များရှိသဖြင့် ဒေါ်တုတ်တုတ်တို့အပေါ်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၉ ပါ ပြဋ္ဌာန်းချက်အရ မန္တလေး အရှေ့တောင်မြို့နယ် တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာမရှိဟူ၍ မဆိုနိုင်ပေ။ ထို့အပြင် ဖော်ပြပါကင်းလွတ်ချက်များနှင့် အကျုံးဝင်ကြောင်း သက်သေပြရမည့် တာဝန်သည် သက်သေခံ အက်ဥပဒေ

ပုဒ်မ ၁၀၅ အရ လျှောက်ထားသူတို့အပေါ် ကျရောက်သဖြင့် ယင်း တင်ပြချက်ကို ယခုအဆင့်တွင် စဉ်းစားခြင်း မပြုနိုင်သည့်အလျောက် အမှုကို ချေဖျက်ရန် အကြောင်း မပေါ်ပေါက်ချေ။

သို့ဖြစ်၍ ဤအထွေထွေလျှောက်လွှာကို ပယ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## ဥက္ကဋ္ဌ အဖြစ် ဦးအေးစန်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဦးထွန်းတင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၈၆ ဇန်နဝါရီလ ၁၇ ရက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးကောဘသောင်း *

**အချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်ရန်ကိစ္စ–တရားခံတစ်ဦးအား သီးခြားပြစ်မှုများဖြင့် ထောင်ဒဏ်များ ချမှတ်သည့်အခါ အချုပ်ကာလကို တစ်ကြိမ်ထက်ပို၍ ခွင့်ပြုရန်သင့်မသင့်။**

**ဆုံးဖြတ်ချက်။** ။မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၀/၈၀ တွင် ချမှတ်သော ထောင်ဒဏ် (၂) နှစ်နှင့် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆၄/၈၀ တွင် ချမှတ်သော ထောင်ဒဏ် (၃)နှစ်မှ ဦးကောဘသောင်း စတင်အချုပ်ခံရသည့် ၅–၂–၈၀ ရက်နေ့မှ အမိန့်ချမှတ်သော ၁၃–၆–၈၄ ရက်နေ့အထိ ချုပ်ရက်များကို ထုတ်နုတ်ရန် အမိန့်ချမှတ်ထားကြောင်း တွေ့ရသည်။

ယခင် နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၇ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာ အမှတ် ၈ အပိုဒ်ခွဲ (ခ) တွင် "ပြစ်ဒဏ်အသီးသီးကို တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်ဖြစ်စေ၊ ပြစ်ဒဏ် သီးခြားကို ဆက်၍ကျခံစေရန် အမိန့်ချမှတ်သည့်ဖြစ်စေ၊ ကျခံရမည့်အပြစ်ဒဏ်မှ တစ်ကြိမ်တခါသာ အချုပ်ကာလကို ထုတ်နုတ်ရပါမည်။ အယူခံဝင်၍ ပြစ်ဒဏ်အချို့ကို ပယ်ဖျက်ပေးလျှင်လည်း ကျခံသောပြစ်ဒဏ်မှ အချုပ်ကာလကို ထုတ်နုတ်ရန်ဖြစ်ပါသည်"ဟူ၍လည်း လမ်းညွှန်ထားသည်။

---

* ၁၉၈၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၈(က) ၁၉(က) နှင့် ၂၀(က)

† ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၀၊ ၁၃၁ နှင့် ၁၆၄ တို့တွင် ချမှတ်သော (၁၃–၆–၈၄)နေ့စွဲပါ အလုံမြို့နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးကောဘသောင်း

သို့ဖြစ်ရာ မြို့နယ်တရားရုံးသည် အထက်ဖော်ပြပါ အမှု(၂)မှု တွင် ချမှတ်သော ထောင်ဒဏ်များမှ ချုပ်ရက်များကို (၂)ကြိမ် ထုတ်နုတ်ခြင်းသည် အထက်ဖော်ပြပါ ညွှန်ကြားချက်နှင့် မညီညွတ် ကြောင်း တွေ့ရသည်။

လျှောက်ထားသူအတွက် — ဦးခင်မောင်ဦး၊ ဥပဒေဝန်ထမ်း အဆင့်(၁)
လျှောက်ထားခံရသူအတွက် — ၁။ ဗဟိုတရားရုံးရှေ့နေ ဦးမောင်မောင်ကြီး
၂။ ဗဟိုတရားရုံးရှေ့နေ ဦးထွန်းလင်း
တရားရေးအကြံပေး — ဦးစိုးမြင့်

အလုံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၀/၈၀ တွင် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအုံးကျော်က လျှောက်ထားခံရသူ ဦးကောဘသောင်းအပေါ် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်မှု (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ တရားစွဲဆိုရာ၊ မြို့နယ်တရားရုံးက ဦးကောဘသောင်းသည် ပြည်သူ့ ပုလဲနှင့်ငါးလုပ်ငန်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၇၆ ခုနှစ်၊ မတ်လအတွင်း၌ ဂျပန်နိုင်ငံမှ အပြန်ခရီးတွင် မြန်မာငွေကျပ် ၇၀၀၀/- တန်ဖိုးရှိသော ဇင်(၂)လုံးကို သက်ဆိုင်ရာသို့ ထုတ်ဖော်ကြေငြာခြင်းမပြုဘဲ တင်သွင်းလာကြောင်း တွေ့ ရသည်ဟု ကောက်ယူဆုံးဖြတ်ကာ ဦးကောဘသောင်း အပေါ် သွင်းကုန် ထုတ်ကုန် ကြီးကြပ်မှု (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရ ပြစ်မှု ထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ် ကျခံစေရန်နှင့် ဒဏ်ငွေ ကျပ် ၂၀၀၀/-ပေးဆောင်စေရန်၊ ဒဏ်ငွေ မဆောင်က နောက်ထပ် ထောင်(၄)လ ကျခံစေရန် ထောင်ဒဏ်မှ ချုပ်ရက်များ ထုတ်နုတ်ရန် အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၁/၈၀ တွင်လည်း ဦးအုံးကျော်က ဦးကောဘသောင်းအပေါ် နိုင်ငံခြားငွေ လဲလှယ်မှုစည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၁(၁)/၂၄(၁) အရ တရားစွဲဆိုရာ မြို့နယ်တရားရုံးက ဦးကောဘသောင်းသည် ပြည်သူ့ ပုလဲနှင့်ငါးလုပ်ငန်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်ဟောင်ကောင်မြို့ရှိ အိုဗာဆီးထရပ်စ်ဘဏ်တွင် ငွေစာရင်းအမှတ် (၆၀၆၁) ဖွင့်လှစ်၍ နိုင်ငံခြားငွေများ စုဆောင်းထား

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးကောဘသောင်း

ကြောင်း တွေ့ရှိရသည်ဟု ကောက်ယူဆုံးဖြတ်ကာ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၁၁(၁)/၂၄(၁) အရ ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၁)နှစ် ကျခံစေရန်နှင့် ဒဏ်ငွေ ကျပ် ၁၀၀၀/- ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က နောက်ထပ် ထောင်ဒဏ်(၄)လ ကျခံစေရန် ထောင်ဒဏ်ကို အဆိုပါ တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၁/၈၀ တွင် ချမှတ်ထားသော ထောင်ဒဏ်နှင့် တပေါင်းတည်းခံကျစေရန် အမိန့်ချမှတ်ခဲ့သည်။

တဖန် အဆိုပါ မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆၄/၈၀ တွင် ဦးအုံးကျော်က ဦးကောဘသောင်းအပေါ် ၁၉၄၀ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေပုဒ်မ ၄(၁)/(ဂ)/၄(၂) အရ တရားစွဲဆိုရာ ဦးကောဘသောင်းသည် ပြည်သူ့ပုလဲနှင့်ငါးလုပ်ငန်း ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၉၇၆ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်အတွင်း ဟောင်ကောင်သို့ရောက်ရှိခိုက် မိမိရာထူးဆိုင်ရာလုပ်ငန်းနှင့် ဆက်နွယ်နေသော ယူနိုက်တက်ဆင်ဒီကိတ်ကုမ္ပဏီမှပေးသော စိန်(၂)လုံးကို လည်းကောင်း၊ ယင်းကုမ္ပဏီပိုင်ရှင်ထံမှ ဟောင်ကောင် ဒေါ်လာ ၁၀၀၀၀/-ကို လည်းကောင်း လာဘ်သာဘများအဖြစ် ရယူခဲ့ကြောင်း ကောက်ယူဆုံးဖြတ်၍ ၁၉၄၀ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄(၁)(ဂ)/၄(၂) အရ ပြစ်မှုထင်ရှားစီရင်ကာ ထောင်ဒဏ်(၃)နှစ် ကျခံစေရန် ထောင်ဒဏ်မှ ချုပ်ရက်များကို ထုတ်နုတ်ရန်နှင့် ယင်းထောင်ဒဏ်ကို အဆိုပါတရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၀/၈၀ နှင့် ၁၃၁/၈၀ တို့တွင် ချမှတ်ထားသော ထောင်ဒဏ်များနှင့် တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အထက်ဖော်ပြပါ အမှု(၃)မှုတွင် အပြစ်ဒဏ်များကို ချမှတ်ရာ၌ နိုင်ငံတော်ကောင်စီ၏ လွတ်ငြိမ်းချမ်းသာခွင့် အမှတ် ၂/၈၀ ပါအကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားလျက် သတ်မှတ်ခြင်း ဖြစ်ကြောင်း မြို့နယ်တရားရုံး၏ ၁၃-၆-၈၄ ရက်နေ့စွဲပါ စီရင်ချက်များ၌ ဖော်ပြထားသည်။

အဆိုပါအမှုများတွင် မြို့နယ်တရားရုံး၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ညီညွတ်မှု ရှိမရှိ ပြန်လည်စိစစ်နိုင်ရန်အတွက် ဗဟိုတရားရုံးက ၁၉၈၅ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၈(က)၊ ၁၉(က)နှင့် ၂၀(က) တို့ကို ဖွင့်လှစ်ခဲ့သည်။ ဤပြင်ဆင်မှုများတွင် အဆုံးအဖြတ်

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးကေဘသောင်း

ပေးရန် ပြဿနာများမှာ တူညီသည်ဖြစ်၍ ၎င်းစီရင်ချက်သည် ယင်း ပြင်ဆင်မှု (၃) မှုစလုံးနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားခံရသူ၏ ဗဟိုတရားရုံးရှေ့နေ ဦးမောင်မောင်ကြီးက လျှောက်ထားခံရသူ ဦးကေဘသောင်း အပေါ် မြို့နယ် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းကို ဦးကေဘသောင်းက တိုင်းတရားရုံးတွင် အယူခံဝင်ရောက်ခဲ့ခြင်း မရှိကြောင်း၊ ၎င်းပြင်ဆင်မှု များတွင်လည်း ယင်းကိစ္စများနှင့် စပ်လျဉ်း၍ တင်ပြရန်မရှိကြောင်းနှင့် မူလရုံးက သတ်မှတ်ထားသည့် ပြစ်ဒဏ်များကို အတည်ပြုပေးသင့် ကြောင်း တင်ပြလျှောက်ထားသည်။ အမှုတွဲများရှိ သက်သေခံချက်များ ကို လေ့လာတွေ့ရှိချက်အရလည်း မြို့နယ်တရားရုံးက အမှုများတွင် ဦးကေဘသောင်းအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းခြင်း မရှိ၍ ဗဟိုတရားရုံးအနေဖြင့် စွက်ဖက်ရန် အကြောင်းတစုံတရာ မရှိ ကြောင်း တွေ့ရသည်။

မြို့နယ်တရားရုံးသည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၃၀/၈၀တွင် ချမှတ်သော ထောင်ဒဏ် (၂) နှစ်နှင့် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၆၄/၈၀ တွင် ချမှတ်သော ထောင်ဒဏ် (၃) နှစ်မှ ဦးကေဘသောင်း စတင် အချုပ်ခံရသည့် ၅–၂–၈၀ ရက်နေ့မှ အမိန့်ချမှတ်သော ၁၃–၆–၈၄ ရက်နေ့အထိ ချုပ်ရက်များကို ထုတ်နုတ်ရန် အမိန့် ချမှတ်ထားကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၃၁/၈၀ ၏ စီရင်ချက်တွင်မူကား ထိုအမှု၌ချမှတ်သော ထောင်ဒဏ် (၁) နှစ်မှ ချုပ်ရက်ကို ထုတ်နုတ်ရန် ဖော်ပြထားခြင်းမရှိပေ။

ယခင် နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၇ ခုနှစ်၊ တရားရုံးများ ညွှန်ကြားလွှာအမှတ် ၈ အပိုဒ်ခွဲ (ခ) တွင် "ပြစ်ဒဏ် အသီးသီးကို တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်ဖြစ်စေ၊ ပြစ်ဒဏ်သီးခြား ကို ဆက်၍ကျခံစေရန် အမိန့်ချမှတ်သည်ဖြစ်စေ၊ ကျခံရမည့်အပြစ်ဒဏ်မှ တကြိမ်တခါသာ အချုပ်ကာလကို ထုတ်နုတ်ရပါမည်။ အယူခံဝင်၍ ပြစ်ဒဏ်အချို့ကို ပယ်ဖျက်ပေးလျှင်လည်း ကျခံသောပြစ်ဒဏ်မှ အချုပ် ကာလကို ထုတ်နုတ်ရန်ဖြစ်ပါသည်" ဟူ၍ လမ်းညွှန်ထားသည်။

သို့ဖြစ်ရာ မြို့နယ်တရားရုံးသည် အထက်ဖော်ပြပါအမှု (၂) မှုတွင် ချမှတ်သော ထောင်ဒဏ်များမှချုပ်ရက်များကို (၂) ကြိမ်ထုတ်နုတ်ခြင်း သည် အထက်ဖော်ပြပါ ညွှန်ကြားချက်နှင့် မညီညွတ်ကြောင်း တွေ့ရ သည်၊ အမှုတွဲရှိ မှတ်တမ်းများအရ ဦးကေဘသောင်းသည် ၅–၂–၈၀

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးကောသောင်း

နေ့မှ တရားရုံးက အမိန့်ချမှတ်သည်အထိ အချုပ်ခံခဲ့ရသည့် ဖြစ်ရာ အချုပ်ကာလမှာ ၅-၂-၈၀ နေ့မှ ၁၂-၆-၈၄ နေ့အထိ ဖြစ်သည်။ ချုပ်ရက်မှာ (၄) နှစ်ကျော်သည်က တကြောင်း၊ ထောင်ဒဏ်များကို တပေါင်းတည်း ကျခံစေသည်က တကြောင်းတို့ကြောင့် ထောင်ဒဏ် (၃) နှစ်မှ ချုပ်ရက်ကို ထုတ်နုတ်စေပါက ပိုမိုလျော်ကန်မျှတမည်ဟု ယူဆသည်။

သို့ကြောင့် လျှောက်ထားခံရသူ ဦးကောသောင်းအပေါ် အလုံမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၀/၈၀၊ ၁၃၁/၈၀ နှင့် ၁၆၄/၈၀ တို့တွင် ဆိုင်ရာ ဥပဒေများအရ ပြစ်မှုသင့်ရှား စီရင်ခြင်းနှင့် ထောင်ဒဏ်များ သတ်မှတ်ခြင်း၊ ဒဏ်ငွေများ တပ်ရိုက်ခြင်းနှင့် ထောင်ဒဏ်များကို တပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခြင်းတို့ကို အတည်ပြုလိုက်သည်။ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၄/၈၀ တွင် ချမှတ်သော ထောင်ဒဏ်မှ ချုပ်ရက်ကို ထုတ်နုတ်သည့် အမိန့်ကို အတည်ပြုပြီး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၃၀/၈၀ တွင် ချမှတ်သော ထောင်ဒဏ်မှ ချုပ်ရက်ထုတ်နုတ်သည့် အမိန့်ကိုမူ ပယ်ဖျက်လိုက်သည်။ ဤအမိန့်နှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ ဆောင်ရွက်ရန်ရှိသည်များကို အလုံမြို့နယ် တရားရုံးက ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များအဖြစ်**
**ဦးတွမ်မှုန်းနှင့် ဦးထွန်းတင်တို့ ပါဝင်သော**
**ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ကိုခင်မောင်*

† ၁၉၇၆
ဖေဖော်ဝါရီလ
၁၉–ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁–က) – ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ် ထိုက်သော ပြစ်မှုဖြစ်သဖြင့်၊ ယင်းအမှုတွင် ဆိုဆုံးမ၍ လွှတ်သည့် အမိန့်သည် ဥပဒေအရ မှားယွင်းခြင်း။**

ဗဟိုဥပဒေရုံးက ဤအမှုနှင့်ပတ်သက်၍ တင်ပြရာတွင် လျှောက်ထားခံရသူ ကိုခင်မောင် ကျူးလွန်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ မှုပြစ်သည် ထောင်ဒဏ် (၃) နှစ်အထိ ထိုက်သင့်စေနိုင်သော ပြစ်မှုဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁–က) အရ ကိုခင်မောင်အား ဆိုဆုံးမ၍လွှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁–က) တွင် "ပြစ်မှုဆိုင်ရာဥပဒေအရ –၂ နှစ်ထက်မပိုသည့် ထောင်ဒဏ် စီရင်ထိုက်သည့် မှုပြစ် တခုခုနှင့် စီရင်ရာတွင်၊ ၎င်းသူ အပေါ်၌ အထက်က မှုပြစ်စီရင်ဘူးကြောင်း မထင်ရှားက ၎င်းစီရင်သည့်ရုံးမှ သင့်သည်ထင်မြင်လျှင် ကျူးလွန်သူ၏အသက်၊ ယခင်က အကျင့်စာရိတ္တ ကောင်းကြောင်း၊ ကိုယ်ကာယအခြေအနေ စသည့်အချက်အလက်များ နှင့်ပတ်သက်၍ ထောက်ထားသင့်သည့် အခြား အကြောင်း များကို ထောက်ပြီး ၎င်းအား အပြစ်ပေးမည့်အစား စည်းကမ်းတကျ ဆုံးမ၍

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၉၅ (ခ)

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၇ တွင် ချမှတ်သော (၂၆–၃–၇၅) နေ့စွဲပါ ကျောက်ပန်းတောင်းမြို့နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ကိုခင်အောင်

လွှတ်နိုင်သည်''ဟု ပြဋ္ဌာန်းထားသည်။ ယခုပြစ်မှုနှင့်စပ်လျဉ်း၍ သုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ်အမျိုးမျိုးဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုဖြစ်ပေသည်။ ထို့ကြောင့် မူလတရားရုံးက လျှောက်ထားခံရသူ ကိုခင်အောင်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁–က) အရ ဆိုဆုံးမလွှတ်သည့်အမိန့်သည် ဥပဒေအရ မှားယွင်းကြောင်း တွေ့ရသဖြင့် မူလတရားရုံးအမိန့်ကို ဤရုံးအနေနှင့် ပြင်ဆင်ပေးရန်ရှိသည်။

လျှောက်ထားသူအတွက် – ဦးခင်မောင်ဦး
ဥပဒေဝန်ထမ်း အဆင့် (၁)
လျှောက်ထားခံရသူအတွက်–
တရားရေးအကြံပေး – ဦးအောင်ကြည်

ကျောက်ပန်းတောင်းမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၇/၈၅ တွင် လျှောက်ထားခံရသူ ကိုခင်အောင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုကျူးလွန်သဖြင့် ဆိုဆုံးမ၍ လွှတ်သည်ဟု အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဗဟိုဥပဒေရုံးက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ကျောက်ပန်းတောင်းမြို့နယ်၊ ကျီးကိုင်းကျေးရွာနေ ဦးရန်ပခုတ်ထားသော ရှားပင်ကို လျှောက်ထားခံရသူ ကိုခင်အောင်က ၃–၁၂–၈၄ နေ့ နံနက် ၈း၀၀ နာရီအချိန်ခန့်တွင် သူ၏ လှည်းပေါ်သို့ တင်နေသည်ကို ဦးရန်ပက တွေ့သဖြင့် မတင်ရန် တားမြစ်ရာမှ ကိုခင်အောင်က "ခင်ဗျားအပင် မဟုတ်ဘူး" ဟု ပြောဆိုပြီး လက်ထဲတွင် ပါလာသော ဓားမနှင့် ခုတ်ခဲ့သောကြောင့် ဦးရန်ပ၏ လည်ပင်းတွင် ဒဏ်ရာရရှိကြောင်း ဦးရန်ပက လက်ပန်ဈေး ရဲစခန်းတွင် တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက ဤအမှုနှင့် ပတ်သက်၍ တင်ပြရာတွင် လျှောက်ထားခံရသူ ကိုခင်အောင် ကျူးလွန်သော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ပြစ်မှုသည် ထောင်ဒဏ် (၃) နှစ်အထိ ထိုက်သင့်စေနိုင်သော ပြစ်မှုဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ (၁–က) အရ ကိုခင်အောင်အား ဆိုဆုံးမ၍ လွှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်။

မူလ အမှုတွဲအား လေ့လာရာတွင် ရှားတိုးကိစ္စနှင့် စပ်လျဉ်း၍ သူ့ပစ္စည်း ကိုယ့်ပစ္စည်း အငြင်းပွားပြီးနောက် အချင်းများကြရာတွင်

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ကိုခင်အောင်

လျှောက်ထားခံရသူ ကိုခင်အောင်က ဓားမလက်ဖြင့် ခုတ်၍ ဦးရန်ပ၏ လည်ပင်းတွင် သာမန်ဓားဒဏ်ရာ (၁) ချက် ရရှိကြောင်း ပေါ်ပေါက်သကဲ့သို့ ဦးရန်ပက ကိုခင်အောင်ကို ဓားဖြင့်ပင် ခုတ်သဖြင့် ကိုခင်အောင်၏ ခေါင်းတွင် ဓားဒဏ်ရာ (၁) ချက်ရရှိကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် ဦးရန်ပနှင့် ကိုခင်အောင်တို့ နှစ်ဦးသား ခေါင်းရှုံ့တွင် အတွင်းလူနာအဖြစ် တက်ရောက် ကုသကြရကြောင်း သက်သေခံအထောက်အထားများအရ ပေါ်လွင်နေသည်။ လျှောက်ထားခံရသူမှ သူ့အပေါ် ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် စပ်လျဉ်း၍ ပြင်ဆင်မှု တက်ရောက်ခြင်း မရှိခဲ့ပေ။ ဤပြင်ဆင်မှုနှင့် ပတ်သက်၍ မူလတရားရုံးက လျှောက်ထားခံရသူအပေါ် ပြစ်ဒဏ်ချမှတ်ထားချက်သည်ဥပဒေကြောင်းအရ မှန်ကန်မှု ရှိမရှိကိုသာ သုံးသပ်ရန် ရှိသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) တွင် "ပြစ်မှုဆိုင်ရာ ဥပဒေအရ ၂ နှစ်ထက် မပိုသည့် ထောင်ဒဏ်စီရင်ထိုက်သည့် မှုပြစ်တခုခုနှင့် စီရင်ရာတွင်၊ ၎င်းလူအပေါ်၌ အထက်က မှုပြစ်စီရင်ဖူးကြောင်း မထင်ရှားက ၎င်းစီရင်သည့်ရုံးမှ သင့်သည် ထင်မြင်လျှင် ကျူးလွန်သူ၏ အသက်၊ ယခင်က အကျင့်စာရိတ္တ ကောင်းကြောင်း၊ ကိုယ်ကာယ အခြေအနေ စသည့် အချက်အလက်များနှင့် ပတ်သက်၍ ထောက်ထားသင့်သည့် အခြားအကြောင်းများကို ထောက်ပြီး ၎င်းအား အပြစ်ပေးမည့်အစား စည်းကမ်းတကျ ဆုံးမ၍ လွှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ ယခု ပြစ်မှုနှင့် စပ်လျဉ်း၍ သုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ သည် သုံးနှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ဒဏ်ငွေဖြစ်စေ ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှု ဖြစ်ပေသည်။ ထို့ကြောင့် မူလတရားရုံးက လျှောက်ထားခံရသူ ကိုခင်အောင်အပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က)-အရ ဆိုဆုံးမလွှတ်သည့် အမိန့်သည် ဥပဒေအရ မှားယွင်းကြောင်း တွေ့ရသဖြင့် မူလတရားရုံးအမိန့်ကို ဤရုံးအနေနှင့် ပြင်ဆင်ပေးရန်ရှိသည်။

အထက်ပါအကြောင်းကြောင့် ဤပြင်ဆင်မှုကို လက်ခံပြီးနောက် မြို့နယ်တရားရုံးက လျှောက်ထားခံရသူ ကိုခင်အောင်အပေါ် ဆိုဆုံးမ၍ လွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ယင်းအမိန့်အစား ကိုခင်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၄ အရ ဒဏ်ငွေကျပ် ၂၀၀/ ထမ်းဆောင်စေ၊ ဒဏ်ငွေ မဆောင်က အလုပ်နှင့်ထောင် (၃) လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့်
ဦးအေးစန် တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၆ ဖေဖော်ဝါရီလ ၂၀-ရက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

အုန်းမြင့်သိန်းပါ-၁၇-ဦး*
ဒေါ်သောင်းစိန်ပါ-၃၄-ဦး
စိန်ကုလားပါ-၄-ဦး

၁၉၆၃ ခုနှစ်၊ သီးစားချထားရေး ဥပဒေပုဒ်မ ၁၂-အယူခံ တရားခံများက စပါး သို့မဟုတ် ဂုန်လျှော် စိုက်ပျိုးရန် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းသည်၊ ၁၉၆၃

---

* ၁၉၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၁၉၊ ၁၂၅၊ ၁၂၆၊ ၁၃၀၊ ၁၃၅၊ ၁၃၆၊ ၁၄၂၊ ၁၄၃၊ ၁၄၄၊ ၁၄၆၊ ၁၅၄၊ ၁၅၉၊ ၁၆၁၊ ၁၆၃၊ ၁၆၆၊ ၁၇၁၊ ၁၈၄၊ ၁၂၁၊ ၁၂၃၊ ၁၂၄၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄၊ ၁၃၇၊ ၁၄၀၊ ၁၄၁၊ ၁၄၅၊ ၁၅၂၊ ၁၅၅၊ ၁၅၆၊ ၁၅၈၊ ၁၆၀၊ ၁၆၂၊ ၁၆၄၊ ၁၆၅၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၆၊ ၁၇၉၊ ၁၈၀၊ ၁၈၁၊ ၁၈၂၊ ၁၈၃၊ ၁၈၅၊ ၁၈၆၊ ၁၂၀၊ ၁၃၉၊ ၁၅၇နှင့်၁၇၇၊

† ၁၉၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၅၀၊ ၅၅၁၊ ၅၅၅၊ ၅၇၁၊ ၅၇၂၊ ၅၉၀၊ ၅၉၁၊ ၅၉၂၊ ၅၉၄၊ ၅၄၂၊ ၅၈၀၊ ၅၈၅၊ ၅၈၇၊ ၅၅၆၊ ၅၇၀၊ ၅၇၃၊ ၅၄၀၊ ၅၄၃၊ ၅၄၅၊ ၅၅၂၊ ၅၅၃၊ ၅၅၄၊ ၅၆၄၊ ၅၆၅၊ ၅၆၆၊ ၅၆၉၊ ၅၇၄၊ ၅၈၄၊ ၅၈၉၊ ၅၉၃၊ ၅၇၇၊ ၅၄၄၊ ၅၄၉၊ ၅၇၉၊ ၅၈၃၊ ၅၈၆၊ ၅၄၆၊ ၅၄၇၊ ၅၅၉၊ ၅၆၀၊ ၅၆၇၊ ၅၈၈၊ ၅၅၈၊ ၅၄၈၊ ၅၆၁၊ ၅၆၂၊ ၅၆၃၊ ၅၆၈၊ ၅၇၅၊ ၅၈၁၊ ၅၃၉၊ ၅၈၂၊ ၅၅၇ နှင့် ၈၀၉ တို့တွင် ချမှတ်သော (၂၉-၃-၈၄) နေ့စွဲပါ ဧရာဝတီတိုင်း၊ ရေကြည် မြို့နယ် **တရားရုံး၏အမိန့်ကို အယူခံမှု၊**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် အုန်းမြင့်သိန်း ပါ (၁၇)ဦး ဒေါ်သောင်းစိန် ပါ (၃၄)ဦး စိန်ကုလား ပါ (၄)ဦး

ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ရာ မရောက်ပဲ၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၄၀ အရ ပြစ်ဒဏ်ထိုက်ခြင်း— အယူခံမှုတွင် ဥပဒေပုဒ်မတစ်ခုမှ အခြားဥပဒေပုဒ်မတစ်ခုခုသို့ ပြောင်း၍ အပြစ်ပေးရာ၌ တရားခံများသည် အပြစ်ပေးမည့် ပြစ်မှုကို သတိထားမိခြင်း ရှိမရှိနှင့် ၎င်းတို့အပေါ် နစ်နာရန် အကြောင်းရှိမရှိ သတိချပ်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၆၆ (စ) တွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် "လယ်ယာမြေတွင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း" များကို လုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြပြီး အဆိုပါ လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲဇယား အမှတ်စဉ် ၁၄၆ အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၀/၄၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းဥပဒေပုဒ်မ ၁၁၃ (ဇ) တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာမြေများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကို ဖောက်ဖျက်သူအား ဥပဒေအရ အရေးယူနိုင်ကြောင်း ဖော်ပြ၍ အဆိုပါ လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲဇယား အမှတ်စဉ် ၃၃၁ တွင် ဖော်ပြချက်အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လုပ်ဆောင်ရန်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် အယူခံ တရားခံများသည် အချင်းဖြစ် လယ်ယာမြေများ၌ ငှက်ပျောပင်နှင့် ပီလောပီနံပင်များကို လွန်ခဲ့သည့်နှစ်ပေါင်း (၃၀) ကျော်က စိုက်ပျိုးလာခဲ့ကြောင်း အမှုတွင် အငြင်းမပွားပေ။ ၄-၅-၈၂ ရက်နေ့က တိုက်ခတ်သော လေမုန်တိုင်း ဒဏ်ကြောင့် ငှက်ပျောပင်များ ပျက်စီးသွားခဲ့သည်ဆိုသည့် အချက်မှာ လည်း အငြင်းမထွက်ချေ။ ထို့ကြောင့် ကျုံ့ပျော်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ငှက်ပျောပင်များကို ထပ်မံစိုက်ပျိုးခြင်းမပြုပဲ စီမံကိန်းဝင်သီးနှံပင်များကို ပြောင်းလဲ၍ စိုက်ပျိုးရန်နှင့် စပါးမစိုက်ပျိုး နိုင်သော မြေကွက်များ၌ ဂုန်လျှော်ပင်များဖြင့် အစားထိုးစိုက်ပျိုးရန် ညွှန်ကြားခဲ့သည်။ အယူခံတရားခံများက ယင်းညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နှင့် အုန်းမြင့်သိန်း ပါ (၁၇)ဦး ဒေါ်သောင်းစိန် ပါ (၃၄)ဦး စိန်ကုလား ပါ (၄)ဦး

ထို့ကြောင့် အယူခံတရားခံများက စပါး သို့မဟုတ် ဂုံလျှော် စိုက်ပျိုးရန် ပျက်ကွက်ခြင်းသည် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ရာရောက်၍ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၈ အရ ထုတ်ဆင့်သည့် ညွှန်ကြား ချက်ကို လိုက်နာရန်ပျက်ကွက်သည်ဖြစ်၍ ယင်း ဥပဒေပုဒ်မ ၃၁ အရ ပြစ်ဒဏ်ထိုက်ပေသည်။

အထူး ဥပဒေဘစ်ရပ်ဖြင့် စွဲဆိုထားသောအမှုကို တရားစွဲဆိုရန် ကြိုတင်အမိန့်မလိုသော အခြား အထူး ဥပဒေဘစ်ရပ်သို့ ပြောင်းလဲ အပြစ်ပေးနိုင်ကြောင်း ကာဆင်ပါ ၁၁ ဦးနှင့် နိုင်ငံတော်အမှု၁ တွင် လမ်းညွှန်မှုပြုထားသည်။ အယူခံမှုတွင် ဥပဒေပုဒ်မတစ်ခုမှ အခြားဥပဒေ ပုဒ်မတစ်ခုသို့ ပြောင်း၍အပြစ်ပေးရာ၌ တရားခံများသည် အယူခံရုံးက အပြစ်ပေးမည့်ပြစ်မှုကို သတိထားမိခြင်း ရှိမရှိ၊ တရားခံများအပေါ် စွဲချက်မတင်သော်လည်း တရားခံများအား နစ်နာရန် အကြောင်း ရှိမရှိ ကို သတိချပ်ရမည်။

အယူခံတရားလိုအတွက်—ဦးစိန်လှ၊ ဥပဒေဝန်ထမ်း အဆင့် (၁)
အယူခံတရားခံ (၁) မှ (၁၇) အတွက်—ဒေါ်ခင်စောဝင်း၊
ဗဟို တရားရုံးရှေ့နေ
အယူခံတရားခံ (၁၈) မှ (၅၁) အတွက်—ဦးမောင်မောင်၊
ဗဟိုတရားရုံးရှေ့နေ
အယူခံတရားခံ (၅၂) မှ (၅၅) အတွက် —ကိုယ်တိုင်
တရားဒရေးအကြံပေး—ဦးသိန်းအောင်

ဒေါ်ဝတီဘိုင်း၊ ရေကြည်မြို့နယ် တရားရုံးက အထက်ဖော်ပြပါ ပြစ်မှု ဆိုင်ရာအမှုကြီးများတွင် အယူခံတရားခံများဖြစ်ကြသော အုန်းမြင့်သိန်း နှင့် ၅၄ ဦးတို့အပေါ် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ အရ အခရေးယူစစ်ဆေးပြီး အမှုမှအပြီးအပြတ် လွှတ်ခဲ့သည်။ ယင်း အမိန့်များကို ဗဟိုဥပဒေရုံးက မကျေနပ်သဖြင့် အယူခံသောအမှုများ ဖြစ်သည်။

ကျုံ့ပျော်မြို့နယ် တောချောင်း ကျေးရွာအုပ်စုနေ အယူခံတရားခံ များသည် လယ်ယာမြေများပေါ်တွင် ငှက်ပျောပင်နှင့် ဗီလာဗီန်ာင် များကို စိုက်ပျိုးလုပ်ကိုင်လာခဲ့ရာ ၄–၅–၈၂ ရက်နေ့တွင် ကျရောက် သော လေမုန်တိုင်းဒဏ်ကြောင့် ယင်းမြေအသီးသီးပေါ်ရှိ ငှက်ပျော

၁။ ၁၉၇၁ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး (အထူးရာဇဝတ်ရုံးအယူခံ အဖွဲ့ ၁)

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
နှင့်
အုန်းမြင့်သိန်း ပါ (၁၇)ဦး
ဒေါ်သောင်းစိန် ပါ (၃၄)ဦး
စိန်ကုလား ပါ (၄)ဦး

ပဲများ ပျက်စီးသွားသောအခါ ကျုံ့ပျော်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ၈—၅—၈၂ ရက်စွဲဖြင့် တောင်သူများသည် ၄င်းမြေပေါ်ပင်များကို ဆက်လက်မစိုက်ပျိုးပဲ စပါးသီးနှံဖြင့် အစားထိုး စိုက်ပျိုးစေရန် တောချောင်းကျေးရွာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ ညွှန်ကြားခဲ့သည်။ ထို့နောက် ၁၃-၅-၈၂ ရက်စွဲပါ အခကြောင်းကြားစာဖြင့် လောလောဆယ် ဒီဇယ်ဆီများ အခက်အခဲကြောင့် စိုက်ဧက ကျဆင်းသွားသည်ကို စိုက်သီးနှံအား ဖြည့်ပေးသည့် အနေဖြင့် စပါး မစိုက်ပျိုးနိုင်ပါက မိုးစိုက်ဂုန်လျှော် စိုက်ပျိုးရန် ထပ်လောင်း ညွှန်ကြားခဲ့သည်။ ကျေးရွာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အယူခံတရားခံများအား ယင်းညွှန်ကြားချက်ကိုလိုက်နာရန် အကြိမ်ပေါင်း မြောက်မြားစွာ ပညာပေးဆွေးနွေးပြီး ၂၀-၈-၈၂ ရက်နေ့ နောက်ဆုံးသတ်မှတ်လျက် အသိပေးညွှန်ကြားခဲ့သည်။သို့သော် အယူခံတရားခံတို့သည် လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ၁၃—၉—၈၂ ရက်စွဲဖြင့် တောချောင်း ကျေးရွာ အုပ်စု ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိုးက ကျုံ့ပျော်မြို့နယ် တရားရုံး၌ တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသော အမှုများ ဖြစ်သည်။ အယူခံတရားခံများ၏ လျှောက်ထားချက်အရ ရောဝတီတိုင်း တရားရုံးသည် ကျုံ့ပျော်မြို့နယ် တရားရုံး အနေဖြင့် ဤအမှုများကို စစ်ဆေးခြင်းထက် ရေကြည်မြို့နယ် တရားရုံးက စစ်ဆေးလျှင် ပိုမိုသင့်လျော်မည်ဟု အကြောင်းပြ၍ အမှုများကို ရေကြည်မြို့နယ် တရားရုံးသို့ လွှဲပြောင်းပေးပို့ခဲ့သည်။

ဗဟို ဥပဒေရုံး က အယူခံအကြောင်းပြချက်အဖြစ် ဖော်ပြရာတွင် မြို့နယ် တရားရုံးသည် ဗဟိုမြေယာကော်မီတီ၏ ညွှန်ကြားချက်အမှတ် ၂/၆၆၊ ၃/၆၆ နှင့် ၁/၆၉ တို့အရ ၃၁—၁—၆၇ ရက်နေ့ မတိုင်မီ စိုက်ပျိုးပြီးသော မြေများ၌ နှစ်ရှည်သီးနှံများကို အယူခံတရားခံများ တွင် ဆက်လက်စိုက်ပျိုးခွင့်ရှိသည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ ယင်း ညွှန်ကြားချက်များကို လယ်ယာနှင့်သစ်တော ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄/၇၈ က လွှမ်းမိုးပြီးဖြစ်၍ မှားယွင်းကြောင်း၊ စပါးစိုက်ရန်ညွှန်ကြားချက်ကို တရားခံများက လိုက်နာခြင်းမရှိသဖြင့် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ရာရောက်ကြောင်း၊ ယင်းအချက်များကို မြို့နယ်တရားရုံးက ထည့်သွင်းစဉ်းစားခြင်းမပြုသည်မှာ မှားယွင်းကြောင်းတင်ပြထားသည်။

ဖော်ပြပါအယူခံမှု (၅၅) မှုတွင် 'အယူခံအကြောင်းပြချက်' တို့သည် တူညီသည့်ပြင် အမှုများတွင်ပေါ်ပေါက်သော သက်သေခံချက်များနှင့်

ဆုံးဖြတ်ရမည့်အချက်များမှာလည်း တူညီနေသောကြောင့် ဤအမိန့်သည် ယင်းအမှု (၅၅) မှုနှင့် သက်ဆိုင်စေရမည်။

မြို့နယ်တရားရုံးက အယူခံတရားခံများအား အမှုမှအပြီးအပြတ်လွှတ်ရာတွင် သူတို့သည် အချင်းဖြစ်မြေ အသီးသီး၌ နှစ်ပေါင်း (၃၃) နှစ်ခန့် အစဉ်တစိုက် ငှက်ပျောပင်များ စိုက်ပျိုးလုပ်ကိုင်ခဲ့သဖြင့် မဟိုမြေယာကော်မီတီ၏ ညွှန်ကြားချက်အမှတ် ၂/၆၆၊ ၃/၆၆၊ ၁/၆၉ တို့အရ ငှက်ပျောပင်များကို ဆက်လက်စိုက်ပျိုးခွင့်ရှိကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

ညွှန်ကြားချက်အမှတ် ၂/၆၆ တွင် ရာသီ သီးနှံစိုက်ပျိုးသည့်မြေ၌ နှစ်ရှည်သစ်သီးသစ်ပင်များ ပြောင်းလဲစိုက်ပျိုးလိုက ခွင့်တောင်းရမည်ဟု ဖော်ပြထားသည်။ ညွှန်ကြားချက်အမှတ် ၃/၆၆ မှာ ၃၁-၁-၆၇ ရက်နေ့တွင် စိုက်ပျိုးပြီးသော ငှက်ပျောပင်များကို မထိခိုက်စေဘဲ စပါးသီးနှံစိုက်ပျိုးသည့် လယ်ယာမြေ၌ ငှက်ပျောပင်များ ပြောင်းလဲတိုးချဲ့စိုက်ပျိုးခြင်းကို တားမြစ်ထားသော ညွှန်ကြားချက် ဖြစ်သည်၊ ညွှန်ကြားချက်အမှတ် ၁/၆၉ မှာ ဥယျာဉ်ခြံမြေများမှအပ လယ်ယာမြေ၌ အကျုံးဝင်သော အခြား မည်သည့်မြေမျိုးတွင်မဆို ငှက်ပျောပင်များ ပြောင်းလဲတိုးချဲ့စိုက်ပျိုးခြင်း မပြုလုပ်ရန် တားမြစ်သည့်ညွှန်ကြားချက်ဖြစ်သည်။ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၄/၇၈ တွင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လယ်ယာမြေများ၌ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသော တောင်သူလယ်သမားများအပေါ် စိုက်ပျိုးရေးစီမံကိန်းနှင့်အညီ သီးနှံများ စိုက်ပျိုးလုပ်ကိုင်ရာတွင် သီးနှံအမျိုးအစားနှင့် စည်းကမ်းများ သတ်မှတ်နိုင်ခွင့်ကို ပေးထားသည်။

၄-၅-၈၂ ရက်နေ့တွင် တိုက်ခတ်သော လေမုန်တိုင်းဒဏ်ကြောင့် အချင်းဖြစ်လယ်ယာမြေ၌ စိုက်ပျိုးခဲ့သည့် ငှက်ပျောပင်များ ပျက်စီးသွားသည် ဆိုသည့်အချက်မှာ အငြင်းမပွားချေ။ ကျုံ့ပျော် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ကျုံ့ပျော်မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့များသို့ (သက်သေခံအမှတ်-က) နှိုးဆော်စာဖြင့် လယ်ယာမြေနှင့် ကျွန်းသားစားကျက်မြေများ၌ ကျူးကျော်စိုက်ပျိုးသူများအပေါ် အရေးယူရန် ညွှန်ကြားခဲ့သည်။ အလားတူပင် (သက်သေခံအမှတ်-ခ) ဖြင့် ၄-၅-၈၂ ရက်နေ့က လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ငှက်ပျောပင်များ စိုက်ပျိုးထားသည့် လယ်ယာမြေနှင့် စားကျက်မြေ

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်ပါ
နှင့်
အုန်းမြင့်သိန်း ပါ (၁၇)ဦး
ဒေါ်သောင်းစိန် ပါ (၃၄)ဦး
စိန်ကုလား ပါ (၄)ဦး

များ၌ လက်ငုတ်များသည် ငှက်ပျောပင်နှင့် ဝိခ္ခလာဝိနံပင်များကို ဆက်လက်စိုက်ပျိုးခြင်း၊ အစားထိုးစိုက်ပျိုးခြင်း လုံးဝမပြုလုပ်ကြရန် တားဆီးပိတ်ပင်ခဲ့သည်။ ယင်းမြေကွက်များတွင် စီမံကိန်းဝင်စပါး များကိုသာ စိုက်ပျိုးရန် ညွှန်ကြားခဲ့သည်။ (သက်သေခံအမှတ်—ဂ) အကြောင်းကြားစာဖြင့် စပါး လုံးဝမစိုက်ပျိုးနိုင်က စီမံကိန်းဝင်သီးနှံ များကိုသာ စိုက်ပျိုးရန်၊ စီမံကိန်းဝင်သီးနှံ အစားထိုးစိုက်ပျိုးရာ၌ ယခုလောလောဆယ် ဒီဇယ်ဆီအခက်အခဲကြောင့် စိုက်ဧက ကျဆင်း သွားသဖြင့် မိုးကြို့ဂုန်လျှော်သီးနှံကို အားဖြည့်ပေးသည့်အနေဖြင့် မိုး စိုက်ဂုန်လျှော် သီးနှံများကို တိုးချဲ့ စိုက်ပျိုးသွားရန် ရည်ရွယ်ကြောင်း၊ ကျုံ့ပျော့မြို့နယ် အနေဖြင့် မိုးစိုက်ဂုန်လျှော် တိုးမြှင့် စိုက်ပျိုးပေးရန် လျာထားကြောင်း၊ သို့ဖြစ်၍ လေမုန်တိုင်းဒဏ်ကြောင့် ငှက်ပျောပင် များ ပျက်စီးသွားသည့် လယ်ယာမြေတွင် စပါးစိုက်ပျိုးနိုင်သည့် အခြေ အနေရှိပါက စပါးစိုက်ရန်၊ စပါး ပြန်လည်မစိုက်ပျိုးနိုင်က မိုးစိုက် ဂုန်လျှော်စိုက်ပျိုးရန် ထပ်လောင်းညွှန်ကြားထားသည်။

ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့် ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၆၆ (စ) တွင် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် "လယ်ယာမြေတွင် စီမံကိန်းဝင် သီးနှံများ စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း"များကို လုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြပြီး အဆိုပါ လုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲ ဇယား အမှတ်စဉ် ၁၄၆ အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၀/၄၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းဥပဒေပုဒ်မ ၁၁၃ (ဇ) တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် လယ် ယာမြေများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များကို ဖောက်ဖျက်သူအား ဥပဒေအရ အရေးယူနိုင်ကြောင်း ဖော်ပြ၍ အဆိုပါလုပ်ပိုင်ခွင့်များကို နောက်ဆက်တွဲဇယား အမှတ်စဉ် ၃၃၁ တွင် ဖော်ပြချက်အရ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၀ ပါ ပြဋ္ဌာန်း ချက်နှင့်အညီ လုပ်ဆောင်ရန်ဖြစ်သည်။

၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၀ (၁) တွင် "နိုင်ငံတော်သမ္မတသည်၊ ဒေသတခုခုတွင် သီးနှံအမျိုး အစားတခုခုကို စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ ဒေသတခုခုတွင် လယ်ယာမြေကို သတ်မှတ်ထားသော နည်းလမ်းအတိုင်း အသုံးချခြင်း ဖြင့်သော်လည်းကောင်း၊ နိုင်ငံတော် အကျိုး ဖြစ်စေရန်၊ မြေယာ၏သွား

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
နှင့်
အုန်းမြင့်သိန်း ပါ (၁၇)ဦး ဒေါ်သောင်းစိန် ပါ (၃၄)ဦး စိန်ကုလား ပါ (၄)ဦး

လယ်သမားများအတွက်ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်ယူဆလျှင် အဆိုပါ သီးနှံအမျိုးအစားကို စိုက်ပျိုးစေရန်သော်လည်းကောင်း၊ အဆိုပါ နည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချစေရန်သော်လည်းကောင်း၊ သင့်တော်မည် ထင်မြင်သည့်အတိုင်း ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် ဆောင်ရွက်စေနိုင်သည်။''ဟု ပြဋ္ဌာန်းထားသည်။ ယင်း ပြဋ္ဌာန်းချက်အရ အမိန့်တခုခုကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းဥပဒေပုဒ်မ ၄၈ အရ ပြစ်ဒဏ်ထိုက်ပေသည်။ ယင်းသို့ပျက်ကွက်သူကို ၆ လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ဤအမှုတွင် အယူခံ တရားခံများသည် အချင်းဖြစ် လယ်ယာမြေများ၌ ငှက်ပျောပင်နှင့် ဗိလောဗိန်ပင်များကို လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)ကျော်က စိုက်ပျိုးလာခဲ့ကြောင်း အမှုတွင် အငြင်းမပွားပေ၊ ၄–၅–၈၂ ရက်နေ့က တိုက်ခတ်သော လေမုန်တိုင်းဒဏ်ကြောင့် ငှက်ပျောပင်များ ပျက်စီးသွားခဲ့သည်ဆိုသည့် အချက်မှာလည်း အငြင်းမထွက်ချေ။ ထို့ကြောင့် ကျုံပျော်မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ငှက်ပျောပင်များကို ထပ်မံစိုက်ပျိုးခြင်းမပြုပဲ စီမံကိန်းဝင် သီးနှံပင်များကို ပြောင်းလဲ၍ စိုက်ပျိုးရန်နှင့် စပါးမစိုက်ပျိုးနိုင်သော မြေကွက်များ၌ ဂုန်လျှော်ပင်များဖြင့် အစားထိုးစိုက်ပျိုးရန် ညွှန်ကြားခဲ့သည်။ အယူခံတရားခံများက ယင်းညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့ကြသည်။

ထို့ကြောင့် အယူခံတရားခံများက စပါးသို့မဟုတ်ဂုန်လျှော်စိုက်ပျိုးရန် ပျက်ကွက်ခြင်းသည် ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ရာမရောက်ပဲ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၈ အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်သည်ဖြစ်၍ ယင်းဥပဒေပုဒ်မ ၄၈ အရ ပြစ်ဒဏ်ထိုက်ပေသည်။

အထူးဥပဒေတစ်ရပ်ဖြင့် စွဲဆိုထားသောအမှုကို တရားစွဲဆိုရန် ကြိုတင် အမိန့်မလိုသော အခြား အထူး ဥပဒေ တစ်ရပ်ရပ်သို့ ပြောင်းလဲ အပြစ်ပေးနိုင်ကြောင်း ကာဆင်ပါ– ၁၁ ဦးနှင့် နိုင်ငံတော်အမှု[၁]၌ လမ်းညွှန်မှုပြုထားသည်။ အယူခံမှုတွင် ဥပဒေပုဒ်မတစ်ခုမှ အခြား

(၁) ၁၉၇၁ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး (အထူး ရုံးဝတ်ရုံး အယူခံအဖွဲ့) ၁

ဥပဒေပုဒ်မတစ်ခုခုသို့ ပြောင်း၍ အပြစ်ပေးရာ၌ တရားခံများသည် အယူခံရုံးက အပြစ်ပေးမည့် ပြစ်မှုကို သတိထားမိခြင်း ရှိမရှိ၊ တရားခံများအပေါ် စွဲချက်မတင်သော်လည်း တရားခံများအား နစ်နာရန် အကြောင်းရှိမရှိကို သတိချပ်ရမည်။ သူတို့တွင် မနစ်နာက ဥပဒေနှင့် ပုဒ်မ ပြောင်း၍ အပြစ်ပေးနိုင်ကြောင်းကို မောင်မြင့်နှင့် နိုင်ငံတော် အမှု[2]တွင် လမ်းညွှန်ချက်ရှိသည်။ ဤအမှုတွင် အယူခံတရားခံများ အနေဖြင့် လေမုန်တိုင်းကျရောက်သော ၄–၅–၈၂ ရက်နေ့မှ စတင်လျက် ၄က်ပျောင်နှင့် ဗိုလာဗိန်ပင်များ မစိုက်ရတော့ဘဲ စီမံကိန်းဝင် သီးနှံများဖြစ်ကြသော ပေါ်နှင့် ဂုန်လျှော်များကို စိုက်ရမည်ဟု မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အမိန့်ကို တောချောင်းကျေးရွာ အုပ်စုပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှတဆင့် သိရှိနားလည်ကြပြီး ဖြစ်သည်။ ယင်းအမိန့်ကို မလိုက်နာ၍ တရားစွဲဆိုခြင်းခံရသည်တွင် သူတို့အနေဖြင့် ယင်းအချက်အလက်များကို ထုချေပြီးဖြစ်သောကြောင့် သူတို့တွင် အထူးဥပဒေ တစ်ရပ်ရပ်မှ ပြစ်ဒဏ်ပေါ့နည်းသည့် အခြားဥပဒေ တစ်ရပ်ရပ်သို့ ပြောင်းလျက် စွဲချက်မတင်ဘဲ အပြစ်ပေးခံရသော်လည်း နစ်နာရန် အကြောင်းမရှိပေ။

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
နှင့်
အုန်းမြင့်သိန်း ပါ (၁၇)ဦး
ဒေါ်သောင်းစိန် ပါ(၃၄)ဦး
စိန်ကုလား ပါ (၄)ဦး

သို့ဖြစ်၍ အယူခံများကိုခွင့်ပြုပြီး ရေကြည်မြို့နယ် တရားရုံး၏ အယူခံ တရားခံ ၅၅ ဦးအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သော အမိန့်များကို ပယ်ဖျက်လိုက်သည်။ အယူခံ တရားခံများအပေါ် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၈ အရ စီရင်လျက် အယူခံတရားခံ တစ်ဦးလျှင် ဒဏ်ငွေကျပ် ၁၀၀/–(ကျပ်တစ်ရာတိတိ)စီ ထမ်းဆောင်စေရန်၊ ဒဏ်ငွေဆောင်ရန် ပျက်ကွက်သူသည် အလုပ်ဖြင့် ထောင်ဒဏ် တစ်လစီ ကျခံစေရန် အမိန့်ချမှတ်သည်။

(၂) ၁၉၄၀ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာ ၃၇၉

# ဖြစ်မှုဆိုင်ရာ အယူခံမှု

## ဥက္ကဋ္ဌ အဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မောင်မောင်အေးနှင့်၊ ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၆ ဖေဖော်ဝါရီလ ၁၃–ရက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ဦးဝင်းမြင့် အပါအဝင် တစ်မှုစီ ၃၉ ဦး*

**၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ– ပြည်သူ့ ကောင်စီ အဆင့်ဆင့်နှင့် အလုပ် အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေပုဒ်မ ၁၃ (ခ) အရ လယ်ယာမြေပေါ်တွင် ကျူးကျော်ဝင်ရောက်သူများအား ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က နှင်ထုတ်ခြင်း–ယင်းသို့ နှင်ထုတ်ခြင်းခံရသူများ**

---

* ၁၉၈၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှု အမှတ် ၃၅၆၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၁၊ ၃၆၃၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၂၊ ၃၇၃၊ ၃၇၅၊ ၃၇၆၊ ၃၇၇၊ ၃၇၈၊ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၃၈၂၊ ၃၈၃၊ ၃၈၄၊ ၃၈၅၊ ၃၈၆၊ ၃၈၇၊ ၃၈၈၊ ၃၈၉၊ ၃၉၀၊ ၃၉၁၊ ၃၉၂၊ ၃၉၃၊ ၃၉၄၊ ၃၉၅ နှင့် ၃၉၆၊

† ၁၉၈၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၆၄၊ ၂၆၅၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၁၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၇၊ ၂၇၈၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၃၊ ၂၈၄၊ ၂၈၆၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ၂၉၀၊ ၂၉၁၊ ၂၉၂၊ ၂၉၃၊ ၂၉၄၊ ၂၉၅၊ ၂၉၆၊ ၂၉၇၊ ၂၉၈၊ ၃၀၀၊ ၃၀၁၊ ၃၀၂၊ ၃၀၃၊ ၃၀၄၊ ၃၀၅၊ ၃၀၆၊ ၃၀၇၊ နှင့် ၂၇၀ တို့တွင် ချမှတ်သော (၃၁–၁၂–၈၄) နေ့စွဲပါ ရောဝတီတိုင်း ဓနုဖြူမြို့နယ် တရားရုံး၏ အမိန့်ကို **အယူခံမှု။**

**သည် မြေနှင့်ရာချထားရေးအဖွဲ့က ချထားခြင်းခံရသူများ ဖြစ်လင့်ကစား ဥပဒေပါ လုပ်ပိုင်ခွင့်အရ၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ နှင်ထုတ်သည့်အမိန့်သည် မြေနှင့်ရာချထားရေး အဖွဲ့၏ စီမံခန့်ခွဲမှုကို လွှမ်းမိုးခြင်း-အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အခကြောင်းကြားစာကို ရက်ပေါင်းမည်မျှ ကြိုတင်အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းချက်မရှိခြင်း-နှင်ထုတ်ခြင်းခံရသူတို့သည် မိုးရာသီရောက်လာသဖြင့် နှင်ထုတ်ထိုက်သူများ မဟုတ်ဟု အကြောင်းပြချက် တစ်ခုအဖြစ်ဖြင့် မူလမြို့နယ်တရားရုံးက သုံးသပ်ခြင်းမှာ မှန်သည်ဟုမဆိုနိုင်ခြင်း—**

လေးမျက်နှာမြို့ ခတ္တာ့ရပ်ကွက် ကွင်းအမှတ် ၁၅၊ ဦးပိုင် အမှတ် ၇ မှ ၁၃ အထိ မြို့တွင်းစိုက်ပျိုးမြေရိယာ ၆ ဒသမ ၉၁၀ ကေပေါ်တွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းပေးသော အိမ်ယာမြေ အကွက်ချထားရေးအဖွဲ့သည် ၁၅–၅–၈၃ ရက်နေ့က ယင်းမြေကို အကွက်ရိုက်၍ အယူခံတရားခံများအား အိမ်ယာအဆောက်အအုံ ဆောက်လုပ်နေထိုင်ခွင့်ပြုခဲ့သည်။ ယင်းသို့ နေထိုင်ခွင့်ပြုသည်ကို ရေဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က သဘောမတူသဖြင့် အယူခံတရားခံအသီးသီးသည် မိမိတို့ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖျက်သိမ်း၍ မြေမှဖယ်ရှားပေးရန် ၂၆–၃–၈၄ ရက်စွဲဖြင့် တစ်ကြိမ်၊ ၉–၅–၈၄ ရက်စွဲဖြင့် ဒုတိယတစ်ကြိမ်နှင့် ၁၉–၆–၈၄ ရက်စွဲဖြင့် နောက်ဆုံး အကြိမ်ပေါင်း သုံးကြိမ်တိုင်တိုင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့မှတဆင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (ဃ) အရ သတိပေး အကြောင်းကြားခဲ့သည်။ ယင်းအမိန့်ကို သူတို့က လိုက်နာရန် ပျက်ကွက်ခဲ့သဖြင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင်အဖွဲ့၏ တာဝန်ပေးချက်အရ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဆွေမြင့်ဦး သည် တရားလိုအဖြစ် မြို့နယ်တရားရုံး၌ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၀–က အရ တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသော အမှုများဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ ကို ရည်ညွှန်း၍ ၁၉၇၇ ခုနှစ် ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေ (၁၉၇၇ ခုနှစ် ပြည်သူ့ လွှတ်တော် ဥပဒေ အမှတ် ၁၃)၏ ပုဒ်မ ၁၃ (စ) တွင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှု

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဦးဝင်းမြင့်
အပါအဝင်
တစ်မှုစီ
(၃၉)ဦး

ဆောင်အဖွဲ့သည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့်မရပဲ လယ်ယာမြေပေါ်တွင် ကျူးကျော်ဝင်ရောက်သဖြင့် နှင်ထုတ်ထိုက်သူတို့ နှင်ထုတ်ရေး၊ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံကို ဖယ်ရှားရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ လုပ်ပိုင်ခွင့်များရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံတရားခံများအား အချင်းဖြစ်မြေကွက်အသီးသီးတွင် နေထိုင်ရန် ခွင့်ပြုခဲ့သောအဖွဲ့၏ စီမံခန့်ခွဲမှုကို ရောဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်က လွှမ်းမိုးသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အိမ်ယာမြေအတွက် ချထားရေးအဖွဲ့သည် နေထိုင်ရန်မြေမဲ့သူအတွက် မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီအဆင့်ဆင့် တင်ပြဆောင်ရွက်သွားရန် ဖြစ်သည်။ အယူခံတရားခံများအား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အကြောင်းကြားသော ဖော်ပြပါအက်ဥပဒေ ပုဒ်မ ၁၅ (ဃ) အရ နှင်ထုတ်သည့် အမိန့်ကို ရက်ပေါင်း မည်မျှကြိုတင်အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းချက် မရှိသောကြောင့် ဦးမြဝင်းနှင့်သား မောင်ကြည်တို့သည် အချိန်မီ လယ်ယာလုပ်ကိုင်နိုင်ရန် ၂၆-၃-၈၄ ရက်မှ စတင်လျက် အယူခံတရားခံများအား နှင်ထုတ်ခြင်းဖြစ်ရာ မိုးရာသီရောက်နေ၍ မြို့နယ်တရားရုံးက သူတို့သည် နှင်ထုတ်ထိုက်သူများ မဟုတ်ဟု အကြောင်းပြချက်တစ်ခုအဖြစ်ဖြင့် ဖော်ပြခြင်းမှာ မှန်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ အယူခံတရားခံများသည် မြေကွက်တစ်ခုလုံးတွင် ဆက်လက် နေထိုက်သူများ မဟုတ်တော့သဖြင့် မြို့နယ်တရားရုံးက မြေပေါ်တွင် သူတို့သည် နေထိုက်၍ နှင်ထုတ်ထိုက်သူများ မဟုတ်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

အယူခံ တရားလို အတွက် — ဦးစိန်လှ၊ ဥပဒေဝန်ထမ်း အဆင့် (၁)
အယူခံ တရားခံများအတွက်— ကိုယ်တိုင် (မလာ)
တရားရေး အကြံပေး — ဦးသိန်းအောင်

ရောဝတီတိုင်း လေးမျက်နှာမြို့နယ် တရားရုံး၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၈-က အရ အရေးယူ စစ်ဆေးခြင်း ခံရသော အမှုအသီးသီးတွင် အယူခံ တရားခံများအား အပြီးအပြတ် လွှတ်ခဲ့သော အမိန့်များကို ဗဟိုဥပဒေရုံးက မကျေနပ်သဖြင့် အယူခံများကို တင်သွင်းခြင်း ဖြစ်သည်။

၁၉၈၆
မြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးဝင်းမြင့် အပါအဝင် တစ်မှုစီ (၃၉)ဦး

လေးမျက်နှာမြို့ ခတ္တာရပ်ကွက် ကွင်းအမှတ် ၁၅၊ ဦးပိုင် အမှတ် ၇ မှ ၁၃ အထိ မြို့တွင်း စိုက်ပျိုးမြေ ဧရိယာ ၆ ဒသမ ၉၁ဂ ဧက ပေါ်တွင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က ဖွဲ့စည်းပေးသော အိမ်ယာမြေ အကွက်ချထားရေး အဖွဲ့သည် ၁၅-၅-ဂ၃ ရက်နေ့က ယင်းမြေကို အကွက်ရိုက်၍ အယူခံ တရားခံ များအား အိမ်ယာ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခွင့် ပြုခဲ့သည်၊ ယင်းသို့ နေထိုင်ခွင့်ပြုသည်ကို ရောဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က သဘောမတူသဖြင့် အယူခံ တရားခံ အသီးသီးသည် မိမိတို့ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖျက်သိမ်း၍ မြေမှ ဖယ်ရှားပေးရန် ၂၆-၃-ဂ၄ ရက်စွဲဖြင့် တစ်ကြိမ်၊ ၉-၅-ဂ၄ ရက်စွဲဖြင့် ဒုတိယ တစ်ကြိမ်နှင့် ၁၉-၆-ဂ၄ ရက်စွဲဖြင့် နောက်ဆုံး အကြိမ်ပေါင်း သုံးကြိမ်တိုင်တိုင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့မှ တဆင့် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (ဃ) အရ သတိပေး အကြောင်းကြားခဲ့သည်၊ ယင်းအမိန့်ကို သူတို့က လိုက်နာရန် ပျက်ကွက်ခဲ့သဖြင့် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏တာဝန်ပေးချက်အရ မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးဆွေမြင့်ဦးသည် တရားလိုအဖြစ် မြို့နယ် တရားရုံး၌ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄ဂ-က အရ တိုင်လျှောက်ရာမှ ပေါ်ပေါက်လာသော အမှုများ ဖြစ်သည်။

မဟိုဥပဒေရုံးက အယူခံ အကြောင်းပြရာတွင် စပါးစိုက်ပျိုးရမည့် မြေ၌ အဆောက်အအုံ ဆောက်လုပ်နေထိုင်ကြသော အယူခံ တရားခံ များအား ရောဝတီတိုင်း ပြည်သူ့ ကောင်စီ အလုပ် အမှုဆောင် အဖွဲ့၏ အမိန့်အရ လေးမျက်နှာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှု ဆောင် အဖွဲ့က ယင်းမြေမှ ဖယ်ရှားပေးရန် အကြောင်းကြားသော်လည်း ဖယ်ရှားမပေးပဲ ဆက်လက်ရှိနေပါလျက် မြို့နယ်တရားရုံးသည် သူတို့အား စည်ပင်သာယာရေး အဖွဲ့နှင့် ရပ်ကွက် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင် အဖွဲ့တို့က နေထိုင်ခွင့် ပေးသောကြောင့် သူတို့သည် မြေကွက်မှ နှင်ထုတ်ထိုက်သူများ မဟုတ်ဟု သုံးသပ်ပြီး အမှုအသီးသီးမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း တင်ပြသည်။

ဖော်ပြပါ အမှုပေါင်း ၃၉ မှုမှာ ကွင်းအမှတ် ၁၅ တစ်ခုတည်းပေါ်တွင် နေထိုင်ကြသူများအပေါ် စွဲဆိုထားရာ သူတို့ အသီးသီးနေထိုင်ကြသော ဦးပိုင်နှင့် ဧရိယာ မြေချိန်တို့သာ ခြားနားလျက် စွဲဆိုပုံနှင့် ခုခံချေပပုံတို့သည် တူညီကြသဖြင့် ဤစီရင်ချက်သည် ယင်းအမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၀၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ဦးဝင်းမြင့်
အပါအဝင်
တစ်မူစီ
(၃၉)ဦး

မြို့နယ်တရားရုံးက အယူခံ တရားခံများ၏ ခုခံချေပချက် အပေါ် အပြီးအပြတ် လွှတ်ရာတွင် "နှစ်ဘက်သော သက်သေများ၏ ထွက်ဆိုချက်များအရ တရားခံသည် နေရန်အိမ်မြေယာ လုံး၀မရှိ၍ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ တင်ပြပြီး တရားဝင် နေထိုင်မှုရရှိရန် ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း များကလည်း တရားဝင် နေထိုင်ခွင့် ပြုခဲ့သည်။ ထို့အတွက် တရားခံ အပါအဝင် အိမ် (၄၄) လုံး ဆောက်လုပ်နေခဲ့ကြသည်။ မြို့နယ် ပြည်သူ့ကောင်စီမှ (၂၆–၃–၀၄) နေ့တွင် လည်းကောင်း၊ (၉–၅–၀၄) နေ့တွင် လည်းကောင်း၊ (၁၉–၆–၀၄) နေ့တွင် လည်းကောင်း ဖယ်ရှားရန် အကြောင်းကြားခဲ့သော်လည်း မိုးရာသီ ရောက်နေခြင်း၊ အခြားဆောက်လုပ်ရန် နေရာမရှိခြင်း၊ အိမ်ယာမြေတန်ဖိုးများ ပေးချေနေရခြင်းတို့ကြောင့် လယ်/နိုင် ဥပဒေပုဒ်မ ၁၅ (ဃ) အရ နှင်ထုတ်ထိုက်သူများ မဟုတ်ဟု သုံးသပ်သည့်အပြင် တရားလို အနေဖြင့် ၎င်း ပုဒ်မ အရ နှင်ထုတ်ထိုက်သူ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ ပြဆိုနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။" ဟူ၍ သုံးသပ်ထားသည်။

မြို့နယ် တရားရုံး အမှုတွဲကို လေ့လာရာ ရေဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က လေးမျက်နှာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့ ပေးပို့သောစာ (သက်သေခံ-အမှတ်င-၁) တွင် လေးမျက်နှာမြို့ခတ္တုရပ်ကွက် ကွင်းအမှတ် ၁၅၊ ဦးပိုင်အမှတ် ၇ မှ ၁၃ အထိ တို့အတွင်း ဧရိယာ ၆ ဒသမ ၉၁၀ ဧကကို ဦးမြဝင်းနှင့် သား မောင်ကြည်တို့သည် လယ်ယာ လုပ်ကိုင်လျက် ရှိကြောင်း၊ ယင်းမြေပေါ်တွင် အိမ်ယာမြေကွက်များ ချထားခြင်းကို ဦးမြဝင်းတို့က မိမိတို့ အဖွဲ့ထံသို့ တိုင်ကြားခဲ့ကြောင်း၊ ဦးမြဝင်းတို့၏ တိုင်ကြားချက်သည် မှန်သည်ဟု မိမိတို့ အဖွဲ့က လက်ခံ၍ လေးမျက်နှာ မြို့နယ် ပြည်သူ့ ကောင်စီ အလုပ် အမှု ဆောင် အဖွဲ့သို့ အရေးယူ ဆောင်ရွက်ရန် ညွှန်ကြားပြီးကြောင်း၊ ယင်း အလုပ်အမှုဆောင် အဖွဲ့က အဆိုပါမြေသည် "မြို့တွင်းစိုက်ပျိုးမြေ" ဖြစ်၍ "လယ်ယာမြေ တိုးချဲ့မြို့မြေ" အဖြစ် ယူဆကြောင်း ပြန်လည်တင်ပြခဲ့ခြင်းမှာ ယင်းမြေနှစ်မျိုးတွင် မည်သည့် မြေမျိုးတွင် ဖြစ်စေကာမူ သို့မဟုတ် မည်သို့ပင် ခေါ်ဝေါ်စေကာမူ လယ်သမားတစ်ဦးက တရားဝင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေသည် လယ်ယာမြေဖြစ်ကြောင်း၊ လယ်ယာမြေကို စိုက်ပျိုးမှုမှအပ အခြားနည်း အသုံးပြုရန် လိုအပ်ပါက လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၉ အရ ခွင့်ပြုချက် ရယူရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လေးမျက်နှာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သည် ရေဝတီတိုင်း ပြည်သူ့ကောင်စီ

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးဝင်းမြင့် အပါအဝင် တစ်မှုစီ (၃၉)ဦး

အလုပ်အမှုဆောင် အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ၁၇–၁–၈၄ ရက်စွဲဖြင့် ညွှန်ကြားထားသည်ကို တွေ့ရသည်။

မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အယူခံတရားခံများအပေါ် အချင်းဖြစ်မြေမှ ဖယ်ရှားရန် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (ဃ) အရ အမိန့်စာ မိတ္တူ သုံးစောင် သက်သေခံအမှတ် ခ၊ ဂ နှင့် ဃ တို့ဖြင့် သတိပေးနှိုးဆော်ခဲ့ကြောင်း တွေ့ရှိရသည်။ အယူခံ တရားခံများသည် အမိန့်များကို မလိုက်နာသဖြင့် ယင်းအလုပ်အမှုဆောင် အဖွဲ့ကပင် ၃၀-၇-၈၄ ရက်စွဲဖြင့် မြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ (သက်သေခံအမှတ်–က) စာဖြင့် အယူခံတရားခံများအပေါ်အရေးယူရန် အကြောင်းကြားခဲ့သည်။

လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၁၅ ကို ရည်ညွှန်း၍ ၁၉၇၇ ခုနှစ် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့်အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေ (၁၉၇၇ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၃) ၏ ပုဒ်မ ၁၃ (စ) တွင် မြို့နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုမိန့်မရပဲ လယ်ယာမြေပေါ်တွင်ကျူးကျော်ဝင်ရောက်သဖြင့် နှင်ထုတ်ထိုက်သူကို နှင်ထုတ်ရေး၊ ကျူးကျော်ဆောက်လုပ်ထားသောအဆောက်အအုံကို ဖယ်ရှားရေးအတွက် အဆုံးအဖြတ်ပေးခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ လုပ်ပိုင်ခွင့်များ ရှိကြောင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံတရားခံများအား အချင်းဖြစ်မြေကွက်အသီးသီးတွင် နေထိုင်ရန် ခွင့်ပြုခဲ့သော အဖွဲ့၏ စီမံခန့်ခွဲမှုကို ရောဝတီတိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်က လွှမ်းမိုးသည်။

၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃ (ခ) "လယ်ယာမြေ"ဆိုသည့် စကားတွင် ခြွင်းချက်၌ "သို့ရာတွင် မြို့ရွာအတွင်း တည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့်မြေ မပါဝင်ချေ။"ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခြေခံလျက် လေးမျက်နှာမြို့ စည်ပင်သာယာရေးအဖွဲ့က ဖွဲ့စည်းပေးခဲ့သော အိမ်ယာ မြေအကွက်ချထားရေးအဖွဲ့သည် အချင်းဖြစ်မြေမှာ လယ်ယာမြေမဟုတ်ဟု ယူဆခဲ့သော်လည်း ခတ္တုရပ်ကွက်နှင့် ဘုန်းကြီးကျောင်းမြေအကြားရှိ ယင်းမြေကွက်သည် သတ်မှတ်သည့်နည်းလမ်းအတိုင်း မြို့ရွာအတွင်း မြေအဖြစ် အသုံးချရန် ပေါ်လွင်ခြင်းမရှိပေ။ ယင်းမြေကွက်သည် စပါးစိုက်ပျိုးရန် သတ်မှတ်ထားသော မြေကွက်အနေဖြင့် လယ်ယာမြေဟု ပေါ်လွင်နေသည်။ မီးဘေးသင့်၍ဖြစ်စေ၊

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ဦးဝင်းမြင့် အပါအဝင် တစ်မှုစီ (၃၉)ဦး

ရောဝတီမြစ်ကမ်းပါးပြို၍ ဖြစ်စေ၊ နေအိမ်ကျပ်နေ၍ အိမ်ခွဲပေးရန် လိုအပ်သည်ဖြစ်စေ အယူခံတရားခံများအတွက် မြေကွက်လိုနေသော်လည်း လယ်ယာလုပ်ကိုင်ခွင့် ဆုံးရှုံးနစ်နာသူ ဦးမြဝင်းနှင့် သားမောင်ကြည် (လိုပြ-၄) တို့၏ အခွင့်အရေးကို မထိခိုက်သင့်ပေ။

အိမ်ယာမြေအကွက်ချထားရေးအဖွဲ့သည်နေထိုင်ရန် မြေမဲ့သူအတွက် မြေယာ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြ၍ ဆောင်ရွက်သွားရန် ဖြစ်သည်။ အယူခံ တရားခံများအား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အကြောင်းကြားသော ဖော်ပြပါ အက်ဥပဒေပုဒ်မ ၁၅ (ဃ) အရ နှင်ထုတ်သည့်အမိန့်ကို ရက်ပေါင်းမည်မျှ ကြိုတင်အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းချက် မရှိသောကြောင့် ဦးမြဝင်းနှင့် သားမောင်ကြည်တို့သည် အချိန်မီ လယ်ယာလုပ်ကိုင်နိုင်ရန် ၂၆-၃-၈၄ ရက်မှ စတင်လျက် အယူခံ တရားခံများအား နှင်ထုတ်ခြင်း ဖြစ်ရာ မိုးရာသီရောက်နေ၍ မြို့နယ်တရားရုံးက သူတို့သည် နှင်ထုတ်ထိုက်သူများ မဟုတ်ဟု အကြောင်းပြချက် တစ်ခုအဖြစ်ဖြင့် ဖော်ပြခြင်းမှာ မှန်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်၍ အယူခံ တရားခံများသည် မြေကွက်တစ်ခုလုံးတွင် ဆက်လက်နေထိုက်သူများ မဟုတ်တော့သဖြင့် မြို့နယ်တရားရုံးက မြေပေါ်တွင် သူတို့သည် နေထိုက်၍ နှင်ထုတ်ထိုက်သူများမဟုတ်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၄၉ ဖြင့် ပြင်ဆင်ထားသည်။ ယင်းပြင်ဆင်ချက် ဥပဒေပုဒ်မ ၄၈—က တွင် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့် သက်ဆိုင်သော လယ်ယာမြေမှ ထွက်ခွာသွားရန် ပုဒ်မ ၁၅ (ဃ) အရ နှင်ထုတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ၂ (နှစ်) ထိ ထောင်ဒဏ်နှင့် ငွေဒဏ် ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် အယူခံများကို ခွင့်ပြုပြီး အယူခံ တရားခံများအား အမှုအသီးသီးမှ အပြီးအပြတ်လွှတ်သော လေးမျက်နှာမြို့နယ် တရားရုံး၏ အမိန့်များကို ပယ်ဖျက်၍ အယူခံ တရားခံများအပေါ် ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၄၈—က အရ စီရင်လျက်သူတို့သည်ရုံးတက်ရုံးဆင်း ထောင်ဒဏ်တစ်ရက်စီ ကျခံကြ၍တစ်ဦးလျှင် ဒဏ်ငွေ ကျပ် ၁၀၀/—(ကျပ်တစ်ရာတိတိ) စီ ထမ်းဆောင်စေရန်၊ ဒဏ်ငွေဆောင်ရန် ပျက်ကွက်သူသည် အလုပ်ဖြင့် ထောင်သုံးလစီ ကျခံစေရန် အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များ အဖြစ် ဦးတွမ်မှုန်းနှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်ဘန်ချိန်းပါ–၇–ဦး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

မောင်လှပါ (၄) ဦး

† ၁၉၇၆
မတ်လ
၆–ရက်

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁)– ယင်း ဥပဒေပုဒ်မအရ တရားစွဲဆိုရန် ပြည်နယ်နှင့်တိုင်း ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်မပါရှိလျှင် စွဲဆိုသော အမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်ခြင်း– အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ တရားခံအပေါ် ယင်း ဥပဒေပုဒ်မ ၁၅ (၁) အရ စွဲချက်တင်၍ ပုဒ်မ ၁၄ (၁) အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ မူလကနဦးကတည်းကပင် ပျက်ပြယ် နေခြင်း–သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က တရားစွဲဆိုခွင့်ပေးလျှင် တရားခံ တို့အား တရားစွဲဆိုနိုင်သေးခြင်း။

ဆုံးဖြတ်ချက်။ ။မူလတရားရုံးသည် လျှောက်ထားသူ အမှတ် (၂) မောင်ထွန်းစိန် အပေါ်တွင်လည်း နိုင်ငံတော်အစိုးရ၏ ကြိုတင် ခွင့်ပြု ချက်မရှိပဲ ယင်းဥပဒေပုဒ်မ ၁၅ (၁) အရ စွဲချက်တင်ပြီးနောက် ပုဒ်မ ၁၄ (၁) အရ အပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းဥပဒေ ပုဒ်မ ၁၅ (၁) အရ အရေးယူသည့်ကိစ္စတိုင်းတွင် အစိုးရ၏ကြိုတင်ခွင့်ပြု ချက်ကိုဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်း၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ ရယူရမည်ဟု ပြဋ္ဌာန်းထားသည်။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု ၅၀၆ (ခ) နှင့် ၂၅ (က)

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၅၅ တွင် ချမှတ်သော (၂၉–၈–၇၅) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
မောင်ဘန်ချိန်း ပါ (၇)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် မောင်လှပါ (၄)ဦး

**ထပ်မံဆုံးဖြတ်ချက်။** ။ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အယူခံတရားလို မောင်ဘန်ချိန်းပါ ၇ ဦးနှင့် ပြင်ဆင်မှု (က)မှ အယူခံတရားခံ မောင်လှပါ ၄ ဦးတို့အား မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေ ၂၅ အရ ဆုံးဖြတ်ထားခြင်းမရှိသည့်အလျောက် ယင်းတို့အား ယင်းဥပဒေပုဒ်မ ၁၄ (၁) အရ တရားမစွဲဆိုနိုင်သဖြင့် ယင်းတို့အပေါ် ပုဒ်မ ၁၄ (၁) အရ စွဲဆိုထားသောအမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထို့အတူ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လျှောက်ထားသူ မောင်ထွန်းစိန်အပေါ် အမှုစစ်ဆေးပြီးနောက် ယင်းပုဒ်မ ၁၅ (၁) အရဖြင့် စွဲချက်တင်၍ ပုဒ်မ ၁၄ (၁) အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည်လည်း မူလကနဦးကတည်းကပင် ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။

အမှုတွင် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ မောင်ဘန်ချိန်းပါ (၁၁) ဦးအား ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ တရားစွဲဆိုခွင့်ပေးလျှင် ယင်းတို့အား တရားစွဲဆိုနိုင်ပေသေးသည်။

| | | |
|---|---|---|
| လျှောက်ထားသူ အတွက် | — | ဦးလှသောင်း၊ ဗဟို တရားရုံးရှေ့နေ |
| လျှောက်ထားခံရသူ အတွက် | — | ဦးခင်မောင်ဦး၊ ဥပဒေဝန်ထမ်း အဆင့် (၁) |
| တရားရေး အကြံပေး | — | ဦးအောင်ကြည် |

ဆိပ်ကမ်းမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၉၂/၈၄ တွင် တရားခံ မောင်ဘန်ချိန်းပါ (၁၁) ဦးတို့အပေါ် ၁၉၆၅ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ ထောင်ဒဏ် ၅ နှစ်စီ အသီးသီး ကျခံစေရန် ပြစ်ဒဏ်ချမှတ်သည်။ လျှောက်ထားသူ မောင်ဘန်ချိန်း၊ မောင်ထွန်းစိန်၊ မောင်ခင်သိန်း၊ မောင်ကျော်ဝင်း၊ မောင်သန်းထွန်း၊ မောင်သိန်းမောင်၊ မောင်ဝင်းတို့က မြို့နယ်တရားရုံးအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံတက်ရောက်သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသည်။

၁၉၈၆
မောင်ဘန်ချိန်း ပါ(၇)ဦး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်
နှင့်
မောင်လှပါ (၄) ဦး

ဗဟိုတရားရုံးက မောင်ဘန်ချိန်းပါ ၇ ဦးတို့၏ ပြင်ဆင်မှုကို လေ့လာရာတွင် မူလတရားရုံးက ပူးတွဲတရားခံ မောင်လှ၊ မောင်သိန်းသန်း၊ မောင်သိန်းလွင်နှင့် မောင်ဌေးနိုင်တို့အပေါ် ပြစ်မှုတွေ့ရှိ၍ ပြစ်ဒဏ်ပေးထားခြင်းကို ပြန်လည်စဉ်းစားရန် လိုအပ်သည်ဟု ယူဆသောကြောင့် မောင်လှပါ ၄ ဦးတို့နှင့် ပတ်သက်ပြီး ပြင်ဆင်မှု (က) ဖွင့်၍ မောင်ဘန်ချိန်းပါ ၇ ဦးတို့၏ပြင်ဆင်မှုနှင့်အတူ တပေါင်းတည်းကြားနာသည်။ ဤအမိန့် စီရင်ချက်သည် ပြင်ဆင်မှု နှစ်မှုစလုံး အတွက် အကျုံးဝင်စေရမည်။

အမှုမှာ မြန်မာ့တပ်မတော် (ရေ) မှ ဗိုလ်မှူးစိန်ဝင်း ဦးစီးသော ကမ်းခြေစောင့် တိုက်ရေယာဉ်အမှတ် (၄၂၁) သည် လုံခြုံရေး တာဝန်အရ ပင်လယ်ပြင်၌ ကင်းလှည့်စဉ် ၂၇-၃-၈၄ ရက်နေ့ည ၂၂း၀၅ နာရီအချိန် စန္ဒာမီးပြ၏အရှေ့တောင်ဘက် (၄၈) မိုင်အကွာတွင် "အောင်လှယူ" အမည်ရှိ စက်လှေအား တွေ့ရှိသဖြင့် စစ်ဆေးရာ သယ်ဆောင်ခွင့်ပြု အမိန့်တစုံတရာမပါရှိဘဲရော်ဘာနှင့် ရော်ဘာချေး ပေါင် ၄၃၄၀၄ ကို သယ်ဆောင်လာကြောင်းကိုတွေ့ရသည်။ ယင်းစက်လှေပေါ်တွင် ထိုအခါက လိုက်ပါလာသော မောင်ဘန်ချိန်းနှင့် စက်လှေပဲ့နင်းမှူး မောင်လှဦးစီးသော စက်လှေသား (၁၀) ဦး အပါအဝင် ပေါင်း (၁၁) ဦးကို တွေ့ရှိသဖြင့် ဗိုလ်မှူးစိန်ဝင်းက ယင်းတို့ကို ရန်ကုန်သို့ခေါ်ဆောင်လာပြီး ဆိပ်ကမ်းရဲစခန်းတွင်အပ်၍ စက်လှေနှင့် စက်လှေပေါ် ပါသော ရော်ဘာများနှင့် စက်လှေ ပစ္စည်းတို့ကို ရန်ကုန်မြို့အနောက်ခွန်ဦးစီးဌာနသို့ ပေးအပ်သည်တွင် အနောက်ခွန် ဦးစီးဌာနမှ ဆိပ်ကမ်းပြည်သူ့ရဲစခန်းသို့ တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

ပြင်ဆင်မှု လျှောက်ထားသူ မောင်ဘန်ချိန်းပါ ၇ ဦးတို့က အဓိက တင်ပြသည်မှာ မိမိတို့သည် ရော်ဘာများကို မှောင်ခို ခိုးထုတ် သယ်ဆောင်ခြင်း မပြုခဲ့ရကြောင်း၊ မူလတရားရုံးသည် ရန်ကုန်တိုင်း ပြည်သူ့ကောင်စီမှ စီစစ်ဆုံးဖြတ်ချက် မပါရှိဘဲ ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁) အရ အရေးယူ အပြစ်ပေးခြင်းနှင့် လျှောက်ထားသူ တစ်ဦး ဖြစ်သူ မောင်ထွန်းစိန်အပေါ် ပြည်ထဲရေးဝန်ကြီးဌာနမှ ယင်းဥပဒေ ပုဒ်မ ၁၅(၁) အရ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ၊ ယင်းပုဒ်မ ၁၅(၁) အရ စွဲချက်တင်ပြီး စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းတို့သည် ဥပဒေနှင့် မညီညွတ်၍ မှားယွင်းကြောင်း တင်ပြထားသည်။

၁၉၈၆
မောင်ဘန်ချိန်း ပါ (၇)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် နှင့် မောင်လှပါ (၄)ဦး

အမှုတွဲအား လေ့လာရာတွင် လျှောက်ထားသူ မောင်ဘန်ချိန်းပါ ၇ ဦးတို့နှင့် ပြိုင်ဆိုင်မှု (က) အမှုမှ လျှောက်ထားခံရသူ မောင်လှပါ ၄ ဦးတို့သည် အချင်းဖြစ်"အောင်လှယူ"စက်လှေဖြင့် သယ်ဆောင်ခွင့် အမိန့်တစ်စုံတစ်ရာမပါရှိဘဲ ရော်ဘာနှင့် ရော်ဘာချေးပေါင် ၄၃၄၀၄ ကို သယ်ဆောင်လာသဖြင့် ဗိုလ်မှူးစိန်ဝင်း (လိုပြ-၁) ဦးစီးသော ကမ်းခြေစောင့် တိုက်ရေယာဥ်မှ ဖမ်းဆီးရမိခဲ့ကြောင်း အငြင်းမထွက်ပေ။ ဗိုလ်မှူးစိန်ဝင်းမှ စက်လှေ၊ ဖမ်းဆီးရမိသော ရော်ဘာများနှင့် စက်လှေပေါ်ရှိပစ္စည်းထုပ်များကို ရန်ကုန်မြို့၊အကောက်ခွန်ဦးစီးဌာနသို့ လွှဲအပ်ပေးချက်အရ အကောက်ခွန်ဦးစီးဌာနမှ စုံစမ်းစစ်ဆေးပြီးနောက် မောင်ဘန်ချိန်းအပေါ် သွင်းကုန်ထုတ်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅(၁) အရလည်းကောင်း၊ စက်လှေပဲ့နှင်း မောင်လှပါ ၁၀ ဦးတို့အပေါ် ယင်းပုဒ်မ ၅ (၃)အရ လည်းကောင်း အရေးယူပေးရန် သက်သေခံအမှတ် (ဃ) တိုင်ချက်ဖြင့် ဆိပ်ကမ်း ပြည်သူ့ရဲစခန်းသို့ စာရေးတိုင်ကြားရာ ယင်းရဲစခန်းမှ စုံစမ်းထောက်လှမ်းပြီးနောက် အမှုကို ဆိပ်ကမ်းမြို့နယ် ပြည်သူ့ကောင်စီသို့ တင်ပြခဲ့သည်။ ယင်းမြို့နယ်ပြည်သူ့ကောင်စီမှ မောင်ဘန်ချိန်းပါ (၁၁) ဦးတို့အပေါ် ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄ (၁) အရ၊ စွဲတင်ရန် ညွှန်ကြားသဖြင့် ယင်းရဲစခန်းမှ မြို့နယ်တရားရုံးသို့ ယင်းပုဒ်မ ၁၄ (၁) အရဖြင့် စွဲချက်ပြုလုပ်တင်ပို့ရာ မြို့နယ်တရားရုံးက မောင်ဘန်ချိန်းပါ (၁၁) ဦးတို့အပေါ် အထက်ဖော်ပြခဲ့သည့်အတိုင်း အပြစ်ပေးခဲ့ကြောင်း တွေ့ရသည်။

၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှု အတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေပုဒ်မ ၂၅ အရ "တိုင်း/ပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသည်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီမှ တင်ပြလာသော အမှုတွဲများကို တိုင်း/ပြည်နယ် မှုခင်းကော်မီတီအား မည်သည့်ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို စိစစ်ဆုံးဖြတ်စေရမည်"ဟု ပြဋ္ဌာန်းထားသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီးသောအခါ ပြည်နယ်/တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က မြို့နယ် ပြည်သူ့ကောင်စီအလုပ်ဆောင်အဖွဲ့မှ တင်ပြလာသော အမှုတွဲများကို မည်သည့် ဥပဒေပုဒ်မဖြင့် အရေးယူရမည်ကို စိစစ်ဆုံးဖြတ်ရမည်။ ဤအမှုတွင် အမှုတွဲရှိ မှတ်တမ်းများအရအမှုကို ၁၉၆၅ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁)အရ အရေးယူရန် ဆိပ်ကမ်းမြို့နယ် ပြည်သူ့ကောင်စီက

ဆုံးဖြတ်ခဲ့သော်လည်း ရန်ကုန်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က အထက်ပါ နည်းဥပဒေပုဒ်မ ၂၅ အရ အဆုံးအဖြတ်ပေးထားခြင်း မရှိသည်ကိုတွေ့ရသည်။ မူလတရားရုံးသည် လျှောက်ထားသူအမှတ်(၂) မောင်ထွန်းစိန် အပေါ်တွင်လည်း နိုင်ငံတော် အစိုးရ၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ ယင်းဥပဒေပုဒ်မ၁၅ (၁) အရ စွဲချက်တင်ပြီးနောက် ပုဒ်မ ၁၄(၁)အရ ပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်းဥပဒေပုဒ်မ ၁၅ (၁) အရ အရေးယူသည့် ကိစ္စတိုင်းတွင် အစိုးရ၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ၊ အစိုးရက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်း၏ ကြိုတင်ခွင့်ပြုချက်ကိုဖြစ်စေ ရယူရမည်ဟု ပြဋ္ဌာန်းထားသည်။

ရန်ကုန်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က အယူခံတရားလို မောင်ဘန်ချိန်းပါ ၇ ဦးနှင့် ပြင်ဆင်မှု (က) မှ အယူခံတရားခံ မောင်လှပါ ၄ ဦးတို့အား မည်သည့်ဥပဒေပုဒ်မဖြင့်အရေးယူရမည်ကို ၁၉၆၅ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက်လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေ၏ နည်းဥပဒေပုဒ်မ ၂၅အရ ဆုံးဖြတ်ထားခြင်း မရှိသည့်အလျောက် ယင်းတို့အား ယင်းဥပဒေပုဒ်မ ၁၄ (၁)အရ တရားမစွဲဆိုနိုင်သဖြင့် ယင်းတို့အပေါ်ပုဒ်မ ၁၄ (၁) အရ စွဲဆိုသောအမှုမှာ မူလကနဦးကတည်းက ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။ ထို့အတူ အစိုးရ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ လျှောက်ထားသူ မောင်ထွန်းစိန်အပေါ် အမှုစစ်ဆေးပြီးနောက် ယင်းပုဒ်မ ၁၅ (၁) အရဖြင့်စွဲချက်တင်၍ပုဒ်မ၁၄ (၁) အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည်လည်း မူလကနဦးတည်းကပင် ပျက်ပြယ်နေသည်ဟု ဆိုရပေမည်။

အမှုတွင် ရန်ကုန်တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ မောင်ဘန်ချိန်းပါ(၁၁) ဦးအား ၁၉၆၅ ခုနှစ်၊ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁)အရ တရားစွဲဆိုခွင့်ပေးလျှင် ယင်းတို့အား တရားစွဲဆို နိုင်ပေသေးသည်။

အထက်ပါအကြောင်းများကြောင့် ပြင်ဆင်မှုကို လက်ခံ၍ လျှောက်ထားသူ မောင်ဘန်ချိန်း၊ မောင်ထွန်းစိန်၊ မောင်ခင်သိန်း၊ မောင်ကျော်ဝင်း၊မောင်သန်းထွန်း၊ မောင်သိန်းမောင်၊ မောင်ဝင်းတို့နှင့်ပြင်ဆင်မှု (က) မှ လျှောက်ထားခံရသူ မောင်လှ၊ မောင်သိန်းသန်း၊မောင်သိန်းထွင်နှင့် မောင်ဌေးနိုင်တို့အပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့မှ ပြစ်မှုတွေ့ရှိ၍ ပြစ်ဒဏ်ချမှတ်ထားသော အမိန့်တို့အား ပယ်ဖျက်ပြီး ယင်းတို့ (၁၁)ဦးအား စွဲချက်မတင်မီ ပြန်လွှတ်ထားစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ အယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်နန်းလူ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

† ၁၉၈၆ ဇွန်လ ၃၀-ရက်

**ဖြောင့်ချက်တစ်ရပ်ပါ အချက်အလက်အချို့ မမှန်ကြောင်း ညွှန်ပြသည့် အခြား လွတ်လပ်သော အထောက်အထား မရှိလျှင် ဖြောင့်ချက်တစ်ရပ်လုံးကိုလက်ခံရန် သို့မဟုတ် ပယ်ရန်ဖြစ်ခြင်း— ပိုင်ရှင်အားအသိမပေးဘဲ ပိုင်ရှင်၏ မျက်ကွယ်တွင် ယာဉ်မောင်း၏ ပြစ်မှုမကင်းသော ဆောင်ရွက်ချက်များအပေါ် ပိုင်ရှင်၌ တာဝန်မရှိခြင်း။**

မန္တလေး အနောက်တောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၅၀/၈၅ တွင် တရားခံ ဦးထွန်းဥာဏ်က ဖြောင့်ချက်ပေးရာ၌ သက်သေခံ ဘိန်းဖြူများကို ဒေါ်နန်းလူပိုင် သက်သေခံမော်တော်ယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းကိစ္စကို မော်တော်ယာဉ်ပိုင်ရှင် ဒေါ်နန်းလူအား အသိမပေးခဲ့ကြောင်းထွက်ဆိုထားသည်။

မန္တလေး အနောက်တောင်မြို့နယ် တရားရုံးက ဦးထွန်းဥာဏ်အား ဖြောင့်ချက်အရ အပြစ်ပေးပြီး သက်သေခံမော်တော်ယာဉ်ကို အယူခံရက်လွန်က ပိုင်ရှင်ဒေါ်နန်းလူသို့ ပြန်ပေးစေရန်အမိန့်ချမှတ်ခဲ့ရာ မန္တလေးတိုင်းတရားရုံးက ထိုအမိန့်ကိုပယ်ဖျက်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့် ဒေါ်နန်းလူက ဗဟိုတရားရုံးသို့ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ ဥပဒေသဘောမှာ ဖြောင့်ချက် တစ်ရပ်ပါ အချက်အလက်အချို့ မမှန်ကြောင်း ညွှန်ပြသည့် အခြား လွတ်လပ်သော အထောက်အထားမရှိလျှင် ဖြောင့်ချက်တစ်ရပ်လုံးကိုလက်ခံရန် သို့မဟုတ် ပယ်ရန်ဖြစ်သည်။ လိုရာဆွဲ၍ သုံးရန်မဟုတ်ချေ။

---

* ၁၉၈၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၂၀

† ၁၉၈၅ ခုနှစ်၊ သေဒဏ်၊အတည်ပြုမှု အမှတ် (၃) တွင် ချမှတ်သော (၁၀-၉-၈၅) ရက်နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၆

ဒေါ်နန်းလူ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

**ထပ်မံဆုံးဖြတ်ချက်။** ။ပိုင်ရှင်အား အသိမပေးပဲ ပိုင်ရှင်၏မျက်ကွယ်တွင် ဥပဒေအရ တားမြစ်ထားသော ပစ္စည်းများကို ယာဉ်မောင်းက မိမိသဘောအလျောက် လျှို့ဝှက်စွာ တင်ဆောင်လာခြင်းအတွက် ယာဉ်ပိုင်ရှင်အပေါ် တာဝန်ရှိမည် မဟုတ်သည့်အလျောက် အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် တိုင်းတရားရုံးမှ အမိန့်ချမှတ်ထားခြင်းသည် လျော်ကန်သင့်မြတ်ခြင်းမရှိပေ။

အယူခံတရားလိုအတွက် - ဦးလှဘူး၊ ဗဟိုတရားရုံးရှေ့နေ
- ဦးမင်းဇော်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားခံအတွက် - ဦးတင်ရွှေ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

တရားရေးအကြံပေး - ဦးကျော်ညွန့်

မန္တလေး အနောက်တောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၅၀/၈၅ တွင် သက်သေခံမော်တော်ယာဉ်အမှတ် ဂ/၈၈၂၇ ကို ၊ အယူခံရက် ကျော်လွန်က ပိုင်ရှင် ဒေါ်နန်းလူသို့ ပြန်ပေးစေရန် အမိန့်ချမှတ်ခဲ့ရာ မန္တလေးတိုင်းတရားရုံးက ထိုအမိန့်ကို ပယ်ဖျက်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့် ဒေါ်နန်းလူက ဗဟိုတရားရုံးသို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

တရားခံ ဦးထွန်းဉာဏ်က မိမိ၏ ဖြောင့်ချက်တွင် ဒေါ်နန်းလူပိုင် သက်သေခံ မော်တော်ယာဉ်အမှတ် ဂ/၈၈၂၇.ဖြင့် သက်သေခံဘိန်းဖြူများကို ရှမ်းပြည်နယ် တန့်ယန်းမြို့မှ တဆယ့်တစ် (၁၁) မိုင်ခန့် ကွာဝေးသော မန်ကတ်ရွာမှ မန္တလေးမြို့သို့ သယ်ဆောင်လာခဲ့ကြောင်း၊ သို့ရာတွင် ယင်းကိစ္စကို မော်တော်ယာဉ်ပိုင်ရှင် ဒေါ်နန်းလူသို့ အသိမပေးခဲ့ကြောင်း ထွက်ဆိုထားသည်။ ဥပဒေသဘောမှာ ဖြောင့်ချက်တစ်ရပ်ပါ အချက်အလက်အချို့ မမှန်ကြောင်း ညွှန်ပြသည့် အခြားလွတ်လပ်သော အထောက်အထားမရှိလျှင် ဖြောင့်ချက်တစ်ရပ်လုံးကိုလက်ခံရန် သို့မဟုတ် ပယ်ရန်ဖြစ်သည်။ လိုရာဆွဲ၍သုံးရန် မဟုတ်ချေ။ သို့ဖြစ်ရာ သက်သေခံဘိန်းဖြူများကိုသက်သေခံကားဖြင့် သယ်ယူသည်ဆိုသောအချက်ကို လက်ခံ၍ ဦးထွန်းဉာဏ်အား အပြစ်ပေးရာတွင် ယင်းသို့သယ်သည့်ကိစ္စကို ဒေါ်နန်းလူမသိဟူသော ဦးထွန်းဉာဏ်၏ထွက်ချက်ကိုလည်း လက်ခံမှသာ မျှတပေလိမ့်မည်။ ပြည်သူ့ရဲတပ်ဖွဲ့က ဒေါ်နန်းလူအား ပြစ်မှုကြောင်းအရ အရေးယူခဲ့ခြင်းမရှိသည်ကို ထောက်ချင့်၍ ဘိန်းဖြူများသယ်သည့်ကိစ္စမှာ ဒေါ်နန်းလူနှင့် မပတ်သက်ဟု ယူဆရန် အကြောင်းပေါ်ပေါက်သည်။ ပိုင်ရှင်အား အသိမပေးပဲ ပိုင်ရှင်၏မျက်ကွယ်တွင် ဥပဒေအရ တားမြစ်ထားသော ပစ္စည်းများကို ယာဉ်မောင်းက မိမိသဘောအလျောက် လျှို့ဝှက်

၁၉၈၆
ဒေါ်နန်းလှ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

စွာ တင်ဆောင်လာခြင်းအတွက် ယာဉ်ပိုင်ရှင် အပေါ် တာဝန်ရှိမည် မဟုတ်သည့်အလျောက် အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းစေရန် တိုင်းတရားရုံးမှ အမိန့် ချမှတ်ထားခြင်းသည် လျော်ကန်သင့်မြတ်ခြင်းမရှိပေ။

မူလ မြို့နယ်တရားရုံး၏ စီရင်ချက်တွင် "သက်သေခံ ဂ/ဂဂ၂၇ ယာဉ်နှင့်ပတ်သက်၍မူ မနန်းလှသည် ပြစ်မှုနှင့်မသက်ဆိုင်၊ တရားခံအဖြစ်လည်း မပါဝင်၍ ကားကို သိမ်းဆည်းပါက မျှားစွာနစ်နာမည်"ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။

ထို့ကြောင့် ဤအယူခံမှုကိုခွင့်ပြု၍ သက်သေခံ မော်တော်ယာဉ်အမှတ် ဂ/ဂဂ၂၇ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်ထားသော မန္တလေးတိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး ပိုင်ရှင်ဒေါ်နန်းလှသို့ ပြန်ပေးစေရန် ချမှတ်ထားသော မူလမြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုသည်။

## ပြစ်မှုဆိုင်ရာ အယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်နှင့် ဦးအေးစန့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၆ / ဇွန်လ / ၃၀-ရက်

ကိုမောင်လေး(ခ) တင်ဦးပါ(၅)
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁)—တရားခံတစ်ဦးသည် ပူးတွဲတရားခံ၏ သက်သေခံအဖြစ် အစစ်ခံနိုင်ကြောင်း ပြဋ္ဌာန်းချက်မရှိခြင်း—သက်သေခံငွေကို လက်ခံသိမ်းဆည်းထားသူအား အမှုတွင် ပါဝင်သူဟု တထစ်ချမဆိုနိုင်ခြင်း။**

အယူခံတရားလို ဦးထွန်းဉာဏ်သည် ဘိန်းဖြူဖမ်းမိမှုဖြင့် အရေးယူခြင်းခံရသည်။ ဦးထွန်းဉာဏ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ၌ ဘိန်းဖြူဖုက်သိမ်းရာတွင် အသုံးပြုသည်ဟု ယူဆရသည့် မြေမြှုပ်စည်းအိုးများနှင့် ဘိန်းဖြူရောင်းရငွေဟုယူဆရသော ငွေကျပ် ဂ၄၁၅/-ကို ဦးထွန်းဉာဏ်၏ ဇနီးထံမှ သိမ်းဆည်းခဲ့သည်။ အယူခံတရားလို ဦးထွန်းဉာဏ်၏ ထုတ်ဖော်ပြောဆိုချက်အရ အယူခံတရားလို တွန်းထွန်းလွင်နှင့် မစန်းမြင့်ဦးတို့၏ ကုတင်အောက်တွင် ဦးထွန်းဉာဏ်မြှုပ်ထားသည့် ဘိန်းဖြူ ၁၅ထုပ်ကို ကူးဖော်တွေ့ရှိ၍ သိမ်းဆည်းရမိသည်။

**အယူခံတရားလို** ထွန်းယွန်းလွင်နှင့် မစန်းမြင့်ဦးတို့က မိမိတို့အနေဖြင့် နေ့တွက်မှမိုးချုပ်သည်အထိ အလုပ်သွားလုပ်ရသဖြင့် ကုတင်အောက်တွင် ဘိန်းဖြူထုပ်များ မည်သို့ရောက်ရှိနေသည်ကို မသိကြောင်း ထုချေသည်။ ဦးထွန်းဉာဏ်က ထွန်းထွန်းလွင်တို့မရှိခိုက် ယင်းတို့အား အသိမပေးပဲ မိမိအနေဖြင့် သက်သေခံဘိန်းဖြူများကို လျှို့ဝှက်စွာ ဝှက်သိမ်းထားခဲ့ခြင်းဖြစ်ကြောင်း ရုံးရှေ့တွင် ထွက်ဆိုသည်။

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) အရ တရားခံတစ်ဦးသည် မိမိအတွက်သာသက်သေခံနိုင်သည်။ ပူးတွဲတရားခံ၏ သက်သေအဖြစ် အစစ်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။ သို့ဖြစ်၍

---

* ၁၉၀၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၁၉၊ ၃၂၀၊ ၃၂၆ နှင့် ၃၂၉။

† ၁၉၀၅ ခုနှစ်၊ သေဒဏ် အတည်ပြုမှု အမှတ် (၄) တွင် ချမှတ်သော (၁၁-၉-၀၅)ရက် နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၈၆
ကိုမောင်လေး (ခ) တင်ဦးပေါ် (၅) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဦးထွန်းဥာဏ်၏ ဖြေရှင်းချက်ကို ထွန်းထွန်းလွင်တို့၏ အကျိုးအတွက် ထည့်သွင်း စဉ်းစားခြင်းမပြုနိုင်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားခံ၏ဇနီးဖြစ်သူထံမှ သက်သေခံငွေကို သိမ်းဆည်းရမိရုံမျှဖြင့် ၎င်းသည် အမှုတွင် တနည်းနည်းဖြင့် ပါဝင်ပတ်သက်သည်ဟု တထစ်ချ မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် —ဦးအောင်မြင့်၊ ဗဟိုတရားရုံးရှေ့နေ
—ဦးသိန်းဦး၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားခံအတွက် —ဦးတင်ရွှေ၊ ဥပဒေဝန်ထမ်းအဆင့် (၁)

တရားရေးအကြံပေး —ဦးကျော်ညွန့်

မန္တလေး အနောက်ကောင်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၅၇/၈၅ တွင် ဦးထွန်းဥာဏ်နှင့် မောင်လေး (ခ) တင်ဦးတို့ အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းစေတတ်သော ဆေးဝါး များ ဥပဒေပုဒ်မ ၆ (ခ) အရ အလုပ်ဖြင့် ထောင်ဒဏ် (၁၀) နှစ်စီ၊ ပုဒ်မ ၇ (ခ) အရ အလုပ်ဖြင့် ထောင်ဒဏ် (၁၀) နှစ်စီ၊ ပုဒ်မ ၈ (ခ) အရ သေဒဏ်၊ ပုဒ်မ ၁၀ (ခ) အရ သေဒဏ်နှင့် ယင်းပြစ်ဒဏ်များကို တပေါင်း တည်း ကျခံကြစေရန်လည်းကောင်း၊ မောင်ထွန်းထွန်းလွင်၊ မစန်းမြင့်ဦး နှင့် ဒေါ်ငွေတို့ပေါ် ယင်းဥပဒေပုဒ်မ ၆ (ခ)/၁၁ အရ အလုပ်ဖြင့် ထောင်ဒဏ် (၁၀) နှစ်စီ၊ ပုဒ်မ ၇ (ခ)/၁၁ အရ အလုပ်ဖြင့်ထောင်ဒဏ် (၁၀) နှစ်စီ၊ ပုဒ်မ ၈ (ခ)/၁၁ အရ ထောင်ဒဏ် တသက်တကျွန်း၊ ပုဒ်မ ၁၀ (ခ)/၁၁ အရထောင်ဒဏ် တသက်တကျွန်းစီနှင့် ယင်းပြစ်ဒဏ်များကို တပေါင်းတည်းကျခံကြစေရန်လည်းကောင်း၊ အမိန့်ချမှတ်ခဲ့ရာ မန္တလေး တိုင်းတရားရုံးက ဦးထွန်းဥာဏ်နှင့် မောင်လေးတို့အပေါ် အပြစ်တွေ့ရှိ ခြင်းနှင့် ပြစ်ဒဏ်အသီးသီးကို အတည်ပြုသည်။ မောင်ထွန်းထွန်းလွင်၊ မစန်းမြင့်ဦးနှင့် ဒေါ်ငွေတို့အပေါ် ပုဒ်မ ၈ (ခ)/၁၁နှင့် ပုဒ်မ ၁၀ (ခ)/၁၁ တို့အရ ပြစ်ဒဏ်များမှအပ ကျန်ပြစ်ဒဏ်များကို အတည်ပြုပြီး ပုဒ်မ ၈ (ခ)/၁၁ အရ အလုပ်ဖြင့် ထောင်ဒဏ် (၂၀) နှစ်စီနှင့် ပုဒ်မ ၁၀ (ခ)/၁၁အရ အလုပ်ဖြင့်ထောင်ဒဏ် (၂၀) နှစ်စီနှင့် ယင်းပြစ်ဒဏ်များကို တပေါင်းတည်း ကျခံကြစေရန်၊ တို့ပြင်ဒဏ်ငွေကျပ်ငါးသောင်းစီပေးဆောင် စေရန်ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးထွန်းဥာဏ်၊ ကိုမောင် လေး (ခ) တင်ဦး၊ မောင်ထွန်းထွန်းလွင်၊ မစန်းမြင့်ဦးနှင့် ဒေါ်ငွေတို့က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ၍အယူခံမှုများကိုကင်သွင်းခြင်းဖြစ်သည်။ အယူခံမှုများမှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်သည်ဖြစ်၍ ဤစီရင်ချက် သည် အယူခံတရားလိုတို့ တင်သွင်းသောအယူခံမှုအားလုံးနှင့် သက်ဆိုင် စေရမည်။

၁၉၈၆
ကိုမောင်လေး
(ခ)
တင်ဦးပါ(၅)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

လွန်ခဲ့သော ၃၁-၅-၈၅ နေ့၊ နေ့လယ် ၂ နာရီခွဲခန့်က မန္တလေး အနောက်တောင်မြို့နယ် အမှတ် (၁၀) ရဲစခန်းမှ ဒု-ရဲအုပ် ဦးခင်မောင် သန်း (လိုပြ-၁) သည် ၂၀-၅-၈၅ နေ့က ဘိန်းဖြူ (၆) ကီလိုဂရမ် ဖမ်း မိမှုဖြင့် အရေးယူထားသော ဦးထွန်းဥာဏ်၏နေအိမ်သို့ ရပ်ကွက်ပြည်သူ့ ကောင်စီဝင်များနှင့်အတူ ဝင်ရောက်ရှာဖွေကြရာ ဘိန်းဖြူဝှက်သိမ်းရာ တွင် အသုံးပြုသည်ဟု ယူဆရသည့် မြေမြှုပ်စဉ့်အိုးများနှင့် ဘိန်းဖြူရောင်းရ ငွေဟု ယူဆရသော ငွေကျပ် ၈၄၁၅/-တို့ကို သိမ်းဆည်းခဲ့သည်။ ထို့ နောက် ဦးထွန်းဥာဏ်၏မယားပါသား ထွန်းထွန်းလွင်၏ နေအိမ်ကိုပါ ဆက်လက်ရှာဖွေရာ အဆိုပါနေအိမ်အနောက်ဘက်ထောင့် ကုတင်အောက် မြေကြီးတွင် ထင်ရှူးသေတ္တာအတွင်း၌ ထည့်၍မြှုပ်ထားသော ခြူးနှစ် ကောင်ကန္တာလုံးတံဆိပ်ပါ ဘိန်းဖြူ (၁၅-ထုပ်) (၇½ ကီလိုဂရမ်) ကို တူးဖော်တွေ့ရှိရသဖြင့် ဦးခင်မောင်သန်းက သက်ဆိုင်ရာ အမှတ် (၁၀) ပြည်သူ့ရဲတပ်ဖွဲ့ စခန်းသို့ သတင်းပေးတိုင်တန်းရာမှ ဤအမှုပေါ်ပေါက် လာသည်။

ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ အယူခံတရားလို ထွန်းထွန်း လွင်တို့ နေထိုင်သော နေအိမ်အတွင်းရှိ ကုတင်အောက်မြေကြီးအတွင်း တွင် ဦးထွန်းဥာဏ်က သက်သေခံဘိန်းဖြူများကို မြှုပ်ထားသည်ဆိုသော အချက်ဖြစ်သည်။ ဦးထွန်းဥာဏ်၏ ထုတ်ဖော် ပြောဆိုချက်အရ သိမ်း ဆည်းရမိခြင်း ဖြစ်၍ ယင်းဘိန်းဖြူများမှာ ဦးထွန်းဥာဏ်၏ ကြီးကြပ်မှု အောက်တွင် ရှိသည့်အလျောက် သူ၏ လက်ရှိဖြစ်သည်ဟု မှတ်ယူရပေ မည်။

အယူခံတရားလို ထွန်းထွန်းလွင်နှင့် မစန်းမြင့်ဦးတို့က မိမိတို့အနေဖြင့် နေ့စဉ်နံနက်မိုးလင်းမှ ညဉ့် မိုးချုပ်သည်အထိ တနေကုန် အလုပ်သွားလုပ် နေရသဖြင့် သက်သေခံ ဘိန်းဖြူ ၁၅ ထုပ်မှာ မည်သည့် အချိန်က မိမိတို့ ကုတင်အောက်ရှိ မြေကြီးအတွင်းတွင် မည်သို့မည်ပုံ ရောက်နေသည်ကို မသိကြောင်း ထုချေကြသည်။ အမှုတွဲရှိ ဦးထွန်းဥာဏ်၏ ဖြောင့်ချက် အရ ဦးထွန်းဥာဏ်သည် သက်သေခံ ဘိန်းဖြူများနှင့် အတူ တန့်ယန်းမြို့မှ မန္တလေးမြို့သို့ ၂၄-၅-၈၅ နေ့တွင် ရောက်ရှိခဲ့ပြီး ၂၀-၅-၈၅ နေ့တွင် အဖမ်းခံခဲ့ရသည်။ သို့ဖြစ်ရာ ဦးထွန်းဥာဏ်သည် နောက်အကျဆုံး ၂၀-၅-၈၅ နေ့တွင် အချင်းဖြစ်နေရာ၌ သက်သေခံ ဘိန်းဖြူများကို မြှုပ်ထားသည်ဟု ကောက်ယူနိုင်သည်။ ယင်း ဘိန်းဖြူများကို နောက် ၄ ရက်အကြာ ၃၁-၅-၈၅ နေ့တွင် သိမ်းဆည်းရမိသည်ဖြစ်၍ ထွန်း ထွန်းလွင်တို့ နေအိမ်တွင် ရောက်ရှိသည်မှာ ရက် အတန်ကြာသည်က တကြောင်း၊ မြေကြီးအတွင်း မြှုပ်ထားရာ၌ အပေါ်ယံ မြေကြီးမှာ အ နည်းနှင့်အများ သိပ်သိပ်သည်းသည်း ရှိမည်မဟုတ်၍ ထွန်းထွန်းလွင်တို့

၁၉၈၆ ကိုမောင်လေး (ခ) တင်ဦးပါ(၅) နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

အနေဖြင့် သူတို့၏ ကုတင်အောက်တွင် သက်သေခံ ဘိန်းဖြူများ ရှိသည် ကို သိရှိနိုင်ဘွယ်ရာ ရှိသည်ဟု ယူဆနိုင်သည်က တကြောင်းကြောင့် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၂ (ဃ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း သက်သေခံ ဘိန်းဖြူများမှာထွန်းထွန်းလွင်တို့လင်မယားလက်ရှိ ဖြစ်သည်ဟု ဆိုရပေမည်။

ဦးထွန်းဥာဏ်က ထွန်းထွန်းလွင်တို့လင်မယား နေအိမ်တွင်မရှိခိုက် ယင်းတို့အား အသိမပေးပဲ မိမိအနေဖြင့် သက်သေခံဘိန်းဖြူများကို လျှို ဝှက်စွာ ဝှက်သိမ်းထားခဲ့ခြင်းဖြစ်ကြောင်း ရှုံးရှေ့တွင် ထွက်ဆိုသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁) အရ တရားခံတစ်ဦးသည် မိမိ အတွက်သာ သက်သေခံနိုင်သည်။ ပူးတွဲတရားခံ၏ သက်သေအဖြစ် အစစ် ခံနိုင်ကြောင်း ပြဌာန်းထားခြင်းမရှိပေ။ သို့ဖြစ်၍ ဦးထွန်းဥာဏ်၏ဖြေရှင်း ချက်ကို ထွန်းထွန်းလွင်တို့၏အကျိုးအတွက် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင် ပေ။ ထို့ပြင် ထွန်းထွန်းလွင်နှင့် မစန်းမြင့်ဦးတို့မှာ မယားပါသားနှင့် ချွေးမအသီးသီးဖြစ်သည့်အလျောက် သူတို့သက်သာမှု ရစေရန်အတွက် ဦးထွန်းဥာဏ်က ယင်းသို့ ထွက်ဆိုခြင်းဖြစ်သည်ဟု ယူဆရန်အကြောင်းရှိ ပေသည်။ သို့ဖြစ်၍ သက်သေခံ ဘိန်းဖြူ ၁၅ ထုပ်ကို ရှာဖွေ သိမ်းဆည်း ရမိခြင်းနှင့်စပ်လျဉ်း၍ ထွန်းထွန်းလွင်တို့ လင်မယားသည် တာဝန်ကင်း သည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် ဦးထွန်းဥာဏ်နှင့် ထွန်းထွန်းလွင်တို့လင် မယားတို့သည် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆ (ခ) အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို အသီး သီး ကျူးလွန်သည်ဟု ဆိုရပေမည်။

အယူခံတရားလိုတို့သည် သက်သေခံဘိန်းဖြူများကို ပြည်ပမှ တင်သွင်း ကြောင်း သို့မဟုတ် ပြည်ပကို တင်ပို့ကြောင်း သို့မဟုတ် ပြည်ပနှင့် ဆက် သွယ်ဆောင်ရွက်ကြောင်း အထောက်အထား တစုံတရာ မတွေ့ရပေ။

အယူခံတရားလို ဒေါ်ငွေသည် ဦးထွန်းဥာဏ်၏ ဇနီးဖြစ်သည်ဆိုသော အချက်မှတပါး အမှုတွင် ပါဝင် ပတ်သက်ကြောင်း ယူဆနိုင်ဘွယ်ရာ အထောက်အထား တစုံတရာမတွေ့ရချေ။ ဒေါ်ငွေသည် ဦးထွန်းဥာဏ်၏ ဇနီးဖြစ်ပြီး သက်သေခံ ငွေကျပ် ၀၄၁၅/-ကို ဒေါ်ငွေထံမှ သိမ်းဆည်းရ မိရုံမျှဖြင့် အမှုတွင် တနည်းနည်းဖြင့်ပါဝင်ပတ်သက်သည်ဟု တထစ်ချမဆို နိုင်ချေ။

ဦးထွန်းဥာဏ်နှင့် မောင်လေးတို့ ဖြောင့်ဆိုသော ဖြောင့်ချက်များအရ သူတို့သည် ဘိန်းဖြူ ၂၇ ထုပ်ကို ရောင်းချရန်အလို့ငှာ ပူးပေါင်းစီစဉ်၍ ရှမ်းပြည်နယ် တန့်ယန်းမြို့နှင့် တဆယ့်တစ် (၁၁) မိုင်ခန့် ကွာဝေးသော မန်ကတိရွာမှ ဦးထွန်းဥာဏ် ခမောင်းသည့် မော်တော်ယာဉ်ဖြင့်သယ်မှဆောင်

၁၉၀၆
ကိုမောင်လေး
(ခ)
တင်ဦးပါ(၅)
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
နိုင်ငံတော်

လာပြီး ကြိုတင်စီစဉ်ထားသည့်အတိုင်း သက်ဆိုင်ရာပုဂ္ဂိုလ်များထံ ဖြန့်ဝေနိုင်ရန် ဦးထွန်းဥာဏ်သည် အဆိုပါဘိန်းဖြူ ၂၇ ထုပ်အနက်မှ ၁၂ ထုပ်ကို မောင်မြင့်အောင်အား မောင်လေးထံ အပို့ခိုင်းရာတွင် ရဲနှင့် ပက်ပင်းတိုးပြီး ဘိန်းဖြူများ သိမ်းဆည်းခြင်းခံရ၍ မောင်မြင့်အောင်၊ မောင်လေး၊ ဦးထွန်းဥာဏ်နှင့်အပေါင်းပါတစုကို မန္တလေး အနောက်တောင်မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၅၀/၇၅ တွင် အရေးယူအပြစ်ပေးခဲ့သည်။ အချင်းဖြစ် ဘိန်းဖြူ ၁၅ ထုပ်နှင့်စပ်လျဉ်း၍ အယူခံတရားလိုတို့အား အဆိုပါ တရားရုံး ပြစ်မှုကြီးအမှတ် ၁၁၅၇/၇၅ တွင် အရေးယူခဲ့ခြင်းဖြစ်သည်။ အယူခံတရားလို မောင်လေးနှင့် ဦးထွန်းဥာဏ်တို့သည် သက်သေခံဘိန်းဖြူများကို ရောင်းချရန်အတွက် ပူးပေါင်းကြံစည်ပြီး ဘိန်းဖြူ ၂၇ ထုပ်ကို သယ်ယူခဲ့ရာ၌ ၂ နေရာခွဲ၍ ဘိန်းဖြူများကို သိမ်းဆည်းရမိသည် မှန်သော်လည်း ပူးပေါင်းကြံစည်မှုမှာမူ တခုတည်းဖြစ်သည်။ သို့ဖြစ်ရာ ဖြစ်ရပ်တခုတည်းအတွက် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းသောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၀(ခ)/၁၁ အရ ပြစ်ဒဏ်တစ်ရပ်တည်းသာ ခံထိုက်သည်။ ယင်းပြစ်မှုအတွက် ပြစ်မှုကြီး အမှတ် ၁၁၅၀/၇၅ တွင် ချမှတ်သော သေဒဏ်ကို ဗဟိုတရားရုံး ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၁၀/၇၅ နှင့် ၃၂၁/၇၅ တို့တွင် အတည်ပြုပြီး ဖြစ်သည့်အလျောက် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၅၇/၇၅ တွင် အယူခံတရားလို မောင်လေးနှင့် ဦးထွန်းဥာဏ်တို့အပေါ် အဆိုပါ ဥပဒေ ပုဒ်မ ၁၀(ခ)/၁၁ အရ ချမှတ်သော ပြစ်ဒဏ်ကို ပယ်ဖျက်ရမည် ဖြစ်သည်။

ထို့ကြောင့် အယူခံတရားလို ဦးထွန်းဥာဏ်၊ ထွန်းထွန်းလွင်နှင့် မစန်းမြင့်ဦးတို့အပေါ် ချမှတ်ထားသော မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံး တို့၏ အမိန့်များကို ပယ်ဖျက်ပြီး သူတို့အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းသောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ) အရ ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေ။ ဦးထွန်းဥာဏ်အပေါ် ချမှတ်သော ထောင်ဒဏ်ကို ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၅၀/၇၅ တွင် ချမှတ်သော ပြစ်ဒဏ်နှင့် တပေါင်းတည်း ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

အယူခံတရားလို မောင်လေး နှင့် ဒေါ်ငွေတို့အား ဤအမှုမှ အပြီး အပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

သက်သေခံဘိန်းဖြူ ၁၅ ထုပ်ကို အင်းစိန် မူခင်း ပြည်သူ့ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန်လည်းကောင်း၊ သက်သေခံငွေကျပ် ၇၄၁၅/- ကို အယူခံတရားလို ဒေါ်ငွေသို့ ပြန်လည်ထုတ်ပေးစေရန် လည်းကောင်း၊ ကျန်သက်သေခံ ပစ္စည်းများကို ဖျက်ဆီးစေရန်လည်းကောင်း အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

ရန်စံလင်း (ခ) မောင်ကျော်သိန်း

နှင့်

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်*

† ၁၉၇၆ ဇွန်လ ၃၀-ရက်

**ပြစ်မှုတစ်ရပ်ကိုကျူးလွန်ရာတွင် ပါဝင်အကျုံးဝင်သည့်အဆင့်များ— ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ရုံမျှဖြင့် ပြစ်မှုကျူးလွန်ရန်အားထုတ်ရာ ရောက်သည်ဟု ကောက်ယူရန် မဖြစ်နိုင်ခြင်း—လက်ဝယ်တွေ့ရှိသော ဘိန်းဖြူများ၏ ပမာဏသက်သက်ကို ကြည့်၍ ယင်းဘိန်းဖြူများကို ရောင်းချရန် အားထုတ်သည်ဟု မကောက်ယူသင့်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း၊ ပြစ်မှုကျူးလွန်ရန်ပြင်ဆင်ခြင်း၊ ပြစ်မှု ကျူးလွန်ရန် အားထုတ်ခြင်း၊ ပြစ်မှုကို ကျူးလွန်ခြင်း ဟူ၍ အဆင့် လေးဆင့် ရှိရာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက် ရှိသူအား အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရသည်။ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိခြင်းနှင့် ရည်ရွယ်သည့်ပြစ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်းကြားတွင် ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခြင်းတည်း ဟူသော အဆင့်တစ်ဆင့်ရှိသေးသည်ဖြစ်ရာ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ရုံမျှဖြင့် ပြစ်မှု ကျူးလွန်ရန် အားထုတ်ရာ ရောက်သည်ဟု ကောက်ယူရန်မဖြစ်နိုင်ချေ။ အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများ ရောင်းချရန်ကြံရွယ်ချက်ဖြင့် လက်ရှိထားကြောင်း ပေါ်လွင်သဖြင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်** ဟုကောက်ယူမှုဟန် တူပေသည်။ အမှုတွင် အယူခံတရားလိုသည် သက်သေခံ ဘိန်းဖြူများကို ရောင်းချရန်အတွက် ရှေးရှုသော ပြုလုပ်မှုတစ်ခုခုကိုပြုလုပ်ကြောင်း

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၃၄

† ၁၉၇၅ ခုနှစ်၊ သေဒဏ်အတည်ပြုမှု အမှတ် ၅ တွင် ချမှတ်သော (၁၆-၁၀-၇၅) ရက်နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၈၆
ရန်စံလင်း (ခ) ကျော်သိန်း နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ကောက်ယူနိုင်ရန် အထောက်အထားမရှိလုံသဖြင့် သက်သေခံ ဘိန်းဖြူများ၏ ပမာဏသက်သက်ကိုကြည့်၍ အယူခံတရားလိုသည် ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်** ဟု မကောက်ယူသင့်ပေ။ ဗဟိုတရားရုံးအပါအဝင်တရားရုံးအဆင့်ဆင့်က တရားခံတစ်ဦး၏ပြုလုပ်မှုတစ်ခုခုသည် ပြစ်မှုမြောက်မမြောက် သုံးသပ်ရာ၌ အမှုဖြစ်ရပ်ကို သက်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်နှင့် စပ်ဟပ်စိစစ်ပြီး အဆုံးအဖြတ် ပြုရသည်။ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခွင့် မရှိချေ။ သက်သေခံ ဘိန်းဖြူများ၏ ပမာဏများပြားမှု သက်သက်ကို ထောက်ချင့်၍ အယူခံတရားလိုသည် ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်** ဟု ကောက်ယူပါက ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များကို မိမိလိုရာသို့ ဆွဲ၍ အလွန်ဆန့်ယူရာရောက်ပေလိမ့်မည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးခင်မောင်ကြီး၊ ဗဟိုတရားရုံး ရှေ့နေ |
| အယူခံတရားခံအတွက် | — | ဦးတင်ရွှေ၊ ဥပဒေဝန်ထမ်းအဆင့် (၁) |
| တရားရေးအကြံပေး | — | ဦးကျော်ညွန့် |

မန္တလေးတိုင်း၊ မန္တလေးအနောက်မြောက် မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၅၆/၈၅ တွင် အယူခံတရားလို ရန်စံလင်း (ခ) ကျော်သိန်းအပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၇ (ခ) အရ အလုပ်ဖြင့် ထောင်ဒဏ် ၁၀ နှစ်ကိုလည်းကောင်း၊ ယင်း ဥပဒေပုဒ်မ ၁၀ (ခ) /၁၁ အရ သေဒဏ်ကိုလည်းကောင်း၊ ယင်း ဥပဒေ ပုဒ်မ ၁၄ (ဃ) အရ အလုပ်ဖြင့် ထောင်ဒဏ် ၅ နှစ်ကိုလည်းကောင်း၊ တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ မန္တလေးတိုင်း တရားရုံးက အတည်ပြုခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်သဖြင့် ရန်စံလင်း (ခ) ကျော်သိန်းက ဗဟိုတရားရုံးသို့ ဤအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

လွန်ခဲ့သော ၁၀—၉—၈၄ နေ့ ညနေပိုင်းက ပြည်ကြီး ပျော်ဘွယ်အရှေ့ ဒိဘိုးဝင်းနေ မောင်မျိုးမြင့်ထွန်း (လိုပြ—၂) နေအိမ်သို့ ယခင်က ကားပြင်၍သိခဲ့ဘူးသူ အယူခံတရားလို ရန်စံလင်း (ခ) ကျော်သိန်း လာရောက်ပြီး နောက်ရက်တွင် လာယူမည်ဟု ပြောကာ သုံးတင်းဝင် ဂုံနီအိတ်ဖြင့် ထည့်ထားသော မီးသွေးအိတ်တစ်လုံးကိုအပ်နှံထားခဲ့သည်။ အဆိုပါအိတ်ကို ၁၄—၉—၈၄ နေ့ အထိ လာ မယူသဖြင့် မသင်္ကာ ဖြစ်ပြီး မောင်မျိုးမြင့်ထွန်းက ဖွင့်ကြည့်ရာ ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်များပါရှိသည့် ပလတ်စတစ်အသုပ်များကို တွေ့ရ၍ အရှေ့မြောက် မြို့နယ်ပြည်သူ့ကောင်စီဝင် ဦးလှမောင် (လိုပြ—၁) ထံ သွားရောက်ပြီးလိုအပ်သ

သလို ဆက်လက်ဆောင်ရွက်ပေးရန် အကြောင်းကြားခဲ့သည်။ ထို့နောက် မောင်မျိုးမြင့်ထွန်း၏ တိုင်ကြားချက်အရ အမှတ်(၆) ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူး ဦးအောင်ကြီးမြင့်နှင့်အဖွဲ့က ထိုနေ့ညနေပိုင်းတွင် မောင်မျိုးမြင့် ထွန်း၏ နေအိမ် အနီးမှ စောင့်ဆိုင်း နေစဉ် အယူခံ တရားလိုသည် မောင်မျိုးမြင့်ထွန်းနေအိမ်သို့ ရောက်လာသောအခါ ဝင်ရောက်ရှာဖွေရာ သက်သေခံ မီးသွေးအိတ် အတွင်းမှ တစ်ထုတ်လျှင် ကီလို ဂရမ် ဝက်ခန့်စီ ရှိသော ဘိန်းဖြူ(၁၁) ထုပ်ကို သိမ်းဆည်း ရမိသဖြင့် အယူခံ တရားလို အပါအဝင် (၆) ဦးတို့ အပေါ် သက်ဆိုင်ရာ အမှတ်(၆) ရဲစခန်းမှ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘောဖြစ်စေတတ်သော ဆေးဝါးများဥပဒေ အရ အရေးယူကာ တရားစွဲဆို တင်ပို့ခဲ့သော အမှုဖြစ်သည်။ ၁၉၈၆ ရန်စံလင်း (ခ) ကျော်သိန်း နှင့် ပြည် ထောင် စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

အမှုတွင် မောင်မျိုးမြင့်ထွန်း (လိုပြ—၂) က ၎င်းအလုပ် လုပ်သည့် ကားဝပ်ရှော့သို့ ကားပြင်ရန် လာရာမှ အယူခံ တရားလို ရန်စံလင်းနှင့် တရားခံပြေး ကျော်မြင့်တို့ကို သိကျွမ်းပြီး ၎င်းတို့၏အိမ်သို့ အဝင်အထွက် ရှိခဲ့ကြောင်း၊ ၁၀—၉—၈၄ နေ့ ညနေပိုင်းတွင် ၎င်းအိမ်သို့အယူခံတရား လိုက မြင်းလှည်းဖြင့် မီးသွေးအိတ်တစ်အိတ်ယူလာပြီး၊ နောက်ရက်၌ လာ ယူမည်ဟုပြောဆိုကာ အပ်ထားခဲ့ကြောင်း၊ ၁၄—၉—၈၄ နေ့ထိ အယူခံ တရားလို မလာသဖြင့် သင်္ကာမကင်းဖြစ်ပြီး မီးသွေးအိတ်ကို ဖွင့်ကြည့်ရာ ဘိန်းဖြူဟု ထင်ရသော အဖြူမှုန့်များ ပါရှိသည့် အထုပ်များကို တွေ့ရ၍ မြို့နယ်ပြည်သူ့ကောင်စီဝင် ဦးလှမောင်(လိုပြ—၁) ထံ သွားရောက်တင် ပြခဲ့ကြောင်း၊ ဦးလှမောင်၏ စီစဉ်ချက်အရ ရပ်ကွက်ပြည်သူ့ကောင်စီဝင် များနှင့် ရဲများက မိမိအိမ်သို့ အယူခံတရားလိုအလာကို စောင့်ဆိုင်းဖမ်း ဆီးခဲ့ကြောင်း၊ အယူခံတရားလို အပ်ထားသည့်မီးသွေးအိတ်ကိုဖွင့်ဖောက် စစ်ဆေးရာ ဘိန်းဖြူ ကီလိုဂရမ်ဝက်ခန့်စီ ပါရှိသော ပလတ်စတစ်အထုပ် (၁၁) ထုပ်ကို ဂျပ်ဖူး(၁၁) ဖူးအတွင်းမှ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းစ သည်ဖြင့် ထွက်ဆိုသည်။ အချင်းဖြစ် ရပ်ကွက်မှ ရပ်ကွက် ပြည်သူ့ ကောင်စီဝင်များဖြစ်ကြသော ဦးနီပွန်(လိုပြ—၅)၊ ဦးဘို(လိုပြ—၆)နှင့် ဦးဘစိန်(လိုပြ—၈)တို့ကလည်း မောင်မျိုးမြင့်ထွန်း နေအိမ်တွင် ထားရှိ သော အယူခံတရားလိုညွှန်ပြသည့် မီးသွေးအိတ် အတွင်းမှ သက်သေခံ ဘိန်းဖြူများတွေ့ရှိခဲ့ကြောင်းထွက်ဆိုကြသည်။ အဆိုပါ ရပ်ကွက်ပြည်သူ့ ကောင်စီဝင်များသည် လည်းကောင်း၊ အိမ်ရှင် မောင်မျိုးမြင့်ထွန်းသည် လည်းကောင်း အယူခံတရားလိုနှင့် သင့်မြတ်မှု မရှိကြောင်း ပေါ်ပေါက် ခြင်း မရှိသည့်အလျောက် မတရားထွက်ဆိုဘွယ်ရာ အကြောင်းမရှိနိုင်ပေ။ သို့ဖြစ်၍ သက်သေခံဘိန်းဖြူများမှာ မောင်မျိုးမြင့်ထွန်း (လိုပြ—၂) ၏ နေအိမ်မှ သိမ်းဆည်း ရခဲ့မိသည်မှာ မှန်သော်လည်း အမှုတွဲရှိ သက်သေ ခံ အချက်အလက်များအရ ယင်းပစ္စည်းပိုင်ရှင်မှာ အယူခံတရားလို ရန် စံလင်း(ခ) ကျော်သိန်းဖြစ်သည်ဟု ကောက်ယူရပေမည်။

၁၉၈၆
ရန်ဝံလင်း
(ခ)
ကျော်သိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

အယူခံ တရားလို၏ ရှေ့နေက မောင်မျိုးမြင့်ထွန်းက ဦးလှမောင်ထံ သွားရောက်တိုင်ကြားစဉ်က မီးသွေးအိတ် လာထားသူမှာ တရားခံပြေး မောင်ကျော်မြင့်ဖြစ်သည်ဟု သတင်းပေးခဲ့ကြောင်း၊ ဦးလှမောင်၏ထွက်ချက်အရ ပေါ်ပေါက်သည်ဖြစ်၍ တရားရုံးရောက်မှ မောင်မျိုးမြင့်ထွန်းက အယူခံတရားလိုအား ပြောင်းလဲ စွပ်စွဲခြင်းကို လက်ခံရန် မသင့်ကြောင်း ဖော်ပြလျှောက်ထားသည်။ မောင်မျိုးမြင့်ထွန်းသည် အယူခံတရားလိုအား မမှန်မကန်စွပ်စွဲရန်အကြောင်းမရှိသည့်ပြင် ဦးလှမောင်အနေဖြင့် အမှတ်မှားခြင်းလည်း ဖြစ်နိုင်သဖြင့် လျှောက်လဲတင်ပြချက်ကို လက်ခံရန် မသင့်ပေ။

သက်သေခံဘိန်းဖြူထုပ်များကို မောင်မျိုးမြင့်ထွန်းထံတွင် အယူခံတရားလိုက အပ်နှံထားသည်ဖြစ်၍ ဥပဒေသဘောအရ အယူခံတရားလို၏ကြီးကြပ်မှုအောက်တွင် ထားရှိသည်ဟု မှတ်ယူရမည် ဖြစ်၍ အယူခံတရားလို လက်ရှိဖြစ်သည်ဟု ကောက်ယူသင့်ပေသည်။ အမှုတွဲရှိ သက်သေခံချက်များအရ သက်သေခံဘိန်းဖြူများကို သယ်ဆောင်မှုဖြင့် ပြစ်မှု တွေ့ရှိခြင်းထက် အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ယင်းဘိန်းဖြူများကို လက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုတွေ့ရှိခြင်းက ပို၍ မျှတ မှန်ကန်မည်ဟု ယူဆသည်။

အယူခံတရားလိုအပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၁၀(ခ)/၁၁ အရ ပြစ်မှု တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ အယူခံတရားလို၏ ရှေ့နေက အယူခံ တရားလိုသည် ဘိန်းဖြူများရောင်းချခဲ့ကြောင်း သို့မဟုတ် ရောင်းချရန်အားထုတ်ခဲ့ကြောင်း သို့မဟုတ် ရောင်းချရန် အားပေးကူညီခဲ့ကြောင်း ပေါ်လွင်ခြင်း မရှိပါဘဲလျက် အဆိုပါဥပဒေပုဒ်မ ၁၀(ခ)/၁၁ အရ အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၀(က) နှင့် (ခ)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"၁၀(က) မည်သူမျှ မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချခြင်းမပြုရ။

(ခ) မည်သူမဆို ဤ ပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင် ထောင်ဒဏ်အနည်းဆုံး (၁၀)နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်အထိနှင့် ငွေဒဏ် ကျပ်ငါးသောင်း သို့မဟုတ် သေဒဏ် ချမှတ်ခြင်း ခံရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် မူးယစ်ထုံထိုင်းဆေး

ဖြစ်စေတတ်သောဆေးဝါး၊ ယင်းဆေးဝါးများရောင်းချရာတွင်အသုံးပြုသည့် ပစ္စည်းကိရိယာ တန်ဆာပလာများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ မြေနှင့်အဆောက်အဦးများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။''

အဆိုပါ ဥပဒေ ပုဒ်မ ၁၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

''မည်သူမဆို ဤဥပဒေ အရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေး ကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကို ခံရမည်။''

သက်သေခံဘိန်းဖြူများမှာ ပမာဏများပြားသည့်အလျောက် အယူခံတရားလိုသည် ယင်းဘိန်းဖြူများကို ရောင်းချရန် ရည်ရွယ်ချက်ဖြင့် လက်ဝယ်ထားကြောင်း ယုံမှားဘွယ်မရှိချေ။ ပြစ်မှုတစ်ရပ်ကို ကျူးလွန်ရာတွင် ပြစ်မှုကျူးလွန်ရန် ကြံရွယ်ခြင်း၊ ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခြင်း၊ ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်း၊ ပြစ်မှုကို ကျူးလွန်ခြင်း ဟူ၍ အဆင့် လေးဆင့်ရှိရာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ရန် ရည်ရွယ်ချက်ရှိသူအား အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားခြင်း မရှိကြောင်း တွေ့ရသည်။

ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိခြင်းနှင့် ရည်ရွယ်သည့် ပြစ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်း ကြားတွင် ပြစ်မှုကျူးလွန်ရန် ပြင်ဆင်ခြင်းတည်းဟူသော အဆင့်တစ်ဆင့်ရှိသေးသည်ဖြစ်ရာ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ရုံမျှဖြင့် ပြစ်မှုကျူးလွန်ရန် အားထုတ်ရာ ရောက်သည်ဟု ကောက်ယူရန် မဖြစ်နိုင်ချေ။ အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများ ရောင်းချရန် ကြံရွယ်ချက်ဖြင့် လက်ရှိထားကြောင်း ပေါ်လွင်သဖြင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်** ဟု ကောက်ယူခဲ့ဟန်တူပေသည်။ အမှုတွင် အယူခံတရားလိုသည် သက်သေခံဘိန်းဖြူများကို ရောင်းချရန်အတွက် ရှေးရှုသော ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ကြောင်း ကောက်ယူနိုင်ရန် အထောက်အထား မရှိ၍ လုံး သဖြင့် သက်သေခံဘိန်းဖြူများ၏ ပမာဏ သက်သက်ကိုကြည့်၍ အယူခံ တရားလိုသည် ယင်းဘိန်းဖြူများကို **ရောင်းချရန် အားထုတ်သည်** ဟု မကောက်ယူသင့်ပေ။ ဗဟိုတရားရုံး အပါအဝင် တရားရုံး အဆင့်ဆင့်က တရားခံတစ်ဦး၏ ပြုလုပ်မှု တစ်ခုခုသည် ပြစ်မှုမြောက်မမြောက် သုံးသပ်ရာ၌အမှု

၁၉၈၆
ရန်စံလင်း
(ခ)
ကျော်သိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

ဖြစ်ရပ်ကို သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့်စပ်ဟပ်စိစစ်ပြီး အဆုံးအဖြတ်ပြုရသည်။ သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခွင့် မရှိချေ။ သက်သေခံဘိန်းဖြူများ၏ ပမာဏများပြားမှုသက်သက်ကို ထောက်ချင့်၍ အယူခံတရားလိုသည် ယင်းဘိန်းဖြူများကို **ရောင်းချရန်အားထုတ်သည်** ဟု ကောက်ယူပါက ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များကို မိမိလိုရာသို့ဆွဲ၍ အလွန်ဆန့်ယူရာ ရောက်ပေလိမ့်မည်။ ဗဟိုတရားရုံးအပါအဝင် တရားရုံး အဆင့်ဆင့်သည် ဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းချက်အတိုင်း ကောက်ယူရန်သာဖြစ်သည်။ပြဋ္ဌာန်းချက်တွင် မပါရှိသည့်ကိစ္စကို ဖြည့်စွက်၍ကောက်ယူမည်ဆိုပါက ဥပဒေ ပြုရာ ရောက်ပေလိမ့်မည်။ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ အန္တရာယ်ကို ထိရောက်အောင်မြင်စွာ ကာကွယ် တိုက်ဖျက်နိုင်ရန် ရည်ရွယ်၍ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြဋ္ဌာန်းထားခြင်း ဖြစ်၍ ပြစ်မှု ကျူးလွန်သူအား ထိရောက်သော ပြစ်ဒဏ်ချမှတ်ရန်လိုအပ်ပေသည်။ သို့သော် တရားခံတစ်ဦးသည် ယင်းဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပေါ်လွင်မှသာ အပြစ်ပေးနိုင်မည်ဖြစ်သည်။

အယူခံတရားလိုသည် သက်သေခံ ဘိန်းဖြူများကို **ရောင်းချရန်အားထုတ်သည်** ဟု ကောက်ယူနိုင်ရန် အထောက်အထား အလုံအလောက် မရှိကြောင်း အထက်တွင် သုံးသပ်ခဲ့ပြီး ဖြစ်သည်။ ထို့ပြင် မောင်မျိုးမြင့်ထွန်း၏ ထွက်ဆိုချက်အရ အယူခံတရားလိုသည် သက်သေခံ ဘိန်းဖြူများ ရောင်းချရန် မောင်မျိုးမြင့်ထွန်းအား အားပေး ကူညီကြောင်း ပေါ်လွင်ခြင်း မရှိသည့်အပြင် ရောင်းချရန်အတွက် မောင်မျိုးမြင့်ထွန်းနှင့်ပူးပေါင်းကြံစည်ကြောင်းလည်း မထင်ရှားချေ။ ထို့ကြောင့်အယူခံတရားလိုအပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၀ (ခ) / ၁၁ အရ ချမှတ်သည့် သေဒဏ်ကို ပယ်ဖျက်ပြီး သက်သေခံ ဘိန်းဖြူများကို လက်ဝယ်ထားသည့်အတွက် ပြစ်ဒဏ်ပြောင်းလဲပေးသင့်ပေသည်။

အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသော အချက်မှာ အယူခံ တရားလို ကဲ့သို့ မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကို ရောင်းချရန် ကြံရွယ်ချက်ဖြင့် လက်ဝယ်ထားသူအား သာမန်လက်ဝယ်ထားသူနှင့် တပြေးတည်း ပြစ်ဒဏ်ပေးခြင်းသည် လျော်ကန်မှုရှိမရှိဖြစ်သည်။ မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကို ရောင်းချရန် အတွက် လက်ဝယ်ထားသူသည် သာမန်လက်ဝယ်ထားသူထက် ပို၍ ကြီးလေးသော ပြစ်မှုကို ကျူးလွန်ရာရောက်သဖြင့် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၆ (ခ) ၌ သတ်မှတ်ထားသော ပြစ်ဒဏ်ထက် ပို၍ကြီးမားသော ပြစ်ဒဏ်ကို သတ်မှတ်သင့်ပေသည်။

၁၉၈၆
ရန်စံလင်း
(ခ)
ကျော်သိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

အယူခံတရားလိုသည် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကို ရံဖန်ရံခါ သုံးစွဲကြောင်း ကောက်ယူ၍ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ အပြစ် တွေ့ရှိခြင်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သည့်နေ့မှာ ၁၄–၉–၈၄ နေ့ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၈၅ ကို ၂၉–၃–၈၅ နေ့တွင် ထုတ်ပြန်ခဲ့သည်ဖြစ်ရာ အယူခံတရားလိုအား ယင်းကြော်ငြာစာပါ ညွှန်ကြားချက်ကို ဖောက်ဖျက်မှုဖြင့် အရေးမယူနိုင်ပေ။ **မောင်သူရအောင်နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (၁)** စီရင်ထုံးကို ကြည့်ပါ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မူလမြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး အယူခံတရားလိုအပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ ပြစ်မှုတွေ့ရှိကာ အလုပ်ဖြင့်ထောင်ဒဏ် ၁၀ နှစ်နှင့် ဒဏ်ငွေ ကျပ် ၁၀၀၀၀/– (ကျပ်တသောင်း) ပေးဆောင်ရန်နှင့် မပေးဆောင်ပါက နောက်ထပ် အလုပ်ဖြင့် ထောင်ဒဏ်နှစ်နှစ်ခွဲ ကျခံစေရန် ပြင်ဆင် အမိန့်ချမှတ်သည်။

သက်သေခံ ပစ္စည်းများနှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ချမှတ်သော အမိန့်တို့ကို အတည်ပြုလိုက်သည်။

---

(၁) ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာမျက်နှာ ၁၅။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ်ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ကျော် နှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မောင်ကျော်ဆွေ

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ပါ (၂)*

† ၁၉၇၆ ဇူလိုင်လ ၄ ရက်

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က– အမှုစစ်ဆေးဆဲ ကာလအတွင်း သက်သေခံပစ္စည်းပြန်ပေးခြင်းနှင့် စပ်လျဉ်း၍ တရားရုံးက အမိန့်ချမှတ်ပိုင်ခွင့်–တရားခံထွက်ပြေးနေသဖြင့် အမှုမပြီးပြတ်မီ အတောအတွင်း သက်သေတစ်ဦးထံမှ သိမ်းဆည်းထားသော သက်သေခံ ငွေများကို တရားလိုသို့ ပြန်လည် ပေးအပ်ထားခြင်းထက် တရားရုံး၏ ထိန်းသိမ်းမှု အောက်တွင် ထားရှိခြင်းက ပိုမိုမျှတမှန်ကန်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆-က အရ အမှု စစ်ဆေးဆဲ ကာလ အတွင်း သက်သေခံ ပစ္စည်း ပြန်ပေးခြင်းနှင့် စပ်လျဉ်း၍ တရားရုံးအနေဖြင့် သင့်မြတ်သည့် အမိန့်ကို ချမှတ်နိုင်ပေသည်။ ယခု အမှုမှာ တရားခံ ထွက်ပြေးတိမ်းရှောင်သွားသည့်အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၂ အရ တရားခံပြေး အမှု အဖြစ် ဆက်လက် ဆောင်ရွက်ရန် ရှိသဖြင့် အမှုမှာ ပြီးပြတ်သွားသည် မဟုတ်သေးပေ။ ဤ အခြေအနေတွင် သက်သေ တစ်ဦး ထံမှ သိမ်းဆည်းထားသော သက်သေခံ ငွေများကို တရားလိုသို့ ပြန်လည် ပေးအပ်ထားခြင်းထက် အမှု မပြီးပြတ်မီ အတောအတွင်း တရားရုံး၏ ထိန်းသိမ်းမှု အောက်တွင် ထားရှိခြင်းက ပိုမို မျှတ မှန်ကန်မည် ဖြစ်ပေသည်။

လျှောက်ထားသူအတွက် –ဒေါ်ခင်နှင်းဆီ၊ ဗဟိုတရားရုံး ရှေ့နေ

လျှောက်ထားခံရသူအတွက် –ဦးစိုးဝင်း၊ ဥပဒေဝန်ထမ်းအဆင့်(၁)

တရားရေးအကြံပေး –ဦးဝင်းလှိုင်

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၆၃၄ (ခ)

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၃၂ တွင် ချမှတ်သော (၂၇-၆-၇၅) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး အမိန့်ကို လျှောက်ထားမှု

၁၉၈၆
မောင်ကျော်ဆွေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ရန်ကုန်တိုင်း လသာမြို့နယ် တရားရုံး ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၇၉၄/၇၄တွင် သက်သေခံငွေများကို အယူခံရက်ကျော်လွန်က တရားလိုသို့ ပြန်ပေးစေရန် အမိန့် ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို မောင်ကျော်ဆွေက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားခဲ့ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှု တင်သွင်းသည်။

အမှုမှာ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၂၉ နေ မမူမူသွင်က ၎င်းထံမှ စိန်၊ရွှေ၊လက်ဝတ် ရတနာများကို မငယ်ငယ်အောင်က လိမ်လည် ယူသွားကြောင်း တိုင်တန်းချက်အရ သက်ဆိုင်ရာ လသာမြို့နယ် ပြည်သူ့ ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ အရေးယူ တရားစွဲဆို တင်ပို့ခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူက ပြင်ဆင်မှု အကြောင်းပြချက်အဖြစ် တင်ပြရာတွင် သက်သေခံ ပစ္စည်းကို တရားလိုသို့ ပြန်ပေးသော အမိန့်မှာ တရားခံထံမှ သိမ်းဆည်းခဲ့သော ပစ္စည်းများ အပေါ်တွင်သာ ဆုံးဖြတ်သင့်ကြောင်းနှင့် အမှု ပြီးပြတ်ခြင်း မရှိသေးဘဲ သက်သေ တစ်ဦးထံမှ သိမ်းဆည်းထားသော ငွေကို တရားလိုသို့ ပြန်ပေးရန် ဆုံးဖြတ်ခြင်းမှာ အမှုကို အပြီးသတ် ဆုံးဖြတ်သည့်သဘောသက်ရောက်နေသဖြင့် မှားယွင်းကြောင်း တင်ပြသည်။

မြို့နယ်တရားရုံး အမှုတွဲကို လေ့လာရာတွင် ၁၆-၁၂-၇၄ရက် နေ့စွဲပါ အမှု နေ့စဉ်မှတ်တမ်း၌ "အမှုအား ပိတ်သိမ်းပြီး တရားခံပြေးအရ ဆောင် ရွက်ရန်၊ တရားလို၏ သက်သေခံငွေ များအား အယူခံရက်လွန်က ပြန်ပေး စေ" ဟူ၍ မှတ်တမ်း တင်ထားသည်ကို တွေ့ရသည်။ အချင်းဖြစ် အမှုတွင် သက်သေခံအဖြစ် ရုံးရှေ့သို့ တင်ပြထားသော ပစ္စည်းသည် လျှောက်ထား ခံရသူ မမူမူသွင်ထံမှ လိမ်လည်ရယူသွားသည့် စိန်၊ရွှေ၊ လက်ဝတ် ရတနာ ပစ္စည်းများ မဟုတ်ဘဲ ယင်း ပစ္စည်းများကို ရောင်းချ၍ ရသည် ဆိုသည့် ငွေသားများနှင့် အသွင်ပြောင်းထား သာ ရွှေတုံး(၂)တုံး ဖြစ်သည်။ အဆိုပါ ငွေသားများမှာ တရားခံ မငယ်ငယ်အောင်က မမူမူသွင် ထံမှ လိမ်လည် ရယူသွားသော ပစ္စည်းများ မဟုတ်ပေ။ ထို့ပြင် တရားလိုသို့ ပြန်လည် ထုတ်ပေးစေရန် အမိန့်ချမှတ်ထားသည့် သက်သေခံငွေ ကျပ် ၂၃၁၀၀/-အနက်မှ ငွေ ကျပ် ၇၁၀၀/-မှာ သက်သေ မောင်ကျော်ဆွေ ထံမှ သိမ်းဆည်းခဲ့သော ငွေဖြစ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆-က အရ အမှု စစ်ဆေးဆဲ ကာလအတွင်း သက်သေခံ ပစ္စည်း ပြန်ပေးခြင်းနှင့် စပ်လျဉ်း၍ တရား ရုံး အနေဖြင့် သင့်မြတ်သည့် အမိန့်ကို ချမှတ်နိုင်ပေသည်။ ယခုအမှုမှာ တရားခံ ထွက်ပြေး တိမ်းရှောင်သွားသည့် အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၂ အရ တရားခံပြေးအမှုအဖြစ် ဆက်လက်ဆောင်ရွက်ရန်ရှိနေပြီး အမှု ပြီးပြတ်သွားသည် မဟုတ်သေးပေ။ မြို့နယ်တရားရုံးက တရားခံပြေး အမှု ဖွင့်လှစ် ဆောင်ရွက်ရန် အမိန့် ချမှတ်ထားသော်လည်း ပြစ်မှုဆိုင်ရာ

၁၉၈၆
မောင်ကျော်
ဆွေနှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

ကျင့်ထုံး ဥပဒေပုဒ်မ ၈၇နှင့် ၈၈ တို့အရ ဆောင်ရွက်ထားသည်ကို မတွေ့ရသဖြင့် တရားခံအပေါ် ပြစ်မှုကျူးလွန်ဖွယ်ရာရှိမရှိ အမိန့်ချမှတ်ခြင်းလည်း မပြုရသေးပေ။ ဤ အခြေအနေတွင် သက်သေ တစ်ဦး ထံမှ သိမ်းဆည်းထားသော သက်သေခံငွေ များကို တရားလိုသို့ ပြန်လည်ပေးအပ်ထားခြင်းထက် အမှုမပြီးပြတ်မီ အတောအတွင်း တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိခြင်းက ပိုမို မျှတ မှန်ကန်မည် ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားသူထံမှ သိမ်းဆည်းထားသော သက်သေခံငွေ ကျပ် ၈၁၀၀/-ကို တရားရုံးများလက်စွဲ အပိုဒ် ၁၀၈၉ နှင့်အညီ မြို့နယ် တရားရုံး၏ ထိန်းသိမ်းမှု အောက်တွင် ထားရှိရန် အမိန့်ချမှတ်သည်။

# ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးတွမ်မှုန်း၊အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မောင်မောင်အေးနှင့် ဦးဝင်းမောင်(၁)တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၆ ဇူလိုင်လ ၂၉ ရက်

မောင်စိုးနိုင်(ခ)မောင်ပယ်

နှင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ပါ (၂)*

**တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၂ ၏ ခြွင်းချက်– ဒေသဆိုင်ရာတရားရုံးတစ်ရုံးအပေါ် မထီမဲ့မြင်ပြုလုပ်ခြင်းအတွက် ပြစ်မှုဆိုင်ရာ ဥပဒေဖြင့် အရေးယူလိုက်လျှင် တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှုဥပဒေအရ အရေးယူပိုင်ခွင့် မရှိခြင်း။**

မြစ်ကြီးနား မြို့နယ် တရားရုံးတွင် ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၁၁၁၇/၈၄ ၌ တရားလို၏ အကျိုးဆောင် ဦးပေါ်ဦးက တရားရုံးရှေ့တွင် ကိုယ်နှုတ်အမူအရာ ရိုင်းပျစွာ ဒေါသတကြီး အော်ပြောခဲ့ကြောင်း ဖော်ပြလျက် တရားခံ မောင်စိုးနိုင်က ဦးပေါ်ဦးအပေါ် တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် ဗဟိုတရားရုံးတွင် အထွေထွေ လျှောက်လွှာတင်သွင်းသည်။

**ဆုံးဖြတ်ချက်။** ။လက်အောက်ခံ တရားရုံးများ၌ တရားရုံးကို မထီမဲ့မြင် ပြုလုပ်သူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေတွင် အရေးယူနိုင်ရန် သီးခြား ပြဋ္ဌာန်းချက်ရှိလျှင် ဗဟိုတရားရုံးအနေဖြင့် တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၂ အရ အရေးယူပိုင်ခွင့်မရှိကြောင်း ယင်းပုဒ်မ၏ ခြွင်းချက်တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ မောင်စိုးနိုင်၏ ဦးပေါ်ဦးအပေါ် စွပ်စွဲချက်များသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ တွင် အကျုံးဝင်နေသည့်အတွက် ဦးပေါ်ဦးအပေါ် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေအရ အရေးယူရန် အကြောင်းမပေါ်ပေါက်ချေ။

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ အမှတ် ၃

† တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှု ဥပဒေပုဒ်မ ၃ အရ လျှောက်ထားမှု

လျှောက်ထားသူအတွက် — ဦးလွန်းမောင်၊ ဗဟိုတရားရုံး ရှေ့နေ

လျှောက်ထားခံရသူများအတွက် — ၁။ ဦးတင်မြင့်၊ ဥပဒေ ဝန်ထမ်း အဆင့် (၁)

၂။ ဦးထွန်းကြည်၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးတင်နွယ် (ညွှန်ကြားရေးမှူး)

၁၉၈၆
မောင် စိုး နိုင်
(ခ)
မောင်ပယ်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာ
နိုင်ငံတော်

လျှောက်ထားသူ မောင်စိုးနိုင် (ခ) မောင်ပယ်က ဦးပေါ်ဦး အပေါ် တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် ဤအထွေထွေလျှောက်လွှာကို တင်သွင်းသည်။

မောင်စိုးနိုင် (ခ) မောင်ပယ်သည် ဦးခင်အောင်၏ ညီဖြစ်သည်။ ဒေါ်သန်းနုမှာ ဦးခင်အောင်၏ ဇနီးဖြစ်သည်။ ၄-၇-၈၄ နေ့၌ ကွယ်လွန်ခဲ့သော ဦးခင်အောင်မှ ကျန်ရစ်ခဲ့သည့် ဒတ်ဆန်းကားနှင့် စပ်လျဉ်းပြီး ဒေါ်သန်းနုက မောင်စိုးနိုင်(ခ)မောင်ပယ် အပေါ် မြစ်ကြီးနားမြို့နယ် တရားရုံး (တရားခွင်-၃)၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၁၇/၈၄တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုသည်။ အဆိုပါအမှုမှ တရားလို ဒေါ်သန်းနုအတွက် အကျိုးဆောင်ဦးပေါ်ဦးနှင့် ဦးနန်းဇင်းလတ်တို့က လိုက်ပါဆောင်ရွက်သည်။ တရားလို ဒေါ်သန်းနုအား စစ်ဆေးစဉ် မောင်စိုးနိုင်၏ အကျိုးဆောင်က ၂၁-၇-၈၄ နေ့စွဲပါ စာချုပ်ကို ဦးပေါ်ဦး၏ ရှေ့မှောက်၌ ရေးယူခြင်းမှန်သလားဟု မေးမြန်းသဖြင့် ဦးပေါ်ဦးက ရုံးတော်၏ ခွင့်ပြုချက်ကို မတောင်းခံဘဲ ဒေါ်သတကြီး ကိုယ်နှုတ် အမူအရာ ရိုင်းပျစွာဖြင့် "ဤမေးခွန်းမှာ ကျွန်တော့်အား ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှုသာဖြစ်တယ်။ ကျွန်တော် တရားသူကြီး (၄)နှစ် လုပ်ခဲ့ဖူးတယ်။ ပါတီကေဒါတစ်ဦးဖြစ်တယ်၊ အခြေခံ အလုပ်သမား အစည်းအရုံးရဲ့ ဥက္ကဋ္ဌလည်းဖြစ်တယ်။ ယခုအမှုမှာ တစ်ဘက်အကျိုးဆောင်က ကျွန်တော့်ကို ဒီအမှုမှာ လိုက်ပါ မဆောင်ရွက်ရေးအတွက် ကြိုးပမ်းတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီး စီရင်ထုံးတစ်ခုထွက်လာနိုင်တယ်။ ယခင်ကလည်း မသန်းနု အကျိုးဆောင်ပဲ၊ ယခုလည်း မသန်းနုအကျိုးဆောင်ပဲ၊ နောင်လည်း မသန်းနုအကျိုးဆောင်ပဲ" ဟု ပြောဆိုခဲ့ကြောင်း၊ ထို့အပြင် မြို့နယ်တရားရုံးက အကြောင်းခြင်းရာနှင့် စပ်ဆိုင်လျက်ရှိသော မေးခွန်းဖြစ်သဖြင့် ဆက်လက်မေးမြန်းရန် ပြောသောအခါ တရားရုံး၏အမိန့်ကို မနာခံဘဲ "ဒီအမှုကို တရားမစွဲတင်ခင် (၂)ရက်ကတည်းက ခုံ(၃)ကိုရောက်မယ်ဆိုတာသိနေရတယ်။ ဒီခုံကိုရောက်အောင်လဲ ကြိုးစားနေကြတယ်။ အစက ကျွန်တော်မသိပါဘူး၊ ကျွန်တော်နဲ့အတူ လိုက်ပါဆောင်ရွက်တဲ့အကျိုးဆောင်ဦးနန်းဇင်းလတ်က ပြောပြလို့သိရတယ်" ဟု တရားရုံးရှေ့တွင် ကိုယ်နှုတ် အမူ အရာ ရိုင်းပျစွာဖြင့် ဒေါ်သတကြီး အော်ပြောခဲ့ကြောင်း စသည်ဖြင့် ဖော်ပြ၍ ဦးပေါ်ဦးအပေါ် တရားရုံးများ

မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် ဗဟိုတရားရုံး တွင် ဤအထွေထွေလျှောက်လွှာကို တင်သွင်းသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်း ထားသည်—

"၂၂၈။ ပြည်သူ့ ဝန်ထမ်း တစ်ဦးသည် တရားစီရင်မှု ဆောင်ရွက် နေစဉ်၊ ထိုပြည်သူ့ဝန်ထမ်းကို မည်သူမဆို၊ တမင်စော်ကား လျှင်၊ သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်လျှင်၊ ထိုသူကို ခြောက်လထိ အလုပ်မဲ့နှင့် ထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

လက်အောက်ခံတရားရုံးများ၌ တရားရုံးကို မထီမဲ့မြင် ပြုလုပ်သူ အပေါ် ပြစ်မှုဆိုင်ရာဥပဒေတွင် အရေးယူနိုင်ရန် သီးခြားပြဋ္ဌာန်းချက်ရှိလျှင် ဗဟို တရားရုံးအနေဖြင့် တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု ဥပဒေပုဒ်မ ၂ အရ အရေးယူပိုင်ခွင့်မရှိကြောင်း ယင်းပုဒ်မ၏ ခြွင်းချက်တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ မောင်စိုးနိုင်၏ ဦးပေါ်ဦး အပေါ် စွပ်စွဲချက်များသည် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ တွင် အကျုံးဝင်နေသည့်အတွက် ဦးပေါ်ဦး အပေါ် တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေအရ အရေးယူရန်အကြောင်း မပေါ်ပေါက်ချေ။

ထို့ကြောင့် လျှောက်ထားသူ၏ အထွေထွေ လျှောက်လွှာကို ပယ် လိုက်သည်။

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

## ဥက္ကဋ္ဌ အဖြစ် ဦးခင်မောင်ကျော်၊ အဖွဲ့ဝင်များ အဖြစ် ဦးကိုကြီးနှင့် ဦးတွမ်မှုန်းတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးတက်ခေတ်(ခ)ဦးမြင့်လွင်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် *

† ၁၉၇၆ ဇူလိုင်လ ၂၃ ရက်

မအေးချို(ခ)မတင်ချိုပါ (၁၁)

**လောင်းကစား အက်ဥပဒေ ပုဒ်မ ၁၄ (က)ပါ ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ သတ်မှတ်ရက် ကျော်လွန်မှ စွဲတင်သည့် အမှုကို လက်ခံစီရင်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု မရှိခြင်း-ဝရမ်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုရန် လိုအပ်ခြင်း။**

မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးက ထုတ်ပေးသော ဝရမ်းမှာ ၂၆-၁-၇၃ နေ့တွင် ဖြစ်ပြီး၊ လောင်းကစားဝိုင်းကို ဝင်ရောက်ဖမ်းဆီးသောနေ့မှာလည်း ၂၆-၁-၇၃ နေ့ ဖြစ်သည်။ သို့ရာတွင် ဒဂုံ မြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့သောနေ့မှာ ၁၀-၂-၇၃နေ့ ဖြစ်သဖြင့် ဖမ်းဆီးပြီး(၁၅)ရက်ကြာမှ တရားစွဲ တင်ပို့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဒဂုံ မြို့နယ် တရားရုံးက ဒေါ်မြစိန်အား လောင်းကစား အက်ဥပဒေပုဒ်မ ၁၂ အရ ဒဏ်ငွေ ကျပ် ၅၀၀/- ပေးဆောင်ရန်နှင့် ကျန်တရားခံများ ဖြစ်ကြသော ဦးတက်ခေတ်(ခ)ဦးမြင့်လွင်ပါ (၁၁)ဦးတို့အား ယင်းအက်ဥပဒေပုဒ်မ ၁၁ အရ ဒဏ်ငွေကျပ် ၁၀၀/-စီ ပေးဆောင်ရန် အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးတက်ခေတ်က ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု ဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု ဆက်လက်တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။လောင်းကစား အက်ဥပဒေ ပုဒ်မ ၁၄ (က)တွင် ပုဒ်မ ၁၀ သို့မဟုတ် ၁၁ အရ ပြစ်မှုကျူးလွန်သည့်နေ့မှ (၇) ရက် အတွင်း

* ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၄၃ (ခ)
၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁ (က)

† ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၂၉ / ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၄၃ တို့တွင် ချမှတ်သော (၁၉-၁၀-၇၃) နှင့် (၃-၃-၇၃) ရက် နေ့စွဲပါ ရန်ကုန်အိုင်း (ဒဂုံမြို့နယ်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

ယင်း ပြစ်မှုနှင့် စပ်လျဉ်း၍ တရားရုံးသို့ တိုင်တန်းခြင်း၊ အစီရင်ခံခြင်း၊ သတင်းပေးခြင်း မပြုလျှင် သရားရုံးက ယင်း အမှုကို စစ်ဆေး စီရင်ခြင်း မပြုရဟု အတိအလင်း ပြဋ္ဌာန်းထားရာ ပုဒ်မ ၁၁ ဖြင့် ဦးတက်ခေတ်ပါ (၁၁)ဦးအပေါ် ဖမ်းဆီးပြီး (၁၅)ရက် ကြာမှ တရားစွဲ တင်ပို့ခြင်းမှာ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။၂၆–၁–၈၃ ရက် နေ့စွဲဖြင့် ဒဂုံ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးက ထုတ်ပေးခဲ့သော ဝရမ်းစာတွင် ရဲအုပ်ဦးသောင်းထွဋ်အား ဝရမ်းအတည်ပြုရန် တာဝန်ပေးပြီး ရှာရမည့်အိမ်မှာ ဦးတက်ခေတ် (ခ) ဦးမြင့်လွင်၏အိမ်ဖြစ်သည်။ သို့ရာတွင် သွားရောက်ရှာဖွေသူမှာ ရှာဖွေ ပုံစံ စာတိုင်(၉)အရ ရဲအုပ်ဦးသောင်းထွဋ်မဟုတ်ဘဲ ဒုရဲအုပ် ဦးတင့်ဆန်း ဖြစ်နေသည့် အပြင် ရှာဖွေခံရသော အိမ်မှာလည်း ဦးတက်ခေတ်၏ အိမ် မဟုတ်ဘဲ ဒေါ်မြစိန်၏အိမ် ဖြစ်ကြောင်း ပေါ်ပေါက်နေ၍ ဝရမ်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုခြင်း မဟုတ်ပေ။

လျှောက်ထားသူအတွက် – ဦးသိန်းရွှေ၊ဥပဒေဝန်ထမ်းအဆင့်(၁)
မလာ

လျှောက်ထားခံရသူအတွက် – ဦးသိန်းရွှေ၊ဥပဒေဝန်ထမ်းအဆင့်(၁)
မလာ

တရားရေးအကြံပေး – ဦးစိုးမြင့်

ဒဂုံမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၄၃/၈၃ တွင် ဦးတက်ခေတ် (ခ) ဦးမြင့်လွင်ပါ (၁၂)ဦးတို့ အပေါ် လောင်းကစား အက်ဥပဒေပုဒ်မ ၁၁/၁၂ အရ စွဲဆိုခဲ့ရာ ဒေါ်မြစိန်အား လောင်းကစား အက်ဥပဒေပုဒ်မ ၁၂အရ ဒဏ်ငွေ ကျပ် ၅၀၀/– ပေးဆောင်စေရန်နှင့် ကျန်တရားခံများ ဖြစ်ကြသော ဦးတက်ခေတ်(ခ)ဦးမြင့်လွင်ပါ (၁၁)ဦး တို့အား ယင်းအက်ဥပဒေပုဒ်မ ၁၁အရ ဒဏ်ငွေ ကျပ် ၁၀၀/စီ ပေးဆောင် စေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးတက်ခေတ်က ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု ဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟို တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၄၃(ခ)/၈၃ အရ ပြင်ဆင်မှုကို ဆက်လက်တင်သွင်းသည်။

ဦးတက်ခေတ်၏ပြင်ဆင်မှုအတွက် ၁၈–၄–၈၄ရက်နေ့ကလက်ခံသင့်မသင့် ကြားနာပြီးနောက် ပြင်ဆင်မှုကို လက်ခံကြောင်းနှင့် အပြစ်ပေးထားသော ကျန်တရားခံတို့အပေါ်တွင် ပြင်ဆင်မှု(က)ဖွင့်လှစ်ရန် ဗဟိုတရားစီရင်ရေး အဖွဲ့မှ ဆုံးဖြတ်ခဲ့သဖြင့် ပြင်ဆင်မှု ၁(က)/၈၄ကို ဖွင့်လှစ်ခဲ့သည်။

ပြင်ဆင်မှုအမှတ် ၆၄၃(ခ)/၈၃ နှင့် ပြင်ဆင်မှုအမှတ် ၁(က)/၈၄ တို့မှာ မူလ မြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် ၄၄၃/၈၃ တစ်မှုတည်းမှ

ပေါ်ပေါက်လာခြင်း ဖြစ်သဖြင့် ဤစီရင်ချက်သည် အဆိုပါ ပြင်ဆင်မှု နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၈၆
ဦးတက်ခေတ်
(ခ)
ဦးမြင့်လွင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်

အမှုမှာ ၂၆–၁–၈၃ ရက်နေ့ ၁၃း၃၀ နာရီခန့်က ဒဂုံမြို့နယ်၊ပြည်အရှေ့ရပ်ကွက်၊ အမှတ်(၁၈) ဘဒ္ဒလမ်းခြံတွင် လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ ဦးတက်ခေတ်၏အိမ်သို့ ဒုရဲအုပ် ဦးတင့်ဆန်းနှင့် အဖွဲ့က မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး၏ ဝရမ်းဖြင့် ဝင်ရောက် ရှာဖွေရာမှ လောင်းကစားကြသည်ဆိုသော ဦးတက်ခေတ်တို့ အပေါ် လောင်းကစား အက်ဥပဒေပုဒ်မ ၁၁/၁၂ အရ ဒုရဲအုပ် ဦးတင့်ဆန်းက တိုင်ချက်ဖွင့်ပြီး အရေးယူခဲ့သော အမှုဖြစ်သည်။

မြို့နယ် တရားရုံး အမှုတွဲကို လေ့လာသည့်အခါ လောင်းကစားဝိုင်းကို ဖမ်းသော နေ့သည် ၂၆-၁-၈၃ ရက်နေ့ ဖြစ်ပြီး ဝရမ်း ထုတ်ပေးသော နေ့စွဲမှာလည်း ၂၆-၁-၈၃ ရက်နေ့ပင် ဖြစ်သည်။ သို့ရာတွင် တရားစွဲ တင်ပို့သောနေ့မှာ ၁၀-၂-၈၃ ရက်နေ့ ဖြစ်သဖြင့် ဖမ်းဆီးပြီး (၁၅)ရက် ကြာမှ တရားစွဲ တင်ပို့ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

လောင်းကစား အက်ဥပဒေပုဒ်မ ၁၄(က) တွင် ပုဒ်မ ၁၀ သို့မဟုတ် ၁၁ အရ ပြစ်မှု ကျူးလွန်သည့် နေ့မှ (၇)ရက် အတွင်း ယင်း ပြစ်မှုနှင့် စပ်လျဉ်း၍ တရားရုံးသို့ တိုင်တန်းခြင်း၊ အစီရင်ခံခြင်း၊ သတင်းပေးခြင်း မပြုလျှင် တရားရုံးက ယင်းအမှုကို စစ်ဆေး စီရင်ခြင်း မပြုရဟု အတိအလင်း ပြဋ္ဌာန်းထားရာ ပုဒ်မ ၁၁ဖြင့် ဦးတက်ခေတ်ပေါ် (၁၁)ဦးအပေါ် ဖမ်းဆီးပြီး (၁၅) ရက်ကြာမှ တရားစွဲ တင်ပို့ခြင်းမှာ အဆိုပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်းတွေ့ရသည်။သို့ဖြစ်၍ ဦးတက်ခေတ်ပေါ် (၁၁)ဦးအပေါ် လောင်းကစား အက်ဥပဒေပုဒ်မ ၁၁ အရ အပြစ်ပေး ထားခြင်းမှာ မှန်ကန်သည်ဟုမဆိုနိုင်ပေ။ဗဟိုဥပဒေရုံးအတွက် လိုက်ပါသော ဥပဒေဝန်ထမ်းကလည်း "ယခု အမှုတွင် ဝရမ်းစာပါအတိုင်း အတိအကျ လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ လောင်းကစားဝိုင်း ဖမ်းဆီးပြီးမှ (၁၅)ရက် အကြာတွင် အမှုစွဲတင်ခဲ့ခြင်းတို့မှာ လောင်းကစား အက်ဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် ညီညွတ်မှုမရှိပါသဖြင့် မူလမြို့နယ်တရားရုံး၏အမိန့်ကို ဥပဒေ နှင့်အညီ ပြင်ဆင်ရန် လိုအပ်ပါသည်" ဟူ၍ တင်ပြသည်။

၂၆-၁-၈၃ ရက်နေ့စွဲဖြင့် ဒဂုံမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးက ထုတ်ပေး ခဲ့သော ဝရမ်းစာတွင် ရဲအုပ် ဦးသောင်းထွဋ်အား ဝရမ်း အတည်ပြုရန် တာဝန်ပေးပြီး ရှာရမည့်အိမ်မှာ ဦးတက်ခေတ်(ခ)ဦးမြင့်လွင်၏အိမ် ဖြစ် သည်။ သို့ရာတွင် သွားရောက်ရှာဖွေသူမှာ ရှာဖွေပုံစံစာတိုင်(၉) အရ ရဲအုပ် ဦးသောင်းထွဋ် မဟုတ်ဘဲ ဒုရဲအုပ် ဦးတင့်ဆန်း ဖြစ်နေသည့်အပြင် ရှာဖွေခံရသော အိမ်မှာလည်း ဦးတက်ခေတ်၏အိမ်မဟုတ်ဘဲ ဒေါ်မြစိန်၏ အိမ်ဖြစ်ကြောင်း ပေါ်ပေါက်နေ၍ ဝရမ်းကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုခြင်း မဟုတ်ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ အိမ်ရှင်ဒေါ်မြစိန်အား

၁၉၈၆
ဦးတက်ခေတ် (ခ) ဦးမြင့်လွင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

လောင်းကစား အက်ဥပဒေပုဒ်မ ၁၂ အရ အပြစ်ပေးထားခြင်းမှာလည်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဒဂုံ မြို့နယ် တရားရုံးနှင့် ရန်ကုန်တိုင်း တရားရုံးတို့က ဦးတက်ခေတ်(ခ)ဦးမြင့်လွင်ပါ (၁၂)ဦး အပေါ် လောင်းကစား အက်ဥပဒေပုဒ်မ ၁၁/၁၂ အရ အပြစ်ပေးထားခြင်းကို ပယ်ဖျက်ပြီး ၎င်းတို့ (၁၂)ဦးအား ဤအမှုမှ အပြီးအပြတ် လွှတ်စေရန် အမိန့် ချမှတ်သည်။ သက်သေခံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် ချမှတ်သော အမိန့်ကိုမူ အတည်ပြုသည်။

ဒဏ်ငွေများ ပေးဆောင်ပြီးက ပြန်ထုတ်ပေးစေ။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင်(၁)နှင့်
ဒေါက်တာ မောင်မောင်အေး တို့ ပါဝင်သော
ဗဟိုတရားစီရင်ရေး အဖွဲ့ ရှေ့တွင်

† ၁၉၇၆
ဒီဇင်ဘာလ
၂၂-ရက်

မောင်သောင်းပေါ် (၂)

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ*
မြန်မာနိုင်ငံတော်

လန်ဘားပေါ် (၇)

၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃-ယင်းဥပဒေ ပုဒ်မ အရ တရားစွဲဆိုနိုင်ရန် ယင်းဥပဒေ ပုဒ်မ ၄ အရ တရားစွဲဆိုခွင့်အမိန့်ကို တရားရုံးတွင် တင်ပြရန် လိုအပ်ခြင်း–တရားရုံးတွင် တရားစွဲဆိုခွင့်အမိန့် မတင်ပြမီ အချိန်က စစ်ဆေး မှတ်တမ်း တင်ထားသော သက်သေခံချက်များသည်၊ တရားစွဲဆိုခွင့် အမိန့် ရပြီး စွဲဆိုသော အမှုအတွက် တရားဝင်သော သက်သေခံချက်များ မဟုတ်ခြင်း–ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၀ကို ယင်းဥပဒေပုဒ်မ ၂၂၇၊ ပုဒ်မ ၂၂၈တို့နှင့် တွဲဖက် ဖတ်ရှုရန် လိုအပ်ခြင်း–ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁ အရ ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များသည် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သဖြင့် ပျက်ပြယ်ခြင်း–

---

* ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၃၅(ခ)နှင့် ၂၆(က)

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၁၄ နှင့် ၄၅၉ တို့တွင် ချမှတ်ထားသော (၇-၇-၇၅) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
မောင်သောင်း ပါ(၂)
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
လန်ဘား ပါ(၇)

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက် မချမှတ်မီ စွဲချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သော်လည်း ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ ယင်း ဥပဒေ ပုဒ်မ ၃ ဖြင့် စွဲချက်သို့ ပြောင်းလဲခြင်း မပြုနိုင်ခြင်း။**

ဗိုလ်တထောင်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၇၇/၈၄ တွင် တရားခံ ဝင်းသန်းနှင့် စိုးမြင့်တို့ (၂)ဦးအပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆(၁) အရ လည်းကောင်း၊ တရားခံ မောင်သောင်း၊ အောင်နိုင်၊ လန်ဘား၊ မြင့်စိုး၊ သော်ရာဂျူး၊ အိစမိုင်အင်နှင့် ဝင်းမော်ဟန်တို့ (၇)ဦး အပေါ် ယင်း ဥပဒေပုဒ်မ ၆(၁)/၉ တို့ အရ လည်းကောင်း၊ စွဲချက် တင်ကြောင်း ၂-၄-၈၅ရက် နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုသို့ စွဲချက်တင်ပြီးနောက် ၁၃-၆-၈၅ရက်နေ့တွင် ဝင်းသန်းနှင့်စိုးမြင့်တို့(၂)ဦးအပေါ်၊ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရလည်းကောင်း၊ ကျန်တရားခံ မောင်သောင်းပါ(၇)ဦးတို့အပေါ် ယင်းဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း၊ ပြောင်းလဲစွဲချက်တင်ကြောင်း အမိန့်ချမှတ်သည်။ ယင်းသို့ ပုဒ်မပြောင်းလဲ၍စွဲချက်တင်သော မြို့နယ် တရားရုံး၏ ၁၃-၆-၈၅ ရက်စွဲပါ အမိန့်ကို မောင်သောင်းနှင့် မောင်အောင်နိုင်တို့နှစ်ဦးက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှုလျှောက်ထားသော်လည်း မအောင်မြင်သဖြင့် ဗဟို တရားရုံးတွင် ပြင်ဆင်မှုဝင်ရောက်ကြသည်။ ဗဟိုတရားရုံးက ယင်းပြင်ဆင်မှုကိုလက်ခံပြီး ပြင်ဆင်မှု လျှောက်ထားခြင်း မရှိသော ပူးတွဲ တရားခံ လန်ဘားပါ(၇)ဦးတို့ အပေါ် ပြင်ဆင်မှုဖွင့်လှစ်အရေးယူခဲ့သည်။

**ဆုံးဖြတ်ချက်။** တရားစွဲဆိုခွင့်အမိန့် မတင်ပြမီ အချိန်က အမှုတွင် စစ်ဆေးမှတ်တမ်းတင်ထားသော သက်သေခံချက်တို့သည် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရစွဲဆိုသောအမှုအတွက် တရားဝင်သော သက်သေခံချက်များမဟုတ်ပေ။ သို့ဖြစ်ရာ တရားခံများအပေါ် အဆိုပါပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုနှင့် စပ်လျဉ်း၍ စွဲချက်တင်နိုင်ရန် အမှုတွဲတွင် သက်သေခံချက် အလျဉ်းမရှိဟု ဆိုရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၃၀ပါ ပြဋ္ဌာန်းချက်များကို တသီးတခြား ဖတ်ရှုရန်မဟုတ်ချေ။ ပုဒ်မ ၂၂၇နှင့် ပုဒ်မ ၂၂၈တို့နှင့် တွဲဖက်ဖတ်ရှုရန်ဖြစ်သည်။ ပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမှတ်မီ စွဲချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ဖြည့်စွက်

ခြင်းပြုလုပ်နိုင်သည်။ ထိုသို့ ပြောင်းလဲ ဖြည့်စွက်သည့် အခါ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ပုဒ်မ ၂၂ဂနှင့် ပုဒ်မ ၂၃၀ တို့တွင် ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** မြို့နယ် တရားရုံးက တရားခံများ အပေါ် ၁၉၆၃ ခုနှစ်၊ အမျိုးနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉တို့အရ စွဲချက် အသီးသီး တင်ခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များက ခွင့်ပြုသည်ဟု ကောက်ယူပါက အဆိုပါ ဥပဒေ ပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးကမျှ စစ်ဆေး စီရင် ပိုင်ခွင့်မရှိစေရဟူသော ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို အဟောသိကံ ဖြစ်စေမည်ဖြစ်၍ အထက်ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁ အရ ပုဒ်မ ၂၃၀ ပါပြဋ္ဌာန်းချက်များသည် ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု ကောက်ယူရမည်။

**ထပ်မံဆုံးဖြတ်ချက်။** ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမှတ်မီ စွဲချက်ကို ပြောင်းလဲခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်နိုင်သည်မှန်သော်လည်း ၁၉၆၃ခုနှစ်အမျိုးနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရဟု အဆိုပါ ဥပဒေပုဒ်မ ၄ တွင် ပိတ်ပင်ထားသည် ဖြစ်၍ မြို့နယ်တရားရုံးက တရားခံများအပေါ် ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ နှင့် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၉ အရ စွဲချက်အသီးသီးတင်ခြင်းသည် အဆိုပါ ဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပေသည်။

လျှောက်ထားသူများအတွက် — ဦးကိုယုနှင့် ဦးနေလ၊
ဗဟိုတရားရုံးရှေ့နေ

ဦးခင်မောင်ဦး၊ ဥပဒေ
ဝန်ထမ်း အဆင့်-၁

၁၉၈၆
မောင်သောင်း
ပါ (၂)
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
လန်ဘား
(၇)

၁၉၈၆
မောင်သောင်း
ပါ(၂)
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
လန်ဘား
ပါ(၇)

လျှောက်ထားခံရသူများအတွက် — ဦးခင်မောင်ဦး၊ ဥပဒေ ဝန်ထမ်း အဆင့်-၁

ဦးလှမြင့် (ရှေ့နေ)၊
ဦးမြင့် ကိုယ်တိုင်၊
ဦးကျော်ဝင်း (မော်)
ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးစိုးမြင့်

ဗိုလ်တထောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၇၇/၈၄ တွင် တရားခံ ဝင်းသန်းနှင့် စိုးမြင့်တို့ (၂) ဦး အပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ လည်းကောင်း၊ တရားခံမောင်သောင်း၊ အောင်နိုင်၊ လန်ဘား၊ မြင့်စိုး၊ သော်ရာဂျူး၊ အီစမိုင်အင်နှင့် ဝင်းမော်ဟန်တို့ (၇)ဦးအပေါ် ယင်း ဥပဒေ ပုဒ်မ ၆ (၁)/၉ တို့အရ လည်းကောင်း စွဲချက်တင်ကြောင်း ၂-၄-၈၅ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့သည်။ ထိုသို့စွဲချက်တင်ပြီးနောက် ၁၃-၆-၈၅ ရက်နေ့တွင် ဝင်းသန်းနှင့်စိုးမြင့်တို့(၂)ဦးအပေါ် ၁၉၆၃ ခုနှစ် အများနှင့် သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ လည်းကောင်း၊ ကျန်တရားခံ မောင်သောင်းပါ (၇) ဦးတို့အပေါ် ယင်း ဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရ လည်းကောင်း၊ ပြောင်းလဲစွဲချက်တင်ကြောင်း အမိန့်ချမှတ်သည်။ ယင်းသို့ ပုဒ်မ ပြောင်းလဲ၍ စွဲချက်တင်သော မြို့နယ်တရားရုံး၏ ၁၃-၆-၈၅ ရက်စွဲပါ အမိန့်ကို မောင်သောင်းနှင့် မောင်အောင်နိုင်တို့ (၂)ဦးက မကျေနပ်၍ ပယ်ဖျက်ပေးရန်အတွက် ရန်ကုန်တိုင်းတရားရုံးတွင် ပြင်ဆင်မှုဝင်ရောက်သော်လည်း မအောင်မြင်သောကြောင့် ဗဟိုတရားရုံး၊ ၁၉၈၅ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၃၅ (ခ) တွင် ပြင်ဆင်မှုဝင်ရောက်ကြသည်။ ထိုပြင်ဆင်မှုကို ဗဟိုတရားရုံးက ၂၂-၁၁-၈၅ ရက်နေ့တွင် လက်ခံကြောင်း အမိန့်ချမှတ်သည့်အပြင် ဗဟိုတရားရုံးသို့ ပြင်ဆင်မှု တက်ရောက်ခြင်း မရှိသော ပူးတွဲတရားခံလန်ဘားပါ(၇)ဦးတို့အပေါ် ပြင်ဆင်မှုဖွင့်ရန် အမိန့်ချမှတ်သဖြင့်၊ ၁၉၈၅ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၆ (က) ကို ဖွင့်လှစ်ခဲ့သည်။ ဤပြင်ဆင်မှုနှစ်မှုသည် မြို့နယ်တရားရုံး အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်သဖြင့် ဤစီရင်ချက်သည် အဆိုပါ ပြင်ဆင်မှု နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ဗိုလ်တထောင်ရဲစခန်းမှ ရဲအုပ်ဦးဝတင်က ဗိုလ်တထောင်မြို့နယ် အမှတ် (၂) ရပ်ကွက်၊ မေရီးလမ်းရှိ စားသောက်ကုန် နှင့် အထွေထွေ

၁၉၈၆
မောင်သောင်း
ပါ(၂)
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
လန်ဘား
ပါ(၇)

ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းပိုင် အေ၊အို၊ဒီ ဝင်းအတွင်းရှိ ဂိုဒေါင်သို့ယင်းကော်ပိုရေးရှင်း၏ဌာနစိတ်ဖြစ်သောဆိပ်ကမ်းရှင်းလင်းရေးအဖွဲ့က နိုင်ငံခြားမှ တင်သွင်းလာသည့် စားသုံးဆီများကို ဆိပ်ကမ်းမှ ကုန်တင်ကားများဖြင့် သယ်ယူစဉ် ၁၈-၅-၈၄ ရက်နေ့တွင် ယာဉ်အမှတ် ၈/၆၀၉၅ ကုန်တင်ကားဖြင့်တင်ပို့သော စားသုံးဆီမီပါအလုံး ၂၀ (တန်ဖိုးငွေကျပ် ၄၀၆၇၂/-) ကို ဂိုဒေါင်သို့ ပေးပို့ခြင်းမရှိဘဲ အလွဲသုံးစားပြုလုပ်ရောင်းချကြောင်း သတင်းရရှိသည်ဟူ၍ဖော်ပြပြီး အရေးယူပေးရန် ရဲအုပ်ဦးဝတင်က ဗိုလ်တထောင် ရဲစခန်း၌ တိုင်ချက်ဖွင့်ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

မြို့နယ်တရားရုံး အမှုတွဲကို လေ့လာရာ တရားခံ(၉)ဦးအပေါ် မူလတရားစွဲဆိုစဉ်က ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ ရဲက စွဲချက်ပြုလုပ် တင်ပို့သဖြင့် မြို့နယ်တရားရုံးက ထိုရဲစွဲချက်ကို လက်ခံ အရေးယူကာ တရားလိုပြ သက်သေများကို စစ်ဆေးပြီးနောက် တရားခံများအား ၂-၄-၈၅ ရက်နေ့တွင် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)နှင့် ပုဒ်မ၆(၁)/၉ တို့အရ အသီးသီး စွဲချက် တင်ခဲ့ကြောင်းနှင့် နောက်ပိုင်း ၁၃-၆-၈၅ ရက်နေ့တွင် တရားလိုဘက်မှ တရားခံများအပေါ် ၁၉၆၃ခုနှစ် အမျိုးနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုရန် ၂၇-၅-၈၅ ရက် နေ့စွဲပါ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ခွင့်ပြုမိန့်ရရှိကြောင်း တင်ပြလာချက်အရ မြို့နယ်တရားရုံးက တရားခံများ အပေါ် ၁၉၆၃ ခုနှစ် အမျိုးနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ လည်းကောင်း၊ ယင်းပုဒ်မ ၃ နှင့် ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရ လည်းကောင်း ပြောင်းလဲ၍ စွဲချက်တင်ခဲ့ကြောင်း တွေ့ရသည်။

လျှောက်ထားသူ မောင်သောင်းနှင့် မောင်အောင်နိုင်တို့၏ ရှေ့နေက ၁၉၆၃ ခုနှစ်၊အမျိုးနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ တရားစွဲဆိုရန် ခွင့်ပြုမိန့် လိုအပ်သည်ဖြစ်ရာ ယင်းခွင့်ပြုမိန့်မရမီစစ်ဆေးသော သက်သေခံချက်များအရ လျှောက်ထားသူတို့အပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)/၉ အရ စွဲချက်တင်ပြီးနောက် ၁၉၆၃ ခုနှစ်၊ အမျိုးနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲချက်အသစ် တစ်ရပ် ထပ်မံ တင်ခြင်းသည် ဥပဒေ အရ မှားယွင်းကြောင်း၊

၁၉၈၆
မောင်သောင်း
ပါ(၂)
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
လန်ဘား
ပါ(၇)

အဆိုပါ ဥပဒေပုဒ်မ ၄ အရ လိုအပ်သော ကြိုတင် ခွင့်ပြုမိန့် မပါရှိဘဲ အမှုကို စစ်ဆေးစီရင်ခြင်းမပြုနိုင်ဆိုသော တားမြစ်ချက်ကို ချိုးဖောက်ရာ ရောက်မည် ဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ ဝင်းမော်ဟန်၊ အီစမိုင်အင်နှင့် သော်ရာဂျူးတို့၏ ရှေ့နေက အမှုကိုရုပ်သိမ်း၍ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ကြိုတင် ခွင့်ပြုမိန့်ဖြင့် အမှုသစ် စွဲဆိုရန် ဖြစ်ကြောင်း၊ မြို့နယ်တရားရုံးသည် တရားခံများအပေါ် စွဲချက်ကို ပြောင်းလဲ ပြင်ဆင် ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ စိုးမြင့်၏ ရှေ့နေက ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုမှာ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုထက် ကြီးလေး သည် ဖြစ်၍ မြို့နယ်တရားရုံးက စွဲချက်ကို ပြင်ဆင်ခြင်းသည် တရားခံများ အား နစ်နာစေသည် ဖြစ်၍ ဥပဒေအရ မှားယွင်းကြောင်း လျှောက် ထားသည်။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့် ရှောက်ရေး ဥပဒေပုဒ်မ ၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်၊

> "ဤဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုကို ပြည်ထောင်စုမြန်မာ နိုင်ငံတော် အစိုးရ၏ အခွင့်အမိန့်မရှိဘဲ မည်သည့် တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ"

ဥပဒေဝန်ထမ်း အဆင့်(၁)က ပြဋ္ဌာန်းချက်များတွင် ကြိုတင်ခွင့်ပြုမိန့် ရယူရမည်ဟု ဖော်ပြထားခြင်းမရှိ၍ အမှုတင်ပြီး နောက်မှ တရားစွဲဆိုခွင့် အမိန့်ကို ရယူလျှင်လည်း တရားဝင်သည်ဟုယူဆကြောင်း တင်ပြလျှောက် ထားသည်။

နိုင်ငံတော် ကောင်စီ၏ ၁၉၇၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄ ၏ အပိုဒ် ၁ (ဃ) တွင် ဥပဒေ စကားရပ် များကို အစားထိုးပြောင်းလဲခြင်းအရ ၁၉၆၃ ခုနှစ်၊ အများနှင့် သက် ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၄ အရ တရား စွဲဆိုခွင့်အမိန့်ကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက ခွင့်ပြုရန် ဖြစ်သည်။ ယင်းဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ အဆိုပါ ဥပဒေပုဒ်မ ၄အရ စွဲဆိုသောအမှုကို မည်သည့် တရားရုံးကမျှ စစ်ဆေး စီရင်ပိုင်ခွင့်

မရှိသည့်အလျောက် ယင်းပုဒ်မအရ တရားခံတစ်ဦးအား တရားရုံးတွင် တရားစွဲဆိုသည့်အခါ ယင်းဥပဒေပုဒ်မ ၄ အရ လိုအပ်သည့် အမိန့်ကို တပါတည်းတင်ပြရန်လိုအပ်ကြောင်း ယုံမှားဖွယ်ရာမရှိချေ။

> ၁၉၈၆
> မောင်သောင်း ပါ(၂)
> ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
> နှင့်
> ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
> လန်ဘား ပါ(၇)

လက်နက်ဥပဒေပုဒ်မ ၁၉(စ) အရ တရားစွဲဆိုရာတွင် အဆိုပါ ဥပဒေ ပုဒ်မ ၂၉ အရ တရားစွဲဆိုခွင့်ပြုသည့် အမိန့် လိုအပ်သည်။ ယင်း တရားစွဲဆိုခွင့်အမိန့်မပါဘဲစွဲဆိုသောအမှုသည်ပျက်ပြယ်ကြောင်း၊ယင်း ချို့ယွင်းချက်ကို နောက်ပိုင်းတွင် တရားစွဲဆိုခွင့်အမိန့်တင်ပြခြင်းဖြင့် ကုစား၍မရနိုင်ကြောင်း၊ တရားစွဲဆိုခွင့်အမိန့်မတင်ပြမီစစ်ဆေးသော သက်သေခံချက်များကို နောက်ပိုင်းတွင် တရားခံ အပေါ် အသုံးမပြုနိုင်ကြောင်း **ပြည်ထောင်စု မြန်မာနိုင်ငံ နှင့် စံတင်** [1] အမှုတွင် ထုံးဖွဲ့ ထားသည်ကို တွေ့ရသည်။ **မောင်ခမ်ပန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ** [2] အမှုတွင်လည်း တရားစွဲဆိုခွင့် အမိန့်နှင့် စပ်လျဉ်း၍ အလားတူ ထုံးဖွဲ့ထားသည်။

၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုနိုင်ရန်အတွက် တရားစွဲဆိုခွင့် အမိန့် တောင်းခံထားဆဲတွင် ပြစ်မှုဆိုင်ရာ ဥပဒေအရ ဖြစ်စေ၊ ၁၉၄၇ ခုနှစ် ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ ဖြစ်စေ၊ တရားစွဲဆိုသောအမှုများကို ဆက်လက်စစ်ဆေးခြင်းမပြုဘဲ ၂ လ ထက် မပိုသော ကာလအထိ ဆိုင်းငံ့ထားရန် ပြည်သူ့တရားသူကြီးအဖွဲ့က ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် စွဲပါ စာအမှတ် ၁၀၆/၉၇/ ပတဖ အရ ပြည်နယ်၊ တိုင်း တရားသူကြီးအဖွဲ့များနှင့် မြို့နယ်တရားသူကြီး အဖွဲ့များအား ညွှန်ကြားထားသည်။ ရည်ရွယ်ချက်မှာ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၄ အရ လိုအပ်သည့် တရားစွဲဆိုခွင့် အမိန့်ကို ရရှိရန်အတွက် တရားလိုဘက်မှ ဆောင်ရွက်ရာတွင် အချိန်ရရှိစေရန်နှင့် ယင်းအမိန့်ရရှိသောအခါ စွဲဆိုထားသော အမှုကို ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းပြီး သက်ဆိုင်ရာတရားခံအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုနိုင်ရန် ဖြစ်သည်။

မြို့နယ်တရားရုံးက တရားလိုပြသက်သေများကို စစ်ဆေးပြီး ၂-၄-၈၅ ရက်နေ့တွင် တရားခံများ အပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင် ပစ္စည်း

---

(၁) ၁၉၄၀ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၃၃၉
(၂) ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၁၀၅
(တရား လွှတ်တော်)

၁၉၀၆
ခမောင်သောင်းပါ(၂)
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
လန်ဘား ပါ(၇)

ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) / ၉ တို့အရ စွဲချက် တင်ခဲ့သည်။ ထို့နောက် တရားခံများအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ တရားစွဲဆိုနိုင်ရန် အလို့ငှာ ယင်းဥပဒေပုဒ်မ ၄ အရ ခွင့်ပြုသည့် ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန၏ ၂၇-၅-၀၅ ရက်နေ့စွဲပါ တရားစွဲဆိုခွင့်အမိန့်ကို တရားလိုဘက်က ၁၃-၆-၀၅ ရက် နေ့ကျမှ မြို့နယ် တရားရုံး၌ တင်ပြခဲ့သဖြင့် မြို့နယ်တရားရုံးက ထိုနေ့တွင်ပင် တရားခံများ အပေါ် ယင်းဥပဒေပုဒ်မ ၃ အရ ပြောင်းလဲပြီး စွဲချက်တင်ခဲ့ကြောင်းတွေ့ရှိရသည်။

ယင်းတရားစွဲဆိုခွင့်အမိန့်မတင်ပြမီအချိန်က အမှုတွင် စစ်ဆေး မှတ်တမ်းတင်ထားသော သက်သေခံချက် တို့သည် အထက် ဖော်ပြပါ ဥပဒေ ပုဒ်မ ၃ အရ စွဲဆိုသောအမှုအတွက် တရားဝင်သော သက်သေခံချက်များမဟုတ်ပေ။ သို့ဖြစ်ရာ တရားခံများ အပေါ် အဆိုပါ ပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုနှင့် စပ်လျဉ်း၍ စွဲချက်တင်နိုင်ရန် အမှုတွဲတွင် သက်သေခံချက် အလျဉ်းမရှိဟု ဆိုရပေမည်။ တစ်ဖက်တွင် တရားခံများ အပေါ် စွဲချက်တင်ပြီးဖြစ်သည့်အလျောက် အမှုကိုရုပ်သိမ်းပါက သူတို့အား အမှုမှ အပြီးအပြတ် လွှတ်ရာ ရောက်မည် ဖြစ်၍ သူတို့ အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ ထပ်မံ တရားစွဲဆိုခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃(၁)ပါပြဋ္ဌာန်းချက်များကပိတ်ပင်မည်ဖြစ်ပေသည်။ **ကိုသိန်းဝင်းပါ ၂ ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်** [၃] အမှုကို ကြည့်ပါ။

ဥပဒေဝန်ထမ်းအဆင့်(၁)က ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၃၀ တွင် စွဲချက်အသစ် သို့မဟုတ် ပြောင်းလဲသည့်စွဲချက် သို့မဟုတ် ထပ်တိုးသည့် စွဲချက်သည် ကြိုတင်ခွင့်ပြုမိန့် လိုအပ်သည့် ပြစ်မှု ဖြစ်ပါက ခွင့်ပြုချက်မရမချင်း အမှုကို ဆက်လက် စစ်ဆေးခြင်း မပြုရဟု သတ်မှတ်ထားကြောင်း၊ ယခုအမှု၌ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တရားစွဲဆိုခွင့်အမိန့် ရရှိပြီးနောက်မှ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ စွဲချက်တင်ပြီး စစ်ဆေးခြင်းဖြစ်ကြောင်း စသည်ဖြင့် လျှောက်ထားသည်။

---

(၃) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၁၂၆။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၀ ၌ စွဲချက်အသစ်တွင် ဖြစ်စေ၊ ပြောင်းလဲသော သို့မဟုတ် ဖြည့်စွက်သော စွဲချက်တွင်ဖြစ်စေ၊ ဖော်ပြသည့် ပြစ်မှုသည် တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်လိုသော ပြစ်မှုမျိုး ဖြစ်ပါက စွဲချက်အသစ် သို့မဟုတ် ပြောင်းလဲသော သို့မဟုတ် ဖြည့်စွက်သော စွဲချက် အခြေပြုသည့် အကြောင်းခြင်းရာများ အရ၊ တရားစွဲဆိုခွင့် အမိန့် ရရှိပြီး မဟုတ်လျှင် ယင်းအမိန့် မရမီ အမှုကို ဆက်လက် ဆောင်ရွက်ခြင်း မပြုရဟု ပြဋ္ဌာန်းထားခြင်းသာ ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များကို တသီးတခြား ဖတ်ရှုရန် မဟုတ်ချေ။ ပုဒ်မ ၂၂၇ နှင့် ပုဒ်မ ၂၂၈ တို့နှင့် တွဲဖက်ဖတ်ရှုရန်ဖြစ်သည်။ ပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက်မချမှတ်မီ စွဲချက်ကို ပြောင်းလဲခြင်း၊ သို့မဟုတ် ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်။ ထိုသို့ ပြောင်းလဲဖြည့်စွက်သည့်အခါ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများကို ပုဒ်မ ၂၂၈ နှင့် ပုဒ်မ ၂၃၁ တို့တွင် ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁ တွင် ဆန့်ကျင်ကွဲလွဲသည့် သီးခြား ပြဋ္ဌာန်းချက် တစ်စုံတစ်ရာ မရှိပါက ယင်း ကျင့်ထုံး ဥပဒေပါ မည်သည့် အချက်မျှ လက်ရှိတည်ဆဲ အထူး ဥပဒေ တစ်စုံတစ်ရာကို ဖြစ်စေ၊ ပြဋ္ဌာန်း သတ်မှတ်ထားသည့် အထူး ကျင့်ထုံး တစ်စုံတစ်ရာကို ဖြစ်စေ၊ ထိခိုက်ခြင်း မရှိစေရဟု အတိအလင်း ပြဋ္ဌာန်းထားသည်။

မြို့နယ်တရားရုံးက တရားခံများ အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၉ တို့ အရ စွဲချက် အသီးသီး တင်ခြင်းကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက်များက ခွင့်ပြုသည်ဟု ကောက်ယူပါက အဆိုပါဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ပြည်တွင်းရေးနှင့် သာသနာရေး ဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့်တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့်မရှိစေရ ဟူသော ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို အဟောသိကံ ဖြစ်စေမည် ဖြစ်၍ အထက် ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁ အရ ပုဒ်မ ၂၃၀ ပါ ပြဋ္ဌာန်းချက် များသည် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သော ပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု ကောက်ယူရမည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ တရားရုံးသည် စီရင်ချက် မချမှတ်မီ စွဲချက်ကိုပြောင်းလဲခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းပြုလုပ်နိုင်သည် မှန်သော်လည်း ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်

၁၉၈၆
မောင်သောင်း
ပါ(၂)
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
လန်ဘား
ပါ(၇)

၁၉၈၆
မောင်သောင်း ပါ(၂)
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
လန်ဘား ပါ(၇)

စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၏ အခွင့်အမိန့်မရှိဘဲ မည်သည့် တရားရုံးကမျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရဟု အဆိုပါ ဥပဒေ ပုဒ်မ ၄ တွင် ပိတ်ပင်ထားသည်ဖြစ်၍ မြို့နယ်တရားရုံးက တရားခံများအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ စွဲချက် အသီးသီး တင်ခြင်းသည် အဆိုပါ ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင် နေပေသည်။

ထို့ကြောင့် လျှောက်ထားသူ မောင်သောင်း နှင့် မောင်အောင်နိုင် လျှောက်ထား ခံရသူ လန်ဘားပါ ၇ ဦးတို့ အပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ တို့အရ တင်ထားသောစွဲချက်များကို ပယ်ဖျက်လိုက်သည်။ မြို့နယ်တရားရုံးသည် တရားခံများ အပေါ် မူလ တင်ထားသည့်စွဲချက်များအရ ၁၃-၆-၈၅ ရက်နေ့တွင် ရောက်ရှိနေသည့် အဆင့်မှ အမှုကို ဆက်လက်စစ်ဆေးစီရင်စေရန် ညွှန်ကြားလိုက်သည်။

## ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

### ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ကျော်၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဦးဝင်းမောင် (၁) တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်အေးကြည်

နှင့်

ဦးဝင်းသောင်ပါ (၄)*

† ၁၉၈၆
ဒီဇင်ဘာလ
၂၆-ရက်

**တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃-တရားရုံးတစ်ရုံးတွင် စစ်ဆေးကြားနာဆဲ အမှုနှင့် စပ်လျဉ်း၍ အမှုကို စုံစမ်းဖော်ထုတ်လျှင်းရာတွင် ပါဝင်ပတ်သက်သူက စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ထုတ်ဖော်ရေးသားခြင်းဖြင့် အမှုကို ကြိုတင်ဆုံးဖြတ်ချက်ချမှတ်သည့်သဘော သက်ရောက်၍ တရားစီရင် ဆုံးဖြတ်မှုလုပ်ငန်းကို အနှောင့်အယှက်ပြုရာ ရောက်ခြင်း။**

လသာမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၁၀၇/၈၅ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲဆိုသောအမှုကို တရားရုံးကစစ်ဆေးနေစဉ် "ဗိုလ်ချုပ်ဈေးသစ်တွင် သေတ္တာထဲ ထည့်ထားသည့် မိန်းမအလောင်းနှင့် ပြည်လမ်း ဘူတာအနီး ရေမြောင်းအတွင်း ပစ်ထားသည့် ကလေးအလောင်း" ဟူသော ခေါင်းစဉ်ဖြင့် လူသတ်မှုဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ကြောင်း ဖော်ပြကာ၊ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလထုတ် ပြစ်မှုမဂ္ဂဇင်းတွင် ဆောင်းပါးရေးသားပြီး ဓာတ်ပုံများဖြင့် ထည့်သွင်းခဲ့သည်။ ယင်းရေးသားချက်သည် လသာမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၁၀၇/၈၅ တွင် ကြိုတင် အဆုံးအဖြတ်ပေးသကဲ့သို့ ဖြစ်နေသည့်အပြင် တရားရုံး၏ တရားစီရင်ရေးလုပ်ငန်းကိုလည်း အနှောင့်အယှက် ပြုသကဲ့သို့ ဖြစ်နေခြင်းကြောင့် တရားခံ၏မိခင်က ဆောင်းပါးရှင်မဂ္ဂဇင်းအုပ်ချုပ်ရေးမှူး၊ တာဝန်ခံစာတည်းနှင့် ဖြန့်ချိရေးမှူးတို့အပေါ် ၁၉၂၆ ခုနှစ် တရားရုံးများ

---

* ၁၉၈၆ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၁၂၂

† တရားရုံးတော်ကို မထီမဲ့မြင်ပြုမှု အက်ဥပဒေ ပုဒ်မ ၂/၃ အရ အရေးယူပေးပါရန်လျှောက်ထားမှု။

၁၉၈၆
ဒေါ်အေးကြည်
နှင့်
ဦးဝင်းသောင်
ပါ(၄)

မထိမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် လျှောက်ထားခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** လသာမြို့နယ် တရားရုံး၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ **စစ်ဆေး**နေသော လူသတ်မှုသည် အများပြည်သူတို့ စိတ်ဝင်စားနေသော အမှု**ကြီး** တစ်ခု ဖြစ် ပြီး ယင်း အမှု နှင့် ဆက် စပ် နေ သည့် အကြောင်းအချက်များ စုံစမ်းစစ်ဆေးပုံများကို အများပြည်သူတို့ တွေ့မြင်ဖတ်ရှုနိုင်သော မဂ္ဂဇင်းထဲတွင် ဖြစ်ရပ်မှန်များဖြစ်ကြောင်း ရေးသားခဲ့ခြင်းသည် တရားရုံးကအမှုကို တစ်စုံတစ်ရာ အဆုံးအဖြတ်ပေးသည့် သဘောသက်ရောက်နေသည့်အတွက် တရားစီရင် ဆုံးဖြတ်မှုလုပ်ငန်းကို တစ်နည်းမဟုတ်တစ်နည်း အနှောင့်အယှက်ပြုရာရောက်သည်ဟု ဆိုနိုင်ပေသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ဦးမောင်မောင်(၆)၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူများအတွက် | – | ဦးမြသိန်း၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | – | ဦးဝင်းလှိုင် |

ရန်ကုန်တိုင်း လသာမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၁၀၇/၈၅ တွင် တရားခံ မနှင်းနှင်းအေး(ခ) တန်ဘိအိမ်၊ မသန့်ဇင်(ခ) တန်တွယ်ဟီး၊ ကိုသန်းလှိုင်(ခ)တန်ပိန်ကျင်နှင့် မသန်းသန်း(ခ)တန်ဘိတ်ို တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အရေးယူ စစ်**ဆေး**လျက်ရှိသည်။ အဆိုပါအမှုကို တရားရုံးမှ စစ်ဆေးနေသည့်**အ**ချိန်တွင် ဆောင်းပါးရှင် ဝင်းသောင် (ရမည်းသင်း) (ပန်းဘဲတန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး)က "ဗိုလ်ချုပ်ဈေးသစ်တွင် သေတ္တာသဲ ထည့်ထားသည့် မိန်းမအလောင်းနှင့် ပြည်လမ်း ဘူဘာအနီး ရေမြောင်းတွင်း ပစ်ထားသည့် ကလေးအလောင်း" ဟူသော ခေါင်းစဉ်ဖြင့် လူသတ်မှုဖြစ်ရပ်မှန် ဇာတ်လမ်းဖြစ်ကြောင်း ဖော်ပြကာ ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလထုတ် ပြစ်မှုမဂ္ဂဇင်းတွင် ဆောင်းပါးရေးသားပြီး ဓာတ်ပုံများဖြင့် ထည့်သွင်းခဲ့သည့်အတွက် တရားရုံး တစ်ရုံး၌ စစ်ဆေးနေသောအမှုကို တရားရုံးက အဆုံးအဖြတ် မပေးရသေးမီ ကြိုတင်အဆုံးအဖြတ်ပေးနေသကဲ့သို့ ဖြစ်နေသည့်အပြင် တရားရုံး၏ တရားစီရင်ရေးလုပ်ငန်းကိုလည်း အနှောင့်အယှက်ပြုသကဲ့သို့ ဖြစ်နေကြောင်း၊ သို့ဖြစ်၍ ဆောင်းပါးရှင် ဦးဝင်းသောင်၊ ပြစ်မှုမဂ္ဂဇင်းမှ အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်း တာဝန်ခံစာတည်း ဦးသူရမောင်နှင့် ဖြန့်ချိရေးမှူး ဦးမောင်မောင်လှမိုး တို့အပေါ် ၁၉၂၆ ခုနှစ်၊ တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေ ပုဒ်မ ၃

၁၉၈၆
ဒေါ်အေးကြည်
နှင့်
ဦးဝင်းသောင်
ပါ(၄)

အရ အရေးယူပေးရန် ဖော်ပြကာ လသာမြို့နယ် တရားရုံးတွင် စစ်ဆေး နေသောအမှုမှ တရားခံများ၏ မိခင် ဒေါ်အေးကြည်က ဗဟိုတရားရုံးသို့ ဤအထွေထွေလျှောက်လွှာ တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူက အထွေထွေလျှောက်လွှာ၌ ဖော်ပြ လျှောက်ထားရာ တွင် ရေးသားဖော်ပြနေသော အမှုမှာ တရားရုံးတွင် စစ်ဆေးဆဲသာ ရှိသေး ကြောင်း၊ ဆောင်းပါးရေးသူမှာ ပြည်သူ့ရဲတပ်ဖွဲ့မှအရာရှိတစ်ဦးဖြစ်ကြောင်း ရဲအဖွဲ့မှ စုံစမ်းထောက်လှမ်းရရှိသော သတင်းအချက်အလက်များပေါ် တွင် အခြေပြု၍ ဆောင်းပါးကို ရေးသားခြင်းဖြစ်ကြောင်း၊ ထိုဆောင်းပါး တွင် ဖော်ပြချက်များသည် တရားရုံးမှ အမှုစီရင်ဆုံးဖြတ်ရာ၌ အနှောင့် အယှက်ပြုရာရောက်သည့်အပြင် လွတ်လပ်စွာဆုံးဖြတ်ရာ၌ အဟန့်အတား ဖြစ်စေကြောင်း၊ ထို့ကြောင့် ဆောင်းပါးရေးသားသူနှင့် ထုတ်လုပ်ဖြန့်ချိ သူများကို ဥပဒေအရ အရေးယူပေးရန် တင်ပြသည်။

ပြစ်မှုမဂ္ဂဇင်း၌ ဆောင်းပါးရေးသားဖော်ပြခဲ့ခြင်းနှင့် စပ်လျဉ်း၍လျှောက် ထားသူများသည် အချင်းဖြစ်လူသတ်မှုမှ သေသူ အမျိုးသမီးအလောင်းမှာ မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်းထောက်လှမ်းမှုပြုရာတွင် အထင်နှင့်လက်တွေ့ သုံးကြိမ်တိုင် လွဲခဲ့ရသောကြောင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ မောနေရပုံကို သာ ဖော်ပြထားပြီး မည်သူက မည်သို့မည်ပုံ ပြစ်မှု ကျူးလွန်ကြောင်း ဖော်ပြထားခြင်းမရှိသည့်အတွက် မှန်ကန်သော တရားစီရင်ရေးလမ်းကြောင်း ကို အနှောင့်အယှက်ပြုခြင်း မရှိကြောင်းဖြင့် လျှောက်ထား ခံရသူများက တင်ပြကြသည်။

ဆောင်းပါးရှင်ဝင်းသောင်း(ရမည်းသင်း)ရေးသားပြီး ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလထုတ်ပြစ်မှုမဂ္ဂဇင်းတွင်ဖော်ပြခဲ့သည့်"မော"ဟူသော ဆောင်း ပါးကို လေ့လာကြည့်ရှုရာတွင်လသာမြို့နယ် တရားရုံး၌ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၂၁၀၇/၈၅ ဖြင့် လက်ခံစစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ အရ အရေးယူ ထားသည့် အမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း ပြည်သူ့ရဲတပ်ဖွဲ့ ဒုတိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးစိုးနိုင် ဦးဆောင်ပြီး မှုခင်း တပ်ဖွဲ့မှ ရဲအုပ်ကြီး ဦးဇောင်းရွှေ၊ ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ်မှ ဦးစိုင်း အောင်မင်း တို့နှင့် အတူ ဆောင်းပါးရှင် ပန်းဘဲတန်း မြို့နယ် ပြည်သူ့ရဲ တပ်ဖွဲ့မှူး ဦးဝင်းသောင်တို့ပါဝင်သောအဖွဲ့က အမှုစုံစမ်းစစ်ဆေးခဲ့ပုံများ ရေးသားဖော်ပြထားခြင်း ဖြစ်သည်ကို တွေ့ရှိရသည်။ အဆိုပါ မဂ္ဂဇင်း စာမျက်နှာ ၆၅ တွင် 'ဗိုလ်ချုပ်ဈေးသစ်တွင် သေတ္တာထဲ ထည့်ထားသည့် မိန်းမအလောင်းနှင့် ပြည်လမ်းကူကာအနီး ရေမြောင်းတွင်းတွင်ပစ်ထားသည့်

ကလေးအလောင်း၊ အဆိုပါ လူသတ်မှုဖြစ်ရပ်မှန်ဇာတ်လမ်းကို ပန်းဘဲတန်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မြို့နယ်မှူး ဦးဝင်းသောင်မှ ရေးသားပေးပို့လာသဖြင့် အပိုင်းခွဲကာ လစဉ် ဆက်တိုက် ထည့်သွင်း ဖော်ပြပေးသွားပါမည်" ဟု စာလုံးမည်းဖြင့် ခေါင်းစီးများရေးသား ဖော်ပြထားသည့်အပြင်၊ အဆိုပါ မဂ္ဂဇင်း စာမျက်နှာ ၆၀ နှင့် ၆၉ တို့တွင်လည်း "အမည်မသိ အမျိုးသမီး အလောင်းနှင့် ကလေး အလောင်းတို့ တွေ့ရှိရာမှ ပြည်သူ့ရဲတပ်ဖွဲ့ဝင်တို့က လူသတ်တရားခံကို ရှာဖွေဖော်ထုတ်ဖမ်းဆီးပုံ စိတ်ဝင်စားဖွယ်တင်ပြမှု" ဟု ခေါင်းစီး ရေး သား ဖော် ပြ ထား သည် ကို တွေ့ရသည်။ ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလထုတ် ပြစ်မှုမဂ္ဂဇင်း စာမျက်နှာ ၇၉ တွင်လည်း အဆိုပါ လူသတ်မှုနှင့်စပ်လျဉ်း၍ "သေသူဘယ်သူလဲ၊ သတ်သူဘယ်သူလဲ၊ ဘာကြောင့် ဒီလို ရက်စက်စွာ သတ်ရတာလဲ၊ သတ်ပြီး အလောင်း ထည့်ထားတဲ့ ကျွန်းသေတ္တာကြီးကို ဗိုလ်ချုပ်ဈေးသစ်ကဲ့သို့ လူစည်ကားရာတွင် ဘာ ရည်ရွယ်ချက်နဲ့ ပစ်ထားသလဲ" ဟူ၍ အလားတူ ခေါင်းစီး ရေးသား ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

အထက်ပါ ရေးသားဖော်ပြချက်များကိုလေ့လာပါက၊ ဆောင်းပါး၌ ပါရှိသော အချက်အလက်များတွင် မည်သူက မည်သို့မည်ပုံ ပြစ်မှု ကျူးလွန်ကြောင်း ပါရှိသည်ဟု မဆိုနိုင်သည့်တိုင်အောင်၊ လသာမြို့နယ်တရားရုံးတွင် စစ်ဆေးလျက် ရှိသော အချင်းဖြစ်လူသတ်မှုသည် အဖြစ်မှန် ဖြစ်ကြောင်း၊ ယင်း အဖြစ်မှန်ဇာတ်လမ်းကို လစဉ် ဆက်တိုက် ရေးသားဖော်ပြသွားမည် ဖြစ်ကြောင်း၊ ရက်စက်စွာ သတ်သော လူသတ်မှု ဖြစ်ကြောင်းများကို အများပြည်သူတို့သိရှိရန် ဖော်ထုတ်တင်ပြသကဲ့သို့ဖြစ်နေပေသည်။ ရေးသားသူဆောင်းပါးရှင်များမှာလည်းအမှုကို စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သူ တာဝန်ရှိပြည်သူ့ရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သည့်အတွက် ၎င်းရေးသားတင်ပြသော အချက်အလက်များသည် ဖြစ်ရပ်မှန်များ ဖြစ်ကြောင်းဖြင့် ဆောင်းပါးဘတ်ရှုရသူများက ယူဆယုံကြည်ကြမည်သာ ဖြစ်ပေသည်။

ယခုကိစ္စတွင် လသာမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စစ်ဆေးနေသောလူသတ်မှုသည် အများပြည်သူတို့စိတ်ဝင်စားနေသော အမှုကြီးတစ်ခုဖြစ်ပြီး ယင်းအမှုနှင့်ဆက်စပ်နေသည့်အကြောင်းအချက်များ၊ စုံစမ်းစစ်ဆေးပုံများကို အများပြည်သူတို့ တွေ့မြင်ဘတ်ရှုနိုင်သော မဂ္ဂဇင်းထဲတွင် ဖြစ်ရပ်မှန်များ ဖြစ်ကြောင်း ရေးသားခဲ့ခြင်းသည် တရားရုံးက အမှုကို တစ်စုံတစ်ရာ အဆုံးအဖြတ် ပေးသည့်သဘော သက်ရောက်နေသည့်အတွက်တရားစီရင်ဆုံးဖြတ်မှုလုပ်ငန်းကို တစ်နည်းမဟုတ်တစ်နည်း အနှောင့်အယှက်ပြုရာရောက်သည်ဟုဆိုနိုင်ပေသည်။ဆောင်းပါးရေးသားသူသည်အမှု

စစ်အရာရှိတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သူလည်းဖြစ်သဖြင့် မြို့နယ် တရားရုံး၌ စစ်ဆေးနေသောအမှုမှာ စစ်ဆေးဆဲအဆင့်တွင်သာ ရှိသေးကြောင်း သိရှိနေသူ ဖြစ်သည့်အတွက် ယခုကဲ့သို့ရေးသားဖော်ပြခြင်းမျိုးကို ပိုမိုသတိပြုဆင်ခြင်သင့်သောသူ ဖြစ်ပေသည်။

၁၉၀၆ ဒေါ်အေးကြည် နှင့် ဦးဝင်းသောင် ပါ(၄)

တရားရုံးများအား မထီမဲ့မြင်ပြုလုပ်သည့်အမှုများတွင် မကောင်းသော စိတ်စေတနာရှိမရှိဟူသောအချက်သည်လည်းကောင်း၊ ရေးသားဖော်ပြချက်အရတရားရုံး၏စီရင်ဆုံးဖြတ်မှုကို ထိခိုက်နိုင်ဖွယ်ရာရှိမရှိသည်လည်းကောင်း အဓိကမဟုတ်ဘဲ အမှုနှင့်ပတ်သက်၍ တရားစီရင်ရေး လမ်းကြောင်း တိမ်းစောင်းနိုင်ဖွယ်ရာရှိကြောင်း ပေါ်ပေါက်လျှင် အမှန်တကယ် တိမ်းစောင်းခြင်းမရှိစေကာမူပြစ်မှုကျူးလွန်ရာရောက်သည်ဟူ၍မောင်မင်းသူနှင့် ဦးသိန်း(၁)စာရေးဆရာဇဝနအမှု တွင်ဗဟိုတရားရုံးကဆုံးဖြတ်လမ်းညွှန်ခဲ့ဘူးသည်။ သတင်းစာထဲတွင်ထည့်သွင်းခဲ့သောသတိပေးတားမြစ်ချက်ပါအရေးအသားများသည် တရားရုံးက တစ်စုံတစ်ရာ အဆုံးအဖြတ်မပေးရသေးမီ ကြိုတင်၍ ဆုံးဖြတ်ချက် ချမှတ်ထားသည့် သဘော သက်ရောက်သော စာသားများ ပါရှိသည်ကို တွေ့ရှိရသည်။ ယခုကဲ့သို့ သတင်းစာမှ ကြော်ငြာခြင်းသည် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းကို အနှောင့်အယှက် ပြုရာ ရောက်သည်မှာ ထင်ရှားသည်ဟူ၍လည်း၊ သခင်အုန်းကျော်ပါ(၂)နှင့် ဦးလှမြင့် အမှု တွင် ဗဟိုတရားရုံးက အလားတူ ထုံးဖွဲ့ညွှန်ပြထားပြီးဖြစ်သည်။

သို့ဖြစ်၍ ဆောင်းပါးရှင် ဝင်းသောင် (ရမည်းသင်း) ရေးသားပြီး ပြစ်မှုမဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော "မော"အမည်ပါ ဆောင်းပါး၌ ရေးသားဖော်ပြချက်များသည်ရေးသားဖော်ပြသူများအနေဖြင့် မကောင်းသော စိတ်စေတနာ မရှိဟု ဆိုနိုင်စေကာမူ တရားစီရင်ရေး လမ်းကြောင်း တိမ်းစောင်းနိုင်ဖွယ်ရာ ရှိကြောင်း ပေါ်ပေါက်နေသည့်အတွက် လျှောက်ထားခံရသူများသည် ၁၉၂၆ ခုနှစ်၊ တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ ပြစ်မှုကျူးလွန်ခဲ့ကြသည်ဟု ကျွန်ုပ်တို့ ယူဆကြသည်။ အထူးသဖြင့် တရားရုံးတွင် လက်ခံစစ်ဆေး ကြားနာလျက် ရှိသည့် အမှုများနှင့်စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းစဉ်အခါတွင် လည်းကောင်း၊ အမှုစစ်ဆေးဆောင်ရွက်ရာတွင် လည်းကောင်း ပါဝင်ပတ်သက် နေသူများသည် အဆိုပါအမှုအား တရားရုံးက အပြီးသတ် ဆုံးဖြတ်ခြင်းမပြုသေးမီ၊ မိမိတို့ စုံစမ်း စစ်ဆေး တွေ့ရှိထားသည့် အမှုအကြောင်းအရာများကို ရေးသား ထုတ်ဖော် ပြောဆိုခြင်းမှ ပိုမို သတိပြု ဆင်ခြင်သင့်ကြောင်း မှတ်ချက်ပြုလိုပေသည်။

---

(၁) ဗဟိုတရားရုံးပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၀/၇၆
(၂) ၁၉၀၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၉၀

၁၉၈၆
ဒေါ်အေးကြည်
နှင့်
ဦးဝင်းသောင်
ပါ(၄)

အထက်ပါ သုံးသပ်တွေ့ရှိချက်များအရ ဤအထွေထွေလျှောက်လွှာကို ခွင့်ပြုပြီး လျှောက်ထားခံရသူ ဦးဝင်းသောင်၊ ဦးကြည်ဝင်း၊ ဦးသူရအောင်နှင့် ဦးမောင်မောင်လှမိုးတို့အား ၁၉၂၆ ခုနှစ် တရားရုံးများ မထီမဲ့မြင်ပြုမှု အက် ဥပဒေ ပုဒ်မ ၃ အရ ဒဏ်ငွေကျပ် ၅၀၀/-(ကျပ်ငါးရာတိတိ)စီ အသီးသီးပေးဆောင်ကြစေရန် ဒဏ်ငွေဆောင်ရန် ပျက်ကွက်ပါက အလုပ်မဲ့ ထောင်ဒဏ် တစ်လစီ ကျခံကြစေရန် အမိန့်ချမှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များ အဖြစ် ဦးခင်မောင်ကျော်နှင့်
ဦးအေးစန့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးအောင်သန်းပေါ်(၂၁)ဦး — ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် † ၁၉၈၆ နိုဝင်ဘာလ ၂၀-ရက်

ဦးနန္ဒာဘာသပေါ်(၅)ပါး နှင့် — ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

ဒေါ်စန္ဒာသိင်္ဂီပေါ်(၃၉)ပါး — ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်*

ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၁ – ယင်း ဥပဒေပုဒ်မအရ ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းများကို သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ကဆောင်ရွက်ရခြင်း–မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ် ချက် နှင့် အကျုံးဝင်ခြင်း မရှိသူများ ကျောင်းတိုက် အာရာမ်အတွင်း နေထိုင်သူ မဟုတ်သူများအပေါ် အရေးမယူနိုင်ခြင်း–ကျောင်းအာရာမ်မှ နှင်ထုတ်ဖယ်ရှားနိုင်ရန် လိုအပ်ချက်များ–ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံး လုပ်နည်း များ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း(ဂ)၊ အပိုဒ် ၅ဂ (ခ) နှင့် (ဂ) အရ၊ ကျောင်းလက်ဝယ်ရထိုက်သော ဆရာတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သူများ ကျောင်းလက်ဝယ် ရထိုက်သော ဆရာတော်၏ ဩဝါဒနှင့် စည်းကမ်းကို မလိုက်နာဘဲ ဩဝါဒနှင့် စည်းကမ်းကို လိုက်နာရန် ငြင်းပယ်သူများကိုသာ နှင်ထုတ်ခွင့်ရှိခြင်း။

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာသဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်စောင့်ရှောက် ထိန်းသိမ်းအုပ်ချုပ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းကျောင်း

---

* ၁၉၈၆ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၈၅၊ ၈၆၊ ၈၇
† ၁၉၈၅ခုနှစ်၊ မှော်ဘီမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၅၀ ၅၀၉ နှင့် ၆၄၉ တို့ကိုပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁–က အရ အမှုများကို ချေဖျက်ပေးစေရန် လျှောက်ထားမှု။

၁၉၈၆
ဦးအောင်သန်း
ပါ (၂၁)ဦး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင် ငံတော်
ဦးနန္ဒောဘာသ
ပါ(၅) ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင် ငံ တော်
နှင့်
ဒေါ်စန္ဒသီဂိ
ပါ(၃၉) ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင်ငံတော်

တိုက်မှ ဦးစန္ဒိမာ၊ ဦးသောမ၊ ဦးသုမေ့နှင့် ဦးဝိလာသတို့က စောဒက (တရားလို)များ ပြုလုပ်ပြီး ကျောင်းတိုက်နာယကဆရာတော် ဦးကေသရ (ဇီးကုန်းဆရာတော်)နှင့် တိုက်အုပ်ဦးမုနိန္ဒတို့အား စုဒိတက(တရားခံ)များ အဖြစ် တရားစွဲဆိုခဲ့သော ဝိနည်းမမှုကံအဓိကရဏ်း မှုခင်းကို မှော်ဘီမြို့နယ် သံဃဝိနိစ္ဆယအဖွဲ့က ကြားနာစစ်ဆေးပြီး ဦးပဋ္ဌင်းဦးမုနိန္ဒ၊ ဦးမောင်မောင် နှင့် ဒေါ်ခင်စန်း ဆိုသူတို့ကို သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် အာရာမ် အတွင်းမှ ထွက်သွားကြစေရန်၊ ဆရာတော်ဦးကေသရအား ကျောင်းတိုက် စီမံအုပ်ချုပ်မှုတာဝန်အရပ်ရပ်မှအနားယူစေပြီး ကျောင်းတိုက်အတွင်း၌ပင် သီတင်းသုံးနေထိုင်ခွင့်ပြုရန် ဘီးလင်းဆရာတော်နှင့် သရက်တောဆရာတော် နှစ်ပါးအနက်ထေစဉ်ဝါလိုက်ဆရာတော်တစ်ပါးပါးက ကမ္မဋ္ဌာန်း ကျောင်း တိုက်ကြီးကို စီမံအုပ်ချုပ်သွားရန် ဆုံးဖြတ်အမိန့်ချမှတ်ခဲ့သည်။ မြို့နယ် သံဃ ဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်ကိုဆရာတော်ဦးကေသရက အယူခံစောဒနာလွှာ တင်သွင်းခဲ့ရာ တိုင်းသံဃဝိနိစ္ဆယအဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တို့က အယူခံလွှာကို ပလပ်ပြီး မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။

မှော်ဘီမြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၅-၃-၈၅ ရက်နေ့တွင် စုဒိတကများ ဖြစ်ကြသော ဇီးကုန်းဆရာတော် ဦးကေသရနှင့်ဦးမုနိန္ဒတို့က သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် အုပ်ချုပ်ခွင့်နှင့် ပစ္စည်းအရပ်ရပ်ကို ဘီးလင်းဆရာတော် ဦးဝါယမသို့ စာရင်းအင်းနှင့် တကွ လွှဲပြောင်းအပ်နှံပေးခဲ့ကြပြီး၊ ဦးပဋ္ဌင်းဦးမုနိန္ဒနှင့် စုဒိတကပက္ခများဖြစ်ကြ သော ဦးမောင်မောင်နှင့်ဒေါ်ခင်စန်းတို့သည်လည်း သဲအင်းဂူကျောင်းတိုက် အတွင်းမှ ဖယ်ရှား ထွက်ခွာခဲ့ကြသည်။ သို့ရာတွင် မူလ ဝိနိစ္ဆယ အမှုမှ တရားနိုင် ဖြစ်သူ ဦးစန္ဒိမာ၏ တင်ပြချက်အရ စုဒိတကပက္ခများဟုဆိုသူ ဦးပဋ္ဌင်း ဦးနန္ဒောဘာသပါ(၅)ပါး၊ သီလရှင် ဒေါ်စန္ဒသီဂိပါ(၃၉) ပါးနှင့် ယောဂီဦးအောင်သန်းပါ (၂၁)ဦးတို့ကို သဲအင်းဂူကျောင်းတိုက် အာရာမ် အတွင်းမှ ဖယ်ရှားထွက်ခွာပေးရန် အကြောင်းကြားသော်လည်း လိုက်နာခြင်းမရှိဟုဆိုကာ ယင်းပုဂ္ဂိုလ်များကို ပထမတွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ တရားစွဲဆိုပြီးနောက်ပိုင်းတွင် ဝိနည်းမမှုကံအဓိကရဏ်း မှုခင်းများဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ပုဒ်မ ၁၁ အရ ပြင်ဆင်တရားစွဲဆိုခဲ့ရာမှ ဤအမှုများပေါ်ပေါက်လာခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်**။ ။ လျှောက်ထားသူများသည် မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အကျုံးဝင်သော စုဒိတကပက္ခများ ဟုတ်မဟုတ် ဆိုသောအချက်နှင့် ၎င်းတို့သည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် အာရာမ်

၁၉၈၆
ဦးအောင်သန်း ပါ(၂၁)ဦး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
ဦးနန္ဒာဘာသ ပါ(၅)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ဒေါ်စန္ဒသီရိ ပါ(၃၉)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

အတွင်း နေထိုင်ကြသူများ မဟုတ်ကြသည့် အတွက် ဖယ်ရှားနှင်ထုတ်ရန် အကြောင်း ရှိမရှိ ဟူသော အချက်များသာ အဓိက အဆုံးအဖြတ်ပြုရန် ဖြစ်သည်။

လျှောက်ထားသူများအတွက် – ဦးသိန်းအောင်၊ ဗဟိုဟာရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးခင်မောင်ဦး၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)

တရားရေးအကြံပေး – ဦးဝင်းလှိုင်

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆၅၈/၈၅ တွင် ဦးအောင်သန်းပါ ၂၁ ဦးတို့အား လည်းကောင်း၊ အမှု အမှတ် ၅၈၉/၈၅တွင် ဦးနန္ဒာဘာသပါ ၅ ပါးတို့အားလည်းကောင်း၊ အမှုအမှတ် ၆၄၉/၈၅ တွင် ဒေါ်စန္ဒသီရိပါ ၃၉ ပါး တို့အား လည်း ကောင်း၊ ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ အရေးယူစစ်ဆေးလျက် ရှိသည်။ယင်းအမှုများမှ တရားခံများဖြစ်ကြသော လျှောက်ထားသူများက ၎င်းတို့အပေါ် အရေးယူစစ်ဆေးလျက်ရှိသည့် ဖော်ပြပါ မှော်ဘီမြို့နယ် တရားရုံးရှိ အမှုတွဲများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ ဤလျှောက်လွှာများ တင်သွင်းကြခြင်း ဖြစ်သည်။

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက် စောင့်ရှောက် ထိန်းသိမ်း အုပ်ချုပ်ခွင့်နှင့် စပ်လျဉ်း၍ ယင်း ကျောင်းတိုက်မှ ဦးစန္ဒိမာ၊ ဦးသောမ၊ ဦးသုဓမ္မ နှင့် ဦးဝိလာသ တို့က စောဒက (တရားလို)များ ပြုလုပ်ပြီး ကျောင်းတိုက် နာယက ဆရာတော် ဦးကေသရ (ဇီးကုန်းဆရာတော်)နှင့် တိုက်အုပ် ဦးမုနိန္ဒတို့အား စုဒိတက (တရားခံ)များအဖြစ် တရားစွဲဆိုခဲ့သော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကို မှော်ဘီမြို့နယ် သံဃဝိနိစ္ဆယအဖွဲ့က ကြားနာစစ်ဆေးပြီး ဦးပဉ္ဇင်းဦးမုနိန္ဒ၊ ဦးမောင်မောင်နှင့်ဒေါ်ခင်စန်းဆိုသူတို့ကိုသဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် အာရာမ် အတွင်းမှ ထွက်သွားကြစေရန်၊ ဆရာတော် ဦး ကေ သ ရ အား ကျောင်းတိုက်စီမံအုပ်ချုပ်မှုတာဝန်အရပ်ရပ်မှအနားယူစေပြီးကျောင်းတိုက် အတွင်း၌ပင်သီတင်းသုံးနေထိုင်ခွင့်ပြုရန်၊ဘီးလင်းဆရာတော်နှင့်သရက်တော ဆရာတော် နှစ်ပါး အနက် ထေရဉ်ဝါလိုက် ဆရာတော် တစ်ပါးပါးက ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်သွားရန် ဆုံးဖြတ်အမိန့်ချမှတ် ခဲ့သည်။ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်ကို ဆရာတော်ဦးကေသရက

၁၉၈၆
ဦးအောင်သာန်း ပါ(၂၁)ဦး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
ဦးနန္ဒောဘာသ ပါ(၅)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ဒေါ်စန္ဒသိဂ္ဂီ ပါ(၃၉)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

အယူခံ စေ ာဒနာလွှာ တင်သွင်းခဲ့ရာ တိုင်းသံဃဝိနိစ္ဆယအဖွဲ့နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့က အယူခံလွှာကို ပလပ်ပြီး မြို့နယ်သံဃဝိနိစ္ဆယ အဖွဲ့၏ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။ အချင်းဖြစ် သဲအင်းဂူကျောင်း အငြင်းပွားမှုခင်းနှင့် စပ်လျဉ်း၍ ဘီးလင်း ဆရာတော်နှင့် သရက်တော ဆရာတော် နှစ်ပါးအနက် တစ်ပါးပါးကို ပဓါန နာယက ဆရာတော် အဖြစ် တင်မြှောက်ပြီး တရားရုံး စုဒိတကပက္ခတို့ကို ဝိနည်းမမှုကံ အဓိကရုဏ်း မှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ဂ၊ အပိုဒ် ၅ဂ (ခ) နှင့်အညီ ကျောင်း တိုက်အတွင်းမှ ဖယ်ရှားနှင့်ထုတ်ပေးရန်ကိုလည်း နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က မြို့နယ်သံဃနာယကအဖွဲ့သို့ လမ်းညွှန်မှုပေးခဲ့သည်။

မှော်ဘီမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ရာ ၂၅-၃-ဂ၅ရက်နေ့တွင် စုဒိတကများဖြစ်ကြသော ဇ"းကုန်း ဆရာ တော် ဦးကေသရနှင့် ဦးမုနိန္ဒတို့က သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက် အုပ်ချုပ်ခွင့်နှင့် ပစ္စည်း အရပ်ရပ်ကို ဘီးလင်း ဆရာတော် ဦးဝါယမသို့ စာရင်းအင်းနှင့်တကွ လွှဲပြောင်း အပ်နှံပေးခဲ့ကြပြီး၊ ဦးပဥ္စင်း ဦးမုနိန္ဒနှင့် စုဒိတကပက္ခများဖြစ်ကြသောဦးမောင်မောင်နှင့်ဒေါ်ခင်စန်းတို့သည်လည်း သဲအင်းဂူ ကျောင်းတိုက် အတွင်းမှ ဖယ်ရှား ထွက်ခွာခဲ့ကြသည်၊ သို့ရာတွင် မူလဝိနိစ္ဆယအမှုမှ တရားနိုင်ဖြစ်သူ ဦးစန္ဒိမာ၏တင်ပြချက်အရ စုဒိတကပက္ခများဟုဆိုသူ ဦးပဥ္စင်းဦးနန္ဒောဘာသပါ(၅)ပါး၊ သီလရှင် ဒေါ်စန္ဒသိဂ္ဂီပါ(၃၉)ပါးနှင့် ယောဂီဦးအောင်သန်းပါ(၂၁)ဦးတို့ကို သဲအင်းဂူ ကျောင်းတိုက် အာရာမ် အဘွင်းမှ ဖယ်ရှား ထွက်ခွာ ပေးရန် အကြောင်းကြားသော်လည်းလိုက်နာခြင်းမရှိဟုဆိုကာ ယင်းပုဂ္ဂိုလ်များကို ပထမတွင် ပြစ်မှု ဆိုင်ရာ ဥပဒေ ပုဒ်မ ၁ဂဂ အရ တရား စွဲဆိုပြီး နောက်ပိုင်းတွင် ဝိနည်းမမှုကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက် များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၁ အရ ပြင်ဆင် တရားစွဲဆိုခဲ့ရာမှ ဤအမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

လျှောက် ထား သူ များ အ ပေါ် စွဲဆိုထားသော မူလ အမှုများမှာ သဲအင်းဂူကျောင်း အငြင်းပွားမှုနှင့်ပတ်သက်၍ မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကိုအကောင်အထည်ဖော်ရာမှ ပေါ်ပေါက်လာသော အမှုများ ဖြစ်ပြီး၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ် ယောဂီများ ဟူ၍ ခွဲခြားစွဲဆိုခဲ့ခြင်းသာဖြစ်သည်။ ဤအထွေထွေလျှောက်လွှာအမှတ် ဂ၅/ဂ၆၊ ဂ၆/ဂ၆ နှင့် ဂ၇/ဂ၆ တို့သည် အကြောင်းအရာ တစ်ခုတည်းပေါ်တွင် အခြေခံ၍ စွဲဆိုသော အဆိုပါမူလမှုများမှ ပေါ်ပေါက်လာသည့် အမှုများ

ဖြစ်ပြီး ဆုံးဖြတ်ရမည့် ဥပဒေပြဿနာနှင့် အကြောင်းခြင်းရာ ပြဿနာများ တူညီသည့်အတွက် ဤစီရင်ချက်သည် ဖော်ပြပါ အထွေထွေ လျှောက်လွှာ အားလုံးနှင့် သက်ဆိုင်စေရမည်။

ဤအထွေထွေလျှောက်လွှာများတွင်လျှောက်ထားသူများက အောက်ပါ အကြောင်းပြချက်များကို အဓိကတင်ပြထားသည်ကို တွေ့ရသည်-

(၁) မူလအမှုများကို ပယ်ရေးလိုကတိုင်ကြားရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က)အရ တရားရုံးသို့ တိုက်ရိုက်လျှောက်ထားတရားစွဲရမည့်အစား၊ ရဲစခန်းသို့ တိုင်ကြား တရား စွဲဆိုခဲ့သဖြင့် ဥပဒေ အရ မှားယွင်း နေခြင်း၊

(၂) မြို့နယ် သံဃ ဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကို မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့မှ အကောင် အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ခြင်း၊

(၃) လျှောက်ထားသူများသည် ဝိနိစ္ဆယ ဆုံးဖြတ်ချက်တွင် ပါဝင်အကျုံးဝင်သူများမဟုတ်၍ ဝိနည်းဓမ္မကံ လုပ်ထုံး လုပ်နည်းများ (ပြင်ဆင် ဖြည့်စွက်ချက်) အခန်း ၈၊ အပိုဒ် ၅၈ (ခ) အရ နှင်ထုတ်ပိုင် ခွင့်မရှိသောကြောင့် ဝိနည်းဓမ္မကံ မှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ တရား စွဲဆိုခြင်းမှာ ဥပဒေအရ မှားယွင်းနေခြင်း၊

(၄) မူလဝိနိစ္ဆယအမှု၏ ဆုံးဖြတ်ချက်တွင် ပါဝင် ပတ်သက် ခြင်းမရှိသော လျှောက်ထားသူများအား မိမိတို့သဘော အရ စုဒိတကပက္ခများအဖြစ်သတ်မှတ်ကာနှင်ထုတ်ခြင်း၊ တရားစွဲဆိုနေခြင်းတို့မှာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ညွှန်ကြားလွှာ အမှတ် ၆၂ နှင့် ဆန့်ကျင်နေခြင်း၊

(၅) လျှောက်ထားသူများသည် သံဃိက ပိုင် လည်း မဟုတ်၊ သာသနာ့မြေလည်းမဟုတ်သေးသော လယ်မြေပေါ်တွင် မိမိတို့ ကိုယ်ပိုင် ဇရပ်များဖြင့် နိုင်ငံတော်သို့ အခွန် ထမ်းဆောင်၍ နေထိုင်ကြခြင်းသာ ဖြစ်ပြီး သဲအင်းဂူ ကမ္မဋ္ဌာန်း ကျောင်းတိုက် အာရာမ် အတွင်း၌ ပါဝင် ပတ်သက်မှုမရှိခြင်း၊

၁၉၈၆
ဦးအောင်သန်း ပါ(၂၀)ဦး
ပြည် ထောင် စု ဆိုရှယ် လစ် သမ္မတ မြန်မာ နိုင် ငံ တော်
ဦးနန္ဒာဘာသ ပါ(၅) ပါး
ပြည် ထောင် စု ဆို ရှယ် လစ် သမ္မတ မြန်မာ နိုင် ငံ တော်
နှင့်
ဒေါ်စန္ဒသီရိ ပါ(၃၉) ပါး
ပြည် ထောင် စု ဆို ရှယ် လစ် သမ္မတ မြန်မာ နိုင် ငံ တော်

၁၉၇၆
ဦးအောင်သန်း
ပါ(၂၁)ဦး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
ဦးနန္ဒောဘာသ
ပါ(၅)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ဒေါ်စန္ဒသိဂီ
ပါ(၃၉)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

(၆) လျှောက်ထားသူတို့အပေါ် စွဲဆိုထားသော အမှုများကို မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌကတရားလိုပြုလုပ်၍ တရားစွဲဆိုထားပြီး စုပေါင်းဖယ်ရှားရေးအဖွဲ့ဝင်ဖြစ်ခဲ့သူ ဥပဒေဝန်ထမ်း ဦးမြင့်စိုးက တရားလို အကျိုးဆောင် အဖြစ် ဆောင်ရွက်လျက် မြို့နယ် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် စုပေါင်း ဖယ်ရှားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး စောမောင်၊ မြို့နယ် သာသနာရေးဦးစီးမှူး ဦးစံမြင့်တို့က သက်သေ အဖြစ် ပါဝင်ကြသည့်အတွက် အမှုစစ်ဆေးရာတွင် မြို့နယ် တရားရုံးသည် အမှု စွဲဆိုသူ တရားလိုဘက်မှလိုက်၍ ဆောင်ရွက်နေသည်ဖြစ်ရာ အမှုသည်များမှာ ပင်ပန်းဆင်းရဲစွာ အမှုကို ရင်ဆိုင်နေကြရခြင်း၊

မြို့နယ် တရားရုံး၌ တရား စွဲဆိုခဲ့သော မူလ အမှုများနှင့် စပ်လျဉ်း၍ လျှောက်ထားသူများအပေါ် စွဲဆိုထားသောအမှုများသည် မူလက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ အရ တိုင်ကြားခဲ့သောအမှုများ ဖြစ်သော်လည်း နောက်ပိုင်းတွင် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ် စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၁ အရ တရားစွဲဆိုခဲ့ခြင်း ဖြစ်သည့်အပြင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းကလည်း ရဲအရေးမပိုင်သော မှုခင်းများ တိုင်ကြားသောပုံစံဖြင့် လက်ခံကာ အမှုဖွင့်လှစ် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည့်အတွက် တရားစွဲဆိုပုံ မှားယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

ဤ အထွေထွေ အမှုများ၌ လျှောက်ထားသူများတင်ပြထားသည့်ကျန် အကြောင်းပြချက်များကို ခြုံငုံသုံးသပ်ပါက လျှောက်ထားသူများသည် မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အကျုံးဝင်သော စုဒိတကပက္ခများ ဟုတ်မဟုတ် ဆိုသောအချက်နှင့် ၎င်းတို့သည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် အာရာမ်အတွင်း နေထိုင်ကြသူများ မဟုတ်ကြသည့်အတွက် ဖယ်ရှားနှင်ထုတ်ရန် အကြောင်း ရှိမရှိ ဟူသော အချက်များသာ အဓိကအဆုံးအဖြတ်ပြုရန် ဖြစ်သည်။

သဲအင်းဂူ ကမ္မဋ္ဌာန်း ကျောင်း တိုက် အငြင်း ပွား မှု နှင့် စပ်လျဉ်း၍ စောဒက ဦးစန္ဒိမာပါ(၄)ပါးတို့က မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့သို့ တင်သွင်းခဲ့သော ၁၃၄၆ ခုနှစ် ကဆုန်လဆန်း(၁၁)ရက်နေ့စွဲပါ စောဒနာလွှာ

တွင် အကြောင်းပြချက်(၂၀)ချက် ဖော်ပြထားပြီး အောက်ပါ လိုလား ချက်(၅)ချက်တောင်းဆိုခဲ့သည်ကို တွေ့ရသည်–

(၁) ဇာဂနာကုန်း ဆရာတော်အား မဟာနာယက ဆရာတော် အဖြစ်မှ ရပ်စဲ၍ ရိပ်သာ အတွင်းမှ ထွက်ခွာ သွား စေရန်၊

(၂) ဦးမုနိန္ဒအား တိုက်အုပ် အဖြစ်မှ ဖယ်ရှား၍ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်း ရိပ်သာမှ အပြီးအပိုင် ထွက်ခွာ သွားရန်၊

(၃) ဇာဂနာကုန်းဆရာတော်နှင့် ဦးမုနိန္ဒတို့က သဲအင်းဂူသာသနာ့ ပြုအဖွဲ့ချုပ်အား ဖြုတ်ချပိုင်ခွင့် မရှိကြောင်း ဆုံးဖြတ် ပေးရန်၊

(၄) ကပ္ပိယ ဦးမောင်မောင် အား စတုပစ္စယ ဂေါပက တာဝန်များဆောင်ရွက်ခြင်းမှ ရပ်စဲပေးရန်နှင့် ကျောင်း တိုက်အတွင်းမှ ထွက်ခွာသွားစေရန်၊

(၅) ဒါယိကာမ၊ မခင်စန်းအား သဲအင်းဂူ ကမ္မဋ္ဌာန်း ကျောင်းတိုက် အတွင်းမှ အပြီးအပိုင် ဖယ်ရှား ပေးရန်၊

မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့သည် အထက်ပါ စောဒနာလွှာနှင့်စပ်လျဉ်း၍ ၁၃၄၆ ခုနှစ် ဝါခေါင်လဆုပ် (၆) ရက်နေ့တွင် အောက်ပါ အတိုင်း အဆုံးအဖြတ်ပေးတော်မူခဲ့ကြောင်းတွေ့ရသည်–

(၁) ကျိုက်ဝိုင်း ကျောင်း မှ ဦးမုနိန္ဒ၊ တောင်ဥက္ကလာပမှ ဦးမောင်မောင်နှင့် အလုံဆူပါပင်လမ်းမှ မခင်စန်း တို့သည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး အာရာမ် တစ်ခုလုံးမှ ထွက်ခွာသွားကြစေရန်၊

(၂) ဇာဂနာကုန်းဆရာတော်ကြီးအား ကမ္မဋ္ဌာန်းကျောင်းတိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီမံအုပ်ချုပ်ခြင်းတာဝန် အရပ်ရပ်တို့ကို ပြုလုပ်ပြောဆိုစီမံခန့်ခွဲခြင်းတို့မှ အနား ယူစေရန်နှင့် ဆရာတော်ကြီးအား ကျောင်း တိုက်ကြီး အတွင်းမှာပင်၊ ကမ္မဋ္ဌာန်း ဘာဝနာ တ ရား များ ကို အားထုတ်၍ ချမ်းသာစွာ သီတင်း သုံး နေ ထိုင် ခွင့် ပြုရန်၊

၁၉၀၆
ဦးအောင်သန်း
ပါ(၂၁)ဦး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင်ငံတော်
ဦးနန္ဒောဘာသ
ပါ (၅) ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
နှင့်
ဒေါ်စန္ဒသိဂီ
ပါ(၃၉)ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန်မာ
နိုင်ငံ တော်

၁၉၈၆
ဦးအောင်သန်း
ပါ (၂၁) ဦး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
ဦးနန္ဒာဘာသ
ပါ(၅)ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန်မာ
နိုင် ငံ တော်
နှင့်
ဒေါ်စန္ဒသိဂိ
ပါ(၃၉)ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန်မာ
နိုင် ငံ တော်

(၃) သဲအင်းဂူ သာ သနာပြု အဖွဲ့ချုပ်သည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးနှင့်စပ်လျဉ်း၍ မိမိ၏ မူလ စည်းမျဉ်း စည်းကမ်းများ၌ ပါရှိသည့် အတိုင်း ထောက်ပံ့ လှူဒါန်းမှု အဆောက်အအုံများ ပြုပြင်မှု၊ ဆောက်လုပ်မှု၊ ထိန်းသိမ်းမှုများကို နာယကဆရာတော် ကြီး၏ ဩဝါဒကိုခံယူ၍ ဆက်လက် ဆောင်ရွက်ပိုင်ခွင့် ရှိစေရန်၊

(၄) ဘိုးလင်းဆရာတော်နှင့်သရက်တောဆရာတော် နာယက နှစ်ပါးတို့တွင် ထေရ်စဉ်ဝါလိုက် ဆရာတော် တစ်ပါး ပါးက ကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ် တော်မူရန်၊

တိုင်းသံဃဝိနိစ္ဆယအဖွဲ့နှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့တို့သည် မှော်ဘီမြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့၏ အထက်ပါ ဆုံးဖြတ်ချက်များကို အတည်ပြု၍ ဇီးကုန်းဆရာတော် ဦးကေသရ၏ အယူခံ စောဒနာလွှာကို ပလပ်ခဲ့သည့်အပြင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှ စုဒိတကပက္ခများ ဖယ်ရှားနှင်ထုတ် ရေး ကိစ္စနှင့်စပ်လျဉ်း၍ ၁၀–၆–၈၅ ရက်နေ့တွင်ကျင်းပသော ဒုတိယ အကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (ပထမ အဖွဲ့ခွဲ) ၏ ပထမ အကြိမ် တတိယ အစည်းအဝေးတွင် ဆွေးနွေးပြီး အောက်ပါ အတိုင်း ဆုံးဖြတ်လမ်းညွှန်ခဲ့သည်။

"ရန်ကုန်တိုင်း မှော်ဘီမြို့နယ်၊ နွားကုန်းကျေးရွာ၊ သဲအင်းဂူ ဝိပဿနာ ကျောင်းတိုက်အတွင်း၌ ဝိနိစ္ဆယ ဆုံးဖြတ်ချက်နှင့်အညီ ဘိုးလင်း ဆရာတော်နှင့် သရက်တောဆရာတော် နှစ်ပါး အနက် တစ်ပါးပါးကို ပဓာန နာယက ဆရာတော် အဖြစ် တင်မြှောက်၍ တရားရှုံး စုဒိတကပက္ခတို့ကို ဝိနည်းမမှုကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ၈၊ အပိုဒ် ၅၈ (ခ) နှင့် အညီ ကျောင်းကိုက်အတွင်းမှ ဖယ်ရှား နှင်ထုတ်ပေးရေးအတွက် မြို့နယ် သံဃနာယကအဖွဲ့သို့ လမ်းညွှန်မှုပေးရန်"

အထက်ပါ သံဃဝိနိစ္ဆယ အဖွဲ့များနှင့် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့တို့၏ ဆုံးဖြတ်ချက် လမ်းညွှန်ချက်များနှင့်အညီ မြို့နယ်သံဃနာယက အဖွဲ့နှင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တို့က ဆောင်ရွက် ခဲ့ကြရာတွင် ဦးပဥ္ဇင်း ဦးမုနိန္ဒ၊ ကပ္ပိယ ဦးမောင်မောင်နှင့် မခင်စန်း ဆိုသူတို့သည် သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက် အတွင်းမှ ထွက်ခွာသွားပြီးဖြစ်ကြသည့်အပြင်၊ ဘိုးလင်း ဆရာတော် ဦးဝါယမသည်

ဝိနိစ္ဆယဆုံးဖြတ်ချက်နှင့်အညီ ကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်လျက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးကို လက်ဝယ်ရရှိ၍ စီမံ အုပ်ချုပ်ခွင့် ရရှိသူမှာ ဘိုးလင်း ဆရာတော်ဘုရားကြီးသာဖြစ်ပြီး၊ အဆိုပါ ကျောင်းတိုက်နှင့် စပ်ဆိုင်သမျှ ကိစ္စရပ်အားလုံးကိုလည်း ယင်းဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ ဆောင်ရွက်သွားရန်ဖြစ်ပေသည်။

ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ၇၊ အပိုဒ်၅၇(ခ) တွင် အောက်ပါအတိုင်းဖော်ပြထားသည်–

> "လက်ဝယ် ရထိုက်သော ပုဂ္ဂိုလ်/ဂိုဏ်း/သံဃာ/အသင်းအဖွဲ့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ပုဂ္ဂိုလ်အားလုံးကို သက်ဆိုင်ရာအဆောက် အအုံ/ကျောင်းတိုက်မှ နှင်ထုတ် ဖယ်ရှားပေးခြင်း"

မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့မှ စစ်ဆေး ဆုံးဖြတ်ခဲ့သော ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းကွင်စောဒက(တရားလို)မှာ ဦးစန္ဒိမာ ပါ(၄)ပါးတို့ ဖြစ်ပြီး၊ စုဒိတက(တရားခံ)မှာ ဆရာတော်ဦးကေသရနှင့် ဦးပဠင်းဦးမုနိန္ဒတို့ ဖြစ်သည်။သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်အရ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ စီမံအုပ်ချုပ်ခွင့်နှင့်ပစ္စည်းအရပ်ရပ်တို့ကို လက်ဝယ်ရရှိခဲ့သူမှာ ဘိုးလင်းဆရာတော်ဦးဝါယမသာဖြစ်သည်၊ စောဒကပြုလုပ်ခဲ့ဆိုသူဦးစန္ဒိမာ ပါ(၄)ပါးတို့ မဟုတ်ကြပေ။ လျှောက်ထား သူ များ သည် သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း တိုက် ကို လက်ဝယ် ရရှိသော ဘိုးလင်း ဆရာတော်ကြီးနှင့်ဆန့်ကျင်ဘက်ဖြစ်သူများဖြစ်ကြောင်း အယောက်အသားတစ်စုံတစ်ရာမရှိသည့်အပြင် ၎င်းတို့သည် ကောင်းစွာ တရားကျင့်ကြံအားထုတ်နေသူများသာဖြစ်ပြီး ဘာသာရေး၊ သာသနာရေးနှင့် လောကီဆိုင်ရာမှုခင်းတစ်စုံတစ်ရာဖြစ်ဘူးသူများမဟုတ်ကြောင်းကိုလည်း တာဝန်ရှိပုဂ္ဂိုလ်များဖြစ်သော တရားလိုပြသက်သေများက ထွက်ဆိုထားကြသည်။

လျှောက်ထားသူများသည် မြို့နယ်ဝိနည်းဓမ္မကံ အဓိကရုဏ်း အမှုတွင် စုဒိတကအဖြစ်သော်လည်းကောင်း၊ စုဒိတကပက္ခအဖြစ်သော်လည်းကောင်း ပါဝင်ကြခြင်းမရှိဘဲ ဦးမောင်မောင် နှင့် ဒေါ်ခင်စန်း ဆိုသူတို့ သာလျှင် စုဒိတကပက္ခများအဖြစ်ပါဝင်ကြသည်၊ ယင်းအမှု၌ စောဒက ဦးစန္ဒိမာတို့ တင်သွင်းခဲ့သောစောဒနာလွှာ တွင်လည်း လျှောက်ထားခံရသူများအပေါ် တစ်စုံတစ်ရာစွပ်စွဲဖော်ပြထားခြင်းမရှိပေ၊ စုဒိတကပက္ခများအဖြစ်အရေးယူဆောင်ရွက်ပေးရန် စာရင်းပေးရာတွင်လည်း ဦးစန္ဒိမာပေးသော စာရင်းအရစုဒိတကများအဖြစ် သတ်မှတ်ခဲ့ခြင်းသာဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌဦးချိုလေး (လိုပြ-၁)၊ စုပက္ခဖယ်ရှားရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်

၁၉၈၆
ဦးအောင်ယန်း
ပါ (၂၁)ဦး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဦးနန္ဒာဘာသ
ပါ(၅)ပါး
ပြည်ထောင်စု ဆိုရှယ် လစ် သမ္မတ မြန်မာ နိုင်ငံ တော်
နှင့်
ဒေါ်ခန္တီဒီ
ပါ(၂၉)ပါး
ပြည်ထောင်စု ဆိုရှယ် လစ် သမ္မတ မြန်မာ နိုင်ငံတော်

၁၉၈၆
ဦးအောင်သန်း ပါ (၂၁) ဦး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
ဦးနန္ဒာဘာသ ပါ (၅) ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ဒေါ်စန္ဒာသီရိ ပါ (၁၉) ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဆောင်ရွက်ခဲ့သူ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးစောမောင်(လိုပြ-၂)၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစံမြင့် (လိုပြ-၃) တို့၏ ထွက်ဆိုချက်များအရ ပေါ်လွင်နေသည်၊ မြို့နယ် ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ အရအရေးယူရန် ထုတ်ပြန်သောအမိန့်တွင်လည်းကောင်း၊ ယင်းအမိန့်ကို ပြင်ဆင် ထုတ်ပြန်သည့်ဝိနည်းမဲ့မှုကို အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၁ အရ အရေးယူရန် ထုတ်ပြန်သောအမိန့်တွင်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီသည် ဦးစန္ဒိမာပါ (၄)ပါးမှတင်ပြသော စာရင်းအရသာလျှောက်ထားသူများအားစုဒိတကပက္ခများအဖြစ် သတ်မှတ်အရေးယူခဲ့ကြောင်း ပေါ်ပေါက်သည်။ မြို့နယ် သံဃဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်၊ တိုင်းသံဃဝိနိစ္ဆယအဖွဲ့၏ဆုံးဖြတ်ချက်နှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ဆုံးဖြတ်ချက် များ တွင် လည်း လျှောက်ထားသူများအား စုဒိတကပက္ခများ အဖြစ် ဖော်ပြ ညွှန်ကြား ထားခြင်းမရှိသည့်အတွက် မြို့နယ်ပြည်သူ့ကောင်စီ သည် ဝိနိစ္ဆယဆုံးဖြတ်ချက်နှင့်အညီမဟုတ်ဘဲ လျှောက်ထားသူများအားစုဒိတကပက္ခများ အဖြစ် အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

လျှောက်ထားသူဦးနန္ဒာဘာသပါ (၅)ပါးတို့ အနေဖြင့် "ဘုရားတပည့်တော်တို့သည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ဝိနိစ္ဆယပြီးဆုံးသည့်နေ့မှစ၍ အုပ်ချုပ်တော်မူသော ဘီးလင်း ဆရာတော်ဘုရား၏ အမိန့်ဩဝါဒနှင့်ကျောင်းစည်းကမ်းများကို တသွေမတိမ်းလိုက်နာကျင့်ကြံ အားထုတ်ကြပါမည်ဟုဝန်ခံကတိပြုကြပါကြောင်းဖြင့် မြို့နယ်သံဃမဟာနာယကအဖွဲ့သို့ဝန်ခံ တင်ပြထားသည်ကိုလည်း တွေ့ရှိရသည်။ ဝိနည်းမဲ့မှုကို အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း ၈၊ အပိုဒ် ၅၈(ဂ)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

> "ဂိုဏ်းပိုင်(ဂဏိတ) ကျောင်းနှင့် သံဃာပိုင် (သံဃိက) ကျောင်းတို့၌ လက်ခံယံရထိုက်(တရားဝင်ထိန်းသိမ်း စောင့်ရှောက်ထိုက်) သော ကျောင်းထိုင်/နာယကဆရာတော်၏ ဩဝါဒနှင့်စည်းကမ်းကိုလိုက်နာမည်ဟု ဝန်ခံကတိလက်မှတ်ရေးထိုးသောဂိုဏ်းဝင် ရဟန်း သာမဏေများကို ဆက်လက်နေထိုင်ခွင့်ပေးခြင်း၊ ဩဝါဒနှင့်စည်းကမ်းကိုလိုက်နာရန်ငြင်းပယ်သည့် ရဟန်းသာမဏေများကို ဖယ်ရှားနှင်ထုတ်ခြင်း"

ထို့ကြောင့်ရဟန်း သာမဏေများ အနေဖြင့် အုပ်ချုပ်သူ နာယကဆရာတော်များ၏ ဩဝါဒနှင့်စည်းကမ်းများ လိုက်နာရန် ငြင်းပယ် ပျက်ကွက်မှသာ ဖယ်ရှား နှင်ထုတ်ရန် သင့်ပေသည်၊ ယင်းကဲ့သို့ စုဒိတကပက္ခ

လည်းမဟုတ်၊ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များလည်း မဟုတ်သော သံဃာတော်များကိုဖယ်ရှားနှင်ထုတ်ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှန်ကန်သည်ဟု မဆိုနိုင်ပေ။

မြို့နယ် ဂိုဏ်းနည်းဓမ္မကံ အဓိကရဏ်း အမှုတွင် ဦးပဥ္စင်း ဦးမုနိန္ဒ၊ ဦးမောင်မောင်နှင့် မခင်စန်းတို့အား သဲအင်းဂူ ကမ္ဘဋ္ဌာန်းကျောင်းတိုက် အာရာမ်အတွင်းမှ ထွက်ခွာသွားကြစေရန် မြို့နယ် သံဃဝိနိစ္ဆယ အဖွဲ့က ဆုံးဖြတ်ခဲ့သည်။

ဂိုဏ်းနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂(ဇ)နှင့် ၂(ဈ)တို့တွင် ကျောင်းနှင့် ကျောင်းတိုက်တို့၏ အဓိပ္ပာယ်များကို အောက်ပါအတိုင်း ဖွင့်ဆိုထားသည်—

* ကျောင်းဆိုသည်မှာ ရဟန်း၊ ရဟန်းသံဃာပိုင်ဆိုင်၍ သီတင်းသုံးနေထိုင်သော အဆောက်အအုံကိုဆိုသည်။

* ကျောင်းတိုက်ဆိုသည်မှာ အာရာမ်အပိုင်းအခြားတစ်ခု အတွင်းရှိ ကျောင်းအစုအဝေးကိုဆိုသည်။

ထို့ကြောင့် သဲအင်းဂူ ကမ္ဘဋ္ဌာန်း ကျောင်း တိုက် အာ ရာမ် ဟူ သည် အုတ်တံတိုင်း ကာရံထားသော အာရာမ် အပိုင်းအခြား တစ်ခု အတွင်းရှိ ကျောင်းတိုက်များ၊ သိမ်၊ ဇရပ်ဂူကျောင်းများ၊ ဓမ္မာရုံများ၊တရားကျင့်ကြံအားထုတ်သည့် ဂူကျောင်းများသာ အကျုံးဝင် သက်ဆိုင်မည် ဖြစ်သည်။ လျှောက်ထားသူယောဂီများနှင့် သီလရှင်များသည် အဆိုပါကျောင်းတိုက် အာရာမ်အတွင်း နေထိုင်ကြသူများမဟုတ်ဘဲ သီးခြားဝင်းခြံများ၊လမ်းများ ခွဲခြားသတ်မှတ်လျက် ကျောင်းတိုက် အာရာမ်ပြင်ပတွင် နေထိုင်ကြသူများသာဖြစ်သည်။ ၎င်းတို့နေထိုင်သည့် မြေနေရာ ဇရပ်ကျောင်းများအတွက်လည်း သီးခြား မြေခွန်မြေခများ၊ မီး မီတာခ များ ပေး ဆောင် ထား ကြောင်းနှင့် သဲအင်းဂူကျောင်းတိုက်အကွက်မှ မြေရိယာ ၆.၄၁ ဧက အတွက် သီးခြားပေးဆောင်ထားကြောင်း အထောက် အထား များရှိ နေသည်။ လျှောက်ထားသူ ယောဂီများနှင့် သီလရှင်များ နေထိုင်သည့် အဆောက်အအုံများမှာ မြေရိယာ ၁၂.၆၅ဧကပေါ်တွင် တည်ရှိပြီး သဲအင်းဂူကျောင်းတိုက်တည်ရှိရာ မြေရိယာ ၆.၄၁ ဧကအပေါ်တွင် နေထိုင်ခြင်း မဟုတ်ကြပေ။ ၎င်းတို့သည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ၌ မဲဆန္ဒနယ်သတ်မှတ်၍ ဆန္ဒမဲပေးခဲ့ သူများ ဖြစ် ကြောင်း ကို လည်း အချင်းဖြစ်ပွားရာ နွားကုန်း ကျေးရွာအုပ်စု ပြည်သူ့ကောင်စီနှင့်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲတို့မှ ထောက်ခံချက်များတင်ပြထားသည်။ မူလဝိနိစ္ဆယအမှုမှ စောဒကပုဂ္ဂိုလ်ဖြစ်သူ ဦးစန္ဒိမာ (ရှုံးခေါ်သက်သေ)ကိုယ်တိုင်ကပင်လျှင် လျှောက်ထား

၁၉၈၆
ဦးအောင်သန်း
ပါ(၂၁)ဦး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင် ငံ တော်
ဦးနန္ဒာတာသ
ပါ(၅)ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင် ငံ တော်
နှင့်
ဒေါ်စန္ဒသီရိ
ပါ(၃၉)ပါး
ပြည် ထောင် စု
ဆို ရှယ် လစ်
သမ္မတ မြန် မာ
နိုင် ငံ တော်

၂၉၇၆
ဦးအောင်သန်း
ပါ(၂၁)ဦး
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
ဦးနန္ဒဘာသ
ပါ (၅) ပါး
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
နှင့်
ဒေါ်ဂန္ဓသီရိ
ပါ(၃၉)ပါး
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်

သူများသည် ဘဲအင်းဂုဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပရဝုဏ်အတွင်းတွင် နေထိုင်ခြင်းမရှိကြဲ အဆိုပါ ကျောင်းတိုက် ပရဝုဏ်နှင့် သီးခြားဖြစ်သော မိမိတို့ ကိုယ်ပိုင် ရိပ်သာဇရပ်တန်း များ၌ နေထိုင်ကြသည်မှာ ဟုတ်မှန်ကြောင်း တွက်ဆိုထားသည်ကို တွေ့ရသည်။

နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ ဗဟိုရုံးနာချုပ်၏ ၂၉-၂-၇၄ နေ့ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ်(၆၂)အပိုဒ် ၄ တွင် အောက်ပါအတိုင်း ညွှန်ကြားထားသည်။

> "ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ဆက်သွယ်ပေးပို့ညွှန်ကြားရာတွင် "ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားလွှာများနှင့်အညီလိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်ရန်" ဟုသာ ဖော်ပြ၍ ပေးပို့ကြရန်ဖြစ်ပါသည်။ ဝိနိစ္ဆယ ဆုံးဖြတ်ချက်အပေါ် တစ်စုံတစ်ရာ စိစစ်ဝေဖန်ခြင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဖြည့်စွက် ညွှန် ကြား ခြင်း စသည်တို့ကို မပြုမိစေရန် အထူးဂရုပြု ရှောင်ကြဉ်ကြရန် ဖြစ်ပါသည်"

အထက်ပါညွှန်ကြားချက်အရ ဝိနိစ္ဆယဆုံးဖြတ်ချက်များကို ဆောင်ရွက်အကောင်အထည်ဖော်ကြရာတွင် ယင်းဆုံးဖြတ်ချက်အပေါ် တစ်စုံတစ်ရာ စိစစ်ဝေဖန်ခြင်း၊ ဆောင်ရွက်ရမည့် နည်းလမ်းများကို ဖြည့်စွက်ညွှန်ကြားခြင်းပြုနိုင်ကြသည် မဟုတ်ပေ၊ ယခုကိစ္စတွင် မြို့နယ်ပြည်သူ့ကောင်စီနှင့် ရပ်ကွက်ရွာအုပ်ချုပ်ရေးအဖွဲ့တို့သည် ဖော်ပြပါညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ ဦးစန္ဒိမာပါ(၄)ပါးတို့၏ တင်ပြချက် အပေါ် အခြေပြုကာ လျှောက်ထားသူများအား အရေးယူ ဆောင် ရွက် ခဲ့ ခြင်း သာ ဖြစ်ကြောင်း တွေ့ရပေသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းကလည်း ရပ်ကွက်ရွာရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမောင်နှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးစံမြင့်တို့၏ ထွက်ဆိုချက်များ အရ ဝိဒိတကပက္ခ အမည် စာရင်းများကို ဦးစန္ဒိမာပါ(၄)ပါးတို့ထံမှ တောင်းခံခဲ့ခြင်းသာဖြစ်ပြီး မြို့နယ်သံဃာနာယကအဖွဲ့ အနေဖြင့် ညွှန်ကြားပါဝင်ခြင်းမရှိကြောင်း၊ ဝိနိစ္ဆယဆုံးဖြတ်ချက်အရ ဝိဒိတကပုဂ္ဂိုလ်များမှာ ဦးကောသလ္လပါ(၂)ပါး ဖြစ်၍ ဝိဒိတကပက္ခများအဖြစ် ဦးမောင်မောင်နှင့် ဒေါ်ခင်စန်းတို့၏ အမည်များသာပါဝင်ကြောင်း၊ လျှောက်ထားသူများမပါဝင်ကြောင်း၊မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌဦးချိုလေး၏ ထွက်ဆိုချက်အရလည်း ဝိဒိတကပက္ခ စာရင်းကို ဦးစန္ဒိမာပါ(၄)ပါးထံမှရရှိပြီး မြို့နယ်၊ တိုင်းနှင့် နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့တို့ထံမှ ရရှိသော စာရင်းများ မဟုတ်ကြောင်း၊ ထိုအဖွဲ့

များကလည်း စုဒိတကပက္ခစာရင်းကို ဦးစန္ဒိမာထံမှတောင်းယူ၍ နှင်ထုတ်ရန် ညွှန်ကြားအမိန့်ပေးခဲ့ခြင်းမရှိကြောင်း၊ မြို့နယ် ဖြည်သူ့ကောင်စီသည် ဝိနိစ္ဆယဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ရန် ရှိကြောင်း တင်ပြသည်၊ ထို့အပြင် အချင်းဖြစ်မြေသည် သာသနာ့မြေအဖြစ် ပေါ်လွင်မှုမရှိခြင်း၊ လမ်းများဖောက်လုပ်အကွက်ချ၍ ကျေးရွာကဲ့သို့နေထိုင်ကြခြင်း၊အဆောက်အအုံများအား အရောင်းအဝယ်ပြုလုပ်၍ လွှဲပြောင်းနေထိုင်ကြခြင်းတို့ကို ထောက်ရှုပါက ယင်းဒေသ မြေကွက်ကို ကျောင်းတိုက်ဟု သတ်မှတ်ရန် ခဲယဉ်းကြောင်း၊ စောဒက ဦးစန္ဒိမာ ကိုယ်တိုင်ကပင် လျှောက်ထားသူများသည် သံဃာတော်များ သီတင်းသုံးနေထိုင်ရာဖြစ်သော ဘုန်းကြီးကျောင်းတိုက်၊ သိမ်ဘုရား၊ သာလာယံ ဇရပ် အစရှိသည့် ဘုန်းကြီးကျောင်းပရဝုဏ်အတွင်းတွင် နေထိုင်လျက် မရှိကြဘဲ၊ အဆိုပါ ကျောင်းတိုက်ပရဝုဏ်နှင့် သီးခြားဖြစ်သော မိမိတို့ကိုယ်ပိုင်ရိပ်သာ ဇရပ်တန်းများ၌ နေထိုင်ခဲ့ကြသည်မှာ မှန်ပါသည်ဟု ထွက်ဆိုထားကြောင်း၊ မြို့နယ် သာသနာရေးဦးစီးမှူးဦးစံမြင့်၏ ထွက်ဆိုချက်တွင်လည်း အချင်းဖြစ် ကျောင်းအာရာမ်သည် အခြားကျေးရွာလယ်ပွဲ၊ သီလရှင်များ နေထိုင်ရာ ဇရပ်များနှင့်သီးခြားရပ်တည်နေပြီး ဝင်းခတ်ထားသည်ဟု ထွက်ဆိုထားကြောင်း၊ အမှုတွင် တင်ပြထားသော ထွက်ဆိုချက်များ၊ ဓာတ်ပုံများ၊ လယ်ခွန်မြေစာများအရ သီလရှင်နှင့်ယောဂီများနေထိုင်ရာ ဇရပ်တန်းနှင့် အဆောက်အအုံများသည် ကျောင်းတိုက်ပြင်ပတွင်ရှိနေသည်မှာ ပေါ်လွင်ကြောင်းစသည်ဖြင့် အကျယ်တဝင့်လျှောက်ထားတင်ပြခဲ့ပေသည်။

၁၉၈၆
ဦးအောင်သန်း
ပါ(၂၁)ဦး
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
ဦးနန္ဒာဘာသ
ပါ (၅)ပါး
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
နှင့်
ဒေါ်စန္ဒာသိဂီ
ပါ (၃၉)ပါး
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်

အချင်းဖြစ်ကိစ္စတွင်—

(၁) ဦးပဥ္စင်းဦးစန္ဒိမာပါ(၄)ပါးတို့၏ စာရင်းပေးတင်ပြချက်များအရသာလျှောက်ထားသူများကို စုဒိတကပက္ခများအဖြစ်သတ်မှတ်၍မြို့နယ်ပြည်သူ့ကောင်စီက ဘာရားစွဲဆိုခဲ့ခြင်း၊

(၂) လျှောက်ထားသူများသည် သဲအင်းဂူ ကျောင်းတိုက်ကို လက်ဝယ်ရရှိခဲ့သောဘီးလင်းဆရာတော်နှင့်ဆန့်ကျင်ဘက်ဖြစ်နေသော ပုဂ္ဂိုလ်များဟုမဆိုနိုင်ခြင်း၊

(၃) လျှောက်ထားသူ ဦးနန္ဒာဘာသပါ(၅)ပါးတို့ အနေဖြင့်လက်ရှိကျောင်း နာယကဆရာတော်၏ အမိန့်ဩဝါဒနှင့် ကျောင်းစည်းကမ်းများကို တသွေမတိမ်း လိုက်နာကျင့်ကြံနေထိုင်ကြမည်ဖြစ်ကြောင်း မြို့နယ် သံဃမဟာနာယက အဖွဲ့သို့ စာဖြင့် ရေးသား ဝန်ခံကတိပြုပြီးဖြစ်ခြင်း၊

၁၉၇၆
ဦးအောင်သန်း ပါ (၂၁) ဦး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
ဦးနန္ဒောဘာသ ပါ(၅)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်
နှင့်
ဒေါ်စန္ဒာသိရီ ပါ(၃၉)ပါး
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

(၄) လျှောက်ထားသူများ နေထိုင်ကြသည့် ကျောင်း၊ ဇရပ် စသည်များမှာလည်း၊ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် အာရာမ်အတွင်း ကျရောက်ခြင်းမရှိသည့်အတွက်မြို့နယ် သံဃာဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အကျုံးဝင်သည်ဟု မဆိုနိုင်ခြင်း၊

(၅) စုဒိတကပက္ခများ၊ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များဟုတ်မဟုတ် ကွဲပြားခြင်းမရှိဘဲ ကျောင်းအာရာမ်အတွင်း နေထိုင်ကြ ခြင်းဟုတ်မဟုတ်၊ မြို့နယ်ဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက် နှင့်အကျုံးဝင်မဝင်စသည့် အချက်များ နှင့် စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဗဟို ဌာနချုပ်၏ ညွှန်ကြားချက်များနှင့်အညီ မြို့နယ်သံဃနာယက အဖွဲ့မှ တဆင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ရှင်းလင်း လမ်းညွှန်မှုကိုခံယူဆောင်ရွက်ရန်ဖြစ်ပါလျက်၊ သက်ဆိုင် ရာ မြို့နယ် ပြည်သူ့ကောင်စီသည် ဦးပဥ္ဇင်း ဦးစန္ဒိမာ ကောက်ယူပေးသောစာရင်းကိုအခြေခံ၍ မြို့နယ် သံဃ ဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို မိမိသဘော အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဆောင်ရွက်ခဲ့ခြင်းသည် ဥပဒေ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သည်ဟုမဆိုနိုင် ခြင်း–ဟူသည့်အခြေအနေများ ပေါ်ပေါက်လျက်ရှိသည် ဖြစ်ရာဤအခြေအနေတွင် မြို့နယ်တရားရုံးက လျှောက်ထားသူများအပေါ် ဝိနည်းမမှုကံ အဓိကရုဏ်းမှုခင်းများ၊ ဖြေရှင်း ဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရအရေးယူဆောင်ရွက်နေခြင်း မှာ ဥပဒေအရမှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

အချင်းဖြစ်အမှုများတွင် တရားလိုဘက်မှ တင်ပြသော စွပ်စွဲချက်များ၊ တရားခံဘက်မှရှင်းလင်းမေးမြန်းထားချက်များနှင့် သက်သေခံ တင်ပြထား သော အမိန့်ဆုံးဖြတ်ချက် စာရွက်စာတမ်းများ၊ ဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအရ လျှောက်ထားသူများအပေါ် စွဲဆိုထားသောဥပဒေ ပုဒ်မဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်မည် မဟုတ်သည့်အပြင် လျှောက်ထားသူ များသည်၊ ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း မရှိသည့် အတွက်အမှုများကို ဆက်လက်စစ်ဆေးစီရင်နေခြင်းအားဖြင့်အမှုသည်များ ပင်ပန်းဆင်းရဲကြမည်ဖြစ်ပေသည်။ တရားရုံးအနေဖြင့်လည်း အချိန်ကုန်ပြီး အကျိုးတစ်စုံတစ်ရာ ထူးခြားဘွယ် မရှိပေ။ လျှောက်ထားသူ များ မှာ သံဃာတော်များ၊သီလရှင်များနှင့် ယောဂီများလည်း ဖြစ်ကြ ပေသည်။ လျှောက်ထားသူများသည် သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး ကိုစီမံအုပ်ချုပ်ခွင့်နှင့်အတူ လက်ဝယ်ရရှိထားသော ဘီးလင်း ဆရာတော် ဘုရားကြီး၏ အမိန့် ဩဝါဒများကို နာခံမှုမရှိခြင်း၊ ကျောင်းတိုက်ကြီးမှ

ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို ချိုးဖောက်ခြင်း စသည့် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက သက်ဆိုင်ရာ ဝိနည်း၊ ဥပဒေ လုပ်ထုံးလုပ်နည်းများ၊ တည်ဆဲဥပဒေ နည်းဥပဒေများအရ ၎င်းတို့အပေါ် အရေးယူဆောင်ရွက်သွားရန်သာ ဖြစ်ပေသည်။

အထက်ပါသုံးသပ်တွေ့ရှိချက်များအရ လျှောက်ထားသူဦးအောင်သန်း ပါ(၂၁)ဦး၊ ဦးနန္ဒာဘာသပါ(၅)ပါးနှင့် ဒေါ်စန္ဒာသိဂီပါ(၃၉)ပါး တို့၏လျှောက်လွှာများကို ခွင့်ပြု၍ လျှောက်ထားသူများ အပေါ် ဝိနည်း ဓမ္မကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကိုကာကွယ်စောင့် ရှောက်သည့်ဥပဒေပုဒ်မ ၁၁ အရ စွဲဆိုထားသော မှော်ဘီမြို့နယ် တရားရုံး ၏ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၅၁/၇၅၊ ၅၇၉/၇၅ နှင့် ၆၄၉/၇၅ တို့ကိုပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက် ကြောင်း အမိန့်ချမှတ်သည်။

၁၉၇၆

ဦးအောင်သန်း ပါ(၂၁)ဦး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

ဦးနန္ဒာဘာသ ပါ(၅)ပါး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

နှင့်

ဒေါ်စန္ဒာသိဂီ ပါ(၃၉)ပါး

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်

၁၉၇၆ ခုနှစ်

# တရားမမှုများ

# ဗဟိုတရားရုံးစာကြည့်တိုက်

## စီရင်ထုံးပြုသောမှုခင်းများ

### တရားမဆိုင်ရာ အမှုများ


| | | စာမျက်နှာ |
|---|---|---|
| ဒေါ်ခင်မြစော | နှင့် ဒေါ်လှလှရီ | ၁ |
| ဒေါ်စန်း | နှင့် ဦးကံညွန့် | ၆ |
| ဦးတင်မောင်ပါ (၃) | နှင့် ဒေါ်သိန်းတင် | ၁၂ |
| ပြည်ထောင်စုဆိုရှယ်လစ်<br>သမ္မတမြန်မာနိုင်ငံတော် | နှင့် ဦးကျော် (ကွယ်လွန်သူ) ၏<br>သားသမီးများ | ? |
| (ပြည်သူ့ဥပဒေအကျိုးဆောင်<br>အဖွဲ့) | ဒေါ်မြဦးပါ (၃) | ၁၈ |
| ပြည်ထောင်စုဆိုရှယ်လစ်<br>သမ္မတမြန်မာနိုင်ငံတော်<br>(ပြည်သူ့အကျိုးဆောင်အဖွဲ့) | နှင့် ဦးအုန်းရင်ပါ (၂) | ၃၇ |
| ဒေါ်ရှင်<br>ဦးမောင်မောင်လေး | နှင့် ဦးမောင်မောင်လေး<br>ဒေါ်သန်းတင်ပါ (၄) | ၅၆ |
| မအေးသောင်းကြည် | နှင့် မဖွားစိန်ပါ (၂) | ၆၂ |
| ဒေါ်သန်းမြင့် | နှင့် ဒေါ်သန်းရင် | ၆၆ |
| ဒေါ်အုန်းမြင့် | နှင့် ဒေါ်ခင်မြ ပါ (၂) | ၇၀ |
| ဒေါ်အုန်းမြင့် (ကွယ်လွန်<br>သူဦးထွန်းမြင့်၏တရားဝင်<br>ကိုယ်စားလှယ်) ပါ ၆<br>ဒေါ်အုန်းမြင့် (ကွယ်လွန်သူ<br>ဦးထွန်းမြင့်၏ တရားဝင်<br>ကိုယ်စားလှယ်) | ဦးမြတ်စိုး<br>နှင့် ဦးမြတ်စိုးပါ (၂) | ၈၀ |

ဗဟိုတရားရုံးစာကြည့်တိုက်
စီရင်ထုံးပြုသော အမှုများ

# တရားမ မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| [redacted]ကျော်ဒင်ပါ (၂) | နှင့် | ဒေါ်ဝင်းပါ(၂) | ၈၇ |
| [redacted]စောမြင့်ပါ(၅) | နှင့် | ဒေါ်မြသင် | ၉၂ |
| [redacted]စောသွင် | နှင့် | ဒေါ်စိန်မြိုင်ပါ(၃) | ၉၈ |
| [redacted]သောင်း | နှင့် | ဦးအေးပါ(၂) | ၁၀၀ |
| [redacted]န်လှပါ(၂) | နှင့် | ဒေါ်သန်းမြင့်(ခ)ဒေါ်သန်းမြ | ၁၀၅ |
| [redacted]တင်အေး | နှင့် | ဦးအိဘရာဟင်အလီမိုဟာမက် မာစတာ | ၁၀၉ |
| [redacted]နရျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ [redacted]လမြိုင်မြို့ | နှင့် | ဒေါ်သိန်းသိန်းပါ(၄) | ၁၁၄ |
| [redacted]ရွှေ | နှင့် | ဦးတန်ဘီ(ခ)ဦးကျော်အောင် | ၁၁၇ |
| [redacted] | နှင့် | မနုနုကြည် | ၁၂၁ |
| [redacted]မ္ဘစီးပွားရေးဘဏ်(ကိုယ်စား) [redacted]နရျာ၊ မြန်မာ့စီးပွားရေး [redacted]ခွဲ၊ ပုသိမ်မြို့။ | နှင့် | မောင်ထွန်းဝင်းပါ(၅) | ၁၂၄ |
| [redacted]ဝမ်း (ခ) ဦးမြတ်စိုး | နှင့် | ဒေါ်ရာဘီယာ | ၁၂၈ |

# စီရင်ထုံးပြုသော အမှုများ

## တရားမ မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ဒေါ်ခင်ဦး | နှင့် | ဦးဘသိန်း | ၁၃၃ |
| ဦးစိန်လှိုင် | နှင့် | ဦးမောင်မောင်အေးပါ (၂) | ၁၃၇ |
| ဦးတင်ထွန်း | နှင့် | ဦးစိန်ဝင်းပါ (၂) | ၁၄၃ |
| ဦးတင်ထွန်းပါ (၂) | နှင့် | ဒေါ်သန်းတင်လှပါ (၂) | ၁၄၉ |
| ဦးဘကြည်ပါ (၂) | နှင့် | ဒေါ်ကြွယ် | ၁၅၆ |
| ဒေါ်မာရီယမ်ဘီ (ခ)<br>ဒေါ်မဂျမ်းပါ (၅) | နှင့် | ဒေါ်မဥ | ၁၆၃ |
| ဒေါ်သိန်းကြည်<br>ဦးလှဦးပါ (၅) | နှင့် | ဦးလှဦးပါ (၇)<br>ဒေါ်သိန်းကြည် | ၁၆၉ |
| ဒေါ်အေးရီ | နှင့် | ဒေါ်ခင်စန်းရီ | ၁၇၇ |
| ဦးအောင်ကြွယ် | နှင့် | ဒေါ်မြရွှေပါ (၂) | ၁၈၁ |
| ဦးအောင်သိန်းပါ (၂) | နှင့် | ဒေါ်မာမူနာခါတွန်ပါ (၄) | ၁၈၅ |
| ဦးအုန်းမောင်ပါ (၂) | နှင့် | ဦးသိန်းလှ | ၁၈၉ |

## စီရင်ထုံးပြုသောအမှုများ

## တရားမ မှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ဒေါ်ကျင်ငွေး | နှင့် | ဦးသိန်းတင်ပါ (၅) | ၁၉၅ |
| ဒေါ်ခင်အေး | နှင့် | ဒေါ်စောမြင့်ပါ (၆) | ၂၀၁ |

## တရားမမှုများ

**ဥပဒေများ** စာမျက်နှာ

ကာလစည်းကမ်းသတ် အက်ဥပဒေ၊
တရားမကျင့်ထုံး ဥပဒေ၊
မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ၊
၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး
အက်ဥပဒေ၊
အမွေဆက်ခံရေး အက်ဥပဒေ။

**ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၄– ယင်းပြဋ္ဌာန်းချက်ပါ "ပြန်ယူပိုင်ခွင့်" ဟူသော စကားရပ်က တရားလိုသည် တချိန်က အချင်းဖြစ် ပစ္စည်းကို ပိုင်ဆိုင်သူ သို့ တည်းမဟုတ် လက်ရှိထားခွင့်ရှိသူဖြစ်ပြီး အကြောင်းတစ်ရပ်ရပ် ကြောင့် ယင်းပစ္စည်းမှာ တရားပြိုင်လက်ဝယ်သို့ ရောက်ရှိ သွားသည်ဆိုသော အချက်ကို ညွှန်ပြလျက်ရှိခြင်း၊ လင်ကမယား အပေါ် ပရိညာဉ်ထားရှိသည့်အတိုင်း နေအိမ်မှ ထွက်ခွာ သွားစေလိုမှုစွဲဆိုခြင်း–ယင်းအမှုသည် ပထမဇယားအမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်ရန်အကြောင်း မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မရွှေ့ မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလို ကြောင်း စွဲဆိုသူတရားလိုသည် တချိန်က အချင်းဖြစ်ပစ္စည်းကို ပိုင် ဆိုင်သူ သို့တည်းမဟုတ်တနည်းဖြင့် လက်ရှိထားခွင့်ရှိသူဖြစ်ကြောင်း ပေါ်ပေါက်သည်။ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အပိုဒ်၁၄၄ ပါ "တရားလိုက မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ပြန် ယူပိုင်ခွင့်ရှိသည့်အခါ" ဟူသော စကားရပ်အနက် "ပြန်ယူပိုင်ခွင့်" ဟူသော စကားရပ်က တရားလိုသည် တချိန်က အချင်းဖြစ် ပစ္စည်း ကို ပိုင်ဆိုင်သူသို့တည်းမဟုတ်လက်ရှိထားခွင့်ရှိသူဖြစ်ပြီး အကြောင်း တစ်ရပ်ရပ်ကြောင့် ယင်းပစ္စည်းမှာ တရားပြိုင်လက်ဝယ်သို့ ရောက်ရှိ နေသည်ဆိုသောအချက်ကို ညွှန်ပြလျက်ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဤအမှုတွင် ဒေါ်စန်းနှင့် ဦးကံညွှန့် တို့ လင်မယားအဖြစ်မှ ကွာရှင်းကြသည့်အခါ လင်မယားပိုင်ပစ္စည်း အနက်မှ အချင်းဖြစ်အိမ်ကို ဒေါ်စန်းကမိမိဝေစုအဖြစ် ရရှိခဲ့သည်မှာ အငြင်းမထွက်ချေ။ သို့ဖြစ်ရာ အချင်းဖြစ်အိမ်မှာ ဦးကံညွှန့်ပိုင် မဟုတ် တော့သဖြင့် ဦးကံညွှန့်စွဲဆိုသောအမှုသည် အထက်ဖော်ပြပါ အမှတ်စဉ်၁၄၄ နှင့် သက်ဆိုင်ရန် အကြောင်းမရှိချေ။

**ဒေါ်စန်း နှင့် ဦးကံညွှန့်** ၆

စာမျက်နှာ

တရားမကျင့်ထုံး ဥပဒေ — မီးသေခြင်းဆိုင်ရာ ဥပဒေသသည် ဇာရီမှုများနှင့်လည်း သက်ဆိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ တွင် တရားမ ဇာရီမှုများကို ရည်ညွှန်းထားခြင်း မရှိသော်လည်း မီးသေခြင်း ဆိုင်ရာဥပဒေသသည် ဇာရီမှုများနှင့်လည်း သက်ဆိုင်သည်။

ဦးတင်မောင်ပါ (၃) နှင့် ဒေါ်သိန်းတင်* ၁၂

တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်း၄ (၄) ၏ ခြွင်းချက်နှင့် ပုဒ်မ ၁၄၉ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားစဉ်က စွဲဆိုလိုသည့် အမှုမှာ ကာလစည်းကမ်းသတ်အတွင်း ကျရောက်ပြီး လျှောက်လွှာကို ပလပ်ပြီးနောက် ရုံးခွန်ထမ်း ဆောင်သည့် အချိန်တွင်၊ ကာလစည်းကမ်းသတ် ကျော်လွန် သွားစေကာမူ ထိုအဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့် ပြုရန် လျှောက်ထားစဉ်ကပင် ရုံးခွန်ထမ်းဆောင်သည်ဟု မှတ်ယူနိုင်ခြင်း–လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုသော အမိန့်များ ကို ပယ်ဖျက်လိုက်သောအခါ အဆိုလွှာလက်ခံသည့် ကိစ္စမှအပ ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ဆောင်ရွက်ခဲ့သောအခြား ဆောင်ရွက်ချက်များမှာမူ ပျက်ပြယ်သွားခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေအမိန့် ၃၃၊နည်း၂ (ခ) အရ လူမွဲအဖြစ်တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာနှင့်အတူ လျှောက် ထားသူက တင်သွင်းလိုသည့် အဆိုလွှာကို ပူးတွဲတင်ပြရသည်။ နည်း၄ (၄) တွင်လူမွဲအဖြစ် တရားစွဲခွင့် လျှောက်လွှာကိုခွင့်ပြုရန် အကြောင်းမရှိသည့်အခါ ပယ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ သော် ထိုပြဋ္ဌာန်းချက်တွင် ခြွင်းချက်အဖြစ် တရားလိုသည် လိုအပ် သော ရုံးခွန်ထမ်းဆောင်ပါက အဆိုလွှာကို လက်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၉ အရ ဥပဒေနှင့်အညီ ထမ်း ဆောင်ရမည့် ရုံးခွန်လျော့နည်းနေသည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ လိုအပ်သောရုံးခွန်ထမ်းဆောင်ရန် တရားရုံးကခွင့်ပြုနိုင် သည်။ထိုသို့ခွင့်ပြုလျှင် ထိုစာရွက်စာတမ်းများသည် မူလတင်ပြစဉ် ကပင် ရုံးခွန်ထမ်းဆောင်ပြီး ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက် ရှိသည်။

စာမျက်နှာ

ဤပြဋ္ဌာန်းချက်နှစ်ရပ်ကို ပူးတွဲသုံးသပ်ပါက လူမွဲအဖြစ် တရားစွဲဆို ခွင့်ပြုရန် လျှောက်လွှာကိုဝယ်ယူပြီးနောက် လျှောက်ထားသူက ကျသင့်သော ရုံးခွန်ကို ဆောင်သောကြောင့် တရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်း ၄ (၄) ၏ခြွင်းချက်တွင် ခွင့်ပြုထားသည့် အဆိုလွှာကို လက်ခံလိုက်သောအခါ ပုဒ်မ ၁၄၉ အရ ထိုအဆို လွှာအတွက် လူမွဲအဖြစ် တရားစွဲခွင့်ပြုရန် လျှောက်ထားသည့်နေ့ကပင် ရုံးခွန် ထမ်းဆောင်သည်ဟု မှတ်ယူရပေမည်။ **မသူရာပရာဆဒ်နှင့် အာဒေအဗီးလစ် (၁)** စီရင်ထုံးကိုကြည့်ပါ။ သို့ဖြစ်ရာ လူမွဲအဖြစ် တရား စွဲဆိုခွင့်ပြုရန် လျှောက်ထားစဉ်က စွဲဆိုလိုသည့်အမှုမှာ ကာလစည်း ကမ်းသတ် အတွင်း ကျရောက်ပြီး လျှောက်လွှာကို ပလပ်ပြီးနောက် ရုံးခွန်ထမ်းဆောင်သည့် အချိန်တွင် ကာလ စည်းကမ်းသတ် ကျော် လွန်သွားစေကာမူ ထိုအဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့် ပြုရန် လျှောက်ထားစဉ်ကပင် ရုံးခွန်ထမ်းဆောင်သည်ဟု ပုဒ်မ ၁၄၉ အရ မှတ်ယူနိုင်သည် ဖြစ်၍ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ရန် အကြောင်းမရှိတော့ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။သို့သော် ဗဟိုတရားရုံးက တရားမပြင် ဆင်မှု အမှတ် ၄၂/၀၃ နှင့် ၄၃/၀၃ တို့တွင် လူမွဲအဖြစ် တရားစွဲခွင့် ပြုသော အမိန့်များကို ပယ်ဖျက်လိုက်သောအခါ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၃၊ နည်း ၄ (၄) ၏ ခြွင်းချက်အရ အဆိုလွှာလက်ခံသည့်ကိစ္စမှ အပ ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ဆောင်ရွက်ခဲ့သော အခြား ဆောင်ရွက်ချက်များမှာမူ ပျက်ပြယ်သွားပြီဟု ကောက်ယူရပေလိမ့် မည်။

သို့ဖြစ်၍ ဤအမှုတွင် လျှောက်ထားသူ ဒေါ်အုံးမြင့်တို့အား ချေလွှာ တင်ခွင့်မပြုဟု ၈-၄-၀၃ ရက်နေ့တွင် တိုင်းတရားရုံးက ချမှတ်သော အမိန့်များသည် ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ချမှတ်သည့် အမိန့်များ သာ ဖြစ်သောကြောင့် လူမွဲမှုအဖြစ် တရားစွဲခွင့်ကို ပယ်ဖျက်လိုက်သော အခါ ချေလွှာတင်ခွင့် မပြုဟူသော တိုင်းတရားရုံး၏ အမိန့်များမှာ အတည်မဖြစ်တော့ချေ။

| | | |
|---|---|---|
| ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင်ကိုယ်စားလှယ်) ပါ ၆ | နှင့် ဦးမြတ်စိုး | |
| ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင် ကိုယ်စားလှယ်) | ဦးမြတ်စိုးပါ-၂ | ၁၀ |

တရားမကျင့်ထုံး ဥပဒေနောက်ဆက်တွဲ (ဃ) အမှတ်စဉ် (၁၅) နှင့်(၁၁) ပဏာမဒီကရီချမှတ်ပြီးနောက် တစုံတရာဆောင်ရွက်ခြင်း မပြုပဲ အပြီးသတ် ဒီကရီချမှတ်ရန် မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း-အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် အပြီးသတ် ဒီကရီ ချမှတ်ရန် အလို့ငှာ အမွေပစ္စည်းတန်ဖိုးကို စုံစမ်းသတ်မှတ်ရန် အတွက် ပြဋ္ဌာန်းချက် မရှိခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ပဏာမဒီကရီချမှတ်ပြီးနောက် တစုံတရာဆောင်ရွက်ခြင်း မပြုပဲ အပြီးသတ် ဒီကရီ ချမှတ်လျှင် အပြီးသတ် ဒီကရီမှာ ပဏာမ ဒီကရီနှင့်ကွဲပြားခြားနားရန် အကြောင်းရှိမည် မဟုတ်၍အမည်ခံမျှသာ ဖြစ်ပေလိမ့်မည်။အပြီးသတ် ဒီကရီကို စတီချမှတ်သည့်သဘောသက်ရောက်ပေလိမ့်မည်။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတွင် ချမှတ်ရသည့် ပဏာမ ဒီကရီနှင့် အပြီးသတ် ဒီကရီပုံစံတို့ကို တရားမကျင့်ထုံး ဥပဒေ နောက်ဆက်တွဲ (ဃ) အမှတ်စဉ် (၁၅) နှင့် (၁၈) တို့တွင်အသီးသီး ဖော်ပြထားရာ ယင်းပုံစံနှစ်ခုကို နှိုင်းယှဉ်လေ့လာ ကြည့်ပါက ပဏာမ ဒီကရီချမှတ်ပြီးနောက် အပြီးသတ် ဒီကရီ မချမှတ်မီ ဆောင်ရွက်ရန် ကိစ္စရပ်များရှိကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ ပဏာမဒီကရီချမှတ်ပြီးနောက် တစုံတရာ ဆောင်ရွက်ခြင်း မပြုပဲအပြီးသတ် ဒီကရီချမှတ်ရန် မဟုတ်ကြောင်း ပေါ်ပေါက်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အမွေ စီမံခန့်ခွဲ ပေးစေလိုမှုတွင် အပြီးသတ် ဒီကရီချမှတ်ရန် အလို့ငှာ အမွေပစ္စည်း တန်ဖိုးကို စုံစမ်းသတ်မှတ်ရန်အတွက် ပြဋ္ဌာန်းချက် မရှိချေ။ တန်ဖိုး သတ်မှတ်ရုံဖြင့် အမှုပြီးဆုံးသွားရန်လည်း အကြောင်း မရှိချေ။ အမွေပစ္စည်းများ အနက်တရားလိုရရန်ရှိသော ဝေစုကို ခွဲဝေသတ်မှတ်သည့် ဒီကရီသာလျှင် အပြီးသတ် ဒီကရီဖြစ်ပေါ်ပေသည်။

ဒေါ်ရှင် နှင့် ဦးမောင်မောင်လေး
ဦးမောင်မောင်လေး ဒေါ်သန်းတင်ပါ (၃) ၅၆

မြန်မာ ဓလေ့ထုံးတမ်းဥပဒေ—အိမ်ထောင်ကြီး တစ်ဦး၏အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးခံစားခွင့် မရှိခြင်း-ယင်းဥပဒေသမှာ အိမ်ထောင်ကြီး လင်မယား အသက်ထင်ရှားရှိစဉ်ကာလ အတွင်းသာ သက်ဆိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အိမ်ထောင်ကြီးများသည် တစ်ဦး၏အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုး

စာမျက်နှာ

သက်ဆိုင်ခွင့်မရှိဟူသော ဥပဒေသမှာ အိမ်ထောင်ကြီးလင်မယား အသက်ထင်ရှားရှိစဉ်ကာလအတွင်းသာ သက်ဆိုင်သည်။ တစ်ဦးဦး ကွယ်လွန်သွားသောအခါ ကျန်တစ်ဦးက ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိပေသည်။

မဒေသာင်းကြည် နှင့် မဖွားစိန်ပါ (၂) ၆၂

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေခွဲဝေခြင်း – ပထွေးနှင့် မယားပါသားသမီးတို့ အမွေခွဲပုံခွဲနည်းနှင့်၊ လင်ပါသမီးနှင့် မယားပါသမီးတို့ အမွေခွဲပုံခွဲနည်းချင်း မတူခြင်း။**

အိမ်ထောင်ကြီး ဦးဘစေနှင့် အိမ်ထောင်ကြီး ဒေါ်လှတင်တို့သည် ယခုအမှုမစွဲမီ ၁၉ နှစ်ခန့်က အကြောင်းပါခဲ့ကြသည်။ အယူခံ တရားလို ဒေါ်သန်းမြင့်သည် ဒေါ်လှတင်၏ အိမ်ထောင်ဟောင်းမှ သမီးဖြစ်၍ အယူခံတရားပြိုင် ဒေါ်သန်းရင်သည် ဦးဘစေ၏ အိမ်ထောင်ဟောင်းမှ သမီးဖြစ်သည်။ ဦးဘစေနှင့် ဒေါ်လှတင်တို့တွင် လက်ရှိအိမ်ထောင်၌ သားသမီးထွန်းကားခြင်းမရှိချေ၊ ဒေါ်လှတင်သည် ၁၉၇၇ခုနှစ်တွင် ကွယ်လွန်သွားရာ ဒေါ်သန်းမြင့်ကမန္တလေးတိုင်းတရားရုံး၊ ၁၉၇၈ ခုနှစ် တရားမကြီးမှု အမှတ် ၇၄ (အနောက်မြောက်) တွင် ပထွေးဖြစ်သူ ဦးဘစေ အပေါ် ဒေါ်လှတင်နှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသောလက် ထက်ပွား ပစ္စည်းတွင် အမွေရလိုကြောင်း တရားစွဲဆိုရာ ဦးဘစေ နှင့် ဒေါ်လှတင် တို့အကြောင်းပါပြီးနောက် ဒေါ်သန်းမြင့်သည် မိခင်ဖြစ်သူ ထံမှအမွေရရှိပြီးပြီဟု တိုင်းတရားရုံးက ကောက်ယူကာ ဒေါ်သန်းမြင့် စွဲဆိုသောအမှုကို ပလပ်လိုက်သည်။

ဒေါ်သန်းမြင့်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံ ဝင်ခြင်းမပြုခဲ့ချေ။

ဦးဘစေသည် ၁၉၈၀ ပြည့်နှစ် အတွင်းတွင် ကွယ်လွန်သွားရာ ဒေါ်သန်းမြင့်က မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၂၅/ ၈၁ (အနောက်မြောက်) တွင် ဒေါ်သန်းရင် အပေါ် ဦးဘစေ ကျန်ရစ် သော အမွေပစ္စည်းများ၏ တဝက်ကိုခွဲဝေပေးစေရန် အမွေစီမံခန့်ခွဲ ပေးစေလိုမှုစွဲဆိုသည်။

ဒေါ်သန်းရင်က အခြားအချက်အလက်များအပြင် မန္တလေးတိုင်း တရားရုံး၊တရားမကြီးမှုအမှတ်၇၄/၇၈ (အနောက်မြောက်) တွင်ချမှတ် သော စီရင်ချက်မှာ မီးသေသွားပြီဖြစ်၍ သူ့အပေါ် အမှုစွဲဆိုခွင့် မရှိ

စာမျက်နှာ

တော့ကြောင်း ထုချေသည်။ တိုင်းတရားရုံးက ယင်း ထုချေချက်ကို ပဏာမငြင်းချက် ထုတ်နုတ်ကြားနာပြီးနောက်၊ ဒေါ်သန်းရင်အားအသာ ပေးခြေဆို၍ ခြေဆိုကာ ဒေါ်သန်းမြင့်စွဲဆိုသော အမှုကို ပလပ်လိုက်သောကြောင့်၊ ဒေါ်သန်းမြင့်က မဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းခြင်း ဖြစ်သည်။

ဆုံးဖြတ်ချက်။ ။ပထွေးနှင့်မယားပါသားသမီးတို့သည် ၃၆ စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီးပုဒ်မ ၂၁၁ အရ အမွေခွဲဝေရသည်။ လင်ပါသမီးနှင့် မယားပါသမီးတို့သည် အဆိုပါကျမ်းပုဒ်မ ၂၅၃ အရ အမွေခွဲရသည်။ သို့ဖြစ်ရာ အမွေခွဲပုံခွဲနည်းချင်းမတူချေ။

ဒေါ်သန်းမြင့် နှင့် ဒေါ်သန်းရင် ၆၆

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က), (ဒုတိယပိုင်း) အရ စွဲဆိုမှု ငှားရမ်းခ ပေးရန် ပျက်ကွက်သည့် အိမ်ငှားအပေါ် အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်သည်ဟူ၍ အကြောင်းပြကာ နှင်ထုတ်ခွင့် ဒီကရီမချမှတ်နိုင်ခြင်း၊ ထိုသို့ ဒီကရီ ချမှတ်ပါက အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ အိမ်ငှားအား ပေးထားသည့် အခွင့်အရေးကို ရုပ်သိမ်းရာရောက်မည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၈ (၅) ၌ အိမ်ငှားဖြစ်သူသည် ငှားရမ်းခပေးရန် တာဝန်ရှိသည် ဟူ၍ ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ ငှားရမ်းခပေးရန် ပျက်ကွက်သည့် အိမ်ငှားအပေါ် အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်သည်ဟူ၍ အကြောင်းပြကာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီချမှတ်မည် ဆိုပါက အိမ်ငှားသည် အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ အခွင့်အရေးများကို ရတော့မည် မဟုတ်ချေ။ အိမ်ငှားသည် အိမ်ငှားတာဝန်ကို ဖောက်ဖျက်တိုင်း အိမ်ရှင်သည် အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ နှင်ထုတ်ခွင့်မရှိချေ။ ယင်းတာဝန်သည် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သရွေ့ ဖောက်ဖျက်သည့် သို့တည်းမဟုတ် မဆောင်ရွက်ပဲနေသည့် ကိစ္စအတွက်သာ ယင်းပုဒ်မခွဲအရ နှင်ထုတ်ခွင့်

စာမျက်နှာ

ရှိသည်။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ငှားရမ်းခပေးရန် ပျက်ကွက်သည့်အတွက် အိမ်ငှားအပေါ် ယင်းဥပဒေပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း) အရ ဒီကရီချမှတ်နိုင်ရန် အတည့်အလင်း ပြဋ္ဌာန်းထားသည့်အပြင် ယင်းကိစ္စအတွက် အိမ်ငှားအား ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ နှင်ထုတ်ခွင့်ပြုမည်ဆိုပါက ပုဒ်မ ၁၅ (၁) အရ အိမ်ငှားအား ပေးထားသည့်အခွင့်အရေးကို နုတ်သိမ်းရာရောက်မည် ဖြစ်၍ အိမ်လခပေးရန် တာဝန်ကိုဖောက်ဖျက်သည့်ကို အကြောင်းပြုပြီး အိမ်ငှားအပေါ် ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီ ချမှတ်ခွင့် မရှိဟု ဆိုရပေမည်။

ဒေါ်ခင်စော နှင့် ဒေါ်လှလှရီ ၁

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့်ရှိသူ–နှင်ထုတ်သည့်ဒီကရီ ချမှတ်ခြင်းခံရသော တဆင့်ခံ အိမ်ငှားသည် ယင်းဥပဒေ ပုဒ်မ ၁၅ (၁) ပါ ''အိမ်ငှား''ဆိုသော စကားရပ်တွင် အကျုံးဝင်ခြင်း–နှစ်ရှည်လများ အိမ်လခ ပေးရန် ပျက်ကွက်သော အိမ်ငှားသည် ယင်းဥပဒေပုဒ်မ ၁၅ (၁) ပါ အကျိုးကျေးဇူးကို ခံစားခွင့် မရှိစေရဟု ပိတ်ပင်ထားမှု မရှိခြင်း–ဒီကရီ အတည်ပြုသော တရားရုံးသည် ပေးရန်ကျန်ရှိနေသော ငှားရမ်းခ ပေးခြင်းနှင့် စပ်လျဉ်း၍သာ အမိန့် ချမှတ်နိုင်ပြီး နောင်တွင် ပေးရန်ရှိလာမည့် ငှားရမ်းခနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းချက် မရှိခြင်း–တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၄–မူလရုံး၌ တူညီ သော အကြောင်းပြချက်များ တင်ပြ၍ လျှောက်ထား ခဲ့ကြလျှင် တဆင့်ခံ အိမ်ငှားတစ်ဦးတည်း တင်သွင်းသော အယူခံတွင်မူ လအိမ်ငှား ပါဝင်ခြင်း မရှိစေကာမူ ဗဟိုတရားရုံးသည် သူ၏ အကျိုးငှာ တိုင်းတရားရုံး၏ ဒီကရီကို ပယ်ဖျက်နိုင်ခြင်း–တရားရုံးက ချမှတ်သော နှင်ထုတ်သည့် ဒီကရီအတိုင်းတရားရုံးက လိုက်နာဆောင်ရွက်သော အမှုတွင်မှ တပါး တရားမကျင့်ထုံး ဥပဒေအမိန့် ၂၃၊နည်း၃၅ နှင့်အညီ ဆောင်ရွက်

စာမျက်နှာ

ပြီးမှသာ ဒီကရီကို အတည်ပြုပြီးရာ ရောက်သည်ဟု ကောက်ယူသင့်ခြင်း။

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့် ရှိသူသည်–

(၁) အငှားချထားသည့် ဥပစာမှနှင်ထုတ်သည့် ဒီကရီချမှတ်ခြင်း ခံရသူဖြစ်ရမည်။ ထို့ပြင်–

(၂) အိမ်ငှားဖြစ်ရမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။နှင်ထုတ်သည့် ဒီကရီချမှတ်ခြင်းခံရသော တဆင့်ခံအိမ်ငှားသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) ပါ''အိမ်ငှား''ဆိုသော စကားရပ်တွင် အကျုံးဝင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။အိမ်ငှားတစ်ဦးသည် နှစ်ရှည်လများအိမ်လခပေးရန် ပျက်ကွက်လျှင် ပုဒ်မ ၁၅ (၁) ပါ အကျိုးကျေးဇူးကိုခံစားခွင့်မရှိစေရဟု ပိတ်ပင်ထားခြင်းမရှိချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ၁၅ (၁) တွင် ဒီကရီကို အတည်ပြုသော တရားရုံးသည် ပေးရန်ကျန်ရှိနေသော ငှားရမ်းခပေးခြင်းနှင့် စပ်လျဉ်း၍သာ အမိန့်ချမှတ်နိုင်သည်။ နောင်တွင် ပေးရန်ရှိလာမည့် ငှားရမ်းခနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်၍ နောင်တွင် ပေးရမည့် အိမ်လခများကိုပါ ပေးစေရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် မညီညွတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။မူလရုံးတွင် ဦးအုန်းရင်နှင့် ဦးလှကျော်တို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ အကျိုးခံစားခွင့်ရရန် ပူးတွဲလျှောက်ထားခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့် သူတို့သည် တူညီသော အကြောင်းပြချက်များ တင်ပြ၍ လျှောက်ထားခဲ့ခြင်း ဖြစ်သည်။သို့ဖြစ်ရာ ဦးလှကျော်သည် တစ်ဦးတည်း တင်သွင်းသော အယူခံတွင် ဦးထွန်းရီ၏ မူလအိမ်ငှား ဦးအုန်းရင်မှာ အယူခံ တရားလိုအဖြစ် ပါဝင်ခြင်းမရှိစေကာမူ ဗဟို တရားရုံးသည် သူ၏ အကျိုးငှာ တိုင်းတရားရုံး၏ ဒီကရီကို အထက်

စာမျက်နှာ

ဖော်ပြပါ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ အရ ပယ်ဖျက်နိုင်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးက ချမှတ်သော နှင့်ထုတ်သည့် ဒီကရီအတိုင်း တရားရုံးက လိုက်နာဆောင်ရွက်သော အမှုတွင်မှတပါး တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅ နှင့်အညီ ဆောင်ရွက်ပြီးမှ ဒီကရီကို အတည်ပြုပြီးရာရောက်သည်ဟု ကောက်ယူသင့်ပေသည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ
မြန်မာနိုင်ငံတော် နှင့် ဦးအုန်းရင်ပါ (၂) ၃၇
(ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့)

**အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၈ (၁)–ကိတ္တိမ သားသမီးသည် မွေးစားမိဘထံမှ အမွေဆက်ခံခွင့်ရှိသဖြင့် အမွေထိန်းစာထုတ်ပေးရန် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၈ (၁) အရ လျှောက်ထားခွင့်ရှိခြင်း–ကိတ္တိမသားသမီး ဟုတ်မဟုတ် အငြင်းပွားရုံဖြင့် အမွေထိန်းစာထုတ်ပေးရန်လျှောက်ထားခြင်းကို ခွင့်မပြုသင့်ဟုဆုံးဖြတ်ခြင်းမှာ မှားယွင်းခြင်း။**

**ဆုံးဖြတ်ချက်။** ။ဒေါ်အုန်းမြင့် စွဲဆိုသည့်အတိုင်း သူသည်ဒေါ်ရှင်၏ ကိတ္တိမသမီးဖြစ်ပါက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ရှင်၏ အမွေအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ဆက်ခံခွင့် ရှိမည်ဖြစ်သည့်အလျောက်၊ဒေါ်အုန်းမြင့်အနေဖြင့်မိမိအားအမွေထိန်းစာထုတ်ပေးရန်အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ၂၁၈ (၁) အရလျှောက်ထားခွင့်ရှိပေသည်။ဒေါ်အုန်းမြင့်သည် ဒေါ်ရှင်၏ ကိတ္တိမသမီး ဟုတ်မဟုတ် အငြင်းပွားရုံမျှဖြင့် အမွေထိန်း စာထုတ်ပေးရန် လျှောက်ထားခြင်းကို ခွင့်မပြုသင့်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

ဒေါ်အုန်းမြင့် နှင့် ဒေါ်ခင်မြပါ (၂) ၇၀

**အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၂ နှင့် ၂၉၅–အမွေထိန်းစာလျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေးအပေါ် အခြေခံ၍ လျှောက်ထားမှုမျိုး ဖြစ်ပြီး၊ အခြားအမှုများမှာကဲ့သို့ တစ်ဦးတစ်ယောက်ထံမှ အခွင့်အရေး တောင်းဆိုသည့် အမှုမျိုး မဟုတ်ခြင်း–ယင်း အမှုမျိုးတွင် ကြန့်ကွက်**

စာမျက်နှာ

**သူ သေဆုံးရုံ မျှဖြင့် လျှောက်ထားမှုမှာ ရပ်စဲ သွားရန် အကြောင်း မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အမွေထိန်းစာ လျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေးအပေါ် အခြေခံ၍ လျှောက်ထားမှုမျိုး ဖြစ်ပြီး အခြားအမှုများမှာကဲ့သို့တစ်ဦးတစ်ယောက်ထံမှအခွင့်အရေးတောင်းဆိုသည့်အမှုမျိုး မဟုတ်ချေ။ အမွေတွင် အကျိုးသက်ဆိုင်ခွင့် ရှိသည်ဟု အဆိုရှိသူများက ကန့်ကွက်သဖြင့် အမှုဆိုင်ပြိုင်ရသည့် အဆင့်ရောက်သောအခါ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းကန့်ကွက်သူအားတရားပြိုင်အဖြစ်သတ်မှတ်၍ အမှုကို ဆက်လက်စစ်ဆေးရသော်လည်း ကန့်ကွက်သူ သေဆုံးခြင်းသည်အမွေထိန်းစာ လျှောက်ထားသူ၏ အမွေထိန်းစာရခွင့်ကို တစုံ တရာ ထိခိုက်နိုင်ခြင်း မရှိသဖြင့် ကန့်ကွက်သူ သေဆုံးရုံမျှဖြင့် လျှောက်ထားမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိချေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးကျော် (ကွယ်လွန်) ၏ သားသမီးများ

(ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဒေါ်မြဦးပါ (၃) ၁၈

## တရားမမှုများ

စာမျက်နှာ

**ဥပဒေများ**

ကာလ စည်းကမ်းသတ် ဥပဒေ
တရားမ ကျင့်ထုံးဥပဒေ
ပစ္စည်းလွှဲပြောင်းရေးဥပဒေ
သီးခြားသက်သာခွင့် ဥပဒေ
အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်း ခံရသူများ ဥပဒေ
မြန်မာ့ လေ့ထုံးတမ်း ဥပဒေ
စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေ
၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ

**ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၇၂— ဇာရီမှုအတွက် စည်းကမ်းသတ် ကာလကို မည်သည့် နေ့ရက် က စ၍ ရေတွက်ရန် လိုအပ်ခြင်း—ပစ္စည်းထိန်း ခန့်အပ်ပေးရန် လျှောက်ထားခြင်းသည်၊ ဒီကရီကို အတည်ပြုစေရန် ဖြစ်စေ၊ အတည်ပြုနိုင်အောင် ဖြစ်စေ၊ အထောက်အပံ့အဖြစ် ဆောင်ရွက်ခြင်းသာ ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းထိန်း ခန့်အပ်လျှင် ပစ္စည်းထိန်း အနေဖြင့် ယင်း တိုက်ကို လက်ရောက် ရရှိရန် သို့တည်းမဟုတ် စီမံ ခန့်ခွဲခွင့် ရရှိရန်ရှေ့ရှုသော ဆောင်ရွက်မှုများကို ဆောင်ရွက်ရမည် ဖြစ်သည်။ အမှုတွဲရှိပစ္စည်းထိန်း၏ အစီရင်ခံစာများတွင် တိုက်အမှတ် ၁၁၀ ၌ နေထိုင်လျက်ရှိသော အိမ်ငှားများထံမှ အိမ်လခများကို ပစ္စည်းထိန်းက ကောက်ခံခဲ့ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ပစ္စည်းထိန်း ခန့်အပ် စေခြင်းသည် တရားနိုင် ရရှိထားသော ဒီကရီကို တနည်းနည်းဖြင့် အတည်ပြုခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်ပေသည်။

သို့ဖြစ်၍ ဇာရီမှုအတွက် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် ပစ္စည်းထိန်း ခန့်အပ်သည့်လျှောက်လွှာနှင့် စပ်လျဉ်း၍ နောက်ဆုံး အမိန့်ချမှတ်သည့်နေ့မှစ၍ ရေတွက်ရမည် ဖြစ်သည်။

ဒေါ်တင်အေး နှင့် ဦးအိဘရာဟင် အလီ မိုဟာမက်မာစတာ ၁၀၉

**တရားမ ကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၅၇ ဝရမ်းဒွာပေးစေ လိုမှုတွင် စည်းကမ်းသတ်ကာလကို အချင်းဖြစ်ပစ္စည်းများအား ဝရမ်းကပ်သည့်နေ့မှစ၍ ရေတွက်ရမည် ဖြစ်ခြင်း။**

ပဲခူးတိုင်း တရားရုံး တရားမဇာရီမှုအမှတ် ၁/၇၃ (သာယာဝတီ) တွင် တရားနိုင် မြန်မာ့ စီးပွားရေးဘဏ်ခွဲ မန်နေဂျာက သုံးဆယ်မြို့ရှိ ''စောစောနှင့် သားများ'' ဆန်စက်နှင့် အခြားဆက်နွယ်သော ပစ္စည်း များကို ဝရမ်းကပ်သည်။ ယင်းပစ္စည်းများကို လေလံတင်ရောင်းချရန်

စီစဉ်ဆဲတွင်၊ လျှောက်ထားခံရသူ ဒေါ်သိန်းသိန်းက ပဲခူးတိုင်းတရားရုံး၊ ၁၉၈၄ ခုနှစ် တရားမ အထွေထွေမှု အမှတ် ၄၃ တွင် ဝရမ်းခွာပေးရန် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၅၈ အရ လျှောက်ထားသည်။ တိုင်းတရားရုံးက လျှောက်ထားမှုကို စုံစမ်းစစ်ဆေးမည် ဖြစ်ကြောင်း၊ ထို့ပြင် ယင်းသို့ စုံစမ်းဆဲတွင် ဇာရီမှုကို ဆိုင်းထားမည် ဖြစ်ကြောင်းအမိန့်ချမှတ်လိုက်သည်။ လျှောက်ထားသူ တရားနိုင်က ဝရမ်းခွာပေးရန် လျှောက်လွှာမှာ ကာလ စည်းကမ်းသတ်ကျော်လွန်နေသည်ဟု အဓိကအကြောင်းပြကာ တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် လျှောက်ထားလာသည်။

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် ပစ္စည်းများကို ၁၉၇၄ ခုနှစ်၊ မေလအတွင်း ဝရမ်း ကပ်ခဲ့သည်ဖြစ်ရာ ဝရမ်း ကပ်သည့်နေ့တွင် ယင်းပစ္စည်းကို ပိုင်ဆိုင်သည်ဟု အဆိုရှိသော လျှောက်ထားခံရသူ ဒေါ်သိန်းသိန်းအနေဖြင့် ဝရမ်းခွာပေးရန် လျှောက်ထားခွင့်ရှိပေသည်။ သို့ဖြစ်ရာ စည်းကမ်းသတ် ကာလကို အချင်းဖြစ် ပစ္စည်းများအား ဝရမ်းကပ်သည့်နေ့မှစ၍ ရေတွက်ရမည်ဖြစ်သဖြင့် ၆—၆—၇၄ နေ့တွင် ဝရမ်းခွာပေးရန် ဒေါ်သိန်းသိန်း၏ လျှောက်ထားမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ယုံမှားဘွယ် မရှိချေ။

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ နှင့် ဒေါ်သိန်းသိန်းပါ(၄) ၁၁၄
မော်လမြိုင်

**ဒီကရီကို အတည်ပြုသော တရားရုံး၏ စီရင်ပိုင်ခွင့်—ဒီကရီကို အတည်ပြုရာ၌ မိမိစီရင်ပိုင်ခွင့်နယ်မြေပြင်ပတွင်ရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လေလံတင် ရောင်းချပိုင်ခွင့် မရှိခြင်း—ဒီကရီကို အတည်ပြုသည့် ရုံးသည် မူလမှု စစ်ဆေးစီရင်သည့် ရုံးထက် စီရင်ပိုင်ခွင့် ပိုမိုနေမည် ဖြစ်ပါက သဘာဝကျမည် မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမ ကျင့်ထုံးဥပဒေတွင် တရားရုံးတစ်ရုံးသည် မိမိ စီရင်ပိုင်ခွင့် နယ်မြေအတွင်း တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသာ လေလံတင်ရောင်းချနိုင်သည်ဟု အတည့်အလင်း ပြဋ္ဌာန်းထားခြင်း မရှိသည်မှာ မှန်၏။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့်ဒေသအတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့် တရားမမှုကို စီရင်ပိုင်ခွင့်ရှိသည်။ ပုဒ်မ ၁၇ တွင် အကျုံးဝင်သော အမှုမျိုးမှတပါး မိမိ စီရင်ပိုင်ခွင့်ဒေသအတွင်း တည်ရှိခြင်း မရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် စပ်လျဉ်းသော တရားမမှုကို စီရင်ခွင့် မရှိချေ။ တရားမ မူလမှုနှင့် စပ်လျဉ်းသည့် စီရင်ပိုင်ခွင့်ကို ဤကဲ့သို့ ကန့်သတ်ထားသည့် အလျောက် ဒီကရီကို အတည်ပြုရာတွင်လည်း အလားတူ ကန့်သတ်ချက်ရှိသည်ဟု ကောက်ယူရပေမည်။

ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးသည် ဒီကရီကို အတည်ပြုရာ၌ မိမိ၏ စီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိသောပစ္စည်းကိုသာ လေလံတင် ရောင်းချခွင့် ရှိသည်ဟု ကောက်ယူရပေမည်။ တရားမ မူလမှုတွင် တရားရုံးတစ်ရုံးသည် မိမိ၏ စီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသည့် မှုခင်းကိုသာ စီရင်ခွင့်ရှိကြောင်း၊ တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆ တွင် ကန့်သတ်ထားပြီး ဒီကရီ အတည်ပြုသော အဆင့်တွင်မှု ယင်းတရားရုံးသည် တရားရုံး၏ စီရင်ပိုင်ခွင့် ပြင်ပရှိ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို လေလံတင် ရောင်းချခွင့် ရှိသည်ဟုဆိုလျှင် ဒီကရီကို အတည်ပြုသည့် ရုံးအား မူလမှု စစ်ဆေးစီရင်သည့် ရုံးထက် စီရင်ပိုင်ခွင့် ပိုမို ပေးရာ ရောက်မည်ဖြစ်၍ သဘာဝကျမည် မဟုတ်ချေ။

ဦးမြရွှေ နှင့် ဦးတန်ဘီ (ခ) ဦးကျော်အောင် .... ၁၁၇

**တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၄ တွင် အကျုံးမဝင်သည့်ကိစ္စ—ပဏာမဒီကရီ ချမှတ်ပြီးနောက် တရားပြိုင် သေဆုံးရာတွင် အမှုရပ်စဲသွားရန် မရှိခြင်း— ယင်းသို့ အမှုသည် ကွယ်လွန်သော်လည်း အမှုရပ်စဲခြင်း မရှိသည့် ကိစ္စတွင် တရားဝင် ကိုယ်စားလှယ် ထည့်သွင်းရေးအတွက် ကာလစည်းကမ်းသတ် သတ်မှတ်ရန် အကြောင်းမရှိခြင်း။**

ရောဝတီတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂/၀၂ တွင် ပုသိမ်မြို့ မြန်မာ့ စီးပွားရေးဘဏ်က ဦးစိန်နှင့် ဇနီး ဒေါ်စောမြင့်တို့အပေါ် အပေါင်မှုစွဲဆိုရာ ၂၉—၉—၀၃ နေ့တွင် ပဏာမ ဒီကရီရရှိခဲ့သည်။ တရားနိုင်ဘက်မှ အပြီးသတ် ဒီကရီ ချမှတ်ပေးရန် အတွက် ၂၀—၀—၀၄ နေ့တွင် လျှောက်ထားသည်။

တရားနိုင်ဘဏ်ဘက်က တရားရုံး ဦးစိန်သည် ၃၁—၁၀—၀၃ နေ့တွင် သေဆုံးသွားကြောင်း ၂၆—၉—၀၄ နေ့တွင်မှ သိရ၍ ၂၅-၂-၀၅ နေ့တွင် ဦးစိန်၏ သားသမီးများကို တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသည်။ ယင်း လျှောက်ထားချက်ကို ဦးစိန်၏ သားသမီးများက ကန့်ကွက်သဖြင့် တိုင်းတရားရုံးက တရားနိုင်ဘဏ်သည် ကာလ စည်းကမ်းသတ်ရက် ကျော်လွန်မှ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့် ပြုရန် လျှောက်ထားသည်ဟု အကြောင်းပြချက်ဖြင့် အမှုကို ပလပ်ခဲ့သောကြောင့် မြန်မာ့စီးပွားရေးဘဏ်က ပဟိုတရားရုံးသို့ တရားမပြင်ဆင်မှု တင်သွင်းလာခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။တရားနိုင် ဘဏ်အနေဖြင့် ဦးစိန်အပေါ် ကြွေးမြီအတွက် တရားစွဲဆိုခွင့်မှာ ပဏာမ ဒီကရီချမှတ်သည်အထိ အကျိုး

စာမျက်နှာ

ဖြစ်ထွန်းခဲ့ပြီး ဖြစ်သည့်အလျှောက် ဦးစိန်အပေါ် စွဲဆိုသော အမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိတော့ချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂ နည်း ၃(၂) နှင့် ၄(၃)တွင် သတ်မှတ်ထားသည့် ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းမပြုလျှင် အမှုရပ်စဲကြောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ အပြန်အလှန်အားဖြင့် အမှုသည်ကွယ်လွန်သော်လည်း အမှုရပ်စဲခြင်း မရှိသည့်ကိစ္စတွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းရေး အတွက် ကာလ စည်းကမ်းသတ် သတ်မှတ်ထားရန် အကြောင်းရှိတော့မည်မဟုတ်ချေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။တရားနိုင် ဘဏ်က လျှောက်ထား ခံရသူများအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄ ကို ကိုးကား၍ လျှောက်ထားကြောင်း တွေ့ရသည်။ ပဏာမဒီကရီချမှတ်ပြီး ဖြစ်သဖြင့် အမိန့် ၂၂ နည်း ၁၀ အရ လျှောက်ထားရန် ဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ် (ကိုယ်စား)
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ
ပုသိမ်မြို့ နှင့် မောင်ထွန်းဝင်းပါ(၅) ၁၂၄

**ပစ္စည်းရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား ပစ္စည်းဝယ်သူက မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်**။ ။မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူသူတစ်ဦးသည် မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် နှင်ထုတ်ခွင့် ရှိသည်ဟု **ဦးဘခိုင်နှင့် ဒေါ်မမလေး** [၁] အမှုတွင် ဆုံးဖြတ်ခဲ့ဘူးသည်။ မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူသည် ပစ္စည်းဝယ်ယူသူ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ပြောင်းလဲသွားသည်ဟု **ဦးသန်းဌွေးနှင့် ဒေါ်စိန်ယု** [၂] အမှုတွင်လည်း ဆုံးဖြတ်ဘူးသည်။ သို့ရာတွင် **ဦးသိန်းအောင် ပါ—၂ နှင့် ဒေါ်ဝင်းပါ—၃** [၃] အမှုတွင်မူ အောက်ပါအတိုင်း စီရင် ထုံးဖွဲ့ထားသည်။

"ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်ကယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့် ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိသော်လည်း **ပစ္စည်းကို** ဝယ်ယူသူသည် ဝယ်ယူသည့် ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်**အရ နေထိုင်သူအား** မိမိ၏ အခွင့်အမိန့်အရ **နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိနိုင်မည်မဟုတ်ချေ**။"

သို့ဖြစ်ရာ ပထမစီရင်ချက် နှစ်ခုနှင့် တတိယ စီရင်ထုံးတို့သည် ဆန့်ကျင်နေပေသည်။ ပထမ စီရင်ချက် နှစ်ခုမှာ ထုံးဖွဲ့ထားခြင်း မရှိသဖြင့် စီရင်ထုံးပါ ဥပဒေသကို လိုက်နာရန်သာ ဖြစ်ပေသည်။

ဦးစံသောင်း နှင့် ဦးအေးပေါ် (၂) .... .... ၁၀၀

**သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသော အမှုတွင် ချမှတ်သည့် ဒီကရီကို အယူခံခွင့် မရှိခြင်း—ယင်းဒီကရီကို အတည်ပြုရန် ချမှတ်သော အမိန့်ကိုလည်း အယူခံဝင်ခွင့် မရှိခြင်း—အယူခံမှုကို မည်သည့်အခါတွင် ပြင်ဆင်မှု အဖြစ် ပြောင်းလဲဆုံးဖြတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ ချမှတ်သော ဒီကရီကို အယူခံဝင်ခွင့် မရှိကြောင်း၊ ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် အတည့်အလင်း ဖိတ်ပင်ထားပေသည်။ ယေဘုယျအားဖြင့် ဒီကရီကို အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့်သည် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၄၇ တွင် အကျုံးဝင်သည် ဖြစ်၍ ပုဒ်မ ၂(၂)တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသော ဒီကရီ ဖြစ်သည့်အလျောက် အဆင့်ဆင့်သော တရားရုံးများတွင် အယူခံဝင်ခွင့် ရှိပေသည်။ သို့ရာတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရစွဲဆိုသော အမှု၌ ချမှတ်သော ဒီကရီမှာ အယူခံ ဝင်ခွင့်မရှိသဖြင့် ယင်းဒီကရီကို အတည်ပြုရာ၌ ချမှတ်သော အမိန့်ကိုလည်း အယူခံ ဝင်ခွင့်ရှိမည်မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက စာရင်းမှုတွင် ချမှတ်သော အမိန့်ကို အဆင့်ဆင့်အယူခံ ဝင်ခြင်းမှာ မှားယွင်းပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထူးခြားသော အခြေအနေတွင် တရားမျှတမှု အလို့ငှာ ၌ အယူခံမှုကို တရားမပြင်ဆင်မှုအဖြစ် ပြောင်းလဲ၍ အဆုံးအဖြတ်ပေးသင့်သည်။

ဦးစိန်လှပေါ် (၂) နှင့် ဒေါ်သန်းမြင့် (ခ) ဒေါ်သန်းမြ .... ၁၀၅

**အစ်ထိန်းခွင့် လျှောက်ထားသည့် အမှုတွင် အရွယ် မရောက်သေးသူပိုင်သည်ဟု အဆိုရှိသော ပစ္စည်းသည် သူပိုင် ဟုတ် မဟုတ် အဆုံးအဖြတ်ပြုရန် မလိုခြင်း—ပစ္စည်းနှင့် စပ်လျဉ်း၍ ခန့်အပ်သည့် အုပ်ထိန်းသူသည် အရွယ်မရောက်သူ ရထိုက်ခွင့် ရှိသည့် ပစ္စည်းအတွက် လက်ရောက် ရရှိရန် သီးခြား တရားစွဲဆိုရန်သာ ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အုပ်ထိန်းခွင့် လျှောက်ထားသည့် အမှုများကို အကျဉ်းနည်း ရုံးစမ်းစစ်ဆေးခြင်းသာ ဖြစ်ပြီး အရွယ် မရောက်သေးသူပိုင်သည်ဟု အဆိုရှိသော ပစ္စည်းသည် သူပိုင်ဟုတ်မဟုတ် အဆုံးအဖြတ်ပြုရန် မလိုပေ။ ပစ္စည်းနှင့် စပ်လျဉ်း၍ တရားရုံးက သင့်တော်သူ တစ်ဦးအား အုပ်ထိန်းသူ ခန့်အပ်ခြင်းသည် ယင်း ပစ္စည်းကို အုပ်ထိန်းသူအား ပေးအပ်စေရာ မရောက်ချေ။ အုပ်ထိန်းသူသည် အရွယ်မရောက်

သေးသူပိုင် ပစ္စည်းများကို အရွယ်မရောက်သူက ရထိုက်ခွင့် ရှိသည်ဟု ယူဆလျှင်လက်ရောက်ရရှိရန် သီးခြားတရားတစ်ထုံးစွဲရန်သာဖြစ်သည်။

ဒေါ်စောသွင် နှင့် ဒေါ်စိန်မြိုင် ပါ(၃) .... .... ၉၀

**မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေ — အမွေဆိုင်တစ်ဦးက ပူးတွဲအမွေ ဆိုင် ဖြစ်သူထံမှ အမွေပုံပစ္စည်းနှင့်ပတ်သက်၍ လက်ရောက်ရလိုမှု မစွဲဆိုနိုင်ခြင်း — စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်ခြင်း။**

အယူခံ တရားပြိုင် မနုနုကြည်၏ ဘခင်ကွယ်လွန်ပြီးနောက်၊ မိခင် ဖြစ်သူက နောက်အိမ်ထောင်ပြုပြီး မိခင်ပိုင် အိမ်ပေါ်တွင် ဆက်လက် နေထိုင်ကြသည်။ ထို့နောက် မနုနုကြည်၏ မိခင် ကွယ်လွန်ပြန်သဖြင့် ပထွေးဖြစ်သူက အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်ပြီး မမြင့်နှင့် နောက်အိမ်ထောင်ပြုသည်။ ပထွေးဖြစ်သူကွယ်လွန်သည့်အခါ အယူခံ တရားပြိုင် မနုနုကြည်က အချင်းဖြစ်အိမ်သည် မိမိတစ်ဦးတည်းပိုင် ဖြစ် ကြောင်း မြွက်ဟကြေငြာပေးရန်၊ ရန်ကုန်တိုင်းတရားရုံးတွင် တရား စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ မမြင့်က မကျေနပ်၍ ဗဟိုတရားရုံး၌ ပထမ အယူခံ တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ၊ မနုနုကြည်သည် ကွယ်လွန်သူ မိခင်၏အထက်ပါ ပစ္စည်းနှင့် မိခင်နှင့် ပထွေး၏လက်ထက် ပွား ပစ္စည်းတို့ကို အမွေဆက်ခံခွင့် ရှိသည့်နည်းတူ ပထွေးနှင့် နောက် အိမ်ထောင်ပြုသူ မမြင့်ကလည်း ယင်းပစ္စည်းများအပေါ် အထိုက်အ လျောက် အမွေဆက်ခံခွင့်ရှိသည်။ မြန်မာဗုဒ္ဓဘာသာ အမွေဆိုင်တစ် ဦးသည် အမွေပုံပစ္စည်းကို အခြား အမွေဆိုင် တစ်ဦးထံမှလက်ရောက် ရလိုမှု မစွဲဆိုနိုင်ဘဲ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်သည်။

မမြင့် နှင့် မနုနုကြည် .... .... .... ၁၂၁

**စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ)—အိမ် ငှားအဖြစ် နေထိုင်ခွင့် ရရှိစေရန် ချုပ်ဆိုသော ကတိစာချုပ် တွင် အိမ်ရှင်က အိမ်ငှား အဖြစ် လက်ခံပြီးမှသာ လွှဲပြောင်းမှု ထမြောက်သည်ဖြစ်၍ မှတ်ပုံတင်ရန်မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် စာချုပ်မှာ အနှစ်သာရအားဖြင့် မူလ အိမ်ငှား ဦးမြဟန်က အချင်းဖြစ်အခန်းတွင် ဒေါ်ရာဘီယာကို နေထိုင် ခွင့်ရရှိစေရန် ချုပ်ဆိုသောကတိစာချုပ်ဖြစ်သည်။ စာချုပ်တွင် ဦးမြ ဟန်က "အိမ်ခန်းအမည် ပြောင်းပေးရန်လည်း တာဝန်ယူပါသည်" ဟု ဖော်ပြထားသဖြင့် အိမ်ရှင်သည် ဒေါ်ရာဘီယာအား အိမ်ငှားအ ဖြစ် လက်ခံရေးအတွက် ဦးမြဟန်က တာဝန်ယူကြောင်း ပေါ်ပေါက် သည်။ အကယ်၍ အိမ်ရှင်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံခြင်း မပြုလျှင် ဒေါ်ရာဘီယာသည် အချင်းဖြစ် အိမ်ခန်းတွင် တရားဝင်နေထိုင်ခွင့်ရရှိမည် မဟုတ်ချေ။ သို့ဖြစ်ရာ အချင်းဖြစ် စာချုပ်

တွင် အချင်းဖြစ် အိမ်ခန်းကို ဦးမြဟန်က အပြီးအပိုင် လွှဲပြောင်း ရောင်းချလိုက်ပါသည်ဟု ဖော်ပြထားစေကာမူ အိမ်ရှင်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် အသိအမှတ် ပြုရေးအတွက် ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်၍ လက်တွေ့တွင် လွှဲပြောင်းမှုသည် မပြီးမြောက်သေးချေ။ စာမျက်နှာ

သို့ဖြစ်ရာ ဒေါ်မြဆင့်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံပြီးမှသာ လွှဲပြောင်းမှုမှာ အထမြောက်သည့် အဆင့်သို့ ရောက်ကြောင်း ပေါ်ပေါက်သည်။ ဤအခြေအနေတွင် အချင်းဖြစ်စာချုပ်ကို ချုပ်ဆိုသည့် အချိန်က အချင်းဖြစ် အိမ်ခန်း၌ နေထိုင်ခွင့်ကို ဦးမြဟန်က ဒေါ်ရာဘီယာအား လွှဲပြောင်းမှုမှာ မပြီးမြောက်သေးပဲ ကတိပဋိညာဉ် ပြုသည့်အဆင့်တွင်ပင် ရှိနေသေးသဖြင့် ယင်း စာချုပ်ကို "အိမ်ခန်း အရောင်းအဝယ် ကတိစာချုပ်" ဟု အမည်တပ်၍ ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းစာချုပ်ကို စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ (၁) (ခ) အရ မှတ်ပုံတင်ရန်မလိုအပ်ချေ။

ဦးအောဝမ်း (ခ) ဦးမြတ်စိုး နှင့် ဒေါ်ရာဘီယာ .... ၁၂၀

**မူလ အိမ်ငှားစာချုပ်အရ ငှားရမ်းခြင်း သက်တမ်း ကုန်ဆုံးပြီး နောက်ပိုင်းတွင် မည်သည့်စနစ်ဖြင့် အိမ်ကိုဆက်လက်ငှားရမ်းကြောင်း သက်သေခံချက် မရှိဘဲ နို့တစ်စာ တရားဝင်မဝင် ပြဿနာကို ကြားနာဆုံးဖြတ်ခြင်း မပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်အိမ်ကို ၁၂–၉–၆၅ နေ့မှစ၍ တစ်နှစ်တိတိ ငှားရမ်းကြောင်း အဘည့်အလင်း ဖော်ပြကာ သက်ခံသခံ အိမ်ငှားစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ရာ ၁၁–၉–၆၆ နေ့တွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သည်။ ၁၂–၉–၆၆ နေ့ နောက်ပိုင်းတွင် အိမ်ရှင်အိမ်ငှားတို့သည် အထက်ဖော်ပြပါ အိမ်ငှားစာချုပ်၏ ဒုတိယအပိုဒ်ပါ စည်းကမ်းချက် များနှင့် အညီ ဆက်လက်ငှားရမ်းခြင်း ရှိမရှိ မသိရဘဲ စာချုပ်ကိုကြည့်၍ နို့တစ်စာနှင့်သက်ဆိုင်သော ပြဿနာကို ပဏာမ ငြင်းချက်အဖြစ်ကြားနာဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

အဆို အပိုဒ် (၂) တွင် အချင်းဖြစ်အိမ်ကို အင်္ဂလိပ် ပြက္ခဒိန်လ အလိုက် လဆန်း ၁ ရက်မှ လကုန်ရက်အထိ ငှားရမ်းကြောင်း အဆိုပြုထားရာ ချေလွှာအပိုဒ် (၂) တွင် ငြင်းဆိုထားသည်ဖြစ်၍ မည်သည့်စနစ်ဖြင့် ငှားရမ်းကြောင်း သက်သေခံချက်ရယူရန် လိုအပ်ပေသည်။ အဆုံးအဖြတ် ပြုရန် အထောက်အထားမရှိဘဲ နို့တစ်စာ တရားဝင်မဝင် ပြဿနာနှင့် စပ်လျဉ်း၍ ပဏာမ ငြင်းချက်အဖြစ် သတ်မှတ်ကာ ကြားနာဆုံးဖြတ်ခြင်း မပြုနိုင်ပေ။

ဦးကျော်ခင်ပါ (၂) နှင့် ဒေါ်ဝင်းပါ (၂) .... .... ၀၇

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅ (၁)–နိုင်ငံတော် ကောင်စီ၏ အမိန့် ကြော်ငြာစာ**

**အမှတ် ၁၂၅/၀၅ ပါ အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်—ပုဒ်မ ၁၃ (၁)အရ ဥပစာတွင် ဆက်လက် နေထိုင်ခွင့် မရှိသူက ယင်း ဥပဒေပုဒ်မ ၁၅(၁) အရ ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားခွင့်ရှိသူသည် တရားရှုံး ဖြစ်ရမည့် အပြင် အိမ်ငှား သို့မဟုတ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ အချင်းဖြစ်ဥပစာတွင် ဆက်လက်နေထိုင်ခွင့်ရသူလည်း ဖြစ်ရမည်။

၁၁—၁၀—၀၅ ရက်စွဲပါ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၀၅ (ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းအပိုင်း ၁၊ စာ ၂၆၉)အရ အောက်ပါအတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည်—

''ပုဒ်မ ၁၃(၁)တွင် အိမ်ငှားပင် မဟုတ်စေကာမူ ဥပစာတွင် ဆက်လက်နေထိုင်ခွင့်ရရှိရန် လျှောက်ထားနိုင်သည်ဟု ဖော်ပြထားရာ အချို့သော ကြီးကြပ်ရေး ဝန်များက အိမ်ငှား ဖြစ်ပြီးသူများပါ လျှောက်ထားနိုင်သကဲ့သို့ မှားယွင်းစွာ အဓိပ္ပာယ် ကောက်ယူကြကြောင်း သိရှိရပါသည်။ ထို့ကြောင့် ပုဒ်မ ၁၃(၁)ပါ 'အိမ်ငှားပင် မဟုတ်စေကာမူ''ဟူသောစကားရပ်သည်ပုဒ်မ ၂ (ဆ)တွင် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ အိမ်ငှားများနှင့် တရားရုံးအဆင့်ဆင့်က ဥပစာမှထွက်ခွာစေရန် ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကို လိုက်နာရန်တာဝန်ရှိသူများ အကျုံးမဝင်ကြောင်း နိုင်ငံတော်ကောင်စီက အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သည်။''

၎င်း အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ အိမ်ငှားများနှင့် တရားရုံး အဆင့်ဆင့်က ဥပစာမှ ထွက်ခွာစေရန် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများအား ယင်း ဥပစာတွင် ဆက်လက် နေထိုင့်ခွင့်ပြုရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ ဆက်လက်နေထိုင်ခွင့် မပြုနိုင်ချေ။ တရားရှုံး ဦးလွင်ဦးသည် အချင်းဖြစ် ဥပစာမှ ဖယ်ရှားပေးစေရန် ဒီကရီ ချမှတ်ခြင်း ခံရသူ ဖြစ်သောကြောင့် သူ့အား အချင်းဖြစ် ဥပစာတွင် ဆက်လက်နေထိုင်ခွင့် မပြုနိုင်ချေ။

နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၀၅ အရ ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး ဥပဒေ့ပုဒ်မ ၁၃(၁)ပါ''အိမ်ငှားပင်မဟုတ်စေကာမူ''ဟူသော စကားရပ်ကိုအဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည်ယင်း ဥပဒေကို ပြဋ္ဌာန်းစဉ်ကပင် ယင်းအနက်အဓိပ္ပာယ်အတိုင်းဆောင်သည်။

ဒေါ်စောမြင့်ပါ(၅) နှင့် ဒေါ်မြသင် .... .... ၉၂

# တရားမ မှုများ

စာမျက်နှာ

**ဥပဒေများ–**

ကာလ စည်းကမ်းသတ် အက်ဥပဒေ
တရားမ ကျင့်ထုံး ဥပဒေ
ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေ
စာချုပ်စာတမ်းများ မှတ်ပုံတင် အက်ဥပဒေ
သီးခြားသက်သာခွင့် အက်ဥပဒေ
ရုံးခွန်အက်ဥပဒေ
အမွေဆက်ခံရေး အက်ဥပဒေ
တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေ
၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ

**ပစ္စည်းရောင်းသူသည်၊ ရောင်းပြီးသည့် ပစ္စည်းကို ဆက်လက် လက်ဝယ်ပြုထားခြင်းဖြင့် ဝယ်သူအား မည်သည့်အချိန်မှ စ၍ ဆန့်ကျင် လက်ရှိပြုရာ ရောက်ခြင်း–အချင်းဖြစ် အကြောင်းအရာချင်း မတူသည့် အမှုများ၌စွဲဆိုရာတွင် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄ (၁) အရ ယခင်စွဲဆိုခဲ့သော အမှုများ၌ ကုန်လွန်ခဲ့သော အချိန် ကာလကို ထုတ်ပယ်ပေးရန် အရေးဆိုခွင့် မရှိခြင်း။**

ဒေါ်သိန်းကြည်သည်၊ မူလ ရုံးတွင် အယူခံ တရားပြိုင် တို့၏ ဖခင် ဦးမောင်ကြီးထံမှ အိမ်နှင့်မြေကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့သည်။ သို့ရာတွင် ယင်းအိမ်နှင့်မြေမှာ ဦးမောင်ကြီးနှင့် သူ၏ သားသမီးများ လက်ဝယ် ဆက်လက်တည်ရှိနေသဖြင့် ဒေါ်သိန်းကြည်က ဦးမောင်ကြီးတို့အပေါ် ပထမဆုံး စွဲဆိုသောအမှုမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ဖြစ်ပြီး ဒုတိယ စွဲဆိုသည့် အမှုမှာ အချင်းဖြစ် အိမ်နှင့်မြေကို ၎င်း ထံပေါင်နှံထား၍ ကြွေးမြီရလိုမှုဖြစ်သည်။ ဒေါ်သိန်းကြည်သည် ယင်းအမှုများတွင် မအောင်မြင်သဖြင့် အချင်းဖြစ် အိမ်နှင့်မြေကို လက်ရောက်ရလိုမှု ထပ်မံ စွဲဆိုခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်သိန်းကြည်က အချင်းဖြစ် အိမ် နှင့် မြေ ကို ဦးမောင်ကြီးထံမှ ဝယ်ယူခဲ့သည်မှန်သော်လည်း ယင်း အိမ် နှင့် မြေမှာ ဦးမောင်ကြီး နှင့် သူ၏ သားသမီးများ လက်ဝယ်၌ ဆက်လက်တည်ရှိခဲ့သည်။ သူတို့သည် ယင်းအိမ်နှင့်မြေတွင် ဒေါ်သိန်းကြည်၏ အိမ်ငှားများ

အဖြစ်ဖြင့်လည်းကောင်း၊ ဒေါ်သိန်းကြည်၏ အခွင့်အမိန့်အရ နေထိုင်သူများအဖြစ်ဖြင့်လည်းကောင်း၊ နေထိုင်ခြင်းမဟုတ်ချေ။ ဒေါ်သိန်းကြည်က ဦးမောင်ကြီးအပေါ် ပထမစွဲဆိုသောအမှုတွင် ဦးမောင်ကြီး က အချင်းဖြစ် အိမ်နှင့်မြေကို ဒေါ်သိန်းကြည်အား ရောင်းချခဲ့ခြင်းမဟုတ်ကြောင်း၊ အိမ်ကိုအပေါင်ထားခြင်း မျှသာဖြစ်ကြောင်း ထုချေခဲ့သည်။ သို့ဖြစ်ရာ ယင်း အမှုစွဲဆိုစဉ်ကပင် ဦးမောင်ကြီးက ယင်းအိမ်မှာ သူပိုင်ဖြစ်သည်ဟု အဘာည့်အလင်းပြောဆိုခဲ့ကြောင်း ထင်ရှားသည်။ ဤအခြေအနေတွင် အချင်းဖြစ်အိမ်ကို ဒေါ်သိန်းကြည်အား ရောင်းချပြီးနောက် ဦးမောင်ကြီးနှင့် သူ၏သားသမီးများက ယင်းအိမ်တွင် ဆက်လက်နေထိုင်ခြင်းသည် ပစ္စည်းပယ်ယူသူ ဒေါ်သိန်းကြည်အား ဆန့်ကျင်ရာ ရောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်သိန်းကြည် စွဲဆိုခဲ့သော ပထမ အမှုနှစ်မှုတွင် ပေါ်ပေါက်သည့် အချင်းဖြစ် အကြောင်း အရာ များသည် ဒေါ်သိန်းကြည်စွဲဆိုသော နောက်ဆုံးအမှုတွင်ပေါ်ပေါက်သည့်အချင်းဖြစ် အကြောင်းအရာနှင့် မတူကြောင်း အထက်တွင် ရှင်းပြပြီးဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်သိန်းကြည်အနေဖြင့် ယခင်အမှုများကိုစွဲဆိုရာ၌ ကုန်လွန်ခဲ့သောအချိန်များကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄(၁) အရ ထုတ်ပယ်ပေးရန် အရေးဆိုခွင့် မရှိချေ။

| | | | |
|---|---|---|---|
| ဒေါ်သိန်းကြည် / ဦးလှဦးပါ(၅) | နှင့် | ဦးလှဦးပါ(၇) / ဒေါ်သိန်းကြည် | ၁၆၉ |

**ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁- တရားလို၏ အခွင့်အရေးကို ထိပါးသည့် အချိန်ကစ၍ တရားလိုတွင် တရားစွဲဆိုခွင့်ရရှိသည်ဖြစ်သဖြင့် စည်းကမ်းသတ်ကာလကို ယင်းအချိန်မှ စ၍ ရေတွက်ရမည်ဖြစ်ခြင်း - တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ချမှတ်သော အမိန့်သည် ယင်းဥပဒေ အမိန့် ၄၃၊ နည်း ၁(ပ) အရ အယူခံဝင်ခွင့် ရှိသော အမိန့်ဖြစ်၍ ပုဒ်မ ၂(၂)(က) ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ယင်းအမိန့်သည် ဒီကရီမဟုတ်သဖြင့် ရုံးခွန်အက်ဥပဒေဇယား ၂ အမှတ်စဉ် ၁၁(ခ) အရ ရုံးခွန်ထမ်းဆောင် ရမည်ဖြစ်ခြင်း။**

ဒေါ်ချစ်ရသည် အယူခံတရားလို ဦးဘကြည်နှင့် ဒေါ်ငွေရှင်တို့အား မှတ်ပုံတင်စာချုပ်ဖြင့် အချင်းဖြစ်မြေကို ရောင်းချခဲ့သည်။ ယင်း မြေမှာ အယူခံတရားပြိုင်ဒေါ်ကြွယ်နှင့် ဒေါ်ချစ်ရ၏မြေးဦးလှဦးတို့ အိမ်ထောင်

ကျစဉ်က ခန်းဝင် ပစ္စည်းအဖြစ် ပေးခဲ့သော မြေဖြစ်၍ ယင်း အရောင်းစာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန် ရွှေဘိုမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂/၈၃တွင် ၁၃-၁-၈၃နေ့က တရားစွဲဆိုသည်။ မြို့နယ်ရုံးက အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းကောက်ယူ၍ အမှုကို ပလပ်လိုက်သဖြင့် ဒေါ်ကြွယ်က စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်ရာ၊ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး အမှုကို ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သဖြင့် ဦးဘကြည်က ဗဟိုတရားရုံးတွင် ဆက်လက် အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလို ဦးဘကြည်နှင့်ဒေါ်ငွေရှင်တို့က ဒေါ်ကြွယ်အပေါ် ရွှေဘိုမြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၃၇/၇၃ တွင် အချင်းဖြစ်မြေသည် မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟ ကြေငြာပေးစေရန်နှင့် လက်ရောက် ပေးအပ်စေရန် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ယင်းအမှုတွင် ဒေါ်ကြွယ်တင်သွင်းသော ချေလွှာအရ အချင်းဖြစ်မြေကို ဦးဘကြည်တို့အား ရောင်းချကြောင်းကို ဒေါ်ကြွယ် အနေဖြင့် နောက် အကျဆုံး ၂၉-၁-၇၄ နေ့တွင် သိရှိကြောင်း ပေါ်ပေါက်ခဲ့သည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်ကြွယ်သည် အချင်းဖြစ် စာချုပ်ကို ပယ်ဖျက်ခွင့်ရှိကြောင်း နောက်အကျဆုံး ၂၉-၁-၇၄နေ့တွင် သိရှိသည်ဟုပေါ်ပေါက်သည်ဖြစ်၍ သူစွဲဆိုသောအမှုမှာ ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁ တွင် သတ်မှတ်ထားသော ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ထင်ရှားပေသည်။

•

**ထပ်မံဆုံးဖြတ်ချက်။** ။စစ်ကိုင်းတိုင်း တရားရုံးက ဒေါ်ကြွယ် စွဲဆိုသည့် အမှုကို ပလပ်သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီးအမှုကို ဆက်လက်စစ်ဆေးရန် အယူခံအမှုတွင် ချမှတ်သောအမိန့်မှာ တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ချမှတ်သောအမိန့်ဖြစ်သဖြင့် ယင်းအမိန့်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၄၃၊ နည်း ၁(ပ) အရ အယူခံဝင်ခွင့်ရှိသောအမိန့်ဖြစ်သဖြင့် ပုဒ်မ ၂(၂)(က)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယင်းအမိန့်သည် ဒီကရီမဟုတ်ချေ။ သို့ဖြစ်ရာ ဤအယူခံအတွက်ရုံးခွန်ကို ရုံးခွန် အက် ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၁ (ခ) အရ ရုံးခွန်း၅-ကျပ်သာ ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ထိုအယူခံအတွက် တရားမ အထွေထွေအယူခံမှု ဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်သည်။

ဦးဘကြည်ပါ　　နှင့်　　ဒေါ်ကြွယ်(၂)　　၁၅၆

**ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၂၀- အပေးစာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေငြာပေး စေလိုမှု- အမွေရှင် မိခင်အသက်ရှင်လျက်ရှိစဉ်က ပြုလုပ်ခဲ့သည့် အပေးစာချုပ်သည် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်ဆန့်ကျင် ကြောင်း သားဖြစ်သူက စွဲဆိုရာတွင် ကာလ စည်းကမ်းသတ်ကို မည်သည့်အချိန်က စတင်ရေတွက်ရမည်ဖြစ်ခြင်း။**

မန္တလေးတိုင်းတရားရုံးတရားမကြီးမှုအမှတ် ၁၀၄ / ၀၄ (မိတ္ထီလာ) တွင် မိခင်ဖြစ်သူ ဒေါ်ရွှေဂုဏ်က သူပိုင်ပစ္စည်းများကို သားဖြစ်သူ ဦးသီဟန်နှင့် ချွေးမဖြစ်သူဒေါ်တင်လှတို့အား ပေးကမ်းသည့် စာချုပ်မှာ ပျက်ပြယ်ကြောင်းမြွက်ဟကြေငြာပေးစေရန်နှင့် ယင်းစာချုပ်ကို ပယ်ဖျက်ပေးရန် အခြားသားတစ်ဦးဖြစ်သူ ဦးသိန်းလှ(လျှောက်ထား ခံရသူ)က တရားစွဲဆိုသည်။ ဦးသိန်း လှစွဲဆိုသောအမှုမှာ ကာလ စည်း ကမ်းသတ် ကျော်လွန်ကြောင်း တဖက်ကထုချေသည်။

**ဆုံးဖြတ်ချက်။** ။ပစ္စည်းပိုင်ရှင် တစ်ဦးသည် မိမိပိုင် ပစ္စည်းကို မိမိ ကြိုက်နှစ်သက်သလို စီမံခန့်ခွဲခွင့် ရှိသည်ဖြစ်ရာ ဒေါ်ရွှေဂုဏ်က သူ၏ သားနှင့်ချွေးမတို့အား ပစ္စည်းပေးကမ်းသည့်ကိစ္စကို အမွေရခွင့်ရှိသော ဩရသမှအပ ကျန်သားသမီးများက မိခင် အသက်ထင်ရှား ရှိနေစဉ် အတွင်း ကန့်ကွက်ပြောဆိုခွင့်မရှိချေ။ ဩရသအနေဖြင့် အရေး ဆိုခြင်း မပြုပဲ ဆိတ်ဆိတ်နေခဲ့သော ဦးသိန်းလှသည် မိခင်ကွယ်လွန်သော အခါ ထိုသို့ ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိမရှိအရေးဆိုခွင့်ရရှိလာသည်။ သို့ဖြစ်ရာ တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းအရာသည် ဒေါ်ရွှေဂုဏ် ကွယ်လွန်သည့်အခါ ပေါ်ပေါက် သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်ရွှေဂုဏ်က ဦးသီဟန် တို့အား ပစ္စည်း ပေးကမ်းခြင်းမှာမြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ကြောင်း အရေးဆိုခွင့်ကို မိခင် ကွယ်လွန်သည့်အခါ ကျမှသာ ဦးသိန်းလှက ရရှိ သည်ဖြစ်၍ မြွက်ဟကြေငြာပေးစေလိုမှု စွဲဆိုပိုင်ခွင့်ကို မိခင် ကွယ်လွန် သည့်နေ့မှစ၍ ရရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ဦးအုန်းမောင်ပါ(၂) နှင့် ဦးသိန်းလှ ၁၀၉

 

စာမျက်နှာ

**တရားမကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၈ တွင် ပြဋ္ဌာန်းထားသောအမှုကို ကြားနာရန် ချိန်းဆိုသောနေ့ – ငြင်းချက်ထုတ်သည့်နေ့ကို ဦးစွာ ပထမ ကြားနာသည့် နေ့ အဖြစ် သတ်မှတ်ရခြင်း – ချေလွှာ တင်ရန် သတ်မှတ် သောနေ့သည် အမှုကို ကြားနာရန် ချိန်းဆိုသောနေ့ဖြစ်သည်ဟု ပြဋ္ဌာန်း ထားခြင်း မရှိခြင်း–ချေလွှာတင်သည့် ကိစ္စတွင် လက်ခံရန် ကိစ္စသာ ပါဝင်၍ ကြားနာသည့်ကိစ္စ အကျုံးမဝင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ငြင်းချက်ထုတ်သည့် နေ့ကို ဦးစွာပထမ ကြားနာသည့်နေ့အဖြစ် သတ်မှတ်ရခြင်းမှာ ထိုနေ့တွင် ငြင်းချက်မထုတ်မီ တရားရုံးက နှစ်ဘက်အမှုသည်များအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၀၊ နည်း ၁ အရ၊ လိုအပ်သလို စစ်ဆေးနိုင်သည်။ အမှုကို ယင်းသို့ ဦးစွာပထမစစ်ဆေးခြင်းကြောင့် ယင်းနေ့ကိုဦးစွာပထမကြားနာရန် ချိန်းဆိုသည့်နေ့ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၁ တွင် ရည်ညွှန်းထားသော ဦးစွာပထမ ကြားနာရန် ချိန်းဆိုသည့်နေ့သည် အမှုသည်များအား အမိန့် ၁၀၊ နည်း ၁ အရ စစ်ဆေးသည့်နေ့ ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေတွင် ချေလွှာ တင်ရန် သတ်မှတ်သောနေ့သည် အမှုကိုကြားနာရန် ချိန်းဆိုသောနေ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။

"ကြားနာသည်"ဟူသော စကားရပ်က တရားရုံးရှေ့တွင် ကြားနာရမည့်သူတစ်ဦးရှိကြောင်းကိုရည်ညွှန်းသည်။ သို့ဖြစ်ရာ ကြားနာသည် ဆိုခြင်းတွင် သက်သေခံချက်များကိုရယူခြင်း၊ လျှောက်လဲချက်များကြားနာခြင်းစသည်တို့အကျုံးဝင်သည်။ ချေလွှာတင်သည့်ကိစ္စတွင် လက်ခံရန် ကိစ္စသာပါဝင်၍ ကြားနာသည့်ကိစ္စ အကျုံးမဝင်ကြောင်း ယုံမှားဘွယ်မရှိချေ။ သို့ဖြစ်၍ချေလွှာတင်ရန် သတ်မှတ်သောနေ့သည် အမှုကို ကြားနာရန် ချိန်းဆိုသည့်နေ့ မဖြစ်နိုင်ချေ။

ထို့ကြောင့်တိုင်းတရားရုံးက ချေလွှာတင်ရန် သတ်မှတ်သောနေ့တွင် တရားလိုဘက်မှ ရက်ချိန်းပျက်ကွက်သည်ကို အကြောင်းပြု၍ တရားလိုစွဲဆိုသောအမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၈ အရ ပလပ်ခြင်း မပြုနိုင်ပေ။

စာမျက်နှာ

**တရားမမှု တစ်မှုတွင် ချေလွှာ တင်သွင်းရန် ပျက်ကွက်သော တရားပြိုင်၌ သက်သေပြခွင့် မရှိခြင်း။**

ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၂၆၅/၈၁(လမ်းမတော်) တွင် အယူခံတရားပြိုင်ဦးစိန်ဝင်းနှင့်ဒေါ်ထွေးမြိုင်တို့က အယူခံတရားလို ဦးဟင်ထွန်းအပေါ်အပေါင်ပစ္စည်းများကို ထုခွဲရောင်းချခွင့်ဒီကရီ ရလို ကြောင်းတရားစွဲသည်။ ယင်းအမှုတွင် တရားပြိုင်ဖြစ်သောဦးတင်ထွန်းက ချေလွှာတင်ရန် ပျက်ကွက်သဖြင့် တိုင်းတရားရုံးက ချေလွှာမတင်တော့ဘဲ သက်သေအမှုကို ဥပဒေနှင့်အညီဆက်လက်စစ်ဆေးသွားမည် ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် အမှုတွင် တရားပြိုင်ဦးတင်ထွန်းနှင့် သက်သေများကို စစ်ဆေး၍ အပေါင်ပစ္စည်းများကို ထုခွဲရောင်းချခွင့် ဒီကရီ ချမှတ်ပေးလိုက်သဖြင့် ဦးတင်ထွန်းက ဗဟိုတရားရုံးတွင် ဤ အယူခံကို တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။တရားမမှုတစ်မှုတွင် တရားပြိုင်သည် ချေလွှာ တင်သွင်းရန်ပျက်ကွက်သဖြင့်တရားရုံးက ချေလွှာတင်သွင်းခွင့်မပြုတော့လျှင် ယင်းတရားပြိုင်သည် အမှုတွင် ခုခံချေပခွင့် ဆုံးရှုံးရမည်သာဖြစ်သည်။ ချေလွှာ တင်ခွင့်မရသော တရားပြိုင်အား သက်သေပြခွင့် ပေးလျှင် ချေလွှာတင်သွင်းရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ် ခတ်ခြင်းမှာ အချည်းနှီး ဖြစ်ပေလိမ့်မည်။

ဦးတင်ထွန်း နှင့် ဦးစိန်ဝင်းပါ(၂) ၁၄၃

**ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ နှင့် စာချုပ် စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ (၁)(ဃ)–စာချုပ်ကို ဥပဒေ ပြဋ္ဌာန်းချက် အတိုင်း မှတ်ပုံတင်ထားခြင်း မရှိ၍ ယင်း စာချုပ်ကို အခြေခံ၍ ဥပစာကို လက်ရောက် ပေးအပ်ရန် တောင်းဆိုခွင့် မရှိခြင်း။**

အိမ်ငှား စာချုပ်အရ အယူခံတရားလို ဒေါ်မာရီယမ်ဘီ (ခ) ဒေါ်မဂျမ်းက အိမ်ခန်းကို အယူခံတရားပြိုင်ဒေါ်မဥအား ၁၀နှစ် ငှားရန်နှင့် ဒေါ်မဥက ဒေါ်မာရီယမ်ဘီအား ငွေ ၁၃၀၀၀ိ/–ပေးရန်ဖြစ်သည်။ ယင်းငှားရမ်းထားသည့် အိမ်ခန်းသည် ၁၀နှစ်မပြည့်မီ၊ မီးသင့်လောင်သွား၍ယင်းမြေပေါ်တွင် ပြန်လည်ဆောက်လုပ်သည့် အိမ်ခန်းကို ဒေါ်မဥက စာချုပ်အရ ၎င်းအား လက်ရောက်ပေးစေရန် သို့တည်းမဟုတ်၎င်းပေးထားသော ငွေ၁၃၀၀၀ိ/–ကို ပြန်အမ်းစေရန် တရားစွဲဆိုသည်။ တရားရုံးက ဒေါ်မဥအား ဒီကရီချမှတ်ပေးလိုက်သောကြောင့် ဒေါ်မာရီယမ်ဘီ တို့က ဗဟိုတရားရုံးတွင် အယူခံခြင်းဖြစ်သည်။

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။သက်သေခံ အငှားစာချုပ်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၁၇(၁)(ဃ) အရ လိုအပ်သည့်အတိုင်း မှတ်ပုံတင်ထားခြင်း မရှိသဖြင့်(၁၀)နှစ် ကာလအတွက် ငှားရမ်းခြင်းမှာ အထမမြောက်ချေ။ သို့ဖြစ်ရာ ဒေါ်မဥသည် သက်သေခံ(ခ)စာချုပ်ကို အခြေခံကာ အိမ်ခန်းသစ်ကို လက်ရောက်ပေးအပ်ရန် တောင်းဆိုခွင့်ရှိမည် မဟုတ်ချေ။

ဒေါ်မာရီယမ်ဘီ (ခ) ဒေါ်မဂျူမ်း နှင့် ဒေါ်မဥ ၁၆၃

**သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂—မွေးစား ခြင်းသည် သမီးရင်း ရရှိနိုင်မည့် အမွေပမာဏကို ထိခိုက်နိုင်သည်မှအပ သမီးရင်းတွင် ထိခိုက်ဆုံးရှုံးခြင်း တစ်စုံတစ်ရာ မရှိခြင်း—မိခင် ကွယ်လွန်သောအခါ သမီးရင်းအနေဖြင့် အမွေရနိုင်ခွင့်သည် အခွင့်အလမ်း မျှသာ ဖြစ်သည်၊ သီးခြား သက်သာခွင့် အက် ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သောအခွင့်အရေးမျိုး မဟုတ်— မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေအရ သားသမီး မွေးစား နိုင်ခွင့်ကို သားသမီး အရင်းများက ချုပ်ချယ်ခွင့် မရှိခြင်း။**

ရေစကြိုမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃/၈၃ တွင် လျှောက်ထားသူ ဦးတင်ထွန်းနှင့် ဒေါ်စောခင်၏ သမီးဖြစ်သူ ဒေါ်လှပိုတို့က လျှောက်ထားခံရသူ မသန်းတင်လှ၊ ကိုတင်အုန်းနှင့်-မူလမှု စွဲဆိုထားစဉ် အတွင်းကွယ်လွန်သွားသူဒေါ်စောခင်တို့အပေါ်ဒေါ်စောခင်ကမသန်းတင်လှနှင့်ကိုတင်အုန်းတို့အား မွေးစားသည့်စာချုပ်များသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုရာ မြို့နယ်တရားရုံးက မွေးစားစာချုပ်များကို သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ အရ ဖျက်သိမ်းပေးရန်အတွက် တောင်းဆိုရန်လိုအပ်သည်ဟု ကောက်ယူကာ အဆိုလွှာကိုပြင်ဆင်စေရန် အမိန့်ချမှတ်သည်။မသန်းတင်လှတို့က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ တိုင်းတရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာ တိုင်းတရားရုံးက ဦးတင်ထွန်းတို့စွဲဆိုသော အမှုကို ပလပ်လိုက်သဖြင့် ဦးတင်ထွန်းတို့က ဗဟိုတရားရုံးတွင် ပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။ ဒေါ်စောခင်သည် ပထမအိမ်ထောင်မှ ထွန်းကားသည့် အမွေမမီမြေးများဖြစ်သော မသန်းတင်လှနှင့် ကိုတင်အုန်းတို့ကို ကိတ္တိမ သားသမီးများအဖြစ် စာချုပ်ချုပ်ဆို၍ မွေးစားသည်။ ဒေါ်လှပိုသည် ဒေါ်စောခင်၏ ဒုတိယအိမ်ထောင်မှရသောသမီးဖြစ်၍ ဦးတင်ထွန်းမှာ ဒေါ်လှပို၏ ခင်ပွန်းဖြစ်သည်။

စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ဒေါ်စောခင်က မသန်းတင်လှနှင့် ကိုတင်အုန်းတို့အား မေးမြန်းစားလိုက်ခြင်းသည် ဒေါ်လှပို အနေဖြင့် ဒေါ်စောခင်၏ သမီး ဖြစ်ခြင်းကို လက်လွတ် ဆုံးရှုံးစေခြင်း မရှိကြောင်း ယုံမှားဘွယ် မရှိချေ၊ ဒေါ်စောခင်ကွယ်လွန်သောအခါ ရရှိနိုင်မည့်အမွေပမာဏကို ထိခိုက်စေနိုင်သည်မှ အပ ထိုသို့ မေးမြန်းစားခြင်းကြောင့် ဒေါ်လှပိုသည် ဒေါ်စောခင်၏ သမီးဖြစ်ခြင်းတည်းဟူသော တရားဝင်အခြေအနေကို တစ်စုံတစ်ရာထိခိုက်နိုင်ရန် အကြောင်းမရှိချေ။ ဒေါ်စောခင်ကွယ်လွန်သောအခါ ဒေါ်လှပိုအနေဖြင့် အမွေရနိုင်ခွင့်သည် အခွင့်အလမ်းမျှသာ ဖြစ်သည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အခွင့်အရေးမျိုးမဟုတ်ချေ။ ဤအခြေအနေတွင် ဒေါ်လှပိုသည် ဒေါ်စောခင်၏ သမီးဖြစ်ခြင်း အပေါ် အခြေခံကာ ဒေါ်စောခင်က မသန်းတင်လှတို့အား မေးမြန်းစားခြင်းမှာ ပျက်ပြယ်ကြောင်း သီးခြားသက်သာခွင့် အက် ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုခွင့် မရှိဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပရိညာဉ်ပြုနိုင်သူတိုင်းသည် အခြားသူ တစ်ဦးအား မေးမြန်းစားခွင့် ရှိပေသည်။ ယင်းအခွင့်အရေးကို မေးမြန်းစားသူ၏သားသမီးများက ချုပ်ချယ်ခွင့် မရှိနိုင်ချေ။

ဦးတင်ထွန်းပါ(၂) နှင့် ဒေါ်သန်းတင်လှပါ(၂) ၁၄၉

**စီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန် တင်သွင်းသော လျှောက်လွှာ အတွက် ထမ်းဆောင်ရမည့် ရုံးခွန် – ကာလ စည်းကမ်းသတ် အက် ဥပဒေပုဒ်မ ၁၂ (၂,) ပါ ပြဋ္ဌာန်းချက် များသည် ရုံးခွန် အက်ဥပဒေနှင့် သက်ဆိုင်ရန် အကြောင်းမရှိခြင်း။**

လျှောက်ထားသူဒေါ်အေးရီက ဗဟိုတရားရုံးက ချမှတ်သည့် စီရင်ချက်ကိုပြန်လည်သုံးသပ်ပေးရန် လျှောက်လွှာကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၇၃ တွင် သတ်မှတ်ထားသည့် ရက်(၉၀)ထက် ကျော်လွန်၍ တင်သွင်းခြင်း ဖြစ်သော်လည်း အဆိုပါ အက်ဥပဒေပုဒ်မ ၁၂(၂)ပါပြဋ္ဌာန်းချက်အရ ထုတ်ပယ်ရန်လိုအပ်သည့် ရက်များကိုထုတ်နှုတ်လိုက်ပါက ၎င်းတင်သွင်းသည့် လျှောက်လွှာသည် စည်းကမ်းသတ် ကာလအတွင်း ကျရောက် ကြောင်း — သို့ရာ တွင် ဒေါ်အေးရီထမ်းဆောင်သော ရုံးခွန်သည် လိုလောက်မှုမရှိဟု ရုံးခန်းမှ တင်ပြသာ သဖြင့် ယင်း ဥပဒေပြဿနာကို အဆုံး အဖြတ် ပေးရန် အကြောင်း ပေါ်ပေါက်သည်။

**ဆုံးဖြတ်ချက်**။ ။စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်လွှာကို ဒီကရီ ချမှတ်သည့်နေ့မှ (၉၀)ရက် မြောက်နေ့ မကုိင်မီ တင်သွင်းသည့်အတွက် ရုံးခွန်ကိုလျှော့ပေါ့သည့် နှုန်းဖြင့် ထမ်းဆောင်ရန် ခွင့်ပြုထားကြောင်းပေါ်ပေါက်သည်။ထိုသတ်မှတ်ရက်ကျော်လွန်ပါက ရုံးခွန်ကို ထမ်းဆောင်ရမြဲနှုန်းအတိုင်း ထမ်းဆောင်ရန်ဖြစ်သည်။ သို့ဖြစ်ရာ လျှော့ပေါ့သည့်နှုန်းဖြင့် ထမ်းဆောင်ခွင့်ရနိုင်ရန် အလို့ငှာ သတ်မှတ်သည့်နေ့ရက်အတွင်း လျှောက်လွှာကိုတင်သွင်းဖို့ လိုကြောင်းယုံမှားဘွယ် မရှိပေ။ ရုံးခွန်အက်ဥပဒေနှင့် ကာလစည်းကမ်းသတ် အက် ဥပဒေ တို့ပါ ပြဋ္ဌာန်းချက်များမှာ အကြောင်းအရာချင်း မတူသည့်အလျှောက် မိတ္တူကူးရက်ကို ထုတ်ပယ်ခွင့်ပြုသည့် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၂ (၂)ပါ ပြဋ္ဌာန်းချက်များသည် ရုံးခွန်အက်ဥပဒေနှင့် သက်ဆိုင်ရန် အကြောင်း မရှိနိုင်ချေ။

ဒေါ်အေးရီ နှင့် ဒေါ်ခင်စန်းရီ ၁၇၇

**အမွေဆက်ခံရေး အက် ဥပဒေ ပုဒ်မ ၂၁၈(၁)— အမွေ ထိန်းစာ ထုတ်ပေးရန် လျှောက်ထားသူအား အမွေ ထိန်းစာ ရထိုက်ခွင့် ရှိမရှိ သုံးသပ်ရာ၌ ၎င်းသည် အမွေးပုံမှ ဖယ်ထုတ်ခြင်း ခံရသူ ဟုတ်မဟုတ် စိစစ်ရန် လိုခြင်း — ကန့်ကွက် သူသည် အမွေရ ထိုက်သူ ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်ရန် မလိုခြင်း။**

ရှေ့ဝတီတိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၁၂၄/၇၄ တွင် ကွယ်လွန်သူဦးသာစ၏ ကျန်ရစ်သောအမွေပစ္စည်းများအတွက် အမွေထိန်းစာ ထုတ်ပေးရန် ညီဖြစ်သူဦးအောင်ကြွယ်ကလျှောက်ထားသည်ကို ဦးသာစ၏ မွေးစားသမီးဟု ဖော်ပြသူ မလှလှက ကန့်ကွက်သည်။တိုင်းတရားရုံးက ဦးအောင်ကြွယ်၏ လျှောက်လွှာကို ပလပ် လိုက်သဖြင့် ဦးအောင်ကြွယ်က ဗဟိုတရားရုံးတွင် အယူခံခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်**။ ။အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၈ (၁) ပါ ပြဋ္ဌာန်းချက်များအရကွယ်လွန်သူ၏အမွေတစ်ရပ်လုံးကိုဖြစ်စေ၊တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်သူအား အမွေထိန်းစာ ထုတ်ပေးနိုင်သည်။ အကယ်၍ မလှလှသည် ကွယ်လွန်သူ၏ ကိတ္တိမသမီး ဖြစ်ပါမူ မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ ကွယ်လွန်သူ၏ညီ ဦးအောင်ကြွယ်အား အမွေပုံမှ ပယ်ထုတ်မည် ဖြစ်၍ ဦးအောင်ကြွယ်သည် ကွယ်လွန်သူ ဦးသာစ၏ အမွေကို ထိန်းသိမ်းရန်အတွက် အမွေထိန်းစာ ရခွင့်ရှိမည် မဟုတ်ချေ။သို့ဖြစ်ရာ ဦးအောင်ကြွယ်အနေဖြင့် အမွေထိန်းစာရထိုက်ခွင့် ရှိမရှိသုံးသပ်ရာ၌ မလှလှသည် ဦးသာစ၏ ကိတ္တိမသမီး ဟုတ်မဟုတ်ကို စိစစ်ဆုံးဖြတ်ရမည်ဖြစ်သည်။

စာမျက်နှာ

သို့ရာတွင် မလှလှသည် ဦးသာစ၏ ကိတ္တိမသမီးမဟုတ်ဘဲ အပတိဋ္ဌ သမီးသာဖြစ်ပါမူ ဦးအောင်ကြွယ်အား အမွေပုံမှပယ်ထုတ်ခြင်းမပြုနိုင် သဖြင့် ဦးအောင်ကြွယ်သည် အမွေထိန်းစာမရထိုက်သော အကြောင်း များ မရှိပါက အမွေထိန်းစာကို သူ့အားထုတ်ပေးနိုင်သည်။ သို့ဖြစ်၍ ဦးအောင်ကြွယ်အား အမွေထိန်းစာ ထုတ်ပေးသင့်မသင့် သုံးသပ်ရာ၌ မလှလှသည် ကွယ်လွန်သူ၏ အပတိဋ္ဌသမီးဟုတ်မဟုတ် စီစစ်ဆုံးဖြတ်ရန် မလိုချေ။

ဦးအောင်ကြွယ်          နှင့်          ဒေါ်မြရွှေပါ(၂)          ၁၀၁

**တရားရုံးများ မထိမဲ့မြင် ပြုလုပ်မှု ဥပဒေ ပုဒ်မ ၃— တရားရုံးတွင် တရားဆိုင်နေစဉ်အတွင်း အချင်းဖြစ် ပစ္စည်း၏ ပိုင်ဆိုင် ခွင့်နှင့် စပ်လျဉ်း၍ သတင်းစာတွင် ဖော်ပြ ကြော်ငြာခြင်းသည် တရားရုံးကို မထိမဲ့မြင် ပြုလုပ်ရာရောက်ခြင်း။**

ရှမ်းပြည်နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁၉/၇၄ တွင် လျှောက်ထားခံရသူဦးဘသိန်းက လျှောက်ထားသူဒေါ်ခင်ဦးအပေါ် အပေး စာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာ ပေးစေလိုမှုနှင့် ပစ္စည်းလက်ရောက်ပေးအပ်စေလိုမှု စွဲဆိုသည့် အမှု စွဲဆိုနေစဉ် အတွင်း ဦးဘသိန်း၏ညွှန်ကြားချက်အရ ရှေ့နေဦးသန်းအောင်က အချင်းဖြစ် ပစ္စည်းကို ဒေါ်ခင်ဦးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန် သတိပေး တားမြစ်ကြောင်း သတင်းစာမှ ကြော်ငြာသည်။ ယင်းကြော်ငြာချက်သည် အများပြည်သူ တို့အား အဆင်အမြင် လွဲမှားစေသည့် အတွက် တရားစီရင်ခြင်းကို အနှောင့်အယှက်ပြုရာရောက်သဖြင့် တရားရုံးများ မထိမဲ့မြင်ပြုမှု အက် ဥပဒေ ပုဒ်မ ၃ အရ ဦးဘသိန်းအား အရေးယူပေးရန် လျှောက် ထားလာခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်ပစ္စည်းများကိုဒေါ်ခင်ဦးက မည်သူ တစ် ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေး ကမ်းခြင်း၊ ခွဲဝေခြင်း၊ အာမခံတင်သွင်းခြင်း စသည်တို့ကို မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းသို့ ဖော်ပြခြင်းဖြင့် အချင်းဖြစ်ပစ္စည်းမှာ ဒေါ်ခင်ဦးပိုင်မဟုတ်ဟု စကား ဦးသန်းရာ ရောက်ပေသည်။ တရားဖြောင့်မှန်ရေး လမ်းစဉ်ကို နှောင့် ယှက်နိုင်သော အရေးအသား အပြောအဆိုအားလုံးသည် တရားရုံးကို မထိမဲ့မြင် ပြုလုပ်ခြင်းများ ဖြစ်သည်။

ဒေါ်ခင်ဦး          နှင့်          ဦးဘသိန်း          ၁၃၃

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁) - ငှားရမ်းမှုရပ်စဲပြီးနောက်၊ ငှားရမ်း သည့်ဥပစာ တွင် ဆက်လက် နေထိုင်တော့ခြင်း မရှိ၍ အိမ်ငှား မဟုတ်သူ သည် ယင်း ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက် ထား ခွင့် မရှိခြင်း။**

အယူခံတရားလိုအိမ်ငှား ဦးအောင်သိန်းတို့အပေါ် အယူခံတရားပြိုင် အိမ်ရှင် ဒေါ်မာမူဒါခါတွန်က ရရှိထားသည့်ဒီကရီကို အတည်ပြုရာ ဦးအောင်သိန်းက ငှားရမ်းခ အကြွေးများကို အရစ်ကျ ပေးဆပ်ခွင့် ပြုရန်နှင့် ဇာရီမှုကို ပိတ်သိမ်းပေးရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက် ထားရာ ရပ်ကွက်တရားရုံးက လျှောက်ထားချက်ကို ခွင့်ပြုလိုက်သည်။ အိမ်ရှင်တရားနိုင်တို့က မြို့နယ်တရားရုံးတွင်အယူခံသော်လည်း မအောင် မြင်သဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် ဆက်လက် အယူခံဝင်ရာ တိုင်း တရားရုံးက ရပ်ကွက်နှင့်မြို့နယ်တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး ဒီကရီကို အတည်ပြုစေရန် အမိန့်ချမှတ်သောကြောင့် ဦးအောင်သိန်း တို့က ဗဟိုတရားရုံးသို့ အယူခံတင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဤအမှုတွင် အိမ်ရှင်နှင့်အိမ်ငှားတို့ အကြား ငှား ရမ်းမှု ရပ်စဲပြီးနောက် အိမ်ငှားဦးအောင်သိန်းတို့သည် ငှားရမ်းသည့် ဥပစာတွင် ဆက်လက် နေထိုင်တော့ခြင်း မရှိသဖြင့် အဆိုပါ ပုဒ်မ ၂(ဆ) တွင် အနက် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် အတိုင်း အိမ်ရှင် ဒေါ်မာမူဒါခါတွန်တို့၏ အိမ်ငှား မဟုတ်တော့ချေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားခွင့်ရှိသူသည် အိမ်ငှား သို့မဟုတ် အဆိုပါ ဥပဒေပုဒ်မ ၁၃(၁)ပါ ပြဋ္ဌာန်းချက်များအရ နေထိုင်ခွင့်ရှိသူဖြစ်ရန်လိုအပ်သည်။ အယူခံတရားလိုဦးအောင်သိန်းတို့သည် ယင်းပုဂ္ဂိုလ် တစ်ဦးဦးမဟုတ် သည့်အလျောက် ပုဒ်မ ၁၅(၁)အရလျှောက်ထားခွင့်မရှိဟု တိုင်းတရား ရုံးက ကောက်ယူ ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

## တရားမမှုများ

စာမျက်နှာ

**ဥပဒေများ–**

- ကာလစည်းကမ်းသတ်ဥပဒေ
- ၁၉၇၃ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ

**မရွေ့မပြောင်းနိုင်သော ပစ္စည်းလက်ရောက်ရလိုမှုတွင် ကာလစည်းကမ်းသတ်–တရားလိုက မိမိလက်ရှိဖြစ်သော မြေကို စွန့်လွှတ်ခြင်းဖြစ်သည် သို့မဟုတ် တရားပြိုင်က ဆန့်ကျင်လက်ရှိထားခြင်း ဖြစ်သည်ဆိုသော အချက်များကို စိစစ်ရန်လိုအပ်ခြင်း။**

အယူခံတရားလို ဒေါ်ကျင်ငွေးပိုင်သော မြေနှင့်ကပ်လျက် ရှိသောမြေကို အယူခံ တရားပြိုင် ဒေါ်ဖွားကျင်၊ ဒေါ်စိန်ပု နှင့် ဒေါ်တင်တင်အေးတို့ ပိုင်ကြသည်။ ယင်းမြေကို ဒေါ်ဖွားကျင်တို့က အယူခံတရားပြိုင် ဦးသိန်းတင်နှင့် ဒေါ်စန်းတို့အား ၁၉၇၈ ခုနှစ်က ရောင်းချခဲ့သည်။ မြေနယ်နိမိတ်အငြင်းပွား၍ မြေစာရင်း ဦးစီးဌာနက တိုင်းတာသောအခါ ဦးသိန်းတင်တို့လက်ရှိဖြစ်သောမြေသည် မိမိမြေအတွင်းကျူးကျော်နေကြောင်း တွေ့ရှိရသည်ဟုဆိုကာ ယင်းမြေကိုမိမိပိုင်မြေဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်းဒေါ်ကျင်ငွေးက၊ ကရင်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် ၂/၈၄ တွင် တရားစွဲဆိုသည်။

ဦးသိန်းတင်တို့က ဒေါ်ကျင်ငွေးသည် လက်ရှိ ခြံစည်းရိုးကို တရားမစွဲမီ ၂၆ နှစ်ကျော်က ကာရံခဲ့သည်ဖြစ်၍ ဒေါ်ကျင်ငွေး စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းထုချေသည်။ ကရင်ပြည်နယ်တရားရုံးက တရားပြိုင်များသည် ယင်းမြေကိုဆန့်ကျင်လက်ရှိထားသည်မှာ ၁၂ နှစ်ကျော်ပြီဖြစ်သဖြင့်တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ကောက်ယူဆုံးဖြတ်၍ အမှုကိုပဏာမအချက်အရ ပလပ်လိုက်သောကြောင့် ဒေါ်ကျင်ငွေးက ဗဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်ကျင်ငွေးသည် မိမိပိုင်ဆိုင်သည့်မြေကို ပိုင်ဆိုင်သည့်အတိုင်းအတာထက်လျော့၍ ခြံခတ်ခဲ့သည် ဆိုရာ၌ ခြံအပြင်တွင် ချန်ထားခဲ့သောမြေကို မိမိသဘောအတိုင်းစွန့်လွှတ်ရာရောက်မရောက် စိစစ်ရန် လိုပေလိမ့်မည်။ အကယ်၍ အမှုကို စစ်ဆေး ကြည့် ရာ၌ ဒေါ်ကျင်ငွေးသည် မိမိလက်ရှိဖြစ်ခဲ့သော မြေကို စွန့်လွှတ်ကြောင်း

ပေါ်ပေါက်လျှင် ယင်းမြေကို ပြန်လည်လက်ရောက်ရလိုမှု စွဲဆိုသည့် အမှုမှာ အမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်မည်ဖြစ်သည်။ အကယ်၍ ခြံစည်းရိုးအပြင်တွင် ချန်ထားခဲ့သော မြေကို စွန့်လွှတ်ခဲ့ခြင်း မရှိပါမူ ယင်းမြေကို ၁၂ နှစ်ကျော် ဆန့်ကျင်လက်ရှိ ထားခဲ့ကြောင်း သက်သေပြရန်တာဝန်မှာ အယူခံတရားပြိုင်တို့အပေါ် ကျရောက်သည်။

ဒေါ်ကျင်ငွေး နှင့် ဦးသိန်းတင်ပါ (၅) ၁၉၅

**နိုင်ငံတော် ကောင်စီ က ဥပဒေ တစ်ရပ်ရပ်ပါစကားရပ်တစ်ခုခုကို အနက် အ ဓိပ္ပာယ်ဖွင့်ဆိုရာ၌ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း ဥပဒေပြဋ္ဌာန်း စဉ်ကပင် ဆောင်သည်ဟု ကောက်ယူခြင်း။**

**ဆုံးဖြတ်ချက်။** နိုင်ငံတော်ကောင်စီက ဥပဒေတစ်ရပ်ရပ်ပါစကား ရပ်တစ်ခုခုကို အနက် အဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါဆိုင်ရာဥပဒေ ပြဋ္ဌာန်းစဉ်ကပင် ယင်းအနက် အဓိပ္ပာယ်အတိုင်း ဆောင် သည်ဟု ဗဟိုတရားရုံးက ကောက်ယူ ဆုံးဖြတ်ခဲ့ခြင်းသည် သဘာဝ ကျသည်။ အကြောင်းမူ ယင်းအနက် အဓိပ္ပာယ်မှာ ဥပဒေ ပြဋ္ဌာန်းစဉ်က ပင် တည်ရှိခဲ့ပြီး နိုင်ငံတော်ကောင်စီက ယင်း တည်ရှိပြီး ဖြစ် သော အဓိပ္ပာယ်ကို ဖော်ထုတ်ဖွင့်ဆိုခြင်းဖြစ်သည်။

ဒေါ်ခင်မအေး နှင့် ဒေါ်စောမြင့်ပါ (၆) ၂၀၃

# တရားမ တတိယအယူခံမှု

† ၁၉၈၆
ဇန်နဝါရီလ
၃၀ ရက်

ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီးနှင့် ဦးခင်မောင်ကျော်တို့ ပါဝင်သောဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ခင်မြစော

နှင့်

ဒေါ်လှလှရီ *

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ စွဲဆိုမှု ငှားရမ်းခ ပေးရန် ပျက်ကွက်သည့် အိမ်ငှားအပေါ် အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်သည်ဟူ၍ အကြောင်းပြကာ နှင်ထုတ်ခွင့် ဒီကရီမချမှတ်နိုင်ခြင်း၊ ထိုသို့ ဒီကရီ ချမှတ်ပါက အဆိုပါဥပဒေပုဒ်မ ၁၅ (၁) အရ အိမ်ငှားအား ပေးထားသည့် အခွင့် အရေးကို ရုပ်သိမ်းရာ ရောက်မည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၈ (၄)၌ အိမ်ငှားဖြစ်သူသည် ငှားရမ်းခပေးရန် တာဝန်ရှိသည် ဟူ၍ ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ ငှားရမ်းခပေးရန် ပျက်ကွက်သည့် အိမ်ငှားအပေါ် အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်သည်ဟူ၍ အကြောင်းပြကာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီချမှတ်မည် ဆိုပါက အိမ်ငှားသည် အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ အခွင့်အရေး များကို ရတော့မည် မဟုတ်ချေ။ အိမ်ငှားသည် အိမ်ငှားတာဝန်ကို ဖောက်ဖျက်တိုင်း အိမ်ရှင်သည် အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ နှင်ထုတ်ခွင့်မရှိချေ။ ယင်းတာဝန်သည် ယင်းဥပဒေပါ

---

* ၁၉၈၅ ခုနှစ်၊ တရားမ တတိယ အယူခံ အမှု အမှတ် ၁၇

† ၁၉၈၅ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၂၃ တွင် ချမှတ်သော (၂၆–၃–၈၅)ရက် နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကို အယူခံမှု။

ဒေါ်ခင်စော နှင့် ဒေါ်လှလှရီ

ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သဖြင့် ဖောက်ဖျက်သည့် သို့တည်းမဟုတ် မဆောင်ရွက်ပဲနေသည့် ကိစ္စအတွက်သာ ယင်းပုဒ်မခွဲအရ နှင်ထုတ်ခွင့်ရှိသည်။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ငှားရမ်းခပေးရန် ပျက်ကွက်သည့်အတွက် အိမ်ငှားအပေါ် ယင်းဥပဒေပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း) အရ ဒီကရီချမှတ်နိုင်ရန် အတည့်အလင်း ပြဋ္ဌာန်းထားသည့်အပြင် ယင်းကိစ္စအတွက် အိမ်ငှားအား ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ နှင်ထုတ်ခွင့်ပြုမည်ဆိုပါက ပုဒ်မ ၁၅ (၁) အရ အိမ်ငှားအား ပေးထားသည့်အခွင့်အရေးကို နုတ်သိမ်းရာရောက်မည် ဖြစ်၍ အိမ်လခပေးရန် တာဝန်ကိုဖောက်ဖျက်သည်ကို အကြောင်းပြု၍ အိမ်ငှားအပေါ် ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီ ချမှတ်ခွင့် မရှိဟု ဆိုရပေမည်။

အယူခံတရားလို အတွက် — ဦးသန်းမောင် ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးသိန်းမောင် ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးခင်စိုး

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန့်တော်ကလေး တောင်ပိုင်းရပ်ကွက်တရားရုံး၊ တရားမကြီးမှုအမှတ် ၆/၈၃ တွင် အယူခံတရားပြိုင်ဒေါ်လှလှရီက အယူခံတရားလို ဒေါ်ခင်စောအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) နှင့် (ဂ) တို့အရ အိမ်ခန်းမှဖယ်ရှားစေလို မှုစွဲဆိုရာ ရပ်ကွက်တရားရုံးက ပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း) နှင့် (ဒုတိယပိုင်း) တို့အရ ဒီကရီ ချမှတ်သည်။ ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဒေါ်ခင်စောက မကျေနပ်၍ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးနှင့်ရန်ကုန်တိုင်း တရားရုံးတို့တွင်အယူခံဝင်ရောက်သော်လည်း အောင်မြင်ခြင်း မရှိသဖြင့် ဗဟိုတရားရုံးကွင် ဤတရားမ တတိယ အယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

ဒေါ်လှလှရီက အဆိုလွှာတွင် ဒေါ်ခင်စောသည် မိမိပိုင် မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၁၀၁)၊ မြေညီထပ်အရှေ့ဘက် အခန်းတွင် တလလျှင် ၈၀/ကျပ်နှုန်းဖြင့် ငှားရမ်းနေထိုင်သူ ဖြစ်ကြောင်း၊ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ (၂၆) လအတွက် အိမ်ငှားခ ၂၀၈၀/– ပေးရန် ပျက်ကွက်ခဲ့ကြောင်း၊ ဒေါ်ခင်စောသည် အိမ်ငှားဖြစ်ပါလျက် အချင်းဖြစ် အိမ်ခန်းပါဝင်သော အမှတ် (၁၀၁) အဆောက်အအုံသည်

သူပိုင်ဖြစ်သည်ဟု မြွက်ဟကြေငြာပေးရန် မိမိအပေါ် တိုင်းတရားရုံးတွင် တရားစွဲကြောင်း၊ ထိုသို့တရားစွဲခံရသဖြင့် စိတ်ငြိုငြင်မှုနှင့်အနှောင့်အယှက်ဖြစ်မှု ပေါ်ပေါက်ရကြောင်း စသည်ဖြင့် အဆိုပြုပြီး ဤအမှုကို တရားစွဲခြင်းဖြစ်သည်။

ဒေါ်ခင်စောက အချေလွှာတွင် ဥပစာနှင့် စပ်လျဉ်းပြီး ဒေါ်လှလှရီ၏ ဦးလေး ဦးကျော်ဟုတ်နှင့် ဇနီး ဒေါ်ခင်တို့သည် မြေကွက်ကို ပိုင်ဆိုင်သူများဖြစ်သော်လည်း နေအိမ်ကို မိမိ၏ ခင်ပွန်း ဦးချစ်သိန်းကဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ နားလည်မှုဖြင့် တစ်ခန်းစီ နေထိုင်ခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိနှင့် ဒေါ်လှလှရီတို့သည် အိမ်ရှင်အိမ်ငှားများ မဟုတ်ကြောင်း ချေပသည်။

ရပ်ကွက်တရားရုံးက ဒေါ်ခင်စောသည် ဒေါ်လှလှရီအား တိုင်းတရားရုံးတွင် တရားစွဲခဲ့သည် မှန်သော်လည်း ထိုသို့ တရားစွဲခြင်းသည်အိမ်နီးချင်းများအားငြိုငြင်မှုပြုရာ မရောက်၍ ပုဒ်မ ၁၂ (၁)(ဂ) အရ သက်သာခွင့်ကို ရနိုင်မည်မဟုတ်ကြောင်း၊ သို့သော် ဒေါ်ခင်စောသည် အိမ်လခ(၂၆)လအတွက်ပေးရန် ပျက်ကွက်ခဲ့သည်ဖြစ်ရာ ထိုပျက်ကွက်မှုသည် အိမ်ငှားရမ်းခကြေးများပေးရန် ကျန်ရှိကြောင်းမြောက်သည့်အပြင် အိမ်ငှား၏ တာဝန်ကိုပါဖောက်ဖျက်ရာ ရောက်ကြောင်း သုံးသပ်ပြီး ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(က) (ပထမပိုင်း) နှင့် (ဒုတိယပိုင်း) တို့အရ ဒီကရီချမှတ်သည်။

မြို့နယ်တရားရုံးက ရပ်ကွက်တရားရုံး၏ ဒီကရီများကို အတည်ပြုသည်။ တိုင်းတရားရုံးကမူ အိမ်ငှားခပေးရန် ပျက်ကွက်ခြင်းသည် အိမ်ငှားတာဝန်ကိုဖောက်ဖျက်ခြင်း မဟုတ်ကြောင်း၊ သို့သော် အိမ်ငှားက အိမ်ရှင်အပေါ် တရားစွဲသည့် အပြုအမူသည် အိမ်ငှားတာဝန်ကို ဖောက်ဖျက်ရာ ရောက်ကြောင်း ပြင်ဆင်သုံးသပ်ပြီး ရပ်ကွက်နှင့်မြို့နယ်တရားရုံးတို့က ချမှတ်သည့် ဒီကရီ နှစ်ရပ်ကို ဆက်လက်အတည်ပြုသည်။

ဒေါ်ခင်စောက အယူခံလွှာတွင် အိမ်လခပေးရန် ပျက်ကွက်ခြင်းနှင့် ဒေါ်လှလှရီအပေါ် အချင်းဖြစ်နေအိမ်သည် မိမိပိုင် ဖြစ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှု စွဲဆိုခြင်းတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း)နှင့် အကျုံးဝင်ခြင်း မရှိကြောင်း၊ အဓိက အကြောင်းပြသည်။

၁၉၈၆
ဒေါ်ခင်စော
နှင့်
ဒေါ်လှလှရီ

ဤအမှုတွင် ဒေါ်လှလှရီနှင့် ဒေါ်ခင်စောတို့သည် အိမ်ရှင်အိမ်ငှား များဖြစ်ကြပြီး ဒေါ်ခင်စောသည် အိမ်လခ(၂၆) လအတွက်ပေးရန် ပျက်ကွက်လျက် ရှိသည်ဟူ၍ တရားရုံး အဆင့်ဆင့်က တညီတညွတ် တည်း တွေ့ရှိကြသည်မှာ အထောက်အထား ရှိပေသည်။ အိမ်လခ ပေးရန် ပျက်ကွက်ခြင်းနှင့် အိမ်ငှားက အိမ်ရှင်ကို တရားစွဲခြင်းတို့သည် အိမ်ရှင်က အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) တွင် အကျုံးဝင်သော အိမ်ငှားတာဝန်ကို ဖောက်ဖျက်ရာ ရောက်သည်ဟူ၍ ရပ်ကွက်နှင့် မြို့နယ် တရားရုံးတို့က သုံးသပ်ချက်များသည် မှန်ကန်ခြင်း ရှိ-မရှိ ဤအမှုတွင် အဓိက အဆုံးအဖြတ် ပြုရမည့် ပြဿနာ ဖြစ် သည်။

အိမ်ငှားသည် အိမ်လခပေးရန် ပျက်ကွက်ပါက အိမ်ရှင်သည် အိမ် ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက် ဥပဒေပုဒ်မ ၁၂(၁) (က) (ပထမပိုင်း) အရ တရားစွဲဆိုနိုင်ပေသည်။ ထိုအမှုမျိုးတွင် ဒီကရီချမှတ်ပြီးနောက် အိမ်ငှားက အိမ်လခ အကြွေး များ ပေးဆပ်၍ ယင်းဒီကရီကို ပယ်ဖျက်ပေးရန် အဆိုပါဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားနိုင်သည့် အခွင့်အရေးပေးထားသည်။

အခြားတဘက်တွင်ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ၁၀၈(ဌ) ၌အိမ်ငှားဖြစ်သူသည်ငှားရမ်းခပေးရန်တာဝန်ရှိသည်ဟူ၍ပြဋ္ဌာန်းထား သည်။ ထိုပြဋ္ဌာန်းချက်အရ ငှားရမ်းခပေးရန် ပျက်ကွက်သည့် အိမ်ငှား အပေါ် အိမ်ငှား၏ တာဝန်ကို ဖောက်ဖျက်သည်ဟူ၍ အကြောင်း ပြကာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပ ဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း)အရ ဒီကရီချမှတ်မည် ဆိုပါက အိမ်ငှားသည် အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) အရ အခွင့်အရေးများကို ရတော့မည် မဟုတ်ချေ။ အိမ်ငှားသည် အိမ်ငှားတာဝန်ကို ဖောက် ဖျက်တိုင်း အိမ်ရှင်သည် အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁)(က)(ဒုတိယပိုင်း) အရ နှင်ထုတ်ခွင့် မရှိချေ။ ယင်းတာဝန်သည် ယင်းဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့် ညီညွတ်သရွေ့ ဖောက်ဖျက်သည့် သို့တည်း မဟုတ် မဆောင်ရွက်ဘဲ နေသည့်ကိစ္စအတွက်သာ ယင်းပုဒ်မခွဲအရ နှင်ထုတ်ခွင့် ရှိသည်။ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ငှားရမ်းခပေးရန် ပျက် ကွက်သည့်အတွက် အိမ်ငှားအပေါ် ယင်းဥပဒေပုဒ်မ ၁၂ (၁)(က) (ပထမပိုင်း) အရ ဒီကရီချမှတ်နိုင်ရန် အတည့်အလင်း ပြဋ္ဌာန်းထား သည့်အပြင် ယင်းကိစ္စအတွက် အိမ်ငှားအား ပုဒ်မ ၁၅ (၁) (က)

ဒေါ်ခင်စော
နှင့်
ဒေါ်လှလှရီ

(ဒုတိယပိုင်း) အရ နှင်ထုတ်ခွင့်ပြုမည် ဆိုပါက ပုဒ်မ ၁၅ (၁) အရ အိမ်ငှားအား ပေးထားသည့် အခွင့်အရေးကို နုတ်သိမ်းရာရောက်မည် ဖြစ်၍ အိမ်လခပေးရန် တာဝန်ကို ဖောက်ဖျက်သည်ကို အကြောင်းပြုပြီး အိမ်ငှားအပေါ် ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီချမှတ်ခွင့် မရှိဟု ဆိုရပေမည်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၀ တွင် အိမ်ငှားသည် အိမ်ရှင်၏ ပိုင်ဆိုင်မှုကို ငြင်းဆိုခြင်း မပြုရဟူ၍ တာဝန်တစ်ရပ်အနေဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပေ။ ဤအမှုတွင် အိမ်ရှင် ဒေါ်လှလှရီ၏ အချုပ်ဖြစ်နေအိမ်၏ ပိုင်ဆိုင်ခွင့်အပေါ် အိမ်ငှား ဒေါ်ခင်စောက ငြင်းဆိုခြင်း မပြုရဟူ၍ ပဋိညာဉ်တစ်ရပ် ပြုလုပ်ထားကြောင်း အိမ်ရှင်ဒေါ်လှလှရီဘက်က အဆိုပြုထားခြင်းလည်း မရှိချေ။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၁၁ (ဆ) အရ အိမ်ငှားက အိမ်ရှင်အပေါ်တွင် ဥပစာပိုင်ရှင် မဟုတ်ကြောင်း ငြင်းဆိုလျှင် ထိုအပြုအမူသည် အငှားချထားမှုကိုသာ ရပ်စဲစေနိုင်မည် ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်ခင်စောက ဒေါ်လှလှရီအပေါ် အချုပ်ဖြစ် ဥပစာနှင့် စပ်လျဉ်း၍ တရားတထုံးစွဲဆိုရုံမျှဖြင့် အိမ်ငှားတာဝန်ကို ဖောက်ဖျက်သည်ဟူ၍ ကောက်ယူရန် မသင့်ပေ။

သို့ဖြစ်၍ ဤအမှုတွင် အယူခံ တရားလို ဒေါ်ခင်စောသည် အိမ်ငှားတာဝန်ကို ဖောက်ဖျက်သည်ဟူ၍ တရားရုံး အဆင့်ဆင့်က ကောက်ယူသုံးသပ်ပြီး ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ဒီကရီ ချမှတ်ထားခြင်းသည် ဥပဒေနှင့် မညီပေ။

ထို့ကြောင့် ဤအယူခံမှုကို တစိတ်တဒေသ ခွင့်ပြု၍ အယူခံတရားလို ဒေါ်ခင်စောအပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) (ပထမပိုင်း) အရ ချမှတ်ထားသည့် ဒီကရီကို အတည်ပြုပြီး ပုဒ်မ ၁၂ (၁) (က) (ဒုတိယပိုင်း) အရ ချမှတ်ထားသည့် ဒီကရီကို ပယ်ဖျက်လိုက်သည်။

စရိတ်သတ်မှတ်ခြင်း မပြု။

# တရားမပထမ အယူခံမှု

## ဥက္ကဋ္ဌ အဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးဝင်းမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၀၆ ဖေဖော်ဝါရီလ ၂၅–ရက်

ဒေါ်စန်း

နှင့်

ဦးကံညွန့်*

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အပိုဒ် ၁၄၃– ယင်းပြဋ္ဌာန်းချက်ပါ "ပြန်ယူပိုင်ခွင့်" ဟူသော စကားရပ်က တရားလိုသည် တချိန်က အချင်းဖြစ်ပစ္စည်းကို ပိုင်ဆိုင်သူ သို့တည်းမဟုတ် လက်ရှိထားခွင့်ရှိသူဖြစ်ပြီးအကြောင်းတစ်ရပ်ရပ် ကြောင့် ယင်းပစ္စည်းမှာ တရားပြိုင်လက်ဝယ်သို့ ရောက်ရှိ သွားသည်ဆိုသော အချက်ကို ညွှန်ပြလျက်ရှိခြင်း၊ လင်ကမယား အပေါ် ပဋိညာဉ်ထားရှိသည့်အတိုင်း နေအိမ်မှ ထွက်ခွာ သွားစေလိုမှုစွဲဆိုခြင်း-ယင်းအမှုသည် ပထမဇယားအမှတ်စဉ် ၁၄၃ နှင့် သက်ဆိုင်ရန်အကြောင်း မရှိခြင်း။

**ဆုံးဖြတ်ချက်။** ။မရွှေ့မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလို ကြောင်း စွဲဆိုသူတရားလိုသည် တချိန်က အချင်းဖြစ်ပစ္စည်းကို ပိုင်ဆိုင် သူ သို့တည်းမဟုတ် တနည်းဖြင့် လက်ရှိထားခွင့်ရှိသူဖြစ်ကြောင်း ပေါ် ပေါက်သည်။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယားအပိုဒ် ၁၄၃ ပါ "တရားလိုက မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ပြန်ယူပိုင်ခွင့် ရှိသည့်အခါ" ဟူသော စကားရပ်အနက် "ပြန်ယူပိုင်ခွင့်" ဟူသော စကားရပ်က တရားလိုသည် တချိန်က အချင်းဖြစ် ပစ္စည်းကို ပိုင်ဆိုင်သူ သို့တည်းမဟုတ် လက်ရှိထားခွင့်ရှိသူဖြစ်ပြီးအကြောင်းတစ်ရပ်ရပ်ကြောင့် ယင်းပစ္စည်းမှာ တရားပြိုင်လက်ဝယ်သို့ ရောက်ရှိနေသည်ဆိုသောအချက် ကို ညွှန်ပြလျက်ရှိသည်။

---

* ၁၉၈၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၇၄

† ၁၉၈၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၆၃ တွင် ချမှတ်သော (၂၄–၈–၈၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီ ကို အယူခံမှု။

ဒေါ်စိန်း နှင့် ဦးကံညွန့်

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဒေါ်စိန်းနှင့် ဦးကံညွန့် တို့ လင်မယားအဖြစ်မှ ကွာရှင်းကြသည့်အခါ လင်မယားပိုင်ပစ္စည်းအနက်မှ အချင်းဖြစ်အိမ်ကို ဒေါ်စိန်းက မိမိဝေစုအဖြစ် ရရှိခဲ့သည်မှာ အငြင်းမထွက်ချေ။ သို့ဖြစ်ရာ အချင်းဖြစ်အိမ်မှာ ဦးကံညွန့်ပိုင် မဟုတ်တော့သဖြင့် ဦးကံညွန့်စွဲဆိုသောအမှုသည် အထက်ဖော်ပြပါ အမှတ်စဉ် ၁၄၃ နှင့် သက်ဆိုင်ရန် အကြောင်းမရှိချေ။

| | | |
|---|---|---|
| အယူခံ တရားလိုအတွက် | — | ဦးလှကို၊ ဗတိုတရားရုံးရှေ့နေ |
| အယူခံ တရားပြိုင်အတွက် | — | ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေး အကြံပေး | — | ဦးမန်းသိန်းလွင် |

မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၆၃/၀၂ (အရှေ့မြောက်) တွင် အယူခံတရားပြိုင် ဦးကံညွန့်က အယူခံတရားလို ဒေါ်စိန်းအပေါ် ကတိပဋိညာဉ် ထားရှိသည့်အတိုင်း နေအိမ်မှ ထွက်ခွာသွားစေလိုမှု စွဲဆိုခဲ့ရာ အနိုင်ဒီကရီ ချမှတ်ခဲ့သည်။မူလရုံး တရားပြိုင်ဒေါ်စိန်းက မကျေနပ်သဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်း ဖြစ်သည်။

အယူခံ တရားလို ဒေါ်စိန်းနှင့် အယူခံ တရားပြိုင် ဦးကံညွန့်တို့သည် ၁၉၇၂ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ နောက်ပိုင်းတွင် သဘောမတိုက်ဆိုင်ကြသဖြင့် ၁၉၇၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် မန္တလေးမြို့၊ ပြည်ကြီးမျက်ရှင်ရပ်၊ ဥယျာဉ်တန်းရပ်ကွက် ပြည်သူ့ကောင်စီရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်း၍ လင်မယားပိုင် ပစ္စည်းများကို ကတိစာချုပ်ပြုလုပ်၍ ခွဲဝေယူကြသည်။ ထိုအခါ ဒေါ်စိန်းက ဦးကံညွန့်အား ငွေ ၁၇၀၆၀/–ပေးရန်ရှိရာ ကျပ် ၆၀၀၀/–တန် ရွှေကို ချက်ခြင်းပေး၍ ကျန်ငွေကို တလလျှင် ကျပ် ၁၀၀၀/–နှုန်းဖြင့် ၃၁–၁–၇၇ နေ့မှ ပေးသွားရန်၊ ပျက်ကွက်ပါက ပေးပြီး ငွေ ၆၀၀၀/–ကို အရှုံးခံရန်နှင့် ဒေါ်စိန်း လက်ရှိထားသော နေအိမ်မှ အပြီးအပိုင် ထွက်ခွာပေးရန် ကတိစာချုပ်ကို ဒေါ်စိန်းက ချုပ်ဆိုပေးသည်။ဦးကံညွန့်က ဒေါ်စိန်းသည် ကတိထားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မပြုဟု အကြောင်းပြ၍ ကတိပဋိညာဉ်အတိုင်း အချင်းဖြစ်အိမ်မှ ဒေါ်စိန်းအပေါ် ထွက်ခွာစေသည့် ဒီကရီရလိုကြောင်းဖြင့် တရားစွဲဆိုသည်။

ဒေါ်စိန်းက နှစ်ဦးသဘော တူညီခဲ့သည့်အတိုင်း ပေးရန်ရှိသည်များကို အပြေပေးပြီးပြီ ဖြစ်ကြောင်း၊ ရပ်ကွက်ပြည်သူ့ကောင်စီရုံးတွင် ကွာရှင်းပြီးနောက် မိမိတို့နှစ်ဦးသည် ပြန်လည် ပေါင်းသင်း ခဲ့ကြောင်း

နောက်ပိုင်းတွင် မိမိသည် ဦးကံညွန့်အပေါ် မန္တလေး အရှေ့မြောက် မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၂၄/၇၀ တွင် ကွာရှင်းပေးစေ လိုမှုစွဲဆိုရာဒီကရီရရှိခဲ့ကြောင်း၊ လင်မယားပြန်လည် ပေါင်းသင်းခဲ့သည့် အတွက် ယခင် ပဋိညာဉ်ကို အလိုအလျောက် ဖျက်သိမ်းလိုက်ရာရောက် ကြောင်း၊ စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေ သည် ဖြစ်ကြောင်း စသည်ဖြင့် ထုချေသည်။

အဆိုအပိုဒ် (၃) တွင် အောက်ပါအတိုင်း ဖော်ပြထား သည်–

"အပိုဒ် (၂) တွင် ဖော်ပြခဲ့သည့်အတိုင်း နှစ်ဦးသဘောတူ ခွဲဝေယူကြရာတွင် တရားပြိုင်မှ တရားလိုသို့ ငွေသား၁၇၁၆၀/ (ကျပ်တစ်သောင်းခုနစ်ထောင်ခြောက်ဆယ်ကျပ်) တိတိပေးရန် ရှိရာ ထိုငွေကျပ် ၁၇၀၆၀/အတွက် တရားပြိုင်မှ တရားလိုသို့ တန်ဖိုး ၆၀၀၀/- (ခြောက်ထောင်ကျပ်) တိတိကို ရွှေပေး၍ ကျပ်ငွေ ၁၁၀၆၀/ အတွက် တလလျှင် ကျပ် ၁၀၀၀/နှုန်းဖြင့် (၃၀-၆-၇၇) မှစ၍ (၃၀-၀-၇၈) နေ့တွင် အပြေအလည်ပေး ပါမည်။ ထို ကတိအတိုင်း ပျက်ကွက်ပါက ပေးပြီးငွေ ၆၀၀၀/ (ခြောက်ထောင်ကျပ်) တန် ရွှေကို အဆုံးခံမည့်အပြင် ၎င်းရရှိ ထားသော လက်ရှိနေထိုင်ရာ နေအိမ်မှ အပြီးအပိုင် ထွက်ခွာ ပေးပါမည်ဟု ရပ်ကွက် ကောင်စီရုံးမှာပင် (၂၆-၇-၇၇) နေ့တွင် ကတိစာချုပ် ချုပ်ဆို၍ ပဋိညာဉ်ပြု လက်မှတ်ရေးထိုး ခဲ့ပါသည်။ ထို ကတိပဋိညာဉ် မိတ္တူကို သက်သေခံ (ခ) အဖြစ် ရုံးတော်သို့ တင်သွင်းပါသည်၊ (မူရင်းကို လိုအပ်ပါက တင်ပြ ပါမည်)"

ဦးကံညွန့်က ပထမအရစ်ငွေ ၁၀၀၀/–မှစ၍ မရကြောင်းထွက်ဆို သည်။ ပထမအရစ်ကျငွေ ၁၀၀၀/– ၃၁–၀–၇၇ နေ့တွင် ပေးရန် ဖြစ်သည်။ အဆိုလွှာ၌ ဖော်ပြထားသောရက်မှာ မှားယွင်းနေသည်။ သက်သေခံ (ခ) ၌ ၃၁–၀–၇၇ ဟု ဖော်ပြထားသည်။ ကတိစာချုပ် ကို ၂၆–၇–၇၇ နေ့တွင် ချုပ်ဆိုခဲ့သည်ဖြစ်ရာ ပထမ အရစ်ကျငွေကို ၃၀–၆–၇၇ နေ့၌ ပေးရန် သတ်မှတ်သည် ဆိုခြင်းမှာ မဖြစ်နိုင်ချေ။ အယူခံ တရားလို၏ ရှေ့နေက ၃၁–၀–၇၇ နေ့မှ ကာလစည်းကမ်း သတ် အက်ဥပဒေ ပထမ ဇယားအမှတ်စဉ် ၁၁၃ တွင် သတ်မှတ်ထား သည့် ၃ နှစ် ကာလအတွင်း တရားစွဲဆိုခဲ့ခြင်း မရှိ၍ အယူခံတရားပြိုင် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းတင်ပြ လျှောက်ထားသည်။

ဒေါ်စန်းနှင့် ဦးကံညွန့်

အယူခံ တရားပြိုင်၏ ရှေ့နေက အယူခံ တရားပြိုင်သည် ပဋိညာဉ်ပြုသည့်အတိုင်း ငွေပေးဆပ်ခြင်း မပြုပဲ စည်းကမ်းဖောက်ဖျက်သဖြင့် ဒေါ်စန်း ကတိပြုခဲ့သည့်အတိုင်း အချင်းဖြစ်အိမ်ကို ဦးကံညွန့်က လက်ရောက်ရလိုကြောင်း စွဲဆိုခြင်း ဖြစ်သဖြင့် စည်းကမ်းသတ် ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၃ တွင် ခွင့်ပြုထားသည့် ၁၂ နှစ်အတွင်းတရားစွဲဆိုခွင့် ရှိသဖြင့် ဦးကံညွန့် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိကြောင်း တင်ပြလျှောက်ထားသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၂ မှ ၁၄၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

| တရားမကြီးမှုမျိုးမည် | ကန့်သတ်သည့် ကာလ | အစပြုရေတွက်ရမည့် ကာလ |
|---|---|---|
| ၁၄၂။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းသည် တရားလိုလက်တွင် ရှိနေသည့် အတွင်း လက်လွတ် ဖြစ်သွားသည့်အခါသို့တည်း မဟုတ် လက်ရှိ ဖြစ်ခြင်းကို ဆက် လက်၍ မပြုသည့် အခါ ထိုပစ္စည်း ကို လက်ရောက်ရလိုမှု။ | တဆယ့် နှစ်နှစ် | လက်လွတ် ဖြစ်သည့် နေ့ရက်က စ၍ သို့တည်း မဟုတ် လက်ရှိ ဖြစ်ခြင်းကို ဆက်လက် မပြုသည့် နေ့ရက်ကစ၍ |
| ၁၄၃။ တရားပြိုင် အခွင့်အရေး ဆုံးရှုံးခြင်း ကြောင့် ဖြစ်စေ၊ စည်းကမ်းဖောက်ဖျက်ခြင်း ကြောင့် ဖြစ်စေ၊ တရားလိုက မရွှေ့မပြောင်း နိုင်သည့်ပစ္စည်းကို | တဆယ့် နှစ်နှစ် | အခွင့်အရေး ဆုံးရှုံးသည့် အခါက စ၍ သို့တည်း မဟုတ် စည်းကမ်း ဖောက်ဖျက်သည့် အခါကစ၍ |

| | | | |
|---|---|---|---|
| ဒေါ်စန်း နှင့် ဦးကံညွန့် | ပြန်ယူပိုင်ခွင့် ရှိသည့်အခါအလားတူ စွဲဆိုသည့်လက်ရောက်ရလိုမှု။ | | |
| ၁၄၄။ | ဤဇယားတွင် အခြားနည်း အထူးပြဋ္ဌာန်းလျက် မပါသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ဖြစ်စေ၊ ထိုပစ္စည်းရှိအကျိုးခံစားခွင့်ကိုဖြစ်စေ ရလိုမှု။ | တဆယ့် နှစ်နှစ် | တရားပြိုင်၏ လက်ရှိ ဖြစ်ခြင်းသည် တရား လိုနှင့် ဆန့်ကျင်လာသည့် အခါက စ၍ |

ဤပြဋ္ဌာန်းချက် (၃) ရပ်ကို ပေါင်းစပ်၍လေ့လာကြည့်လျှင် မရွှေ့မပြောင်းနိုင်သော ပစ္စည်း လက်ရောက်ရလိုကြောင်း စွဲဆိုသူ တရားလိုသည် တချိန်က အချင်းဖြစ် ပစ္စည်းကို ပိုင်ဆိုင်သူ သို့မဟုတ် တနည်းနည်းဖြင့် လက်ရှိထားခွင့်ရှိသူ ဖြစ်ကြောင်း ပေါ်ပေါက်သည်။ အပိုဒ် ၁၄၃ ပါ "တရားလိုက မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ပြန်ယူပိုင်ခွင့် ရှိသည့်အခါ" ဟူသော စကားရပ်အနက် "ပြန်ယူပိုင်ခွင့်" ဟူသော စကားရပ်က တရားလိုသည် တချိန်က အချင်းဖြစ်ပစ္စည်းကို ပိုင်ဆိုင်သူ သို့တည်းမဟုတ် လက်ရှိထားခွင့် ရှိသူဖြစ်ပြီး အကြောင်း တရပ်ရပ်ကြောင့် ယင်းပစ္စည်းမှာ တရားပြိုင် လက်ဝယ်သို့ ရောက်ရှိနေသည်ဆိုသော အချက်ကို ညွှန်ပြလျက် ရှိသည်။ ဥပမာ—တရားလိုက ဥပစာ တခုခုကို တရားပြိုင်အား ငှားရမ်းထားရာတွင် တရားပြိုင်သည် ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ပါက တရားလိုသည် ငှားရမ်းထားသည့် ပစ္စည်းကို ပြန်ယူပိုင်ခွင့် ရှိကြောင်း၊ အငှားစာချုပ်တွင် စည်းကမ်းသတ်မှတ်ထားသဖြင့် တရားလိုက မိမိအငှားချထားသည့် ဥပစာကို လက်ရောက်ရလိုကြောင်း စွဲဆိုလျှင် ယင်းအမှုမျိုးသည် အမှတ်စဉ် ၁၄၃ နှင့် သက်ဆိုင်မည် ဖြစ်သည်။

ဤအမှုတွင် ဒေါ်စန်းနှင့် ဦးကံညွန့်တို့ လင်မယားအဖြစ်မှ ကွာရှင်းကြသည့်အခါ လင်မယားပိုင် ပစ္စည်းအနက်မှ အချင်းဖြစ် အိမ်ကို ဒေါ်စန်းက မိမိဝေစုအဖြစ် ရရှိခဲ့သည်မှာ အငြင်းမထွက်ချေ။ သို့ဖြစ်ရာ အချင်းဖြစ် အိမ်မှာ ဦးကံညွန့်ပိုင် မဟုတ်တော့သဖြင့် ဦးကံညွန့်စွဲဆို

ဇသာ အမှုသည် အထက်ဖော်ပြပါ အမှတ်စဉ် ၁၄၃ နှင့် သက်ဆိုင်ရန် အကြောင်းမရှိချေ။ ဒေါ်စန်းသည် သက်သေခံ (ခ) စာချုပ်၌ ကတိပဋိညာဉ် ပြုထားသည့်အတိုင်း အချင်းဖြစ် အိမ်ကို ဦးကံညွန့်အား ပေးအပ်ရန်ပျက်ကွက်သည်ဖြစ်၍ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် ဦးကံညွန့်က စွဲဆိုခြင်း ဖြစ်သည့် အလျောက် သူ စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၁၃ တွင် အကျုံးဝင်သဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ကောက်ယူရပေမည်။

ဒေါ်စန်းက "ထိုသို့ ခွဲရာတွင် အချင်းဖြစ် အိမ်နှင့်မြေကို ကျွန်မရရှိခဲ့ပါသည်။ အချင်းဖြစ် အိမ်နှင့်မြေ တန်ဖိုးမှာ တသောင်းကျော် များနေသဖြင့် တလလျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဦးကံညွန့်အားပေးရန် ကတိပြုခဲ့ပါသည်။" ဟု ထွက်ဆိုသည်။ ယင်းငွေများကို ပေးဆပ်ရန် သတ်မှတ်သည့် အရစ်ကျငွေများမှာ များလွန်းသည်ဟု မဆိုနိုင်သော်လည်း ပျက်ကွက်ပါက ချက်ချင်းပေးထားသည့် ငွေ ၆၀၀၀ိ/-ကို အဆုံးခံရမည့်အပြင် အိမ်မှ ဆင်းပေးစေရန် စည်းကမ်းချက် သတ်မှတ်ခြင်းမှာမူ ဦးကံညွန့်က ဒေါ်စန်းအပေါ် မမျှမတ အခွင့်အရေးယူသည့်သဘော သက်ရောက်သည်ဟု ဆိုနိုင်သဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၂၂ အရ ယင်း ပဋိညာဉ်မျိုးကို သီးခြားဆောင်ရွက်ပေးရန် သင့်မည် မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးကံညွန့် စွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

၁၉၈၆
ဇန်နဝါရီလ
၁၆ ရက်

## တရားမအထွေထွေအယူခံမှု

### ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ကျော် နှင့် ဦးဘုမော်တို့ ပါဝင်သော ဗဟိုတရား စီရင်ရေးအဖွဲ့ရှေ့တွင်

ဦးတင်မောင်ပါ (၃)

နှင့်

ဒေါ်သိန်းတင် *

**တရားမကျင့်ထုံး ဥပဒေ — မီးသေခြင်းဆိုင်ရာ ဥပဒေသသည် ဇာရီမှုများနှင့်လည်း သက်ဆိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ တွင် တရားမ ဇာရီမှုများကို ရည်ညွှန်းထားခြင်း မရှိသော်လည်း မီးသေခြင်းဆိုင်ရာ ဥပဒေသသည် ဇာရီမှုများနှင့်လည်း သက်ဆိုင်သည်။

| | | |
|---|---|---|
| အယူခံ တရားလိုများ အတွက် | — | ဦးကျော်ကျော်ဝင်း၊ ဗဟို တရားရုံးရှေ့နေ |
| အယူခံ တရားပြိုင် အတွက် | — | ဦးမိုတန်၊ ဗဟို တ ရား ရုံး ရှေ့နေ |
| တရားခံရေး အကြံပေး | — | ဦးဘသန်းအောင် |

မန္တလေးမြို့၊ ယခင်ရာဘက်ခရိုင် တရားမရုံး၊ တရားမကြီးမှုအမှတ် ၉/၅၀ တွင် ဦးကရင်နှင့် ဒေါ်တင်တင်တို့က · အယူခံ တရားပြိုင် ဒေါ်သိန်းတင်နှင့် ကွယ်လွန်သူ ဦးတင်မောင်တို့အပေါ် မန္တလေးမြို့၊ ရတနာဘုမ္မိ အနောက်ပိုင်းအကွက် အမှတ် ၅၅၁၊ ဦးပိုင်အမှတ် ၉ စာရင်းပေါက်သော ဘိုးဘပိုင်မြေမှ ဖယ်ရှားပေးစေရန် ၃-၅-၆၉ နေ့တွင် ဒီကရီ ရရှိခဲ့သည်။ ဦးကရင်၊ ဒေါ်တင်တင်နှင့် ဒေါ်သိန်းတင် ဆိုသူတို့က ယင်းမြေကို ၃၁-၁-၇၅ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ မန္တလေးမြို့၊ ဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးအသင်းသို့ လွှဲပြောင်းပေးခဲ့ရာ အဆိုပါ အသင်းဥက္ကဋ္ဌ ဦးတင်မောင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးစိန်နှင့်

---

* ၁၉၈၄ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၄၇
† ၁၉၈၃ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၁၀၇ တွင် ချမှတ်သော(၂၅-၇-၈၄) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

ဦးတင်မောင် ပါ (၃) နှင့် ဒေါ်သိန်းတင်

တွဲဖက်အတွင်းရေးမှူး ဦးတင်တို့က အသင်းကိုယ်စား လက်ခံရယူခဲ့ကြသည်။ ထို့နောက် ဦးတင်မောင်တို့ (၃) ဦးက ဦးကရင်တို့ ရရှိထားသော ဒီကရီကို တရားရှုံး ဒေါ်သိန်းတင်တို့အပေါ် အတည်ပြုပေးရန် မန္တလေးအနောက်တောင် မြို့နယ်တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၁၁/၇၅ တွင် လျှောက်ထားရာ အကြောင်းကြောင်းကြောင့် အချင်းဖြစ်မြေကို ဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးအသင်းသို့ ပေးအပ်နိုင်ခြင်း မရှိခဲ့ချေ။ ၁၁-၁-၈၀ နေ့တွင် ဦးစိန်ကွယ်လွန်သွားရာ ဦးစိန်၏ ဇနီး ဒေါ်တင်ညွန့်နှင့် သားသမီးများက တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် မြို့နယ် တရားရုံးတွင် လျှောက်ထားသည်။ သို့သော် မြို့နယ်တရားရုံးက အရေးယူ ဆောင်ရွက်ခဲ့ခြင်း မရှိချေ။

တရားရှုံး ဒေါ်သိန်းတင်နှင့် ဦးတင်မောင်တို့က ၆-၇-၈၃ ရက်စွဲပါ ကန့်ကွက်လွှာဖြင့် အချင်းဖြစ် ဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးအသင်းကို မှတ်ပုံတင်ထားခြင်း မရှိ၍ ဦးတင်မောင်၊ ဦးစိန်နှင့် ဦးတင်တို့သည် ယင်းအသင်း၏ အမှုဆောင် အဖွဲ့ဝင်များအဖြစ်ဖြင့် ရပ်တည်ခွင့် မရှိကြောင်း စသည်ဖြင့် အကြောင်းပြ၍ သူတို့သည် ဇာရီမှုကို ဥပဒေအရ ဆက်လက်၍ ဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း၊ သူတို့သည် ဥပဒေအရ ပျက်ပြယ်ပြီး ဖြစ်သောဂရိတ်ဗုဒ္ဓဘာသာခြင်းလုံးအသင်းကို ကိုယ်စားပြုခွင့် ရှိမရှိ စုံစမ်းမှုပြု၍ လိုအပ်သော အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားသည်၊ မြို့နယ်တရားရုံးက တရားရှုံးများ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိဟု အကြောင်းပြ၍ မြေအပ်ဝရမ်း ထုတ်ဆင့်စေရန် အမိန့်ချမှတ်သည်။

ဒေါ်သိန်းတင်နှင့် ဦးတင်မောင်တို့က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံး၊ တရားမအယူခံ အမှုအမှတ် ၁၀၇/၈၃ (အနောက်တောင်) တွင် ဦးတင်မောင်၊ ဦးတင်နှင့် ကွယ်လွန်သူ ဦးစိန်၏ ဇနီး ဒေါ်တင်ညွန့်တို့ အပေါ် အယူခံဝင်ရာ အမှုအတောအတွင်း ဦးတင်မောင် ကွယ်လွန်သွားသည်၊ တိုင်းတရားရုံးက အချင်းဖြစ် အသင်းကို မှတ်ပုံတင် တင်ထားခြင်း မရှိ၍ အဆိုပါ အသင်း၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဇာရီမှုကို ဆက်လက် ဖွင့်လှစ် စွဲဆိုနေခြင်းမှာ အကြောင်းခြင်းရာအရ ဆက်လက်ရပ်တည်နိုင်ခြင်း မရှိတော့ကြောင်း စသည်ဖြင့် ကောက်ယူ၍ မြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက် လိုက်သောကြောင့် ဦးတင်မောင်၊ ဦးတင်နှင့် ကွယ်လွန်သူ ဦးစိန်၏ သမီး ဒေါ်ကြည်ကြည်တို့က မဟာ တရားရုံးတွင် ဤအယူခံကို တင်သွင်းလာသည်။

ဦးတင်မောင်
ပါ (၃)
နှင့်
ဒေါ်သိန်းတင်

တရားရှုံး ဒေါ်သိန်းတင်တို့က ၂၁-၁-၇၆ ရက်စွဲပါကန့်ကွက်လွှာအရ ဦးတင်မောင်တို့ (၃) ဦးသည် ဦးကရင်တို့ ရထားသော ဒီကရီကို အတည်ပြုခွင့် မရှိကြောင်း အောက်ပါ အကြောင်းများကို ဖော်ပြ၍ ကန့်ကွက်ခဲ့သည်-

၁။ "မူလတရားနိုင် မဟုတ်သူ ဒေါ်သိန်းတင်ကပါ အပေးစာချုပ်ပြုလုပ်ခဲ့ရာ ဒီကရီပါ အခွင့်အရေးများကို ပေးခြင်း မဟုတ်၍ ပေးခြင်းလက်ခံသူတို့က ဇာရီလုပ်ခွင့် မရှိပါ။

၂။ အချင်းဖြစ်မြေကို မူလဂရိတ်ဗုဒ္ဓဘာသာ ခြင်းလုံးအသင်းပိုင်ငွေနှင့် ဝယ်ယူခဲ့ကြောင်း ဖော်ပြခြင်း မရှိပဲ ယခုမှပေးခြင်း၊ လက်ခံသူများနှင့် ပူးပေါင်း၍ ဟန်ဆောင် အပေးစာချုပ်ပြုလုပ်ခြင်း ဖြစ်သောကြောင့် ဇာရီလုပ်ပိုင်ခွင့် မရှိပါ။"

မြို့နယ်တရားရုံးက ယင်းကန့်ကွက်ချက်များကို လက်မခံပဲ မြေအပ်ဝရမ်းထုတ်ပေးရန် ၂၀-၂-၇၆ နေ့တွင်အမိန့်ချမှတ်သည်၊ ဒေါ်သိန်းတင်တို့က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်း၊ တရားမအယူခံမှုအမှတ် ၃/၇၆ (အရှေ့တောင်)တွင် အယူခံဝင်ရာ တိုင်းတရားရုံးက မူလဇာရီရုံး၏ အမိန့်ကို အတည်ပြုခဲ့သည်။ ဒေါ်သိန်းတင်တို့က ဗဟိုတရားရုံး၊ တရားမ ဒုတိယအယူခံမှု အမှတ် ၉၃/၇၆ တွင် ဆက်လက်အယူခံသောအခါ ဗဟိုတရားရုံးက ၂၈-၉-၇၈ရက်နေ့တွင် အယူခံကို အကျဉ်းနည်းဖြင့် ပလပ်လိုက်သည်။

မြို့နယ်တရားရုံး၏ ၂၀-၂-၇၆ရက်စွဲပါ အမိန့်သည် ဒေါ်သိန်းတင်တို့၏ ၆-၇-၈၃ရက်စွဲပါ ကန့်ကွက်လွှာ၌ ဖော်ပြထားသည့် ကန့်ကွက်ချက်များကို မီးသေခြင်းဆိုင်ရာ သဘောတရားအရ ပိတ်ပင်ခြင်း ရှိမရှိနှစ်ဖက် ရှေ့နေများအား လျှောက်လဲစေခဲ့သည်။အယူခံတရားလိုတို့၏ရှေ့နေ ဦးကျော်ကျော်ဝင်းက မြို့နယ်တရားရုံး၏အမိန့်သည် မီးသေသော ဆုံးဖြတ်ချက်ဖြစ် ပါသည်ဟု လျှောက်လဲသည်။ အယူခံတရားပြိုင် ဒေါ်သိန်းတင်၏ရှေ့နေ ဦးမိုဟန်က ဒီကရီကို အတည်ပြုခွင့်မရှိကြောင်း တရားရှုံးများအနေဖြင့် တင်ပြခွင့်ရှိကြောင်း၊ မူလကတည်းက တရားမဲ့သည့်ပြဿနာကို တရားရုံးက ဆုံးဖြတ်ပိုင်ခွင့် ရှိကြောင်း၊ ကနဦးကတည်းကပျက်ပြယ်ခြင်း ရှိမရှိ ပြဿနာကို အချိန်မရွေး ဆုံးဖြတ်ခွင့်ရှိကြောင်း၊အခြေအနေပြောင်းလဲလျှင် တရားနိုင်သည် ရပိုင်ခွင့် မရှိတော့ကြောင်း၊ မီးစေသဆုံးဖြတ်ချက်မှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁တွင်

သာ အကျုံးဝင်ကြောင်း ယခုအမှုနှင့် မသက်ဆိုင်ကြောင်း စသည်ဖြင့် လျှောက်ထားသည်။

ဦးတင်မောင် ပါ (၃) နှင့် ဒေါ်သိန်းတင်

တရားရုံး ဒေါ်သိန်းတင်တို့သည် ၂၁-၁-၇၆ ရက်စွဲပါ ကန့်ကွက်လွှာ တင်သွင်း၍ ဦးတင်မောင်တို့သည် ဒီကရီကို အတည်ပြုခွင့် မရှိကြောင်း ကန့်ကွက်တင်ပြခဲ့သည်။ အချင်းဖြစ် ဝရိတ်မှုဒ္ဓဘာသာ ခြင်းလုံး အသင်းကို မှတ်ပုံတင်ထားခြင်း မရှိ၍ အသင်းမှာ ဆက်လက်ရပ်တည်နိုင်တော့ခြင်း မရှိသဖြင့် ဦးတင်မောင်တို့သည် ယင်းအသင်းကို ကိုယ်စားပြုပြီး ဒီကရီကို အတည်ပြုခွင့် မရှိကြောင်း၊ ၂၀-၁-၇၆ ရက်စွဲပါ ကန့်ကွက်လွှာ၌ ဖော်ပြ ကန့်ကွက်နိုင်ပေသည်။ ဖော်ပြ ကန့်ကွက်သင့်သော ကိစ္စရပ်လည်း ဖြစ်ပေသည်။ သို့ဖြစ်ရာ ဦးတင်မောင်တို့အနေဖြင့် အသင်းကို ကိုယ်စားပြု၍ ဒီကရီကို အတည်ပြုခွင့် ရှိမရှိဆိုသော ပြဿနာကို ၂၁-၁-၇၆ ရက်စွဲပါ ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံး အမိန့်ချမှတ်စဉ် အခါက တပါတည်း အဆုံးအဖြတ်ပြုပြီးရာ ရောက်သည်ဟု တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် (၄) အရ မှတ်ယူရပေမည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ကို ပြဋ္ဌာန်းထားခြင်း၏ အဓိက အကြောင်းတစ်ရပ်မှာ အမှုပွားများခြင်းကို ပိတ်ပင်ရန် ဖြစ်ပေသည်။ ဇာရီမှု တစ်မှုတွင် တရားရုံးဘက်က တရားနိုင် အနေဖြင့် ဒီကရီကို အတည်ပြုခွင့် မရှိကြောင်း အကြောင်းပြချက်များကို တပေါင်းတည်း တကြိမ်တည်း တင်ပြကန့်ကွက်ရန် ဖြစ်ပေသည်။ အကြိမ်ကြိမ်ခွဲ၍ တင်ပြခွင့်ပြုမည် ဆိုပါက ဇာရီမှုမှာပြီးပြတ်ရန် အကြောင်းမရှိနိုင်တော့ချေ။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ တွင် တရားမ ဇာရီမှုများကို ရည်ညွှန်းထားခြင်း မရှိသော်လည်း စီရင်ပြီးခြင်းဆိုင်ရာ ဥပဒေသသည် ဇာရီမှုများနှင့်လည်း သက်ဆိုင်သည်။ မလှရီနှင့် မသန်းစိန်ပါ (၃)[၁] နှင့် မောင်မောင်ပါ (၂) နှင့် ဗို၊ ဗို၊ အာရ်ချစ်တီးယား ဖမ်း[၂] စီရင်ထုံးများတွင် ဤအတိုင်း ထုံးဖွဲ့ထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဒေါ်သိန်းတင်တို့၏ ၂၁-၁-၇၆ ရက်စွဲပါ ကန့်ကွက်လွှာနှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ချမှတ်သော ၂၀-၂-၇၆ ရက်စွဲပါအမိန့်သည် ဒေါ်သိန်းတင်တို့၏ ၆-၇-၈၃ ရက်စွဲပါ ကန့်ကွက်လွှာ၌ ဖော်ပြ

---

(၁) ၁၉၅၃၊ မတစ ၅၅ (တရားလွှတ်တော်ချုပ်)
(၂) ၁၉၄၉၊ ရန်ကုန်စီရင်ထုံးများ၊ စာ-၁၂။

ဦးတင်မောင် ပါ (၃) နှင့် ဒေါ်သိန်းတင်

ထားသည့် ကန့်ကွက်ချက်များကို မီးဒေသခြင်းဆိုင်ရာ သဘောတရား အရ ပိတ်ပင်သည်ဟု ကောက်ယူသင့်ပေသည်။

တိုင်းတရားရုံးက ဦးကရင်တို့ ရရှိထားသော ဒီကရီကို ဂရိတ်ဗုဒ္ဓ ဘာသာ ခြင်းလုံးအသင်းက လွှဲပြောင်းရယူခြင်း မရှိ၍ မြို့နယ်တရား ရုံးတွင် ဖွင့်လှစ်သော ဇာရီမှုမှာ ရပ်တည်နိုင်ခြင်း မရှိကြောင်း သုံး သပ်ထားသည်၊ ယင်းသို့ ဒီကရီကို လွှဲပြောင်းရယူခဲ့ခြင်း မရှိ၍ ဂရိတ် ဗုဒ္ဓဘာသာ ခြင်းလုံးအသင်းသည် အချင်းဖြစ် ဒီကရီကို အတည်ပြု ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၆ အရ လျှောက် ထားခွင့် မရှိချေ။ သို့ရာတွင် ယင်းအသင်းသည် မူလတရားနိုင် ဦးက ရင်နှင့် ဒေါ်ငဲတင်တင်တို့၏ အကျိုးသက်ဆိုင်ခွင့်များကို ရရှိသည်ဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၆တွင် ခွင့်ပြုထားသည့်အတိုင်း ဒီကရီ ကို အတည်ပြုပေးရန် လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထား ရာတွင် အမိန့် ၂၁၊ နည်း ၁၆ ၏ ခြွင်းချက်အရ မူလတရားနိုင်များထံ အကြောင်းကြားစာ ထုတ်ဆင့်ရန်မလိုချေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော ကိစ္စ (၂) ရပ် ရှိပေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဦးစိန်ကွယ်လွန်သော အခါ သူ၏ဇနီးနှင့် သားသမီးများက သူ၏ နေရာတွင် တရားဝင် ကိုယ်စားလှယ်အဖြစ်ဖြင့် ထည့်သွင်းပေးရန် လျှောက်ထားခဲ့ကြသည်။ အချင်းဖြစ် မြေကို ဦးကရင်တို့က ဦးစိန် အပါအဝင် (၃)ဦးအား လွှဲ ပြောင်းပေးခြင်း မဟုတ်ဘဲ ဂရိတ်ဗုဒ္ဓ ဘာသာ ခြင်းလုံးအသင်းကို လွှဲ ပြောင်းပေးခြင်း ဖြစ်သည်။ ဦးစိန်သည် အသင်းကိုယ်စား အချင်းဖြစ် မြေကို လက်ခံသူ တစ်ဦးသာ ဖြစ်သည်။ သို့ဖြစ်ရာ ဦးစိန် ကွယ်လွန် သောအခါ အသင်းတွင် သူ၏ နေရာ၌ တာဝန်ဆက်ခံသော ပုဂ္ဂိုလ်ကသာ ဇာရီမှုတွင် ပါဝင်ခွင့်ပြုရန် လျှောက်ထားခွင့် ရှိပေလိမ့် မည်။

တရားရှုံး တစ်ဦးဖြစ်သူ ဦးတင်မောင်သည် တိုင်းတရားရုံးတွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာ ဗဟိုတရားရုံး၌ ဒေါ်သိန်းတင် အပေါ်တွင်သာ အယူခံဝင်နိုင်မည် ဖြစ်သည်။ ဒေါ်သိန်းတင်သည် ဗဟိုတရားရုံးတွင် အယူခံမဝင်မီကပင် ကွယ်လွန်ခဲ့ပြီးဖြစ်သော ဦးတင်မောင်အားကိုယ်စား ပြုရန်အကြောင်းမရှိပေ။အကြောင်းမူ ဗဟိုတရားရုံးတွင် တင်သွင်းသော အယူခံ၌ ဦးတင်မောင် ကွယ်လွန်မှုသာလျှင် တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄တွင် ခွင့်ပြုထားသည့်အတိုင်း ဒေါ်သိန်းတင်အား ဦးတင်မောင်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းနိုင်ပေလိမ့် မည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ အမိန့်ကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/–သတ်မှတ်သည်။

၁၉၈၆
ဦးတင်မောင်
ပါ (၃)
နှင့်
ဒေါ်သိန်းတင်

## တရားမ စေ့ဒကမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီး၊
ဦးခင်မောင်ကျော်၊ ဦးတွမ်မှုန်း၊ ဦးထွန်းတင်၊ ဦးဘမော်၊
ဒေါက်တာ မောင်မောင်အေး၊ ဦးဝင်းမောင်နှင့် ဦးအေးစန်
တို့ ပါဝင်သော ပြည်သူ့ တရားသူကြီး အဖွဲ့ တစ်ဖွဲ့လုံးရှေ့တွင်

၁၉၈၆ ဇန်နဝါရီလ ၉ ရက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
(ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့)

နှင့်

ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီးများ
ဒေါ်မြဦးပါ(၃) *

**အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၇၂ နှင့် ၂၉၅–အမွေထိန်းစာလျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေးအပေါ် အခြေခံ၍ လျှောက်ထားမှုမျိုး ဖြစ်ပြီး၊ အခြားအမှုများမှာကဲ့သို့ တစ်ဦးတစ်ယောက်ထံမှ အခွင့်အရေး တောင်းဆိုသည့် အမှုမျိုး မဟုတ်ခြင်း–ယင်း အမှုမျိုးတွင် ကန့်ကွက်သူ သေဆုံးရုံ မျှဖြင့် လျှောက်ထား မှုမှာ ရပ်စဲ သွားရန် အကြောင်း မရှိခြင်း။**

ဆုံးဖြတ်ချက်။ †အမွေထိန်းစာ လျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေးအပေါ် အခြေခံ၍ လျှောက်ထားမှုမျိုး ဖြစ်ပြီး အခြားအမှုများမှာကဲ့သို့တစ်ဦးတစ်ယောက်ထံမှအခွင့်အရေးတောင်းဆိုသည့်အမှုမျိုး မဟုတ်ချေ။ အမွေတွင် အကျိုးသက်ဆိုင်ခွင့် ရှိသည်ဟု အဆိုရှိသူများက ကန့်ကွက်သဖြင့် အမှုဆိုင်ပြိုင်ရသည့် အဆင့်ရောက်သောအခါ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းကန့်ကွက်သူအားတရားပြိုင်အဖြစ်သတ်မှတ်၍ အမှုကို

---

* ၁၉၈၅ ခုနှစ်၊ တရားမ စေ့ဒကမှု အမှတ် ၁

† ၁၉၈၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၁၉ တွင် ချမှတ်သော (၁၇–၁–၈၄) နေ့စွဲပါ ဗဟို တရားစီရင်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် စေ့ဒက လျှောက်ထားမှု။

ဆက်လက်စစ်ဆေးရသော်လည်း ကန့်ကွက်သူ သေဆုံးခြင်းသည်အမွေ ထိန်းစာ လျှောက်ထားသူ၏ အမွေထိန်းစာရခွင့်ကို တစ်စုံတစ်ရာ ထိခိုက်နိုင်ခြင်း မရှိသဖြင့် ကန့်ကွက်သူ သေဆုံးရုံမျှဖြင့် လျှောက်ထားမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိချေ။

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးဘျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

ရာဇဝတ်လျှောက်ထားသူအတွက်—ညွှန်ကြား ရေးမှူး ဦးတင်အုံး၊
ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ရှိ၊
ဥပဒေဝန်ထမ်း အဆင့် (၁) ဦးအောင်စိန်၊
ဥပဒေဝန်ထမ်း အဆင့် (၂) ဦးသန်းကျော်၊

စောဒက လျှောက်ထားခံရသူ — (၁) နှင့် (၂) အတွက်၊ ဦးရဲခေါင်ညွန့်၊

စောဒက လျှောက်ထားခံရသူ — (၃) အတွက် ဒေါ်သင်းမြတ်ကြိုင်၊

တရားရေး အကြံပေး — ဦးမြ (ညွှန်ကြားရေးမှူး)
— ဦးသိန်းဟန်

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ်-၆၉၄ (ကမာရွတ်) တွင် မအေးအေးမြင့် ဆိုသူက ကွယ်လွန်သူ ဒေါ်ညိုရင် ကျန်ရစ်သော အမွေပစ္စည်းများ ထိန်းသိမ်းရန် အတွက် အမွေထိန်းစာ ထုတ်ပေးရန် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၂ အရ လျှောက်ထားရာ တိုင်းတရားရုံးက အမှုကို စစ်ဆေးပြီးနောက် မအေးအေးမြင့်၏ လျှောက်လွှာကို ပလပ်လိုက်သည်။ မအေးအေးမြင့်က တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံး ၁၉၈၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၁၉ တွင် အယူခံဝင်သော်လည်း မအောင်မြင်ချေ။ ဗဟိုတရားစီရင်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်သည် အရေးကြီးသည့် ဥပဒေပြဿနာ ပေါ်ပေါက်စေသည်ဟုဆိုကာ ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့က ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၀ (ခ) နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၇ (စ) အရ၍ စောဒကမှုကို တင်သွင်းလာသည်။

> ၁၉၈၆
> ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

မြန်မာ ဗုဒ္ဓဘာသာ ဦးကျော်နှင့် မြန်မာ ခရစ်ယာန် ဒေါ်ညိုရင်တို့သည် အကြင်လင်မယား ဖြစ်သည်။ သူတို့သည် မူလတရားရုံး တရားလို မအေးအေးမြင့်အား ငယ်စဉ်ကတည်းက မွေးစား ခဲ့သည်ဟု အဆို ရှိသည်။ မအေးအေးမြင့်က ဒေါ်ညိုရင်သည် ၁၃-၅-၇၁ ရက်စွဲဖြင့် သေတမ်းစာ ပြုလုပ်၍ သူပိုင် ရွှေ့ပြောင်း နိုင်သော ပစ္စည်းနှင့် မရွှေ့ မပြောင်းနိုင်သည့် ပစ္စည်းအားလုံးကို မိမိအား အမွေပေး၍ ခင်ပွန်း ဖြစ်သူ ဦးကျော်အား သေတမ်းစာ အတည်ပြုသူ အဖြစ်ဖြင့် လည်း ကောင်း၊ ပစ္စည်းနှင့် စပ်လျဉ်း၍ ယုံကြည်အပ်နှံခြင်း ခံရသူ အဖြစ်ဖြင့် လည်းကောင်း ခန့်ထားခဲ့ကြောင်း၊ သေတမ်းစာမူရင်းမှာ ဦးကျော်ထံ တွင်ရှိ၍ မိမိ၏ လက်ဝယ်တွင် သေတမ်းစာ ဓာတ်ပုံသာရှိကြောင်း၊ ဒေါ်ညိုရင်သည် ၁၃-၁၀-၇၆ နေ့တွင် ကွယ်လွန်သွား ကြောင်း၊ ဦးကျော်သည် သေတမ်းစာ အတည်ပြုလက်မှတ် လျှောက်ထားရန် တာဝန်ရှိသော်လည်း ဒေါ်ညိုရင် ကွယ်လွန်ပြီးနောက် ၆ လ ကုန်လွန် သည်အထိ သေတမ်းစာ အတည်ပြုလက်မှတ် လျှောက်ထားခြင်း မပြု ကြောင်း၊ မိမိ၏ အကျိုးဆောင်မှတဆင့် အဆိုပါ သေတမ်းစာအတည် ပြုလက်မှတ် လျှောက်ထားရန် တောင်းဆိုသော်လည်း ဦးကျော်က ငြင်းဆိုခဲ့ကြောင်း သို့ဖြစ်၍ သေတမ်းစာ မိတ္တူပူးတွဲလျက် အမွေထိန်း စာကို မိမိအား ထုတ်ပေးစေလိုကြောင်းဖြင့် အမွေဆက်ခံရေး အက် ဥပဒေပုဒ်မ ၂၃၂ အရ ရန်ကုန်တိုင်း တရားရုံးတွင် လျှောက်ထား သည်။

သေတမ်းစာ အတည်ပြုသူဟု အဆိုရှိသော ဦးကျော်က မအေး အေးမြင့်၏ လျှောက်ထားချက်ကို ကန့်ကွက်ရာ၌ ကွယ်လွန်သူ ဒေါ်ညို ရင်က သေတမ်းစာ ရေးသား၍ မအေးအေးမြင့်အား အမွေပေးခဲ့သည် ဆိုခြင်းကို လည်းကောင်း၊ သူ၏ လက်ဝယ်၌ သေတမ်းစာမူရင်းရှိသည် ဟု ဆိုခြင်းကို လည်းကောင်း ငြင်းကွယ်သည်။ ထို့ပြင် သေတမ်းစာ ဓာတ်ပုံကို ကိုးကားခြင်း မပြုနိုင်ကြောင်းလည်း ထုချေသည်။

ဦးကျော်က မအေးအေးမြင့်၏ လျှောက်ထားချက်ကို ကန့်ကွက်လာ သည့်အလျောက် တိုင်းတရားရုံးသည် အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၉၅ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း မအေးအေးမြင့်လျှောက် ထားသော အမှုကို တရားမကြီးမှု အဖြစ်ဖြင့် ပြောင်းလဲဖွင့်လှစ်၍လိုအပ် သည့် ငြင်းချက်များကို ထုတ်နုတ်သည်။ အမှုကို စစ်ဆေးရန် စီစဉ်ဆဲ တွင် ဦးကျော်သည် ၁၀-၈-၈၀ နေ့တွင် ကွယ်လွန်သွားရာ သူ၏ပထမ အိမ်ထောင်မှ သားသမီးများ ဖြစ်ကြသော ဒေါ်မြဦး၊ ဒေါ်မြမေနှင့် ဦးရွှေကျော်တို့က အမှုတွင် ဦးကျော်၏ တရားဝင် ကိုယ်စားလှယ်များ

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

အဖြစ်ဖြင့် ဆက်လက် ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို တိုင်းတရားရုံးက ခွင့်မပြုချေ။ တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန် ဒေါ်မြဦးတို့က ဗဟိုတရားရုံး၊ ၁၉၈၁ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၅၄ တွင် လျှောက်ထားသော်လည်းမအောင်မြင်ချေ။

ရန်ကုန်တိုင်း တရားရုံးသည် မအေးအေးမြင့်နှင့် သက်သေများကို စစ်ဆေးပြီးနောက် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း သူ၏လျှောက်လွှာကို ပလပ်လိုက်လေသည်။

ဤစာဒကမှုတွင် ပြည်သူ့ ဥပဒေအကျိုးဆောင် အဖွဲ့က အောက်ပါ ဥပဒေ ပြဿနာ သုံးရပ်ကို အဆုံးအဖြတ် ပေးရန် တင်ပြလာသည်—

(၁) အမှုတွင် ပေါ်လွင်ထင်ရှားသည့် သက်သေခံချက် များကို သက်သေခံ အက်ဥပဒေနှင့် အညီ သုံးသပ် ဆုံးဖြတ်ခဲ့ခြင်း ရှိ-မရှိ၊

(၂) အမွေဆက်ခံခြင်း အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည့်စုံမှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ခဲ့ခြင်း ရှိ-မရှိ၊

(၃) အမွေဆက်ခံခြင်း အက်ဥပဒေနှင့်အညီ မအေးအေးမြင့်သည် အမွေထိန်းလက်မှတ်စာ ရခွင့်ရှိ-မရှိ။

### ပထမ ဥပဒေ ပြဿနာ

အမှုတွင် ဗဟိုတရားရုံးရှေ့နေ ဦးလှအောင် (သက်သေ) ကအမွေရှင် ဒေါ်ညိုရင်၏ မေတ္တာရပ်ခံချက် အရ ၎င်း၏ ပစ္စည်းများကို မအေးအေးမြင့်အား အမွေပေးသည့်သေတမ်းစာကို ၁၃-၅-၇၁ နေ့တွင် ရေးပေးရကြောင်း၊ သေတမ်းစာကို ဒေါ်ညိုရင်က လက်မှတ် ရေးထိုးပြီး အသိသက်သေများ အဖြစ်ဖြင့် မိမိနှင့် အငြိမ်းစား အကျဉ်းထောင်မင်းကြီး ဦးသန်းနွဲ့ (သက်သေ) တို့က လက်မှတ်ရေးထိုးကြောင်းသက်သေခံ (က) မှာ မိမိရေးပေးသည့် သေတမ်းစာ၏ ဓါတ်ပုံစာတက် မိတ္တူဖြစ်ပြီး သက်သေ ဦးလှအောင်ဆိုသော လက်မှတ်မှာ မိမိလက်မှတ်ဖြစ်ကြောင်းဖြင့် ဦးလှအောင်က ထွက်ဆိုသည်။ ဦးသန်းနွဲ့ကလည်း သက်သေခံ မိတ္တူပေါ်ရှိ လက်မှတ်မှာ မိမိလက်မှတ် ဖြစ်ကြောင်း စသည်ဖြင့် ဦးလှအောင်အား ထောက်ခံထွက်ဆိုသည်။

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ပြည်သူ့
ဥပဒေ အကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးကျော်
(ကွယ်လွန်သူ)
၏ သားသမီး
များ
ဒေါ်မြဦး ပါ
(၃)*

စောဒကလျှောက်ထားခံရသူ ဒေါ်မြဦးနှင့် ဒေါ်မြမေတို့၏ ရှေ့နေ ဦးရဲခေါင်ညွှန့်က ဦးလှအောင်သည် ဦးကျော်၏ ရှေ့နေဖြစ်ကြောင်း၊ အမှုသည် ဖြစ်သူ ဦးကျော်က ဦးလှအောင်အား ရှေ့နေအဖြစ်ဖြင့် ပြောခဲ့သည့် အချက်အလက်များကို ဦးလှအောင် အနေဖြင့် တရားရုံးရှေ့တွင် ထွက်ဆိုခွင့်မရှိဟု သက်သေခံ အက်ဥပဒေပုဒ်မ ၁၂၆ တွင် ပိတ်ပင်ထားကြောင်း၊ သို့ဖြစ်၍ သေတမ်းစာ ရေးသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဦးလှအောင်၏ ထွက်ဆိုချက်များမှာ သက်သေခံ မဝင်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ဗဟိုဥပဒေရုံးမှ ညွှန်ကြားရေးမှူး ဦးတင်အုံးက ဦးကျော်က ဦးလှအောင်အား ပြောဆိုသည့် ကိစ္စရပ်များမှာ ဤအမှုနှင့် သက်ဆိုင်ခြင်း မရှိကြောင်း၊ ထို့ပြင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၂၆၏ ခြွင်းချက် (၂) အရ ဦးလှအောင် အနေဖြင့် တရားရုံးတွင် ထွက်ဆိုခွင့် ရှိကြောင်း ဖြေကြားသည်။ ဦးလှအောင်က "မအေးအေးမြင့် (၁၃) နှစ် အရွယ်ခန့်က ဦးကျော်နှင့် ဒေါ်ညိုရင်တို့က ကျွန်တော့် အား သေတမ်းစာ တစ်စောင်ရေးခိုင်းပါသည်" ဟု ထွက်ဆိုသည်။ သေတမ်းစာရေးသည့် ကိစ္စမှာ အဓိကအားဖြင့် ဒေါ်ညိုရင်၏ မေတ္တာရပ်ခံချက်အရ ရေးသားရခြင်း ဖြစ်သဖြင့် သေတမ်းစာ ရေးသားခြင်းနှင့် စပ်လျဉ်း၍ ဦးလှအောင်၏ ထွက်ဆိုချက်များကို သက်သေခံ အက်ဥပဒေပုဒ်မ ၁၂၆ အရ ပိတ်ပင်ရန် အကြောင်းမရှိနိုင်ချေ။

စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ ဌာနခွဲစာရေးကြီး ဦးတင်အေး (သက်သေ)၏ ထွက်ဆိုချက်အရ သေတမ်းစာ မူရင်းကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အပ်နှံထားရာ ၃၀–၅–၇၇ နေ့က ဦးကျော်၏ ရှေ့နေ ဦးခင်မောင်မြအေးက ထုတ်ယူခဲ့သည်။

မအေးအေးမြင့်သည် ဤအမှုကိုမစွဲဆိုမီ သူ၏ရှေ့နေ ဒေါ်မိမိလေးက ၁၀–၂–၇၇ ရက်စွဲပါ သက်သေခံ (ဂ) အကြောင်းကြားစာဖြင့် သေတမ်းစာ အတည်ပြုသည့် လက်မှတ်လျှောက်ထားရန် ဦးကျော်ထံ အကြောင်းကြားစာ ပေးပို့ခဲ့သည်။ ယင်းအကြောင်းကြားစာကို ဦးလှအောင်က ဦးကျော်၏ ညွှန်ကြားချက်အရ ၂၀-၃-၇၇ ရက်စွဲပါ သက်သေခံ (ခ) အရ ပြန်ကြားခဲ့သည်။ ယင်းသို့ ပြန်ကြားခြင်းနှင့် စပ်လျဉ်း၍ ဦးလှအောင်က အောက်ပါအတိုင်း ထွက်ဆိုသည်။

"၁၉၇၇ ခုနှစ်၊ မတ်လ ၂၀ ရက် နေ့စွဲပါ နို့တစ်စာ ပြန်စာကို ဦးကျော်၏ ညွှန်ကြားချက်အရ ကျွန်တော် ရေးပေးလိုက်သည့် နို့တစ်စာ ဖြစ်ပါသည်။ နို့တစ်စာ အောက်ရှိ လှအောင်ဟု

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ပြည်သူ့
ဥပဒေ အကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးကျော်
(ကွယ်လွန်သူ)
၏ သားသမီး
များ
ဒေါ်မြဦး ပါ
(၃)*

ထိုးထားသည့် လက်မှတ်မှာ ကျွန်တော့်လက်မှတ် မှန်ပါသည်။ သေတမ်းစာ မူရင်းကို ကျွန်တော်သည် ဤအမှုဖြစ်ချိန်မှ စ၍ ဦးကျော် ပြသသဖြင့် မကြာခဏ တွေ့ရပါသည်။ ပြန်စာ နှင့် တစ်စာ ရေးသည့် အချိန်ကလည်း သေတမ်းစာ မူရင်းကို ကြည့်၍ ရေးသားခြင်း ဖြစ်ပါသည်။''

ချေနေ ဦးရဲခေါင်ညွန့်က ဦးတင်အေး၏ ထွက်ဆိုချက်အရ သေတမ်းစာမူရင်းကို စာချုပ်စာတမ်း မှတ်ပုံတင်ရုံးမှ ၃၀-၅-၇၇ နေ့က ထုတ်ယူသွားခဲ့သည်ဟု အဆိုရှိသည် ဖြစ်ရာ ဦးလှအောင် ပြန်ကြား စာရေးသည့် ၂၀-၃-၇၇နေ့တွင် သေတမ်းစာမူရင်းသည် ဦးကျော်၏ လက်ဝယ်သို့ မရောက်ရှိနိုင်သေး၍ သက်သေခံ (ခ) ပြန်ကြားစာကို ရေးသားစဉ်က သေတမ်းစာ မူရင်းကို ကြည့်၍ ရေးသားခြင်း ဖြစ်ကြောင်း ဦးလှအောင်က ထွက်ဆိုခြင်းမှာ မမှန်ကြောင်း ပေါ်လွင်လျက်ရှိကြောင်း၊သို့ဖြစ်၍ ဦးလှအောင်အား ယုံကြည် သင့် မသင့် အလေးအနက် စဉ်းစားသင့်ကြောင်း တင်ပြလျှောက်ထား သည်၊ သက်သေတစ်ဦး ထွက်ဆိုသော အကြောင်းအရာတစ်ရပ် မမှန် ကန်ရုံမျှဖြင့် သူ့အား လုံးဝမယုံကြည်သင့်ဟု တထစ်ချ မဆိုနိုင်ချေ။ ဦးလှအောင်သည် ရန်ကုန်တိုင်းတရားရုံးတွင် သက်သေခံစဉ်က အသက် (၈၀)နှစ် ရှိပြီဖြစ်သောကြောင့် အသက်အရွယ် ကြီးရင့်သဖြင့် အမှတ် မှားပြီး သက်သေခံ (ခ) ပြန်စာရေးသားချိန်က သေတမ်းစာမူရင်းကို ကြည့်၍ ရေးသားသည်ဟု ထွက်ဆိုခြင်း ဖြစ်နိုင်သည်။ ဦးသန်းနွဲ့၏ ထွက်ချက်ကို ဦးသန်းနွဲ့နှင့် ဦးလှအောင်တို့၏ လက်မှတ်များ ပါရှိ သော သက်သေခံ (က) သေတမ်းစာတို့နှင့် ပေါင်းစပ် စဉ်းစားပါက သေတမ်းစာကို ဦးလှအောင်က ရေးသားခဲ့သည်ဆိုသော အချက်ကို လက်မခံနိုင်ရန် အကြောင်း မရှိချေ။

ဦးရဲခေါင်ညွန့်က သက်သေခံ (က) သေတမ်းစာမှာ ကွယ်လွန်သူ- ဒေါ်ညိုရင် နောက်ဆုံးပြုလုပ်သော သေတမ်းစာ ဖြစ်ကြောင်း ပေါ် လွင်ထင်ရှားခြင်း မရှိပါဟု တင်ပြလျှောက်ထားသည်။ သက်သေခံ(က) သေတမ်းစာ၏ နောက်ဆုံးအပိုဒ်တွင် ကွယ်လွန်သူက မိမိ၏ နောက် ဆုံးသေတမ်းစာ ဖြစ်သည်ဟု ဝန်ခံကြောင်း ဖော်ပြ၍ ဦးလှအောင်နှင့် ဦးသန်းနွဲ့တို့က အသိသက်သေများအဖြစ်ဖြင့် လက်မှတ် ရေးထိုးထား ကြောင်း တွေ့ရှိရသည်။ သက်သေခံ (ဂ) အကြောင်းကြားစာတွင် ယင်းသေတမ်းစာကို ရည်ညွှန်း၍ သေတမ်းစာ အတည်ပြု လက်မှတ် လျှောက်ထားရန် ဦးကျော်အား တောင်းဆိုထားသည်။ယင်းအကြောင်း ကြားစာကို ပြန်ကြားသည့် သက်သေခံ (ခ) စာတွင် ဦးကျော်က အချင်း ဖြစ်သေတမ်းစာမှာ ဒေါ်ညိုရင် နောက်ဆုံးရေးသားသည့် သေတမ်းစာ

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီးများ ဒေါ်မြဦး ပါ (၃)*

မဟုတ်ကြောင်း ငြင်းဆိုထားခြင်း မရှိချေ။ အကယ်၍ ဒေါ်ညိုရင်သည် သက်သေခံ (က) သေတမ်းစာကို ရေးသားပြီးနောက် အခြား သေတမ်းစာ တစ်စောင်စောင် ရေးသားခဲ့လျှင် ထိုသို့ ရေးသားကြောင်းကို သက်သေခံ (ခ) အကြောင်းကြားစာ၌ အကျိုးအကြောင်း ဖော်ပြပေလိမ့်မည်။ အမှုတွဲရှိ သက်သေခံချက်များအရ ဒေါ်ညိုရင်သည် အချင်းဖြစ် သေတမ်းစာ ရေးသားပြီးနောက် အခြားသေတမ်းစာ ရေးသားခဲ့ကြောင်း အထောက်အထား မတွေ့ရချေ။ သို့ဖြစ်ရာ သက်သေခံ (က) မှာ ဒေါ်ညိုရင်၏ နောက်ဆုံး သေတမ်းစာဖြစ်သည်ဟုကောက်ယူနိုင်ပေသည်။

ဗဟိုဥပဒေရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ရီက သက်သေခံ (က) မှာ မူရင်းသက်သေခံချက် မဟုတ် သော်လည်း မူရင်းမှာ ဦးကျော်၏ လက်ဝယ်၌ ရှိနေသည်ဖြစ်၍ သက်သေခံ အက်ဥပဒေပုဒ်မ ၆၃ (၂) နှင့် ပုဒ်မ ၆၅ (က) နှင့် (ခ) တို့ အရ ဒုတိယ အဆင့် သက်သေခံချက် အဖြစ်ဖြင့် သက်သေခံ ဝင်ကြောင်း၊ ထို့ပြင် ဦးကျော်၏ လက်ဝယ်ရှိ သေတမ်းစာမူရင်းကို မအေးအေးမြင့်၏ ပျက်ကွက် ပေါ့လျော့မှုကြောင့် တရားရုံးသို့ အချိန်မီ မတင်ပြနိုင်ခြင်း မဟုတ်ကြောင်း ဦးကျော်က တင်ပြရန်ရှိလျက် မတင်ပြဲ နေခြင်းသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်သေခံ အက်ဥပဒေပုဒ်မ ၆၅ (ဂ) ပါ ပြဋ္ဌာန်းချက် အရလည်း ဒုတိယအဆင့် သက်သေခံချက် ဖြစ်သော သက်သေခံ (က) စာတမ်းကို မအေးအေးမြင့်က တင်ပြခွင့် ရှိကြောင်း လျှောက်ထားသည်။

ဦးရဲခေါင်ညွှန့်က သက်သေခံ အက်ဥပဒေပုဒ်မ ၆၅ (က) အရ ဒုတိယအဆင့် သက်သေခံချက် တင်ပြနိုင်ရန် ဦးကျော် လက်ဝယ်၌ သေတမ်းစာမူရင်း ရှိသည်ဆိုသော အချက်ကို မအေးအေးမြင့်ဘက်မှ သက်သေပြရန် တာဝန်ရှိကြောင်း၊ ဦးတင်အေးက ဦးကျော်၏လွှဲအပ်ချက်အရ ရွှေနေ ဦးခင်မောင်အေးက . သေတမ်းစာကို ထုတ်ယူသွားသည်ဟု ထွက်ဆိုထားသော်လည်း သေတမ်းစာကို ဦးခင်မောင်အေး အား ပေးအပ်ရန် မှတ်ပုံတင်ရုံးသို့ လျှောက်ထားသည့် လျှောက်လွှာပါ လက်မှတ်သည် ဦးကျော်၏ လက်မှတ် ဟုတ်မဟုတ် အထောက်အထား မရှိကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဦးခင်မောင်အေးအား စစ်ဆေးသင့်သော်လည်း စစ်ဆေးထားခြင်း မရှိ၍ သေတမ်းစာမူရင်းကို ဦးကျော် ထုတ်ယူသွားသည် ဆိုသော အချက်မှာ မခိုင်မာကြောင်း စသည်ဖြင့် လျှောက်ထားသည်။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ ၏ ဥပမာ (ဂ) အရ ဋ္ဌာနဆိုင်ရာ ဆောင်ရွက်ချက်များကို နည်းလမ်းတကျ

ဆောင်ရွက်သည်ဟု မှတ်ယူနိုင်သည် ဖြစ်ရာ သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး အနေဖြင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လိုအပ်သည်များကိုစိစစ်ပြီး အချင်းဖြစ် သေတမ်းစာမူရင်းကို ဦးကျော်၏ ရှေ့နေ ဦးခင်မောင်အေးအား ထုတ်ပေးခဲ့သည်ဟု မှတ်ယူရမည် ဖြစ်သည်။

ထို့ပြင် ဦးလှခင်က "သေတမ်းစာမူရင်းကို ကျွန်တော်သည် မကြာခဏ တွေ့ရ၍ ဦးကျော်၏ လက်ဝယ်၌ ရှိကြောင်း ကျွန်တော် သိပါသည်။ ဦးကျော် မသေမီ ၃-၄လခန့်ကလည်း နောက်ဆုံးအကြိမ် တွေ့ဖူးပါသည်"ဟု ထွက်ဆိုထားပြီးဦးကျော်သည် ၁၀–၈–၈၀နေ့တွင် ကွယ်လွန်ခဲ့သည်ဖြစ်ရာ အမှုဆိုင်စဉ်က သေတမ်းစာမူရင်းမှာ သူ၏လက်ဝယ်တွင် ရှိကြောင်း ပေါ်ပေါက်ပေသည်။

ဦးရဲခေါင်ညွန့်က ခေအေးအေးမြင့်ဘက်မှ ဦးကျော်အား အချင်းဖြစ် သေတမ်းစာမူရင်းကို ပြသရန်အတွက် သက်သေခံ ဥပဒေပုဒ်မ ၆၆အရ လိုအပ်သည့် အတိုင်း နို့တစ်စာပေးခဲ့ခြင်း မရှိ၍ သက်သေခံ(က) မှာ သက်သေခံအက်ဥပဒေပုဒ်မ ၆၅ (က) အရ သက်သေခံ မဝင် ကြောင်း လျှောက်ထားသည်။

မူလဥပဒေရုံးမှ ညွှန်ကြားရေးမှူး ဦးတင်အုံးက မခေအေးအေးမြင့် သည် ၁၀–၂–၇၇နေ့တွင် ဦးကျော်ထံ အကြောင်းကြားစာ ရေးခဲ့ သည်ဖြစ်၍ သက်သေခံ(က)မှာ သက်သေခံအက်ဥပဒေပုဒ်မ ၆၅(က) အရ သက်သေခံ ဝင်ကြောင်း ခြေကြားတင်ပြသည်။ ဦးတင်အုံး ရည် ညွှန်းသော အကြောင်းကြားစာမှာ သက်သေခံ(ဂ) ဖြစ်သည်။ ယင်း စာမှာ သေတမ်းစာ အတည်ပြုလက်မှတ် လျှောက်ထားရန် ဦးကျော် အား အရေးဆိုသော စာဖြစ်သည်၊ သေတမ်းစာ မူရင်းကို တင်ပြရန် တောင်းဆိုသော နို့တစ်စာမျိုး မဟုတ်ချေ။

မခေအေးအေးမြင့်သည် အမှုစွဲဆိုပြီးနောက် ၁၀–၁၀–၇၇ ရက်စွဲပါ လျှောက်လွှာအရ ဦးကျော်၏ လက်ဝယ်၌ သေတမ်းစာမူရင်း ရှိ–မရှိ အကြောင်း ပြန်ကြားရန် တိုင်းတရားရုံးသို့ တရားမကျင့်ထုံး ဥပဒေ အမိန့် ၁၁၊ နည်း ၁၂ အရ လျှောက်ထားခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းလျှောက်ထားချက်မှာလည်း ဦးရဲခေါင်ညွန့် တင်ပြသည့်အတိုင်း သေတမ်းစာ မူရင်းကို တင်ပြရန် တောင်းဆိုသော နို့တစ်စာမျိုး မဟုတ်ချေ။ သို့ဖြစ်ရာ မခေအေးအေးမြင့်ဘက်မှ သေတမ်းစာ မူရင်းကို ဦးကျော်ဘက်မှ တင်ပြရန် အကြောင်းကြားစာ ပေးပို့ခဲ့ကြောင်း အထောက်အထား မရှိချေ။

၁၉၈၆
မြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

၁၉၈၆
မြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ
ဒေါ်မြဦး ပါ (၃)*

သက်သေခံ အက်ဥပဒေပုဒ်မ ၆၆ ၏ ခြွင်းချက်တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

Provided that such notice eshall not be required in order to render secondary evidence admissible in any of the following cases, or in any other case in which the Court thinks fit to dispense with it: –

X X X X

(2) when, from the nature of the case, the adverse party must know that he will be required to produce it;

မအေးအေးမြင့် စွဲဆိုသောအမှုမှာ သေတမ်းစာ ပူးတွဲ၍ အမွေ ထိန်းစာ ထုတ်ပေးစေလိုမှု ဖြစ်သည်။ ၎င်းအမှုမျိုးတွင် သေတမ်းစာ မူရင်းမှာ အဓိကကျသော စာချုပ်စာတမ်းဖြစ်သည့်အလျောက် တဘက် အမှုသည်ဖြစ်သော ဦးကျော်အနေဖြင့် သေတမ်းစာကို ယင်းအမှုတွင် တင်ပြရန် လိုမည်ဖြစ်ကြောင်း သိထားသင့်သည် ဖြစ်၍ အထက် ဖော် ပြပါ ပြဋ္ဌာန်းချက်များအရ သေတမ်းစာမူရင်းကို တင်ပြရန် မအေး အေးမြင့်က ဦးကျော်ထံ အကြောင်းကြားစာ ပေးပို့ရန် မလိုတော့ချေ။

အထက် ဖော်ပြပါ အကြောင်းများကြောင့် သက်သေခံ အက် ဥပဒေပုဒ်မ ၆၃(၂)နှင့် ပုဒ်မ ၆၅(က) အရ သက်သေခံ(က)မှာ ဒုတိယအဆင့် သက်သေခံချက် အဖြစ်ဖြင့် သက်သေခံ ဝင်သည်ဟု ကောက်ယူရပေမည်။

ထို့ပြင် မအေးအေးမြင့်အနေဖြင့် သေတမ်းစာ မူရင်းကို မတင်ပြ နိုင်ခြင်းမှာ သူ၏ ပျက်ကွက်မှု သို့မဟုတ် ပေါ့ဆမှုကြောင့် မဟုတ်ချေ။ ဦးကျော်၏ လက်ဝယ်၌ ရှိနေ၍ မတင်ပြနိုင်ခြင်းသာ ဖြစ်သည်။ သို့ ဖြစ်၍ မဟိုဥပဒေရုံးမှ တင်ပြသည့်အတိုင်း သက်သေခံ(က)သည် သက်သေခံ အက်ဥပဒေပုဒ်မ ၆၃(၂)နှင့် ပုဒ်မ ၆၅(ဂ) အရလည်း သက်သေခံဝင်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် တိုင်းတရားရုံးက ''ယခုအမှုတွင် တရားလို မအေးအေး မြင့်မှာ သေတမ်းစာမူရင်းကို မတင်ပြနိုင်ဘဲ ဓာတ်ပုံမိတ္တူကိုသာ သက် သေခံ(က) အဖြစ်ဖြင့် တင်ပြထားကြောင်း တွေ့ရသဖြင့် သက်သေခံ

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

အက်ဥပဒေပုဒ်မ ၆၃အရ မူရင်းမတင်ပြနိုင်၍ တရားမဝင်၍ သက်သေခံ မဝင်တော့ပေ''ဟူသော သုံးသပ်ချက်သည်လည်းကောင်း၊ ''ယခုအမှု တွင် တရားလိုဘက်မှ သေတမ်းစာမူရင်းကို မတင်ပြနိုင်ဖဲ ဓာတ်ပုံ မိတ္တူကိုသာ တင်ပြသဖြင့် တရားဥပဒေအရ ဒေါ်ညိုရင်သည် သေ တမ်းစာကို အမှန်တကယ် ရေးသားခဲ့ကြောင်း မခိုင်လုံပေ။ သို့ဖြစ်၍ ငြင်းချက် (၁) အရ ကွယ်လွန်သူ ဒေါ်ညိုရင်သည် ၁၃–၅–၇၁ နေ့စွဲ ပါသေတမ်းစာကို ရေးသားခဲ့သည် ဆိုခြင်းမှာ မမှန်ကန်ဟု ဖြေဆို လိုက်သည်''ဟူသော ဆုံးဖြတ်ချက်သည် လည်းကောင်း သက်သေခံ ဥပဒေနှင့် ညီညွတ်ခြင်း မရှိဟု ပထမ ဥပဒေ ပြဿနာကို ဖြေဆို လိုက်သည်။

## ဒုတိယဥပဒေပြဿနာ

မဟိုဥပဒေရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ငြိမ်းက တိုင်းတရား ရုံးက''တရားလိုသည် လျှောက်ထားသည့်အချိန်၌ အသက် (၂၁) နှစ် မပြည့်သေးကြောင်းလည်းတွေ့ရှိရပါသည်''ဟူ၍လည်းကောင်း၊''အမွေ ဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၆အရ အရွယ်ရောက်မှသာ အမွေ ထိန်းစာ လျှောက်ထားနိုင်ခွင့် ရှိသည်''ဟူ၍ လည်းကောင်း ဆုံးဖြတ် ခြင်းမှာ အမွေဆက်ခံခြင်း အက်ဥပဒေနှင့် အရွယ်ရောက်သူများ အက် ဥပဒေတို့ပါ ပြဋ္ဌာန်းချက်တို့ကို မျက်ကွယ်ပြု၍ ဆုံးဖြတ်ရာ ရောက် ကြောင်း၊ မအေးအေးမြင့်သည် အမွေထိန်းစာ ထုတ်ပေးရန် လျှောက် ထားချိန်က အသက် (၁၈) နှစ်ပြည့်ပြီး အရွယ်ရောက်သူတစ်ဦး ဖြစ် နေကြောင်း ထင်ရှားပါကြောင်း၊ အမွေထိန်းစာ ထုတ်ပေးသင့် မသင့် စဉ်းစားစဉ်က မအေးအေးမြင့်မှာ အသက် (၂၁) နှစ်ပင် ကျော်လွန်း နေသည့်အချက်ကို တိုင်းတရားရုံးက လုံးဝ ထည့်သွင်းစဉ်းစားခဲ့ခြင်း မပြုသဖြင့် ဥပဒေအရ မှားယွင်းကြောင်း စသည်ဖြင့် လျှောက်ထား သည်။

ဦးရဲခေါင်ညွှန့်က သက်သေခံ (က) သေတမ်းစာတွင် ဦးကျော် အား မအေးအေးမြင့်၏ အုပ်ထိန်းသူအဖြစ်ဖြင့် ခန့်ထားခဲ့ရာ အရွယ် ရောက်သူများ အက်ဥပဒေပုဒ်မ ၃ အရ အသက် (၂၁) ပြည့်သည့် အခါမှ မအေးအေးမြင့်သည် အရွယ်ရောက်မည် ဖြစ်ကြောင်း ဖြေကြား လျှောက်ထားသည်။

အရွယ်ရောက်သူများ အက်ဥပဒေ (The Majority Act) ပုဒ်မ ၃တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

၁၉၇၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

"3. Subject as aforesaid, every minor of whose person or property or both a guardian, other than a guardian for a suit within the meaning of the Code of Civil Procedure, has been or shall be appointed or de clared by any Court of justice before the mi nor has attained the age of eighteen years shall, notwithstanding anything contained in the Succession Act or in any other enactment, be deemed to have attained his majority when he shall have completed his age of twenty one years and not before."

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ ဆိုလျှင် အုပ်ထိန်းသူ တစ်ဦးအား တရားရုံးက ခန့်ထားရန် သို့မဟုတ် ကြေငြာရန် ဖြစ်သည်။ ထိုသို့ ခန့်ထားရန် သို့မဟုတ် ကြေငြာရန် အုပ်ထိန်းသူများနှင့် အုပ်ထိန်းခြင်း ခံရသူများ အက်ဥပဒေပုဒ်မ (၇)တွင် တရားရုံးအား အပ်နှင်းထားသည်။ ဤအမှုတွင် ဦးကျော်အား မအေးအေးမြင့်၏ အုပ်ထိန်းသူအဖြစ်ဖြင့် တရားရုံးက ခန့်ထားခဲ့ခြင်း၊ ကြေငြာခဲ့ခြင်း မရှိချေ။ ဦးရဲခေါင်ညွန့်က အရွယ်မရောက်သေးသည့် သားသမီးကို အုပ်ထိန်းသူ ခန့်ထားသည့် ကိစ္စတွင် အုပ်ထိန်းသူသည် ဖခင်တစ်ဦး ဖြစ်ပါက ယင်းသို့ အုပ်ထိန်းသူ အဖြစ်ဖြင့် ခန့်ထားကြောင်းကို တရားရုံးက ကြေငြာရန်ပင် မလိုကြောင်း၊ မလဲ့လဲ့ဝင်း နှင့် မောင်မိုးရှိန် (၁) အမှုကို ကိုးကား၍ လျှောက်ထားတင်ပြသည်။ ဤအမှုတွင် ဦးကျော်မှာ— မအေးအေးမြင့်၏ ဖခင်အရင်း မဟုတ်ချေ။ မွေးစားဖခင်ဟု အဆိုရှိသူသာ ဖြစ်သည်။ သို့ဖြစ်၍ တရားရုံးက သူ့အား မအေးအေး မြင့်၏ အုပ်ထိန်းသူအဖြစ်ဖြင့် ခန့်ထားခြင်း မပြုပဲ သေတမ်းစာ၌ ကွယ်လွန်သူက မအေးအေးမြင့်၏ အုပ်ထိန်းသူအဖြစ်ဖြင့် ခန့်ထားရုံမျှဖြင့် ဦးကျော်သည် အရွယ်ရောက်သူများ အက်ဥပဒေပုဒ်မ ၃ တွင် အကျုံး ဝင်သော အုပ်ထိန်းသူ ဖြစ်သည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် မအေး အေးမြင့်သည် အသက် (၁၈) နှစ်ပြည့်သောအခါ အရွယ်ရောက်ပြီဟု ကောက်ယူရပေမည်။

---

(၁) ၁၉၆၀ မတစ ၂၃၇။

သက်သေခံ (က) သေတမ်းစာတွင် မအေးအေးမြင့်သည် အသက် (၂၁) နှစ် ပြည့်သောအခါ ဒေါ်ညိုရင်၏ ပစ္စည်းအရပ်ရပ်၏ ပိုင်ရှင်ဖြစ်စေရမည်ဟု ဖော်ပြထားရာ အသက် (၂၁) နှစ် ပြည့်ပြီးမှသာ မအေးအေးမြင့် အနေဖြင့် သေသူ ဒေါ်ညိုရင်၏ အမွေပစ္စည်းတို့ကို အကျိုးခံစားခွင့် ရှိမည်ဖြစ်၍ အသက် (၂၁) နှစ် မပြည့်မီ အမွေထိန်းစာ လျှောက်ထားခွင့်မရှိဟု ဦးရဲခေါင်ညွှန့်က လျှောက်ထားသည်။

အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၂ တွင် ဤအမှုနှင့်ပတ်သက်သမျှ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"When-

X X X X

(b) the deceased has appointed an executor who...refuses to act..................

an universal X X X legatee may be admitted to prove the will, and letters of administration with the will annexed may be granted to him of the whole estate, or of so much thereof as may be unadministered."

မအေးအေးမြင့်သည် သေတမ်းစာအရ ဒေါ်ညိုရင်၏ အမွေတစ်ရပ်လုံးကို ရခွင့်ရှိသူ ဖြစ်သည့်အလျောက် အထက်ဖော်ပြပါ ပုဒ်မတွင် ရည်ညွှန်းထားသော "universal legatee" ဖြစ်သည်မှာ ယုံမှားဖွယ် မရှိချေ။ ယင်းပုဒ်မတွင် သေတမ်းစာအရ အမွေဆက်ခံ ရရှိမည့် ပစ္စည်းတွင် ပိုင်ဆိုင်ခွင့် ရရှိပြီးမှသာ အမွေဆက်ခံသူက အမွေထိန်းစာ လျှောက်ထားနိုင်သည်ဟု ကန့်သတ်ထားခြင်း မရှိချေ။ အမွေထိန်းစာ ထုတ်ပေးခြင်းမှာ အမွေပစ္စည်းများကို ထိန်းသိမ်းရန်အတွက်သာ ဖြစ်သည်။ ပိုင်ဆိုင်ခွင့်ကို အပ်နှင်းခြင်း မဟုတ်ချေ။ သို့ဖြစ်ရာ မအေးအေးမြင့်သည် အမွေထိန်းစာ လျှောက်ထားစဉ်က အသက် (၂၁) နှစ် မပြည့်သေး၍ သက်သေခံ(က) သေတမ်းစာအရ အမွေပစ္စည်းတွင် ပိုင်ရေးပိုင်ခွင့် မရရှိသေးစေကာမူ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၂ အရ လျှောက်ထားခွင့် ရှိသည်ဟု ကောက်ယူရပေမည်။

မဟိုဥပဒေရုံးမှ ဒုတိယညွှန်ကြားရေးမှူး ရီးဟန်ရီက တိုင်းတရားရုံး၏စီရင်ချက်တွင် ထည့်သွင်းစဉ်းစားထားသည့် အမွေဆက်ခံရေးအက်

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏သားသမီး များ ဒေါ်မြဦး ပါ (၃)*

ဥပဒေပုဒ်မ ၂၃၇၊ ၂၃၈နှင့် ၂၃၉တို့မှာ သေတမ်းစာ အတည်ပြု လက်မှတ်ထုတ်ပေးခြင်းနှင့်သာ သက်ဆိုင်ကြောင်း အမွေထိန်းစာ ထုတ်ပေးခြင်းနှင့် မသက်ဆိုင်ကြောင်း တင်ပြလျှောက်ထားသည်။

ဦးရဲခေါင်ညွန့်က "ဤအမှုမှာကဲ့သို့ မူရင်းသေတမ်းစာ မတင်ပြနိုင်ပါက သေတမ်းစာနှင့် ပတ်သက်၍ အကျိုးခံစားလိုသူက တိုက်ရိုက် မလျှောက်ထားနိုင်သည့် အခါတွင် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၇၊ ၂၃၈နှင့် ၂၃၉တို့တွင် ဖော်ပြထားသည့်အတိုင်း အမွေထိန်းစာကို တိုက်ရိုက်မလျှောက်ထားပဲ သေတမ်းစာအတည်ပြု လက်မှတ်ကို ရှေးဦးစွာ လျှောက်ထားရမည်ဖြစ်၍ မအေးအေးမြင့်ဘက်မှ ယင်းသို့ ဆောင်ရွက်ခြင်း မရှိသဖြင့် ဦးကျော်မှ ငြင်းပယ်သည့် တိုင်အောင် မအေးအေးမြင့်သည် ယင်းဥပဒေပုဒ်မ ၂၃၂ အရ တိုက်ရိုက် လျှောက်ထားခွင့်မရှိကြောင်း" ဖြေကြားလျှောက်ထားလည်။

အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၇ မှ ၂၃၉ တွင် အောက်ပါ အတိုင်းပြဋ္ဌာန်းထားသည်—

"237. When a will has been lost or mislaid since the testator's death, or has been destroyed by wrong or accident and not by any act of the testator, and a copy or the draft of the will has been preserved, probate may be granted of such copy or draft, limited until the original or a properly authenticated copy of it is produced.

238. When a will has been lost or destroyed and no copy has been made nor the draft preserved, probate may be granted of its contents if they can be established by evidence.

239. When the will is in the possession of a person residing out of the Union of Burma, who has refused or neglected to deliver it up, but a copy has been transmitted to the executor, and it is necessary for the interests of the estate that probate should be granted without waiting for the arrival

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ [၃]*

of the original, probate may be granted of the copy so transmitted, limited until the will or an authenticated copy of it is produced."

ဤအမှုတွင် သေတမ်းစာမူရင်းမှာ ပျောက်ဆုံးခြင်း ရှိမရှိ၊ အထားအသို မှားခြင်း ရှိမရှိ၊ ပျက်စီးသွားခြင်း ရှိမရှိ မသိရချေ၊ လက်ရှိထားသူ ဦးကျော်က တင်ပြရန် ပျက်ကွက်ခြင်းသာ ပေါ်လွင်သည်။ သို့ဖြစ်ရာ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၃၇ ပါ ပြဋ္ဌာန်းချက် များသည် ဤအမှုနှင့် သက်ဆိုင်ခြင်း မရှိချေ၊ မအေးအေးမြင့်က သေတမ်းစာ မိတ္တူတင်ပြနိုင်သည်ဖြစ်၍ ပုဒ်မ ၂၃၈ နှင့်လည်း မသက်ဆိုင်ချေ၊ ထို့ပြင် ပုဒ်မ ၂၃၉ ပါ ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံ ပြင်ပတွင် နေထိုင်သောသူ လက်ဝယ်၌ သေတမ်းစာ ရှိနေသည့် ကိစ္စနှင့် သက်ဆိုင်သည်။ ဤအမှုတွင် သေတမ်းစာ လက်ဝယ်ထားသည်ဟု အဆိုရှိသူ ဦးကျော်မှာ မြန်မာနိုင်ငံတွင် နေထိုင်သူ ဖြစ်၍ တိုင်းတရားရုံးက ယင်းပုဒ်မကို ကိုးကား၍ ဆုံးဖြတ်ခြင်းမှာ အထင်အရှား မှားယွင်းသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တိုင်းတရားရုံးသည် အမွေဆက်ခံရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည့်စုံမှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ခဲ့ခြင်း မရှိဟု ပြည်သူ့ ဥပဒေအကျိုးဆောင် အဖွဲ့က တင်ပြလာသော ဒုတိယ ဥပဒေ ပြဿနာကို ဖြေဆိုလိုက်သည်။

## တတိယ ဥပဒေ ပြဿနာ

မအေးအေးမြင့်သည် အမွေရှင် ဒေါ်ညိုရင်၏ သေတမ်းစာအရ သူ၏ အမွေအားလုံးကို ဆက်ခံခွင့်ရှိသူ ဖြစ်ကြောင်း သုံးသပ်ခဲ့ပြီး ဖြစ်သည်။ သေတမ်းစာ အတည်ပြုသူ အဖြစ်ဖြင့် ဒေါ်ညိုရင်က ခန့်ထားခဲ့သော ဦးကျော်သည် သေတမ်းစာ အတည်ပြုလက်မှတ် လျှောက်ထားရန် ငြင်းဆိုခဲ့သည် ဖြစ်ရာ သေတမ်းစာ အတည်ပြုသူ အဖြစ်ဖြင့် ဆောင်ရွက်ရန် ငြင်းဆိုရာ ရောက်သည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် မအေးအေးမြင့်အား အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၃၂ (ခ) တွင် ပြဋ္ဌာန်းထားသည့် အတိုင်း သေတမ်းစာပူးတွဲလျက် အမွေထိန်းစာ ထုတ်ပေးနိုင်ပေသည်။

မအေးအေးမြင့်သည် တိုင်းတရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးတွင် အယူခံ ဝင်ရာ၌ ရန်ကုန်တိုင်း တရားရုံးအား အယူခံတရားပြိုင်အဖြစ် ဖော်ပြခဲ့သည်။ စောဒက လျှောက်ထားခံရသူ ဒေါ်မြဦးနှင့် ဒေါ်မြမေ တို့၏ ရှေ့နေ ဦးရဲခေါင်ညွန့်က ရန်ကုန်တိုင်း တရားရုံးအပေါ် ယင်းသို့

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
(ပြည်သူ့
ဥပဒေ အကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးကျော်
(ကွယ်လွန်သူ)
၏ သားသမီး
များ
ဒေါ်မြဦး ပါ
(၃)*

အယူခံ ဝင်ခြင်းမှာ မှားယွင်းကြောင်း တင်ပြ လျှောက်ထားသည်။ ဗဟို ဥပဒေရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ငြိမ်က ရန်ကုန်တိုင်း တရားရုံးအပေါ် အယူခံ ဝင်ခြင်းမှာ မှားယွင်းသည် ဆိုပါက တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၃ အရ အယူခံလွှာကို ပြင်ဆင်စေရန် ညွှန်ကြားသင့်ပါသည်ဟု တင်ပြလျှောက်ထားသည်။ အယူခံလွှာကို အမိန့် ၄၁၊ နည်း ၁ (၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားထားခြင်း မရှိလျှင် အယူခံရုံးက လိုအပ်သလို ပြင်ဆင်စေနိုင်ရန် နည်း ၃ တွင် ပြဋ္ဌာန်းထားသည်။ အယူခံလွှာ၌ တိုင်းတရားရုံးအား အယူခံ တရားပြိုင် အဖြစ် ဖော်ပြခြင်းမှာ နည်း ၁ (၂) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း မရှိ၍ နည်း ၃ အရ ပြင်ဆင်စေရန် အကြောင်း မပေါ်ပေါက်ချေ။

တဖန် ဦးဟန်ငြိမ်က ဗဟို တရားရုံးသည် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၀၇ နှင့် အမိန့် ၁ နည်း ၁၀ (၂)၊ အမိန့် ၄၁ နည်း ၂၀ နှင့် နည်း ၃၃ တို့အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးကာ အမှုသည်တို့ကို မိမိသဘော အလျောက် ထည့်သွင်း၍ အယူခံကို ဆက်လက်ကြားနာသင့်ကြောင်းဖြင့် **မက်ဆား (စ်) ရနိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိတ်အဖွဲ့** နှင့် **ချန်မာလ်ဘိသာပါ ၃**[၂] စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။ ယင်းစီရင်ထုံးကို **စစ်တွေမြို့ ဆိပ်ကမ်းအရာရှိနှင့် ရနိုင်တိုင်း သယ်ယူပို့ဆောင်ရေး ဆင်ဒီကိက်အဖွဲ့ပါ ၃**[၃]အမှုတွင် တရားလွှတ်တော်ချုပ်က ပယ်ဖျက်ပြီး ဖြစ်၍ လိုက်နာရန် အကြောင်း မရှိကြပေ။

တိုင်းတရားရုံးတွင် မအေးအေးမြင့်သည် တရားလိုဖြစ်၍ ဦးကျော်သည် မူလ တရားပြိုင် ဖြစ်သည်။ အမှု အတောအတွင်း ဦးကျော်ကွယ်လွန်ပြီးနောက် တရားပြိုင် ထပ်ထည့်ခြင်း မပြုပဲ မအေးအေးမြင့်ဘက်ကို စစ်ဆေးကာ အမှုကို ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၀ အရ အယူခံရုံးသည် မူလမှုတွင် အမှုသည်အဖြစ် ပါဝင်ခဲ့သူကိုသာ အယူခံမှုတွင် အမှုသည်အဖြစ် ထည့်သွင်းနိုင်သည်။ မအေးအေးမြင့် စွဲဆိုသော မူလမှုတွင် အခြားအမှုသည် တစ်ဦး တစ်ယောက်မျှ မရှိသည့် အလျောက် ဗဟို ဥပဒေရုံးက တင်ပြသည့် အတိုင်း ဗဟို တရားရုံးက အယူခံမှုတွင် အမှုသည် ထပ်ထည့်ရန် လိုအပ်သည်ဟု သဘောရရှိသည့် တိုင်အောင် ယင်းသို့ ထည့်ရန် အမှုသည် မရှိ၍ မဖြစ်နိုင်ချေ၊

---

(၂) ၁၉၅၇ မတစ ၂၇၃ (တရားလွှတ်တော်)
(၃) ၁၉၆၁ မတစ ၁၉ (တရားလွှတ်တော်ချုပ်)

၁၉၈၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့) ဦးကျော် (ကွယ်လွန်သူ)၏ သားသမီးများ ဒေါ်မြဦး ပါ (၃)*

ဆက်လက်စီစစ်ရမည့် ဥပဒေပြဿနာမှာ ဗဟိုတရားရုံး၌ မအေး-အေးမြင့် တင်သွင်းသော အယူခံမှုတွင် အယူခံ တရားပြိုင်သည် ရန်ကုန်တိုင်း တရားရုံး ဖြစ်နေ သည်ကို အကြောင်းပြုပြီး ဗဟိုတရားရုံးက ယင်းအယူခံမှုကို လက်ခံ၍ အဆုံးအဖြတ်ပေးနိုင်ခြင်း ရှိမရှိ ဖြစ်သည်။ ဦးဟန်ရီက အမွေထိန်း စာထုတ်ပေးသည့် အမိန့်တစ်ရပ်နှင့် စပ်လျဉ်း၍ ဗဟိုတရားရုံးတွင် အယူခံတရားလို ဒေါ်ဆေးရက် မာမွတ်ပါ ၂ တင်သွင်းခဲ့သော ၁၉၇၄ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၂၇ တွင် ရန်ကုန်တိုင်းတရားရုံးအား အယူခံ တရားပြိုင်အဖြစ် ဖော်ပြခဲ့ရာ ဗဟိုတရားရုံးက လက်ခံ ဆုံးဖြတ်ခဲ့ကြောင်း တင်ပြလျှောက်ထားသည်။ မအေးအေးမြင့် စွဲဆိုသော အမှုကို ဆုံးဖြတ်သည့် အချိန်တွင် အမှုသည်ဟူ၍ သူတဦးတည်းသာ ရှိသည်ဖြစ်ရာ သူ၏အမှုကို ပလပ်သော တိုင်းတရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးတွင် အယူခံဝင်သောအခါ အယူခံတရားပြိုင်အဖြစ် ဖော်ပြရန် အမှုသည်မရှိချေ။ တိုင်းတရားရုံး၏ အမိန့်မှာ မအေးအေးမြင့်အား ထိခိုက်နစ်နာစေသည့်အလျောက် မအေးအေးမြင့်အနေဖြင့် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၉ တွင် ခွင့်ပြုထားသည့်အတိုင်း ၊ တိုင်းတရားရုံး၏အမိန့်ကို အယူခံခွင့် ရှိသည်မှာ ယုံမှားဖွယ်မရှိချေ။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၀၁ (ဆ) တွင်လည်းကောင်း၊ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၆ (ဆ)တွင်လည်းကောင်း၊ ဥပဒေအရ အယူခံပိုင်ခွင့်ကို တရားဥပဒေဆိုင်ရာမူတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားသည်။ တဘက်တွင် အယူခံလွှာ၌ တရားဖက်အဖြစ် ဖော်ပြရန် အမှုသည်မရှိ၍ အယူခံ ဝင်ခွင့်မရှိဟု ဆိုလျှင် မအေးအေးမြင့်အား ဥပဒေက ပေးထားသော အယူခံဝင်ခွင့်ဆိုင်ရာ အခွင့်အရေးကို နုတ်သိမ်းရာ ရောက်ပေလိမ့်မည်။ ယေဘုယျအားဖြင့် အယူခံမှုတစ်မှုတွင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်ဟူ၍ အမှုသည် နှစ်ဘက်ရှိသည် မှန်သော်လည်း မအေးအေးမြင့်နှင့် တရားပြိုင်ဘက်မရှိတော့သည့်အတွက် မအေးအေးမြင့်အနေဖြင့်အယူခံလွှာတွင်အယူခံတရားပြိုင်အမည်ကို ဖော်ပြနိုင်မည် မဟုတ်ချေ။ ဥပဒေသည် မဖြစ်နိုင်သည်ကို မရည်ရွယ်ကြောင်း ယခင် တရားလွှတ်တော်ချုပ်က ပြည်နယ်ဆိုင်ရာဝန်ကြီးများ ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြဿနာကို ဆုံးဖြတ်ချက်ရယူရန် ဆွဲအစ်မှု(၄)တွင် ထုံးဖွဲ့ထားသည်။ သို့ဖြစ်ရာ အခြေအနေအရ မအေးအေးမြင့်သည် အယူခံလွှာ၌ အယူခံတရားပြိုင်အမည်ကို ဖော်ပြရန် လိုမည်မဟုတ်ချေ။ ဗဟိုတရားရုံးတွင် တင်သွင်းသော အယူခံလွှာ၌ မအေးအေးမြင့်က ရန်ကုန်

(၄) ၁၉၅၈ မတစ ၈၁ (တရားလွှတ်တော်ချုပ်)

၁၉၈၆

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီးများ ဒေါ်မြဦး ပါ (၃)*

တိုင်းတရားရုံးအား အယူခံတရားမြိုင်အဖြစ် ဖော်ပြခြင်းမှာ ပုံစံကျစေရန် စတင် ဖော်ပြခြင်း ဖြစ်သည်ဟု ယူဆရန် အကြောင်း ပေါ်ပေါက်နေပေသည်။ ဤထူးခြားသော အခြေအနေတွင် ဗဟိုတရားရုံးသည် မအေးအေးမြင့် တင်သွင်းသော အယူခံကို လက်ခံ အဆုံးအဖြတ်မပြုနိုင်ရန် အကြောင်းမရှိဟု ဆိုရပေမည်။ ဗဟိုတရားရုံးသည် မအေးအေးမြင့်၏ အယူခံမှုကို တရားမ ကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၁၁ အရ အကျဉ်းနည်းဖြင့် ပလပ်ရာတွင် အကြောင်းပြထားခြင်း မရှိ၍ မအေးအေးမြင့်၏ အယူခံလွှာ၌ ရန်ကုန်တိုင်း တရားရုံးအား အယူခံတရားမြိုင်အဖြစ် ဖော်ပြထားခြင်းကို အကြောင်းပြုပြီး ပလပ်ခဲ့ခြင်း ဟုတ် မဟုတ် မသိရချေ။ အကယ်၍ ယင်းအကြောင်းကြောင့် ပလပ်ခဲ့ခြင်း ဖြစ်ပါမူ မှားယွင်းသည်ဟု ကောက်ယူရပေမည်။

စောဒက လျှောက်ထားခံရသူ ဦးရွှေကျော်၏ရှေ့နေ ဒေါ်သင်းမြတ်ကြိုင်က မအေးအေးမြင့် စွဲဆိုသော အမှုတွင် တရားမြိုင် ဦးကျော် ကွယ်လွန်သောအခါ အမှုမှာ ရပ်စဲသွားကြောင်း၊ **မောင်ဘနှင့် ဖာတိုင်ယ်ပါ ၅** (၅) **နှင့်မရွှေသစ်နှင့် မောင်ဘိုးအောင်** (၆) စီရင်ထုံးများကို ကိုးကား၍ လျှောက်ထားသည်။

ဗဟိုဥပဒေရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟန်ရီက ဦး**ဘစိန်နှင့် ကိုထွန်းအောင်ပါ ၂** (၇) စီရင်ထုံးကို ကိုးကား၍ အမွေထိန်း စာ လျှောက်ထားသူ ကွယ်လွန်မှသာ အမှုရပ်စဲကြောင်း၊ တရားမြိုင် ကွယ်လွန်သည်ကို အကြောင်းပြု၍ အမှုရပ်စဲသည်ဟု ထုံးဖွဲ့ထားသော စီရင်ထုံး မရှိကြောင်း လျှောက်ထားသည်။

ဒေါ်သင်းမြတ်ကြိုင် ကိုးကားသော အမှုများမှာ အမွေထိန်းစာ လျှောက်ထားမှုများနှင့် မသက်ဆိုင်ချေ။ အမွေထိန်းစာ လျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေးအပေါ် အခြေခံ၍ လျှောက်ထားမှုမျိုးဖြစ်ပြီး အခြားအမှုများမှာကဲ့သို့ တစ်ဦးတစ်ယောက်ထံမှ အခွင့်အရေးတောင်းဆိုသည့် အမှုမျိုး မဟုတ်ချေ။ အမွေတွင် အကျိုးသက်ဆိုင်ခွင့် ရှိသည်ဟု အဆိုရှိသူများက ကန့်ကွက်သဖြင့် အမှု ဆိုင်မြိုင် ရသည့်အဆင့် ရောက်သောအခါ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကန့်ကွက်သူအား တရားမြိုင်

(၅) ဘီ အယ်လ် တီ အတွဲ ၄ စာ ၁၆၄။
(၆) (၁၉၂၁-၂၂) အထက်မြန်မာပြည် စီရင်ထုံးများ စာ ၇၉။
(၇) ၁၉၅၈ မတစ ၅၅၃ (တရားလွှတ်တော်)။

၁၉၈၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးဖျော် (ကွယ်လွန်သူ) ၏ သားသမီးများ ဒေါ်မြဦး ပါ (၃)*

အဖြစ် သတ်မှတ်၍၊ အမှုကို ဆက်လက်စစ်ဆေးရသော်လည်း ကန့်ကွက်သူ သေဆုံးခြင်းသည် အမွေထိန်းစာ လျှောက်ထားသူ၏ အမွေထိန်းစာ ရခွင့်ကို တစုံတရာ ထိခိုက်နိုင်ခြင်း မရှိသဖြင့် ကန့်ကွက်သူ သေဆုံးရုံမျှဖြင့် လျှောက်ထားမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိချေ။

ဒေါ်သင်းမြတ်ကြိုင်က တိုင်းတရားရုံးသည် မခအေးအေးမြင့်၏ သက်သေ ဦးလှအောင်နှင့် ဦးသန်းနွဲ့တို့အား စစ်ဆေးပြီးမှ မအေးအေးမြင့်အား စစ်ဆေးခြင်းမှာ ကျင့်ထုံးနှင့် မညီကြောင်း တင်ပြလျှောက်ထားသည်။ မဟိုဥပဒေရုံးမှ ညွှန်ကြားရေးမှူး ဦးတင်အုံးက ဦးလှအောင်မှာ နေထိုင်မကောင်း၍လည်းကောင်း၊ ဦးသန်းနွဲ့သည် ဟောင်ကောင်မြို့တွင် နေထိုင်သော သားထံသို့ သွားလို၍ လည်းကောင်း၊ သူတို့နှစ်ဦးအား ပထမ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားသည်။ ယင်းအခြေအနေမျိုးတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၈၊ နည်း ၁၆ တွင် ခွင့်ပြုထားသည့်အတိုင်း သက်သေများအား ဦးစွာစစ်ဆေးနိုင်ပေမည်။ မည်သို့ပင်ဖြစ်စေ သက်သေများကို တရားလိုထက် ဦးစွာ စစ်ဆေးရုံမျှဖြင့် အမှုတခုလုံး ပျက်ပြယ်ရန် အကြောင်းမရှိချေ။ အဆိုးစွန်အားဖြင့် လုပ်ထုံးလုပ်နည်း လွဲမှားမှုသာ ဖြစ်ပေလိမ့်မည်၊

မဟိုဥပဒေရုံးမှ တိုင်းတရားရုံးက ချမှတ်သော အမိန့်ကို တိုင်းတရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တဦးကသာ လက်မှတ်ရေးထိုးထားသည်ကို တွေ့ရကြောင်း တင်ပြလျှောက်ထားသည်။

ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် (၁၆)၏ အပိုဒ် (၆) တွင် အောက်ပါအတိုင်း ညွှန်ကြားထားသည်—

> "အထက်ပါ လုပ်ထုံးလုပ်နည်းများအရ စီရင်ချက်ကို ဆီလျော်စွာ ရေးသားပြီးသည့်အခါ တရားစီရင်ရေး အဖွဲ့ဝင်များ အားလုံးက စီရင်ချက်၏ အောက်ဆုံးတွင် လက်မှတ်ရေးထိုးရပါမည်။"

> ထို့ပြင် ပြည်သူ့တရားသူကြီးအဖွဲ့၏ညွှန်ကြားချက်အမှတ် (၂၅) ၏ အပိုဒ် (၆) တွင်လည်း အောက်ပါအတိုင်း ညွှန်ကြားထားသည်—

> "သို့ပါ၍ တရားစီရင်ရေးအဖွဲ့ဝင်များသည် နေ့စဉ်မှတ်တမ်း အမိန့်၊ စွဲချက်၊ ငြင်းချက်ထုတ်သောပုံစံ၊ သက်သေထွက်ချက် အမိန့်နှင့်စီရင်ချက်၊ ထောင်ပို့ဝရမ်း၊ လွှတ်ဝရမ်း၊ ချုပ်မိန့် စသည့် သက်ဆိုင်ရာ စာရွက်စာတမ်းများတွင် အဖွဲ့ဝင်အားလုံး ပြည့်စုံစွာ လက်မှတ်ရေးထိုးကြရန် ထပ်လောင်း ညွှန်ကြားလိုက်

၁၉၇၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီး များ ဒေါ်မြဦး ပါ (၃)*

သည်။ ယင်းသို့ လက်မှတ်ပြည့်စုံစွာ ရေးထိုးရန် တရားစီရင်ရေး အဖွဲ့ဝင်များတွင် တာဝန်ရှိကြသည့် အလျောက် သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌက တာဝန်ယူ ကြီးကြပ်ဆောင်ရွက် ရန် ဖြစ်သည်။''

တိုင်းတရားစီရင်ရေးအဖွဲ့သည် ဤညွှန်ကြားချက်များနှင့်အညီ လက်မှတ်ပြည့်စုံစွာ ရေးထိုးထားခြင်းမရှိ၍ ချမှတ်သော အမိန့်မှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် တိုင်းတရားရုံးနှင့် ဗဟိုတရား စီရင်ရေးအဖွဲ့တို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် ရုံးခွန် အက်ဥပဒေပုဒ်မ ၁၉ (ဇ) အရ လိုအပ်သည့်အတိုင်း ဆောင်ရွက်ပြီးနောက် မအေးအေးမြင့်အား ကျသင့်သော ရုံးခွန်များ ထမ်းဆောင်စေကာ သေတမ်းစာ ပူးတွဲလျက် အမွေထိန်းစာကို အမွေဆက်ခံရေး အက် ဥပဒေပုဒ်မ ၂၃၂ (ခ) အရ ထုတ်ပေးရန် ညွှန်ကြားလိုက်သည်။ တိုင်းတရားရုံးသည် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၁ အရ လိုအပ်သည့်အတိုင်း သင့်သည် ထင်မြင်သည့် ငွေပမာဏဖြင့် မအေးအေးမြင့်အား အာမခံ ချုပ်ဆိုစေရမည်။

၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့စွဲဖြင့် ယာယီတားဝရမ်း ထုတ်ဆင့်ထားခြင်းကို ရုပ်သိမ်းလိုက်သည်။

# တရားမ စေ့ဒကမှု

ဥက္ကဋ္ဌ အဖြစ် ဦးတင်အောင်ဟိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီး၊ ဦးခင်မောင်ကျော်၊ ဦးတွမ်မှုန်း၊ ဦးထွန်းတင်၊ ဦးဘမော်၊ ဒေါက်တာ မောင်မောင်အေး၊ ဦးဝင်းမောင်နှင့် ဦးအေးစန်တို့ ပါဝင်သော ပြည်သူ့တရားသူကြီး အဖွဲ့တစ်ဖွဲ့လုံးရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

(ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့)

နှင့်

ဦးအုန်းရင်ပါ (၂) *

† ၁၉၇၆ ဇန်နဝါရီလ ၉ ရက်

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့်ရှိသူ–နှင်ထုတ်သည့်ဒီကရီ ချမှတ်ခြင်းခံရသော တဆင့်ခံ အိမ်ငှားသည် ယင်းဥပဒေ ပုဒ်မ ၁၅ (၁) ပါ "အိမ်ငှား" ဆိုသော စကားရပ်တွင် အကျုံး ဝင်ခြင်း-နှစ်ရှည်လများ အိမ်လခ ပေးရန် ပျက်ကွက်သော အိမ်ငှားသည် ယင်းဥပဒေပုဒ်မ ၁၅ (၁) ပါ အကျိုးကျေး ဇူးကို ခံစားခွင့် မရှိစေရဟု ဖိတ်ပင်ထားမှု မရှိခြင်း-ဒီကရီ အတည်ပြုသော တရားရုံးသည် ပေးရန်ကျန်ရှိနေသော ငှား ရမ်းခ ပေးခြင်းနှင့် စပ်လျဉ်း၍သာ အမိန့် ချမှတ်နိုင်ပြီး နောင်တွင် ပေးရန်ရှိလာမည့် ငှားရမ်းခနှင့် စပ်လျဉ်း၍- အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းချက် မရှိခြင်း–တရားမကျင့် ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၄ ' မူလရုံး၌ တူညီ သော အကြောင်းပြချက်များ တင်ပြ၍ လျှောက်ထား ခဲ့ကြလျှင် တဆင့်ခံ အိမ်ငှားတစ်ဦးတည်း တင်သွင်းသော အယူခံတွင်

---

* ၁၉၇၅ ခုနှစ်၊ တရားမ စေ့ဒကမှု အမှတ် ၂

† ၁၉၇၄ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၁၂၃ တွင် ချမှတ်သော (၁၃–၆–၇၅) နေ့စွဲပါ ဗဟို တရားစီရင်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် စေ့ဒက လျှောက်ထားမှု။

၁၉၈၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

မူလအိမ်ငှား ပါဝင်ခြင်း မရှိစေကာမူ ဗဟိုတရားရုံးသည် သူ၏ အကျိုးငှာ တိုင်းတရားရုံး၏ ဒီကရီကို ပယ်ဖျက်နိုင်ခြင်း– တရားရုံးက ချမှတ်သော နှင်ထုတ်သည့် ဒီကရီအတိုင်းတရားရုံးက လိုက်နာဆောင်ရွက်သော အမှုတွင်မှ တပါး တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅ နှင့်အညီ ဆောင်ရွက်ပြီးမှသာ ဒီကရီကို အတည်ပြုပြီးရာ ရောက်သည်ဟု ကောက်ယူသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့် ရှိသူသည်–

(၁) အငှားချထားသည့် ဥပစာမှ နှင်ထုတ်သည့် ဒီကရီချမှတ်ခြင်း ခံရသူ ဖြစ်ရမည်။ ထို့ပြင်
(၂) အိမ်ငှားဖြစ်ရမည်။

ထပ်မံဆုံးဖြတ်ချက်။ ။နှင်ထုတ်သည့် ဒီကရီချမှတ်ခြင်းခံရသော တဆင့်ခံ အိမ်ငှားသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)ပါ "အိမ်ငှား" ဆိုသော စကားရပ်တွင် အကျုံးဝင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။အိမ်ငှား တစ်ဦးသည် နှစ်ရှည်လများ အိမ်လခပေးရန် ပျက်ကွက်လျှင် ပုဒ်မ ၁၅ (၁) ပါ အကျိုးကျေးဇူးကို ခံစားခွင့် မရှိစေရဟု ပိတ်ပင်ထားခြင်း မရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)တွင် ဒီကရီကို အတည်ပြုသော တရားရုံးသည် ပေးရန်ကျန်ရှိနေသော ငှားရမ်းခပေးခြင်းနှင့် စပ်လျဉ်း၍သာ အမိန့်ချမှတ်နိုင်သည်။ နောင်တွင် ပေးရန်ရှိလာမည့် ငှားရမ်းခနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်၍ နောင်တွင် ပေးရမည့် အိမ်လခများကိုပါ ပေးစေရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့် မညီညွတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံးတွင် ဦးအုန်းရင်နှင့် ဦးလှကျော်တို့သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ အကျိုးခံစားခွင့်ရရန် ပူးတွဲလျှောက်ထားခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့် သူတို့သည် တူညီသောအကြောင်းပြချက်များ တင်ပြ၍လျှောက်ထားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ဦးလှကျော်

တစ်ဦးတည်း တင်သွင်းသော အယူခံတွင် ဦးထွန်းရီ၏ မူလအိမ်ငှား ဦးအုန်းရင်မှာ အယူခံ တရားလိုအဖြစ် ပါဝင်ခြင်း မရှိစေကာမူ ဗဟို တရားရုံးသည် သူ၏ အကျိုးငှာ တိုင်းတရားရုံး၏ ဒီကရီကို အထက် ဖော်ပြပါ တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ အရ ပယ်ဖျက် နိုင်ပေသည်။

၁၉၅၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

**ထပ်မံဆုံးဖြတ်ချက်။** ။တရားရုံးက ချမှတ်သော နှင်ထုတ်သည့် ဒီကရီအတိုင်း တရားရုံးက လိုက်နာဆောင်ရွက်သော အမှုတွင်မှတပါး တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၁၊ နည်း ၃၅ နှင့် အညီ ဆောင်ရွက် ပြီးမှသာ ဒီကရီကို အတည်ပြုပြီးရာ ရောက်သည်ဟု ကောက်ယူသင့် ပေသည်။

| | |
|---|---|
| စောဒက လျှောက်ထားသူ အတွက် | — ညွှန်ကြားရေးမှူး ဦးတင်အုံး |
| | — ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးသိန်း |
| | — ဥပဒေ ဝန်ထမ်းအဆင့် (၁) ဦးစိန်လှ |
| | — ဥပဒေ ဝန်ထမ်းအဆင့် (၂) ဦးသန်းကျော် |
| စောဒက လျှောက်ထားခံရသူ(၁)- အတွက် | မလာ |
| စောဒက လျှောက်ထားခံရသူ(၂)- အတွက် | ဦးသိန်းဝင်း၊ ဒေါ်ခင်ခင်မြင့်၊ ဗဟို တရားရုံး ရှေ့နေများ |
| တရားရေး အကြံပေး | — ဦးမြ (ညွှန်ကြားရေးမှူး) |
| | — ဦးသိန်းဟန် |

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် တရားရုံး၊ ၁၉၇၃ ခုနှစ် တရားမ ကြီးမှု အမှတ် ၆ တွင် ဦးထွန်းရီ ဆိုသူက ဦးအုန်းရင်၊ ဦးလှကျော်နှင့် ဇနီး ဒေါ်အေးသန်း၊ ဦးကျော်ဖံနှင့် ဇနီး ဒေါ်သိန်းတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ နှင်လိုမှု စွဲဆိုရာ ဒီကရီ ရရှိခဲ့သည်။ ဦးထွန်းရီက ယင်း ဒီကရီကို အဆိုပါ တရားရုံး ၁၉၇၄ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၁

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

တွင် အတည်ပြုသည်။ ဇာရီမှုကို ဆောင်ရွက်ဆဲဘွင် ဦးအုန်းရင်နှင့် ဦးလှကျော်တို့က အဆိုပါတရားရုံး ၁၉၈၄ခု ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၂ တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီး ကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅ (၁) အရ ဇာရီမှုကိုဆိုင်းငံ့ပေးရန်လျှောက် ထားရာ မြို့နယ်တရားရုံးက လျှောက်ထားသည့်အတိုင်း ခွင့်ပြုသည်။ ဦးထွန်းရီက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၄ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှု အမှတ် ၂၀၅ (စမ်းချောင်း) တွင် အယူခံ ဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဇာရီမှုကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်သည်။ ဦးလှကျော်က တိုင်း တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ ၁၉၈၄ ခုနှစ် တရားမ အထွေထွေ အယူခံမှု အမှတ် ၁၂၃ တွင် အယူခံ ဝင်သော အခါ ဗဟိုတရားရုံးက တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည် အတည်ပြုလိုက်သည်။ ဗဟိုတရားစီရင် ရေး အဖွဲ့၏ ဆုံးဖြတ်ချက်သည် အရေးကြီးသည့် ဥပဒေပြဿနာ ပေါ် ပေါက်စေသည်ဟု ဆိုကာ ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့က ပြည်သူ့ တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၈ (ခ) နှင့် ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့ ဥပဒေပုဒ်မ ၇ (စ) တို့ အရ ဤစာဒကမှုကို တင်သွင်းလာသည်။

ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့က တင်ပြလာသော ဥပဒေ ပြဿနာလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်—

၁။ အိမ်လခကြွေးကျန် နှစ်ဆယ့်သုံးနှစ် မပေးပဲ ငှားရမ်းသည့် ဥပစာတွင်နေထိုင်နေသော အိမ်ငှားတစ်ဦးအား ၁၉၆၀ ပြည့် နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)၏ ပြဋ္ဌာန်းချက်ပါ သက်သာခွင့် အကျိုးကျေးဇူးကိုခံစား စေရန် ခွင့်ပြုသင့်—မသင့်။

၂။ မူလမှုတွင် အိမ်လခကြွေးကျန်ကိစ္စ၊ ကြွေးကျန်ပမာဏ၊ ကြွေး ကျန်ဖြေရှင်းပုံ ဖြေရှင်းနည်းကို မတင်ပြခဲ့ခြင်း၊ ဇာရီမှုဖွင့်လှစ် အကောင်အထည် ဖော်ချိန်တွင် ကြွေးကျန်ပေးဆပ်ပုံ ပေးဆပ် နည်းများကို တင်မပြခဲ့သော အိမ်ငှားခ ကြွေးကျန်ရှိသူတစ်ဦး အပေါ် ဥပစာမှ ဖယ်ရှားထွက်ခွာစေရန် ဇာရီမှုတွင် မြေအပ် ငရမ်းထုတ်ပြီး ချိန်တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်း ခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ အရစ်ကျ ပေး

ခွင့်ပြုရန် လျှောက်ထားမှုကို ခွင့်ပြုခြင်းသည် တရားမျှတမှု ဥပဒေ သဘောတရား (Principle of Equity) နှင့်ဆန့် ကျင်မှု ရှိ-မရှိ။

၃။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅ (၁) တွင် "ဒီကရီကို အတည်မပြုရသေးသည့် ကိစ္စ" ဟု ပါရှိရာ ဒီကရီကို ဇာရီမှုတွင် အတည်ပြုမိန့်ချမှတ် ပြီး ဖြစ်ပါလျက် "ဒီကရီကို အတည်မပြုရသေး" ဟု ကောက် ယူခြင်းသည် ဥပဒေအရ မှန်ကန်ခြင်း ရှိ-မရှိ။

၄။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅ (၁) တွင် "ဒီကရီကို အတည်မပြုရသေးသည့် ကိစ္စ" ဟုသာ ဖော်ပြချက်ပါရှိရာ တရားမမှု စွဲဆိုသောအကြိမ် နှင့် ပုဒ်မ ၁၅ (၁)အရ လျှောက်ထားသော အကြိမ် တစ်ကြိမ် သာ ရှိသည်ဟု ထည့်သွင်းစဉ်းစား ဆုံးဖြတ်ခြင်းသည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိ-မရှိ။



စောဒကမှုကို ကြားနာသောအခါ မဟိုဥပဒေရုံးမှ ဥပဒေဝန်ထမ်း အဆင့် (၁) ဦးစိန်လှက ဦးထွန်းရီ၏အိမ်ငှားမှာ ဦးအုန်းရင်ဖြစ် ကြောင်း၊ ဦးလှကျော်သည် ဦးအုန်းရင်၏ အိမ်ငှားသာဖြစ်ကြောင်း၊ မူလမှုတွင် ဦးလှကျော်အား တရားပြိုင်ပုံသဏ္ဍာန် (Proforma Defendant) စွဲဆိုရခြင်းဖြစ်ကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှား ရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ အိမ်ငှား သို့မဟုတ် ယင်းဥပဒေပုဒ်မ ၁၃ (၁) အရ နေထိုင်ခွင့်ရှိသူသာ လျှောက်ထား ခွင့်ရှိကြောင်း၊ ဦးလှကျော်အနေဖြင့် လျှောက်ထားခွင့် မရှိကြောင်း စသည်ဖြင့် လျှောက်ထားသည်။ ယင်းဥပဒေပြဿနာမှာ ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့က တင်ပြသော ပြဿနာများတွင် မပါဝင် ချေ။ သာမန်အားဖြင့်ဆိုလျှင် စောဒကမှု တစ်မှုတွင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က အဆုံးအဖြတ်ပေးရန် တင်ပြလာသော ဥပဒေ ပြဿနာများကိုသာ အဆုံးအဖြတ် ပြုသင့်ပေသည်။ သို့သော် မဟိုဥပဒေ ရုံးက တင်ပြလျှောက်ထားသော အထက်ဖော်ပြပါ ဥပဒေပြဿနာမှာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က တင်ပြလာသော ဥပဒေများနှင့် ဆက်နွယ်နေသည်ကတကြောင်း၊ အိမ်ရှင်အိမ်ငှားလောကတွင်အရေးကြီး သော ပြဿနာဖြစ်သည်ကတကြောင်းကြောင့် ဤစောဒကမှုတွင် ယင်း ပြဿနာကိုလည်း အဆုံးအဖြတ်ပေးသင့်သည်ဟု ယူဆသည်။

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ ရှောက်ထားခွင့်ရှိသူသည်–

(၁) အငှားချထားသည့် ဥပစာမှ နှင်ထုတ်သည့် ဒီကရီ ချမှတ်ခြင်း ခံရသူ ဖြစ်ရမည်။ ထို့ပြင်–

(၂) အိမ်ငှားဖြစ်ရမည်။

ဦးလှခကျော်သည် မူလအမှုဘွင် တရားပြိုင်အဖြစ် ပါဝင်၍ ဒီကရီ ချမှတ်ခြင်း ခံရသည်မှာ အငြင်းမထွက်ချေ။ မကျင်တင်-နှင့် ဘန်နူးနာနီ ဂရမ်ဂျမ်နာဒတ်(စ်) ဖမ်းပါ ၂ (၁) အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်–

> "In a suit for ejectment based upon the fact of there being arrears of rent, the landlord must not only aver but must also prove that there had been in fact arrears of rent. As a sub tenant is bound by the decree against the tenant, he is vitally interested in seeing that there is no collusion between the landlord and the tenant; accordingly, **a sub--tenant is not only a proper party but one whom the Court should add as a party defendant under Order 1, Rule 10(2), Civil Procedure Code**"

ဦးလှကျော်သည် မူလအိမ်ငှား ဦးအုန်းရင်၏ တဆင့်ခံ အိမ်ငှားဖြစ်သည့် အလျှောက် အထက်ဖော်ပြပါ စီရင်ထုံးအရ ဦးထွန်းရီ စွဲဆိုသော နှင်လိုမှုတွင် ဦးလှကျော်သည် ဗဟိုဥပဒေရုံးက တင်ပြလျှောက်ထားသကဲ့သို့ စတိုတရားပြိုင် (Proforma Defendant) မျှသာမဟုတ်ပဲ အမှုသည် အဖြစ် ပါဝင်သင့်သူ ဖြစ်သောကြောင့် တရားပြိုင်တစ်ဦးအဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

ဦးလှကျော်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) တွင် ရည်ညွှန်းထားသော "အိမ်ငှား" မဟုတ်ဟု တင်ပြလျှောက်ထားသည့် အချက်နှင့် စပ်လျဉ်း၍ အဆိုပါ ဥပဒေပါ "အိမ်ငှား" ဆိုသော စကားရပ်ကို အိမ်ရှင်ထံမှ ဥပစာကို

---

(၁) ၁၉၅၅ မ-တ-စ၊ ၁၁၀ (တရားလွှတ်တော်)

ငှားရမ်းနေထိုင်သူထက် ကျယ်ဝန်းစွာ အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်–

“ 'အိမ်ငှား' ဆိုသည်မှာ ဥပစာအတွက် မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှ တဆင့်ဖြစ်စေ၊ ငှားရမ်းခပေးရမည့်သူတစ်ဦး တယောက်ကို ဆိုလိုသည်။ ထို့စကားရပ်တွင် တရားမကျင့်ထုံးကိုဥပဒေ၌ အဓိပ္ပာယ်ဖော်ပြထားသည့် တရားဝင်ကိုယ်စားလှယ် လည်းကောင်း၊ **အခါအားလျော်စွာ အိမ်ငှား ထံမှ တဆင့် ဆိုင်ရာဆိုင်ခွင့် ရှိသူ အသီးသီး လည်းကောင်း၊** အငှားချထားမှု သို့တည်းမဟုတ် အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိအား ငှားရမ်းသည့် ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရ ဖြစ်စေ၊ သဘောတူညီချက်အရ မဟုတ်ပဲ ဖြစ်စေ၊ လက်ရှိ နေထိုင်မြဲ နေထိုင်သူ အသီးသီး လည်းကောင်း ပါဝင်သည်။ ”

တဆင့်ခံ အိမ်ငှားသည် အိမ်ငှားထံမှတဆင့် ဆိုင်ရာဆိုင်ခွင့် ရှိသူဖြစ်ရာ အထက်ဖော်ပြပါ အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးဝင်ပေသည်။ **မစ္စစ်ဒီ၊ အမ်၊ ဆင်းဂါး–နှင့်–ငှားရမ်းခ ကြီးကြပ်ရေး ဝန်ပါ–၄** (၂) အမှုတွင် ယခင် တရားလွှတ်တော်ချုပ်က ဤအတိုင်း ကောက်ယူခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်၍ နှင်ထုတ်သည့် ဒီကရီချမှတ်ခြင်း ခံရသော တဆင့်ခံ အိမ်ငှားသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) ပါ “အိမ်ငှား” ဆိုသော စကားရပ်တွင် အကျုံးဝင်သည်။ ပုဒ်မ ၁၅ (၁) ပါ “အိမ်ငှား” သည် ဦးထွန်းရီ၏ မူလအိမ်ငှား ဦးအုန်းရင်သာ ဖြစ်သည်ဟု ကောက်ယူလျှင် အဆိုပါ ဥပဒေတွင် ဖွင့်ဆိုထားသော “အိမ်ငှား” ဆိုသည့် စကားရပ်၏ အနက်အဓိပ္ပာယ်ကို ကျဉ်းမြောင်းပစ်ရာ ရောက်ပေလိမ့်မည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ မူလရုံးတွင် လျှောက်ထားခဲ့သူများမှာ အိမ်ရှင် ဦးထွန်းရီ၏ မူလအိမ်ငှား ဦးအုန်းရင်နှင့် ဦးလှကျော်တို့ ဖြစ်သည်။ ရန်ကုန်တိုင်း တရားရုံးတွင် ဦးအုန်းရင်သည် အယူခံ တရားပြိုင်အဖြစ် ပါဝင်ခဲ့သည်။ ဗဟို တရားရုံးတွင်မူ ဦးအုန်းရင်သည် အမှုသည် အဖြစ် ပါဝင်ခြင်း မရှိတော့ချေ။

---

(၂) ၁၉၄၉၊ မ–တ–စ ၁၄၃ (တရားလွှတ်တော်ချုပ်)

၁၉၇၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေအကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"Where there are more plaintiffs........than one in a suit, and the decree appealed from proceeds on any ground common to all the plaintiffs ....... any one of the plaintiffs........may appeal from the whole decree, and thereupon the appellate Court may reverse or vary the decree in favour of all the plaintiffs......"

မူလရုံးတွင် ဦးအုန်းရင်နှင့် ဦးကျော်လှတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ အကျိုးခံစားခွင့်ရရန် ပူးတွဲလျှောက်ထားခဲ့ခြင်း ဖြစ်သည်။ တနည်းအား ဖြင့် သူတို့သည် တူညီသော အကြောင်း ပြချက်များ တင်ပြ၍ လျှောက်ထားခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဦးလှကျော် တစ်ဦးတည်း တင်သွင်းသော အယူခံတွင် ဦးထွန်းရှိ၏ မူလအိမ်ငှား ဦးအုန်းရင်မှာ အယူခံ တရားလို အဖြစ် ပါဝင်ခြင်း မရှိစေကာမူ ဗဟိုတရားရုံးသည် သူ၏ အကျိုးငှာ တိုင်းတရားရုံး၏ ဒီကရီကို အထက်ဖော်ပြပါ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ အရ ပယ်ဖျက်နိုင်ပေသည်။ ဗဟို တရားရုံး၏ အယူခံတွင် ဦးအုန်းရင်သည် အမှုသည်အဖြစ် မပါဝင် တော့ လင့်ကစား ဗဟို တရားရုံးက ဆုံးဖြတ်သည့် အယူခံမှုမှာ သူနှင့် ဦးလှကျော်တို့ ပူးတွဲလျှောက်ထားခဲ့သည့် ကိစ္စဖြစ်သည်ဆိုသော အချက် ကို မျက်ခြည်မပြတ်သင့်ချေ။ ထို့ကြောင့် ဦးလှကျော်တစ်ဦးတည်းအနေ ဖြင့် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့် မရှိဟု ဆိုနိုင်စေဦး အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ဦးလှကျော် တင်သွင်းသည့် အယူခံတွင် ဗဟို တရားရုံးက တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ခြင်းမှာ တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၁၊နည်း ၄ ၏ ဘောင်အတွင်း ကျရောက်သည် ဖြစ်၍ ဥပဒေနှင့် ညီညွတ်ပေသည်။

ဥပဒေဝန်ထမ်း အဆင့်(၁) ဦးစိန်လှက ဘိုဂီရစ်နှင့် ဦးဘစိုးပါ ၂ (၃)နှင့် ဒေါ်နှင်းရှိန် (၎င်း၏ တရားဝင် ကိုယ်စားလှယ် ဒေါ်ငနို့လွယ်) နှင့် ဒေါ်ကန် (၄)စီရင်ထုံးများကို ကိုးကား၍ ဗဟို တရားရုံးက အယူခံမဝင်သော ဦးအုန်းရင်ကိုပါ ထည့်သွင်း၍ အကျိုး ခံစားခွင့်ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

(၃) ၁၉၄၉၊ မ-တ-စ၊ ၅၆၅ (တရားလွှတ်တော်)
(၄) ၁၉၇၀၊ မ-တ-စ၊ ၆၂ ( " )

၁၉၀၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

ဘိုဂီရန် အမှုတွင် တရားနိုင် ဘိုဂီရမ်က ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသောအခါ တရားရှုံး အိမ်ငှား ဦးဘစိုးနှင့် ဦးသိန်းမောင်တို့က အိမ်လခအကြွေးများ ပေးဆပ်ပြီး သူတို့အပေါ် ချမှတ်သော ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားသည်။ ဒီကရီ အတည်ပြုသည့် တရားရုံးက ငှားရမ်းခများကို ၆ လမှန်မှန် ဆက်လက်ပေးသွားရန်နှင့် ဒီကရီကို ပယ်ဖျက်သင့်မသင့် နောက်ပိုင်းတွင် စဉ်းစားမည်ဖြစ်ကြောင်း ၁၉-၆-၄၇ နေ့၌ ဆုံးဖြတ်သည်။ ယင်းအမိန့်ကို တရားရှုံးများကဖြစ်စေ၊ တရားနိုင်ကဖြစ်စေ အယူခံဝင်ခြင်းမပြု၊ ၆-၂-၄၈ နေ့တွင် တရားနိုင်က ဒီကရီကို အတည်ပြုပေးရန် ယပ်မံလျှောက်ထားသောအခါ တရားရှုံးများက ၁၉-၆-၄၇ ရက်စွဲပါ အမိန့်အတိုင်း ဆောင်ရွက်ပြီးဖြစ်၍ ဒီကရီကို ပယ်ဖျက်ပေးရန် တန်ပြန်လျှောက်ထားသည်၊ သို့သော် တရားရုံးက ငှားရမ်းခများကို ဆက်လက်၍ မှန်မှန်ပေးသွားရန် ၂၄-၃-၄၈ နေ့တွင် အမိန့်ချမှတ်ပြန်သည်။ ၁၅-၁-၄၉ နေ့တွင် တရားနိုင်က တရားရှုံးများသည် ၂၄-၃-၄၈ ရက်စွဲပါ အမိန့်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု အကြောင်းပြကာ ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားပြန်သည်။ တရားရှုံးများက ကန့်ကွက်သဖြင့် တရားရုံးက စုံစမ်းစစ်ဆေးပြီးနောက် တရားရှုံးများက ငှားရမ်းခများကို လစဉ်လဆန်း ၁၅ ရက်နေ့တွင် ဆက်လက်၍ မှန်မှန်ပေးသွင်းရန် အမိန့်ချမှတ်ပြီး ဇာရီမှုကို ဆက်လက်ဆိုင်းငံ့ထားလိုက်သည်။ ထိုအမိန့်ကို တရားနိုင်က မကျေနပ်၍ ယခင် တရားလွှတ်တော်တွင် အယူခံဝင်သောအခါ တရားလွှတ်တော်က ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၄ (၁) [၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)] တွင် ငှားရမ်းခ အကြွေးများ ပေးဆပ်သည့် ကိစ္စကိုသာ ပြဋ္ဌာန်းထားကြောင်း၊ လောလောဆယ် ပေးရန်ရှိသော ငှားရမ်းခများကို ပေးဆပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အောက်ရုံးက လောလောဆယ်ပေးရန်ရှိသော ငှားရမ်းခများကို ပေးစေရန် ချမှတ်သော ၁၉-၆-၄၇ နှင့် ၂၄-၃-၄၈ ရက်စွဲပါ အမိန့်များမှာ မှားယွင်းကြောင်း၊ သို့သော် တရားရှုံးများသည် ယင်းအမိန့်များကို အယူခံဝင်ခြင်းမပြုခဲ့သဖြင့် တတိယအမိန့်အပေါ် တရားနိုင်က အယူခံဝင်သောအမှုတွင် တရားလွှတ်တော်က အယူခံဝင်ခြင်းမပြုသည့် ၁၉-၆-၄၇ နှင့် ၂၄-၃-၄၈ ရက်စွဲပါအမိန့်များကို ပယ်ဖျက်ခြင်း မပြုနိုင်ကြောင်း ဆုံးဖြတ်သည်။ ယင်းအမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၄ ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးရန် အကြောင်းမပေါ်ပေါက်ချေ။ ယင်းအမှု၏ ဖြစ်ရပ်များသည် ယခုအမှုနှင့် တူညီခြင်းလည်း မရှိချေ။

၁၉၇၆
မြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (မြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂) *

ဒေါ်နှင်းရှိန် အမှုတွင် ဒေါ်ကန်က မိမိ၏ မိခင်ဒေါ်လန်ရိန်သည် အမွေရှင် ဒေါ်ရွှေ၏ ကိတ္တိမသမီး ဖြစ်သည်ဟုဆိုကာ ဒေါ်ရွှေ၏ မွေးစားသမီးဆိုသူ ဒေါ်နှင်းရှိန်အပေါ် အမွေမှုစွဲဆိုရာ မြို့နယ်တရားရုံးက ဒေါ်ကန်သည် ဒေါ်ရွှေ၏ ကိတ္တိမသမီး ဒေါ်လန်ရိန်၏ သမီးဖြစ်၍၊ ဒေါ်ရွှေ၏ အမွေမဲ မြေးဖြစ်ကြောင်း၊ ဒေါ်နှင်းရှိန်သည် ဒေါ်ရွှေ၏ အပတိဋ္ဌ သမီးဖြစ်ကြောင်း ကောက်ယူပြီး ဒေါ်ကန်သည် အမွေ တစ်ဝက်၊ ဒေါ်နှင်းရှိန်သည် အမွေတစ်ဝက် ရထိုက်ကြောင်း ဆုံးဖြတ်သည်။ ဒေါ်နှင်းရှိန်က မွန်ပြည်နယ် တရားရုံးတွင် အယူခံ ဝင်သောအခါ မွန်ပြည်နယ် တရားရုံးက ဒေါ်နှင်းရှိန်သည် အမွေရှင်၏ အပတိဋ္ဌ သမီးသာ ဖြစ်သည့် အလျောက် အမွေရခွင့် မရှိကြောင်း သုံးသပ်ပြီး ဒေါ်နှင်းရှိန်၏ အယူခံမှုကို ပလပ်လိုက်သည့် အပြင် မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုလည်း ပယ်ဖျက်၍ ဒေါ်ရွှေ၏ အမွေအားလုံးကို ဒေါ်ကန်သာ ရထိုက်သည်ဟု ဒီကရီ ချမှတ်လိုက်သည်။

ဒေါ်ကန်သည် မြို့နယ် တရားရုံးက သူ့အား အမွေတစ်ဝက်ပေးသည့် ဒီကရီကို မွန်ပြည်နယ် တရားရုံးတွင် အယူခံဝင်ခြင်း မပြုချေ။ ဒေါ်နှင်းရှိန် တင်သွင်းသည့် အယူခံမှုတွင်လည်း တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ တွင် ခွင့်ပြုထားသည့်အတိုင်း တန်ပြန်ကန့်ကွက်လွှာတင်သွင်းခြင်းလည်း မရှိချေ။ သို့ဖြစ်၍ ဒေါ်ကန်သည် အမွေတဝက် ရခွင့်ရှိကြောင်း ဆုံးဖြတ်သည့် မြို့နယ် တရားရုံး၏ အမိန့်ကို ကျေနပ်လက်ခံရာ ရောက်သည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် အယူခံရုံးဖြစ်သည့် မွန်ပြည်နယ် တရားရုံးသည် ဒေါ်နှင်းရှိန် တင်သွင်းသော အယူခံတွင် ဒေါ်ကန်တောင်းဆိုခြင်း မပြုသော ကျန်အမွေ တစ်ဝက်ကိုလည်း ရခွင့်ရှိသည်ဟု အဆုံးအဖြတ် မပေးနိုင်ကြောင်း ဗဟို တရားရုံးက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းအမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာများသည် ဤအမှုနှင့် တူညီခြင်း မရှိချေ။ သို့ဖြစ်ရာ ဗဟို ဥပဒေရုံးက ကိုးကားသော အထက်ဖော်ပြပါ စီရင်ထုံးများသည် ဤအမှုနှင့်သက်ဆိုင်ခြင်း မရှိဟု ဆိုရပေမည်။

ပထမ ဥပဒေ ပြဿနာ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်များအနက် ဤအမှုနှင့် ပတ်သက်သမျှမှာ အောက်ပါအတိုင်း ဖြစ်သည်—

"ဤ အက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာ...............မှ အိမ်ငှားကို..........နှင်ထုတ်ရန် အတွက်........အမိန့် သို့တည်း မဟုတ် ဒီကရီ ချမှတ်သည့် အချိန်၌သော် လည်းကောင်း၊ ဤ အက်ဥပဒေ အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက် ဖြစ်စေ၊ ထိုအမိန့်ကို သို့တည်းမဟုတ် ထိုဒီကရီကို အတည်ပြု ရန် လျှောက်ထားသည့် အခါတွင် ဖြစ်စေ၊ အိမ်ငှားက.......... ထိုအမိန့်ကို သို့တည်းမဟုတ် ထိုဒီကရီကို အတည်မပြုရန်လျှောက် ထားသည့် အခါတွင် ဖြစ်စေ၊ ထိုအမိန့် သို့တည်းမဟုတ် ထို ဒီကရီကို အတည်မပြုရသေးသည့် ကိစ္စ၌သော် လည်းကောင်း၊ တရားရုံးသည် ပုဒ်မ ၁၂ (၁) အပိုဒ် (ဂ) အရ...............မှ တပါး ထိုအမိန့် သို့တည်းမဟုတ် ထို ဒီကရီ အတည်ပြုခြင်းကို ရပ်ဆိုင်းထားရမည် သို့တည်းမဟုတ် ဆိုင်းငံ့ထားရမည် သို့တည်း မဟုတ် လက်ရှိဖြစ်သော ဥပစာပေးအပ်ရန် နေ့ရက်ကို တရား ရုံးက သင့်သည် ထင်မြင်သည့် ကာလအပိုင်းအခြား သို့တည်း မဟုတ် ကာလအပိုင်းအခြားများတွင် အိမ်ငှားက............... ပေးရန် ကျန်ရှိသေးသော ငှားရမ်းခပေးခြင်းနှင့် စပ်လျဉ်း၍ ............သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များ အရ........ ရွှေ့ဆိုင်းရမည်။ ထို့ပြင် အဆိုပါ စည်းကမ်းချက်များကို လိုက် နာ ဆောင်ရွက်လျှင် တရားရုံးသည် ထို အမိန့်ကို သို့တည်း မဟုတ် ထို ဒီကရီကို အတည်ဖြစ်ခြင်းမှ ရပ်စဲစေရမည် သို့တည်း မဟုတ် ဖျက်သိမ်းရမည်...........။"

၁၉၇၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ မြန်မာ
နိုင်ငံတော်
(ပြည်သူ့
ဥပဒေ အကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးအုန်းရင် ပါ
(၂)*

ဤပြဋ္ဌာန်းချက်များတွင် အိမ်ငှားတစ်ဦးသည် နှစ်ရှည်လများ အိမ် လခပေးရန် ပျက်ကွက်လျှင် ပုဒ်မ ၁၅ (၁) ပါ အကျိုးကျေးဇူးကို ခံစားခွင့် မရှိစေရဟု ပိတ်ပင်ထားခြင်း မရှိချေ။ အိမ်လခ မပေးသည့် အတွက် အငှားချထားသည့် ဥပစာမှ နှင်ထုတ်ရန် ဒီကရီ ချမှတ်ပြီး နောက် ယင်းဒီကရီကို အတည်မပြုရသေးမီ အိမ်ငှားအနေဖြင့် အိမ်လခ ကြွေးများကို တရားရုံးက သတ်မှတ်ပေးသည့် စည်းကမ်းချက်များအရ ပေးဆောင်ပါမည်ဟု လျှောက်ထားလာလျှင် တရားရုံးက ငှားရမ်းခ ကြွေးများကို မည်သို့မည်ပုံ ပေးဆပ်ရမည် ဖြစ်ကြောင်း စည်းကမ်း ချက်များ သတ်မှတ်၍ ဒီကရီ အတည် ပြုခြင်းကို ဆိုင်းငံ့ထားရမည်ဖြစ် သည်။ အိမ်ငှား တရားရုံး၏ လျှောက်ထားချက်သည် ပုဒ်မ ၁၅ (၁) ပါ သတ်မှတ်ချက်နှင့် ညီညွတ်လျှင် တရားရုံးက ခွင့်ပြုရမည် ဖြစ်သည်။ အိမ်လခကြွေး မပေးပဲ နေခဲ့သည်မှာ ကာလတာရှည် ကြာညောင်း သည်ကို အကြောင်းပြုပြီး တရားရုံးအိမ်ငှား၏ လျှောက်ထား ချက်ကို ပယ်ချခြင်း မပြုနိုင်ချေ။

၁၉၇၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

## ဒုတိယ ဥပဒေ ပြဿနာ

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ တရားရှိုး အိမ်ငှားသည် နှင်ထုတ်သည့် ဒီကရီကို အတည်မပြုရသေးမီ ယင်းဒီကရီကို ဆိုင်းငံ့ပေးရန် လျှောက်ထား နိုင်သည်၊ ယင်းသို့ လျှောက်ထားခွင့် ရရှိနိုင်ရန် ယင်းသို့မလျှောက်ထားမီက တရားရှိုး အိမ်ငှားအနေဖြင့် မည်သည့် ကိစ္စရပ်များကို ဆောင်ရွက် ထားပြီး ဖြစ်ရမည်ဟု အထက်ဖော်ပြပါ ပုဒ်မ ၁၅ (၁) တွင် ပြဋ္ဌာန်း ထားခြင်း မရှိချေ။ သို့ဖြစ်၍ တရားရှိုး အိမ်ငှားသည် ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခြင်း မပြုမီက အိမ်လခ ကြွေးကျန်များ ပေးဆပ်သည့် ကိစ္စနှင့် စပ်လျဉ်း၍ တစုံတရာ တင်ပြခဲ့ခြင်း မရှိစေကာမူ ဒီကရီကို အတည်မပြုရသေးမီ လျှောက်ထားပါက သူ၏ လျှောက်လွှာသည် ပုဒ်မ ၁၅ (၁) တွင် အကျုံးဝင်သည်၊

ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့က တင်ပြသော ဒုတိယဥပဒေ ပြဿနာတွင် တရားမဇာရီမှု၌ အပ်ငှားရမ်း ထုတ်ပြီးချိန်တွင် တရားရှိုး များဘက်က ပုဒ်မ ၁၅ (၁) အရ လျှောက်ထားကြောင်း ဖော်ပြ ထားသည်ကို တွေ့ရသည်။ တရားရှိုးများသည် အထက်တွင်ဖော်ပြခဲ့ သည့်အတိုင်း ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ လျှောက်လွှာကို ၂-၅-၇၄ နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။ ထိုနေ့မတိုင်မီက အပ်ဝရမ်းထုတ်ဆင့်ကြောင်း တရားမဇာရီမှု အမှတ် ၁/၇၄ ပါ နေ့စဉ်မှတ်တမ်းများ၌ ဖော်ပြထား ခြင်း မရှိချေ။ အမှုတွဲရှိ မှတ်တမ်းများအရ အိမ်နှင်ဝရမ်း ထုတ်ဆင့် ပေးရန် တရားနိုင်က ၂-၅-၇၄ နေ့တွင် ပထမဆုံးအကြိမ် လျှောက် ထားကြောင်း တွေ့ရသည်။ မြို့နယ်တရားရုံးက အိမ်နှင်ဝရမ်း ထုတ် ဆင့်ရန် ၂၃-၁၁-၇၄ နေ့ကမှ ပထမဆုံးအကြိမ် အမိန့်ချမှတ်ထား ကြောင်းတွေ့ရသည်။ သို့ဖြစ်ရာ တရားရှိုးများက ပုဒ်မ ၁၅ (၁) အရ လျှောက်ထားစဉ်က အိမ်နှင်ဝရမ်း ထုတ်ဆင့်ခြင်း မပြုရသေးကြောင်း ပေါ်ပေါက်သည်။

တရားရှိုးတို့၏ လျှောက်ထားချက်သည် တရားမျှတမှု ဥပဒေသဘော တရားနှင့် ဆန့်ကျင်သည်ဆိုသော ကိစ္စနှင့် စပ်လျဉ်း၍ သူတို့၏လျှောက် ထားချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ အဓိကထား၍ စိစစ်ဆုံးဖြတ်ရန် ဖြစ်ပေသည်။ ယင်းဥပဒေပြဋ္ဌာန်းချက် များနှင့် ညီညွတ်ကြောင်း တွေ့ရှိရပါက တရားမျှတမှု ဥပဒေသဘော

တရား (Principle of Equity) နှင့် ညီညွတ်မှု ရှိမရှိ နောက်တဆင့်တက်၍ စိစစ်ရန် အကြောင်း မပေါ်ပေါက်ချေ။ အကြောင်းမှု ဥပဒေပြဋ္ဌာန်းချက် တစုံတရာမရှိမှသာလျှင် မှုခင်းများကို တရားမျှတမှု ဥပဒေသဘောတရား အစရှိသည်တို့နှင့်အညီ အဆုံးအဖြတ်ပေးရန်ဖြစ်ကြောင်း မြန်မာနိုင်ငံ တရားဥပဒေများ ဆိုင်ရာ အက်ဥပဒေ (The Burma Laws Act) ပုဒ်မ ၁၃ (၃) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသောကြောင့်တည်း—

၁၉၈၆ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

> "In cases not provided for by sub--section (1), or by any other enactment for the time being in force, the decision shall be according to justice, equity and good conscience."

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်များသည် ဤအမှုမှာကဲ့သို့ အိမ်ရှင်အား နှစ်ပေါင်း ၂၀ ကျော် အိမ်လခများပေးရန် ပျက်ကွက်ပြီး တဆင့်ခံအိမ်ငှားထံမှ အိမ်လခများ ရယူခံစားနေသော အိမ်ငှားမျိုးအား အခွင့်အရေးပေးရန် ရည်ရွယ်ဟန် မတူပေ။ သို့သော် တရားရုံးများ၏ တာဝန်မှာ မှုခင်းများကို ဥပဒေအရ တိတိကျကျ အဆုံးအဖြတ်ပေးရသည်သာဖြစ်၍ ဥပဒေနှင့်အညီ မဟုတ်ပဲ တရားမျှတမှု ဖြစ်စေရေးကို ဦးတည်၍ အဆုံးအဖြတ်ပေးခွင့် မရှိချေ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေကို သက်ဆိုင်ရာက ပြန်လည်စိစစ်လျက်ရှိသည်ဟု သိရှိရပါသည်။ ထို့ကြောင့် ယင်းသို့ ပြန်လည်စိစစ်ရာ၌ ထည့်သွင်းစဉ်းစားရန် အလို့ငှာ ဤအမှုဖြစ်ရပ်ကို သက်ဆိုင်ရာသို့ တင်ပြပြီး ဥပဒေကို ပြင်ရန်လိုအပ်လျှင် ပြင်ဆင်နိုင်ရေးအတွက် ဆောင်ရွက်ရန်ဖြစ်သည်ဟု သဘောရရှိပေသည်။

## တတိယဥပဒေပြဿနာ

ဗဟိုဥပဒေရုံးမှ ညွှန်ကြားရေးမှူး ဦးတင်အုန်းက ၁၀–၄–၈၄ နေ့၌ မြို့နယ်တရားရုံးက တရားရုံးများအား အချင်းဖြစ် အိမ်မှ ၂-၅-၈၄ နေ့ကို နောက်ဆုံးထား၍ ဖယ်ရှားပေးစေရန် အမိန့်ချမှတ်လိုက်သော အခါ နှင်ထုတ်သည့်ဒီကရီမှာ အတည်ဖြစ်သွားကြောင်း၊ execution of decree နှင့် enforcement of decree တို့မှာ မတူကြောင်း၊ အချင်းဖြစ် အိမ်မှဖယ်ရှားပေးရန် အမိန့်ချလိုက်ခြင်းသည် ဒီကရီအတည်ပြုခြင်း ဖြစ်ပြီး၊ နောက်ပိုင်း ဆောင်ရွက်ချက်တို့မှာ enforcement of decree ဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။ ဗဟိုဥပဒေရုံး

၁၉၀၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

က ကိုးကားသော တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၁ ၏ဘေးရှိ ခေါင်းစီး (marginal notes) တွင် "Powers of Court to enforce execution" ဟု ဖော်ပြထားသော်လည်း ပုဒ်မတွင် enforce ဆိုသော စကားရပ်ကို မသုံးပဲ "execution of the decree" ဟူ၍ ပါရှိပါသည်။ အလားတူပင် ပုဒ်မ ၅၂ ၏ ဘေးရှိ ခေါင်းစီးတွင် "Enforcement of decree against legal representative" ဟု ဖော်ပြထားသော်လည်း ပုဒ်မတွင် "it may be executed" အစရှိသည်ဖြင့် ပါရှိပါသည်။ တနည်းအားဖြင့် ဒီကရီကို execute လုပ်သည်ဟူ၍သာ ပြဋ္ဌာန်းထားပြီး enforce လုပ်သည် ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။ ထို့ပြင် ပုဒ်မတစ်ခုဘေးရှိ ခေါင်းစီး သည် ပုဒ်မ၏ ပြဋ္ဌာန်းချက်တွင် ပါဝင်ခြင်း မရှိချေ။ **အေဒီဗန် နှင့် ဒို့(စ်)မိုဟာမက်** (၁) ကို ကြည့်ပါ။

ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည့်အခါ ဆောင်ရွက် ရမည့် နည်းလမ်းအဆင့်ဆင့်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ တွင် ပြဋ္ဌာန်းထားသည်။ အမိန့် ၂၁၊ နည်း ၂၂ တွင် တရားရုံးများထံ အကြောင်းကြားစာ ထုတ်ဆင့်ရန် ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် စမ်းချောင်းမြို့နယ် တရားရုံးသည် တရားရုံးများအား ၂၉-၃-၈၄ နေ့တွင် တရားရုံးသို့ လာရောက်ရန် ၇-၃-၈၄ နေ့၌ အကြောင်းကြား စာထုတ်ဆင့်ခဲ့သည်။

နို့တစ်စာထုတ်ပြီးနောက် တရားရုံးက အောက်ပါအတိုင်း ဆောင် ရွက်ရန် နည်း ၂၃ (၁) တွင် သတ်မှတ်ထားသည်-

> "23.(1) Where the person to whom notice is issued under the last preceding rule does not appear, or does not show cause to the satis faction of the Court why the decree should not be executed the Court shall order the decree to be executed."

နည်း ၂၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

> "24. (1) when the preliminary measures (if any) required by the foregoing rules have been taken, the Court shall, unless it sees cause to the contrary, issue its process for the execution of the decree.

---

(၁) ၁၉၅၂၊ မ-တ-စ၊ ၂၃ (တရားလွှတ်တော်)

(2) Every such process shall bear date the day on which it is issued, and shall be signed by the judge or such officer as the Court may appoint in this behalf, and shall be sealed with the seal of the Court and delivered to thc proper officer to be executed.

(3) In every such process **a day shall be specified on or before which it shall be executed,** and a day shall also be specified on or before which it shall be returned to the Court."

၁၉၈၆
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုး ဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

နည်း ၂၅တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

25.(1) The officer entrusted with the execution of the process shall endorse thereon **the day on, and the manner in which, it was executed,** and, if the latest day specified in the process for the return thereof has been execeeded, the reason of the delay, or, **if it was not executed, the reason why it was not executed,** and shall return the process with such endorsement to the Court.

(2) where the endorsement is to the effect that such officer is unable to execute the process, the Court shall examine him touching his alleged inability, and may, if it thinks fit, summon and examine witnesses as to such inability, and shall record the result."

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၃(၁)အရ ဒီကရီကို အတည်ပြုရန် အမိန့်ချမှတ်လိုက်ရုံမျှဖြင့် ဒီကရီမှာ အလိုအလျောက် အကြောင်းအထည် မပေါ်သေးချေ။ နည်း ၂၄တွင် ပြဋ္ဌာန်းထားသည့် အတိုင်း အပ်ဝရမ်း ထုတ်ဆင့်ရဦးမည်။ နည်း ၂၄(၃)တွင် အပ်ဝရမ်း၌ ဒီကရီကို မည်သည့် နေ့တွင် သို့မဟုတ် မည်သည့်နေ့မတိုင်မီ အတည်ပြုရန် (တနည်းအားဖြင့် ပစ္စည်းအပ်ရန်) ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်းက ဒီကရီ - အတည်ပြုရမည့် နေ့သည်အပ်ဝရမ်းထုတ် ဆင့်သော ရက်ထက် နောက်ကျကြောင်း ညွှန်ပြလျက်ရှိသည်။ သို့ဖြစ်ရာ အပ်ဝရမ်းထုတ်ဆင့်လိုက်သည်နှင့် တပြိုင်နက် ဒီကရီ အတည်ဖြစ်သွား ပြီဟု ကောက်ယူခြင်း မပြုနိုင်ချေ၊ ထို့ပြင် အပ်ဝရမ်း ထုတ်ဆင့်သော်

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ပြစ်သူ၊
ဥပဒေ အကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးအုန်းရင် ပါ
(၂)*

လည်း အကြောင်းကြောင်းကြောင့် အတည်မပြုနိုင်မှုများ ရှိနိုင်သည်။ သို့ဖြစ်၍ အပ်ဝရမ်းကို အတည်မပြုနိုင်ပါက အပ်ဝရမ်းအတည်ပြုသူက အဘယ်ကြောင့် အတည်မပြုနိုင်ကြောင်း အကျိုးအကြောင်း ဖော်ပြ၍ တရားရုံးသို့ အစီရင်ခံရန် နည်း ၂၅ (၁) တွင် ပြဋ္ဌာန်းထားသည်။

ဒီကရီအမျိုးမျိုးကို အတည်ပြုရာတွင် ဆောင်ရွက်ရန် နည်းလမ်းများကို Mode of Execution ဟူသော ခေါင်းစဉ်ဖြင့် အမိန့် ၂၁၊ နည်း ၃၀မှ ၃၆ တွင် ပြဋ္ဌာန်းထားရာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအား လက်ရောက်ပေးအပ်ရာ၌ မည်သို့မည်ပုံ လက်ထိလက်ရောက် ပေးအပ်ရပုံကို နည်း ၃၅ (၁) တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်–

> "35.(1) where a decree is for the delivery of any immoveable property, possession thereof shall be delivered to the party to whom it has been adjudged, or to such person as he may appoint to receive delivery on his behalf, and, if necessary, by removing any person bound by the decree who refuses to vacate the property."

ဗဟိုဥပဒေရုံးက တင်ပြသည့်အတိုင်း နှင်ထုတ်သည့် ဥပစာမှ ထွက်ခွာသွားစေရန် အမိန့်ချမှတ်ရုံမျှဖြင့် ဒီကရီမှာ အတည်ပြုပြီး ဖြစ်သွားပါမူ အထက်တွင် ဖော်ပြထားသည့် ယင်းဒီကရီမျိုးအတွက် အတည်ပြုပုံ ပြုနည်းကို ပြဋ္ဌာန်းရန် လိုမည်မဟုတ်ချေ။ ယင်းသို့ ပြဋ္ဌာန်းထားသည်ကို ထောက်ချင့်၍ လည်းကောင်း၊ လက်ရောက် ပေးအပ်သည်အထိ အဆင့်ဆင့်သော ဆောင်ရွက်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားခြင်းကို ထောက်ချင့်၍ လည်းကောင်း တရားရုံးက ချမှတ်သော နှင်ထုတ်သည့် ဒီကရီ အတိုင်း တရားရုံးက လိုက်နာဆောင်ရွက်သော အမှုတွင် မှတပါး တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅နှင့် အညီ ဆောင်ရွက်ပြီးမှသာ ဒီကရီကို အတည်ပြုပြီးရာ ရောက်သည်ဟု ကောက်ယူသင့်ပေသည်။ ဤအမှုတွင် မြို့နယ်တရားရုံးက တရားရုံးများအား ၂–၅–၈၄ နေ့ကို နောက်ဆုံးထား၍ အချင်းဖြစ် ဥပစာမှ ထွက်ခွာသွားစေရန် ၁၈–၄–၈၄နေ့၌ အမိန့်ချမှတ်ခြင်းသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၃ (၁) တွင် ပြဋ္ဌာန်းထားသည့်အဆင့်ထက် ကျော်လွန်သည်ဟု မည်သည့်နည်းနှင့်မျှမဆိုနိုင်ချေ။ သို့ဖြစ်၍ ၂–၅–၈၄ နေ့တွင် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်

ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားစဉ်က ဦးအုန်းရင်နှင့် ဦးလှကျော်တို့အပေါ် ချမှတ်ထားသည့် ဒီကရီကို အတည်မပြုရသေးဟု ဗဟိုတရားစီရင်ရေးအဖွဲ့က ကောက်ယူဆုံးဖြတ်ခြင်းသည် မှန်ကန်ပေသည်။

၁၉၈၆ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့) နှင့် ဦးအုန်းရင် ပါ (၂)*

ဗဟို ဥပဒေရုံးက တင်သွင်းသော ရေးသားလျှောက်လဲချက်တွင် အောက်ပါအတိုင်း တင်ပြထားကြောင်း တွေ့ရသည်—

''ယခု ကိစ္စတစ်ခုလုံးတွင် အိမ်ငှားကို နှင်ထုတ်ရန် တရားမကြီးမှု ၆/၈၃ ကို စွဲဆိုပြီး ဒီကရီ ချမှတ်ပြီး ဖြစ်ပါသည်။ ယင်းတရားမကြီးမှုကို အတည်ပြုရန် ဇာရီမှု ၁/၈၄ ကို လျှောက်ထားပြီး ဖြစ်ပါသည်။ ယင်း ဇာရီမှုတွင် တရားရုံးတို့အား ထွက်သွားရန် ၁၀-၄-၈၄ နေ့တွင် ဒီကရီကို အတည်ပြုပြီး ဖြစ်ပါသည်၊ ယင်း အချိန်များတွင် ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခဲ့ခြင်း မရှိပါ။ တရားရုံးတို့သည် ၎င်းတို့ရရှိသော အခွင့်အရေးကို စွန့်လွှတ်ခဲ့ပြီး ဖြစ်ပါသည်။ မိမိအခွင့်အရေးကို စွန့်လွှတ်ခဲ့ပြီးနောက်မှ အသစ်တစ်ကြိမ် စတင်တောင်းဆိုပိုင်ခွင့် မရှိတော့ပါ၊ သို့ဖြစ်ပါ၍ ပုဒ်မ ၁၅ (၁) အရ တရားမ အထွေထွေလျှောက်ထားမှု အသစ်စတင် လျှောက်ထားနိုင်ခြင်း မရှိတော့ပါ။''

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ အကျိုးခံစားခွင့် ရနိုင်ရန် တရားရုံး အိမ်ငှားသည် သူ့အပေါ် ချမှတ်ထားသော ဒီကရီကိုအတည်မပြုမီ လျှောက်ထားရန်သာ လိုသည်။ ဒီကရီ ချမှတ်ပြီးနောက် ဆောလျင်နိုင်သမျှ ဆောလျင်စွာ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားရမည်ဟု ယင်းပုဒ်မတွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်ရာ ဦးလှကျော်တို့သည် ၂-၅-၈၄ နေ့မတိုင်မီ လျှောက်ထားရန် ပျက်ကွက်ရုံမျှဖြင့် သူတို့၏ အခွင့်အရေးကို စွန့်လွှတ်သည်ဟု မဆိုနိုင်ပေ။ ထို့ပြင် ယင်းသို့ စွန့်လွှတရာ ရောက်ကြောင်း ပုဒ်မ ၁၅ (၁) တွင် ပြဋ္ဌာန်းထားခြင်း မရှိပါဝဲလျက် စွန့်လွှတ်ရာရောက်သည်ဟု ကောက်ယူရန် မသင့်ပေ။

## စတုတ္ထ ဥပဒေ ပြဿနာ

ဗဟို တရားရုံးက အယူခံမှုတွင် အောက်ပါအတိုင်း သုံးသပ်ထားသည်—

''အမှုတွဲကို သုံးသပ်ကြည့်သောအခါ ဦးထွန်းရီက ဦးလှကျော်တို့အပေါ် ငှားရမ်းခများပေးရန် ပျက်ကွက်သည့်အတွက်

၁၉၈၆
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(စီးသူ့
ဥပဒေ အကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးအုန်းရင် ပါ
(၂)*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)(က) အရ မြို့နယ် တရားရုံး၌ တရားမကြီးမှု အမှတ် ၆/၇၃ ဖြင့် တကြိမ်သာ စွဲဆိုဖူးကြောင်း ပေါ်လွင်သည့်အပြင် ဦးထွန်းရီက ဒီကရီကို အတည်ပြုရန် ဇာရီမှုဖွင့်လှစ်ခဲ့သောကြောင့် ဦးလှကျော်တို့က ယင်းအက်ဥပဒေပုဒ်မ ၁၅ (၁)အရ ငှားရမ်းခ ကျန်ငွေများကို အရစ်ကျပေးသွင်းခွင့်ပြုရန် တရားမ အထွေထွေ လျှောက်လွှာအမှတ် ၂/၇၄ တွင်တစ်ကြိမ်သာ လျှောက်ထားဘူးကြောင်း ပေါ်ပေါက်နေပေသည်။''

ယင်း သုံးသပ်ချက်နှင့် စပ်လျဉ်း၍ မဟာ ဥပဒေရုံးက တင်သွင်းသောရေးသား လျှောက်လဲချက်တွင် အောက်ပါ အတိုင်း တင်ပြထားသည်--

> ''မဟာ တရားစီရင်ရေး အဖွဲ့၏ သုံးသပ်ချက်တွင် အိမ်ငှားသည် ဒီကရီကျပြီးနောက် ဤတစ်ကြိမ်သာ လျှောက်ထားသည့်အတွက် ခွင့်ပြုကြောင်း ပါရှိပါသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေပုဒ်မ ၁၅ (၁) တွင် အိမ်ငှားတွင် လျှောက်ထားရန် အခွင့်အရေး အကြိမ်မည်မျှရှိသည်ဟု ပြဋ္ဌာန်းချက် မရှိပါ။ ပြဋ္ဌာန်းချက်တွင် မည်သည့်အချိန်အခါတွင် အိမ်ငှားအနေဖြင့် လျှောက်ထားခွင့်ရှိကြောင်း ပါရှိပါသည်။ ဤပြဋ္ဌာန်းချက်ပါ အချိန်အခါကို ကျော်လွန်ပြီးမှ အိမ်ငှားက ဤအမှုတွင် လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်၊ သို့ဖြစ်၍ မဟာ တရားစီရင်ရေး အဖွဲ့၏ သုံးသပ်ချက်သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု မရှိပါကြောင်း တင်ပြအပ်ပါသည်။''

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) တွင် တရားရုံး အိမ်ငှားအနေဖြင့် ယင်း ပုဒ်မ အရ လျှောက်ထားရန်အခွင့်အရေး အကြိမ်မည်မျှ ရှိသည်ဟု ပြဋ္ဌာန်းချက်မရှိဟူသော တင်ပြချက်မှာ မှန်ကန်ပေသည်။ သို့ရာတွင် တရားရုံးအိမ်ငှားသည် တရားရုံးက သတ်မှတ်ပေးသော စည်းကမ်းချက်များ အတိုင်း ငှားရမ်းခ အကြွေးများကို ပေးဆပ်ရန် ပျက်ကွက်လျှင် ပုဒ်မ ၁၅ (၁) အရ ထပ်မံလျှောက်ထားခွင့် မရှိတော့ဟု စေ၊ အက်(စ်) အဗ္ဗဒူကာဒါ နှင့် ရှရီကာလီ ဘုရားရှစ်ခိုးကျောင်း ဂေါပက(⁶)အမှု

(၆) ၁၉၄၉ မ-တ-စ၊ ၁၇၅ (တရားလွှတ်တော်)

တွင် ထုံးဖွဲ့ထားရာ ဗဟိုတရားစီရင်ရေးအဖွဲ့က ဦးလှကျော်သည် ပုဒ်မ ၁၅ (၁) အရ တစ်ကြိမ်သာ လျှောက်ထားခဲ့ဘူး၍ ယင်းပုဒ်မ၏အကျိုး ခံစားခွင့် ရှိသင့်သည်ဟု သုံးသပ်ခဲ့ဟန် တူပေသည်။ ယင်းသို့ သုံးသပ်ခြင်းဖြင့် ပုဒ်မ ၁၅ (၁) အရ အကြိမ်ကြိမ် လျှောက်ထားနိုင်သည်ဟု ဆိုလိုရာ မရောက်ချေ။ ယင်း သုံးသပ်ချက်မှာ ပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ကြောင်းလည်း မတွေ့ရှိရပေ။

၁၉၈၆
မြန်မာနိုင်ငံတော်
ဆိုရှယ်လစ်
သမ္မတမြန်မာ
နိုင်ငံတော်
(ပြည်သူ့
ဥပဒေအကျိုး
ဆောင်အဖွဲ့)
နှင့်
ဦးအုန်းရင် ပါ
(၂)*

၎င်းစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော ကိစ္စတစ်ရပ် ရှိသည်။ ဗဟိုတရားရုံးက အတည်ပြုထားသော မြို့နယ်တရားရုံး၏ အမိန့်တွင် အိမ်လခ ကြွေးကျန်များကိုသာမက လက်ရှိပေးဆောင်ရမည့် အိမ်လခများကိုပါ ပေးဆောင်စေရန် အမိန့်ချမှတ်ထားကြောင်းတွေ့ရ သည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅ (၁) တွင် ဒီကရီကို အတည်ပြုသော တရားရုံးသည် ပေးရန်ကျန်ရှိနေသော ငှားရမ်းခ ပေးခြင်းနှင့် စပ်လျဉ်း၍သာ အမိန့် ချမှတ်နိုင်သည်။ နောင်တွင် ပေးရန်ရှိလာမည့် ငှားရမ်းခနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်၍ နောင်တွင် ပေးရမည့် အိမ်လခများကိုပါ ပေးစေရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေ နှင့် မညီညွတ်ပေ။ ဘိုဂီရမ် နှင့် ဦးဘစိုးပါ ၂ (၇) စီရင်ထုံးတွင် ၎င်းအတိုင်း ပြဆိုထားသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဗဟို တရားစီရင်ရေး အဖွဲ့၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိသည့် အလျောက် ဗဟို တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက် သည်။

# တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီး နှင့် ဦးဘာမော်တို့ ပါဝင်သော ဗဟို တရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ရှင်

ဦးမောင်မောင်လေး

၁၉၀၆ / ဖေဖော်ဝါရီလ ၂၇ ရက်

နှင့်

ဦးမောင်မောင်လေး *

ဒေါ်သန်းတင်ပါ (၃)

**တရားမကျင့်ထုံးဥပဒေနောက်ဆက်တွဲ (ဃ) အမှတ်စဉ် (၁၅) နှင့်(၁၁)ပဏာမဒီကရီချမှတ်ပြီးနောက် တစ်စုံတစ်ရာဆောင်ရွက်ခြင်း မပြုပဲ အပြီးသတ် ဒီကရီချမှတ်ရန် မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း-အမွေစီမံခန့်ခွဲပေးစေလိုမှုတွင် အပြီးသတ် ဒီကရီ ချမှတ်ရန် အလို့ငှာ အမွေပစ္စည်းတန်ဖိုးကို စုံစမ်းသတ်မှတ်ရန် အတွက် ပြဋ္ဌာန်းချက် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ပဏာမဒီကဒီချမှတ်ပြီးနောက် တစ်စုံတစ်ရာဆောင်ရွက်ခြင်း မပြုပဲ အပြီးသတ် ဒီကရီ ချမှတ်လျှင် အပြီးသတ် ဒီကရီမှာ ပဏာမ ဒီကရီနှင့်ကွဲပြားခြားနားရန် အကြောင်းရှိမည် မဟုတ်၍အမည်ခံမျှသာ ဖြစ်ပေလိမ့်မည်။အပြီးသတ် ဒီကရီကို စတိချမှတ်သည့်သဘောသက်ရောက်ပေလိမ့်မည်။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတွင် ချမှတ်ရသည့် ပဏာမ ဒီကရီနှင့် အပြီးသတ် ဒီကရီပုံစံတို့ကို တရားမကျင့်ထုံးဥပဒေ နောက်ဆက်တွဲ (ဃ) အမှတ်စဉ် (၁၅) နှင့် (၁၀) တို့တွင်အသီးသီး ဖော်ပြထားရာ ယင်းပုံစံနှစ်ခုကို နှိုင်းယှဉ်လေ့လာ ကြည့်ပါက ပဏာမ ဒီကရီချမှတ်ပြီးနောက် အပြီးသတ် ဒီကရီ မချမှတ်မီ ဆောင်ရွက်ရန် ကိစ္စရပ်များရှိကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ ပဏာမဒီကရီချမှတ်ပြီးနောက် တစ်စုံတစ်ရာ ဆောင်ရွက်ခြင်း မပြုပဲအပြီးသတ် ဒီကရီချမှတ်ရန် မဟုတ်ကြောင်း ပေါ်ပေါက်သည်။

---

* ၁၉၇၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၀၆၊ ၉၅

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄ ၁တွင် ချမှတ်သော(၂၀-၉-၇၃) ရက် နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆

ဒေါ်ရှင်
ဦးမောင်မောင်လေး
နှင့်
ဦးမောင်မောင်လေး
ဒေါ်သန်းတင်
ပါ(၃)

**ထမ်မံဆုံးဖြတ်ချက်။** ။အမွေ စီမံခန့်ခွဲပေးစေလိုမှုတွင် အပြီးသတ် ဒီကရီချမှတ်ရန် အလို့ငှာ အမွေပစ္စည်း တန်ဖိုးကို စုံစမ်းသတ်မှတ်ရန်အတွက် ပြဋ္ဌာန်းချက် မရှိချေ။ တန်ဖိုး သတ်မှတ်ရုံဖြင့် အမှုပြီးဆုံးသွားရန်လည်း အကြောင်း မရှိချေ။ အမွေပစ္စည်းများ အနက် တရားလိုရရန်ရှိသော ဝေစုကို ခွဲဝေသတ်မှတ်သည့် ဒီကရီသာလျှင် အပြီးသတ် ဒီကရီမြောက်ပေသည်။

အယူခံ တရားလို အတွက် — ဦးတင့်စိုး၊ ဗဟို တရားရုံးရှေ့နေ
ဦးမြစိန်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံ တရားပြိုင်အတွက် — ဦးမြစိန်၊ ဗဟို တရားရုံးရှေ့နေ
၁ နှင့် ၃ အတွက် ဒေါ်မြင့်မြင့်သိန်း၊ ဗဟိုတရားရုံး ရှေ့နေ၊
၂ အတွက် ဦးတင့်စိုး၊ ဗဟိုတရားရုံး ရှေ့နေ

တရားမရေး အကြံပေး — ဦးလှမြင့်ဝင်း

ဦးမောင်မောင်လေး၊ ဒေါ်သန်းတင်၊ ဒေါ်ရှင်နှင့် ဒေါ်ဇနည်ဂီ တို့သည် ကွယ်လွန်သူ ဦးမြနှင့် ဒေါ်ကြည်တို့၏ သားသမီးများ ဖြစ်ကြသည်။ ဦးမောင်မောင်လေးက မိဘများကွယ်လွန်သောအခါ မန္တလေးမြို့၊ သီရိဟေမာ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၁)၊ ဦးပိုင်အမှတ်(၁၇)စာရင်းပေါက်သော မြေနှင့်မြေပေါ်ရှိ အိမ်တစ်လုံး ကျန်ရစ်ကြောင်း အဆိုပြုပြီး အမွေပစ္စည်းများကို စီမံခန့်ခွဲပေးစေရန် မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၄၁/၇၀ (အနောက်တောင်)တွင် တရားစွဲဆိုရာ တိုင်းတရားရုံးက မြေသာလျှင် အမွေဆိုင် ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်၍ ဦးမောင်မောင်လေးသည် ယင်းမြေ၏ ၄ ပုံ ၁ ပုံကို ခံစားခွင့်ရှိကြောင်း ပဏာမ ဒီကရီ ချမှတ်လိုက်လေသည်။

ထို့နောက် မြေလက်ရှိ ဖြစ်သူ ဒေါ်ရှင်ဘက်မှ ဦးမောင်မောင်လေးသည် သူ၏ဝေစုကို ကျပ် ၂၅၀၀၀ိ/သတ်မှတ်၍ တရားစွဲဆိုခဲ့ရာ အချင်းဖြစ်အိမ်မှာ အမွေဆိုင် မဟုတ်သဖြင့် အိမ်၏ တန်ဖိုးကို ထုတ်နုတ်ရမည်ဖြစ်သည့် အလျောက် မြေတန်ဖိုးကို စုံစမ်းပြီး အပြီးသတ် ဒီကရီချမှတ်ရန် ဖြစ်သည့်အတွက် မြေ၏ တန်ဖိုးကို စုံစမ်းပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက စုံစမ်းမှု ပြုလုပ်ပြီးနောက် ''အချင်းဖြစ် မြေ၏ကာလတန်ဖိုးကို ကျပ် ၂၀၀၁၀၀ိ/—တန်ကြောင်းဖြင့် အပြီးသတ် ဒီကရီချမှတ်

ပေးလိုက်သည်။'' ဟူ၍ စီရင်ချက် ချမှတ်ပြီး အပြီးသတ် ဒီကရီတွင်မူ အောက်ပါအတိုင်း ဖော်ပြသည်—

> ''အမွေ ခွဲဝေပေးစေရန် ပဏာမ ဒီကရီ ချမှတ်ထားသော အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ကျပ် (၂၀၀၀၀၀) နှစ်သိန်းတန်ကြောင်း သတ်မှတ်သည်။''

ဒေါ်ရှင်က တိုင်းတရားရုံးသည် အချင်းဖြစ်မြေ၏ ကာလတန်ဖိုးကို ကျပ် ၂၀၀၀၀၀ိ/–တန်သည်ဟု သတ်မှတ်၍ အပြီးသတ် ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု အကြောင်းပြကာ ဗဟိုတရားရုံး၊ တရားမပထမ အယူခံမှု အမှတ် ၈၆/၈၃ တွင် ဦးမောင်မောင်လေး အပေါ် အယူခံ ဝင်သည်။ ဦးမောင်မောင်လေးကလည်း မြေတန်ဖိုးမှာ ကျပ် ၄၀၀၀၀၀ိ/–ဖြစ်သဖြင့် တိုင်းတရားရုံး၏ အပြီးသတ် ဒီကရီသည် မှားယွင်းသည်ဟု အကြောင်းပြ၍ ဒေါ်သန်းတင်ပါ (၃) ဦးတို့ အပေါ် တရားမ ပထမ အယူခံမှု အမှတ် ၉၅/၈၃ ကို တင်သွင်းလာသည်။ အယူခံမှု နှစ်မှုမှာ မူလအမှု တစ်မှုတည်းမှ ပေါ်ပေါက်လာသည်ဖြစ်၍ ဤ စီရင်ချက်သည် အဆိုပါ အယူခံမှု နှစ်မှုလုံးနှင့် သက်ဆိုင် စေရမည်။

ဦးမောင်မောင်လေး၏ ရှေ့နေကဒေါ်ရှင်သည် ဦးမောင်မောင်လေး တစ်ဦးတည်းအပေါ်အယူခံဝင်ထားရာ အမှုသည် မစုံသဖြင့် ဒေါ်ရှင်၏ အယူခံမှာ တရားမဝင်ကြောင်း တင်ပြလျှောက်ထားသည်။ အမှုမှာ ဦးမောင်မောင်လေးအား အမွေ ၄ ပုံ ၁ ပုံ ခွဲပေးရန် ဖြစ်သဖြင့် ကျန်အမွေဆိုင်များမှာ ဤအယူခံ အလို့ငှာ မပါမဖြစ် ပါဝင်ရမည့် အမှုသည်များ မဟုတ်ချေ။

ဤအယူခံတွင် ပထမဆုံး သုံးသပ်လိုသည့် အချက်မှာ စီရင်ချက်တွင် မြေတန်ဖိုးကို ကျပ် ၂၀၀၀၀၀ိ/–ဖြစ်ကြောင်း သတ်မှတ်ထားပါလျက် ဒီကရီတွင် မြေနှင့် အဆောက်အအုံကို ကျပ် ၂၀၀၀၀၀ိ/–တန်သည်ဟု ဖော်ပြထားခြင်းသည် တရားမကျင့်ထုံး ဥပဒေ အမိန့် ၂၀၊ နည်း ၆ (၁) နှင့် မညီညွတ်ချေ။ ဒီကရီသည် စီရင်ချက်နှင့် ကိုက်ညီရန် လိုအပ်ပေသည်။ မြေပေါ်ရှိ အဆောက်အအုံမှာ အမွေဆိုင် မဟုတ်ကြောင်း ပဏာမ ဒီကရီတွင် ဆုံးဖြတ်ပြီး ဖြစ်သဖြင့် အိမ်ကို အမွေခွဲရန် အကြောင်း မရှိချေ။

ဦးမောင်မောင်လေးသည် အချင်းဖြစ် အိမ်နှင့်မြေကို တရားရုံးက စီမံခန့်ခွဲ၍ ခွဲဝေပေးစေရန် သက်သာခွင့် တောင်းဆိုကာ အမှုစွဲဆိုခြင်း

ဖြစ်သည်။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတွင် အပြီးသတ် ဒီကရီမချမှတ်မီ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၀၊ နည်း ၁၃ အရ ကွယ်လွန်သူကျန်ရစ်သော အမွေပစ္စည်း အရပ်ရပ်နှင့် ပေးဆပ်ရန်ရှိသည့် ကြွေးမြီများ စာရင်းကောက်ယူရန် ပဏာမ ဒီကရီ ချမှတ်ရသည်။ တရားရုံးသည်အခြား သင့်သည် ထင်မြင်သော ညွှန်ကြားချက်များလည်း ပေးနိုင်သည်။ ဤအမှုတွင် အချင်းဖြစ် မြေမှအပ အခြားအမွေပစ္စည်း တစုံတရာရှိကြောင်း မပေါ်ပေါက်ချေ။ ကြွေးမြီ တစုံတရာ တင်ရှိကြောင်းလည်း မပေါ်လွင်ချေ။ ဤအခြေအနေတွင် အမွေဆိုင် မြေကို ဦးမောင်မောင်လေးအား ၄ ပုံ ၁ ပုံ ခွဲဝေပေးရန် ဖြစ်သည်။ တရားပြိုင်များက မိမိတို့အစုအတွက် ရုံးခွန်ထမ်းဆောင်လျှင် သူတို့ဝေစုကိုလည်း ခွဲဝေပေးရန် ဖြစ်သည်။ မြေခွဲဝေပေးသည့် ကိစ္စမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၄ တွင် အကျုံးဝင်လျှင် သက်ဆိုင်ရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဖြစ်စေ၊ ယင်းအဖွဲ့က တာဝန်ပေးသောသူက ဖြစ်စေ၊ ပစ္စည်းခွဲဝေရန် ဖြစ်သည်။ ပုဒ်မ ၅၄တွင် အကျုံးမဝင်သော ပစ္စည်းဖြစ်လျှင်မူ တရားရုံးသည် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်း ၁၃အရ ကော်မရှင်နာ ခန့်ထား၍ ပစ္စည်းကို ခွဲဝေစေနိုင်သည်။

တိုင်းတရားရုံးသည် အချင်းဖြစ်မြေကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၅၄အရ ခွဲဝေပြီးသောအခါ ဖြစ်စေ၊ အမိန့် ၂၆၊ နည်း ၁၃အရ ခန့်ထားသော ကော်မရှင်နာက ခွဲဝေပြီးသောအခါဖြစ်စေ၊ ယင်းခွဲဝေမှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုရှိလျှင် လိုအပ်သလို အဆုံးအဖြတ်ပေးပြီးနောက် တရားလိုရသော ဝေစုကို ဖော်ပြလျက် အပြီးသတ် ဒီကရီ ချမှတ်ရန် ဖြစ်သည်။

ဦးမောင်မောင်လေး၏ ရှေ့နေ ဦးမြစိန်က အမှုမှာ ရှင်းလင်းလွယ်ကူသည်ဖြစ်၍ အချင်းဖြစ်မြေကို ခွဲဝေရန် ကော်မရှင်နာ ခန့်ထားခြင်း မပြုပဲ အပြီးသတ် ဒီကရီ ချမှတ်နိုင်ကြောင်း တင်ပြလျှောက်ထားသည်။ ဒေါ်သန်းတင်တို့၏ ရှေ့နေက ဦးမြစိန်အား ထောက်ခံတင်ပြသည်။ ရှင်းလင်းလွယ်ကူသော အမွေမှုတွင် ပဏာမဒီကရီ ချမှတ်ခြင်း မပြုပဲ အပြီးသတ်ဒီကရီ ချမှတ်နိုင်သည်မှာ ယုံမှားဖွယ် မရှိပေ။ သို့ရာတွင် ယခုအမှုမှာကဲ့သို့ ပဏာမဒီကရီ ချမှတ်ပြီးနောက် တစုံတရာ ဆောင်ရွက်ခြင်းမပြုပဲ အပြီးသတ်ဒီကရီ ချမှတ်လျှင် အပြီးသတ်ဒီကရီမှာ ပဏာမဒီကရီနှင့် ကွဲပြားခြားနားရန် အကြောင်းရှိမည် မဟုတ်၍ အမည်ခံမျှသာ ဖြစ်ပေလိမ့်မည်။ အပြီးသတ်ဒီကရီကို စတိချမှတ်သည့်သဘောသက်ရောက်ပေလိမ့်မည်။ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတွင် ချမှတ်

၁၉၈၆
ဒေါ်ရှင်
ဦးမောင်မောင်
လေး
နှင့်
ဦးမောင်မောင်
လေး
ဒေါ်သန်းတင်
ပါ (၃)

ရသည့် ပဏာမဒီကရီနှင့် အပြီးသတ်ဒီကရီပုံစံတို့ကို တရားမကျင့်ထုံး ဥပဒေ နောက်ဆက်တွဲ(ဃ) အမှတ်စဉ် (၁၅)နှင့် (၁၈) တို့တွင် အသီးသီး ဖော်ပြထားရာ ယင်းပုံစံနှစ်ခုကို နှိုင်းယှဉ်လေ့လာကြည့်ပါက ပဏာမဒီကရီ ချမှတ်ပြီးနောက် အပြီးသတ်ဒီကရီ မချမှတ်မီ ဆောင်ရွက်ရန် ကိစ္စရပ်များရှိကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ ပဏာမဒီကရီ ချမှတ်ပြီးနောက် တစုံတရာ ဆောင်ရွက်ခြင်း မပြုဘဲ အပြီးသတ်ဒီကရီ ချမှတ်ရန် မဟုတ်ကြောင်း ပေါ်ပေါက်သည်။

တိုင်းတရားရုံးသည် အချင်းဖြစ် မြေတန်ဖိုးကို သတ်မှတ်ပေးရန် အဘယ်ကြောင့် ဆောင်ရွက်ကြောင်း တိတိကျကျ မသိရချေ။ ပဏာမ ဒီကရီ ချမှတ်ပြီးနောက် ဒေါ်ရှင်က အောက်ပါအတိုင်း လျှောက်ထား ခဲ့ကြောင်း တွေ့ရသည်-

> ''တရားလို စွဲဆိုခဲ့သော တန်ဖိုးငွေ အိမ်၊ မြေ တန်ဖိုး တသိန်းမှ အိမ်၏တန်ဖိုး မည်မျှကို စုံစမ်းစစ်ဆေး ထုတ်နုတ်ခါ အခင်းဖြစ် မြေ၏ တန်ဖိုး မည်မျှဖြစ်ကြောင်း နှစ်ဘက်စုံစမ်းစစ်ဆေးပေး ပါရန် လျှောက်ပါသည်။''

ဒေါ်ရှင်က အမှုတန်ဖိုး တသိန်းကို ပုံသေထား၍ ယင်းတန်ဖိုးမှ အိမ်တန်ဖိုးကို နုတ်ပြီး ကျန်တန်ဖိုးကို အမွေဆိုင်များအား ခွဲဝေရမည် ဟု ယူဆဟန် တူပေသည်၊ အမွေပုံ စီမံခန့်ခွဲပေးစေလိုမှုတွင် တရား လိုသည် အမှုတန်ဖိုးကို ကြိုက်နှစ်သက်သလို သတ်မှတ်နိုင်ကြောင်း၊ တရားလို ထမ်းဆောင်သော ရုံးခွန်သည် မလုံလောက်ကြောင်း တွေ့ရှိ ပါက လိုအပ်သည့် ရုံးခွန်အက်ဥပဒေပုဒ်မ ၁၁အရ ထပ်မံထမ်းဆောင် ရန်ဖြစ်ကြောင်း **မောင်ရနှင့် မောင်လှကျော်**(၁) အမှုတွင် ထုံးဖွဲ့ ထားသည်။ ဦးမောင်မောင်လေး စွဲဆိုသော အမှုတွင် သတ်မှတ် ထားသည့် တန်ဖိုးမှာ ယာယီမျှသာ ဖြစ်သည်၊ ယင်းတန်ဖိုးကို ပုံသေ သတ်မှတ်ရန် မဟုတ်ချေ။ အမှုသည်တို့သည် အချင်းချင်း ပြေလည်မှု ရကာ တရားလိုရရန်ရှိသော ဝေစုအတွက် ငွေအမ်းခြင်းကို တရားလိုက လက်ခံလိုက်လျှင် ပြဿနာ ပေါ်ပေါက်ရန် အကြောင်း မရှိချေ။ ယင်းသို့ သဘောတူညီမှု မရရှိလျှင်မူ အမွေပစ္စည်းကို အထက်တွင် ဖော်ပြထားသည့် နည်းလမ်းများအတိုင်း ခွဲဝေရန် ဖြစ်ပေသည်။ အကြောင်းကြောင်းကြောင့် ခွဲဝေ၍ မရလျှင် အမွေပစ္စည်းကို လေလံ တင်ရောင်းချ၍ ရောင်းရသောငွေကို ခွဲဝေရန်ဖြစ်သည်။ အမွေစီမံခန့်ခွဲ

---

(၁) ၁၉၄၁၊ ရန်ကုန်၊ ၈၁-၅၁၂ [(စုံညီ)]

ပေးစေလိုမှုတွင် အပြီးသက်ဒီကရီချမှတ်ရန် အလို့ငှာ အမွေပစ္စည်း တန်ဖိုးကို စုံစမ်းသတ်မှတ်ရန်အတွက် ပြဋ္ဌာန်းချက် မရှိချေ။ တန်ဖိုး သတ်မှတ်ရုံမျှဖြင့် အမှုပြီးဆုံးသွားရန်လည်း အကြောင်းမရှိချေ။ အမွေ ပစ္စည်းများအနက် တရားလိုရရန်ရှိသော ဝေစုကို ခွဲဝေသတ်မှတ်သည့် ဒီကရီသာလျှင် အပြီးသတ်ဒီကရီဖြစ်ပေသည်။

တိုင်းတရားရုံးသည် အမှုတန်ဖိုး သတ်မှတ်၍ အပြီးသတ်ဒီကရီချမှတ် ခြင်းသည် စီရင်ခွင့်မရှိသည့်ကိစ္စကို ဆောင်ရွက်ခြင်းသာ ဖြစ်သော ကြောင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့် အပြီးသတ်ဒီကရီတို့ကို ပယ် ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် အထက်ဖော်ပြပါ လမ်းညွှန်ချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်သည်။ နှစ်ဘက်အမှု သည်များသည် အယူခံမှုများတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ ကိုယ်တိုင် ကျခံကြစေ။

၁၉၇၆
ဒေါ်ရှင်
ဦးမောင်မောင်လေး
နှင့်
ဦးမောင်မောင်လေး
ဒေါ်သန်းတင်
ပါ (၃)

# တရားမ ဒုတိယ အယူခံမှု

## ဥက္ကဋ္ဌ အဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ကျော် နှင့် ဦးဝင်းမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၆ ဇန်နဝါရီလ ၁၄ ရက်

မသောင်းကြည်
နှင့်
မဖွားစိန်ပါ (၂) *

**မြန်မာဗလေ့ထုံးတမ်းဥပဒေ–အိမ်ထောင်ကြီး တစ်ဦး၏အထက် ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးခံစားခွင့် မရှိခြင်း– ယင်းဥပဒေသမှာ အိမ်ထောင်ကြီး လင်မယား အသက် ထင်ရှားရှိစဉ်ကာလ အတွင်းသာ သက်ဆိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အိမ်ထောင်ကြီးများသည် တစ်ဦး၏ အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးသက်ဆိုင်ခွင့်မရှိဟူသော ဥပဒေသမှာ အိမ်ထောင်ကြီးလင်မယား အသက်ထင်ရှားရှိစဉ်ကာလအတွင်းသာ သက်ဆိုင်သည်။ တစ်ဦးဦး ကွယ်လွန်သွားသောအခါ ကျန်တစ်ဦးက ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိပေသည်။

| | | |
|---|---|---|
| အယူခံ တရားလို အတွက် | — | ဒေါ်မြင့်မြင့်သိန်း၊ ဗဟိုတရားရုံး ရှေ့နေ |
| အယူခံ တရားပြိုင်များ အတွက်– | | ဦးဇော်လင်း (ကိုယ်စား) ဦးတင်သောင်း၊ ဗဟို တရားရုံး ရှေ့နေ |
| တရားရေး အကြံပေး | — | ဦးမြ (ညွှန်ကြားရေးမှူး) |

ဒေါ်မယ်ဘုံမ၊ ဒေါ်မယ်ကျက်နှင့် ဒေါ်မယ်လွန်းမယ်တို့သည်ညီအစ်မ သုံးယောက် ဖြစ်ကြသည်။ ဒေါ်မယ်ဘုံမသည် ပထမကွယ်လွန်၍ သမီးမရွှေအုံကျန်ရစ်သည်။မရွှေအုံ၏ပထမ အိမ်ထောင်ပျက်စီးပြီးနောက်

* ၁၉၇၃ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှု အမှတ် ၁၁၇
† ၁၉၇၃ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၆၃ တွင် ချမှတ်သော (၁၂–၇–၇၃) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

မရွှေအုံသည် အိမ်ထောင်ကြီး ဦးမင်းထီနှင့် အကြောင်းပါသည်။ ဒေါ်မယ်ကျက်ကွယ်လွန်သောအခါ သားသမီး ကျန်ရစ်ခြင်း မရှိချေ။ နောက်ဆုံးကွယ်လွန်သူသည် ဒေါ်မှယ်လွန်းမယ် ဖြစ်သည်။ သူကွယ်လွန်သောအခါ အမွေမဲမိ မြေး မသောင်းကြည် ကျန်ရစ်သည်။ မရွှေအုံသည် ပထမကွယ်လွန်၍ ဦးမင်းထီက နောက်ပိုင်းတွင် အနိစ္စရောက်သည်။ မဖွားစိန်သည် ဦးမင်းထီ၏ တူမ နှစ်ဝမ်းကွဲ ဖြစ်သည်။ ၁၉၈၆ မသောင်းကြည် နှင့် မဖွားစိန် ပါ (၂)

ဒေါ်မယ်ဘုံမတို့ ညီအစ်မသုံးဦးတွင် အမွေ မခွဲဝေရသေးသော ပစ္စည်းများရှိရာ ယင်းပစ္စည်းများတွင် မဖွားစိန်တို့ သုံးစွဲနေသည့် မန်ကျည်းပင် ၉ ပင်လည်းပါဝင်သည်။ မသောင်းကြည်က ယင်းမန်ကျည်းပင်များမှာ မိမိပိုင် ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်းဖြင့် ကျောက်ပန်းတောင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၀/၈၂ တွင် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ မဖွားစိန်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မကွေးတိုင်း တရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက် လိုက် သော ကြောင့် မသောင်းကြည်က ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းလာလေသည်။

အယူခံ တရားလို၏ ရှေ့နေ ဒေါ်မြင့်မြင့်သိန်းက မဖွားစိန်တို့သည် မူလရုံးတွင် တဘက်သတ် ဒီကရီကို တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၁၃ အရ လျှောက်ထားရာ မအောင်မြင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ အယူခံရုံးဖြစ်သည့် မကွေးတိုင်း တရားရုံးသည် ယင်းကိစ္စကို အမိက ထား၍ စဉ်းစားရန် ဖြစ်ပါလျက် အယူခံကို မြန်မာ့ ဓလေ့ထုံးတမ်း ဥပဒေအရ ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။

မြို့နယ် တရားရုံးသည် ၂၀-၂-၈၃ နေ့တွင် ဒီကရီ ချမှတ်ခဲ့ရာ၊ မဖွားစိန်တို့က မကွေးတိုင်း တရားရုံးတွင် ၂၁-၄-၈၃ နေ့၌ အယူခံဝင်ကြောင်း တွေ့ရှိရသည်။ တန်ဖိုးအလျောက် ရုံးခွန်ထမ်းဆောင်၍ အယူခံဝင်ခြင်း ဖြစ်သဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆ အရ မူလရုံးက ချမှတ်သော တဘက်သတ် ဒီကရီကို အယူခံဝင်ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ တိုင်းတရားရုံးသည် အယူခံမှုတွင် အကြောင်းခြင်းရာများကို လည်းကောင်း၊ ဥပဒေ ပြဿနာများကို လည်းကောင်း အဆုံးအဖြတ်ပေးခွင့် ရှိပေသည်။

၁၉၀၆
မသောင်းကြည်နှင့်မဖွားစိန်ပါ (၂)

တိုင်းတရားရုံးက မရွှေအုံ ကွယ်လွန်သောအခါ သူ၏ပိုင်ရေး ပိုင်ခွင့်များကို ခင်ပွန်း ဦးမင်းထိက ဆက်ခံကြောင်း၊ ဦးမင်းထိ ကွယ်လွန်ပြန်သောအခါ သူ၏ အခွင့်အရေးများသည် တူမ မဖွားစိန်ထံ ရောက်သွားကြောင်း၊ ဒေါ်မယ်ဘုံမတို့၏ အမွေကို မခွဲဝေရသေး သဖြင့် မသောင်းကြည်သည် အမွေခွဲဝေပေးစေရန်သာ တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ လက်ရောက် ရလိုကြောင်း စွဲဆိုနိုင်မည် မဟုတ်ကြောင်း သုံးသပ်၍ မြို့နယ် တရားရုံး၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေ ဒေါ်မြင့်မြင့်သိန်းက မရွှေအုံနှင့် ဦးမင်းထိတို့သည် အိမ်ထောင်ကြီးများဖြစ်၍ မရွှေအုံ၏ အထက်ပါပစ္စည်းတွင် ခင်ပွန်းဖြစ်သူ ဦးမင်းထိအနေဖြင့် ပိုင်ဆိုင်ခွင့်မရှိကြောင်းဖြင့် **ဦးထန်မှတ်နှင့် ဦးဘသိန်းပါ** (၁) အမှုကို ကိုးကား၍ လျှောက်ထားသည်။ ယင်းအမှုတွင် ဦးဘသိန်းနှင့် ဒေါ်ဂုံးတို့သည် အိမ်ထောင်ကြီးလင်မယား ဖြစ်သည်။ ဒေါ်ဂုံးက ဦးထန်မှတ်အား မိမိပိုင်အိမ်နှင့်မြေကို အဖိုးငွေ ကျပ် ၃၅၀၀ဝိ/-နှင့် ရောင်းချရန် ကတိစာချုပ်ပြုလုပ်ခဲ့ရာ ဦးထန်မှတ်က ဒေါ်ဂုံးအပေါ် အဆိုပါ အိမ်နှင့် မြေကိုစာချုပ်ချုပ်ဆိုခဲ့သည့်အတိုင်း သီးခြားဆောင်ရွက်စေရန် တရားစွဲဆိုသောအခါ အနိုင်ရရှိခဲ့သည်။ ထိုဒီကရီအရ အိမ်နှင့် မြေကို ပေးအပ်စေရန်အတွက် ဦးထန်မှတ်က ဇာရီပြုလုပ်သောအခါ ဦးဘသိန်းက အချင်းဖြစ် ပစ္စည်းသည် ဒေါ်ဂုံး၏ အထက်ပါပစ္စည်းဖြစ်သော်လည်း မိမိနှင့် ဒေါ်ဂုံးတို့မှာ အိမ်ထောင်ကြီးလင်မယားဖြစ်သဖြင့် မိမိသည်ထိုပစ္စည်းများအနက် တဝက်ကိုပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဒေါ်ဂုံးအပေါ် ဦးထန်မှတ်ရရှိထားသော ဒီကရီသည် မိမိပိုင်ပစ္စည်းတဝက်နှင့် စပ်လျဉ်း၍ မည်သို့မျှ အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေငြာပေးစေရန် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုရာ တရားရုံးချုပ်က အယူခံတွင် "ဦးဘသိန်းသည် ဒေါ်ဂုံး၏ အထက်ပါပစ္စည်းဖြစ်သော အချင်းဖြစ်အိမ်နှင့် မြေတွင် မည်သို့မျှသက်ဆိုင်ခွင့်မရှိ"ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းစီရင်ထုံးအရ ဦးမင်းထိ သည် မရွှေအုံနှင့် ပေါင်းသင်းစဉ် မရွှေအုံ၏ အထက်ပါပစ္စည်း၌ အကျိုးသက်ဆိုင်ခွင့်မရှိနိုင်ချေ၊ သို့ရာတွင် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အိမ်ထောင်ကြီးများသည် တစ်ဦး၏ အထက်ပါပစ္စည်းတွင် ကျန်တစ်ဦးက အကျိုးသက်ဆိုင်ခွင့်မရှိဟူသော ဥပဒေသမှာ အိမ်ထောင်ကြီးလင်မယား အသက်

---

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများစာ ၃၄ (တရားရုံးချုပ်)

ထင်ရှားရှိစဉ် ကာလအတွင်းသာသက်ဆိုင်သည်။ တစ်ဦးဦး ကွယ်လွန်သွားသောအခါ ကျန်တစ်ဦးက ကွယ်လွန်သူ၏ အမွေကိုဆက်ခံခွင့်ရှိပေသည်။ ပုံစံအားဖြင့် အိမ်ထောင်ကြီးလင်သို့မဟုတ် မယားတစ်ဦးဦး ကွယ်လွန်သွားသောအခါ ကွယ်လွန်သူ၏ အထက်ပါပစ္စည်းကို ကျန်ရစ်သူခင်ပွန်းက ၄ပုံ ၁ပုံ၊ အမွေဆက်ခံ၍ ကွယ်လွန်သူ၏ သားရင်း သမီးရင်းများက ၄ပုံ ၃ပုံ ဆက်ခံသည်။ သို့ဖြစ်၍ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။

သို့ကြောင့် ဤအယူခံကိုပလပ်လိုက်သည်၊ နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

## တရားမ ပထမ အယူခံမှု

**ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးဝင်းမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်**

† ၁၉၈၆
ဒေါ်သန်းမြင့်
နှင့်
ဒေါ်သန်းရင်

ဒေါ်သန်းမြင့်
နှင့်
ဒေါ်သန်းရင်*

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေခွဲဝေခြင်း – ပထွေးနှင့် မယားပါသားသမီးတို့ အမွေခွဲပုံခွဲနည်းနှင့်၊ လင်ပါသမီးနှင့် မယားပါသမီးတို့ အမွေခွဲပုံခွဲနည်းချင်း မတူခြင်း။**

အိမ်ထောင်ကြီး ဦးဘဖေနှင့် အိမ်ထောင်ကြီး ဒေါ်လှတင်တို့သည် ယခုအမှုမစွဲမီ ၁၉ နှစ်ခန့်က အကြောင်းပါခဲ့ကြသည်။ အယူခံ တရားလို ဒေါ်သန်းမြင့်သည် ဒေါ်လှတင်၏ အိမ်ထောင်ဟောင်းမှ သမီးဖြစ်၍ အယူခံတရားပြိုင် ဒေါ်သန်းရင်သည် ဦးဘဖေ၏ အိမ်ထောင်ဟောင်းမှ သမီးဖြစ်သည်။ ဦးဘဖေနှင့် ဒေါ်လှတင်တို့တွင် လက်ရှိအိမ်ထောင်၌ သားသမီးထွန်းကားခြင်းမရှိချေ၊ ဒေါ်လှတင်သည် ၁၉၇၇ခုနှစ်တွင် ကွယ်လွန်သွားရာ ဒေါ်သန်းမြင့်ကမန္တလေးတိုင်းတရားရုံး၊ ၁၉၇၈ ခုနှစ် တရားမကြီးမှု အမှတ် ၇၄ (အနောက်မြောက်) တွင် ပထွေးဖြစ်သူ ဦးဘဖေ အပေါ် ဒေါ်လှတင်နှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသောလက်ထက်ပွား ပစ္စည်းတွင် အမွေရလိုကြောင်း တရားစွဲဆိုရာ ဦးဘဖေ နှင့် ဒေါ်လှတင် တို့ အကြောင်းပါပြီးနောက် ဒေါ်သန်းမြင့်သည် မိခင်ဖြစ်သူထံမှအမွေရရှိပြီးပြီဟု တိုင်းတရားရုံးက ကောက်ယူကာ ဒေါ်သန်းမြင့် စွဲဆိုသောအမှုကို ပလပ်လိုက်သည်။

ဒေါ်သန်းမြင့်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်ခြင်းမပြုခဲ့ချေ။

ဦးဘဖေ သည် ၁၉၈၀ ပြည့်နှစ် အတွင်းတွင် ကွယ်လွန်သွားရာ ဒေါ်သန်းမြင့်က မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၁၂၅/၈၁ (အနောက်မြောက်) တွင် ဒေါ်သန်းရင် အပေါ် ဦးဘဖေ ကျန်ရစ်သော အမွေပစ္စည်းများ၏ တဝက်ကိုခွဲဝေပေးစေရန် အမွေစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုသည်။

---

* ၁၉၈၃ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၆၁

† ၁၉၈၁ခုနှစ်၊တရားမကြီးမှု အမှတ် ၁၂၅ တွင် ချမှတ်သော(၈–၆–၈၃) ရက်နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

ဒေါ်သန်းရင်က အခြားအချက်အလက်များအပြင် မန္တလေးတိုင်း တရားရုံး၊တရားမကြီးမှုအမှတ်၇၄/၇၀ (အနောက်မြောက်)တွင်ချမှတ်သော စီရင်ချက်မှာ မီးသေသွားပြီဖြစ်၍ သူ့အပေါ် အမှုစွဲဆိုခွင့် မရှိတော့ကြောင်း ထုချေသည်။ တိုင်းတရားရုံးက ယင်း ထုချေချက်ကို ပဏာမငြင်းချက် ထုတ်နုတ်ကြားနာပြီးနောက်၊ဒေါ်သန်းရင်အားအသာပေးဖြေဆိုရ၍ မြေဆိုကာ ဒေါ်သန်းမြင့်စွဲဆိုသော အမှုကို ပလပ်လိုက်သောကြောင့်၊ဒေါ်သန်းမြင့်က မဟိုတရားရုံးတွင် ဤအယူခံကိုတင်သွင်းခြင်း ဖြစ်သည်။ ၁၉၈၆ ဒေါ်သန်းမြင့် နှင့် ဒေါ်သန်းရင်

ဆုံးဖြတ်ချက်။ ။ပထွေးနှင့်မယားပါသားသမီးတို့သည် ၃၆ ဓစောင်တွဲ အမွေမှုခန်း ဓမ္မသကျမ်းကြီးပုဒ်မ ၂၁၁ အရ အမွေခွဲဝေရသည်။ လင်ပါသမီးနှင့် မယားပါသမီးတို့သည် အဆိုပါကျမ်းပုဒ်မ ၂၅၃ အရအမွေခွဲရသည်။ သို့ဖြစ်ရာ အမွေခွဲပုံခွဲနည်းချင်းမတူချေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးလှကို (ကိုယ်စား) ဒေါ်သန်းရွှေ၊ မဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးတင်အောင်၊ မဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးသိန်းဟန် |

အိမ်ထောင်ကြီး ဦးဘဖေ နှင့် အိမ်ထောင်ကြီး ဒေါ်လှတင် တို့သည် ယခုအမှုမစွဲမီ ၁၉ နှစ်ခန့်က အကြောင်းပါခဲ့ကြသည်။ အယူခံ တရားလို ဒေါ်သန်းမြင့်သည် ဒေါ်လှတင် ၏ အိမ်ထောင်ဟောင်းမှ သမီးဖြစ်၍ အယူခံတရားပြိုင်ဒေါ်သန်းရင်သည် ဦးဘဖေ ၏ အိမ်ထောင်ဟောင်းမှ သမီးဖြစ်သည်။ ဦးဘဖေနှင့် ဒေါ်လှတင်တို့တွင် လက်ရှိ အိမ်ထောင်၌ သားသမီး ထွန်းကားခြင်း မရှိချေ။ ဒေါ်လှတင် သည် ၁၉၇၇ ခုနှစ်တွင် ကွယ်လွန်သွားရာ ဒေါ်သန်းမြင့် က မန္တလေးတိုင်း တရားရုံး ၁၉၇၀ ခုနှစ် တရားမကြီးမှုအမှတ် ၇၄ (အနောက်မြောက်) တွင် ပထွေးဖြစ်သူ ဦးဘဖေအပေါ် ဒေါ်လှတင်နှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်းတွင် အမွေရလိုကြောင်း တရားစွဲဆိုရာ ဦးဘဖေနှင့် ဒေါ်လှတင်တို့ အကြောင်းပါပြီးနောက် ဒေါ်သန်းမြင့်သည် မိခင်ဖြစ်သူထံမှ အမွေရရှိပြီးပြီဟု တိုင်းတရားရုံးက ကောက်ယူကာ ဒေါ်သန်းမြင့် စွဲဆိုသောအမှုကို ပလပ်လိုက်သည်။ ဒေါ်သန်းမြင့်က တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံဝင်ခြင်း မပြုခဲ့ချေ။

ဦးဘဖေသည် ၁၉၈၀ ပြည့်နှစ် အတွင်းတွင် ကွယ်လွန်သွားရာ ဒေါ်သန်းမြင့်က မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၁၂၅/၈၁ (အနောက်မြောက်) တွင် ဒေါ်သန်းရင်အပေါ် ဦးဘဖေ

၁၉၇၆
ဒေါ်သန်းမြင့် နှင့် ဒေါ်သန်းရင်

ကျန်ရစ်သော အမွေပစ္စည်းများ၏ တဝက်ကိုခွဲဝေပေးစေရန် အမွေစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။

ဒေါ်သန်းရင်က အခြား အချက်အလက်များအပြင် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၇၄/၇၀ (အနောက်မြောက်) တွင် ချမှတ်သော စီရင်ချက်မှာ မီးသေသွားပြီဖြစ်၍ သူ့အပေါ်အမှုစွဲဆိုခွင့် မရှိတော့ကြောင်း ထုချေသည်။

တိုင်းတရားရုံးက "တရားလိုက ၎င်းရုံး၏ တရားမကြီးမှုအမှတ် ၇၄/၇၀ (အနောက်မြောက်) တွင် ဦးဘဖေအပေါ် အမွေအုပ်ထိန်းပေးစေလိုမှု စွဲဆိုဆုံးဖြတ်ခဲ့ခြင်းသည် ၎င်းအမှုအတွက် မီးသေဆုံးဖြတ်ချက် ဖြစ်သည်ဆိုခြင်းမှာ မှန်သလား" ဟူသော ပဏာမငြင်းချက်ကို ထုတ်နုတ်ကြားနာပြီးနောက် ဒေါ်သန်းရင်အား အသာပေး၍ ဖြေဆိုကာ ဒေါ်သန်းမြင့် စွဲဆိုသောအမှုကို ပလပ်လိုက်သောကြောင့် ဒေါ်သန်းမြင့်က ဗဟိုတရားရုံးတွင် ၎င်းအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၇၄/၇၀ (အနောက်မြောက်) တွင် ဒေါ်သန်းမြင့်က ဦးဘဖေအပေါ် မိခင်ရင်းဖြစ်သူ ဒေါ်လှတင် ကွယ်လွန်သွားသည်ကို အကြောင်းပြုပြီး တရားစွဲဆိုခြင်းဖြစ်၍ ဒေါ်လှတင်နှင့် ပထွေး ဦးဘဖေတို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်းများ၏ ၆ ပုံ ၁ ပုံ ရရှိရန်အလို့ငှာ တရားစွဲဆိုခြင်း ဖြစ်သည်။

နောက်အမှုတွင် ပထွေး ကွယ်လွန်သွားသည်ကို အကြောင်းပြုပြီး ပထွေးကျန်ရစ်သော ပစ္စည်းများ တဝက်ရရှိရန်အလို့ငှာ ဦးဘဖေ၏ သမီးအရင်း ဒေါ်သန်းရင်အပေါ် တရားစွဲဆိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ အမှု ၂ မှုတွင် မယား ဒေါ်သန်းမြင့်၏ ဆိုင်ရေးဆိုင်ခွင့်တို့သည် တူညီခြင်း မရှိချေ။ ပထွေးနှင့် မယားပါသားသမီးတို့သည် ၃၆ စောင်တွဲ အမွေမှုခန်းမွေသတ်ကျမ်းကြီး ပုဒ်မ ၂၀၁ အရ အမွေခွဲဝေရသည်။ လင်ပါသမီးနှင့်မယားပါသမီးတို့သည် အဆိုပါကျမ်း ပုဒ်မ ၂၅၃ အရ အမွေခွဲဝေရသည်။ သို့ဖြစ်ရာ အမွေခွဲပုံ ခွဲနည်းချင်းမတူချေ။

မီးသေသော ဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ချက်တစ်ရပ်မှာ ဆုံးဖြတ်ပြီးသော အမှုမှ အမှုသည်အသီးသီး၏ ဆိုင်ရာဆိုင်ခွင့်နှင့် နောက်ထပ်စွဲဆိုသော အမှုမှ အမှုသည် အသီးသီးတို့၏ ဆိုင်ရာဆိုင်ခွင့်တို့သည် တူညီရမည်ဖြစ်သည်။ ဒေါ်သန်းမြင့်သည် ယခင်အမှုတွင် မိခင်ရင်း ကွယ်လွန်သွားသည်ကို အကြောင်းပြုပြီး ပထွေးအပေါ် အမွေတောင်း

၁၉၈၆
ဒေါ်သန်းမြင့်
နှင့်
ဒေါ်သန်းရင်

ဆိုခဲ့၍ နောက်အမှုတွင် ပထွေးကွယ်လွန်သွားသည်ကို အကြောင်းပြုပြီး ပထွေး၏ သမီးအပေါ် အမွေရရန် အရေးဆိုခြင်းဖြစ်သည့်အလျောက် ဆိုင်ရာဆိုင်ခွင့်ချင်း မတူညီသဖြင့် ယခင်အမှုတွင် ချမှတ်ခဲ့သော စီရင်ချက်သည် ဒုတိယအမှု စွဲဆိုခြင်းကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ ပိတ်ပင်သည်ဟု ကောက်ယူခြင်း မပြုနိုင်ချေ။

အယူခံတရားလို ရှေ့နေက **မသောင်းပေါ် (၂) နှင့် မသန်းနှင့် အခြားသူများ (၁) နှင့် မအုန်းသင်နှင့် မငွေရင်ပေါ် (၂) (၂)** စီရင်ထုံးများကို ကိုးကား၍ ဒေါ်လှတင် ကွယ်လွန်ပြီးနောက် အမွေရရှိပြီးဖြစ်သော ဒေါ်သန်းမြင့်သည် အမွေထပ်မံ ရခွင့် မရှိတော့ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ဤအယူခံတွင် ယင်းပြဿနာကို အဆုံးအဖြတ်ပေးရန် အကြောင်း မပေါ်ပေါက်ချေ။ တိုင်းတရားရုံးသည် ဒေါ်သန်းမြင့် ပထမစွဲဆိုသောအမှု၌ ချမှတ်ခဲ့သော စီရင်ချက်မှာ မီးသေသွားပြီဟု ကောက်ယူဆုံးဖြတ်ကာ ဒေါ်သန်းမြင့် ထပ်မံစွဲဆိုသောအမှုကို စစ်ဆေးခြင်းမပြုပဲ ပလပ်လိုက်သောကြောင့် ယင်း ဥပဒေ ပြဿနာနှင့် စပ်လျဉ်းသည့် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်သည် မှန် မမှန် စိစစ်ရန်သာ ရှိပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် ဒေါ်သန်းမြင့် စွဲဆိုသောအမှုကို မူလအမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အခြားငြင်းချက်များနှင့် စပ်လျဉ်းပြီး စစ်ဆေး၍ ဥပဒေနှင့်အညီ အမှုကို အဆုံးအဖြတ်ပေးရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ ရှေ့နေခကို ကျပ် ၁၀၀/-သတ်မှတ်သည်။

ဤအယူခံတွင် ထမ်းဆောင်ထားသော ရုံးခွန်ကို ဒေါ်သန်းမြင့် အား ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံ လက်မှတ်ကို ရုံးခွန် အက် ဥပဒေပုဒ်မ ၁၃ အရ ထုတ်ပေးပါ။

---

(၁) ရန်ကုန် စီရင်ထုံးများ၊ အတွဲ ၅၊ စာ ၁၇၅ (ဗိစိ)
(၂) ရန်ကုန် စီရင်ထုံးများ၊ အတွဲ ၇၊ စာ ၃၉၈

# တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီးနှင့်
ဦးခင်မောင်ကျော်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဖေဖော်ဝါရီလ
၆ ရက်

ဒေါ်အုန်းမြင့်

နှင့်

ဒေါ်ခင်မြပါ (၂) *

**အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၇ (၁)–ကိတ္တိမ သားသမီးသည် မွေးစားမိဘထံမှ အမွေဆက်ခံခွင့်ရှိသဖြင့် အမွေထိန်းစာထုတ်ပေးရန် အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၇ (၁)အရ လျှောက်ထားခွင့်ရှိခြင်း–ကိတ္တိမသားသမီး ဟုတ်မဟုတ် အငြင်းပွားရုံဖြင့် အမွေထိန်းစာထုတ်ပေးရန်လျှောက်ထားခြင်းကို ခွင့်မပြုသင့်ဟုဆုံးဖြတ်ခြင်းမှာ မှားယွင်းခြင်း။**

ဆုံးဖြတ်ချက်။ ။ဒေါ်အုန်းမြင့် စွဲဆိုသည့်အတိုင်း သူသည်ဒေါ်ရှင်၏ ကိတ္တိမသမီးဖြစ်ပါက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ရှင်၏ အမွေအားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ဆက်ခံခွင့် ရှိမည်ဖြစ်သည့်အလျောက်၊ဒေါ်အုန်းမြင့်အနေဖြင့်မိမိအားအမွေထိန်းစာထုတ်ပေးရန်အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ၂၁၇ (၁) အရလျှောက်ထားခွင့်ရှိပေသည်။ဒေါ်အုန်းမြင့်သည် ဒေါ်ရှင်၏ ကိတ္တိမသမီး ဟုတ်မဟုတ် အငြင်းပွားရုံမျှဖြင့် အမွေထိန်း စာထုတ်ပေးရန် လျှောက်ထားခြင်းကို ခွင့်မပြုသင့်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

အယူခံတရားလိုအတွက် — ဦးစိန်လှိုင်၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်များအတွက်— ဦးခင်မောင်စိန်၊ဗဟိုတရားရုံးရှေ့နေ
တရားရေးအကြံပေး — ဦးခင်စိုး

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၁ (ပုဇွန်တောင်) တွင် အယူခံတရားလို ဒေါ်အုန်းမြင့်က ကွယ်လွန်သူ

---

† ၁၉၇၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇၆
* ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၁ တွင် ချမှတ်သော (၂၁–၆–၇၄) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆
ဒေါ်အုန်းမြင့်
နှင့်
ဒေါ်ခင်မြ
ပါ (၂)

ဒေါ်ရှင်၏ ကိတ္တိမသမီး ဖြစ်သည်ဟုဆိုကာ ဒေါ်ရှင် ကျန်ရစ်သော ပစ္စည်းများကို ထိန်းသိမ်းရန်အတွက် အမွေထိန်းစာ ရလိုကြောင်း လျှောက်ထားရာ ဒေါ်ရှင်၏တူမ ဒေါ်ခင်မြနှင့် မြေး မတင်တင်ညိုတို့က ကန့်ကွက်ကြသည်။ တိုင်းတရားရုံးက ဒေါ်အုန်းမြင့်အနေဖြင့် ဒေါ်ရှင်၏ အမွေကို ဆက်ခံခွင့် ရှိ-မရှိ နှင့် စပ်လျဉ်း၍ အမှုတွင် အငြင်းပွားနေသောကြောင့် ဒေါ်အုန်းမြင့်သည် အမွေထိန်းစာ လျှောက်ထားခွင့် မရှိကြောင်း အကြောင်းပြပြီး ဒေါ်အုန်းမြင့်၏ လျှောက်လွှာကို ပလပ်လိုက်သောကြောင့် ဒေါ်အုန်းမြင့်က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

တိုင်းတရားရုံးက အမှုတွင် အောက်ပါငြင်းချက်ကို ထုတ်နုတ်ကြားနာသည်—

"တရားလိုသည် ဤအမှုကို ဤပုံစံဖြင့် တရားစွဲဆိုခြင်း မပြုနိုင်ဆိုခြင်းမှာ မှန်သလား"

တိုင်းတရားရုံးက ယင်းငြင်းချက်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆုံးဖြတ်သည်—

"ဤအမှုတွင် တရားလိုက ကိတ္တိမ မွေးစားစာချုပ်ကို အခြေခံ၍ တောင်းဆိုခြင်းဖြစ်သည်။ တရားပြိုင်များက ကိတ္တိမမွေးစားစာချုပ်သည် လိမ်လည်လှည့်ဖြား၍ မလျော်ဩဇာ သုံးကာ ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း ကန့်ကွက်သည်။ အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ ၂၁၈ မှာ အမွေပစ္စည်းကို ဆက်ခံခွင့်ရှိသူကိုသာ အမွေထိန်း လက်မှတ်ထုတ်ပေးရန် ဖြစ်သည်။ ယခုကိစ္စမှာ အမွေဆက်ခံခွင့် ရှိ-မရှိ အငြင်းပွားနေသဖြင့် ဤပုံစံဖြင့် စွဲရန် ခွင့်မပြုသင့်ဟု ယူဆသည်။"

အယူခံတရားလို ဒေါ်အုန်းမြင့်၏ ရှေ့နေက မအေးကျင်နှင့် ဒေါ်ငြိမ်းပါ-၃ (၁)၊ မောင်အစင်နှင့် မောင်မိုးဟန် (၂) စီရင်ထုံးများကို ကိုးကား၍ ဒေါ်အုန်းမြင့် အမွေထိန်းစာ လျှောက်ထားသည့် ကိစ္စတွင် ဒေါ်အုန်းမြင့်သည် ကွယ်လွန်သူ ဒေါ်ရှင်၏ ကိတ္တိမသမီး ဟုတ်-မဟုတ် ကိစ္စကို စစ်ဆေးဆုံးဖြတ်သင့်ကြောင်း လျှောက်ထားသည်။

---

(၁) ၁၉၅၆ မတစ ၁၀၇ (တရားလွှတ်တော်)
(၂) (၁၉၁၄-၁၆) အထက်မြန်မာနိုင်ငံ စီရင်ထုံးများ အတွဲ ၂ ဝ၁ ၁၀၁

၁၉၈၆ ဒေါ်အုန်းမြင့် နှင့် ဒေါ်ခင်မြ ပါ (၂)

အယူခံ တရားပြိုင်များ၏ ရှေ့နေက မသန်းတင်ပါ-၂ နှင့် ဒေါ်လှခင် (၃)၊ ဒေါ်သန်းညွန့်နှင့် ဒေါ်ကြီး (ကွယ်လွန်) ၎င်း၏ တရားဝင် ကိုယ်စားလှယ်များ ၁—ဒေါ်သန်းစိန်၊ ၂— ဒေါ်ကျင်ရွှေ (၄) စီရင်ထုံးများအရ ဒေါ်အုန်းမြင့်သည် ကွယ်လွန်သူ ဒေါ်ရှင်၏ ကိတ္တိမသမီး ဟုတ်-မဟုတ် ပြဿနာကို အမွေထိန်းစာ လျှောက်ထားမှုတွင် အဆုံးအဖြတ် မပေးသင့်ကြောင်း၊ ဒေါ်သန်းညွန့် စီရင်ထုံးက အယူခံတရားလိုဘက်မှ ကိုးကားသော စီရင်ထုံးများကို လွှမ်းမိုးသွားပြီဖြစ်ကြောင်း အကျယ်တဝင့် ချေပလျှောက်ထားသည်။

အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၈ (၁) တွင် ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကို ဖြစ်စေ၊ တစိတ်တဒေသကို ဖြစ်စေ ရထိုက်သူအား အမွေထိန်းစာ ထုတ်ပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မတွင် မြန်မာ ဗုဒ္ဓဘာသာတို့နှင့် စပ်လျဉ်း၍ ကွယ်လွန်သူ၏ အမွေကို ရထိုက်သူအား အမွေထိန်းစာကို မလွဲမသွေ ထုတ်ပေးရမည် ဟူ၍ ပြဋ္ဌာန်းထားခြင်းမရှိချေ၊ သို့ဖြစ်၍ မသန်းတင် (၃) အမှုတွင် အမွေထိန်းစာ ထုတ်ပေးရန်မလိုလျှင် ထုတ်၍ မပေးခြင်းက ပို၍ မျှတမှန်ကန်ကြောင်း၊ သေသူ၏ ဖခင်နှင့် မိခင်တို့ ကွဲကြရာမှစ၍ ဖခင်နှင့်ခွဲခွာ၍ နေခဲ့သော ပထမအိမ်ထောင်မှ သမီးနှင့် ဒုတိယအိမ်ထောင်အတွင်း၌ မွေးစားခဲ့သော သမီးတို့ စင်ပြိုင် အမွေထိန်းစာ လျှောက်ထားရာ၌ မည်သူ့ကိုမျှ အမွေထိန်းစာ ထုတ်ပေးရန် မသင့်ကြောင်း ထုံးဖွဲ့ထားသည်။ ယင်းအမှုတွင် ဒေါ်လှခင်၏ မိဘများဖြစ်သော ဦးမောင်ကြီးနှင့် ဒေါ်မိန်းကလေးတို့ ကွာရှင်းသောအခါ ဒေါ်လှခင် သည် မိခင်နောက် ပါသွားခဲ့သည်။ နောက်ပိုင်းတွင် ဦးမောင်ကြီးသည် ဒေါ်လှခင်အား သမီးရင်း တစ်ယောက်၊ အမွေဆက်ခံမည့်သူ တစ်ယောက် အနေနှင့် လက်ခံပြုစုခဲ့ခြင်း ရှိ-မရှိ၊ ဒေါ်လှခင်က ဦးမောင်ကြီးအား ဖခင်တစ်ဦး အနေနှင့် စောင့်ရှောက်ခြင်း၊ ဝတ်ကြီး ဝတ်ငယ်ပြုခြင်း စသော အထောက်အထား အထင်အရှားမပြနိုင်ခဲ့ချေ။ တဘက်တွင် ဦးမောင်ကြီးနှင့် ဒုတိယဇနီး ဒေါ်သစ်တို့က မသန်းတင်အား မွေးစားကြောင်း အထောက်အထားများရှိသည်။ ဦးမောင်ကြီး ကျန်ရစ်သောပစ္စည်းမှာ ဦးမောင်ကြီးနှင့် ဒေါ်သစ်တို့လက်ထက်ပွားဖြစ်သည်။ မသန်းတင်သည် ဦးမောင်ကြီး ကျန်ရစ်သော အမွေပစ္စည်းများကို ထိန်းသိမ်းလာခဲ့ရာ ဒေါ်လှခင်က အမွေထိန်းစာလျှောက်ထားသောအခါကျမှ မသန်းတင်

---

(၃) ၁၉၆၅ မတစ ၁၅၄
(၄) ၁၉၇၆ မတစ ၆၈

၁၉၀၆ ဒေါ်အုန်းမြင့် နှင့် ဒေါ်ခင်မြ ပါ (၂)

က လိုရမယ်ရ တုံ့ပြန်လျှောက်ထားခြင်းဖြစ်သည်။ နိုင်ငံတော်တရားရုံးချုပ်က မသန်းတင် သည် ကိတ္တိမသမီး ဟုတ်–မဟုတ် ပြဿနာကို ရတိပြတ် အဆုံးအဖြတ် မပေးလိုကြောင်း၊ အမွေထိန်းစာ စင်ဖြိုင်လျှောက်ထားကြသူများအား အမွေထိန်းစာ ထုတ်မပေးပဲ ပိုနေမြဲကျားနေမြဲ အခြေသို့ ပြန်လည်ထားရှိကာ ဒေါ်လှခင်အနေနှင့် ပိုင်ဆိုင်သည်ဟု ယူဆလျှင် အမွေမှု စွဲဆိုရန်သာ ရှိသည်ဟု ကောက်ယူဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဒေါ်သန်းညွန့် အမှုတွင် ဒေါ်သန်းညွန့်က ဦးသာငွေ၊ ဒေါ်နှင်းမြတို့၏ ကိတ္တိမ မွေးစားသမီးဖြစ်သည်ဟုဆိုကာ ဒေါ်နှင်းမြ ကွယ်လွန်ပြီးနောက်အနိစ္စရောက်သော ဦးသာငွေ ကျန်ရစ်သည့် ပစ္စည်းများကို ထိန်းသိမ်းရန် အမွေထိန်းစာ လျှောက်ထားရာ၌ ဦးသာငွေ၏ အစ်မဒေါ်ကြီးက ဒေါ်သန်းညွန့် သည် ဦးသာငွေ ၏ ကိတ္တိမသမီး မဟုတ်ကြောင်း ငြင်းသည်။ မူလရုံးက "တရားလို ဒေါ်သန်းညွန့်သည် ယခုအမှုအစားအမွေခွဲဝေပေးစေလိုမှု သို့မဟုတ် လက်ဝယ်ရလိုမှုကိုသာ စွဲဆိုထိုက်ပါသလား" ဟူသော ပဏာမငြင်းချက်ထုတ် ကြားနာပြီးနောက် ယင်းငြင်းချက်ကို ဒေါ်ကြီးအား အသာပေး၍ ဆုံးဖြတ်ပြီးဒေါ်သန်းညွန့်၏လျှောက်လွှာကို ပလပ်လိုက်သည်။ ဒေါ်သန်းညွန့်က မူလရုံး၏အမိန့်ကို ဗဟိုတရားရုံးတွင် အယူခံ ဝင်သောအခါ ဗဟိုတရားရုံးက အမွေထိန်းစာ လျှောက်ထားမှုတွင် အမွေထိန်းစာလျှောက်ထားသူသည် အမွေရှင်၏ ကိတ္တိမမွေးစားသမီး ဟုတ်–မဟုတ် အဆုံးအဖြတ်မပေးသင့်ကြောင်း၊ ယင်းကဲ့သို့ အဆုံးအဖြတ်ပေးခြင်းအားဖြင့် အမွေဆိုင်များ၏ အမွေမှုကို ပေါ့ပေါ့လွယ်လွယ်ဆုံးဖြတ်ပေးလိုက်ရာသာ ကျမည်ဖြစ်ကြောင်း ကောက်ယူ၍ ဒေါ်သန်းညွန့်၏အယူခံကို ပလပ်လိုက်သည်။ ဒေါ်သန်းညွန့် အမှုကို မသန်းတင်အမှုတွင် ထုံးဖွဲ့ထားသည့် မူများအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ဟန်တူပေသည်။ ယင်း အမှု နှစ်မှုတွင် ပေါ်ပေါက်သော ဥပဒေပြဿနာများသည် တူညီသည်ဟု မဆိုနိုင်ချေ။ မသန်းတင် အမှုတွင်ဒေါ်လှခင်နှင့် မသန်းတင်တို့အနက် မည်သူသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဦးမောင်ကြီး၏ အမွေကို ဆက်ခံခွင့်ရှိကြောင်း ပြဿနာမှာနက်နက်နဲနဲ ဆုံးဖြတ်ရမည့် ကိစ္စဖြစ်သည်။ မသန်းတင်သည် အမွေပစ္စည်းများ လက်ရှိထားသူဖြစ်၍ အမွေထိန်းစာ မရသည့်တိုင်အောင်ယင်းပစ္စည်းများကို ထိန်းသိမ်း၍ ထိန်းသိမ်းခွင့် ရသည်ဖြစ်၍ နစ်နာရန်အကြောင်းမရှိချေ။ ဤထူးခြားသော အခြေအနေ အရပ်ရပ်ကို ထောက်ချင့်၍ နိုင်ငံတော် တရားရုံးချုပ်က မသန်းတင် လျှောက်ထားသည့်အမှုတွင် မသန်းတင်သည် ဦးမောင်ကြီး၏ ကိတ္တိမသမီး ဟုတ်-မဟုတ်ကိုအဆုံးအဖြတ် မပေးခြင်းဖြစ်သည်။

၁၉၈၆
ဒေါ်အုန်းမြင့် နှင့် ဒေါ်ခင်မြ ပါ (၂)

**ဒေါ်သန်းညွန့်** အမှုတွင် ဒေါ်ကြီးသည် ဒေါ်သန်းညွန့်နှင့် အမွေထိန်းစာ အပြိုင်လျှောက်ထားခြင်း မရှိချေ။ အကယ်၍ ဒေါ်သန်းညွန့်သည် ဦးသာငွေ၏ ကိတ္တိမသမီး ဖြစ်ကြောင်း ပေါ်လွင်လျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဦးသာငွေ၏အစ်မ ဒေါ်ကြီးအား အမွေပုံမှ ထုတ်ပယ်မည်ဖြစ်၍ သူ့အား အမွေထိန်းစာ ထုတ်ပေးနိုင်မည် ဖြစ်သည်။ **မသန်းတင်** အမှုမှာကဲ့သို့ ထူးခြားသော အခြေအနေများ ပေါ်ပေါက်ခြင်းလည်း မရှိချေ။

စီရင်ထုံးများကို လေ့လာကြည့်သောအခါ အမွေထိန်းစာ လျှောက်ထားမှုများတွင် အမွေရှင်၏ ကိတ္တိမသားသမီး ဟုတ်-မဟုတ် ပြဿနာကို ကျယ်ကျယ်ပြန့်ပြန့် စိစစ်အဆုံးအဖြတ် ပေးခဲ့ကြောင်း တွေ့ရသည်။ ရှေးကျသော စီရင်ထုံး အချို့မှာ **မရွှတ်နှင့် မှဲပေါ် —၂** (၅)၊ **မောင်ဘစင်နှင့် မောင်မိုးဟန်** (၂) နှင့် **အောင်မခိုင် နှင့် မအဘို** (၆) တို့ ဖြစ်သည်။

**မအေးကျင်နှင့် ဒေါ်ငြိမ်း** (၁) အမှုတွင် မအေးကျင်က အမွေရှင် ဦးဘချို၏ ကိတ္တိမသမီး ဖြစ်သည်ဟု အကြောင်းပြ၍ အမွေထိန်းစာ လျှောက်ထားသည်။ ဒေါ်ငြိမ်းတို့ကလည်း အမွေထိန်းစာ အပြိုင် လျှောက်ထားကြသည်။ မူလရုံးက ဒေါ်ငြိမ်းတို့သည် အမွေရှင်၏ သွေးရင်း ဆွေမျိုးများဖြစ်ကြောင်း ပေါ်ပေါက်သည်ဖြစ်၍ မအေးကျင်သည် ကွယ်လွန်သူ၏ ကိတ္တိမသမီး ဟုတ်—မဟုတ် အဆုံးအဖြတ်ပေးရန် မသင့်ကြောင်း ကောက်ယူ၍ မအေးကျင်၏ လျှောက်လွှာကို ပလပ်လိုက်သည်။ မအေးကျင် တင်သွင်းသော အယူခံတွင် ယခင်တရားလွှတ်တော်က မအေးကျင်သည် ကွယ်လွန်သူ၏ ကိတ္တိမ သမီးဖြစ်ကြောင်း ထင်ရှားပါက ဒေါ်ငြိမ်းတို့အား အမွေမှ ပယ်ထုတ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မွေးစားသည့်ကိစ္စကို စိစစ်ဆုံးဖြတ်သင့်ကြောင်း ကောက်ယူပြီး အမှုကို ဆက်လက်စစ်ဆေးရန် မူလရုံးအား ညွှန်ကြားလိုက်လေသည်။

**မကြိုင်နှင့် မအုံးကြည်-ပါ-၅** (၇) အမှုတွင် မကြိုင်က ကွယ်လွန်သူ ဒေါ်ရင်သည် မိမိအား ကိတ္တိမသမီးအဖြစ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မွေးစားခဲ့သည်ဟုဆိုကာ ဒေါ်ရင်ကျန်ရစ်သော အမွေပစ္စည်း

---

(၅) အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ—၅ စာ—၁၁၀ (ပီစီ)
(၆) အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ—၉ စာ—၁၆၃။
(၇) ၁၉၆၃ မှတစ ၁၀၄

၁၉၈၆
ဒေါ်အုန်းမြင့် နှင့် ဒေါ်ခင်မြ ပါ (၂)

များကို ထိန်းသိမ်းရန် အတွက် အမွေထိန်းစာ လျှောက်ထားရာ ဒေါ်ရင်၏ တူ၊တူမများက မကြိုင်သည် ဒေါ်ရင်၏ ကိတ္တိမသမီး မဟုတ်ဟု အကြောင်းပြ၍ ကန့်ကွက်ကြသည်။ ယင်းအမှုတွင် မကြိုင်သည် ဒေါ်ရင်၏ ကိတ္တိမသမီး ဟုတ်—မဟုတ် ကျယ်ကျယ်ပြန့်ပြန့် စိစစ်သုံးသပ်ပြီးနောက် ယခင် နိုင်ငံတော်တရားရုံးချုပ်က မကြိုင်အား အနိုင်ပေး၍ အမွေထိန်းစာကို ထုတ်ပေးလိုက်လေသည်။

အမွေထိန်းစာ လျှောက်ထားမှုတွင် လျှောက်ထားသူက အမွေကို အမွေရှင်၏ ကိတ္တိမ သား သမီးအဖြစ် ရထိုက်ခွင့် ရှိသူ ဖြစ်သည်ဟု အကြောင်းပြကာ လျှောက်ထားရာတွင် တဘက်မှ မွေးစားသည့်ကိစ္စကို ကန့်ကွက်လာပါက မသန်းတင်ပါ–၂ နှင့် ဒေါ်လှခင် (၃) အမှုကဲ့သို့ ထူးခြားသည့်အမှုတွင်မှတပါး ယင်းပြဿနာကို ယင်းအမှုမျိုးတွင် စိစစ်ဆုံးဖြတ်ရန် ဖြစ်ကြောင်း ဒေါ်သန်းညွန့် အမှုမှအပ စီရင်ထုံးများတွင် တညီတညွတ်တည်း ထုံးဖွဲ့ထားသည်ကို တွေ့ရသည်။

ဒေါ်အုန်းမြင့် စွဲဆိုသည့်အတိုင်း သူသည် ဒေါ်ရှင်၏ ကိတ္တိမသမီး ဖြစ်ပါက မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ဒေါ်ရှင်၏ အမွေအားလုံးကို ဖြစ်စေ၊ တစိတ်တဒေသကို ဖြစ်စေ ဆက်ခံခွင့် ရှိမည် ဖြစ်သည့်အလျောက် ဒေါ်အုန်းမြင့်အနေဖြင့် မိမိအား အမွေထိန်းစာ ထုတ်ပေးရန် အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၁၈ (၁) အရ လျှောက်ထားခွင့် ရှိပေသည်။ ဒေါ်အုန်းမြင့်သည် ဒေါ်ရှင်၏ ကိတ္တိမသမီး ဟုတ်မဟုတ် အငြင်းပွားရုံမျှဖြင့် အမွေထိန်းစာ ထုတ်ပေးရန် လျှောက်ထားခြင်းကို ခွင့်မပြုသင့်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

၎င်းစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသည့် အချက်မှာ ဒေါ်အုန်းမြင့်က တိုင်းတရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးတွင် တရားမ ပထမ အယူခံမှုအဖြစ်ဖြင့် အယူခံဝင်ခြင်းနှင့် ပတ်သက်သည်။ တရားမမူလမှု တစ်မှုတွင် မူလမှုစီရင်ပိုင်ခွင့်ကို ကျင့်သုံး၍ ချမှတ်သော ဒီကရီကို တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၆ အရ အယူခံဝင်ခွင့် ရှိပေသည်။ ယင်းအယူခံကို တရားမ ပထမ အယူခံမှုအဖြစ် လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသည်။ တရားမ ပထမအယူခံတွင် ဒီကရီကို အယူခံဝင်ခြင်း ဖြစ်သည်။ အမွေထိန်းစာ လျှောက်ထားမှုများတွင် ချမှတ်သော အမိန့်ကို အယူခံဝင်ခွင့်ရှိကြောင်း အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၉၉ တွင် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ ဒေါ်အုန်းမြင့်၏ လျှောက်ထားချက်ကို ပလပ်သောအမိန့်ကို ဗဟိုတရားရုံးတွင် အယူခံ

၁၉၇၆
ဒေါ်အုန်းမြင့်
နှင့်
ဒေါ်ခင်မြ
ပါ (၂)

ဝင်ခြင်းမှာ အမွေဆက်ခံခွင့်ရေး အက်ဥပဒေ ပုဒ်မ ၂၉၉ တွင် အယူခံဝင်ခွင့် ပေးထားခြင်းကြောင့် ဖြစ်သည်။ တိုင်းတရားရုံးက ဒေါ်အုန်းမြင့်၏ လျှောက်ထားမှုကို ပလပ်သောအမိန့်သည် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၂ (၂) တွင် အဓိပ္ပါယ် ဖွင့်ဆိုထားသော ဒီကရီ မဟုတ်ပေ။ ဒေါ်အုန်းမြင့်က အမွေထိန်းစာ လျှောက်ထားသည့်ကိစ္စကို ဒေါ်ခင်မြတို့က ကန့်ကွက်သဖြင့် အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမှုကို တရားမကြီးမှုသဘော စစ်ဆေးရသည် မှန်သော်လည်း ယင်းအမှုတွင် ချမှတ်သောအမိန့်သည် ဒီကရီဖြစ်စေရမည်ဟု သတ်မှတ်ထားခြင်း မရှိချေ။ ဒီကရီဖြစ်ပါမှ ပုဒ်မ ၂၉၉ ကို ပြဋ္ဌာန်းထားခြင်းမှာ အပိုဖြစ်ပေလိမ့်မည်။ ထို့ပြင် တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၉၆ အရ ဒီကရီကို အယူခံဝင်ရာ၌ ရုံးခွန်ထမ်းဆောင်ရခြင်း၊ အယူခံဝင်ခွင့်ရှိသော အမိန့်ကို အယူခံဝင်ရာ၌ ရုံးခွန်ထမ်းဆောင်ရခြင်းတို့သည် သီးခြားကိစ္စရပ်များ ဖြစ်သည်။ အယူခံဝင်ခွင့်ရှိသော အမှုများကို အယူခံဝင်ရာတွင် ရုံးခွန် အက်ဥပဒေ ဒုတိယဇယား အမှတ်စဉ် ၁၁ အရ ရုံးခွန် ထမ်းဆောင်ရသည်။ ဒေါ်အုန်းမြင့်သည် တိုင်းတရားရုံး၏ အမိန့်ကို ဗဟိုတရားရုံးတွင် အယူခံဝင်ရာ၌ တရားမအထွေထွေ အယူခံမှု အဖြစ်ဖြင့် အယူခံဝင်ရန် ဖြစ်ပေသည်။

အထက်တွင် ဖော်ပြထားသော အကြောင်း များကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် ဒေါ်အုန်းမြင့် စွဲဆိုသောအမှုကို မူလအမှု အမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ အမှုကို ဥပဒေနှင့်အညီ စစ်ဆေးစီရင်ရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ ဤအယူခံတွင် နှစ်ဘက် အမှုသည်တို့သည် မိမိတို့ ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

ဤအယူခံတွင် ထမ်းဆောင်သော ရုံးခွန်ကို အယူခံတရားလိုအား ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို ရုံးခွန် အက်ဥပဒေ ပုဒ်မ ၁၃ အရ ထုတ်ပေးစေ။

**A.I.R. 1934 Rangoon 205**

**BA U AND SHAW, JJ.**

**Maung Kyaw– Appellant.**
**V.**
**Ma Daung and another–Respondents.**

Civil Misc. Appeal No. 122 of 1933, Decided on 22nd February 1934, from order of Dist. Judge, Kyaukse, D/- 7th September 1933.

**Letters of Administration–On proof of status of party that party alone entitled to inherit–Question of adoption should be gone into.**

If on the status of the respondents in proceeding for letters of administration being proved they would be the only people entitled to inherit the estate of the deceased, the Court is perfectly justified in going into the question of adoption of the respondents: AIR 1927 Rang 192; 9 LBR 163, Rel on; AIR 1919 LB 144; AIR 1917 LB 142 and 5 L B R 78, Ref.

Shu Mg–for Appellant.
Gwa Aung–for Respondents,

Ba U, J.–One Daw Ket, a Burman Buddhist and a native of Sadaungnge village, Kyaukse District, died in the month of February 1932. On her death the respondents applied for letters of administration to her estate on the ground that they were her keittima adopted daughters, and that therefore they were the only persons fit and proper to administer her estate. Their status was denied by the appellant who alleged that he, being the nearest surviving relative of the deceased, was the only person who was entitled to get letters of administration. On these allegations the trial Court went into the question of adoption and found that the respondents had proved their status. In accordance with that finding he granted letters of administration to the respondents.

It is now urged before us that the trial Court has erred in going into the question of adoption. The learned advocate for the appellant contends that the question of adoption should have been left to be fought out in a regular suit. In support of his contention he draws our attention to the cases of Ma Tok v. Ma Thi (1), Ma Kyin v. Ma Shwe Hmi (2) and Shwe Yin v. Ma On (3). What the learned Judges intended to lay down and, in fact, what they did lay down, in these cases, was explained by a Bench of the late Chief Court of Lower Burma in the case of Aung Ma Khaing v. Mi Ah Bon (4), the headnote of which is in these terms:

"The respondent applied for Letters of Administration to the estate of her full sister Chi Ma Pru, deceased. The appellant opposed the application alleging that she (the appellant) was the adopted daughter of the deceased."

"Held: that inasmuch as respondent would not be entitled to any part of the estate if the adoption of appellant was proved the District Judge in going into the question of the adoption of appellant had correctly interpreted the ruling in Ma Tok v. Ma Thi (1)."

This decision is in consonance with the decision of this Court in the case of Maung Tin v. Mg Po Htoo (5). In the present case, if the status of the respondents is proved, they would be the only people entitled to inherit the estate of

---

(1) (1909) 5 L B R 78= 3 I C 719.
(2) AIR 1917 L B 142=36 I C 262.
(3) AIR 1919 L B 144=45 I C 935= 9 L B R 174.
(4) AIR 1918 L B 100=45 I C 737= 9 L B R 163.
(5) AIR 1927 Rang 192=103 I C 22= 5 Rang 159.

the deceased, Daw Ket. Therefore we are clearly of opinion that the trial Court was perfectly justified in going into the question of adoption. (His Lordship after considering the evidence on the point of adoption proceeded).

In these circumstances we agree with the trial Court that the status of Ma Daung is proved beyond doubt. In the case of the other respondent, Ma E Myin the evidence to prove her status as the keittima adopted daughter of Daw Ket is not so strong as the evidence adduced by Ma Daung. Since Ma Daung, whose status is proved beyond doubt, admits that Ma E Myin was also an adopted Keittima daughter of Daw Ket, there is no reason why her admission should not be accepted as proving the status of Ma E Myin. For all these reasons we uphold the decison of the trial Court and dismiss the appeal with costs, three gold mohurs.

Shaw, J.—I agree.

Appeal dismissed.

## တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌ အဖြစ် ဦးဝင်းမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီးနှင့် ဦးခင်မောင်ကျော်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၆ ဖေဖော်ဝါရီလ ၁၀ ရက်

ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင် ကိုယ်စားလှယ်) ပါ ၆

ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင်ကိုယ်စားလှယ်) နှင့်

**ဦးမြတ်စိုး** *

ဦးမြတ်စိုးပါ-၂

**တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်း ၅(၄)၏ခြွင်းချက်နှင့် ပုဒ်မ ၁၄၉ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားစဉ်က စွဲဆိုလိုသည့် အမှုမှာ ကာလစည်းကမ်း သတ်အတွင်း ကျရောက်ပြီး၊ လျှောက်လွှာကို ပလပ်ပြီးနောက် ရုံးခွန်ထမ်းဆောင်သည့် အချိန်တွင်၊ ကာလစည်းကမ်းသတ် ကျော်လွန်သွားစေကာမူ ထိုအဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားစဉ်ကပင် ရုံးခွန်ထမ်းဆောင် သည်ဟု မှတ်ယူနိုင်ခြင်း—လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုသောအမိန့်များကို ပယ်ဖျက်လိုက်သောအခါ အဆိုလွှာလက်ခံသည့်ကိစ္စမှာအပ ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ဆောင်ရွက်ခဲ့သောအခြားဆောင်ရွက်ချက်များမှာမူ ပျက်ပြယ်သွားခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံးဥပဒေအမိန့် ၃၃၊နည်း ၂(ခ) အရ လူမွဲအဖြစ်တရားစွဲဆိုခွင့်ပြုရန်လျှောက်လွှာနှင့်အတူ လျှောက်ထားသူက တင်သွင်းလိုသည့် အဆိုလွှာကို ပူးတွဲတင်ပြရသည်။ နည်း ၄(၄) တွင် လူမွဲအဖြစ် တရားစွဲဆိုခွင့် လျှောက်လွှာကိုခွင့်ပြုရန် အကြောင်းမရှိသည့်အခါ ပယ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ထိုပြဋ္ဌာန်းချက်တွင် ခြွင်းချက်အဖြစ် တရားလိုသည် လိုအပ်သော ရုံးခွန်ထမ်းဆောင်ပါက အဆိုလွှာကို လက်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၀၃ နှင့် ၁၀၄

† ၁၉၇၃ခုနှစ်၊တရားမကြီးမှုအမှတ် ၂၀/၂၁ တွင်ချမှတ်သော(၁၀-၂-၇၅) နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၆
ဒေါ်အုံးမြင့် (လွှယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင်ကိုယ်စားလှယ်) ပါ ၆
ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဦးမြတ်စိုး ဦးမြတ်စိုး ပါ ၂

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၉ အရ ဥပဒေနှင့်အညီ ထမ်းဆောင်ရမည့် ရုံးခွန်လျော့နည်းနေသည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်းပြီး လိုအပ်သောရုံးခွန်ထမ်းဆောင်ရန် တရားရုံးက ခွင့်ပြုနိုင်သည်။ ထိုသို့ ခွင့်ပြုလျှင် ထိုစာရွက်စာတမ်းများသည် မူလတင်ပြစဉ်ကပင် ရုံးခွန်ထမ်းဆောင်ပြီး ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်ပေသည်။

ဤပြဋ္ဌာန်းချက်နှစ်ရပ်ကို ပူးတွဲသုံးသပ်ပါက လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကိုပယ်ပြီးနောက် လျှောက်ထားသူက ကျသင့်သော ရုံးခွန်ကို ထမ်းဆောင်သောကြောင့် တရားရုံးက တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်း ၄(၄)၏ ခြွင်းချက်တွင် ခွင့်ပြုထားသည့်အတိုင်းအဆိုလွှာကို လက်ခံလိုက်သောအခါ ပုဒ်မ ၁၄၉ အရ ထို အဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားသည့်နေ့ကပင် ရုံးခွန် ထမ်းဆောင်သည်ဟု မှတ်ယူရပေမည်။ **မသူရာပရာဆန်နှင့် အာသအေဖီးလစ်(၁)** စီရင်ထုံးကိုကြည့်ပါ။ သို့ဖြစ်ရာ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားစဉ်က စွဲဆိုလိုသည့်အမှုမှာ ကာလစည်းကမ်းသတ် အတွင်း ကျရောက်ပြီး လျှောက်လွှာကို ပလပ်ပြီးနောက် ရုံးခွန်ထမ်းဆောင်သည့် အချိန်တွင် ကာလ စည်းကမ်းသတ် ကျော်လွန်သွားစေကာမူ ထိုအဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့် ပြုရန် လျှောက်ထားစဉ်ကပင် ရုံးခွန်ထမ်းဆောင်သည်ဟု ပုဒ်မ ၁၄၉ အရ မှတ်ယူနိုင်သည် ဖြစ်၍ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ရန် အကြောင်း မရှိတော့ချေ။

**ထပ်မံဆုံးဖြတ်ချက်။** ။သို့သော် ဗဟိုတရားရုံးက တရားမ ပြင်ဆင်မှု အမှတ် ၄၂/၈၃ နှင့် ၄၃/၈၃ တို့တွင် လူမွဲအဖြစ် တရားစွဲခွင့်ပြုသော အမိန့်များကို ပယ်ဖျက်လိုက်သောအခါ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၃၊ နည်း ၄(၄)၏ ခြွင်းချက်အရ အဆိုလွှာလက်ခံသည့်ကိစ္စမှအပ ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ဆောင်ရွက်ခဲ့သော အခြား ဆောင်ရွက်ချက်များမှာမူ ပျက်ပြယ်သွားပြီဟု ကောက်ယူရပေလိမ့်မည်။

သို့ဖြစ်၍ ဤအမှုတွင် လျှောက်ထားသူ ဒေါ်အုံးမြင့်တို့အား ချေလွှာတင်ခွင့်မပြုဟု ၈-၃-၈၃ ရက်နေ့တွင် တိုင်းတရားရုံးက ချမှတ်သော အမိန့်များသည် ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ချမှတ်သည့် အမိန့်များသာ ဖြစ်သောကြောင့် လူမွဲမှုအဖြစ် တရားစွဲခွင့်ကို ပယ်ဖျက်လိုက်သော

(၁) ၁၉၃၀ ရန်ကုန်စီရင်ထုံးများ စာ-၆၂၉

၁၉၈၆
ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင် ကိုယ်စားလှယ် ပါ ၆ ဒေါ်အုံးမြင့် (ကွယ်လွန်သူ ဦးထွန်းမြင့်၏ တရားဝင် ကိုယ်စားလှယ်) နှင့် ဦးမြတ်စိုး ဦးမြတ်စိုး ပါ ၂

အခါ ချေလွှာတင်ခွင့် မပြုဟုသော တိုင်းတရားရုံး၏ အမိန့်များမှာ အတည်မဖြစ်တော့ချေ။

လျှောက်ထားသူအတွက် — ဦးခင်မောင်၊ ဗဟိုတရားရုံးရှေ့နေ
လျှောက်ထားခံရသူ အတွက် — ဦးသန်းမောင်၊ ဗဟိုတရားရုံးရှေ့နေ
တရားရှေးအကြံပေး — ဦးခင်စိုး

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၂၀/၈၃ တွင် ဦးမြတ်စိုးက ဦးထွန်းမြင့်၊ မခင်ခင်စိုး၊ မမြင့်မြင့်စိုး၊ မခင်မြဝတ်ရည်၊ မောင်မြင့်သိန်းနှင့် မသန်းမြင့် (ခ) မမြင့်မြင့်သန်းတို့ ၆–ဦးအပေါ်တွင် မခင်ခင်စိုး၊ မမြင့်မြင့်စိုး၊ မခင်မြဝတ်ရည်၊ မောင်မြင့်သိန်းနှင့် မသန်းမြင့် (ခ) မမြင့်မြင့်သန်းတို့အား ပစ္စည်းများ အပိုင်ပေးသည့် မှတ်ပုံတင်စာချုပ်အမှတ် ၅၀၄/၆၇ သည် ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန်နှင့် အခြား သက်သာခွင့်များ ရလိုကြောင်း တရားစွဲဆိုသည်။ အဆိုပါ တရားရုံး တရားမကြီးမှု အမှတ် ၂၁/၈၃ တွင် ဦးမြတ်စိုးနှင့် ဦးအောင်ကြည်တို့ ၂–ဦးက ဦးထွန်းမြင့်အပေါ်တွင် အဆိုလွှာနှင့်အတူ တင်ပြသော ပစ္စည်းများမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အခြား သက်သာခွင့်များ ရလိုကြောင်း စွဲဆိုသည်။

ထိုအမှုများတွင် ဦးမြတ်စိုးတို့က ရုံးခွန်ထမ်းဆောင်နိုင်ခြင်း မရှိ၍ လူမွဲမှုအဖြစ် တရားစွဲခွင့်ပြုရန် ရန်ကုန်တိုင်း တရားရုံး၊ တရားမ အထွေထွေမှု အမှတ် ၅၃/၈၁ နှင့် ၅၄/၈၁ တို့တွင် အသီးသီး လျှောက်ထားရာ တိုင်းတရားရုံးက ခွင့်ပြုခဲ့သည်။

အမှုဆိုင်ဆဲတွင် တရားပြိုင်များသည် အမှုချိန်းနေ့၌ ချေလွှာတင်သွင်းရန် ပျက်ကွက်ကြသဖြင့် တိုင်းတရားရုံးက တရားမကျင့်ထုံး ဥပဒေ အမိန့် ၈၊ နည်း ၁၀ အရ တရားလိုနှင့် သက်သေများကို စစ်ဆေးပြီး စီရင်ချက် ချမှတ်မည် ဖြစ်ကြောင်း အမိန့်ချမှတ်သည်။

ဦးမြတ်စိုးတို့အား လူမွဲမှုအဖြစ် တရားစွဲခွင့် ပြုသည့် တိုင်းတရားရုံး၏ အမိန့်ကိုလည်းကောင်း၊ တရားမကျင့်ထုံး အမိန့် ၈၊ နည်း ၁၀ အရ အမှုကို အဆုံးအဖြတ် ပေးမည် ဖြစ်ကြောင်း ချမှတ်သည့် အမိန့်ကိုလည်းကောင်း၊ ဦးထွန်းမြင့်တို့က မကျေနပ်ကြ၍ ဗဟိုတရားရုံးတွင် တရားမ ပြင်ဆင်မှုများ လျှောက်ထားကြသည်။ တရားမ ပြင်ဆင်မှု အမှတ် ၄၂/၈၃ နှင့် ၄၃/၈၃ တို့တွင် ဦးမြတ်စိုးတို့အား လူမွဲမှုအဖြစ်

တရားစွဲခွင့်ပြုခဲ့သည့် တိုင်းတရားရုံး၏ အမိန့်များကို ဗဟိုတရားရုံးက ပယ်ဖျက်လိုက်သည်။ အမှုများကို အမိန့် ၈၊ နည်း ၁၀ အရ အဆုံး အဖြတ် ပေးမည် ဖြစ်ကြောင်း ချမှတ်သည့် အမိန့်များနှင့် စပ်လျဉ်း သော တရားမ ပြင်ဆင်မှုအမှတ် ၅၁/၈၃ နှင့် ၅၂/၈၃ တို့ကိုမူ လူမွဲအဖြစ် စွဲဆိုထားသည့် အမှုများကို ပယ်ဖျက်ပြီး ဖြစ်သောကြောင့် ဆက်လက်ကြားနာရန် မလိုအပ်ဟု အကြောင်းပြ၍ ပယ်လိုက်သည်။

၁၉၈၆
ဒေါ်အုံးမြင့်
(ကွယ်လွန်သူ
ဦးထွန်းမြင့်၏
တရားဝင်
ကိုယ်စား
လှယ်)ပါ ၆
ဒေါ်အုံးမြင့်
ကွယ်လွန်သူ)
ဦးထွန်းမြင့်၏
တရားဝင်
ကိုယ်စား
လှယ်)
နှင့်
ဦးမြတ်စိုး
ဦးမြတ်နိုး
ပါ ၂

ထို့နောက် ဦးမြတ်စိုးတို့က သူတို့၏အမှုများအတွက် ကျသင့်သော ရုံးခွန်များ ထမ်းဆောင်ပြီး ဆက်လက် တရားစွဲဆိုလေသည်။ ဤ အတောအတွင်း ဦးထွန်းမြင့် ကွယ်လွန်သွားသဖြင့် ဒေါ်အုံးမြင့်က ဦးထွန်းမြင့်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက် ဆောင်ရွက် သည်။ ဒေါ်အုံးမြင့်တို့က ချေလွှာတင်ခွင့် ပြုရန် ထပ်မံလျှောက်ထား သည်။ ချေလွှာတင်ခွင့်ပြုရန် လျှောက်လွှာများကို တိုင်းတရားရုံးက ခွင့်မပြုသောကြောင့် ဒေါ်အုန်းမြင့်တို့က ဗဟိုတရားရုံးတွင် ဤတရားမ ပြင်ဆင်မှုများကို တင်သွင်းကြခြင်း ဖြစ်သည်။

တိုင်းတရားရုံးက ချေလွှာတင်ခွင့်ပြုရန် ဒေါ်အုံးမြင့်တို့က ထပ်မံ လျှောက်ထားသည့် လျှောက်လွှာများအပေါ် အမိန့်ချမှတ်ရာ၌ လူမွဲ အဖြစ် တရားစွဲဆိုခွင့်တောင်းသည့် အမှုများကို ထိုသို့စွဲဆိုခွင့် မပြုသည့် အခါ လိုအပ်သည့် ရုံးခွန်များ ထမ်းဆောင်ပြီး အမှုကို ဆက်လက် စစ်ဆေးနိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်း ၄ (၄) တွင် ပြဋ္ဌာန်းထားကြောင်း၊ ရုံးခွန် ထမ်းဆောင်စေခြင်းသည် အဆိုလွှာကို ပြင်ဆင်စေခြင်း မဟုတ်ကြောင်း၊ သို့ဖြစ်၍ ဤအမှုမျိုးတွင် ရုံးခွန်ထမ်းဆောင်ပြီးနောက် အမှုကို ဆက်လက် စစ်ဆေးသွားရန်သာ ဖြစ်ကြောင်း သုံးသပ်ပြီး ချေလွှာတင်သွင်းခွင့် လျှောက်လွှာကို ပလပ် ခဲ့ခြင်း ဖြစ်သည်။

ဒေါ်အုံးမြင့်တို့၏ ရှေ့နေ ဦးခင်ဇော်က လူမွဲမှု စစ်ဆေးစဉ် အခါက ချမှတ်ဆောင်ရွက်သည့် အမိန့်တစ်ရပ်သည် ထိုလူမွဲအဖြစ် တရားစွဲခွင့်ကို ဖျက်သိမ်းလိုက်သောအခါ အလိုအလျောက် အတည်မဖြစ်တော့ပါဟူ၍ လျှောက်လဲတင်ပြသည်။ ဦးမြတ်စိုးတို့၏ရှေ့နေ ဦးသန်းမောင်က ဤ အမှုမျိုးတွင် ရုံးခွန်ထမ်းဆောင်သည့်နေ့မှ စတင် တရားစွဲခြင်းမဟုတ်ပဲ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာတင်သည့် နေ့က စတင် တရားစွဲခြင်းဖြစ်ရာ လျှောက်လွှာ တင်ပြီးနောက်မှ ချေလွှာ တင်ခွင့် မပြုသည့်အမိန့်ကို ချမှတ်သည်ဖြစ်၍ ထိုအမိန့်မှာ တည်မြဲလျက်ရှိကြောင်း လျှောက်လဲတင်ပြသည်။

၁၉၈၆
ဒေါ်အုံးမြင့်
(ကွယ်လွန်သူ
ဦးထွန်းမြင့်၏
တရားဝင်
ကိုယ်စား
လှယ်) ပါ ၆
ဒေါ်အုံးမြင့်
(ကွယ်လွန်သူ
ဦးထွန်းမြင့်၏
တရားဝင်
ကိုယ်စား
လှယ်)
နှင့်
ဦးမြတ်စိုး
ဦးမြတ်စိုး
ပါ ၂

တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၃၊ နည်း ၂(၁) အရ လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာနှင့်အတူ လျှောက်ထားသူက တင်သွင်းလိုသည့် အဆိုလွှာကို ပူးတွဲတင်ပြရသည်။ နည်း ၄ (၄) တွင် လူမွဲအဖြစ် တရားစွဲခွင့် လျှောက်လွှာကို ခွင့်ပြုရန်အကြောင်း မရှိသည့်အခါ ပယ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့သော် ထို ပြဋ္ဌာန်းချက်တွင် ခြွင်းချက်အဖြစ် တရားလိုသည် လိုအပ်သော ရုံးခွန်ထမ်းဆောင်ပါက အဆိုလွှာကို လက်ခံနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၄၉ အရ ဥပဒေနှင့်အညီ ထမ်းဆောင်ရမည့် ရုံးခွန် လျော့နည်းနေသည့် စာရွက် စာတမ်းများနှင့် စပ်လျဉ်းပြီး လိုအပ်သော ရုံးခွန်ထမ်းဆောင်ရန် တရားရုံးက ခွင့်ပြုနိုင်သည်။ ထိုသို့ ခွင့်ပြုလျှင် ထိုစာရွက် စာတမ်းများသည် မူလတင်ပြစဉ်ကပင် ရုံးခွန်ထမ်းဆောင်ပြီး ဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်စေသည်။

ပြဋ္ဌာန်းချက်နှစ်ရပ်ကို ပူးတွဲသုံးသပ်ပါက လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာကို ပယ်ပြီးနောက် လျှောက်ထားသူက ကျသင့်သော ရုံးခွန်ကို ထမ်းဆောင်သောကြောင့် တရားရုံးက တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၃၊ နည်း ၄ (၄) ၏ ခြွင်းချက်တွင် ခွင့်ပြုထားသည့်အတိုင်း အဆိုလွှာကို လက်ခံလိုက်သောအခါ ပုဒ်မ ၁၄၉ အရ ထိုအဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲခွင့်ပြုရန် လျှောက်ထားသည့်နေ့ကပင် ရုံးခွန် ထမ်းဆောင်သည်ဟု မှတ်ယူရပေမည်။ **မသူရာပရာ ဆန် နှင့် အာသအေဗီးလစ် (၁) စီရင်ထုံး**ကိုကြည့်ပါ။ သို့ဖြစ်ရာ လူမွဲအဖြစ် တရားစွဲဆို ခွင့်ပြုရန် လျှောက်ထားစဉ်က စွဲဆိုလိုသည့်အမှုမှာ ကာလစည်းကမ်းသတ် အတွင်း ကျရောက်ပြီး လျှောက်လွှာကို ပလပ်ပြီးနောက် ရုံးခွန်ထမ်းဆောင်သည့်အချိန်တွင် ကာလစည်းကမ်းသတ် ကျော်လွန်သွားစေကာမူ ထိုအဆိုလွှာအတွက် လူမွဲအဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်ထားစဉ်ကပင် ရုံးခွန်ထမ်းဆောင်သည်ဟု ပုဒ်မ ၁၄၉ အရ မှတ်ယူနိုင်သည် ဖြစ်၍ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ရန် အကြောင်းမရှိတော့ချေ။

သို့သော် ဗဟိုတရားရုံးက တရားမ ပြင်ဆင်မှုအမှတ် ၄၂/၈၃ နှင့် ၄၃/၈၃ တို့တွင် လူမွဲအဖြစ် တရားစွဲခွင့်ပြုသော အမိန့်များကို ပယ်ဖျက်လိုက်သောအခါ တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၃၊ နည်း ၄ (၄) ၏ ခြွင်းချက်အရ အဆိုလွှာ လက်ခံသည့် ကိစ္စမှအပ ရုံးခွန် ထမ်းဆောင်

(၁) ၁၉၃၀ ရန်ကုန်စီရင်ထုံးများ၊ စာ ၆၂၉

ခြင်း မပြုမီက ဆောင်ရွက်ခဲ့သော အခြား ဆောင်ရွက်ချက်များမှာမူ ပျက်ပြယ်သွားပြီဟု ကောက်ယူရပေမည်။

သို့ဖြစ်၍ ဤအမှုတွင် လျှောက်ထားသူ ဒေါ်အုံးမြင့်တို့အား ချေလွှာတင်ခွင့် မပြုဟု ၈–၃–၈၃ ရက်နေ့တွင် တိုင်းတရားရုံးက ချမှတ်သော အမိန့်များသည် ရုံးခွန်ထမ်းဆောင်ခြင်း မပြုမီက ချမှတ်သည့် အမိန့်များသာ ဖြစ်သောကြောင့် လျှော့မှုအဖြစ် တရားစွဲခွင့်ကို ပယ်ဖျက်လိုက်သော အခါ ချေလွှာတင်ခွင့် မပြုဟူသော တိုင်းတရားရုံး အမိန့်များမှာ အတည်မဖြစ်တော့ချေ။

သို့ဖြစ်၍ ဦးမြတ်စိုးတို့က ရုံးခွန်ထမ်းဆောင်ပြီးနောက် ဒေါ်အုံးမြင့်တို့သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်း ၁ တွင် ခွင့်ပြုထားသည့် အတိုင်း ချေလွှာတင်သွင်းခွင့် ရှိကြပေသည်။ သူတို့အား ချေလွှာတင်သွင်းခွင့် မရှိကြောင်း တိုင်းတရားရုံးက ချမှတ်သော အမိန့်မှာ ဥပဒေနှင့် မညီပေ။

ထို့ကြောင့် ဤပြင်ဆင်မှုများကို ခွင့်ပြုပြီး အမှု အသီးသီးတွင် ဒေါ်အုံးမြင့်တို့အား ချေလွှာတင်သွင်းစေပြီး ဥပဒေနှင့်အညီ အမှုကို ဆက်လက်စစ်ဆေး ဆောင်ရွက်ရန် မူလရုံးအား ညွှန်ကြားလိုက်သည်။ စရိတ် သတ်မှတ်ခြင်း မပြု။

၁၉၈၆
ဒေါ်အုံးမြင့်
(ကွယ်လွန်သူ
ဦးထွန်းမြင့်၏
တရားဝင်
ကိုယ်စား
လှယ်)
ပါ ၆
ဒေါ်အုံးမြင့်
(ကွယ်လွန်သူ
ဦးထွန်းမြင့်၏
တရားဝင်
ကိုယ်စား
လှယ်)
နှင့်
ဦးမြတ်စိုး
ဦးမြတ်စိုး
ပါ ၂

# တရားမ တတိယအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင် (၁)၊ အဖွဲ့ဝင်များ အဖြစ် ဦးဘမော်နှင့် ဒေါက်တာမန်းသက်စံတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျော်ဒင်ပါ (၂) † ၁၉၇၆

နှင့် ဇွန်လ

ဒေါ်ဝင်းပါ (၂)* ၁၁-ရက်

**မူလ အိမ်ငှားစာချုပ်အရ၊ ငှားရမ်းခြင်း သက်တမ်း ကုန်ဆုံးပြီး နောက်ပိုင်းတွင် မည်သည့်စနစ်ဖြင့် အိမ်ကို ဆက်လက်ငှားရမ်းကြောင်း သက်သေခံချက် မရှိပဲ နို့တစ်စာ တရားဝင် မဝင် ပြဿနာကို ကြားနာဆုံးဖြတ်ခြင်း မပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် အိမ်ကို ၁၂—၉—၆၅ နေ့မှစ၍ တစ်နှစ်တိတိငှားရမ်းကြောင်း အတည့်အလင်းဖော်ပြကာ သက်သေခံ အိမ်ငှားစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ရာ ၁၁—၉—၆၆ နေ့တွင် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်သည်။ ၁၂—၉—၆၆ နေ့ နောက်ပိုင်းတွင် အိမ်ရှင် အိမ်ငှားတို့သည် အထက်ဖော်ပြပါအိမ်ငှားစာချုပ်၏ဒုတိယအပိုဒ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ငှားရမ်းခြင်း ရှိမရှိမသိရပဲ စာချုပ်ကိုကြည့်၍ နို့တစ်စာနှင့် သက်ဆိုင်သော ပြဿနာကို ပဏာမ ငြင်းချက်အဖြစ် ကြားနာဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

အဆိုအပိုဒ် (၂) တွင် အချင်းဖြစ် အိမ်ကို အင်္ဂလိပ် ပြက္ခဒိန်လအလိုက် လဆန်း ၁ ရက်မှ လကုန်ရက်အထိ ငှားရမ်းကြောင်း အဆိုပြုထားရာ ချေလွှာအပိုဒ် (၂) တွင် ငြင်းဆိုထားသည်ဖြစ်၍ မည်သည့်စနစ်ဖြင့် ငှားရမ်းကြောင်း သက်သေခံချက်ရယူရန် လိုအပ်ပေသည်။ အဆုံးအဖြတ်ပြုရန် အထောက်အထားမရှိပဲ နို့တစ်စာ တရားဝင်မဝင် ပြဿနာနှင့်စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ကာ ကြားနာဆုံးဖြတ်ခြင်း မပြုနိုင်ပေ။

အယူခံတရားလိုအတွက် —ဦးနိုင်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် —ဦးမြင့်ဌေး၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး —ဦးဘသန်းအောင်

---

* ၁၉၇၅ ခုနှစ်၊ တရားမ တတိယ အယူခံမှု အမှတ် ၄၀

† ၁၉၇၅ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ဂ၃ (ကြည့်မြင်တိုင်) တွင် ချမှတ်သော (၇-၆-၇၅) ရက် နေ့စွဲပါရန်ကုန်တိုင်းတရားရုံးအမှတ် (၄)၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆
ဦးကျော်ဒင်
ပါ(၂)
နှင့်
ဒေါ်ဝင်း
ပါ(၂)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘော်ဂါရပ်ကွက်တရားရုံး၊ တရားမကြီးအမှု အမှတ် ၄/၀၂တွင် အယူခံတရားလို ဦးကျော်ဒင်နှင့် ဒေါက်တာ ဦးဇော်ဝတို့က အယူခံတရားပြိုင် ဒေါ်ဝင်း၊ ဦးအုံးမြင့်နှင့် ဒေါ်တင်ဥ တို့အပေါ် ငှားရမ်းထားသည့်အိမ်မှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) အရ တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ အိမ်ငှား ဒေါ်ဝင်းတို့က ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ကြည့်မြင်တိုင်မြို့နယ်တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် ဆက်လက် အယူခံဝင်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံးနှင့် ရပ်ကွက်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ အယူခံတရားလိုတို့စွဲဆိုသောအမှုကို ပလပ်လိုက်သောကြောင့် ဦးကျော်ဒင်တို့က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

မူလရုံး တရားလိုဦးကျော်ဒင်တို့က ဘော်ဂါရပ်ကွက်၊ တောလမ်း အိမ်အမှတ် (၈၆) မှာ ဒေါ်ရင်ရင် (ခ) ဒေါ်ရင်မေအမည်ဖြင့် တည်ရှိခဲ့သော အိမ်ဖြစ်ပြီး ဒေါ်ရင်ရင် ကွယ်လွန်သောအခါ ဦးကျော်ဒင်တို့က အမွေဆက်ခံရရှိခဲ့ကြောင်း၊ ဒေါ်ဝင်းတို့သည် ယင်းအိမ်ကို တစ်လလျှင် ၄၀/—နှုန်းဖြင့် ငှားရမ်းနေထိုင်သူများ ဖြစ်ကြောင်း၊ ဦးကျော်ဒင်သည် တပ်မတော်မှ အငြိမ်းစားယူလိုက်သဖြင့် အချင်းဖြစ်အိမ်တွင် သဘောရိုးဖြင့် နေထိုင်လိုသောကြောင့် အိမ်ငှားရမ်းခြင်းကို ၃၀—၆—၀၂ နေ့တွင် ရပ်စဲလိုက်သော်လည်း အိမ်ငှားများကဖယ်ရှားပေးရန် ငြင်းဆန်ကြောင်း စသည်ဖြင့် အဆိုပြုကာ အမှုစွဲဆိုခြင်းဖြစ်သည်။

အိမ်ငှား ဒေါ်ဝင်းတို့က သူတို့ထံပေးပို့သော နို့တစ်စာမှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ အိမ်ရှင်တို့စွဲဆိုသောအမှုမှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း မရှိကြောင်း စသည်ဖြင့် ထုချေသည်။

ဦးကျော်ဒင်က—

> ''ဒေါ်ရင်မေက၁၉၅၇—၅၈တွင်အချင်းဖြစ်မြေနှင့်အဆောက်အဦကို ဝယ်ယူခဲ့ခြင်းသာ ဖြစ်သည်ဆိုလျှင် ဒေါ်ရင်မေဝယ်ခြင်း မဟုတ်ပါ၊ ကျွန်တော်၏မိခင် ဝယ်ခြင်းဖြစ်ပါသည်''

ဟု ထွက်ဆိုထားသည့်ကို အကြောင်းပြုပြီး တိုင်းတရားရုံးက အယူခံတရားလိုတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်ဟု ကောက်ယူ၍ အယူခံတရားလိုတို့ စွဲဆိုသောအမှုကို ပလပ်

လိုက်ခြင်းဖြစ်သည်။ ယင်းဆုံးဖြတ်ချက် မမှန်ဟု အယူခံတရားလိုတို့၏ ရှေ့နေက အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ ၁၉၈၆ ဦးကျော်ဒင် ပါ(၂) နှင့် ဒေါ်ဝင်း ပါ(၂)

အချင်းဖြစ်အိမ်ကို အယူခံတရားလိုတို့ မည်သို့မည်ပုံပိုင်ဆိုင်လာသည့်ဆိုသော အချက်နှင့် စပ်လျဉ်း၍ အဆိုလွှာ အပိုဒ် (၁) တွင် အောက်ပါအတိုင်း အဆိုပြုထားသည်—

"အချင်းဖြစ် အမှတ် (၇၆) တောလမ်း၊ ဘော်ဂါရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ရှိ နေအိမ်ကို ဂျပန်ခေတ်ကတည်းက ဆောက်ခဲ့၍ ဒေါ်ရင်ရင် (ခ) ဒေါ်ရင်မေ အမည်ဖြင့် တည်ရှိခဲ့ပါသည်။ ဒေါ်ရင်ရင် (ခ) ဒေါ်ရင်မေမှာ (၁၁–၄–၆၉) နေ့တွင် ကွယ်လွန်သွားသဖြင့် အစ်ကိုဖြစ်သူ ဦးကျော်ဒင်နှင့် မောင်ဖြစ်သူ ဒေါက်တာဦးဇီဝတို့မှ အချင်းဖြစ်အိမ်ကို အမွေဆက်ခံရရှိပြီး ပိုင်ဆိုင်လာကြပါသည်။"

အချင်းဖြစ်အိမ်ကို ဦးကျော်ဒင် နေထိုင်ရန်အတွက် ရယူလိုခြင်း ဖြစ်ကြောင်း အဆိုလွှာ အပိုဒ် (၅) တွင် အောက်ပါအတိုင်း အဆိုပြုထားသည်—

"အမှတ် (၁) တရားလို ဦးကျော်ဒင်နှင့် မိသားစုမှာ ယခုအခါ လူလားမြောက်နေကြပြီဖြစ်သော သားသမီးများနှင့် မိဘနှစ်ပါးအပါအဝင် လူဦးရေ (၈) ယောက်နှင့် အတူ နေ ထိုင် ကြရသောကြောင့် ဦးကျော်ဒင်နှင့် မိသားစုအတွက် နေထိုင်ရန်နှင့် အရွယ်ရောက်သူများ စာကြည့်ရန်နေရာအတွက် အဆိုပါ အမှတ် (၇၆) တောလမ်းနေအိမ်ကို သဘောရိုးဖြင့် ပြန်လည်ရယူလိုခြင်း အမှန်တကယ် ဖြစ်ပါသည်။"

မူလရုံးတွင် အယူခံတရားလိုတို့ တင်သွင်းသော အယူခံတရားလိုတို့ ပြုလုပ်သည့်သက်သေခံ (ဃ) ကတိသစ္စာပြုလွှာ အပိုဒ် (၅) တွင်အောက်ပါအတိုင်း ဖော်ပြထားသည်—

"ကွယ်လွန်သူဒေါ်ရင်ရင် (ခ) ဒေါ်ရင်မေမှာအိမ်ထောင်မရှိဲ အပျိုကြီးတစ်ဦးဖြစ်ပြီး အမွေစား အမွေခံ မွေးစားသားသမီး တစ်ဦးမျှ မရှိပါ။ ၎င်းကွယ်လွန်သူ ဒေါ်ရင်ရင် (ခ) ဒေါ်ရင်မေတွင် ယခုသစ္စာပြုသူ အစ်ကိုအရင်းဦးကျော်ဒင်နှင့် မောင်အရင်းဦး ဇီဝတို့ နှစ်ဦးမှ လွဲ၍ အခြား မည်သည့် အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှမရှိပါ။"

မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင် ဒေါ်ရင်ရင် ကွယ်လွန်သွားသောအခါ ၎င်း၏ အစ်ကိုဖြစ်သူ ဦးကျော်ဒင်သည် ဒေါ်ရင်ရင်၏ အမွေကို ဆက်ခံခွင့်မရှိချေ။ သို့ဖြစ်ရာ ဦးကျော်ဒင်သည် ၁၉၆၀ ပြည့်နှစ်၊

၁၉၈၆ ဦးကျော်ဒင် ပါ(၂) နှင့် ဒေါ်ဝင်း ပါ(၂)

မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် အကျုံးဝင်သော ပိုင်ရှင်မဟုတ်သည့် အလျှောက် ဦးကျော်ဒင် နေထိုင်ရန်အတွက် အိမ်ငှားများအား နှင်ထုတ်ပေးစေရန် စွဲဆိုသော အမှုသည် အောင်မြင်ရန် အကြောင်းမရှိချေ။

၅။စီရင်ချက်ကို အဆုံးမသတ်မီ ရပ်ကွက်တရားရုံးက အိမ်ငှားထံ ပေးပို့သည့် သက်သေခံ (ဂ) နို့တစ်စာသည် ဥပဒေနှင့်ညီညွတ်သည်ဆိုသော ဆုံးဖြတ်ချက် နှင့်စပ်လျဉ်း၍ အနည်းငယ်ဝေဖန်ရန်လိုသည်။ မူလအိမ်ရှင် ဒေါ်ရင်ရင်နှင့် အိမ်ငှား ဒေါ်ဝင်းတို့ချုပ်ဆိုကြသော ၁၂—၉—၆၅ ရက်စွဲပါ အိမ်ငှားစာချုပ်တွင် အောက်ပါအတိုင်း ချုပ်ဆိုထားသည်—

> "ကြည့်မြင်တိုင်တောလမ်း၊အမှတ် ဂ၆၊ ပိုင်ရှင်ဒေါ်ရင်မကေ မိမိပိုင်အဆိုပါအိမ်ကို ဒေါ်ဝင်းအား ၁၉၆၅ ခု၊စက်တင်ဘာလ ၁၂ ရက်နေ့မှစ၍ အိမ်လခတစ်လ ၄၀/- (လေးဆယ်ကျပ်တိတိ) စပေါ်ငွေ ၃၀၀/-(သုံးရာကျပ်တိတိ) ဖြင့်တစ်နှစ်တိတိနေထိုင်ရန် ငှားရမ်းပါကြောင်းကို နှစ်ဦး နှစ်ဘက် သဘောတူအောက်တွင် လက်မှတ်ရေးထိုးပါသည်။
>
> အိမ်ရှင်ကအိမ်ကိုပြန်လည်ရလိုပါက တစ်လကြိုတင်၍ အိမ်ငှားကိုအကြောင်းကြားရန်နှင့် အိမ်ငှားက ပြောင်းရွှေ့ သွားလိုပါက အိမ်ရှင်ကို တစ်လ ကြိုတင်၍ အကြောင်းကြားရန် သဘောတူကြပါသည်။"

ရပ်ကွက်တရားရုံးတွင် အိမ်ရှင်များဘက်မှ အိမ်ငှား စာချုပ်တွင် ပါရှိသည့် စည်းကမ်းချက်အတိုင်း နို့တစ်စာကို တစ်လကြိုတင်၍ပေးခဲ့သောကြောင့် တရားဝင်ပါသည်ဟုလျှောက်လဲသည်။ အိမ်ငှားများကမူ အချင်းဖြစ် အိမ်ကို ၁၂—၉-၆၅ နေ့မှစ၍ ငှားရမ်းသည်ဖြစ်၍ အင်္ဂလိပ်ပြက္ခဒိန် လအလိုက် လဆန်း ၁ ရက်နေ့မှ လကုန်ရက်အထိ ငှားရမ်းသည့် စနစ်မဟုတ်သောကြောင့် ငှားရမ်းခြင်းကို ၃၀-၆—၈၂ နေ့တွင် ရပ်စဲခြင်းမှာ ငှားရမ်းခြင်းဆိုင်ရာ လ၏ နောက်ဆုံးရက်နှင့် မကိုက်ညီသဖြင့်ဥပဒေနှင့်မညီညွတ်ဟု တင်ပြသည်။ ရပ်ကွက် တရားရုံးက အိမ်ရှင်များဘက်မှ တင်ပြချက်ကို လက်ခံ ဆုံးဖြတ်ခဲ့သည်။

အချင်းဖြစ်အိမ်ကို တစ်နှစ်တိတိ ငှားရမ်းကြောင်း အတည့်အလင်း ဖော်ပြကာ သက်သေခံ အိမ်ငှား စာချုပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်ရာ ၁၁—၉—၆၆ နေ့တွင် စာချုပ် သက်တမ်း ကုန်ဆုံးခဲ့ပြီး ဖြစ်သည်။ ၁၂—၉-၆၆ နေ့ နောက်ပိုင်းတွင် အိမ်ရှင် အိမ်ငှားတို့သည် အထက်ဖော်ပြပါ အိမ်ငှားစာချုပ်၏ ဒုတိယအပိုဒ်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက် ငှားရမ်းခြင်း ရှိမရှိ မသိရပဲ စာချုပ်ကိုကြည့်၍ နို့တစ်စာနှင့် သက်ဆိုင်သော ပြဿနာကို ပဏာမငြင်းချက်အဖြစ် ကြားနာသုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

၁၉၀၆
ဦးကျော်ဒင်
ပါ(၂)
နှင့်
ဒေါ်ဝင်း
ပါ(၂)

အဆိုအပိုဒ်(၂)တွင် အချင်းဖြစ်အိမ်ကို အင်္ဂလိပ် ပြက္ခဒိန်လအလိုက် လဆန်း ၁ ရက်မှ လကုန်ရက်အထိ ငှားရမ်းကြောင်း အဆို ပြုထားရာ ချေလွှာအပိုဒ်(၂)တွင် ငြင်းဆိုထားသည်ဖြစ်၍ မည်သည့်စနစ်ဖြင့် ငှားရမ်းကြောင်း သက်သေခံချက်ရယူရန် လိုအပ်ပေသည်။ အဆုံးအဖြတ် ပြုရန် အထောက်အထား မရှိ၍ နို့တစ်စာ တရားဝင် မဝင် ပြဿနာနှင့် စပ်လျဉ်း၍ ပဏာမငြင်းချက်အဖြစ် သတ်မှတ်ကာ ကြားနာ ဆုံးဖြတ်ခြင်း မပြုနိုင်ပေ။ တရားရုံးက မှားယွင်း၍ သတ်မှတ်သည့်တိုင်အောင် နှစ်ဖက် ရှေ့နေများက အကျိုးအကြောင်း တင်ပြသင့်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤ အယူခံကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၇၅/—သတ်မှတ်သည်။

## တရားမအထွေထွေ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင် (၁)၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဒေါက်တာမန်းသက်စံတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆ ဇွန်လ ၂-ရက်

ဒေါ်စောမြင့်ပါ(၅)

နှင့်

ဒေါ်မြသင် *

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅(၁)— နိုင်ငံတော် ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁၂၅/၇၅ ပါ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်— ပုဒ်မ ၁၃(၁)အရ ဥပစာတွင် ဆက်လက်နေထိုင်ခွင့်မရရှိသူက ယင်း ဥပဒေပုဒ်မ၁၅(၁)အရ ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက် ထားခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅(၁) အရ ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားခွင့်ရှိသူသည် တရားရှုံးဖြစ်ရမည့်အပြင် အိမ်ငှား သို့မဟုတ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ အချင်းဖြစ် ဥပစာတွင် ဆက်လက်နေထိုင်ခွင့်ရသူလည်း ဖြစ်ရမည်။

၁၁—၁၀—၇၅ ရက်စွဲပါ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁၂၅/၇၅ (ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် မြန်တမ်းအပိုင်း ၁၊ စာ ၂၆၉) အရ အောက်ပါအတိုင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်—

"ပုဒ်မ ၁၃(၁)တွင် အိမ်ငှားပင်မဟုတ်စေကာမူ ဥပစာတွင် ဆက်လက်နေထိုင်ခွင့် ရရှိရန် လျှောက်ထားနိုင်သည်ဟု ဖော်ပြထားရာ အချို့သော ကြီးကြပ်ရေး ဝန်များက အိမ်ငှား ဖြစ်ပြီးသူများပါ လျှောက်ထားနိုင် သကဲ့သို့ မှားယွင်းစွာ အဓိပ္ပာယ် ကောက်ယူကြကြောင်း သိရှိရပါသည်။ ထို့ကြောင့် ပုဒ်မ ၁၃(၁) ပါ 'အိမ်ငှားပင် မဟုတ်စေကာမူ' ဟူသော စကားရပ်သည် ပုဒ်မ

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၇၄

† ၁၉၇၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၅တွင် ချမှတ်သော (၂၉-၅-၇၅)ရက် နေ့စွဲပါ ရှေ့ဝတ်တိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

> ၂ (ဆ) တွင် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ အိမ်ငှားများနှင့် တရားရုံး အဆင့်ဆင့်က ဥပစာမှ ထွက်ခွါစေရန် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ အကျုံးမဝင်ကြောင်း နိုင်ငံတော်ကောင်စီက အနက်အဓိပ္ပာယ်ဖွင့်ဆိုလိုက်သည်။''

၁၉၈၆
ဒေါ်စောမြင့်
ပါ(၅)
နှင့်
ဒေါ်မြသင်

၎င်း အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အိမ်ငှားများနှင့် တရားရုံးအဆင့်ဆင့်က ဥပစာမှထွက်ခွာစေရန် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများအား ယင်းဥပစာတွင် ဆက်လက်နေထိုင်ခွင့်ပြုရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက်နေထိုင်ခွင့် မပြုနိုင်ချေ။ တရားရှုံး ဦးလွင်ဦးသည် အချင်းဖြစ် ဥပစာမှဖယ်ရှားပေးစေရန် ဒီကရီချမှတ်ခြင်းခံရသူ ဖြစ်သောကြောင့် သူ့အား အချင်းဖြစ် ဥပစာတွင် ဆက်လက် နေထိုင်ခွင့် မပြုနိုင်ချေ။

နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁၂၅/၈၅ အရ ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) ပါ ''အိမ်ငှားပင် မဟုတ်စေကာမူ'' ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုလိုက်သောအခါ အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် ယင်း ဥပဒေကို ပြဋ္ဌာန်းစဉ်ကပင် ယင်းအနက်အဓိပ္ပာယ်အတိုင်း ဆောင်သည်။

အယူခံတရားလိုအတွက် —ဦးစံလှ၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက်—ဒေါ်မြင့်မြင့်သန်း၊ ဗဟိုတရားရုံးရှေ့နေ

တရားရေး အကြံပေး —ဦးသိန်းဟန်

အယူခံတရားပြိုင် ဒေါ်မြသင်သည် အယူခံတရားလို ဒေါ်စောမြင့်၊ ဒေါ်ခင်ရွှေ၊ ဒေါ်သောင်းကြည်၊ ဦးအောင်သန်းနှင့် ဦးလွင်ဦးတို့အပေါ် ရှေ့ဝတီတိုင်း တရားရုံး၊ ၁၉၈၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၃၄ တွင် ဖျာပုံမြို့၊ ဒုတိယလမ်း၊ အိမ်အမှတ် ၃ မှ ခွင့်ပြုချက်အရ နေထိုင်သူများအဖြစ်ဖြင့် ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဒေါ်မြသင်က ယင်းဒီကရီကို အဆိုပါတရားရုံး၊ ၁၉၈၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၅ (ဖျာပုံ) တွင် အတည်ပြုဆဲ၌ တရားရှုံးဖြစ်သူ ဦးလွင်ဦး၏ လျှောက်ထားချက်အရ ဖျာပုံမြို့၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အဖွဲ့က ဦးလွင်ဦးအား အချင်းဖြစ်အိမ်တွင် ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ အိမ်ငှားအဖြစ် ဆက်လက်နေထိုင်ခွင့်ပြုကြောင်း၊ ၂၃-၄-၈၅ နေ့တွင် အမိန့်ချမှတ်သည်။ ထို့နောက် တရားရှုံးများ၏ရှေ့နေက မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အဖွဲ့၏ အမိန့် မိတ္တူကို တင်ပြကာ ဇာရီမှုအား ဆက်လက်ဆောင်ရွက်ခြင်းကို 'ရပ်စဲ' ပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ယင်း လျှောက်ထားချက်ကို ပယ်ပြီး ဇာရီမှုကိုဆက်လက်ဆောင်ရွက်မည်ဖြစ်

ကြောင်း အမိန့်ချမှတ်သောကြောင့် ဒေါ်စောမြင့်တို့က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

တရားရုံးများဘက်မှ ဇာရီမှုကို ဆိုင်းငံ့ထားရန် လျှောက်ထားရာ၌ ဥပဒေတစုံတရာကို ကိုးကားထားခဲ့ခြင်း မရှိချေ။ သို့ရာတွင် ဤအယူခံတွင်မူ ဇာရီမှုကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၂) အရ ဆိုင်းငံ့ထားရမည်ဖြစ်ကြောင်း တင်ပြလာသည်။ အမှန်မှာ ယခုအမှုနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၁၅ (၁) ဖြစ်သည်။

တိုင်းတရားရုံးတွင် တရားရုံးများဘက်မှ တရားရုံးများသည် တရားဝင် အိမ်ငှားများဖြစ်လာပြီ ဖြစ်ကြောင်း အကြောင်းပြ၍ ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက အောက်ပါအတိုင်း သုံးသပ်သည်—

> "၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေသည် အိမ်ငှားများ၏ အကျိုးကို ကာကွယ်ရန် အတွက် ရည်ရွယ်ရေးဆွဲထားသော ဥပဒေဆိုသည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ ထို့ကြောင့် ဥပဒေအရ အကာအကွယ် ရရှိထိုက်သူသည် ဤအက်ဥပဒေအရ အိမ်ငှားတစ်ဦးဖြစ်ရန် လိုအပ်ပေသည်။ တရားရုံးတို့က သူတို့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ နေခွင့်ပါမစ်ရထားသူ ဖြစ်၍ အိမ်ငှား ဖြစ်လာပြီ ဖြစ်ကြောင်း တင်ပြထားသည်။
>
> "အိမ်ငှား" ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ယင်းဥပဒေပုဒ်မ ၂ (ဆ) တွင် ပြဋ္ဌာန်းထားပေသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ ပါမစ်ရသူသည် အိမ်ငှား ဖြစ်ကြောင်း ဥပဒေ ပြဋ္ဌာန်းချက် မရှိသဖြင့် တရားရုံးများ၏ တင်ပြချက်ကို လက်ခံရန် အကြောင်း မရှိချေ။"

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားခွင့် ရှိသူသည် တရားရုံး ဖြစ်ရမည့် အပြင် အိမ်ငှား သို့မဟုတ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရအချင်း ဖြစ် ဥပစာတွင် ဆက်လက် နေထိုင်ခွင့် ရသူလည်း ဖြစ်ရမည်။ တိုင်းတရားရုံးက တရားရုံးများသည် အဆိုပါ ဥပဒေပုဒ်မ ၂ (ဆ) တွင်အကျုံးဝင်သော အိမ်ငှားများမဟုတ်ဟု သုံးသပ်ပြီးလျှောက်လွှာကို ပယ်ခြင်းမှာ လုံးလုံးလျားလျား မှန်ကန်သည်ဟု မဆိုနိုင်ပေ။

၁၉၀၆
ဒေါ်ခေါမြင့်
ပါ(၅)
နှင့်
ဒေါ်မြသင်

အချင်းဖြစ် ဉပစာ၌ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဉပဒေပုဒ်မ ၁၃(၁) အရ ဆက်လက် နေထိုင်ခွင့် ရရှိသူမှာ တရားရုံးတစ်ဦးဖြစ်သူ ဦးလွင်ဦးသာဖြစ်သည်။တရားရုံးများဘက်မှ သူတို့အားလုံးအား ပုဒ်မ ၁၃(၁)အရ အချင်းဖြစ် ဉပစာတွင် ဆက်လက် နေထိုင်ခွင့် ပြုသည်ဟု ဖော်ပြခြင်းမှာ မှားယွင်းပေသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက် ဉပဒေပုဒ်မ ၁၃(၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

"နိုင်ငံတော် သမ္မတက အမိန့် ကြော်ငြာစာဖြင့် ဤပုဒ်မနှင့် သက်ဆိုင်စေရန် ကြေညာနိုင်သည့် ဒေသ၌သော်လည်းကောင်း၊ ဉပစာ အမျိုးအစား တစ်ခုခုနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ မည်သူမဆို ဉပစာတစ်ခုခု၏ အိမ်ငှားပင် မဟုတ်စေကာမူ နေထိုင်မှုကိစ္စ သို့တည်းမဟုတ် လုပ်ငန်းကိစ္စအတွက် ရိုးဖြောင့်သောသဘောဖြင့် နေထိုင်သူ ဖြစ်လျှင် ထိုဉပစာတွင် ဆက်လက် နေထိုင်ခွင့် ရရှိရန် ကြီးကြပ်ရေးဝန်ထံ လျှောက်ထား နိုင်သည်"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်တွင် ပါရှိသည့် "အိမ်ငှားပင် မဟုတ်စေကာမူ" ဟူသောစကားရပ်ကို နိုင်ငံတော်ကောင်စီက ၁၁-၁၀-၇၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂၅/၇၅(ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ပြန်တမ်းအပိုင်း ၁၊ စာ ၂၆၉) အရ အောက်ပါအတိုင်း အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်—

"ပုဒ်မ ၁၃(၁)တွင် အိမ်ငှားပင်မဟုတ်စေကာမူ ဉပစာတွင် ဆက်လက် နေထိုင်ခွင့် ရရှိရန် လျှောက်ထားနိုင်သည်ဟု ဖော်ပြထားရာ အချို့သောကြီးကြပ်ရေးဝန်များက အိမ်ငှားဖြစ်ပြီးသူများပါ လျှောက်ထားနိုင်သကဲ့သို့ မှားယွင်းစွာ အဓိပ္ပာယ်ကောက်ယူကြကြောင်း သိရှိရပါသည်။ ထို့ကြောင့် ပုဒ်မ ၁၃ (၁) ပါ "အိမ်ငှားပင် မဟုတ်စေကာမူ" ဟူသော စကားရပ်သည် ပုဒ်မ ၂(ဆ)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အိမ်ငှားများနှင့် တရားရုံး အဆင့်ဆင့်က ဉပစာမှ ထွက်ခွာစေရန် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများ အကျုံး မဝင်ကြောင်း နိုင်ငံတော်ကောင်စီက အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သည်။"

ဤအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အိမ်ငှားများနှင့် တရားရုံး အဆင့်ဆင့်က ဉပစာမှထွက်ခွာစေရန် ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများအား ယင်းဉပစာတွင် ဆက်လက် နေထိုင်ခွင့် ပြုရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဉပဒေပုဒ်မ

၁၉၇၆ ဒေါ်စောမြင့် ပါ(၅) နှင့် ဒေါ်မြသင်

၁၃(၁) အရ ဆက်လက်နေထိုင်ခွင့်မပြုနိုင်ချေ။ တရားရှိုး ဦးလွင်ဦးသည် အချင်းဖြစ် ဥပစာမှ ဖယ်ရှားပေးစေရန် ဒီကရီချမှတ်ခြင်းခံရသူဖြစ်သော ကြောင့် သူ့အား အချင်းဖြစ် ဥပစာတွင် ဆက်လက်နေထိုင်ခွင့် မပြုနိုင်ချေ။ သို့ရာတွင် ဦးလွင်ဦးဘက်မှ စောဒကတက်ရန် အချက်တစ်ရပ် ရှိပေသည်။ ဖျာပုံမြို့၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအဖွဲ့က အချင်းဖြစ် ဥပစာတွင် ဦးလွင်ဦးအား ဆက်လက်နေထိုင်ခွင့်ပြုကြောင်း ၂၃—၄—၇၅ နေ့တွင် အမိန့်ချမှတ်ခဲ့၍ ယင်းအမိန့်ချမှတ်ပြီးနောက် ၆ လခန့်အကြာတွင် နိုင်ငံတော်ကောင်စီက အထက်ဖော်ပြပါ အမိန့် ကြော်ငြာစာကို ထုတ်ပြန်ခဲ့သည်ဖြစ်ရာ အမိန့်ကြော်ငြာစာမထုတ်ပြန်မီက မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအဖွဲ့ကချမှတ်သောအမိန့်သည် ဥပဒေအရ တရား ဝင်ပါသည်ဟု ဦးလွင်ဦးအနေဖြင့် အကြောင်းပြဘွယ်ရာရှိပေသည်။ နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၁၄ အရ ဥပဒေတစ်ရပ်ကိုအနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် သက်ဆိုင်ရာဥပဒေတွင် ယင်းဥပဒေကို စတင်ပြဋ္ဌာန်းစဉ်ကပင် အဓိပ္ပာယ် ဆောင်သည်ဟု ဆိုရပေမည်။ သို့ဖြစ်ရာ နိုင်ငံတော်ကောင်စီ၏ အမိန့် ကြော်ငြာစာအမှတ် ၁၂၅/၇၅ အရ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) ပါ "အိမ်ငှားပင် မဟုတ်စေကာမူ" ဟူသောစကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုလိုက်သောအခါ အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် ယင်းဥပဒေကို ပြဋ္ဌာန်းစဉ်ကပင် ယင်း အနက်အဓိပ္ပာယ်အတိုင်း ဆောင်သည်ဟု မှတ်ယူရမည် ဖြစ်၍ ဦးလွင်ဦးအား အချင်းဖြစ် ဥပစာတွင် အဆိုပါ ဥပဒေပုဒ်မ ၁၃(၁) အရ ဆက်လက် နေထိုင်ခွင့်ပြုသောအမိန့်သည် အဆိုပါ ဥပဒေပုဒ်မ ၁၃(၁) ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ချေ။ ဥပဒေအမြင်တွင် ဦးလွင်ဦးအားအချင်းဖြစ် ဥပစာ၌ ဆက်လက်နေထိုင်ခွင့်ပြုသော မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အဖွဲ့၏ ၂၃—၄—၇၅ ရက်စွဲပါ အမိန့်သည် တရားမဝင်သဖြင့် ယင်း တရားမဝင်သော အမိန့်အပေါ် အခြေခံကာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့် မရှိချေ။

အယူခံတရားလိုတို့ဘက်မှ **စပ်ငှယ်ဘူး ပါ(၂) နှင့် ဒေါ်ခင်ဒေး**(၁) အမှုတွင် ဗဟို တရားရုံးက ချမှတ်ထားသည့် ဆုံးဖြတ်ချက်ကို ကိုးကား၍ တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းကြောင်း တင်ပြ လျှောက်ထားသည်။ ယင်းအမှုတွင် ဒီကရီချမှတ်ခြင်း ခံရပြီးနောက် တရားရှုံးအား ဖယ်ရှားပေးရမည့် အိမ်တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃(၁) အရ ဆက်လက်နေထိုင်ခွင့် ပြုသည်ကို အကြောင်းပြုပြီး ဇာရီမှုကို အဆိုပါ ဥပဒေပုဒ်မ ၁၅(၁) အရဆိုင်းငံ့

(၁) ၁၉၇၀ ပြည့်နှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၆

ထားစေရန် ဗဟိုတရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့သော အမှုများမှာ **ကော၊ အီး၊ အမ် အဋ္ဌမဂျစ်နှင့် အမ်၊ အောမဒါး** **ပါ (၃)** [၂]၊ **တီ၊ စီ လျောင် ပါ (၂) နှင့် ဦးဘိုးသိန်း** [၃] **တန် မြူးကန် ပါ (၃) နှင့် စောချိန်ပွန်း ပါ (၂)** [၄]၊ **ဒေါ်မမနှင့် ဦးမောင်ဟန် ပါ (၂)** [၅] တို့ ဖြစ်သည်။ ဤ စီရင်ထုံးများမှာ နိုင်ငံတော် ကောင်စီက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အနက်အဓိပ္ပာယ် မဖွင့်ဆိုမီက ထုံးဖွဲ့ခဲ့သော စီရင်ထုံးများ ဖြစ်သဖြင့် ယခု အခါ ယင်းစီရင်ထုံးများကို လိုက်နာရန် အကြောင်း မရှိတော့ချေ။

၁၉၈၆
ဒေါ်စောမြင့်
ပါ (၅)
နှင့်
ဒေါ်မြသင်

ဤ စီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသောအချက်မှာအထက်ဖော်ပြပါ စီရင်ထုံးများကို ကိုးကား၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၅ (၁) အရ ရပ်ဆိုင်းထားသော ဇာရီမှုများအနက် တရားရုံးများအား အဆိုပါ ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက် နေထိုင်ခွင့်ပြုသော အမိန့်သည် ယခုအမှုမှာကဲ့သို့ ဥပဒေနှင့် မညီညွတ်ခဲ့လျှင် သက်ဆိုင်ရာ တရားရုံးများသည် ဇာရီမှုကို ဆိုင်းငံ့ထားစေရန် ချမှတ်ခဲ့သည့် အမိန့်များအား တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၅၁ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပယ်ဖျက်ပြီး ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပေသည်။

အထက် ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ပလပ်လိုက်သည်။နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသောတရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

---

(၂) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၅၇၇ (တရား လွှတ်တော်)

(၃) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၁ (တရားလွှတ်တော်)

(၄) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၂၉ (တရားလွှတ်တော်ချုပ်)

(၅) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၇၂

# တရားမ အထွေထွေ အယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးမျိုးမြင့် နှင့် ဦးဝင်းမောင်(၂) တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်စောသွင်

နှင့်

ဒေါ်စိန်မြင့် ပါ (၃) *

† ၁၉၈၆ ဇွန်လ ၂၇-ရက်

**အုပ်ထိန်းခွင့်လျှောက်ထားသည့်အမှုတွင် အရွယ်မရောက်သေးသူပိုင်သည်ဟု အဆိုရှိသော ပစ္စည်းသည် သူပိုင် ဟုတ် မဟုတ် အဆုံးအဖြတ် ပြုရန် မလိုခြင်း — ပစ္စည်းနှင့် စပ်လျဉ်း၍ ခန့်အပ်သည့် အုပ်ထိန်းသူသည် အရွယ်မရောက်သူ ရထိုက်ခွင့် ရှိသည့် ပစ္စည်း အတွက် လက်ရောက်ရရှိရန် သီးခြားတရားစွဲဆိုရန်သာ ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။အုပ်ထိန်းခွင့်လျှောက်ထားသည့်အမှုများကိုအကျဉ်းနည်း စုံစမ်းစစ်ဆေးခြင်းသာ ဖြစ်ပြီး အရွယ်မရောက်သေးသူ ပိုင်သည်ဟု အဆိုရှိသော ပစ္စည်းသည် သူပိုင် ဟုတ်မဟုတ် အဆုံးအဖြတ်ပြုရန်မလိုပေ။ ပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံးကသင့်တော်သူတစ်ဦးအား အုပ်ထိန်းသူခန့်အပ်ခြင်းသည် ယင်းပစ္စည်းကို အုပ်ထိန်းသူအားပေးအပ်စေရာ မရောက်ချေ။ အုပ်ထိန်းသူသည် အရွယ် မရောက်သေးသူပိုင် ပစ္စည်းများကို အရွယ်မရောက်သူက ရထိုက်ခွင့်ရှိသည်ဟု ယူဆလျှင် လက်ရောက် ရရှိရန် သီးခြားတရားတစ်ထုံးစွဲရန်သာဖြစ်သည်။

အယူခံတရားလိုအတွက် — ဦးဇော်ဝင်း (ပုသိမ်)၊
ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင် အတွက် — ၁နှင့် ၂။ ဦးအေးမောင် (ပန်းတနော်)
ဗဟိုတရားရုံးရှေ့နေ

၃။ ကိုယ်တိုင် (မလာ)

တရားရေးအကြံပေး — ဦးတင်ထွန်း

---

* ၁၉၈၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၆၅

† ၁၉၈၁ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၇၀ (ရေကြည်)တွင် ချမှတ်သော (၅-၄-၈၅) ရက် နေ့စွဲပါ ဧရာဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၀၆
ဒေါ်စောသွင်
နှင့်
ဒေါ်စိန်မြိုင်
ပါ(၃)

ရောဝတီ တိုင်း တရားရုံး၊ ၁၉၇၁ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၇၀ တွင် အယူခံတရားလို ဒေါ်စောသွင်က အရွယ်မရောက်သေးသူ မခင်ခင်မော်၏ ကိုယ်နှင့် ပစ္စည်းများကို အုပ်ထိန်းခွင့် ပြုရန် လျှောက်ထားခဲ့သည်။ အရွယ်မရောက်သေးသူ မခင်ခင်မော်သည် ဒေါ်စောသွင်၏ သမီးဖြစ်၍ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းဖြစ်သူ ဦးမောင်မြ က ကိတ္တိမ သမီးအဖြစ် မွေးစားသည်ဟု ဆိုသည်။ ၁၄–၉–၇၁ နေ့တွင် ဦးမောင်မြ ကွယ်လွန်သောအခါ ပင်စင်လစာငွေ၊ ရွှေ ငွေ လက်ဝတ်လက်စား (၁၀) မျိုးနှင့် အိမ်နှင့် မြေတို့ ကျန်ရစ်သည်ဟု အဆိုပြု၍ ဒေါ်စောသွင်က မခင်ခင်မော်၏ ကိုယ်နှင့် ယင်းပစ္စည်းများကို အုပ်ထိန်းခွင့်ရရှိရန် လျှောက်ထားခဲ့သည်။

ရွှေငွေ လက်ဝတ် လက်စားများကို ဦးမောင်မြ မကွယ်လွန်မီက သူတို့အား အပိုင်ပေးခဲ့သည်ဟု ဒေါ်စိန်မြိုင်နှင့် ဒေါ်သန်းရင်တို့၏ ကန့်ကွက်လွှာတွင် ဖော်ပြခဲ့သည်။ ဦးလှထွန်းက ယင်းပစ္စည်းများမှာ ဒေါ်စိန်မြိုင်နှင့် ဒေါ်သန်းရင်တို့ထံတွင် ရှိကြောင်းကိုသာ ကန့်ကွက်လွှာ၌ ဖော်ပြခဲ့သည်။

ရောဝတီတိုင်း တရားရုံးက ရွှေငွေ လက်ဝတ် လက်စားများကို ကွယ်လွန်သူ ဦးမောင်မြ မကွယ်လွန်မီက ဒေါ်စိန်မြိုင်နှင့် ဒေါ်သန်းရင်တို့အား အပိုင်ပေးခဲ့ပြီး ဖြစ်သည်ဟု ကောက်ယူ၍ ယင်းပစ္စည်းများအတွက် အုပ်ထိန်းခွင့် မပြုပဲ ကျန်ပစ္စည်းများနှင့် မခင်ခင်မော်ကို ဒေါ်စောသွင်အား အုပ်ထိန်းခွင့်ပြုခဲ့သည်။

အယူခံတွင် ဦးမောင်မြ မကွယ်လွန်မီက ဒေါ်စိန်မြိုင်နှင့် ဒေါ်သန်းရင်တို့အား ရွှေငွေ လက်ဝတ်လက်စားများကို ပေးခဲ့ကြောင်း ရောဝတီတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု အကြောင်းပြသည်။

အုပ်ထိန်းခွင့် လျှောက်ထားသည့် အမှုများကို အကျဉ်းနည်း စုံစမ်း စစ်ဆေးခြင်းသာ ဖြစ်ပြီး အရွယ်မရောက်သေးသူ ပိုင်သည်ဟု အဆိုရှိသော ပစ္စည်းသည် သူပိုင်ဟုတ်မဟုတ် အဆုံးအဖြတ်ပြုရန်မလိုပေ။ ပစ္စည်းနှင့်စပ်လျဉ်း၍ တရားရုံးက သင့်တော်သူတစ်ဦးအား အုပ်ထိန်းသူ ခန့်အပ်ခြင်းသည် ယင်းပစ္စည်းကို အုပ်ထိန်းသူအား ပေးအပ်စေရာ မရောက်ချေ။ အုပ်ထိန်းသူသည် အရွယ်မရောက်သေးသူပိုင်ပစ္စည်းများကို အရွယ်မရောက်သူက ရထိုက်ခွင့်ရှိသည်ဟု ယူဆလျှင် လက်ရောက် ရရှိရန် သီးခြား တရားတစ်ထုံး စွဲရန်သာ ဖြစ်သည်။

ထို့ကြောင့် အယူခံကို ခွင့်ပြု၍ ရောဝတီတိုင်း တရားရုံး၏ အမိန့်ကိုပယ်ဖျက်ကာ ဒေါ်စောသွင်အား အရွယ်မရောက်သေးသူ၏ ကိုယ်နှင့်ပစ္စည်းများကို အုပ်ထိန်းသူအဖြစ် ခန့်အပ်ကြောင်း အမိန့် ချလိုက်သည်။ စရိတ်ခွင့်မပြု။

# တရားမ ပထမ အယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင် (၁)၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီးနှင့် ဦးခင်မောင်ကျော် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၈၆
ဇွန်လ
၂၀-ရက်

ဦးစံသောင်း

နှင့်

ဦးအေး ပါ (၂)*

**ပစ္စည်းရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား ပစ္စည်းဝယ်သူက မိမိ၏အခွင့်အမိန့်အရနေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူသူတစ်ဦးသည် မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူ အဖြစ်ဖြင့် နှင်ထုတ်ခွင့် ရှိသည်ဟု **ဦးဘနိုင်နှင့် ဒေါ်မမလေး** [၁] အမှုတွင် ဆုံးဖြတ်ခဲ့ဘူးသည်။ မူလ ပိုင်ရှင်၏ ခွင့်ပြုချက် အရ နေထိုင်သူသည် ပစ္စည်းဝယ်ယူသူ၏ အခွင့် အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ပြောင်းလဲသွားသည်ဟု **ဦးသန်းဌေး နှင့် ဒေါ်ခင်နယ်** [၂] အမှုတွင်လည်း ဆုံးဖြတ်ဘူးသည်။ သို့ရာတွင် **ဦးသိန်းအောင် ပါ (၂) နှင့် ဒေါ်ဝင်း ပါ (၃)** [၃] အမှုတွင်မူ အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်—

"ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်ကယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိသော်လည်း ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့်ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိနိုင်မည်မဟုတ်ချေ။"

သို့ဖြစ်ရာ ပထမ စီရင်ချက် နှစ်ခုနှင့် တတိယ စီရင်ထုံး တို့သည် ဆန့်ကျင်နေပေသည်။ ပထမ စီရင်ချက်နှစ်ခုမှာ ထုံးဖွဲ့ထားခြင်း မရှိသဖြင့် စီရင်ထုံးပါ ဥပဒေသကို လိုက်နာရန်သာ ဖြစ်ပေသည်။

---

* ၁၉၈၅ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၂၄

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၂၉ တွင် ချမှတ်သော (၁၉-၁၁-၀၄) ရက် နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

(၁) ၁၉၇၀ ခုနှစ်၊ တရားမ တိဒုယအယူခံ အမှတ် ၇၀

(၂) ၁၉၈၁ ခုနှစ်၊ တရားမ ဒုတိယ အယူခံမှုအမှတ် ၂၃

(၃) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ စာ-၃၃၁

အယူခံတရားလိုအတွက် —ဦးသိန်းစိုးအောင်၊ ဗဟိုတရားရုံး ရှေ့နေ

အယူခံတရားပြိုင်အတွက် – (၁) အတွက် ဦးလှထွန်း၊
ဗဟိုတရားရုံး ရှေ့နေ
(၂) အတွက် ဦးအေးချို၊
ဗဟိုတရားရုံး ရှေ့နေ

**တရားရေးအကြံပေး — ဦးခင်စိုး**

၁၉၈၆
ဦးစံသောင်း
နှင့်
ဦးအေး
ပါ(၂)

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၂၉/၇၀ (လမ်းမတော်)တွင် အယူခံတရားပြိုင် ဦးအေးနှင့် ဇနီးဒေါ်အေး တို့က အယူခံတရားလို ဦးစံသောင်းအပေါ် အခမဲ့ နေထိုင်ခွင့် ပြုထားသော တိုက်၏ အပေါ်ထပ်မှ ဖယ်ရှားပေးရန် တရားစွဲဆိုရာ တိုင်းတရားရုံးက အနိုင်ဒီကရီ ချမှတ်လိုက်သောကြောင့် ဦးစံသောင်းက ဗဟို တရားရုံးတွင် ဤတရားမ ပထမအယူအခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဦးအေးတို့က လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ် ၄၅ ဟု စာရင်းပေါက်သော နှစ်ထပ်တိုက်အိမ်နှင့်မြေကွက်၏ မူလပိုင်ရှင်ဦးဘဦး ထံမှ သူတို့သည် ဒေါ်အေး၏ညီမဖြစ်သူ ဒေါ်သန်းရွှေနှင့်အတူဝယ်ယူပြီး ရောင်းချသူ ဦးဘဦးနှင့် မြေးဖြစ်သူ ဦးစံသောင်း တို့အား တိုက်အပေါ် ထပ်တွင် အခမဲ့ပြန်လည် နေထိုင်ခွင့်ပြုခဲ့ရာမှ ဦးဘဦးကွယ်လွန်ပြီးနောက် ဦးစံသောင်းသည် ဖယ်ရှားပေးခြင်း မပြုဟု အဆိုလွှာတွင် ဖော်ပြပြီးတရား စွဲခြင်း ဖြစ်သည်။

ဦးအေးတို့က အဆိုလွှာတွင် ဒေါ်သန်းရွှေကို ဒေါ်အေး၏ ညီမဟူ၍ လွဲမှားဖော်ပြထားသည့်အပြင် ဒေါ်သန်းရွှေနှင့် အတူ ဦးစံသောင်းကို အခမဲ့နေခွင့်ပြုခဲ့သည်ဟူ၍ အဆိုလွှာအပိုဒ်(၂)တွင်လည်း အဆိုပြုထား သည်။ အမှုအဖြစ်အပျက်အမှန်မှာ အချင်းဖြစ် နှစ်ထပ်တိုက် အိမ်နှင့် မြေကွက်ကို ဒေါ်သန်းရွှေထံမှတဆင့် မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပြီးနောက် ဒေါ်သန်းရွှေက နေထိုင်ခွင့် ပြုထားသူ ဦးစံသောင်းအပေါ် ဤအမှုကို တရားစွဲခြင်းသာ ဖြစ်ပေသည်။

ဦးစံသောင်းက သူသည် အဘိုးဖြစ်သူ ဦးဘဦးရှိစဉ်ကတည်းက အဘိုး ဖြစ်သူနှင့်အတူ ပိုင်ရှင် တစ်ဦးအနေဖြင့် နေထိုင်လာခဲ့သူသာ ဖြစ်သော ကြောင့် ဦးအေးတို့၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူ မဟုတ်ကြောင်း ထုချေ သည်။

အချင်းဖြစ် တိုက်နှင့် မြေကွက်ကို ဦးစံသောင်း၏ အဘိုး ဦးဘဦးထံမှ ဒေါ်အေး၏အစ်မဖြစ်သူ ဒေါ်သန်းရွှေက စာချုပ်အမှတ် ၁၆၆၆/၆၃ ဖြင့် ပထမဝယ်ယူခဲ့သည်။ ထို့နောက် ဦးအေးနှင့် ဇနီး ဒေါ်အေးတို့က

၁၉၀၆
ဦးစံသောင်း
နှင့်
ဦးအေး
ပါ (၂)

အစ်မဖြစ်သူ ဒေါ်သန်းရွှေထံမှ စာချုပ်အမှတ် ၁၇၂/၇၀ ဖြင့် ထပ်မံ ဝယ်ယူပြီးနောက် နေအိမ် အပေါ်ထပ်တွင် နေထိုင်လျက် ရှိသော ဦးစံ သောင်းအပေါ် ယခုအမှုကို တရားစွဲခြင်းဖြစ်သည်။

မူလရုံး အမှုတွဲရှိ အထောက်အထားတို့အရ ဦးစံသောင်းသည် ဒေါ် သန်းရွှေ မဝယ်ယူမီ ကတည်းက ဦးဘဦးနှင့်အတူ နေထိုင်ခဲ့သူ ဖြစ်ပြီး ဦးအေးတို့က တရားစွဲသည့်အချိန်အထိ အချင်းဖြစ် တိုက်အပေါ်ထပ်တွင် နေထိုင်လျက်ရှိသူဖြစ်ကြောင်း အမှုတွင် အငြင်းမပွားချေ။ ဦးစံသောင်း နေထိုင်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်းပြီး ဦးအေးက တရားလို အဖြစ် အစစ်ခံရာ၌ အောက်ပါအတိုင်း ထွက်ဆိုသည်—

> "ဒေါ်သန်းရွှေက ဦးဘဦးထံမှ အချင်းဖြစ် တိုက်ကို ဝယ်ယူပြီး နောက် ဦးဘဦးကဖယ်ရှားပေးရန် အတွက် (၃)ကြိမ် ရက်ချိန်း တောင်းခဲ့ပါသည်။ တတိယအကြိမ်တွင် ဦးဘဦးသည် မကျန်း မာသဖြင့် ဒေါ်သန်းရွှေက ကျန်းမာသည့်တိုင်အောင် နေထိုင်ခွင့် ပြုခဲ့ပါသည်။ နောက်ဆုံးတွင် ဦးဘဦးသည် အချင်းဖြစ်အိမ်၌ပင် နာတာရှည်ရောဂါဖြင့် အနိစ္စရောက်သွားပါသည်။ ကိုစံသောင်း သည် အချင်းဖြစ် အခန်းတွင် ဦးဘဦး ရှိစဉ်ကတည်းကနေထိုင်ခဲ့ ရာ ဦးဘဦးကွယ်လွန်ပြီးနောက် ဒေါ်သန်းရွှေက ဆက်လက်နေ ထိုင်ခွင့် ပေးခဲ့ပါသည်။"

ဦးအေး၏ အထက်ပါ ထွက်ဆိုချက်အပြင် ဒေါ်သန်းရွှေက ဦးဘဦး ထံမှ အချင်းဖြစ်တိုက်နှင့် မြေကို ဝယ်ယူစဉ်အခါက မှတ်ပုံတင် စာချုပ်တွင် သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သော ဦးချစ် (လိုပြ) နှင့် ဒေါ်သန်း ရွှေ၏ ကိုယ်စားလှယ်အဖြစ် ဦးစံသောင်းတို့အားတရားစွဲဘူးသည့် မောင် ဖြစ်သူ ဦးဇော်ဝင်း (လိုပြ) တို့၏ ထွက်ချက်များအရ ဦးဘဦးထံမှ ဝယ် ယူခဲ့သူ တစ်ဦးဖြစ်သော ဒေါ်သန်းရွှေက ဦးစံသောင်းအားအခမဲ့နေခွင့် ပြုခဲ့သည်ကိုအကြောင်းပြု၍ ထိုပစ္စည်းကို ဒေါ်သန်းရွှေထံမှ မှတ်ပုံတင် စာ ချုပ်ဖြင့် ထပ်မံ ဝယ်ယူခဲ့သော ဦးအေးတို့က ဤအမှုကို တရားစွဲခြင်း ဖြစ် ကြောင်းပေါ်ပေါက်ပေသည်။

တိုင်းတရားရုံးက မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူသူ ဦးအေးတို့ သည် ရောင်းချသူဒေါ်သန်းရွှေ၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့် ရရှိသူ ဦးစံ သောင်းအား နှင်ထုတ်ခွင့်ကိုပါ လွှဲပြောင်း ရရှိသည်ဟု ကောက်ယူပြီး ဦးအေးတို့ တရားစွဲသည့်အမှုကို အနိုင် ဒီကရီ ချမှတ်ပေးခြင်း ဖြစ်သည်။

တရားလို၏ ရှေ့နေက မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူသူ တစ်ဦးသည် ရောင်းချသူက အခမဲ့ထားသူအား နှင်ထုတ်ခွင့်မရှိသဖြင့် တိုင်း တရားရုံး က ခွင့်ပြုခဲ့သည်မှာ မမှန်ကန်ပါဟု လျှောက်ထားသည်။

အယူခံ တရားပြိုင်များ၏ ရှေ့နေများက မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို စာချုပ်ဖြင့်ဝယ်ယူသူသည် ရောင်းသူက အခမဲ့ထားသူအား နှင်ထုတ်ခွင့်ကိုပါ လွှဲပြောင်းရရှိခြင်း ရှိ—မရှိဆိုသော ပြဿနာမှာ မတည်မငြိမ်ဖြစ်နေကြောင်း၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ (၈) အရ လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်အတူ ဥပဒေအရ အခွင့်အရေးများ (Legal Incident) လည်း တပါတည်း လွှဲပြောင်းပေးရာ ရောက်သည်ဖြစ်ရာ အခွင့်အမိန့်ဖြင့် ထားခြင်းသည် လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်စပ်လျဉ်းသည့် ဥပဒေအရ အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု မှတ်ယူသင့်ကြောင်းဖြင့် အကျယ်တဝင့် တင်ပြလျှောက်ထားကြသည်။

၁၉၈၆
ဦးစံသောင်း
နှင့်
ဦးအေး
ပါ (၂)

ပစ္စည်း လွှဲပြောင်းရေး အက် ဥပဒေ ပုဒ်မ (၈) ပါ ပြဋ္ဌာန်းချက်များအရဆိုလျှင် ပစ္စည်းကိုလွှဲပြောင်းပေးသောအခါ လွှဲပြောင်းပေးသည့် ပစ္စည်းနှင့်အတူ အကျိုးသက်ဆိုင်ခွင့်အရပ်ရပ်သည် လွှဲပြောင်းရရှိသူထံသို့ ရောက်ရှိသွားသည်။ အကျိုးသက်ဆိုင်ခွင့်ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်းဖြစ်ပါက ထိုပစ္စည်းမှ ပေါ်ပေါက်သော ငှားရမ်းခများ၊ ကြွေးများ စသည့် ဥပဒေနှင့်အညီ ခံစားခွင့်များသာ ဖြစ်ပေသည်။ အခမဲ့နေခွင့်ပြုခြင်းသည် ခွင့်ပြုသူက ပစ္စည်းပေါ်တွင်ကြည်ဖြူသဖြင့် နေထိုင်သုံးစွဲခွင့် ရခြင်းသာ ဖြစ်သည်။ ခွင့်ပြုသူသည် ပစ္စည်းကိုပိုင်ဆိုင်ခွင့် ရှိသူသာမက ပိုင်ဆိုင်ခွင့် မရှိသူလည်း ဖြစ်နိုင်ပေသည်။ ဤအခြေအနေကြောင့် ပစ္စည်းပေါ်တွင်အခမဲ့ နေထိုင်ခွင့် ပြုထားခြင်းသည် ပစ္စည်းလွှဲ ပြောင်းရေး အက်ဥပဒေပုဒ်မ (၈) တွင် ရည်ညွှန်းထားသော လွှဲပြောင်းပေးသည့် ပစ္စည်းနှင့် စပ်လျဉ်းသော လွှဲပြောင်းပေးနိုင်သည့် အခွင့်အရေးမဟုတ်ချေ။

မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ဝယ်ယူသောသူ၏ အခွင့်အရေးများကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၅ (၆) (က) နှင့် (ခ) တို့တွင် ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်များတွင် ပစ္စည်းဝယ်ယူသူသည် ပစ္စည်းရောင်းသူ၏ခွင့်ပြုချက်အရ နေထိုင်သူအားဖယ်ရှားခွင့်ကိုရရှိသည်ဟု မပါရှိချေ။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်ယူသူတစ်ဦးသည် မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် နှင်ထုတ်ခွင့်ရှိသည်ဟု **ဦးဘနိုင် နှင့် ဒေါ်မမလေး** [၁] အမှုတွင် ဆုံးဖြတ်ခဲ့ဘူးသည်။ မူလပိုင်ရှင်၏ ခွင့်ပြုချက်အရ နေထိုင်သူသည် ပစ္စည်းဝယ်ယူသူ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ပြောင်းလဲသွားသည်ဟု **ဦးသန်းဌေးနှင့် ဒေါ်စိန်ယု** [၂] အမှုတွင်လည်း ဆုံးဖြတ်ဘူးသည်။

---

(၁) ၁၉၇၈ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၇၀
(၂) ၁၉၈၁ ခုနှစ်၊ **တရားမ ဒုတိယအယူခံမှုအမှတ်** ၂၃

၁၉၈၆
ဦးစံသောင်း
နှင့်
ဦးအေး
ပါ(၂)

သို့ရာတွင် **ဦးသိန်းအောင်ပါ–၂ နှင့် ဒေါ်ဝင်း ပါ(၃)**[၃] အမှုတွင်မူ အောက်ပါအတိုင်း စီရင်ထုံးဖွဲ့ထားသည်–

"ပစ္စည်းကို အမွေဆက်ခံရရှိသူသည် ကွယ်လွန်သူ အမွေရှင်က ယင်းပစ္စည်းတွင် အခမဲ့နေထိုင်ခွင့်ပြုခဲ့သူအား မိမိ၏ အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့် ရှိသော်လည်း ပစ္စည်းကို ဝယ်ယူသူသည် ဝယ်ယူသည့်ပစ္စည်းတွင် ရောင်းသူ၏ ခွင့်ပြုချက်အရ နေထိုင်သူအား မိမိ၏အခွင့်အမိန့်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်ရှိနိုင်မည် မဟုတ်ချေ"

သို့ဖြစ်ရာ ပထမစီရင်ချက်နှစ်ခုနှင့် တတိယစီရင်ထုံးတို့သည် ဆန့်ကျင်နေပေသည်။ ပထမစီရင်ချက်နှစ်ခုမှာ ထုံးဖွဲ့ထားခြင်းမရှိသဖြင့် စီရင်ထုံးပါ ဥပဒေသကို လိုက်နာရန်သာဖြစ်ပေသည်။ **ဦးသိန်းအောင်အမှုတွင်** စာချုပ်ဖြင့် ဝယ်ယူသူသည် ရောင်းသူ၏ အခမဲ့ထားသူအား နှင်ထုတ်ခွင့်မရှိကြောင်းအကျယ်တဝင့်သုံးသပ်ထားပြီးဖြစ်သည်။ **ဦးသိန်းအောင်အမှုတွင်** ထုံးဖွဲ့ထားခြင်းကို ကျွန်ုပ်တို့ သဘောတူညီသည်။

သို့ဖြစ်၍ မူလပိုင်ရှင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူ ဦးစံသောင်းအား ပစ္စည်းဝယ်ယူသူ ဦးအေးတို့အနေဖြင့် မိမိတို့၏ ခွင့်ပြုချက်အရ နေထိုင်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိသောကြောင့် တိုင်းတရားရုံးက သူတို့၏အမှုကို ခွင့်ပြုသည်မှာ ဥပဒေနှင့်မညီပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုသည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးအေးတို့စွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/–ခွင့်ပြုသည်။

(၃) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ စာ ၃၃၁

# တရားမ အထွေထွေအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းတင်နှင့် ဦးဝင်းမောင် (၁) တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးစိန်လှပေါ် (၂)

နှင့်

ဒေါ်သန်းမြင့် (ခ) ဒေါ်သန်းမြ *

† ၁၉၇၆ ဇွန်လ ၂၀-ရက်

**သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသောအမှုတွင် ချမှတ်သည့်ဒီကရီကို အယူခံခွင့်မရှိခြင်း—ယင်းဒီကရီကို အတည်ပြုရာ၌ ချမှတ်သော အမိန့်ကိုလည်း အယူခံဝင်ခွင့်မရှိခြင်း— အယူခံမှုကို မည်သည့်အခါတွင် ပြင်ဆင်မှုအဖြစ် ပြောင်းလဲ ဆုံးဖြတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရချမှတ်သောဒီကရီကို အယူခံဝင်ခွင့်မရှိကြောင်း၊ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် အတိအလင်း ဖိတ်ပင်ထားပေသည်။ ယေဘုယျအားဖြင့် ဒီကရီကို အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ တွင် အကျုံးဝင်သည် ဖြစ်၍ ပုဒ်မ ၂ (၂) တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသော ဒီကရီဖြစ်သည့်အလျောက် အဆင့်ဆင့်သော တရားရုံးများတွင် အယူခံဝင်ခွင့်ရှိပေသည်။ သို့ရာတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ စွဲဆိုသော အမှု၌ ချမှတ်သောဒီကရီမှာ အယူခံဝင်ခွင့်မရှိသဖြင့် ယင်းဒီကရီကို အတည်ပြုရာ၌ ချမှတ်သော အမိန့်ကိုလည်း အယူခံဝင်ခွင့်ရှိမည်မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက ဇာရီမှုတွင် ချမှတ်သောအမိန့်ကို အဆင့်ဆင့်အယူခံ ဝင်ခြင်းမှာ မှားယွင်းပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ထူးခြားသောအခြေအနေတွင်တရားမျှတမှုအလို့ငှာ ဤအယူခံမှုကို တရားမပြင်ဆင်မှုအဖြစ်ပြောင်းလဲ၍ အဆုံးအဖြတ်ပေးသင့်သည်။

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၇၆

† ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၆ (ဟင်္သာတ) တွင် ချမှတ်သော (၃-၀-၇၅)ရက်နေ့စွဲပါ ဇလွန်ဝတီတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၇၆
ဦးစိန်လှ
ပါ(၂)
နှင့်
ဒေါ်သန်းမြင့်
(ခ)
ဒေါ်သန်းမြ

အယူခံတရားလိုအတွက် — ဦးတင်ညွန့်၊ ဦးလှထွန်း၊
ဗဟိုတရားရုံးရှေ့နေများ

အယူခံတရားပြိုင်အတွက် — ဦးထွန်းထွန်း (ပုသိမ်)၊ ဦးခင်မောင်ရီ
ဗဟိုတရားရုံးရှေ့နေများ

တရားရေးအကြံပေး — ဦးမြ (ညွှန်ကြားရေးမှူး)

ဟင်္သာတမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၉/၇၉ တွင် ဦးစိန်လှနှင့် ဦးစိန်ထွန်းတို့က ဒေါ်သန်းမြင့် (ခ) ဒေါ်သန်းမြအပေါ် ဟင်္သာတမြို့မိုင်တာဈေးအတွင်းရှိ အချင်းဖြစ် ဆိုင်ခန်းကို ရလိုကြောင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရ တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ဒေါ်သန်းမြင့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို မကျေနပ်သဖြင့် ဧရာဝတီတိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားသောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဦးစိန်လှတို့စွဲဆိုသောအမှုကို ပလပ်လိုက်လေသည်။ ဦးစိန်လှတို့က တိုင်းတရားရုံး၏ဆုံးဖြတ်ချက်ကို ဗဟိုတရားရုံး ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၁၇၀ တွင် ဆက်လက်လျှောက်ထားသောအခါ ဗဟိုတရားရုံးက ပြင်ဆင်မှုကို စရိတ်နှင့်တကွထပ်မံပလပ်ပြန်သည်။ ဒေါ်သန်းမြင့်က ဟင်္သာတမြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၆/၇၅ ကို ဦးစိန်လှတို့အပေါ် ဖွင့်လှစ်၍ အချင်းဖြစ်ဆိုင်ခန်းတွင် ဆိုင်ဖွင့်ခွင့် ပြုရန်နှင့် တရားစရိတ်များရလိုကြောင်း လျှောက်ထားရာ မြို့နယ်တရားရုံးက ခွင့်ပြုလိုက်သည်။ ဦးစိန်လှတို့က မြို့နယ်တရားရုံး၏အမိန့်ကို ဧရာဝတီတိုင်းတရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ၎င်းအယူခံကို ဆက်လက်တင်သွင်းလာခြင်းဖြစ်သည်။

ဟင်္သာတမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၉/၇၉ မှာ ဦးစိန်လှတို့က တရားလိုပြုလုပ်၍တရားစွဲဆိုသောအမှုဖြစ်သည်။ယင်းအမှုတွင် ဦးစိန်လှတို့ အရေးနိမ့်ခဲ့သဖြင့် ဒေါ်သန်းမြင့်အား တရားစရိတ်ပေးရန် တာဝန်ရှိသောကြောင့် ဒေါ်သန်းမြင့်အနေဖြင့် ယင်းတရားစရိတ်များကို ရရှိရေးအတွက် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ခွင့် ရှိသည်မှာ ယုံမှားဘွယ်မရှိချေ။ သို့ရာတွင် ဦးစိန်လှတို့စွဲဆိုသော အမှုရှုံးနိမ့်သွားသည်ကို အကြောင်းပြုပြီး ဒေါ်သန်းမြင့် အနေဖြင့် အချင်းဖြစ် ဆိုင်ခန်းကို ဖွင့်လှစ် ရောင်းချခွင့် အလိုအလျောက်မရရှိနိုင်ချေ။ ဗဟိုတရားရုံး ၁၉၇၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၀ တွင်အောက်ပါအတိုင်း သုံးသပ် ထားသည်—

"ထို့ပြင် ဦးစိန်လှနှင့် ဒေါ်သန်းမြင့်တို့သည် အချင်းဖြစ်ဆိုင်နှင့် စပ်လျဉ်း၍ အငြင်းပွားသဖြင့် ပြည်သူ့ရဲတပ်ဖွဲ့က အချင်းဖြစ်ဆိုင်ကို ပိတ်ထားခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။

၁၉၈၆
ဦးစိန်လှ ပါ(၂) နှင့် ဒေါ်သန်းမြင့် (ခ) ဒေါ်သန်းမြ

မလျှောက်ထားသူတို့က ဤအမှုစွဲဆိုစဉ် အချင်းဖြစ်ဆိုင်ခန်းမှာ ပြည်သူ့ ရဲတပ်ဖွဲ့မှ ချိတ်ပိတ်ထားသဖြင့် ဒေါ်သန်းမြင့် လက်ရှိ မဟုတ်ပေ။ လျှောက်ထားသူတို့အနေဖြင့် အချင်းဖြစ် ဆိုင်ကို လက်ရောက်ရလိုပါက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားတစ်ထုံးစွဲဆိုရန်သာဖြစ်ပေသည်''

ဤသုံးသပ်ချက်များအရ အချင်းဖြစ်ဆိုင်ခန်းမှာ ဒေါ်သန်းမြင့်လက်ရှိ မဟုတ်သည့်အလျောက် ယင်းဆိုင်ခန်းကို ဖွင့်လှစ်လိုလျှင် ဗဟိုတရားရုံးက လမ်းညွှန်ထားသည့်အတိုင်း ဒေါ်သန်းမြင့်အနေဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရတရားတစ်ထုံးစွဲဆိုရန် လိုပေလိမ့်မည်။ ဤအခြေအနေတွင် မြို့နယ်တရားရုံးက ဒေါ်သန်းမြင့်အား အချင်းဖြစ်ဆိုင်ခန်းကို ဖွင့်လှစ်ရောင်းချခွင့်ပြုရန် အမိန့်ချမှတ်ခြင်းမှာ ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉မှ ပေါ်ပေါက်လာသည့် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုသော ဗဟိုတရားရုံး၏ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်နေပေသည်။

ဤအယူခံတွင် နှစ်ဘက်ရှေ့နေများ သတိမမူမိသော သိမ်မွေ့သည့် ဥပဒေပြဿနာ ပေါ်ပေါက်လျက် ရှိပေသည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရချမှတ်သော ဒီကရီကိုအယူခံဝင်ခွင့်မရှိကြောင်း၊ ယင်းပုဒ်မပါပြဋ္ဌာန်းချက်များတွင် အတိအလင်း ပိတ်ပင်ထားပေသည်။ ယေဘူယျအားဖြင့် ဒီကရီကို အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သော အမိန့်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ တွင် အကျုံးဝင်သည်ဖြစ်၍ ပုဒ်မ ၂(၂)တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသော ဒီကရီဖြစ်သည့် အလျောက် အဆင့်ဆင့်သော တရားရုံးများတွင် အယူခံဝင်ခွင့် ရှိပေသည်။ သို့ရာတွင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၉ အရစွဲဆိုသော အမှု၌ ချမှတ်သော ဒီကရီမှာ အယူခံဝင်ခွင့်မရှိသဖြင့် ယင်းဒီကရီကို အတည်ပြုရာ၌ ချမှတ်သောအမိန့်ကိုလည်း အယူခံဝင်ခွင့်ရှိမည်မဟုတ်ချေ။ သို့ဖြစ်ရာ မြို့နယ်တရားရုံးက ဇာရီမှုတွင်ချမှတ်သော အမိန့်ကို အဆင့်ဆင့် အယူခံဝင်ခြင်းမှာ မှားယွင်းပေသည်။ သို့ရာတွင် အထက်တွင် ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း ယင်းအမိန့်ကို အယူခံဝင်ခွင့် ရှိမရှိနှင့် စပ်လျဉ်း၍ ဥပဒေပြဿနာမှာ သိမ်မွေ့ပြီး ယင်းပြဿနာနှင့် စပ်လျဉ်း၍ စီရင်ထုံးဖွဲ့ထားခြင်းမရှိသည်ကိုတွေ့ရသည်။ ဤထူးခြားသောအခြေအနေတွင် တရားမျှတမှုအလို့ငှာ ဤအယူခံမှုကို တရားမ ပြင်ဆင်မှု အဖြစ် ပြောင်းလဲ၍ အဆုံးအဖြတ် ပေးသင့်သည်ဟု ယူဆသည်။ ယင်း ကဲ့သို့

၁၉၈၆ ဦးစိန်လှ ပါ(၂) နှင့် ဒေါ်သန်းမြင့် (ခ) ဒေါ်သန်းမြ

အယူခံမှုကို ပြင်ဆင်မှု အဖြစ်သို့ ပြောင်းလဲ ဆုံးဖြတ်သည့် သာဓကကို **အဗ္ဗဒူဟာမိ နှင့် အက်စ်၊ အေ၊ အဗ္ဗဒူဟာမိ**[၁] အမှုတွင် ထုံးဖွဲ့ထားကြောင်း တွေ့မြင်သည်။

အထက် ဖော်ပြပါ အကြောင်းများကြောင့် မြို့နယ် တရားရုံး၏ ၂၃–၅–၈၅ ရက်စွဲပါ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသော ရှေ့ဝတီတိုင်း တရားရုံး၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ တရားစရိတ်များပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်ကိုမူ အတည်ပြုလိုက်သည်။

(၁) ၁၉၅၁၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ ၃၉၄ (တရားလွှတ်တော်)

# တရားမ အထွေထွေအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာမန်းသက်စံ၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင်(၁)နှင့် ဦးမျိုးမြင့်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်တင်အေး

နှင့်

ဦးအီဘရာဟင်အလီမိုဟာမက်မာစတာ*

† ၁၉၇၆
ဇွန်လ
၁၁ ရက်

**ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၈၂— ဇာရီမှုအတွက် စည်းကမ်းသတ်ကာလကို မည်သည့်နေ့ရက်က စ၍ ရေတွက်ရန် လိုအပ်ခြင်း— ပစ္စည်းထိန်း ခန့်အပ်ပေးရန် လျှောက်ထားခြင်းသည် ဒီကရီကို အတည်ပြုစေရန် ဖြစ်စေ၊ အတည်ပြုနိုင်အောင်ဖြစ်စေ၊ အထောက်အပံ့ အဖြစ် ဆောင်ရွက်ခြင်းသာ ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ပစ္စည်းထိန်းခန့်အပ်လျှင် ပစ္စည်းထိန်း အနေဖြင့် ယင်းတိုက်ကိုလက်ရောက်ရရှိရန်၊ သို့တည်းမဟုတ် စီမံခန့်ခွဲခွင့်ရရှိရန် ရှေ့ရှုသော ဆောင်ရွက်မှုများကို ဆောင်ရွက်ရမည်ဖြစ်သည်။ အမှုတွဲရှိပစ္စည်းထိန်း၏ အစီရင်ခံစာများတွင် တိုက်အမှတ် ၁၁၀ ၌ နေထိုင်လျက်ရှိသော အိမ်ငှားများထံမှ အိမ်လခများကို ပစ္စည်းထိန်းက ကောက်ခံခဲ့ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ပစ္စည်းထိန်းခန့်အပ်စေခြင်းသည် တရားနိုင်ရရှိထားသော ဒီကရီကို တနည်းနည်းဖြင့် အတည်ပြုခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်ပေသည်။

သို့ဖြစ်၍ ဇာရီမှုအတွက် စည်းကမ်းသတ်ကာလကို ရေတွက်ရာတွင် ပစ္စည်းထိန်းခန့်အပ်သည့်လျှောက်လွှာနှင့်စပ်လျဉ်း၍ နောက်ဆုံးအမိန့်ချမှတ်သည့်နေ့မှစ၍ ရေတွက်ရမည်ဖြစ်သည်။

အယူခံတရားလိုအတွက် —ဦးမောင်မောင် (၆) ၊ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်အတွက် —ဦးကျော်ငြိမ်း (ဖောင်တော်သီ)၊
ဗဟိုတရားရုံးရှေ့နေ
တရားရေး အကြံပေး —ဦးသိန်းဟန်

---

* ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှုအမှတ် ၁၂၆၊ ၁၂၇

† ၁၉၇၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၂၃၊၂ တွင်ချမှတ်သော (၁၆-၈-၇၅) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၇၆
ဒေါ်တင်အေး နှင့် ဦးအိဘရာဟင် အလီမိုဟာမက် မာစတာ

ယခင် ရန်ကုန်မြို့တော်တရားမရုံး၊ တရားမကြီးမှုအမှတ် ၃၀/၆၅ တွင် ဦးအိဘရာဟင်အလီမိုဟာမက်မာစတာက ဦးဘအုန်းအပေါ် ရန်ကုန်မြို့၊ ၁၂၃ လမ်း၊ တိုက်အမှတ် ၁၁၀ ၏ တခြမ်းကို သူ့အား လက်ရောက်ပေးအပ်စေရန်နှင့် ကြားကာလ အမြတ်အစွန်းများ ပေးစေရန် တရားစွဲဆိုသည်။ အမှုအတောအတွင်း ဦးဘအုန်းကွယ်လွန်သဖြင့် သူ၏ သား ဦးခင်မောင်ကြီးက တရားဝင်ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရာ ပဏာမဒီကရီကို ၁၅–၁၀–၆၈နေ့တွင် ရရှိခဲ့သည်။ အဆိုပါ အမှုမှာ နောက်ပိုင်းတွင် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၈/၇၅ ဖြစ်လာ၍ တိုင်းတရားရုံးက ၂၃–၆–၈၀ နေ့တွင် အပြီးသတ် ဒီကရီချမှတ်ခဲ့သည်။ ဦးခင်မောင်ကြီးသည် ၂–၂–၈၃ နေ့တွင် ကွယ်လွန်သဖြင့် သူ၏တရားဝင်ကိုယ်စားလှယ် ဒေါ်တင်အေးအပေါ် ဒီကရီ အတည်ပြုရန် ရန်ကုန်တိုင်းတရားရုံး၊ တရားမဇာရီမှုအမှတ် ၂၃/၈၅ အရ ဆောင်ရွက်သည်။

ယခင် ရန်ကုန်မြို့တော်တရားမရုံး၊ တရားမကြီးမှုအမှတ် ၃၁/၆၅တွင် ဦးအိဘရာဟင်အလီမိုဟာမက်မာစတာ၏အစ်ကို အစ္စမေလ်အလီမိုဟာမက်မာစတာက ဦးဘအုန်းအပေါ် အထက်ဖော်ပြပါ တိုက်တခြမ်းကို သူ့အား လက်ရောက်ပေးအပ်စေရန်နှင့် ကြားကာလအမြတ်အစွန်းများ ပေးစေရန် တရားစွဲဆိုရာ၌လည်း အမှုအတွင်းကွယ်လွန်သူ ဦးဘအုန်း၏ တရားဝင် ကိုယ်စားလှယ် ဦးခင်မောင်ကြီးအပေါ် ၁၅–၁၀–၆၈ နေ့တွင် ပဏာမဒီကရီကို ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါအမှုမှာ ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၉/၇၅ ဖြစ်လာ၍ တိုင်းတရားရုံးက ၂၃–၆–၈၀ နေ့တွင် အပြီးသတ် ဒီကရီချမှတ်ခဲ့သည်။

အမှုအတောအတွင်း၌ အစ္စမေလ်အလီမိုဟာမက်မာစတာကွယ်လွန်သွားသဖြင့်ဦးအိဗရာဟင်အလီမိုဟာမက်မာစတာကသူ၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် အဆိုပါ ဒီကရီကိုအတည်ပြုရန် ကွယ်လွန်သူတရားရှုံး ဦးခင်မောင်ကြီး၏တရားဝင်ကိုယ်စားလှယ်ဒေါ်တင်အေးအပေါ်ရန်ကုန်တိုင်းတရားရုံး၊ တရားမဇာရီမှု အမှတ် ၂၄/၈၅ အရ ဆောင်ရွက်သည်။

တရားရှုံးဒေါ်တင်အေးက တရားနိုင်လျှောက်ထားသည့် ဇာရီမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း၊မိမိတို့သည် အချင်းဖြစ်ဥပစာတွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁)အရ နေထိုင်ခွင့်ရသူများ ဖြစ်ခြင်းကြောင့် ဒီကရီကို အတည်ပြုခွင့်မရှိကြောင်း စသည်ဖြင့် ထုချေသည်။ တိုင်းတရားရုံးက တရားနိုင်ဖွင့်လှစ်သော ဇာရီမှုများမှာ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိဟု အမိန့်ချမှတ်လိုက်သောကြောင့် ဒေါ်တင်အေးက ဗဟိုတရားရုံး၌ ဤအယူခံမှုများကို တင်သွင်းသည်။ဆက်စပ်နေသောအမှုများဖြစ်၍ ဤစီရင်ချက်သည် အယူခံနှစ်မှုစလုံးနှင့် အကျုံးဝင်စေရမည်။

၁၉၈၆
ဒေါ်တင်အေး နှင့် ဦးအိဘရာဟင် အလီမိုဟာမက် မာစတာ

အမှုနှစ်မှုတွင် အပြီးသတ်ဒီကရီများကို ၂၃-၆-၈၀ နေ့တွင် ချမှတ်ခဲ့၍ ဇာရီမှုများကို ၂၀-၃-၈၅ နေ့တွင် အသီးသီး ဖွင့်လှစ်ခဲ့သည်။ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၈၂ (၁) အရ ဒီကရီချမှတ်သည့်နေ့မှ (၃) နှစ်အတွင်း ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ တရားနိုင်၏ လျှောက်လွှာများသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟု တရားရုံးများက ကန့်ကွက်လာခြင်း ဖြစ်ပေသည်။

ပဏာမဒီကရီချမှတ်ပြီး နောက်အပြီးသတ် ဒီကရီမချမှတ်မီ တရားနိုင်ဟ အချင်းဖြစ်တိုက်ကို ထိန်းသိမ်းရန်အတွက် ပစ္စည်းထိန်းခန့်အပ်ပေးရန် ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၁၉/၇၆ တွင် ၁၇-၂-၇၆ နေ့က လျှောက်ထားခဲ့သည်။တိုင်းတရားရုံးက ၂-၆-၇၆နေ့တွင် ပစ္စည်းထိန်းခန့်ခဲ့သည်။ အဆိုပါအမှုမှာ နောက်ပိုင်းတွင် တရားမအထွေထွေမှုအမှတ် ၁၉၈/၇၇ ဖြစ်လာသည်။ အပြီးသတ် ဒီကရီချမှတ်ပြီးနောက် တိုင်းတရားရုံးက ၁၄-၆-၈၄ခနေ့ ရက်စွဲပါ အမိန့်ဖြင့် ပစ္စည်းထိန်းခန့်အပ်သောအမိန့်ကို ပယ်ဖျက်ခဲ့သည်။ အဆိုပါအမိန့်တွင် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့်များကို ထိုအမှုနှင့် ဆက်စပ်လျက်ရှိသည့် အခြားအမှုတစ်မှုမှ ဒေါ်မမလေးတို့က မကျေနပ်၍ ဗဟိုတရားရုံး တရားမပြင်ဆင်မှုအမှတ် ၁၄၀/၈၄ တွင် လျှောက်ထားရာ ဗဟိုတရားရုံးက ၂၇-၁၂-၈၄ နေ့စွဲပါအမိန့်အရ တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်အချို့ကို ပြင်ဆင်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ ဤအမှုမှ တရားရုံး ဒေါ်တင်အေးကမူ ဗဟိုတရားရုံး၌ ထိုသို့ပြင်ဆင်မှု လျှောက်ထားခဲ့ခြင်းမရှိပေ။ သို့ရာတွင် တိုင်းတရားရုံးသည် ဗဟိုတရားရုံးက ချမှတ်သည့် ၂၇-၁၂-၈၄ နေ့စွဲပါ အမိန့်ကို ရည်ညွှန်းပြီး တရားနိုင်လျှောက်ထားသော ဇာရီမှုများမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပထမဇယား အမှတ်စဉ် ၁၈၂ (၅) တွင် အကျုံးဝင်သည်ဟု ကောက်ယူကာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့လေသည်။

အယူခံတရားလို၏ အကျိုးဆောင်က ဗဟိုတရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၁၄၀/၈၄ သည် ဒေါ်မမလေးက လျှောက်ထားခြင်းသာဖြစ်၍ ဒေါ်တင်အေးနှင့်ပတ်သက်မှု မရှိသောကြောင့်၊ ထိုအမှုတွင် အမိန့်ချမှတ်သည့် ၂၇-၁၂-၈၄ နေ့မှစ၍ ကာလစည်းကမ်းသတ် ရေတွက်ခြင်း မပြုနိုင်ကြောင်း တင်ပြလျှောက်ထားသည်။ ယင်းတင်ပြချက်သည် ဥပဒေအရ မှန်ကန်သည်ဖြစ်၍ လက်ခံရပေမည်။

၁၉၇၆
ဒေါ်တင်အေး
နှင့်
ဦးအိဘာရာဟင်
အလီမိုဟာမက်
မာစတာ

သို့ရာတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ၊ ပထမဇယားအမှတ်စဉ် ၁၈၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

| လျှောက်လွှာ အမျိုးအမည် | ကန့်သတ်သည့် ကာလ | အစပြုရေတွက်ရမည့် ကာလ |
|---|---|---|
| ၁၈၂။ အပိုဒ် ၁၈၃တွင် သော်လည်းကောင်း၊ တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈ အရ သော် လည်းကောင်း၊ ပြဋ္ဌာန်း ထားခြင်းမရှိသောတရား မရုံး၏ ဒီကရီကိုသို့တည်း မဟုတ် အမိန့်ကို အတည် ပြုစေရန်လျှောက်ထားမှု။ | သုံးနှစ်၊ ဒီကရီ၏ အ သို့တည်းမဟုတ် အ မိန့်၏ တာဝန်ခံ မိတ္တူကို မှတ်ပုံတင် ပြီးဖြစ်လျှင် ခြောက် နှစ်။ | ၁။ ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ချမှတ်သည့် နေ့ရက်က စ၍ သို့တည်းမဟုတ်<br>× × × × × × × ×<br>× × × × × × × ×<br>၅။ (အောက်တွင်ဖော်ပြပါရှိ သည့် လျှောက်ချက်အတိုင်းလျှောက်ထားပြီးဖြစ်လျှင်) ဒီကရီကို သော်လည်းကောင်း၊ အမိန့်ကို သော်လည်းကောင်း၊ အတည်ပြုစေရန် ဖြစ်စေ၊ အတည်ပြုနိုင်အောင် အထောက်အပံ့အဖြစ် ဆောင်ရွက်စေရန်ဖြစ်စေဆိုင်ရာ တရားရုံးတော်သို့ ဥပဒေ နှင့် အညီ လျှောက်ထားမှု အပေါ် ၌ နောက်ဆုံး အမိန့်ချမှတ်သည့် နေ့ရက်ကစ၍ သို့တည်း မဟုတ်။ |

သို့ဖြစ်ရာ ဤအယူခံမှုတွင် အဓိက စဉ်းစားရန်ပြဿနာမှာ တရားနိုင်က ပစ္စည်းထိန်းခန့်အပ်ပေးရန် လျှောက်ထားခြင်းသည် ဒီကရီကို အတည်ပြုစေရန်ဖြစ်စေ၊ အတည်ပြုနိုင်အောင် အထောက်အပံ့အဖြစ်ဖြင့် ဆောင်ရွက်စေရန်ဖြစ်စေ လျှောက်ထားမှု ဟုတ်မဟုတ်ပင်ဖြစ်သည်။ တရားနိုင်သည် အချင်းဖြစ်တိုက်ကို လက်ရောက်ရခွင့်ရှိသည်။ ပစ္စည်းထိန်း ခန့်အပ်လျှင် ပစ္စည်းထိန်းအနေဖြင့် ယင်းတိုက်ကို လက်ရောက်ရရှိရန် သို့တည်းမဟုတ် စီမံခန့်ခွဲခွင့်ရရှိရန် ရှေ့ရှုသော ဆောင်ရွက်မှုများကို ဆောင်

၁၉၀၆
ဒေါ်တင်အေး
နှင့်
ဦးအဲဘရာဟင်
အလီမိုဟာမက်
မာစတာ

ရွက်ရမည် ဖြစ်သည်။ အမှုတွဲရှိ ပစ္စည်းထိန်း၏ အစီရင်ခံစာများတွင် တိုက်အမှတ် ၁၁၀ ၌ နေထိုင်လျက်ရှိသော အိမ်ငှားများထံမှ အိမ်လခများကို ပစ္စည်းထိန်းက ကောက်ခံခဲ့ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ပစ္စည်းထိန်း ခန့်အပ်စေခြင်းသည် တရားနိုင် ရရှိထားသော ဒီကရီကို တနည်းနည်းဖြင့် အတည်ပြုခြင်း ဖြစ်သည်ဟု ကောက်ယူနိုင်ပေသည်။ **ရန်နယားလားနှင့် ကုမ္ပဏီနှင့် ဂျပ်စာရမ်တီရာနီ**[၁] အမှုတွင်—

"An application made by a decree-holder to appoint a Receiver is a step-in aid."

ဟု ဆုံးဖြတ်ထားသည်ကိုလည်း တွေ့ရသည်။

တရားနိုင်သည် ပစ္စည်းထိန်းခန့်အပ်သည့်လျှောက်လွှာနှင့် စပ်လျဉ်း၍ နောက်ဆုံးအမိန့်ချမှတ်သည့်နေ့ဖြစ်သော ၁၄—၆—၀၄ နေ့မှ (၃)နှစ် အတွင်း ဇာရီမှုများကို ဖွင့်လှစ်ခဲ့သဖြင့် ဇာရီမှုများသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

တရားရုံးဖြစ်သူ အယူခံတရားလိုတို့အား အချင်းဖြစ်တိုက်တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) အရ ဆက်လက်နေထိုင်ခွင့်ပြုကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့ကောင်စီ၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့က ၃—၇—၇၁ နေ့က အမိန့်ချမှတ်ခဲ့သည်ကို အကြောင်းပြု၍လည်း သူတို့အပေါ် ဒီကရီများကို အတည်ပြုခွင့်မရှိဟု အယူခံတရားလိုက တင်ပြကန့်ကွက် ထားပေသည်။ နိုင်ငံတော်ကောင်စီ၏ အမိန့်အမှတ် ၁၂၅/၇၅ အရ ဒီကရီချမှတ်ခြင်းခံရသူအား အချင်းဖြစ်ဥပစာတွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက်နေထိုင်ခွင့် မပြုနိုင်ပေ။ သို့ပါ၍ ငှားရမ်းခကြီးကြပ်ရေး အဖွဲ့၏ ၃—၇—၇၁ ရက်စွဲပါ အမိန့်မှာ နိုင်ငံတော်ကောင်စီ၏အမိန့်နှင့် ဆန့်ကျင်နေသဖြင့် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအဖွဲ့၏အမိန့်သည် တရားဝင်သော အမိန့်ဟု မဆိုနိုင်သောကြောင့် ယင်းအမိန့်ကို အခြေခံကာဒီကရီများ အတည်ပြုခြင်းကို ကန့်ကွက်နိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံမှုများကို စရိတ်နှင့် တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကျပ် ၁၀၀/—စီ သတ်မှတ်သည်။

---

(၁) အေ အိုင် အာရ် ၁၉၂၉ (လာဟိုး) စာ ၅၃၂

## တရားမပြင်ဆင်မှု

**ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးဇင်းမောင် (၁) နှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်**

T ၁၉၈၆ ဧပြီလ ၃၀-ရက်

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ

ဓမ္မလမြို့

နှင့်

ဒေါ်သိန်းသိန်း ပါ (၄) *

**တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၈— ဝရမ်းခွာပေးစေလိုမှုတွင် စည်းကမ်းသတ် ကာလကို အချင်းဖြစ် ပစ္စည်းများအား ဝရမ်းကပ်သည့်နေ့မှ စ၍ ရေတွက်ရမည် ဖြစ်ခြင်း။**

ပဲခူးတိုင်း တရားရုံး၊ တရားမဇာရီမှုအမှတ် ၁/၇၃ (သာယာဝတီ) တွင် တရားနိုင် မြန်မာ့ စီးပွားရေး ဘဏ်ခွဲ မန်နေဂျာက၊ သုံးဆယ်မြို့ရှိ "စောစောနှင့်သားများ" ဆန်စက်နှင့်အခြား ဆက်နွယ်သောပစ္စည်းများကို ဝရမ်းကပ်သည်။ ယင်းပစ္စည်းများကို လေလံတင်ရောင်းချရန် စီစဉ်ဆဲတွင်၊ လျှောက်ထားခံရသူ ဒေါ်သိန်းသိန်းက ပဲခူးတိုင်း တရားရုံး၊ ၁၉၈၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၄၃တွင် ဝရမ်းခွာပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၈အရ လျှောက်ထားသည်။ တိုင်းတရားရုံးက လျှောက်ထားမှုကို စုံစမ်းစစ်ဆေးမည် ဖြစ်ကြောင်း၊ ထို့ပြင် ယင်းသို့ စုံစမ်းဆဲတွင် ဇာရီမှုကို ဆိုင်းထားမည် ဖြစ်ကြောင်း အမိန့်ချမှတ်လိုက်သည်။ လျှောက်ထားသူတရားနိုင်က ဝရမ်းခွာပေးရန် လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဟု အကြောင်းပြကာ တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်ပေးရန်လျှောက်ထားလာသည်။

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်ပစ္စည်းများကို ၁၉၇၄ ခုနှစ်၊ မေလအတွင်း ဝရမ်းကပ်ခဲ့သည်ဖြစ်ရာ ဝရမ်းကပ်သည့်နေ့တွင် ယင်းပစ္စည်းကို ပိုင်ဆိုင်သည်ဟု အဆိုရှိသော လျှောက်ထားခံရသူ ဒေါ်သိန်းသိန်းအနေဖြင့် ဝရမ်းခွာပေးရန် လျှောက်ထားခွင့် ရှိပေသည်။ သို့ဖြစ်ရာ စည်း

---

* ၁၉၈၅ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၂၁၄

† ၁၉၈၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၄၃ (သာယာဝတီ)တွင် ချမှတ်သော (၃-၈-၈၄)ရက် နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

ကမ်းသတ်ကာလကို အချင်းဖြစ် ပစ္စည်းများအား ဝရမ်းကပ်သည့် နေ့မှ စ၍ ရေတွက်ရမည်ဖြစ်သဖြင့် ၆–၆–၇၄ နေ့တွင် ဝရမ်းခွာပေးရန် ဒေါ်သိန်းသိန်း၏ လျှောက်ထားမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်း ယုံမှားဘွယ်မရှိချေ။

၁၉၇၆
မန်နေဂျာ
မြန်မာ့ စီးပွား
ရေးဘဏ်ခွဲ
မော်လမြိုင်
နှင့်
ဒေါ်သိန်းသိန်း
၅၁ (၄)

လျှောက်ထားသူအတွက် —ဦးခင်မောင်မြင့်၊ ဥပဒေ ဝန်ထမ်း အဆင့် (၁)

လျှောက်ထားခံရသူများအတွက် —၁။ ဒေါ်လွင်လွင်မြ၊
ဗဟိုတရားရုံး ရှေ့နေ

၂။ ဦးထွန်းဖေ၊
ဗဟိုတရားရုံး ရှေ့နေ

တရားရေးအကြံပေး —ဦးတင်ထွန်း

လျှောက်ထားသူမော်လမြိုင်မြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ မန်နေဂျာက လျှောက်ထားခံရသူ ဦးမောင်မောင်ဇော ပါ ၃ ဦးတို့အပေါ် မော်လမြိုင်မြို့ ယခင်ခရိုင် တရားမရုံး ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၇ တွင် ငွေကျပ် ၆၀၀၀၀၀/– ကျော်အတွက် ဒီကရီရရှိခဲ့ရာယင်း ဒီကရီကို သာယာဝတီမြို့၊ ယခင်ခရိုင် တရားမရုံးသို့ လွှဲပြောင်းပေးသဖြင့် တရားမဇာရီမှုအမှတ် ၂/၇၂ ကို ဖွင့်လှစ်၍ ဒီကရီကို အတည်ပြုရန် ဆောင်ရွက်သည်။ နောက်ပိုင်းတွင် ယင်းအမှုမှာ ပဲခူးတိုင်း တရားရုံး တရားမဇာရီမှု အမှတ် ၁/၇၃ (သာယာဝတီ)ဖြစ်လာသည်။ အဆိုပါ ဇာရီမှုတွင် တရားနိုင်၏ လျှောက်ထားချက်အရ သုံးဆယ်မြို့ရှိ "စေ ဇေ၁နှင့်သားများ" ဆန်စက်နှင့် အခြားဆက်နွယ်သော ပစ္စည်းများကို ဝရမ်းကပ်သည်။ လေလံတင်ရောင်းချရန် စီစဉ်ဆဲတွင် လျှောက်ထား ခံရသူ ဒေါ်သိန်းသိန်းက ပဲခူးတိုင်း တရားရုံး ၁၉၇၄ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ် ၄၃ တွင် ယင်းပစ္စည်းများအား ဝရမ်းကပ်ထားခြင်းကို ခွာပေးရန် တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၈ အရ လျှောက်ထားရာ တိုင်းတရားရုံးက လျှောက်ထားမှုကို စုံစမ်းမည်ဖြစ် ကြောင်း၊ ထို့ပြင် ယင်းသို့ စုံစမ်းဆဲတွင် ဇာရီမှုကို ဆိုင်းငံ့ထားမည် ဖြစ် ကြောင်း၊ အမိန့်ချမှတ်လိုက်သောကြောင့် လျှောက်ထားသူ တရားနိုင်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

ဤပြင်ဆင်မှုတွင် အခြား အချက်အလက်များအပြင် ဒေါ်သိန်းသိန်း၏ လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းဖြင့် အောက်ပါအတိုင်း အကြောင်းပြသည်—

"ဝရမ်းကပ် ဖမ်းဆီးသည့်နေ့ (၂–၅–၇၄) မှ (၃)နှင့် အတွင်း လျှောက်ထားရန် လိုအပ်လျက်(၁၀) နှစ်ကျော်ကြာမှ

၁၉၈၆
မန်နေဂျာ
မြန်မာ့ စီးပွား
ရေးဘဏ်ခွဲ
မော်လမြိုင်
နှင့်
ဒေါ်သိန်းသိန်း
ပါ(၄)

ဝရမ်းခွာပေးရန် လျှောက်ထားမှုမှာ အလွန်အမင်း ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း ထင်ရှား သိသာလျက် ခွင့်ပြုခဲ့သည့် တိုင်းတရားရုံး၏ အမိန့်မှာ ကာလစည်းကမ်းသတ် ဥပဒေကို ဆန့်ကျင်ဆုံးဖြတ်ရာ ရောက်နေပါသည်။''

ဝရမ်းခွာပေးစေလိုမှုနှင့် စပ်လျဉ်း၍ စည်းကမ်းသတ်ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေ၊ ပထမ ဇယားတွင် အတည့်အလင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။ ယင်းဇယား၏အပိုဒ် ၁၈၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

| လျှောက်လွှာ မျိုးမည် | ကန့်သတ်သည့်ကာလ | အစပြုရေတွက် ရမည့် ကာလ |
|---|---|---|
| ဤဇယားတွင် အခြားနေရာ၌ သော်လည်းကောင်း တရားမ ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၈ အရ သော်လည်း ကောင်း စည်းကမ်းသတ်ကာလ အပိုင်း အခြား ပြဋ္ဌာန်းချက် မရှိသည့် လျှောက်ထားမှု။ | သုံးနှစ် | လျှောက် ထား ပိုင် ခွင့် ဖြစ်ပေါ်သည့် အခါက စ၍ |

အချင်းဖြစ်ပစ္စည်းများကို ၁၉၇၄ ခုနှစ်၊ မေလအတွင်း ဝရမ်းကပ်ခဲ့သည်ဖြစ်ရာ ဝရမ်းကပ်သည့်နေ့တွင် ယင်းပစ္စည်းကို ပိုင်ဆိုင်သည်ဟုအဆိုရှိသော လျှောက်ထားခံရသူ ဒေါ်သိန်းသိန်း အနေဖြင့် ဝရမ်းခွာပေးရန် လျှောက်ထားခွင့်ရရှိပေသည်။ သို့ဖြစ်ရာ စည်းကမ်းသတ်ကာလကို အချင်းဖြစ် ပစ္စည်းများအား ဝရမ်းကပ်သည့်နေ့မှစ၍ ရေတွက်ရမည် ဖြစ်သဖြင့် ၆—၆—၈၄ နေ့တွင် ဝရမ်းခွာပေးရန် ဒေါ်သိန်းသိန်း၏ လျှောက်ထားမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ယုံမှားသွယ် မရှိချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို တရားရုံး အဆင့်ဆင့် စရိတ်နှင့် တကွ ပယ်ဖျက်ပြီး ဒေါ်သိန်းသိန်း၏ လျှောက်လွှာကို ပလပ်စေရန် အမိန့် ချမှတ်လိုက်သည်။ ရှေ့နေခကို ကျပ် ၇၅/— သတ်မှတ်သည်။

# တရားမ အထွေထွေ အယူခံမှု

## ဉက္ကဋ္ဌအဖြစ် ဦးဝင်းမောင် (၂)၊ အဖွဲ့ဝင်များအဖြစ် ဦးကိုကြီးနှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးမြရွှေ

နှင့်

ဦးတန်ဘိ (ခ) ဦးကျော်အောင်*

† ၁၉၈၆
မေလ
၃၀ ရက်

**ဒီကရီကို အတည်ပြုသော တရားရုံး၏ စီရင်ပိုင်ခွင့်—ဒီကရီကိုအတည် ပြုရာ၌ မိမိစီရင်ပိုင်ခွင့် နယ်မြေ ပြင်ပတွင် ရှိသော မရွှေ့ မပြောင်းနိုင်သော ပစ္စည်းကို လေလံတင်ရောင်းချပိုင်ခွင့် မရှိခြင်း—ဒီကရီကို အတည်ပြုသည့် ရုံးသည် မူလစစ်ဆေးစီရင်သည့် ရုံးထက်စီရင်ပိုင်ခွင့် ပိုမိုနေမည်ဖြစ်ပါက သဘာဝကျမည်မဟုတ် ခြင်း။**

**ဆုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေတွင် တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့် နယ်မြေအတွင်း တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသာ လေလံတင်ရောင်းချနိုင်သည်ဟု အတည့်အလင်း ပြဋ္ဌာန်း ထားခြင်းမရှိသည်မှာ မှန်၏။ သို့ရာတွင် တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၆ ပါပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့် ဒေသ အတွင်းရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့် တရားမမှု ကို စီရင်ပိုင်ခွင့်ရှိသည်။ ပုဒ်မ ၁၇ တွင် အကျုံးဝင်သော အမှုမျိုးမှတပါး မိမိစီရင်ပိုင်ခွင့်ဒေသအတွင်း တည်ရှိခြင်းမရှိသော မရွှေ့မပြောင်းနိုင် သည့် ပစ္စည်းနှင့်စပ်လျဉ်းသော တရားမမှုကို စီရင်ခွင့်မရှိချေ။ တရားမ မူလမှုနှင့် စပ်လျဉ်းသည့် စီရင်ပိုင်ခွင့်ကို ဤကဲ့သို့ ကန့်သတ်ထားသည့် အလျောက် ဒီကရီကို အတည်ပြုရာတွင်လည်း အလားတူ ကန့်သတ်ချက် ရှိသည်ဟု ကောက်ယူရပေမည်။

ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးသည် ဒီကရီကို အတည်ပြုရာ၌ မိမိ၏ စီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိသော ပစ္စည်းကိုသာ လေလံ တင်ရောင်းချခွင့်ရှိသည်ဟု ကောက်ယူရပေမည်။ တရားမ မူလမှုတွင် တရားရုံးတစ်ရုံးသည် မိမိ၏ စီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသည့် မှုခင်းကိုသာ စီရင် ပိုင်ခွင့်ရှိကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၆ တွင် ကန့်သတ်ထား

* ၁၉၈၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၁၇၉

† ၁၉၈၅ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၁၃(ပဲခူး)တွင် ချမှတ်သော (၂-၁၀-၈၅)ရက် နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကိုအယူခံမှု။

၁၉၈၆

ဦးမြရွှေ နှင့် ဦးတန်ဘီ (ခ) ဦးကျော်အောင်

ပြီး ဒီကရီအတည်ပြုသောအခင့်တွင်မှ ယင်းတရားရုံးသည် တရားရုံး၏ စီရင်ပိုင်ခွင့် ပြင်ပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင်ရောင်း ချခွင့်ရှိသည်ဟုဆိုလျှင် ဒီကရီကို အတည်ပြုသည့်ရုံးအား မူလမှုစစ်ဆေး စီရင်သည့်ရုံးထက် စီရင်ပိုင်ခွင့် ပိုမိုပေးရာရောက်မည်ဖြစ်၍ သဘာဝကျ မည် မဟုတ်ချေ။

အယူခံတရားလိုအတွက် —ဦးမြင့်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် —ဦးမြတ်လှ (ပဲခူး) ဗဟိုတရားရုံးရှေ့နေ
ဦးစိန်သန်း (ပဲခူး) ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး —ဦးသန်းထွန်း

ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅၃/၈၄ တွင် အယူခံ တရားပြိုင် ဦးတန်ဘီ (ခ) ဦးကျော်အောင်က အယူခံတရားလို—ဦးမြရွှေ အပေါ် ငွေဒီကရီရရှိခဲ့သည်။ ယင်းဒီကရီကို အဆိုပါတရားရုံး တရားမ ဇာရီမှုအမှတ် ၁၃/၈၅ (ပဲခူး) တွင် အတည်ပြုရာ၌ တရားနိုင်က ရန်ကုန် တိုင်း၊ တောင်ဥက္ကလာပမြို့ရှိ ဦးမြရွှေ၏နေအိမ်ကို လေလံတင်ရောင်းချ ပေးရန် လျှောက်ထားရာ ဦးမြရွှေက ကန့်ကွက်သော်လည်း ပဲခူးတိုင်း တရားရုံးက သတင်းစာတွင် ကြော်ငြာပြီး ရောင်းချရန် ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်ချက်ကို ဦးမြရွှေက မကျေနပ်သဖြင့် ဤအယူခံကို တင် သွင်းသည်။

ဦးမြရွှေ၏ ရှေ့နေက ပဲခူးတိုင်းတရားရုံးမှ ချမှတ်သည့် ငွေဒီကရီကို အတည်ပြုပေးရန် ရန်ကုန်တိုင်း တရားရုံးသို့ လွှဲပြောင်းပေးခြင်းမပြုဘဲ ပဲခူးတိုင်းတရားရုံးသည် ရန်ကုန်တိုင်းတရားရုံးရှိအချင်းဖြစ်အိမ်ကို လေလံ တင်ရောင်းချခွင့်မရှိကြောင်း တင်ပြလျှောက်ထားသည်။ ပဲခူးတိုင်းတရား ရုံးသည် **မတင်ပါ (၂) နှင့် ဗိဗိအံနာသန်ရန်အိုင်ယား**[(၁)] စီရင်ထုံး ကို ကိုးကား၍ အချင်းဖြစ်အိမ်ကို ရောင်းချခွင့်ရှိကြောင်း သုံးသပ် ထားသည်ကို တွေ့ရသည်။ ဤအယူခံတွင်လည်း အယူခံတရားပြိုင်၏ ရှေ့ နေက ယင်းစီရင်ထုံးကို ကိုးကား၍ ပဲခူးတိုင်းတရားရုံး၏ ဆုံးဖြတ်ချက်မှာ မှန်ကန်ကြောင်း တင်ပြလျှောက်ထားသည်။ ယင်းစီရင်ထုံးကို လေ့ လာကြည့်သောအခါ ယခင် ပုသိမ်ခရိုင်နှင့် မြောင်းမြခရိုင် အတွင်းရှိ ပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားသောအမှုတွင် အမှုသည်များ၏ သဘောတူညီချက်အရ ချမှတ်သောဒီကရီကို ပုသိမ်မြို့ ယခင် ခရိုင်တရားမ ရုံးက အတည်ပြုသောအခါ မြောင်းမြခရိုင်အတွင်းမှ အချင်းဖြစ်ပစ္စည်း ကို လေလံတင်ရောင်းချခွင့်ရှိကြောင်း ကောက်ယူ ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ ယခုအမှုမှာ ငွေဒီကရီကိုအတည်ပြုရန်ဖြစ်၍ ယခုအမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာများသည် **မတင်** အမှုနှင့် ကွဲပြား

(၁) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ-၂၈၈

ခြားနားသဖြင့် အထက်ဖော်ပြပါ စီရင်ထုံးကို ကိုးကားပြီး ဝဲရူးတိုင်း တရားရုံးက မိမိစီရင်ပိုင်ခွင့် ဒေသပြင်ပရှိ မရွေ့မပြောင်းနိုင်သောပစ္စည်းကို လေလံတင် ရောင်းချခွင့် ရှိကြောင်း ကောက်ယူ ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

၁၉၈၆
ဦးမြရွှေ
နှင့်
ဦးတန်ဘီ (ခ)
ဦးကျော်
အောင်

တရားမ ကျင့်ထုံးဥပဒေတွင် တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့် နယ်မြေအတွင်း တည်ရှိသော မရွေ့မပြောင်းနိုင်သည့် ပစ္စည်းကိုသာ လေလံတင် ရောင်းချနိုင်သည်ဟု အဟိအလင်း ပြဋ္ဌာန်းထားခြင်း မရှိသည်မှာ မှန်၏။ သို့ရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးသည် မိမိစီရင်ပိုင်ခွင့် ဒေသအတွင်းရှိ မရွေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့် တရားမမှုကို စီရင်ပိုင်ခွင့်ရှိသည်။ ပုဒ်မ ၁၇ တွင် အကျုံးဝင်သော အမှုမျိုးမှတပါး မိမိစီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိခြင်းမရှိသော မရွေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့်စပ်လျဉ်းသော တရားမမှုကို စီရင်ပိုင်ခွင့်မရှိချေ။ တရားမ မှုလမှုနှင့်စပ်လျဉ်းသည့် စီရင်ပိုင်ခွင့်ကို ဤကဲ့သို့ ကန့်သတ်ထားသည့် အလျောက် ဒီကရီကို အတည်ပြုရာတွင်လည်း အလားတူ ကန့်သတ်ချက်ရှိသည်ဟု ကောက်ယူရပေမည်။

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၃၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

**"39(1). The Court which passed a decree may, on the application of the decree-holder, send it for execution to another Court—**

x x x x x x x x
x x x x x x x x x

**(b) If such person has not property within the local limits of the jurisdiction of the Court which passed the decree sufficient to satisfy such decree and has property within the local limits of the jurisdiction of such other Court."**

တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

**"3. Where immoveable property forms one estate or tenure situate within the local limits of the jurisdiction of two or more Courts, any one of such Courts may attach and sell the entire estate or tenure."**

၁၉၀၆
ဦးမြရွှေ
နှင့်
ဦးတန်ဘီ (ခ)
ဦးကျော်
အောင်

အကယ်၍ ဝဲခူးတိုင်းတရားရုံးက ယူဆသကဲ့သို့ ယင်းတရားရုံးသည် မိမိ၏ စီရင်ပိုင်ခွင့်ဒေသ ပြင်ပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင်ရောင်းချခွင့်ရှိမည်ဆိုပါက ယင်းပစ္စည်းတည်ရာဒေသရှိ တရားရုံးက ဒီကရီကို အတည်ပြုပေးရန်၊ ဒီကရီကို လွှဲပြောင်းပေးနိုင်ရန် အလို့ငှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၃၉(၁)(ခ)ပါ ပြဋ္ဌာန်းချက်မျိုးကို ပြဋ္ဌာန်းရန်လိုမည် မဟုတ်ချေ။ ထိုနည်းတူ အထက်ဖော်ပြပါ အမိန့် ၂၁၊ နည်း ၃ပါ ပြဋ္ဌာန်းချက်မျိုးကိုလည်းပြဋ္ဌာန်းပေးရန် လိုအပ်မည်မဟုတ်ချေ။ အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအား ပြဋ္ဌာန်းထားခြင်းကို ထောက်ချင့်၍ ယေဘုယျအားဖြင့် တရားရုံးတစ်ရုံးသည် ဒီကရီကို အတည်ပြုရာ၌ မိမိ၏ စီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိသောပစ္စည်းကိုသာ လေလံတင်ရောင်းချခွင့်ရှိသည်ဟု ကောက်ယူရပေမည်။ တရားမ မူလမှုတွင် တရားရုံးတစ်ရုံးသည် မိမိ၏ စီရင်ပိုင်ခွင့် ဒေသအတွင်း တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းနှင့် စပ်လျဉ်းသည့် မှုခင်းကိုသာ စီရင်ခွင့်ရှိကြောင်း တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၆ တွင် ကန့်သတ်ထားပြီး ဒီကရီ အတည်ပြုသောအဆင့်တွင်မှ ယင်းတရားရုံးသည် တရားရုံး၏ စီရင်ပိုင်ခွင့် ပြင်ပရှိ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို လေလံတင်ရောင်းချခွင့်ရှိသည် ဟုဆိုလျှင် ဒီကရီကို အတည်ပြုသည့်ရုံးအား မူလမှုစစ်ဆေးသည့် ရုံးထက် စီရင်ပိုင်ခွင့် ပိုမိုပေးရာ ရောက်မည်ဖြစ်၍ သဘာဝကျမည်မဟုတ်ချေ။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ ဝဲခူးတိုင်းတရားရုံး၏ ၂-၁၀-၈၅ရက်စွဲပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။ တရားနိုင်သည် အချင်းဖြစ်အိမ်ကို လေလံတင်ရောင်းချစေလိုပါက ဒီကရီကို ရန်ကုန်တိုင်းတရားရုံးသို့ လွှဲပြောင်းပေးစေရန် နည်းလမ်းတကျ လျှောက်ထားရန် ဖြစ်သည်။ ဤအယူခံမှုအတွက် တရားစရိတ်များကို အယူခံတရားပြိုင်က ပေးရမည်။ ရှေ့နေခကျပ် ၅၀/—သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင် (၁)၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဒေါက်တာမန်းသက်စံတို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

မမြင့်

နှင့်

မနုနုကြည်*

† ၁၉၈၆
ဇွန်လ
၁၀ ရက်

မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေ—အမွေဆိုင်တစ်ဦးက ပူးတွဲအမွေဆိုင်ဖြစ်သူထံမှ အမွေပုံပစ္စည်းနှင့် ပတ်သက်၍ လက်ရောက်ရလိုမှု မစွဲဆိုနိုင်ခြင်း—စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်ခြင်း။

အယူခံတရားပြိုင် မနုနုကြည်၏ဘခင် ကွယ်လွန်ပြီးနောက်၊ မိခင်ဖြစ်သူက နောက်အိမ်ထောင်ပြုပြီး မိခင်ပိုင် အိမ်ပေါ်တွင် ဆက်လက်နေထိုင်ကြသည်။ ထို့နောက် မနုနုကြည်၏ မိခင် ကွယ်လွန်ပြန်သဖြင့် ပထွေးဖြစ်သူက အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်ပြီး မမြင့်နှင့် နောက်အိမ်ထောင်ပြုသည်။ ပထွေးဖြစ်သူ ကွယ်လွန်သည့်အခါ အယူခံတရားပြိုင် မနုနုကြည်က အချင်းဖြစ်အိမ်သည် မိမိတစ်ဦးတည်းပိုင်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန် ရန်ကုန်တိုင်းတရားရုံးတွင် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ မမြင့်က မကျေနပ်၍ ဗဟိုတရားရုံး၌ ပထမအယူခံ တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ မနုနုကြည်သည် ကွယ်လွန်သူ မိခင်၏ အထက်ပါပစ္စည်းနှင့် မိခင်နှင့်ပထွေး၏ လက်ထက်ပွားပစ္စည်းတို့ကို အမွေဆက်ခံခွင့်ရှိသည့်နည်းတူ ပထွေးနှင့်နောက်အိမ်ထောင်ပြုသူ မမြင့်ကလည်း ယင်းပစ္စည်းများ အပေါ် အထိုက်အလျောက် အမွေဆက်ခံခွင့်ရှိသည်။ မြန်မာဗုဒ္ဓဘာသာအမွေဆိုင်တစ်ဦးသည် အမွေပုံပစ္စည်းကို အခြားအမွေဆိုင်တစ်ဦးထံမှ လက်ရောက်ရလိုမှု မစွဲဆိုနိုင်ပဲ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုသာ စွဲဆိုနိုင်သည်။

အယူခံတရားလိုအတွက် — ဒေါ်မြင့်မြင့်ခင်၊ ဗဟိုတရားရုံးရှေ့နေ
အယူခံတရားပြိုင်အတွက် — ဦးတင်ရွှေ (မုံရွာ)၊ ဗဟိုတရားရုံးရှေ့နေ
တရားရေးအကြံပေး — ဦးဘသန်းအောင်

---

* ၁၉၈၄ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၂၀၉

† ၁၉၈၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၁ (အင်းစိန်)တွင် ချမှတ်သော (၁၃-၉-၈၄) ရက် နေ့စွဲပါရန်ကုန်တိုင်း တရားရုံးအမှတ် (၅) ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆
မမြင့်
နှင့်
မနုနုကြည်

မနုနုကြည်က မမြင့်အပေါ် အချင်းဖြစ်အိမ်ကို မိမိတစ်ဦးတည်းပိုင် ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အဆိုပါအိမ်အား လက်ရောက်ပေးအပ်စေရန် ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှု အမှတ် ၁၇၁/၈၁ (အင်းစိန်) တွင် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ မမြင့်က မကျေနပ်၍ ဗဟိုတရားရုံး၌ ဤပထမအယူခံကို တင်သွင်းသည်။

အဆိုလွှာတွင် မနုနုကြည်က အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက် ဦးကျော်ဒွေးလမ်း၊ အိမ်အမှတ် ၁၅၁ (က) ကို သူမ၏ မိဘများဖြစ်ကြသော ဦးဘချိုနှင့်ဒေါ်ခင်ကြည်တို့က ဆောက်လုပ် ပိုင်ဆိုင်ခဲ့ကြောင်း၊ မိမိမှာ သူတို့၏တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ ဘခင် ဦးဘချိုသည် ၁၉၅၈ ခုနှစ်တွင် ကွယ်လွန်၍ မိခင်ဒေါ်ခင်ကြည်သည် ၁၉၆၁ ခုနှစ်တွင် ဦးသောင်းနှင့် နောက်အိမ်ထောင်ပြုကာ အဆိုပါအိမ်တွင် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် မိခင် ဒေါ်ခင်ကြည် ကွယ်လွန်ပြီးနောက် ပထွေး ဦးသောင်းသည် မမြင့်နှင့်နောက်အိမ်ထောင်ပြု၍ အချင်းဖြစ်အိမ်တွင် ဆက်လက်နေထိုင်ခဲ့ကြောင်း၊ အဆိုပါအိမ်သည် မိခင်ဒေါ်ခင်ကြည်၏အိမ်ဖြစ်၍ ဦးသောင်းကွယ်လွန်ပြီးနောက် မိမိတစ်ဦးတည်းသာပိုင်ဆိုင်ခွင့်ရှိကြောင်း စသည်ဖြင့် အဆိုပြုကာ မမြင့်အပေါ် ဤအမှုကို စွဲဆိုသည်။

ချေလွှာတွင် မမြင့်က မနုနုကြည်သည် ဦးဘချို၊ ဒေါ်ခင်ကြည်တို့၏ သမီးဖြစ်သည်ဆိုခြင်းကို ငြင်းဆိုသည်။ အချင်းဖြစ် အိမ်သည် မူလက ပျဉ်ခင်း၊ ပျဉ်ကာ၊ မဲနိုမိုး တစ်ထပ်အိမ်ဖြစ်ခဲ့ရာမှ ဦးသောင်းသည် ဒေါ်ခင်ကြည် မကွယ်လွန်မီ လအနည်းငယ်တွင် အိမ်ငှားဖြစ်သူ ဦးမြင့်စိုးထံမှ ငွေကျပ် ၁၁၀၀၀/—ချေးယူ၍ အချင်းဖြစ် ဇက်ရှိနှစ်ထပ်အိမ်ကိုဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောက်လုပ်ဆဲ အတောအတွင်း ဒေါ်ခင်ကြည်ကွယ်လွန်ခဲ့သဖြင့် မိမိသည်ဦးသောင်းနှင့်လက်ထပ်ပြီးနောက်မိမိပိုင်လက်ဝတ်လက်စားများရောင်းချ၍ အချင်းဖြစ်အိမ်ကို အပြီးအပိုင် ဆက်လက်ဆောက်လုပ်ခဲ့ကြောင်း၊ တရားလိုမနုနုကြည်နှင့် မည်သို့မျှ မသက်ဆိုင်သည့်အပြင် ဤပုံစံအတိုင်းလည်း မစွဲဆိုနိုင်ကြောင်း စသည်ဖြင့် ထုချေသည်။

ရန်ကုန်တိုင်းတရားရုံးက တရားလိုမနုနုကြည်သည် ဦးဘချို-ဒေါ်ခင်ကြည်တို့၏ တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ အချင်းဖြစ် အိမ်သည် မနုနုကြည်၏ ကွယ်လွန်သူ မိဘနှစ်ပါး ဆောက်လုပ်ခဲ့သော အိမ်ဖြစ်ကြောင်း စသည်ဖြင့် ဖြေဆိုကာ စွဲဆိုသည့်အတိုင်း ဒီကရီကို ချမှတ်ခဲ့သည်။

အယူခံတရားလိုမမြင့်၏ အကျိုးဆောင် ဒေါ်မြင့်မြင့်ခင်က မနုနုကြည်သည် အမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိပဲ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေ

၁၉၀၆
မမြင့်
နှင့်
မနုနုကြည်

လိုမှသာ စွဲဆိုရမည်ဖြစ်၍ အောက်ရုံးက သူ့အား အနိုင်ဒီကရီချပေးခဲ့ခြင်းသည် မှားယွင်းကြောင်း အဓိကထား လျှောက်လဲတင်ပြသွားသည်။

အယူခံတရားပြိုင် မနုနုကြည်၏ အကျိုးဆောင် ဦးတင်ရွှေက အချင်းဖြစ် အိမ်သည် ဦးဘချို-ဒေါ်ခင်ကြည်တို့ ဆောက်လုပ်ခဲ့သည့် အိမ်ဖြစ်၍ မနုနုကြည်တစ်ဦးတည်းကသာ အမွေဆက်ခံခွင့်ရှိကြောင်း၊ အထက်ပါ ပစ္စည်းတွင် ဦးသောင်းရပိုင်ခွင့်မရှိသဖြင့် အောက်ရုံး၏ဆုံးဖြတ်ချက်မှန်၍ အတည်ပြုပေးသင့်ကြောင်း ချေပလျှောက်ထားသည်။

အမှုတွင် မနုနုကြည်၏မိဘများလက်ထက်က ရှိခဲ့သည့် တစ်ထပ်အိမ်ဟောင်းကို မိခင်ဒေါ်ခင်ကြည်နှင့် ပထွေးဦးသောင်းတို့ လက်ထက်တွင် နှစ်ထပ်အိမ်အဖြစ် ပြောင်းလဲ၍ ပြုပြင်ဆောက်လုပ်ခဲ့ကြောင်းကို နှစ်ဘက်အငြင်းမပွားခဲ့ကြပေ။ မူလအိမ်သည် ပျဉ်ကာ၊ ပျဉ်ခင်းဖြစ်ပြီး လက်ရှိအိမ်၏ အိမ်အောက်ထပ်တွင် အုတ်ပတ်ကာတက်ထားသည် ဆိုခြင်းကိုလည်း အငြင်းမပွားခဲ့ကြချေ။ မူလအိမ်ကို ဖျက်ချို့ထားသော်လည်း လက်ရှိအိမ်ကို သွပ်မိုးထားကြောင်း ပေါ်ပေါက်သည်။

အိမ်ပြင်မပြီးမီ ဒေါ်ခင်ကြည်သေသွား၍ ဦးသောင်းနှင့်မမြင့်တို့ လင်မယားက ဆက်ဆောက်ခဲ့သည့် သက်သေခံချက်လည်းရှိပေသည်။ အချင်းဖြစ်အိမ်မှာ မူလအခြေအနေအတိုင်း မဟုတ်တော့၍ မနုနုကြည် တစ်ဦးတည်း ဘယ်နည်းနှင့်မှ မပိုင်နိုင်တော့ချေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မနုနုကြည်သည် ကွယ်လွန်သူ မိခင်ဒေါ်ခင်ကြည်၏ အထက်ပါပစ္စည်းနှင့် မိခင်နှင့်ပထွေးတို့၏ လက်ထက်ပွား ပစ္စည်းတို့ကို အမွေဆက်ခံခွင့်ရှိသည့်နည်းတူ တစ်ဘက်မှပထွေး၏ နောက်ဇနီးမမြင့်ကလည်း ယင်းပစ္စည်းများတွင် အထိုက်အလျောက်အမွေဆက်ခံခွင့်ရှိပေသည်။ **မငြိမ်းပါ** ( ၂ ) **နှင့် မသာဂေါင်** ^၁ စီရင်ထုံးကိုကြည့်ပါ။ ဤအခြေအနေတွင် အချင်းဖြစ်အိမ်သည် နှစ်ဘက်အမှုသည်များ၏ အမွေဆိုင်အိမ်ဖြစ်ကြောင်း ပေါ်လွင်လျက်ရှိပေသည်။ မြန်မာဗုဒ္ဓဘာသာ အမွေဆိုင်တစ်ဦးသည် အမွေပုံပစ္စည်းကို အခြားအမွေဆိုင်တစ်ဦးထံမှ လက်ရောက်ရလိုမှ မစွဲဆိုနိုင်ဘဲ အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှသာ စွဲဆိုနိုင်ပေသည်။ သို့ဖြစ်ရာ မနုနုကြည်သည် ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုနိုင်ခွင့် မရှိ၍ အောင်မြင်ရန်အကြောင်းမရှိနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြုပြီး ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီလို ပယ်ဖျက်၍ မနုနုကြည်စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် ကုန်ကျစရိတ်နှင့်တကွ ပလပ်လိုက်သည်။

---

(၁) ၁၉၁၇-၂၀ အထက်မြန်မာပြည် စီရင်ထုံးများ၊ စာ ၂၃၇

# တရားမ ပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ် ဦးကိုကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးတွမ်မှုန်းနှင့် ဦးဘမော် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မြန်မာ့စီးပွားရေးဘဏ် (ကိုယ်စား) မန်နေဂျာ

မြန်မာ့စီးပွားရေးဘဏ်ခွဲ

ပုသိမ်မြို့

နှင့်

မောင်ထွန်းဝင်းပါ (၅) *

† ၁၉၈၆
ဇွန်လ
၂၇-ရက်

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၄ တွင် အကြီးမပင်သည့် ကိစ္စ—ပဏာမဒီကရီ ချမှတ်ပြီးနောက် တရားပြိုင်သေဆုံးရာတွင် အမှုရပ်စဲသွားရန်မရှိခြင်း—ယင်းသို့ အမှုသည် ကွယ်လွန်သော်လည်း အမှုရပ်စဲခြင်းမရှိသည့်ကိစ္စတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းရေးအတွက် ကာလစည်းကမ်းသတ် သတ်မှတ်ရန် အကြောင်း မရှိခြင်း။**

ရောဝတီတိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၅/၈၂ တွင် ပုသိမ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်က ဦးစိန်နှင့် ဇနီး ဒေါ်စောမြင့်တို့ အပေါ် အပေါင်မှု စွဲဆိုရာ ၂၉-၉-၈၃ နေ့တွင် ပဏာမဒီကရီ ရရှိခဲ့သည်။ တရားနိုင်တို့ဘက်မှ အပြီးသတ်ဒီကရီ ချမှတ်ပေးရန်အတွက် ၂၀-၈-၈၄ နေ့တွင် လျှောက်ထားသည်။

တရားနိုင်ဘဏ်ဘက်က တရားရှုံးဦးစိန်သည် ၃၁-၁၀-၈၃ နေ့တွင် သေဆုံးသွားကြောင်း ၂၆-၉-၈၄ နေ့တွင်မှ သိရ၍ ၂၅-၂-၈၅ နေ့တွင် ဦးစိန်၏သားသမီးများကို တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသည်။ ယင်းလျှောက်ထားချက်ကို ဦးစိန်၏ သားသမီးများက ကန့်ကွက်သဖြင့် တိုင်းတရားရုံးက တရားနိုင်ဘဏ်သည် ကာလစည်းကမ်းသတ် ရက်ကျော်လွန်မှ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုရန် လျှောက်ထားသည်ဟု အကြောင်းပြချက်ဖြင့် အမှုကို ပလပ်ခဲ့သောကြောင့် မြန်မာ့စီးပွားရေးဘဏ်က ဗဟိုတရားရုံးသို့ တရားမပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

---

* ၁၉၈၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၉၇

† ၁၉၈၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅ (ပုသိမ်အနောက်) တွင် ချမှတ်သော (၁၁-၄-၈၅)ရက် နေ့စွဲပါ ရောဝတီတိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၈၆
မြန်မာ့ စီးပွားရေးဘဏ် (ကိုယ်စား) မန်နေဂျာ
မြန်မာ့ စီးပွားရေးဘဏ်ခွဲ ပုသိမ်မြို့
နှင့်
မောင်ထွန်းဝင်းပါ(၅)

**သုံးဖြတ်ချက်။** ။တရားနိုင်ဘဏ်အနေဖြင့် ဦးစိန်အပေါ် ကြွေးမြီအတွက် တရားစွဲဆိုခွင့်မှာ ပဏာမဒီကရီ ချမှတ်သည်အထိ အကျိုးဖြစ်ထွန်းခဲ့ပြီးဖြစ်သည့်အလျောက် ဦးစိန်အပေါ် စွဲဆိုသော အမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိတော့ချေ။

**ထပ်မံသုံးဖြတ်ချက်။** ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၃(၂)နှင့် နည်း ၄(၃)တွင် သတ်မှတ်ထားသည့် ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်း မပြုလျှင် အမှုရပ်စဲကြောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ အပြန်အလှန်အားဖြင့် အမှုသည် ကွယ်လွန်သော်လည်း အမှုရပ်စဲခြင်းမရှိသည့်ကိစ္စတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းရေး အတွက် ကာလ စည်းကမ်းသတ် သတ်မှတ်ထားရန် အကြောင်းရှိတော့မည် မဟုတ်ချေ။

**ထပ်မံသုံးဖြတ်ချက်။** ။တရားနိုင်ဘက်က လျှောက်ထားခံရသူများအား တရားဝင်ကိုယ်စားလှယ် အဖြစ် ထည့်သွင်းပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်း ၄ ကို ကိုးကား၍ လျှောက်ထားကြောင်းတွေ့ရသည်။ ပဏာမဒီကရီချမှတ်ပြီးဖြစ်သဖြင့် အမိန့် ၂၂၊ နည်း ၁၀ အရ လျှောက်ထားရန်ဖြစ်သည်။

လျှောက်ထားသူအတွက် — ဦးခင်မောင်မြင့်
(ဥပဒေဝန်ထမ်းအဆင့်—၁)

လျှောက်ထားခံရသူအတွက် — ကိုယ်တိုင်

တရားရေးအကြံပေး — ဦးသန်းထွန်း

ဧရာဝတီတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၁၅/၈၂ တွင် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်က ဦးစိန်နှင့်ဇနီး ဒေါ်စောမြင့်တို့ အပေါ် အပေါင်မှု စွဲဆိုရာ ၂၉-၉-၈၃ နေ့တွင် ပဏာမဒီကရီ ရရှိခဲ့သည်။ တရားရုံးများသည် ဒီကရီကျငွေကို ပေးဆပ်ခြင်း မပြုသဖြင့် တရားနိုင်ဘက်က အပြီးသတ်ဒီကရီ ချမှတ်ပေးရန် ၂၀-၈-၈၄ ရက်စွဲပါလျှောက်လွှာအရ လျှောက်ထားသည်။ ထို့နောက် တရားနိုင်ဘက်က တရားရုံး ဦးစိန်သည် ၃၁-၁၀-၈၃ နေ့တွင် သေဆုံးသွားကြောင်း ၂၆-၉-၈၄ နေ့တွင်မှ သိရကြောင်း၊ ကတိသစ္စာပြုလွှာဖြင့် တင်ပြပြီး ဦးစိန်၏သားသမီးများဖြစ်ကြသော မောင်ထွန်းဝင်းပါ (၄)ဦးတို့ကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် ၂၅-၂-၈၅ နေ့၌ လျှောက်ထားသည်။ မောင်ထွန်းဝင်းပါ(၄) ဦးတို့က ကန့်ကွက်ရာတွင် တရားရုံးက မြန်မာ့စီးပွားရေးဘဏ်သည် ကာလစည်းကမ်းသတ်ရက်ကျော်လွန်မှ တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းခွင့်ပြုရန် လျှောက်လွှာကို တင်သွင်းလာသည်ဟု အကြောင်းပြကာ ပလပ်ခဲ့သည်။ ယင်းအမိန့်ကို မြန်မာ့

၁၉၀၆
မြန်မာ့ စီးပွား
ရေးဘဏ်
(ကိုယ်စား)
မန်နေဂျာ
မြန်မာ့ စီးပွား
ရေးဘဏ်ခွဲ
ပုသိမ်မြို့
နှင့်
မောင်ထွန်း
ဝင်း ပါ (၅)

စီးပွားရေးဘဏ်က မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ဤတရားမပြင်ဆင်မှုကို တင်သွင်းသည်။

မြန်မာ့စီးပွားရေးဘဏ်က ပြင်ဆင်မှု တင်သွင်းရာတွင် လိုလောက်သော အကြောင်းပြချက်များကို ကတိသစ္စာတွင် ဖော်ပြတင်သွင်းခဲ့ပါလျက် ကိုင်းတရားရုံးက ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်လွှာကို ပလပ်ခဲ့သည်မှာ မှားယွင်းကြောင်း၊ အဓိကအကြောင်းပြသည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များသည် ကာလစည်းကမ်းသတ်ကျော်လွန်မှု တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးရန် လျှောက်ထားသည့်ကိစ္စနှင့် သက်ဆိုင်ခြင်းမရှိသဖြင့် လျှောက်ထားသူ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမမြင်ချေ။

ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ လျှောက်ထားသူက ဦးစိန်အပေါ် ပဏာမ အပေါင်ဒီကရီရရှိပြီးမှ ဦးစိန် ကွယ်လွန်သွားခြင်းဖြစ်သည်။ တရားနိုင်ဘဏ်အနေဖြင့် ဦးစိန်အပေါ် ကြွေးမြီအတွက် တရားစွဲဆိုခွင့်မှာ ပဏာမဒီကရီ ချမှတ်သည်အထိ အကျိုးဖြစ်ထွန်းခဲ့ပြီးဖြစ်သည့်အလျောက် ဦးစိန်အပေါ် စွဲဆိုသောအမှုမှာ ရပ်စဲသွားရန်အကြောင်းမရှိတော့ချေ။ ဤအမှုနှင့် ဖြစ်ရပ်ခြင်းတူသည့် **အေ၊ တီ၊ ကေ၊ ဝီ၊ အယ် (လ်) အမ်မူသီးရားချစ်တီးရားနှင့် သာဇံလှနှင့် အခြားသူများ**[^၁] တွင် စာမျက်နှာ ၄၄၇ ၌ အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်ကို တွေ့မြင်နိုင်သည်—

**"After a decree has been passed there can be no question of any right to sue surviving, because the right to sue has already been merged in the decree. I do not think that Order XII, rule 4 applies where a preliminary decree has been passed, and the suit does not abate as against the deceased defendant."**

တိုင်းတရားရုံးသည် အထက်ဖော်ပြပါ စီရင်ထုံးကို ကိုးကား၍ အပြီးသတ် ဒီကရီချမှတ်ခြင်းမပြုမီ ဦးစိန်ကွယ်လွန်သွားခြင်းကြောင့် အမှုရပ်စဲခြင်းမရှိကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ ထိုသို့ဆိုလျှင် ကွယ်လွန်သူ၏ တရားဝင်ကိုယ်စားလှယ်ကို အချိန်မရွေး ထည့်သွင်းနိုင်ပေလိမ့်မည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်း ၃ (၂) နှင့် နည်း ၄ (၃) တွင် သတ်မှတ်ထားသည့်ကာလအတွင်း တရားဝင်ကိုယ်စားလှယ် ထည့်သွင်းခြင်းမပြုလျှင် အမှုရပ်စဲကြောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ အပြန်အလှန်အားဖြင့် အမှုသည်ကွယ်လွန်သော်လည်း အမှု ရပ်စဲခြင်းမရှိသည့်ကိစ္စတွင် တရားဝင်ကိုယ်စားလှယ် ထည့်သွင်းရေးအတွက် ကာလစည်းကမ်းသတ် သတ်မှတ်ထားရန် အကြောင်း ရှိတော့မည် မဟုတ်ချေ။

[^၁]: (၁) ရန်ကုန်စီရင်ထုံးများ အတွဲ ၁၁၊ စာ ၄၄၆။

အထက်တွင်ရည်ညွှန်းသည့် စီရင်ထုံးတွင် တရားဝင်ကိုယ်စားလှယ်ထည့် သွင်းပေးရန် လျှောက်လွှာကို ရက် ၉၀ ကျော်လွန်မှ တင်သွင်း သော် လည်း လျှောက်ထားချက်ကို ခွင့်ပြုကြောင်း စာမျက်နှာ ၄၄၀ တွင် အောက်ပါအတိုင်း ဆုံးဖြတ်သည်—

၁၉၇၆
မြန်မာ့ စီးပွား ရေးဘဏ် (ကိုယ်စား) မန်နေဂျာ
မြန်မာ့ စီးပွား ရေးဘဏ်ခွဲ ပုသိမ်မြို့
နှင့်
မောင်ထွန်း ဝင်းပါ(၅)

**"The appeal must be allowed and the order of abatement set aside, and the legal representatives of the deceased defendant must be substituted in place of the deceased defendant."**

အလျှဉ်းသင့်၍ ဖော်ပြလိုသည့် ပထမပြဿနာမှာ တရားနိုင်ဘက်က လျှောက်ထားခံရသူများအား တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်း ပေးရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၄ ကို ကိုးကား၍ လျှောက်ထားကြောင်းတွေ့ရသည်။ ပဏာမဒီကရီ ချမှတ်ပြီး ဖြစ်သဖြင့် အမိန့် ၂၂၊ နည်း ၁၀ အရ လျှောက်ထားရန်ဖြစ်သည်။

နောက်ပြဿနာမှာ ဦးစိန်၏သားသမီး ၄ ဦးအား တရားဝင် ကိုယ် စားလှယ်များအဖြစ် ထည့်သွင်းရန်လျှောက်ထားသည့် ကိစ္စနှင့်ပတ်သက် သည့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၁၁) တွင် အဓိပ္ပာယ်ဖွင့်ဆိုထား ချက်အရဆိုလျှင် ကွယ်လွန်သူ၏သားသမီးတိုင်းသည် တရားဝင် ကိုယ် စားလှယ် မဖြစ်နိုင်ချေ။ အမွေဆက်ခံခွင့် ရှိသူသာလျှင် တရားဝင် ကိုယ် စားလှယ် ဖြစ်နိုင်ပေသည်။ ဦးစိန်သည် မြန်မာ ဗုဒ္ဓဘာသာ ဖြစ်ပါမူ လျှောက်ထားခံရသူများအနက် မသန်းဝင်း၊ မောင်သိန်းဝင်းနှင့် မောင် ဆန်းဝင်းတို့သည် ကနိဋ္ဌ သားသမီးများဖြစ်သဖြင့် ဦးစိန် ကွယ်လွန်ရုံမျှ ဖြင့် ဦးစိန်၏အမွေကို ဆက်ခံခွင့် ရှိမည်မဟုတ်ချေ။ မောင်ထွန်းဝင်းသည် ဩရသသားဖြစ်ပါမူ အမွေဆက်ခံခွင့် ရှိပေလိမ့်မည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ တိုင်းတရားရုံးသည် လျှောက်ထားခံရသူ များမှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၁၁) တွင် အဓိပ္ပာယ်ဖွင့်ဆိုထား သည့်အတိုင်း ဦးစိန်၏တရားဝင်ကိုယ်စားလှယ်များ ဟုတ်မဟုတ် စိစစ် ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၂၂၊ နည်း ၁၀ အရ ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။ ရှေ့နေခ ကျပ် ၇၅/—သတ်မှတ်သည်။

## တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်ဟိန်း၊အဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင်(၁)
နှင့် ဦးဝင်းမောင်(၂)တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၆
ဇွန်လ
၄ ရက်

ဦးအောဝမ်း(ခ)ဦးမြတ်စိုး

နှင့်

ဒေါ်ရာဘီယာ *

(၎င်း၏ကိုယ်စားလှယ် စာရသူ မလှမြင့်)

**စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁) (ခ)—အိမ်ငှားအဖြစ် နေထိုင်ခွင့်ရရှိစေရန် ချုပ်ဆိုသော ကတိစာချုပ်တွင် အိမ်ရှင်က အိမ်ငှားအဖြစ် လက်ခံပြီးမှသာ လွှဲပြောင်းမှု ထမြောက်သည်ဖြစ်၍၊ မှတ်ပုံတင်ရန် မလိုခြင်း။**

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ်စာချုပ်မှာ အနှစ်သာရအားဖြင့် မူလအိမ်ငှားဦးမြဟန်က အချင်းဖြစ်အခန်းတွင် ဒေါ်ရာဘီယာကို နေထိုင်ခွင့်ရရှိစေရန် ချုပ်ဆိုသော ကတိစာချုပ်ဖြစ်သည်။ စာချုပ်တွင် ဦးမြဟန်က "အိမ်ခန်း အမည်ပြောင်းပေးရန်လည်း တာဝန်ယူပါသည်"ဟု ဖော်ပြထားသဖြင့် အိမ်ရှင်သည် ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံရေးအတွက် ဦးမြဟန်က တာဝန်ယူကြောင်း ပေါ်ပေါက်သည်။အကယ်၍ အိမ်ရှင်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံခြင်းမပြုလျှင် ဒေါ်ရာဘီယာသည် အချင်းဖြစ်အိမ်ခန်းတွင် တရားဝင်နေထိုင်ခွင့် ရရှိမည် မဟုတ်ချေ။ **သို့ဖြစ်ရာ** အချင်းဖြစ်စာချုပ်တွင် အချင်းဖြစ်အိမ်ခန်းကို ဦးမြဟန်က အပြီးအပိုင် လွှဲပြောင်းရောင်းချလိုက်ပါသည်ဟု ဖော်ပြထားစေကာမူ အိမ်ရှင်ကဒေါ်ရာဘီယာအား အိမ်ငှားအဖြစ်အသိအမှတ်ပြုရေးအတွက် ဆက်လက်ဆောင်ရွက်ရဦးမည်ဖြစ်၍ လက်တွေ့တွင် လွှဲပြောင်းမှုသည် မပြီးမြောက်သေးချေ။

သို့ဖြစ်ရာ ဒေါ်မြဆင့်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံပြီးမှသာ လွှဲပြောင်းမှုမှာ အထမြောက်သည့်အဆင့်သို့ ရောက်ကြောင်း ပေါ်ပေါက်သည်။ ဤအခြေအနေတွင် အချင်းဖြစ်စာချုပ်ကို ချုပ်ဆို

---

* ၁၉၇၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၀၄

† ၁၉၇၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၇ တွင်ချမှတ်သော (၁၉-၉-၇၅) ရက် နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံးအမှတ် (၄) ၏ စီရင်ချက်ကိုပြင်ဆင်မှု။

သည့်အချိန်က အချင်းဖြစ်အိမ်ခန်း၌ နေထိုင်ခွင့်ကို ဦးမြဟန်က ဒေါ်ရာဘီယာအား လွှဲပြောင်းမှုမှာ မပြီးမြောက်သေးဘဲ ကတိပဋိညာဉ်ပြုသည့်အဆင့်တွင်ပင် ရှိနေသေးသဖြင့် ယင်းစာချုပ်ကို ''အိမ်ခန်း အရောင်းအဝယ် ကတိစာချုပ်''ဟု အမည်တပ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းစာချုပ်ကို စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁) (ခ)အရ မှတ်ပုံတင်ရန် မလိုအပ်ချေ။

| | |
|---|---|
| လျှောက်ထားသူ အတွက် | — ဦးအုန်းဖေ၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူအတွက် | — ဒေါ်ရီရီမေ၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — ဦးတင်ထွန်း |

မိုလ်တထောင်မြို့နယ်၊ အမှတ် ၈ ရပ်ကွက်တရားရုံး၊ တရားမကြီးမှု အမှတ် ၃/၈၂ တွင် လျှောက်ထားသူ ဦးအောဝမ်း(ခ)ဦးမြတ်စိုးက လျှောက်ထားခံရသူ ဒေါ်ရာဘီယာ (မူလရုံးအဆိုလွှာတွင် ဒေါ်ရာတီယာဟု ဖော်ပြထားသည်) သည်အိမ်ငှားတာဝန်များကို ဖောက်ဖျက်သည်ဟု အကြောင်းပြကာ မိုလ်တထောင်မြို့နယ် အမှတ် ၈-ရပ်ကွက်၊ ၄၃လမ်း၊ အမှတ် ၂၉ တိုက်၏မြေညီထပ် တောင်ဘက်ခန်းမှ ဒေါ်ရာဘီယာအား နှင်ထုတ်ပေးစေရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ တရားစွဲဆိုသည်။ ဒေါ်ရာဘီယာ၏ကိုယ်စားလှယ် မလှမြင့်အားစစ်ဆေးစဉ် ဦးမြဟန်ဆိုသူက အချင်းဖြစ် တိုက်ခန်းကို ဒေါ်ရာဘီယာအား ငွေကျပ် ၃၃၀၀၀/—ဖြင့် ရောင်းချသည်ဆိုသော ''အိမ်ခန်းအရောင်းအဝယ် ကတိစာချုပ်''ကို သက်သေခံ အဖြစ် တင်ပြရာ ရပ်ကွက်တရားရုံးက သက်သေခံ အက်ဥပဒေပုဒ်မ ၆၄ နှင့် မညီညွတ်၍ သက်သေခံအဖြစ် လက်ခံခြင်းမပြုဟု အမိန့်ချမှတ်သည်။ ဒေါ်ရာဘီယာက မိုလ်တထောင်မြို့နယ်တရားရုံး တရားမ ပြင်ဆင်မှု အမှတ် ၃/၈၄ တွင် ပြင်ဆင်မှု လျှောက်ထားရာ မအောင်မြင်သောကြောင့် ရန်ကုန်တိုင်းတရားရုံးတွင် ဆက်လက်၍ ပြင်ဆင်မှုလျှောက်ထားသည်။ တိုင်းတရားရုံးက အောက်ရုံးများ၏ အမိန့်များကို ပယ်ဖျက်ပြီး အချင်းဖြစ်စာချုပ်ကို သက်သေခံအဖြစ်လက်ခံကြောင်း အမိန့်ချမှတ်သောကြောင့် ဦးအောဝမ်းက ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကိုလျှောက်ထားလာသည်။

လျှောက်ထားသူ၏ ပထမ အကြောင်း ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်—

''ရန်ကုန်တိုင်း၊ တိုင်းတရားရုံးမှ သက်သေခံအဖြစ် လက်ခံစေဟူ၍ အမိန့်ချမှတ်လိုက်သော စာချုပ်မှာ မရွှေ့မပြောင်းနိုင်သော ပစ္စည်း တစ်ရပ်ဖြစ်သောအိမ်ခန်းကို အပျောက် ငွေကျပ် ၃၃၀၀၀/— ဖြင့်

၁၉၈၆
ဦးအောမ်း
(ခ)ဦးမြတ်စိုး
နှင့်
ဒေါ်ရာဘီယာ
(၎င်း၏ ကိုယ်
စားလှယ် စာ
ရသူ မလှမြင့်)

ရောင်းချထားသော စာချုပ်ဖြစ်ပါသည်။ မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၁၇(၁) (ခ) (ဃ) တို့အရ (ယင်းစာချုပ်မှာ ၁၀၀/- အထက်တန်သော မရွေ့မပြောင်းနိုင်သော ပစ္စည်း၏ အကျိုးစီးပွားကို လွှဲအပ်သော စာချုပ် ဖြစ်သဖြင့် လည်းကောင်း၊ တစ်နှစ်ထက် ကျော်လွန်သော ငှားရမ်းခြင်း ဖြစ်သဖြင့်လည်းကောင်း) မှတ်ပုံ မတင် မနေရသော စာချုပ်ဖြစ်ပါသည်။ ထိုသို့မှတ်ပုံမတင်မနေရ ဖြစ်သော စာချုပ်ကို မှတ်ပုံမတင်ဘဲ ချုပ်ဆိုထားခြင်း ဖြစ်နေပါသဖြင့် မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ (၄၉)အရ—

(က) စာချုပ်တွင်ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းပေါ်တွင် အကျိုးမသက်ရောက်—တရားမဝင် ဖြစ်နေပါသည်။

(ခ) စာချုပ်တွင် ဖော်ပြပါရှိသော အခွင့်အရေးများကို မပေး အပ်ဘိ သကဲ့သို့ အကျိုးသက်ရောက်နေပါသည်။''

အချင်းဖြစ် စာချုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်—

''ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇—လမ်း၊ အမှတ် ၁၄၆ (မြေညီထပ် နေ - အမျိုးသားမှတ်ပုံတင်အမှတ်- စီ၊ဒီ—၀၁၆၃၆၀) ကိုင်ဆောင်သူ ကျွန်တော် ဦးမြဟန် ပိုင်ဆိုင်သော ဗိုလ်တထောင် မြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ (၄၃) လမ်း၊ အမှတ် (၂၉) မြေညီ ထပ် ဝဲဘက်ခန်းကို ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ (၄၁) လမ်း၊ အမှတ် (၁၂၆)၊ (ဒုတိယထပ် ဝဲဘက်ခန်းနေ အမျိုးသားမှတ်ပုံတင်အမှတ် စီ၊ဂျေ—၀၂၀၁၅၅) ကိုင်ဆောင်သူ၊ ဒေါ်ရာဘီယာအား ငွေကျပ် ၃၃၀၀၀/—(ကျပ်ငွေသုံးသောင်း သုံး ထောင် တိတိ) ဖြင့် ၁၉၇၀ ပြည့်နှစ်၊အောက်တိုဘာလ (၅) ရက် နေ့တွင် အပြီးအပိုင် လွှဲပြောင်း ရောင်းချလိုက်ပါသည်။ ဒေါ်ရာဘီယာ ထံမှ ငွေကျပ် ၃၃၀၀၀/—(ကျပ်ငွေသုံးသောင်းသုံးထောင် တိတိ) ကို လက်ခံ ရရှိပါသည်။

''၎င်း အိမ်ခန်းသည် နိုင်ငံခြားပြန်အိမ်ခန်းနှင့် နိုင်ငံခြားသားပိုင် အိမ်ခန်း မဟုတ်ကြောင်းကို ကျွန်တော် ရောင်းချသူ ဦးမြဟန်က တာဝန်ယူပါသည်။အိမ်ခန်း အမည်ပြောင်းပေးရန်လည်း တာဝန်ယူပါ သည်။၎င်းအိမ်ခန်းနှင့်ပတ်သက်၍ နောက်နောင် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ကျွန်တော် ရောင်းချသူ ဦးမြဟန်က မိမိ စရိတ် ဖြင့် တာဝန်ယူ ဆောင်ရွက်ပေးပါမည်။''

အချင်းဖြစ် အိမ်ခန်းကို ရောင်းချသူဟု အဆိုရှိသော ဦးမြဟန်သည် မူလက အချင်းဖြစ်အိမ်ခန်း၏ အိမ်ငှားသာဖြစ်သည်။ အထက်ဖော်ပြပါ စာချုပ်တွင် ဦးမြဟန်က ဒေါ်ရာဘီယာအား ယင်းအိမ်ခန်းကို ထပ်ဆင့်

၁၉၈၆
ဦးအေးဝမ်း
(ခ) ဦးမြတ်စိုး
နှင့်
ဒေါ်ရာဘီယာ
(၎င်း၏ ကိုယ်
စားလှယ် စာ
ရသူ မလှမြင့်)

ငှားရမ်းကြောင်း ဖော်ပြထားခြင်း မရှိ၍ ယင်းစာချုပ်သည် စာချုပ် စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၂ (၁) (ဃ) တွင် အကျုံးဝင်သော စာချုပ်မျိုး မဟုတ်ကြောင်း ယုံမှားဖွယ် မရှိချေ။

အချင်းဖြစ် စာချုပ်မှာ အနှစ်သာရအားဖြင့် မူလကအိမ်ငှား ဦးမြဟန်က အချင်းဖြစ်အခန်းတွင် ဒေါ်ရာဘီယာက နေထိုင်ခွင့် ရရှိစေရန် ချုပ်ဆိုသော ကတိစာချုပ် ဖြစ်သည်။ စာချုပ်တွင် ဦးမြဟန်က "အိမ်ခန်း အမည်ပြောင်းပေးရန်လည်း တာဝန်ယူပါသည်" ဟု ဖော်ပြထားသဖြင့် အိမ်ရှင်သည် ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံရေး အတွက် ဦးမြဟန်က တာဝန်ယူကြောင်း ပေါ်ပေါက်သည်။ အကယ်၍ အိမ်ရှင်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံခြင်း မပြုလျှင် ဒေါ်ရာဘီယာသည် အချင်းဖြစ် အိမ်ခန်းတွင် တရားဝင်နေထိုင်ခွင့် ရရှိမည်မဟုတ်ချေ။ သို့ဖြစ်ရာ အချင်းဖြစ် စာချုပ်တွင် အချင်းဖြစ်အိမ်ခန်းကို ဦးမြဟန်က အပြီးအပိုင် လွှဲပြောင်း ရောင်းချလိုက်ပါသည်ဟု ဖော်ပြထားစေကာမူ အိမ်ရှင်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် အသိအမှတ်ပြုရေး အတွက် ဆက်လက်ဆောင်ရွက်ရဦးမည် ဖြစ်၍ လက်တွေ့တွင် လွှဲပြောင်းမှုသည် မပြီးမြောက်သေးချေ။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဒေါ်ရာဘီယာ၏ သမီး မလှမြင့်က အောက်ပါအတိုင်း ထွက်ဆိုသည်-

> "ဦးမြဟန်အား အိမ်ခန်းတန်ဖိုး ပေးချေခဲ့ပါသည်။ ဦးမြဟန်က အဆိုပါ အဆောက်အဦပိုင်ရှင် ဒေါ်မြဆင့် ထံသို့ ခေါ်ဆောင်သွားပါသည်။ ဒေါ်မြဆင့်မှာ အဆောက်အဦ၏ အပေါ်ဆုံးထပ်တွင် နေထိုင်ပါသည်။ အိမ်နာမည်ပြောင်းခအဖြစ် ဦးမြဟန်ကငွေကျပ် ၆၀၀/- ကို ပိုင်ရှင် ဒေါ်မြဆင့်သို့ ပေးခဲ့ပါသည်။ အဆိုပါ နေအိမ်ခန်းသို့ စာချုပ် ချုပ်ဆိုသောနေ့တွင်ပင် ငွေအကြေချေ၍ ကျွန်မတို့ ပြောင်းရွှေ့လာခဲ့ပါသည်"

သို့ဖြစ်ရာ ဒေါ်မြဆင့်က ဒေါ်ရာဘီယာအား အိမ်ငှားအဖြစ် လက်ခံပြီးမှသာ လွှဲပြောင်းမှုမှာ အထမြောက်သည့် အဆင့်သို့ ရောက်ကြောင်း ပေါ်ပေါက်သည်။ ဤအခြေအနေတွင် အချင်းဖြစ် စာချုပ်ကို ချုပ်ဆိုသည့် အချိန်က အချင်းဖြစ်အိမ်ခန်း၌ နေထိုင်ခွင့်ကို ဦးမြဟန်က ဒေါ်ရာဘီယာအား လွှဲပြောင်းမှုမှာ မပြီးမြောက်သေးပဲ ကတိပဋိညာဉ် ပြုသည့် အဆင့်တွင်ပင် ရှိနေသေးသဖြင့် ယင်း စာချုပ်ကို "အိမ်ခန်း အရောင်းအဝယ် ကတိစာချုပ်" ဟုအမည်တပ်၍ ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ယင်းစာချုပ်ကို စာချုပ်စာတမ်း မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇(၁) (ခ) အရ မှတ်ပုံတင်ရန် မလိုအပ်ချေ။

အလျဉ်းသင့်၍ မှတ်ချက်ပြုလိုသော အချက် တစ်ရပ်ကို ဖော်ပြလိုသည်။ လျှောက်ထားသူ ဦးအေးဝမ်းက အဆိုလွှာ အပိုဒ်(၂) တွင် ဒေါ်ရာဘီ

၁၉၇၆
ဦးခအဝမ်း
(ခ) ဦးမြတ်စိုး
နှင့်
ဒေါ်ရာဘီယာ
(၎င်း၏ ကိုယ်စားလှယ် စာရသူ မလှမြင့်)

ယာသည် မိမိ၏ အိမ်ငှားဖြစ်သည်ဟု အဆိုပြုခဲ့ရာ ဒေါ်ရာဘီယာက ချေလွှာအပိုဒ် (၂)တွင် ယင်းအချက်ကို ဝန်ခံသည်။ ဒေါ်ရာဘီယာသည် ဦးအေဝမ်း၏ အိမ်ငှားဖြစ်ကြောင်း အငြင်းမပွားသည့်အလျောက် ဦးအေဝမ်းအဆိုပြုသည့်အတိုင်း ဒေါ်ရာဘီယာသည် အိမ်ငှားတာဝန်များ ဖောက်ဖျက်ကြောင်း ပေါ်ပေါက်ပါက ဦးအေဝမ်းသည် ဒေါ်ရာဘီယာ အပေါ် စွဲဆိုသည့်အတိုင်း ဒီကရီ ရရှိပေလိမ့်မည်။ သို့ဖြစ်ရာ အမှုတွင် ဒေါ်ရာဘီယာသည် ယခင် အိမ်ငှား ဦးမြဟန်ထံမှ အချင်းဖြစ် အခန်းကို အပျောက်ပေး၍ လွှဲပြောင်း ရယူခြင်းမှာ ဥပဒေနှင့် ညီမညီ ဆိုသော အချက်သည် ဤအမှုတွင် အဆုံးအဖြတ်ပေးရမည့် ပြဿနာ မဟုတ်သဖြင့် အိမ်ငှားဘက်မှ အချင်းဖြစ် စာချုပ်ကို သက်သေခံအဖြစ် တင်ပြခြင်းမှာ မှားယွင်းပေသည်။ အိမ်ရှင်ဘက်မှလည်း ယင်းစာချုပ် သက်သေခံ ဝင်မဝင်နှင့် စပ်လျဉ်း၍ အငြင်းပွားခြင်းဖြင့် အကျိုးမရှိပဲ အမှု ကြန့်ကြာခြင်းသာ ဖြစ်စေခဲ့သည်။

အချင်းဖြစ် စာချုပ်မှာ အိမ်ငှားစာချုပ် မဟုတ်သဖြင့် အိမ်ငှားစာချုပ် အဖြစ်ဖြင့် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရန် မလိုပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၅၀/— သတ်မှတ်သည်။

# တရားမအထွေထွေလျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာမန်းသက်စံ၊ အဖွဲ့ဝင်များအဖြစ် ဦးအေးစန်နှင့် ဦးမျိုးမြင့်တို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ခင်ဦး

နှင့်

ဦးဘသိန်း*

† ၁၉၇၆ ဇူလိုင်လ ၂၀ ရက်

**တရားရုံးများမထီမဲ့မြင်ပြုလုပ်မှု ဥပဒေပုဒ်မ ၃-တရားရုံးတွင် တရားဆိုင်နေစဉ်အတွင်း အချင်းဖြစ်ပစ္စည်း၏ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သတင်းစာတွင် ဖော်ပြကြော်ငြာခြင်းသည်၊ တရားရုံးကို မထီမဲ့မြင် ပြုလုပ်ရာ ရောက်ခြင်း။**

ရှမ်းပြည်နယ်တရားရုံး၊ တရားမကြီး အမှုအမှတ် ၁၉/၇၄တွင် လျှောက်ထားခံရသူ ဦးဘသိန်းက လျှောက်ထားသူ ဒေါ်ခင်ဦး အပေါ် အပေးစာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုနှင့် ပစ္စည်း လက်ရောက် ပေးအပ်စေလိုမှုစွဲဆိုသည်။ အမှုစွဲဆိုနေစဉ်အတွင်း ဦးဘသိန်း၏ ညွှန်ကြားချက်အရ ရှေ့နေဦးသန်းအောင်က အချင်းဖြစ်ပစ္စည်းကို ဒေါ်ခင်ဦးမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် လွှဲပြောင်းခြင်း တို့ကို မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း သတင်းစာမှ ကြေညာသည်။ယင်းကြေညာချက်သည် အများ ပြည်သူတို့အား အထင်အမြင် လွဲမှားစေသည့်အတွက် တရားစီရင်ခြင်းကို အနှောင့်အယှက်ပြုရာရောက်သဖြင့် တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ ဦးဘသိန်းအား အရေးယူပေးရန် လျှောက်ထားလာခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အချင်းဖြစ် ပစ္စည်းများကို ဒေါ်ခင်ဦးက မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ခွဲဝေခြင်း၊ အာမခံတင်သွင်းခြင်း စသည်တို့ကို မပြုလုပ်ရန် သတိပေး တားမြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းသို့ ဖော်ပြခြင်းဖြင့် အချင်းဖြစ်ပစ္စည်းမှာ ဒေါ်ခင်ဦးပိုင် မဟုတ်ဟု စကားဦးသန်းရာ ရောက်ပေသည်။ တရား ဖြောင့်မှန်ရေး လမ်းစဉ်ကို နှောင့်ယှက်

---

* ၁၉၇၆ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ အမှတ် ၆

† ရှမ်းပြည်နယ် တရားရုံး၊ ၁၉၇၄ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၉ စွဲဆိုစဉ် တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ ၃ အရ အရေး ယူ ပေး ပါရန် လျှောက်ထားမှု။

၁၉၈၆ နိုင်သော အရေးအသား အပြောအဆိုအားလုံးသည် တရားရုံးကို မထီမဲ့မြင် ပြုလုပ်ခြင်းများ ဖြစ်သည်။

ဒေါ်ခင်ဦး
နှင့်
ဦးဘသိန်း

လျှောက်ထားသူအတွက် – ဦးကိုယု၊ ဒေါ်ခင်အေး၊ ဗဟိုတရားရုံး ရှေ့နေများ

လျှောက်ထားခံရသူအတွက် – ဒေါက်တာ မောင်မောင်ကျော်၊ ဗဟို တရားရုံး ရှေ့နေ

တရားရေးအကြံပေး – ဦးသန်းထွန်း

ရှမ်းပြည်နယ် တရားရုံး တရားမကြီးမှုအမှတ် ၁၉/၈၄တွင် လျှောက်ထားခံရသူ ဦးဘသိန်းက လျှောက်ထားသူ ဒေါ်ခင်ဦး အပေါ် ဒေါ်မွဲကျောင်းမွန်းနှင့်ဦးဆန်မောင်တို့၏ ကိုယ်စားလှယ်အဖြစ်ဖြင့် "အပေးစာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုနှင့် ပစ္စည်း လက်ရောက်ပေးအပ်စေလိုမှု" စွဲဆိုသည်။ အမှုစွဲဆိုစဉ် အတွင်း ၁၇-၁၀-၈၅ နေ့ထုတ် ဗိုလ်တထောင်သတင်းစာတွင် တရားဆိုင်နေသော ပစ္စည်းများကို လွှဲပြောင်းခြင်း မပြုရန် သတိပေး ထားမြစ်ကြောင်း အစရှိသည်ဖြင့် ဦးဘသိန်း၏ ညွှန်ကြားချက်အရ ဗဟိုတရားရုံးရှေ့နေ ဦးသန်းအောင်ဆိုသူက ကြေညာသဖြင့် ဒေါ်ခင်ဦးက တရားရုံးများ မထီမဲ့မြင် ပြုလုပ်မှု အက်ဥပဒေ ပုဒ်မ ၃ အရ ဦးဘသိန်းအား အရေးယူပေးရန် ဤအမှုတွင် လျှောက်ထားလာသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက ရှေ့နေတစ်ဦး၏ ကြေညာချက်အပေါ် သူ၏အမှုသည်အား ယခုကဲ့သို့ တရားစွဲဆိုခြင်းမှာ ကောင်းသော အစဉ်အလာ မဟုတ်ကြောင်း၊ စွဲဆိုလိုလျှင် ရှေ့နေကိုလည်း ထည့်သွင်းစွဲဆိုသင့်ကြောင်း၊ ယခုကိစ္စတွင် လျှောက်ထားသူက အပြန်အလှန် ကြော်ငြာခဲ့ရာ လျှောက်ထားခံရသူက တုံ့ပြန်ကြေညာခဲ့ခြင်းမရှိသဖြင့် လျှောက်ထားခံရသူအပေါ် အရေးယူပေးရန် လျှောက်ထားခြင်းသည် မလိုလားအပ်သော အပြုအမူ ဖြစ်ကြောင်း စသည်ဖြင့် လျှောက်ထားသည်။ အချင်းဖြစ် ကြော်ငြာစာကို လျှောက်ထားခံရသူ၏ ညွှန်ကြားချက်အရ ရှေ့နေက ကြော်ငြာခြင်းဖြစ်သဖြင့် ဦးဘသိန်းတွင် တာဝန်ရှိပေသည်။ သူ၏ရှေ့နေအနေဖြင့်လည်း တာဝန်ရှိနိုင်သည်။ ရှေ့နေအား အရေးမယူသည်ကို အကြောင်းပြုပြီး ဦးဘသိန်းအား ခွင့်လွှတ်ရန်မဟုတ်ချေ။ ဒေါ်ခင်ဦးက တန်ပြန်ကြော်ငြာရာတွင် ဦးဘသိန်းက တုံ့ပြန်မှုမပြုခြင်းဖြင့် ကျူးလွန်ပြီးသော ပြစ်မှုကို သင်ပုန်းချေရာ မရောက်နိုင်ချေ။ တုံ့ပြန်ကြေညာလျှင် အပြစ်ပိုမိုလေးနက်စေမည်သာဖြစ်သည်။

၁၉၀၆
ဒေါ်ခင်ဦး
နှင့်
ဦးသာသိန်း

အချင်းဖြစ်ကြေညာချက်တွင် ရှမ်းပြည်နယ်တရားရုံးက တရားဆိုင်နေခြင်းကို ရည်ညွှန်းပြီး၊ ယင်းအမှုမှ အချင်းဖြစ်ပစ္စည်းများကို ဒေါ်ခင်ဦးက မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ခွဲဝေခြင်း၊ အာမခံတင်သွင်းခြင်းစသည်တို့ကို မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းသို့ ဖော်ပြခြင်းဖြင့် အချင်းဖြစ်ပစ္စည်းမှာ ဒေါ်ခင်ဦးပိုင် မဟုတ်ဟု စကားဦးသန်းရာ ရောက်ပေသည်။ တရားဖြောင့်မှန်ရေးလမ်းစဉ်ကို နှောင့်ယှက်နိုင်သော အရေးအသား အပြောအဆိုအားလုံးသည် တရားရုံးကို မထီမဲ့မြင်ပြုလုပ်ခြင်းများဖြစ်သည်။ **စောဘသိန်း၊ တရားမ ဝန်ထောက် နှင့် ပထမအထူးတရားသူကြီး သထုံနှင့် ဦးကိုကိုလေး၊ အယ်ဒီတာနှင့် ထုတ်ဝေသူ ဗမာ့ခေတ် သတင်းစာ၊ ရန်ကုန်မြို့**[၁] စီရင်ထုံး ကို ကြည့်ပါ။ ဤအမှုတွင် အချင်းဖြစ်ပစ္စည်းများအား ဒေါ်ခင်ဦးအား ပေးကမ်းမှုသည် တရား ဝင်မဝင် စီစစ်ရန်ဖြစ်ရာ ဒေါ်ခင်ဦး ယင်းပစ္စည်းများကို ပိုင်ဆိုင်ခြင်း မရှိကြောင်း သွယ်ဝိုက်၍ ဖော်ပြထားမှုသည် တရားစီရင်ရေးလမ်းကြောင်းကို တနည်းမဟုတ်တနည်း ထိပါးရာရောက်ပေသည်။

လျှောက်ထားသူ၏ ရှေ့နေက **သခင်အုန်းကျော်၊ ဒေါ်သိန်းရှင်** နှင့် **ဦးလှမြင့်**[၂] စီရင်ထုံးကို ကိုးကား၍ လျှောက်ထား ခံရသူသည် တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှု ဥပဒေပုဒ်မ ၃ အရ ကျူးလွန်ကြောင်း တင်ပြလျှောက်ထားသည်။ ယင်းအမှုပါ ဖြစ်ရပ်သည် ယခုအမှုနှင့် ထပ်တူထပ်မျှ မတူချေ။ ယခု အမှုနှင့် ဆင်တူသော အမှုမှာ **ဒေါက်တာ မျိုးသန့် နှင့် ဦးသန်းတင်ပါ (၃)**[၃] အမှုဖြစ်သည်။ ယင်းအမှုတွင် ရှေ့နေဦးသန်းတင်က သူ၏ အမှုသည် ဒေါက်တာ မိုးဇော်နှင့် ဒေါ်ညွန့်ညွန့်သန်း တို့၏ ရှေ့နေ အဖြစ်ဖြင့် တရားဆိုင်နေသော "စ/၃၀၁၀ ဘောက်စ်ဝက် ဂွန်း ဆလွန်း ကားသည် ကျွန်ုပ်အမှုသည် ဒေါက်တာဘသန်းပိုင်၍ ၎င်း၏ လက်ဝယ်တွင် ရှိခဲ့ပြီး၊ ၎င်း ကွယ်လွန်ခဲ့သောအခါ ကျွန်ုပ်အမှုသည် ၎င်း၏သားသမီးများက ပိုင်ဆိုင်ခဲ့ပါ၍ ယင်းကားကို ကျွန်ုပ်အမှုသည်များမှလွဲ၍ မည်သူမျှ လက်ဝယ်ထားခွင့်လွှဲပြောင်း ရောင်းချခွင့်မရှိကြောင်း အများသိသာရန် ကြေညာလိုက်သည်" ဟူသောသတိပေးကြေညာချက်ကို သတင်းစာတွင်ကြော်ငြာရာ ယင်းသို့ ကြေညာခြင်းမှာတရားရုံးတွင်စစ်ဆေးနေသည့်အမှုကိုဝင်ရောက်စွက်ဖက်သည့် သဘောသက်ရောက်သောကြောင့် တရားရုံးကိုမထီမဲ့မြင်ပြုရာရောက်ကြောင်း ဆုံးဖြတ်ခဲ့သည်။

---

(၁) ၁၉၄၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၃၉၀-၄၀၀

(၂) ၁၉၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၉၀

(၃) ၁၉၀၀ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ အမှတ်-၁၁၂

၁၉၇၆
ဒေါ်ခင်ဦး
နှင့်
ဦးဘသိန်း

လျှောက်ထားခံရသူ၏ရှေ့နေက လျှောက်ထားခံရသူသည် ရှမ်းပြည်နယ် တရားရုံးအား မထီမဲ့မြင် ပြုလုပ်လိုသော စိတ်ဆန္ဒမရှိကြောင်း၊ မထီမဲ့မြင် ပြုရာ ရောက်သည်ဟု ဗဟိုတရားရုံးက ကောက်ယူလျှင် ခြွင်းချက်မရှိ ဝန်ချ တောင်းပန်ကြောင်း တင်ပြလျှောက်ထားသည်။ အပြစ်ရှိကြောင်း ရိုးသားစွာ ဝန်ခံခြင်းမပြုဘဲ အပြစ်မရှိကြောင်း လျှောက်လဲတင်ပြပြီးနောက် အကယ်၍ အပြစ် ရှိသည်ဟု ယူဆပါက ဝန်ချတောင်းပန်ကြောင်း၊ တင်ပြချက်ကို လက်မခံနိုင်ဟု **ဒေါက်တာမျိုးသန့်အမှု** တွင် ဆုံးဖြတ်ထားသည်ကို တွေ့ မြင်နိုင်သည်။

ထို့ကြောင့် လျှောက်ထားခံရသူ ဦးဘသိန်း အပေါ် တရားရုံးများ မထီမဲ့မြင်ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ အရ ဒဏ်ငွေ ကျပ် ၁၀၀/– ထမ်း ဆောင်စေရန် ဒဏ်ငွေ မဆောင်နိုင်ပါက အလုပ်မဲ့ ထောင် (၁)လ ကျခံ စေရန် အမိန့်ချမှတ်လိုက်သည်။

# တရားမပထမအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာမန်းသက်စံ၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစိန်လှိုင်

နှင့်

ဦးမောင်မောင်အေးပေါ(၂)*

† ၁၉၀၆ စက်တင်ဘာလ ၃ ရက်

**တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၈ တွင် ပြဋ္ဌာန်း ထား သောအမှုကို ကြားနာရန် ချိန်းဆိုသောနေ့–ငြင်းချက်ထုတ်သည့် နေ့ကို ဦးစွာပထမ ကြားနာသည့်နေ့ အဖြစ် သတ်မှတ်ရခြင်း– ချေလွှာတင်ရန် သတ်မှတ်သောနေ့သည် အမှုကို ကြားနာရန် ချိန်းဆိုသောနေ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိခြင်း–ချေလွှာ တင်သည့်ကိစ္စတွင် လက်ခံရန်ကိစ္စသာ ပါဝင်၍ ကြားနာသည့် ကိစ္စအကျုံးမဝင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ငြင်းချက်ထုတ်သည့်နေ့ကို ဦးစွာပထမ ကြားနာသည့် နေ့အဖြစ် သတ်မှတ်ရခြင်းမှာ ထိုနေ့တွင် ငြင်းချက် မထုတ်မီ တရားရုံးက နှစ်ဘက်အမှုသည်များအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၀၊နည်း၁ အရ လိုအပ်သလို စစ်ဆေးနိုင်သည်။ အမှုကို ယင်းသို့ ဦးစွာပထမ စစ်ဆေးခြင်း ကြောင့် ယင်းနေ့ကို ဦးစွာပထမ ကြားနာရန် ချိန်းဆိုသည့် နေ့ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်း ၁ တွင် ရည်ညွှန်းထားသော ဦးစွာပထမ ကြားနာရန် ချိန်းဆိုသည့်နေ့သည် အမှုသည်များအား အမိန့် ၁၀၊ နည်း ၁ အရ စစ်ဆေးသည့်နေ့ ဖြစ်သည်။ တရားမ ကျင့်ထုံး ဥပဒေတွင် ချေလွှာ တင်ရန် သတ်မှတ်သော နေ့သည် အမှုကို ကြားနာရန် ချိန်းဆိုသောနေ့ ဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။

"ကြားနာသည်" ဟူသော စကားရပ်က တရားရုံးရှေ့တွင် ကြားနာရမည့်သူ တစ်ဦး ရှိကြောင်းကို ရည်ညွှန်းသည်။ သို့ဖြစ်ရာ ကြားနာသည် ဆိုခြင်းကွင် သက်သေခံချက်များကို ရယူခြင်း၊ လျှောက်လဲချက်များ ကြား

---

* ၁၉၀၆ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၁၁၂

† ၁၉၀၅ခုနှစ်၊တရားမကြီးမှု အမှတ်၃ တွင်ချမှတ်သော (၉-၄-၀၅) ရက် နေ့စွဲပါ မကွေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆
ဦးစိန်လှိုင်
နှင့်
ဦးမောင်မောင်
အေးပါ(၂)

နာခြင်း စသည်တို့အကျုံးဝင်သည်။ ချေလွှာတင်သည့်ကိစ္စတွင် လက်ခံရန် ကိစ္စသာ ပါဝင်၍ ကြားနာသည့် ကိစ္စ အကျုံးမဝင်ကြောင်း ယုံမှားဘွယ် မရှိချေ။ သို့ဖြစ်၍ ချေလွှာတင်ရန် သတ်မှတ်သောနေ့သည် အမှုကို ကြား နာရန် ချိန်းဆိုသည့်နေ့ မဖြစ်နိုင်ချေ။

ထို့ကြောင့် တိုင်းတရားရုံးက ချေလွှာတင်ရန် သတ်မှတ်သော နေ့တွင် တရားလိုဘက်မှ ရက်ချိန်းပျက်ကွက်သည်ကို အကြောင်းပြုပြီး တရားလိုစွဲဆို သော အမှုကို တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၈ အရ ပလပ်ခြင်း မပြုနိုင်ပေ။

အယူခံတရားလိုအတွက် — ဦးတင်လှိုင် (တောင်တွင်းကြီး)
ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးဘရွှေ၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးကျော်ထွန်းအောင်

မကွေးတိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃/၈၅တွင် အယူခံတရားလို ဦးစိန်လှိုင်က အယူခံ တရားပြိုင် ဦးမောင်မောင်အေးနှင့် ဒေါ်လှလှတို့ အပေါ် မင်းဘူးမြို့နယ်တရားရုံး တရားမဇာရီမှုအမှတ် ၃/၈၂တွင် ဝရမ်း ကပ်ထားသောတိုက်အိမ်၏ထက်ဝက်မှာ မိမိအမွေရပိုင်ခွင့်ရှိကြောင်း မြွက်ဟ ကြေညာပေးစေရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၆၃ အရ တရားစွဲဆိုရာ တိုင်းတရားရုံးက ချေလွှာတင်ရန် ၂၅-၂-၈၅နေ့သို့ ချိန်းဆို လိုက်သည်။ ရက်ချိန်း နေ့တွင် တရားပြိုင်ဘက်မှ လာရောက်သော်လည်း တရားလိုဘက်မှရက်ချိန်းပျက်ကွက်သဖြင့် တိုင်းတရားရုံးက အမှုကို တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၈ အရ ပလပ် လိုက် ကြောင်း ၂၆—၂—၈၅နေ့တွင် အမိန့်ချမှတ်သည်။ ဦးစိန်လှိုင်က အမှုပြန်ဖွင့်ပေးရန် တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ၉ အရ လျှောက်ထားရာ တိုင်း တရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးစိန်လှိုင်က ဗဟို တရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

အမှုကို ပြန်ဖွင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာအား ပလပ် လိုက်သည့် အမိန့်ကို အယူခံဝင်ခွင့်ရှိကြောင်း တရားမကျင့်ထုံး*ဥပဒေအမိန့် ၄၃၊ နည်း ၁(ဂ)တွင် ပြဋ္ဌာန်းထားသည်။ အယူခံဝင်ခွင့်ရှိသော ဆုံးဖြတ် ချက်သည် ဒီကရီမဟုတ်ဟု တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)(က) တွင် ဖော်ပြထားသည်။ အယူခံတရားလိုက အောက်ရုံး၏ အမိန့်ကို တရားမ ပထမ အယူခံမှုအဖြစ်အယူခံဝင်လာကြောင်းတွေ့ရှိရသည်။ပထမ အယူခံဝင်ခြင်းနှင့် စပ်လျဉ်း၍ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၉၆တွင် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်များအရ မူလရုံးကချမှတ်သော ဒီကရီကို အယူခံနိုင်သည်။

အယူခံတရားလိုက အမှုပြန်ဖွင့်ပေးရန် လျှောက်ထားသော လျှောက်လွှာကို ပလပ်သော တိုင်းတရားရုံး၏ အမိန့်သည် ဒီကရီ မဟုတ်သည့် အလျောက် အယူခံတရားလိုသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆ အရ အယူခံဝင်ခွင့် မရှိချေ။

တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်း ၈ တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်—

**"Where the defendant appears and the plaintiff does not appear when the suit is called on for hearing, the Court shall make an order that the suit be dismissed, unless the defendant admits the claim, or part thereof, in which case the Court shall pass a decree against the defendant upon such admission, and, where part only of the claim has been admitted, shall dismiss the suit so far as it relates to the remainder."**

ဤအယူခံတွင် အဆုံးအဖြတ် ပေးရမည့် ပြဿနာမှာ ချေလွှာ တင်ရန် ချိန်းဆိုသောနေ့သည် အမှုကိုကြားနာရန် ချိန်းဆိုသောနေ့ ဟုတ်မဟုတ်ပင် ဖြစ်ပေသည်။ အယူခံတရားပြိုင်တို့၏ ရှေ့နေက ရေးသားလျှောက်လဲချက်တွင် တိုင်းတရားရုံး၏ ဆုံးဖြတ်ချက် မှားယွင်းမှုမရှိကြောင်း အောက်ပါအတိုင်း တင်ပြသည်—

"၈။ အမိန့် ၉၊ နည်း ၁ တွင် တရားပြိုင်အနေဖြင့် ရုံးရှေ့သို့ လာရောက်ဖြေကြားရန် ရုံးခေါ်စာဖြင့် ချိန်းဆိုသောနေ့တွင် ၂-ဖက် အမှုသည်များသည် ကိုယ်တိုင် ဖြစ်စေ၊ မိမိတို့ ရှေ့နေများကဖြစ်စေ ရုံးတော်သို့ မပျက်မကွက် လာရောက် ကြရမည့်အပြင် အမှုကိုကြားနာရန် ရှေ့ဆိုင်းရက်ချိန်းပေး ထားခြင်းမရှိလျှင် အမှုကို မပျက်မကွက် ကြားနာခြင်း ပြုရ မည်။ နည်း ၃ တွင် ရုံးတော်က ကြားနာရန် ခေါ်ယူလိုက် သောအခါတွင် မည်သည့်ဘက်က အမှုသည်မျှ လာရောက် ခြင်းမရှိလျှင် တရားရုံးတော်က အမှုကို ပလပ်ကြောင်း အမိန့်ချမှတ်နိုင်သည်။ နည်း ၆—တွင် ကြားနာရန် ချိန်းဆို သောနေ့တွင် တရားပြိုင် လာရောက်ရန် ပျက်ကွက်ပါက

ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းဖော်ပြသည်။နည်း—၇ တွင် ကြားနာရန် ရွှေ့ဆိုင်းလိုက်သော နေ့ကျမှ တရားပြိုင် လာရောက်သောအခါဆိုင်ရာလုပ်ထုံးလုပ်နည်းကို ပြဋ္ဌာန်းပေးပါသည်။ ယင်းပြဋ္ဌာန်းချက်တို့အရ ဆိုပါလျှင် ကြားနာရန် **(Hearing)** ဆိုသော စကားရပ်သည်တရားပြိုင်ရုံးသို့ လာရောက်သောနေ့တွင် စတင်သည်ဟု အဓိပ္ပာယ်ပေါက်နေပါသည်။တရားပြိုင်က ဝန်ခံလျှင် အမှုကိုအမိန့် ချမှတ်ပေးရပါသည်။ဝန်မခံလျှင် ချေလွှာတင် ငြင်းချက်ထုတ်ပြီး စစ်ဆေးမှုများ ပြုလုပ်ရပါမည်။

၉။ အမိန့် — ၈၊ နည်း ၁ ၌ ကြားနာရန်ဆိုသော စကားရပ် အဓိပ္ပာယ်ကို သုံးသပ်သင့်ပါသည်။ယင်းနည်း၌ ပါရှိသည်မှာ တရားရုံးတော်၏ အမိန့်ချမှတ်ချက်နှင့်အညီ တရားပြိုင်သည် ပထမဦးဆုံးကြားနာရန်ချိန်းဆိုသောနေ့ သို့မဟုတ် ယင်းနေ့ မတိုင်မီ သို့တည်းမဟုတ် ရုံးတော်က ခွင့်ပြုသောနေ့ရက်တွင် မိမိ၏ခုခံချက်အတွက် ချေလွှာကို တင်သွင်းရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၁၀။ အမိန့်—၁၃၊ နည်း ၁ တွင် ကြားနာရန်ဟူသော စကားရပ် အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ပါရှိပါသည်။ (၁)အမှုကို ပထမကြားနာသောနေ့တွင် ၂-ဖက် အမှုသည် သို့မဟုတ် ယင်းတို့၏ ရှေ့နေများသည် ရုံးတော်က တောင်းဆိုသော မိမိတို့ အားကိုး အားထား ပြုကြသည့် စာရွက် စာတမ်း သက်သေခံ အထောက်အထားများ ထို့ပြင် ရုံးတော်သို့ တင်ပြထားခြင်း မရှိခဲ့သေးသော မိမိတို့ အခွင့် အာဏာ သို့မဟုတ် လက်ဝယ်တွင် ရှိသော သက်သေခံ အထောက် အထား အမျိုးမျိုးကို တင်ပြခြင်း ပြုကြရပါမည်။ အလားတူပင် အမိန့်– ၁၄ နည်း ၁ (၅) တွင် ဖော်ပြသည်မှာ အမှုကိုပထမကြားနာသောနေ့တွင် တရားရုံးသည် အမှုသည်တို့က တင်သွင်းခြင်း ပြုထားသော (ရှိမည်ဆိုပါက) အဆိုအချေတို့ကို ဖတ်ရှုပြီးနောက် ထို့ပြင် လိုအပ်မည် ထင်မြင်သည့်အတိုင်း အမှုသည်တို့ကို စစ်မေးခြင်း ပြုပြီးနောက် မည်သည့် အခြေခံတို့အရ အကြောင်းအချက် နှင့် ဥပဒေတို့တွင် ကွဲလွဲချက်ရှိကြောင်း စိစစ်ပြီးလျှင် တရားရုံးက မှန်ကန်စွာ ဆုံးဖြတ်ပေးရန် လိုအပ်ချက် ပေါ်ပေါက်သည့် အတိုင်း ငြင်းချက် **(Issues.)** များ ထုတ်ပေးရန်ရှိကြောင်း စာဖြင့် ရေးသား မှတ်တမ်းပြုပေး ရပါမည်။ အစရှိသည်ဖြင့် ကြားနာရန် ဟူသော စကားရပ်ကို လုပ်ထုံး လုပ်နည်း

၁၉၈၆
ဦးစိန်လှိုင်
နှင့်
ဦးမောင်မောင်
အေးပါ(၂)

လိုအပ်ချက်အရ အမိန့်ချ ပေးထားပါသည်။ သို့ဖြစ်ပါ၍ မကွေးတိုင်း တရားရုံး၏ အမိန့် ၉၊ နည်း ၈ အရ ဆောင်ရွက်ချက်သည် ဥပဒေ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် ဟု ဆိုနိုင်မည် မဟုတ်ပါ။"

ဦးစိန်လှိုင်သည်အဆိုလွှာကို၁၇–၁–၈၅နေ့တွင် မကွေးတိုင်း တရားရုံးတွင် တင်သွင်းရာ တိုင်းတရားရုံးက ငြင်းချက်ထုတ်ရန် အလို့ငှာ တရားပြိုင်များထံ သမ္မာန်စာ ထုတ်ဆင့်ခဲ့သည်။ သို့ဖြစ်ရာ အယူခံတရားပြိုင် တို့၏ ရှေ့နေ တင်ပြသည့်အတိုင်း ရုံးချိန်းနေ့ဖြစ်သည့် ၂၉–၁–၈၅နေ့သည် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၁ အရ အမှုကို ကြားနာရန် ချိန်း ဆိုသောနေ့ဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၁ အရ တရားပြိုင်သည် ချေလွှာ တင်သွင်းနိုင်သည်။သို့တည်းမဟုတ် ချေလွှာတင်သွင်းရန် တရားရုံးက ဆင့်ဆို နိုင်သည်။ ယင်း နည်းဥပဒေတွင် ပါရှိသော **ဦးစွာ ပထမ ကြားနာရန်** ချိန်းဆိုသည့်နေ့သည် ချေလွှာတင်သွင်းရန် သတ်မှတ်ပေးသည့် နေ့ မဟုတ် ချေ။ ငြင်းချက်ထုတ်ရန် ချိန်းဆိုသည့်နေ့ ဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးများ လက်စွဲ အပိုဒ် ၁၅၉ တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်း ထားသည်–

"အမိန့် ၁၃၊ နည်းဥပဒေ ၁ အရ အမှုသည် တို့မှာ မိမိတို့၏ စာသက်သေခံများကို အသင့်ထားရှိရန်လောက်သာမဟုတ်၊(ငြင်းချက် ထုတ်ရန် အလို့ငှာ သမ္မာန်စာများထုတ်သည့် အမှုများတွင် ငြင်းချက် ထုတ်သည့်အခါ ဖြစ်သော) အမှု ဦးစွာပထမကြားနာစစ်ဆေးသည့် အခါ၌ ထို စာသက်သေခံများကို အမှန် တင်ပြရန်လိုပေသည်။"

ငြင်းချက်ထုတ်သည့်နေ့ကို ဦးစွာပထမကြားနာသည့်နေ့အဖြစ် သတ်မှတ် ရခြင်းမှာ ထိုနေ့တွင် ငြင်းချက် မထုတ်မီ တရားရုံးက နှစ်ဘက် အမှုသည် များအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၀၊ နည်း ၁ အရ လိုအပ်သလို စစ်ဆေးနိုင်သည်။ အမှုကို ယင်းသို့ ဦးစွာပထမစစ်ဆေးခြင်းကြောင့် ယင်း နေ့ကို ဦးစွာပထမကြားနာရန်ချိန်းဆိုသည့်နေ့ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၁၃၊ နည်း ၁ တွင် ရည်ညွှန်း ထားသော ဦးစွာပထမကြားနာရန် ချိန်းဆိုသည့်နေ့သည် အမှုသည်များအား အမိန့် ၁၀၊ နည်း ၁ အရ စစ်ဆေးသည့်နေ့ဖြစ်သည်။ တရားမကျင့်ထုံးဥပဒေတွင် ချေလွှာတင်ရန် သတ်မှတ်သောနေ့သည် အမှုကို ကြားနာရန်ချိန်း ဆိုသည့် နေ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိချေ။

၁၉၈၆
ဦးစိန်သိုင်
နှင့်
ဦးမောင်မောင်
အေးမါ (၂)

"ကြားနာသည်" ဟူသော စကားရပ်က တရားရုံးရှေ့တွင် ကြားနာရမည့်သူ တစ်ဦး ရှိကြောင်းကို ရည်ညွှန်းသည်။ သို့ဖြစ်ရာ ကြားနာသည်ဆိုခြင်းတွင် သက်သေခံချက်များကို ရယူခြင်း၊ လျှောက်လဲချက်များ ကြားနာခြင်း စသည်တို့ အကျုံးဝင်သည်။ ချေလွှာတင်သည့်ကိစ္စတွင် လက်ခံရန်ကိစ္စသာ ပါဝင်၍ ကြားနာသည့်ကိစ္စ အကျုံးမဝင်ကြောင်း ယုံမှားဖွယ်မရှိချေ။ သို့ဖြစ်၍ ချေလွှာတင်ရန် သတ်မှတ်သောနေ့သည် အမှုကို ကြားနာရန် ချိန်းဆိုသည့်နေ့ မဖြစ်နိုင်ချေ။

ထို့ကြောင့် တိုင်းတရားရုံးက ချေလွှာ တင်ရန် သတ်မှတ်သောနေ့တွင် တရားလိုဘက်မှ ရက်ချိန်း ပျက်ကွက်သည်ကို အကြောင်းပြုပြီး တရားလိုစွဲဆိုသောအမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၈ အရ ပလပ်ခြင်း မပြုနိုင်ပေ။ တရားရုံးက ဆောင်ရွက်ရန် နည်းလမ်းမှာ တရားပြိုင်၏ ချေလွှာကိုလက်ခံပြီး တရားပြိုင်က ချေလွှာတွင် တရားလို၏ တောင်းဆိုချက်တစ်ရပ်လုံးကိုဝန်ခံကြောင်းတွေ့ရှိရပါက ဝန်ခံထားသည့်အတိုင်းဒီကရီချမှတ်ပေးရန် ဖြစ်သည်။ တရားလို၏ တောင်းဆိုချက်ကို ငြင်းကွယ်လျှင် ဖြစ်စေ၊ **တစ်စိတ်တစ်ဒေသ**ကိုသာ ဝန်ခံလျှင် ဖြစ်စေ၊ ငြင်းချက်ထုတ်ရန် ရက်ချိန်းသတ်မှတ်ပေးရမည်။ ယင်း ရက်ချိန်း နေ့တွင် တရားလိုဘက်မှ ရုံးချိန်းပျက်ကွက်ပါက အမှုကို တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်း ၈ အရ ပလပ်နိုင်သည်။ သို့တည်းမဟုတ် တရားပြိုင်က ဝန်ခံသည့် အတိုင်း အတာအထိ ဒီကရီ ချမှတ်ပြီး ဝန်ခံခြင်းမပြုသည့် တောင်းဆိုချက်ကို ပလပ်ရန်ဖြစ်သည်။

ဤအယူခံကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသော အချက်များကို ဖော်ပြလိုပေသည်။ တိုင်းတရားရုံးက အမှု ပလပ်ခြင်းနှင့် စပ်လျဉ်း၍ **ဒီကရီ** ရေးဆွဲထားသည်ကို တွေ့ရသည်။ အမှုပလပ်သောအမိန့်သည် ဒီကရီ မဟုတ်ကြောင်း တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂) (ခ) တွင် အတိအလင်းပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ တရားလို မလာ၍ အမှုကို ပလပ်လိုက်ရာတွင် ဒီကရီ ရေးဆွဲရန် အကြောင်း မပေါ်ပေါက်ချေ။ ထုံးပုံကျ အမိန့်သာရေးဆွဲရန် လိုသည်။

ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး အမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးကြားနာရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။ ဤအယူခံတွင်နှစ်ဘက် အမှုသည်များ ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

# တရားမပထမအယူခံမှု

## ဥက္ကဋ္ဌအဖြစ်ဒေါက်တာမောင်မောင်အေး၊အဖွဲ့ဝင်များအဖြစ်ဦးဘမော် နှင့် ဦးအေးစန်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးတင်ထွန်း

နှင့်

ဦးစိန်ဝင်းပါ(၂)*

† ၁၉၇၆ ဇူလိုင်လ ၂၅ရက်

**တရားမမှုတစ်မှုတွင် ချေလွှာ တင်သွင်းရန် ပျက်ကွက်သော တရားပြိုင်၌ သက်သေပြခွင့် မရှိခြင်း**

ရန်ကုန်တိုင်းတရားရုံး၊တရားမကြီးမှုအမှတ် ၂၆၅/၇၁(လမ်းမတော်) တွင် အယူခံတရားပြိုင် ဦးစိန်ဝင်းနှင့် ဒေါ်ထွေးမြိုင်တို့က အယူခံတရားလို ဦးတင်ထွန်းအပေါ် အပေါင်ပစ္စည်းများကို ထုခွဲရောင်းချခွင့် ဒီကရီ ရလိုကြောင်း တရားစွဲဆိုသည်။ယင်းအမှုတွင် တရားပြိုင်ဖြစ်သောဦးတင်ထွန်းက ချေလွှာတင်ရန် ပျက်ကွက်သဖြင့် တိုင်းတရားရုံးက ချေလွှာ မတင်ဘော့ဘိ သကဲ့သို့ အမှုကို ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးသွားမည် ဖြစ်ကြောင်း အမိန့် ချမှတ်ခဲ့သည်။ သို့ရာတွင် အမှုတွင် တရားပြိုင် ဦးတင်ထွန်းနှင့် သက်သေများကို စစ်ဆေး၍ အပေါင် ပစ္စည်းများကို ထုခွဲ ရောင်းချခွင့် ဒီကရီချမှတ်ပေးလိုက်သဖြင့် ဦးတင်ထွန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။တရားမမှု တစ်မှုတွင် တရားပြိုင်သည် ချေလွှာ တင်သွင်းရန် ပျက်ကွက်သဖြင့် တရားရုံးက ချေလွှာတင်သွင်းခွင့် မပြုတော့လျှင် ယင်း တရားပြိုင်အနေဖြင့် အမှုတွင်ခုခံချေပခွင့် ဆုံးရှုံးရမည်သာဖြစ်သည်။ ချေလွှာတင်ခွင့်မရသော တရားပြိုင်အား သက်သေပြခွင့်ပေးလျှင် ချေလွှာ

---

* ၁၉၇၅ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၉၁

† ၁၉၇၁ ခုနှစ်၊ တရားမကြီး မှုအမှတ် ၂၆၅ တွင် ချမှတ်သော (၉-၁၂-၇၄)ရက်နေ့စွဲပါ ရန်ကုန်တိုင်း၊ တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆ တင်သွင်းရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်ခတ်ခြင်းမှာ အချည်းနှီး ဖြစ်
ဦးတင်ထွန်း ပေလိမ့်မည်။
နှင့်
ဦးစိန်ဝင်း
ပါ(၂)

အယူခံတရားလိုအတွက် - ဦးသန်းအောင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးစိန်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး - ဦးခင်စိုး

ရန်ကုန်တိုင်းတရားရုံး၊တရားရုံးမကြီးမှုအမှတ် ၂၆၅/၈၁(လမ်းမတော်) တွင် အယူခံတရားပြိုင် ဦးစိန်ဝင်းနှင့် ဒေါ်ထွေးမြိုင်တို့က အယူခံတရားလို ဦးတင်ထွန်းအပေါ် တိုက်နှင့် မြေနှင့်စပ်လျဉ်းသော စာချုပ်စာတမ်းများကို ပေါင်နှံပြီး ချေးယူထားသောငွေ ကျပ် ၇၀၀၀၀/-အတွက် ယင်းပစ္စည်းများကို ထုခွဲရောင်းချခွင့် ဒီကရီ ရလိုကြောင်း တရားစွဲဆိုရာ တိုင်းတရားရုံးက ခွင့်ပြုလိုက်သောကြောင့် ဦးတင်ထွန်းက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

မူလရုံးအဆိုလွှာတွင် ဦးစိန်ဝင်းတို့က မိမိတို့သည် ဦးတင်ထွန်းနှင့် ရင်းနှီးသူများ ဖြစ်ကြကြောင်း၊ ၁-၁-၇၉ နေ့တွင် ဦးတင်ထွန်းသည် မိမိတို့ထံမှ ငွေကျပ် ၇၀၀၀၀/—ကို အတိုးမရှိချေးယူရာ ရန်ကုန်မြို့၊ ကျုံးကြီးလမ်း၊ တိုက်အမှတ် (၂၆၁) နှင့် သက်ဆိုင်သော ပိုင်ရေး ပိုင်ခွင့် စာချုပ်စာတမ်းများကို ပေးအပ်ခဲ့ကြောင်း၊ ဦးတင်ထွန်းသည် ကတိအတိုင်း ချေးငွေကို ပြန်ဆပ်ရန် ပျက်ကွက်ကြောင်း၊ ၎င်းထံ အကြောင်းကြားစာ ပေးပို့၍ ချေးငွေကိုတောင်းသော်လည်း ပြန်ဆပ်ခြင်း မပြုကြောင်း စသည်ဖြင့် အဆိုပြုကာ ချေးငွေ ရရှိရေးအတွက် အချင်းဖြစ် တိုက်နှင့်မြေကို ရောင်းချပေးစေရန် တရားစွဲဆိုလေသည်။

အမှုတွင် ဦးတင်ထွန်းသည် ချေလွှာတင်ရန် သတ်မှတ်သည့် နေ့ရက်ကို ပျက်ကွက်သောကြောင့် ချေလွှာ တင်သွင်းခွင့် မရခဲ့ချေ။

သက်သေခံ "က"မှာ ဦးတင်ထွန်းက ဦးစိန်ဝင်းနှင့် ဒေါ်ထွေးမြိုင် တို့မှ ငွေကျပ် ၇၀၀၀၀/-ချေးယူကြောင်း၊ ယင်းသို့ ချေးယူရာတွင် ရန်ကုန်မြို့၊ ကျုံးကြီးလမ်း၊တိုက်အမှတ် ၂၆၁ နှင့် စပ်လျဉ်းသော မြေဂရန်နှင့် စာချုပ်စာတမ်းများကို ဦးစိန်ဝင်းတို့အား အပေါင်အဖြစ်ပေးအပ်ကြောင်း ဖော်ပြပါရှိ၍ ဦးတင်ထွန်းက လက်မှတ်ရေးထိုးထားသည်။ယင်းအချက်ကို အယူခံအကြောင်းပြချက် အမှတ် (ဂ) တွင် ဝန်ခံထားသည်။ သို့ရာတွင် ငွေချေး

၁၉၈၆
ဦးတင်ထွန်း
နှင့်
ဦးစိန်ဝင်း
ပါ(၂)

သူမှာ ဦးကြည်ဝင်းဖြစ်ပြီး မိမိသည် အာမခံသူအနေဖြင့် လက်မှတ်ရေးထိုး ခြင်းဖြစ်သည်ဟု အကြောင်းပြသည်။ ထို့ပြင် ဦးကြည်ဝင်း (တရားလိုပြ သက်သေ) ကိုယ်တိုင်က ငွေချေးသူမှာ ၎င်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုထား ကြောင်း၊ ဦးကြည်ဝင်းသည် ချေးငွေများ ပြန်ဆပ်ရန် ကမ်းလှမ်းပါလျက် ဦးစိန်ဝင်းတို့က လက်မခံဘဲ သက်သေခံ စာချုပ်ဖြင့် အကျပ်ကိုင်၍ တရား စွဲဆိုခြင်း ဖြစ်ကြောင်း၊ ဦးကြည်ဝင်းက ငွေပြန်မဆပ်နိုင်မှသာလျှင် မိမိ အပေါ် တရားစွဲဆိုခွင့်ရှိမည်ဖြစ်ကြောင်း **ဂျေအမ် မနက်ဂျီနှင့် မောင် ဘိုးဟန်** [၁] စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။ ယင်းအမှုမှာ ငွေချေးစာချုပ်အရ ချေးငွေကို ပြန်လည်ရရှိရန် စွဲဆိုသောအမှုဖြစ်ပြီး ငွေ ချေးသူက ချေးငွေကို ပြန်မဆပ်နိုင်မှသာလျှင် အာမခံသူက တာဝန်ရှိသည် ဆိုသော အချက်ကို သက်သေခံ အက်ဥပဒေပုဒ်မ ၉၂ ၏ တတိယ ခြွင်းချက် အရ သက်သေပြခွင့် ရှိကြောင်း ထုံးဖွဲ့ထားသည်။ ယင်းအမှုပါ ဖြစ်ရပ် များမှာ ဤအမှုနှင့် မတူချေ။ ဤအမှုတွင် ဦးတင်ထွန်းသည် ငွေချေးယူသူ ဖြစ်ကြောင်း သက်သေခံ "က" တွင် အတိအလင်းဖော်ပြ၍ လက်မှတ် ရေး ထိုးထားသည်ဖြစ်ရာ ဦးတင်ထွန်းအနေဖြင့် အာမခံသူအဖြစ်ဖြင့်သာ လက်မှတ် ရေးထိုးခြင်း ဖြစ်ကြောင်း သက်သေပြဆိုခွင့် မရှိချေ။ယင်းဥပဒေပြဿနာနှင့် စပ်လျဉ်း၍ **ဒါးလ်ဘီချက်ထရီး နှင့် နာရာသန်ပရာဆဒ်** [၂] အမှုတွင် အောက်ပါအတိုင်း ထုံးဖွဲ့ထားသည်။

**"oral evidence to show one of the executants of a monetary bond to the knowledge of the money lender signed it only as a surety is inadmissible."**

ဦးကြည်ဝင်းမှာ အမှုတွင် မပါမဖြစ် ပါဝင်ရမည့် အမှုသည်ဖြစ်ပါလျက် သူ့အား အမှုသည်အဖြစ် ထည့်သွင်းမထားခြင်းသည် တရားရုံးများလက်စွဲ အပိုဒ် ၁၁၄ နှင့် ၁၁၆ ပါ ပြဋ္ဌာန်းချက် များ နှင့် ဆန့်ကျင် ကြောင်း အယူခံ အကြောင်းပြချက် (၄) တွင် ဖော်ပြထားသည်။ သက်သေခံ "က" စာချုပ်အရ ဦးကြည်ဝင်းသည် အချင်းဖြစ်ကိစ္စတွင် ပါဝင် ပတ်သက်သူ မဟုတ်သည့် အလျောက် ယင်းတင်ပြချက်ကို လက်ခံနိုင်ရန် အကြောင်း မရှိချေ။

(၁) ရန်ကုန်စီရင်ထုံး၊ အတွဲ ၂၊ စာ-၄၀၂
(၂) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၂၁၁ (တရားလွှတ်တော်)

၁၉၈၆ ဦးတင်ထွန်း နှင့် ဦးစိန်ပင်း ပါ(၂)

အယူခံ အကြောင်းပြချက် အမှတ် (၅) ၌ အယူခံ တရားလိုက အယူခံ တရားပြိုင် ဒေါ်ထွေးမြိုင်သည် စာချုပ်ကို လက်မှတ်ရေးထိုးသူ မဟုတ်၍ လည်းကောင်း၊ အပေါင်စာချုပ်တွင် ချေးငွေ ပြန်ဆပ်ရမည့် ရက်ကို သတ်မှတ်ထားခြင်းမရှိ၍ လည်းကောင်း၊ ချေးငွေမဆပ်ပါက အပေါင် ပစ္စည်းကို ထုခွဲရောင်းချခွင့်ရှိကြောင်း ကတိပဋိညာဉ် မရှိ၍ လည်းကောင်း တိုင်းတရားရုံးက အပေါင်ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြ သည်။ သက်သေခံ "က" တွင် ဒေါ်ထွေးမြိုင်ထံမှ ငွေချေးယူကြောင်း ဖော်ပြထားသဖြင့် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၄၊ နည်း ၁ (က) အရ ဒေါ်ထွေးမြိုင်အား အမှုသည်အဖြစ် ထည့်သွင်းခြင်းမှာ မှန်ကန်သည်။ အမှုင်းဖြစ်ကိစ္စမှာ စာချုပ်စာတမ်းကိုအပ်နှံ၍ တစ်နည်းအားဖြင့် အပေါင် ထား၍ ငွေချေးယူခြင်းဖြစ်ရာ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်များအရ အယူခံ တရားပြိုင်တို့သည် ပစ္စည်း လက်မဲ့ အပေါင်ခံသူများအဖြစ်ဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်း ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပေါင် ပစ္စည်း ရောင်းချပေးစေလိုမှု စွဲဆိုနိုင် ပေသည်။ ယင်းသို့ ရောင်းချသည့် ဒီကရီ ရပိုင်ခွင့်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၆၇ တွင် ပြဋ္ဌာန်းထားသည်။

အယူခံအကြောင်းပြချက် (၆)တွင် အယူခံတရားလိုက သက်သေခံ"က" အပေါင်စာချုပ်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၉ အရ အပေါင်စာချုပ် အမျိုးအစားတွင် ပါဝင်နေကြောင်း၊ စာချုပ်ကိုသက်သေ အဖြစ် လက်မှတ် ရေးထိုးသူ နှစ်ဦးက စာချုပ်ပါ အကြောင်းအရာများကို မထောက်ခံသဖြင့် စာချုပ်ပါ အကြောင်းအချက်များမှန်ကန်ထင်ရှားသည် ဟူ၍ မယူဆနိုင်သည်က တစ်ကြောင်း၊ သက်သေခံ အက်ဥပဒေပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက် များနှင့် အညီ စာချုပ်**ပါ** အကြောင်း အချက် များ မှန်ကန်ကြောင်း အခြားနည်းဖြင့် ထင်ရှားစေရန် အယူခံတရားပြိုင်များက သက်သေပြဆိုနိုင်ခြင်းမပြုနိုင်သည်က တစ်ကြောင်းကြောင့် တိုင်းတရားရုံးက သက်သေခံ "က" စာချုပ်ပါ အကြောင်း အချက်များ မှန်ကန်သည်ဟု ယူဆပြီး ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြထားသည်ကို တွေ့ရသည်။

ပိုင်ရေးပိုင်ခွင့် စာချုပ်များကို ပေးအပ်၍ ပေါင်နှံသည့်ကိစ္စမှာ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၉ နှင့် မသက်ဆိုင်ကြောင်း ယင်းပုဒ်မတွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရာ သက်သေခံ "က" စာချုပ် မျိုးမှာ အသိသက်သေများ လက်မှတ်ရေးထိုးရန် လိုအပ်သော စာချုပ်မျိုး မဟုတ်၍ စာချုပ် ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ သက်သေပြရန် အလို့ငှာ စာချုပ်ကို အသိသက်သေအဖြစ် လက်မှတ်ရေးထိုးသူအား သက်သေထူရန်

၁၉၈၆
ဦးတင်ထွန်း
နှင့်
ဦးစိန်ဝင်း
ပါ(၂)

မလိုချေ။ သို့ဖြစ်ရာ သက်သေခံ ဥပဒေ ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်သည် ယခုအမှုနှင့် မသက်ဆိုင်ချေ။

အမှုတွင် အယူခံ တရားလို ကိုယ်တိုင်က သက်သေခံ "က" စာချုပ်ကို လက်မှတ် ရေးထိုးထားကြောင်း ဝန်ခံထားသည် ဖြစ်ရာ ယင်း စာချုပ်ပါ အကြောင်းအရာများ မမှန်ကန်ကြောင်း သက် သေ ပြ ရန် တာ ဝန် သည် အယူခံတရားလိုအပေါ် ကျရောက်ပေသည်။ အယူခံတရားလိုသည် ချေလွှာ တင်သွင်းရန် ပျက်ကွက်ခဲ့သည်။ သို့ဖြစ်ရာ **ဒေါ်သန်းတင်ပါ ၂ - နှင့် ဦးချန်ဘွန်ရှောင်ပါ - ၂**[၃] အမှုတွင် လမ်း ညွှန် ထား သည့် အ တိုင်း တရားရုံးက ချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်၍ အမှုကို ဆောင်ရွက်ရန်ဖြစ်သည်။ တိုင်းတရားရုံးသည် ၈-၆-၈၂ ရက်စွဲပါ နေ့စဉ် မှတ်တမ်း၌ ချေလွှာမတင်တော့ဘိသကဲ့သို့ အမှုကို ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် အမှုတွင် တရားပြိုင် ဦးတင်ထွန်းနှင့် သက်သေများကို စစ်ဆေးထားကြောင်း တွေ့ရှိရသည်။

တရားမမှုတစ်မှုတွင် တရားပြိုင်သည် ချေလွှာတင်သွင်းရန် ပျက်ကွက်သဖြင့် တရားရုံးက ချေလွှာတင်သွင်းခွင့် မပြုတော့လျှင် ယင်းတရားပြိုင် အနေဖြင့် အမှုတွင် ခုခံချေပခွင့် ဆုံးရှုံးရမည်သာဖြစ်သည်။ ချေလွှာတင်ခွင့် မရသော တရားပြိုင်အား သက်သေပြခွင့်ပေးလျှင် ချေလွှာ တင်သွင်းရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ်ခတ်ခြင်းမှာ အချည်းနှီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် တိုင်းတရားရုံးက အယူခံတရားလို ဦးတင်ထွန်းနှင့် သက်သေ များအား စစ်ဆေးခြင်းမှာ မှားယွင်းသည်။

တရားပြိုင်က ချေလွှာတင်ရန် ပျက်ကွက်သော အမှုကို စစ်ဆေးရာတွင် တရားလိုနှင့် သက်သေများအား စစ်ဆေးသည့်နေ့၌ တရားပြိုင် သို့မဟုတ် ၎င်း၏ရှေ့နေ လာရောက်လျှင် တရားလိုနှင့် သက်သေများအား ပြန်လှန် စစ်မေးခွင့်ရှိသည်။ တရားလိုဘက်ကို စစ်ဆေးပြီးစီးသောအခါ အပြီးသတ် လျှောက်လဲချက်ကို ကြားနာရမည်ဖြစ်သည်။ တရားပြိုင်ဘက်မှ တရားလို၏ အဆို၊ တရားလိုနှင့် သက်သေများတို့၏ ထွက်ချက်များ၊ တရားလိုဘက်မှ တင်ပြသော စာရွက်စာတမ်းများ အပေါ် အခြေခံ၍ တရား လိုစွဲဆိုသည့် အတိုင်း ဒီကရီမရထိုက်ကြောင်း တင်ပြလျှောက်ထားခွင့်ရှိသည်။

ဤအမှုတွင် ဦးတင်ထွန်းနှင့် သူ၏ သက်သေတို့၏ ထွက်ချက်များကို ပယ်လိုက်လျှင် ဦးတင်ထွန်းက စာချုပ်စာတမ်းများပေးအပ်၍ အခြင်းဖြစ်

---

(၃) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ ၈၁ - ၁၁၆။

၁၉၈၆
ဦးတင်ထွန်း
နှင့်
ဦးစိန်ဝင်း
ပါ (၂)

တိုက်နှင့်မြေကို ပေါင်နှံကြောင်း သက်သေခံ"က"စာချုပ်ပါ အကြောင်းအရာများ မှန်ကန်သည်ဟု တိုင်းတရားရုံးက ကောက်ယူသုံးသပ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ချေ။

အပေါင်ပစ္စည်းကို ရောင်းချပေးရန် စွဲဆိုသောအမှု၌ အဆင့်နှစ်ဆင့်ခွဲ၍ ဆောင်ရွက်ရသည်။ ပထမအဆင့်တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၃၄၊ နည်း ၃ (၁) အရ ပဏာမ ဒီကရီ ချမှတ်ရသည်။ ပေါင်နှံသူက ပဏာမ ဒီကရီတွင် သတ်မှတ်ထားသောနေ့ရက် ကုန်လွန်သည်အထိ ချေးငွေကို ပြန်ဆပ်ခြင်းမပြုလျှင် အပြီးသတ် ဒီကရီချမှတ်ရန်ဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက အချင်းဖြစ် ပစ္စည်းကို ထုခွဲရောင်းချပိုင်ခွင့် ရှိကြောင်း ဒီကရီချမှတ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၄၊ နည်း ၃ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ပေ။

ထို့ကြောင့် ဤအယူခံကိုတစ်စိတ်တစ်ဒေသခွင့်ပြု၍ ချေးငွေ ၇၀၀၀ိ/- အတွက် ပဏာမ အပေါင် ဒီကရီ ချမှတ်လိုက်သည်။ အယူခံ တရားလိုသည် တရားရုံး အဆင့်ဆင့် စရိတ်များကို ပေးရမည်။

# တရားမပြင်ဆင်မှု

## ဦးကဣ္ဇအဖြစ်ဦးစင်းမောင်(၂)၊ အဖွဲ့ဝင်များအဖြစ်ဦးဘမော်နှင့် ဦးမျိုးမြင့်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးတင်ထွန်းပါ(၂)

နှင့်

ဒေါ်သန်းတင်လှပါ(၂)*

† ၁၉၇၆
စက်တင်ဘာလ
၁၁ ရက်

**သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂-မွေးစားခြင်းသည် သမီးရင်းရရှိမည့် အမွေပမာဏကို ထိခိုက်နိုင်သော်လည်း သမီးဖြစ်ခြင်းတည်းဟူသော တရားဝင်အခြေအနေကို တစ်စုံတစ်ရာ ထိခိုက်ရန် အကြောင်းမရှိခြင်း-မိခင်ကွယ်လွန်သောအခါ သမီးရင်း အနေဖြင့် အမွေရနိုင်သည့် အခွင့်အလမ်းသည် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ တွင် အကျုံးဝင်သော အခွင့်အရေးမျိုး မဟုတ်ခြင်း-မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ သားသမီး မွေးစားနိုင်ခွင့်ကို မွေးစားသူ၏ သားသမီးအရင်းများက ချုပ်ချယ်ခွင့်မရှိခြင်း။**

ဒေါ်စောခင်သည် ပထမအိမ်ထောင်မှထွန်းကားသည့်အမွေမဝီမြေးများဖြစ်ကြသော မသန်းတင်လှနှင့် ကိုတင်အုန်း တို့ကို ကိတ္တိမ သားသမီးများအဖြစ် စာချုပ် ချုပ်ဆို မွေးစားခဲ့ရာ ယင်း စာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေရန်အတွက် ဒေါ်စောခင်၏ ဒုတိယ အိမ်ထောင်မှ ရသော သမီးဖြစ်သူ ဒေါ်လှပိုနှင့် ခင်ပွန်း ဦးတင်ထွန်းတို့က တရားစွဲဆိုသည်။ မူလ ရေစကြိုမြို့နယ် တရားရုံးက မွေးစားစာချုပ်ကို သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၃၉ အရ ဖျက်သိမ်းပေးရန်အတွက် တောင်းဆိုရန် လိုအပ်သည်ဟု ကောက်ယူကာ အဆိုလွှာကို ပြင်ဆင်စေရန် အမိန့် ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူ မသန်းတင်လှတို့က ယင်းအမိန့်ကို မကျေနပ်၍ တိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာတွင် တိုင်းတရားရုံးက လျှောက်ထားသူ ဦးတင်ထွန်းတို့စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။

---

* ၁၉၇၅ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၄

† ၁၉၇၄ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၅၆ တွင် ချမှတ်ထားသော (၇-၁-၇၅) နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ အမိန့်ကိုပြင်ဆင်မှု။

၁၉၀၆
ဦးတင်ထွန်း
ပါ(၂)
နှင့်
ဒေါ်သန်းတင်
လှပါ(၂)

**ဆုံးဖြတ်ချက်။** ။ဒေါ်စောခင်က မသန်းတင်လှ နှင့် ကိုတင်အုန်း တို့အား မွေးစားလိုက်ခြင်းသည် ဒေါ်လှပိုအနေဖြင့် ဒေါ်စောခင်၏သမီး ဖြစ်ခြင်းကို လက်လွှတ်ဆုံးရှုံးစေခြင်း မရှိကြောင်း ယုံမှားဖွယ် မရှိချေ။ ဒေါ်စောခင် ကွယ်လွန်သောအခါ ရရှိနိုင်မည့် အမွေပမာဏကို ထိခိုက် စေနိုင်သည်မှအပ ထိုသို့မွေးစားခြင်းကြောင့် ဒေါ်လှပိုသည် ဒေါ်စောခင်၏ သမီးဖြစ်ခြင်းတည်းဟူသော တရားဝင်အခြေအနေကို တစ်စုံတစ်ရာထိခိုက်နိုင် ရန်အကြောင်းမရှိချေ။ဒေါ်စောခင်ကွယ်လွန်သောအခါ ဒေါ်လှပိုအနေဖြင့် အမွေရနိုင်ခွင့်သည် အခွင့်အလမ်းမျှသာဖြစ်သည်။ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အခွင့်အရေးမျိုး မဟုတ် ချေ။ ဤအခြေအနေတွင် ဒေါ်လှပိုသည် ဒေါ်စောခင်၏သမီး ဖြစ်ခြင်း အပေါ်အခြေခံကာ ဒေါ်စောခင်က မသန်းတင်လှတို့အား မွေးစားခြင်း မှာ ပျက်ပြယ်ကြောင်း သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုခွင့်မရှိဟု ကောက်ယူရပေမည်။

**ထပ်မံဆုံးဖြတ်ချက်။** ။မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေအရ ပဋိညာဉ် ပြုနိုင်သူတိုင်းသည် အခြားသူ တစ်ဦးအား မွေးစားခွင့်ရှိပေသည်။ ယင်း အခွင့်အရေးကို မွေးစားသူ၏ သားသမီးများက ချုပ်ချယ်ခွင့် မရှိ နိုင်ချေ။

လျှောက်ထားသူအတွက် – ဦးကံမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက်– ဦးညွန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး – ဦးဘသန်းအောင်
– ဦးမြဦး (အဆင့်မြင့်သင်တန်းသား)

ရေစကြိုမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၃/၇၃ တွင် လျှောက် ထားသူ ဦးတင်ထွန်းနှင့် ဒေါ်လှပိုတို့က လျှောက်ထားခံရသူ မသန်းတင်လှ၊ ကိုတင်အုန်းနှင့် မူလမှုစွဲဆိုထားစဉ်အတွင်း ကွယ်လွန်သွားသူဒေါ်စောခင်တို့ အပေါ် ဒေါ်စောခင်က မသန်းတင်လှနှင့်ကိုတင်အုန်းတို့အား မွေးစားသည့် စာချုပ်များသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေရန် တရား စွဲဆိုရာ မြို့နယ်တရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီးနောက် မွေးစား စာချုပ်များကို သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၃၉ အရ ဖျက်သိမ်း ပေးရန် တောင်းဆိုရန် လိုအပ်သည်ဟု ကောက်ယူကာ အဆိုလွှာကို ပြင်ဆင် စေရန် အမိန့် ချမှတ်သည်။ မသန်းတင်လှတို့က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ တိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာ တိုင်းတရားရုံးက သီးခြားသက်သာခွင့် အက် ဥပဒေ ပုဒ်မ ၃၉ အရ စွဲဆိုရမည့်အမှုဖြစ်သော ကြောင့် ပုဒ်မ ၄၂ အရ တရားစွဲဆိုခွင့်မရှိဟု ကောက်ယူ၍ ဦးတင်ထွန်းတို့

စွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် ဦးတင်ထွန်းတို့က ဗဟိုတရားရုံးတွင် ပြင်ဆင်မှုကို လျှောက်ထားခြင်းဖြစ်သည်။ ၁၉၈၆ ဦးတင်ထွန်း ပါ (၂) နှင့် ဒေါ်သန်းတင် လှပါ (၂)

လျှောက်ထားခံရသူ မသန်းတင်လှနှင့် ကိုတင်အုန်းတို့သည် အမှုအခတာ အတွင်း ကွယ်လွန်သွားသော ဒေါ်စောခင်၏ ပထမ အိမ်ထောင် တွင် ထွန်းကားသောအမွေမဲမြေးများဖြစ်ကြသည်။ လျှောက်ထားသူဒေါ်လှပိုမှာ ဒေါ်စောခင်၏ ဒုတိယခင်ပွန်း ဦးတိုက်စံနှင့်ရသော သမီးဖြစ်ပြီး ဒေါ်လှပို သည် ဦးတင်ထွန်းနှင့်အကြောင်းပါသည်။ ဦးတင်ထွန်းတို့က မသန်းတင်လှနှင့် ကိုတင်အုန်းတို့သည် အဘွားဒေါ်စောခင်အား အထင်လွဲမှားအောင် ပြုလုပ် ပြီး မလျော် သြဇာသုံးကာ ၃၀-၁၂-၇၉ နေ့တွင် ကိတ္တိမမွေးစားစာချုပ် များကို ချုပ်ဆိုစေသည်ဟု အကြောင်းပြ၍ ယင်း မွေးစား စာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုလေသည်။

မြို့နယ်တရားရုံးက ဒေါ်စောခင်သည် မြေးများအား မှတ်ပုံတင်စာချုပ် များ ချုပ်ဆို၍ မွေးစားသည်မှာ အငြင်းမပွားကြောင်း၊ သို့ရာတွင် စာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာရုံမျှဖြင့် မလုံလောက်ကြောင်း စာချုပ်ကို ဖျက်သိမ်းသည့် ဒီကရီ ချရန်လည်း လိုအပ်ကြောင်း၊ သို့ဖြစ်၍ မြွက်ဟ ကြေညာသည့် ဒီကရီအပြင် အကျိုးဆက်သက်သာခွင့်ကိုလည်း တောင်းဆိုရန် လိုအပ်ကြောင်း ကောက်ယူ၍ အဆိုလွှာကို ပြင်ဆင်စေရန် အမိန့် ချမှတ် လိုက်ခြင်း ဖြစ်သည်။

မသန်းတင်လှတို့က မကွေးတိုင်းတရားရုံးတွင် ပြင်ဆင်မှု လျှောက်ထား သော အခါ မြို့နယ်တရားရုံးသည် ဦးတင်ထွန်းတို့က လျှောက်ထားခြင်း မရှိဘဲ အဆိုလွှာကို ပြင်ဆင်ရန် အမိန့် ချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း ဦးတင်ထွန်းတို့သည် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၉ အရ စွဲဆိုရန် ဖြစ်ပြီး ပုဒ်မ ၄၂ အရ မစွဲသင့်ကြောင်း သုံးသပ် ထားပါလျက် အမှုအား ပလပ် စေသည့် အမိန့် မချဘဲ အဆိုလွှာကို ပြင်ဆင်ရန် အမိန့် ချမှတ်ခြင်းမှာမှားယွင်းကြောင်းတင်ပြရာ တိုင်းတရားရုံးက ယင်း အကြောင်း ပြချက်တို့ကို လက်ခံပြီး ဦးတင်ထွန်းတို့ စွဲဆိုသည့် အမှုကို ပလပ်လိုက်ခြင်း ဖြစ်သည်။

ဗဟိုတရားစီရင်ရေးအဖွဲ့က ဦးတင်ထွန်းတို့သည် လက်ရှိပုံစံအတိုင်း အမှု စွဲဆိုခွင့် ရှိမရှိ လျှောက်လဲစေခဲ့သည်။ လျှောက် ထား သူ တို့ ၏ ရှေ့နေ ဦးကံမြိုင်က လျှောက်ထားသူတို့ စွဲဆိုသော အမှုမှာ အနှစ်သာရအားဖြင့် စာချုပ်ကို ပယ်ဖျက်ပေးစေရန် ရည်ရွယ်စွဲဆိုသောအမှုဖြစ်ကြောင်း၊ သို့ဖြစ်၍ အမှုကို သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၃၉ အရ စွဲဆိုသော အမှု ပုံစံအဖြစ်သို့ရောက်ရှိအောင် အဆိုလွှာကို မြို့နယ်တရားရုံးတွင် ၁၂-၁၀-၈၄ နေ့၌ တင်သွင်းထားပြီးဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

၁၉၈၆
ဦးတင်ထွန်း
ပါ (၂)
နှင့်
ဒေါ်သန်းတင်
လှပါ (၂)

လျှောက်ထားခံရသူတို့၏ ရှေ့နေ ဦးညွန့်မြိုင်က သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၃၉ အရ အမှုစွဲဆိုမည် ဆိုပါက ထိခိုက်နစ်နာသူကသာ စွဲဆို ရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဦးတင်ထွန်းသည် အမှုစွဲဆိုခွင့်မရှိကြောင်း ဒေါ်လှပိုကသာ စွဲဆိုနိုင်ကြောင်း။ **မောင်သိန်းဝင်း** နှင့် **ကိုမင်းအောင်**[၁] စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။

တရားလိုတို့၏ မူလအဆိုလွှာ အပိုဒ် (၆) နှင့် (၇) တို့တွင် အမှုစွဲဆိုရန် အကြောင်းပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အဆိုပြု ထားသည်-

"၆။ အမှတ်(၁)တရားပြိုင်နှင့် တရားလိုတို့ မသင့်မတင့် ဖြစ်သည်ကို အမှတ် (၂) (၃) တရားပြိုင်များက အခွင့် ကောင်းယူကာ တရားလိုများ၏ အမွေဆက်ခံခွင့်နှင့် တရား လိုများ ပူးတွဲပိုင်ဆိုင်သော အချင်း ဖြစ် တိုက် ကို မတရား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ၃၀-၁၂-၇၉ နေ့ တွင် တရားပြိုင် အမှတ် (၂) နှင့် (၃) တို့ကို အမှတ် (၁) တရားပြိုင်နှင့် ပူးတွဲ ပိုင်ဆိုင်သော တိုက်အား (၄) ခန်း ရှိသည့်အနက် တစ်ဝက်ဖြစ်သည့်(၂)ခန်းကို အပေးစာချုပ် ပြုလုပ်ပေးသည်ဟု တလွဲထင်မှားကာ တရားပြိုင် အမှတ် (၁)က လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့သော် ၃၀-၁၂-၇၉ နေ့က ချုပ်ဆိုသော စာချုပ်သည် အပေးစာချုပ် မဟုတ်ဘဲ ကိတ္တိမ မွေးစားသားသမီးစာချုပ်ဖြစ်ကြောင်း အမှတ်(၁) တရားပြိုင် မသိရှိခဲ့ပါ။ ထိုသို့ အကြောင်းခြင်းရာ လွဲမှား၍ ချုပ်ဆိုသော စာချုပ်သည် တရားဥပဒေအရ ပျက်ပြယ်ခွင့် ရှိပါသည်။ (၁.) တရားပြိုင်သည် (၂) (၃) တရားပြိုင် များအား တစ်ဦးတည်း အပိုင် ဥပဒေမဲ့ အပေး စာချုပ် အမျိုးမျိုး ပြု လုပ် ကာ ပေး ကမ်း ခဲ့ သ ဖြင့် ဥ ပ ဒေ နှင့် မညီညွတ်ပါ။

၇။ အမှတ် (၁) တ ရား ပြိုင် သည် ၎င်း၏ ခင်ပွန်း ဦးတိုက်စံ ကွယ်လွန်သည့်အချိန်က အသက်အရွယ် အားဖြင့် ကြီးရင့် အိုမင်းမစွမ်းရှိနေသည့်အချိန် စိတ်ညစ်သဖြင့် အရက် သေစာများ သောက်စားသည်ကို တရားလိုများက မသောက် စားရန် ထားမြစ်ခဲ့သော်လည်း စိတ်ညစ်နေသူကို အမှတ်(၂) (၃) တရားပြိုင်များက အရက်သောက်စားခြင်းကိုအားပေး

(၁) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာ-၁၁၃

အားမြောက် ပြုလုပ်၍ ၎င်းတို့အတွက် အမွေဆက်ခံခွင့်များ မတရားရရှိစေရန် အမှတ် (၁) တရားပြိုင်၏ စိတ်ဓါတ်ကို လွှမ်းမိုးကာ စာချုပ်အမျိုးမျိုး ချုပ်ဆိုစေခြင်းသည် မတရား ဩဇာလွှမ်းမိုး၍ စာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သောကြောင့် တရားဥပဒေအရ ပျက်ပြယ်သည့် စာချုပ်များဖြစ်ပါသည်။" ၁၉၈၆ ဦးတင်ထွန်း ပါ(၂) နှင့် ဒေါ်သန်းတင် လှပါ(၂)

ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၉ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

**"When consent to an agreement is caused by coercion, fraud or misrepresentation, the agreement is a contract voidable at the option of the party whose consent was so caused."**

ပဋိညာဉ် အက် ဥပဒေ ပုဒ်မ ၁၉ (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

**"When consent to an agreement is caused by undue influence, the agreement is a contract voidable at the option of the party whose consent was so caused."**

အထက် ဖော်ပြပါ အဆိုပြုချက်များနှင့် အထက် ဖော်ပြပါ ပဋိညာဉ် အက်ဥပဒေပါပြဋ္ဌာန်းချက်များကို ပူးတွဲဖတ်ရှုပါက မေးစားစာချုပ် များကို ပယ်ဖျက်နိုင်ခွင့်ရှိသူမှာ စာချုပ်ချုပ်ဆိုသူ ဒေါ်စောခင်သာ ဖြစ်ကြောင်း ယုံမှားဘွယ်မရှိချေ။ အချင်းဖြစ်စာချုပ်များသည် ပျက်ပြယ်သည်(**void**)ဟု လျှောက်ထားသူတို့က အဆိုပြုထားခြင်းမရှိချေ။ မွေးစားခြင်း မှတ်ပုံတင်ရေး ဥပဒေနှင့်အညီ ချုပ်ဆိုမှတ်ပုံတင်ထားသည်ဖြစ်၍ ပျက်ပြယ်သော စာချုပ်များလည်း မဟုတ်ပေ။ သို့ဖြစ်ရာ လျှောက် ထား သူ ဒေါ်လှပို သည် အချင်းဖြစ် စာချုပ်များကို ပယ်ဖျက်ပေးရန် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၉ အရ စွဲဆိုခွင့်ရှိသူမဟုတ်ချေ။ ဦးတင်ထွန်းသည် လည်း တရားစွဲဆိုခွင့် တစ်စုံတစ်ရာမရှိချေ။ အကြောင်းမူ ဒေါ်လှပို နှင့် ဦးတင်ထွန်းတို့သည် မွေးစား စာချုပ် ချုပ်ဆိုသူများ မဟုတ်သည့် အပြင် လျှောက်ထားခံရသူတို့အား အထင်လွဲအောင် ပြောဆိုခြင်းခံရသော၊ ထို့ အပြင် မလျော်ဩဇာသုံးခြင်း ခံရသောသူများ မဟုတ်သောကြောင့်တည်း။

၁၉၈၆ ဦးတင်ထွန်းပါ(၂) နှင့် ဒေါ်သန်းဘင်လှပါ(၂)

မူလရုံးသည် လျှောက်ထားသူတို့ တင်ပြသည့် အတိုင်း အဆိုလွှာကို ပြင်ဆင်ခွင့် မပြုရသေးချေ။ သို့ဖြစ်ရာလက်ရှိ အခြေအနေတွင် လျှောက်ထားသူတို့စွဲဆိုသော အမှုသည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်ခြင်း ရှိမရှိ စိစစ်ရန် လိုအပ်ပေသည်။ မြွက်ဟ ကြေညာပေးစေလိုမှုကိုသီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်း ချက်များ ဘောင်အတွင်းသာ စွဲဆိုခွင့်ရှိကြောင်း **ဒေါ၊ အာရ်၊ အင်န်၊ အမ်၊ ဒေါ၊ ဖမ်းနှင့် မောင်ဖိုးသိန်းပါ (၄)**[၂] အမှုတွင် ထုံးဖွဲ့ထားသည်။ ဒေါ်စောခင်က မသန်းတင်လှနှင့် ကိုတင်အုန်းတို့အား မွေးစား လိုက်ခြင်းသည် ဒေါ်လှပို အနေဖြင့် ဒေါ်စောခင်၏ သမီးဖြစ်ခြင်းကို လက်လွတ်ဆုံးရှုံးစေခြင်း မရှိကြောင်း ယုံမှားဘွယ်မရှိချေ။ ဒေါ်စောခင် ကွယ်လွန်သောအခါ ရရှိနိုင်မည့် အမွေပမာဏကို ထိခိုက်စေသည်မှအပ ထိုသို့ မွေးစားခြင်းကြောင့် ဒေါ်လှပိုသည် ဒေါ်စောခင်၏ သမီး ဖြစ်ခြင်း တည်းဟူသော တရားဝင်အခြေအနေကို တစ်စုံတစ်ရာ ထိခိုက်နိုင်ရန် အကြောင်းမရှိချေ။ ဒေါ်စောခင် ကွယ်လွန်သောအခါ ဒေါ်လှပို အနေဖြင့် အမွေရနိုင်ခွင့်သည် အခွင့်အလမ်းမျှသာ ဖြစ်သည်။ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အခွင့်အရေးမျိုး မဟုတ်ချေ။ဤအခြေအနေတွင် ဒေါ်လှပိုသည် ဒေါ်စောခင်၏ သမီး ဖြစ်ခြင်း အပေါ်အခြေခံကာ ဒေါ်စောခင်က မသန်းတင်လှတို့အား မွေးစားခြင်းမှာ ပျက်ပြယ်ကြောင်း သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုခွင့်မရှိဟု ကောက်ယူရပေမည်။ **မောင်အောင်သိန်း** နှင့် **မောင်ဘမောင်နှင့် အခြား သူများ**[၃] အမှုတွင် မိဘဖြစ်သူက အခြားသူ တဦး အား မွေးစားထားသောသူမှာ မိဘ၏ မွေးစားသား မဟုတ်ကြောင်း မြွက်ဟ ကြေညာပေးစေရန် မိဘနှင့် မွေးစားသားအပေါ် သားဖြစ်သူက သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ စွဲဆိုခွင့်မရှိဟု ထုံးဖွဲ့ထားသည်ကို တွေ့ရသည်။ ယင်းအမှုတွင် တရားလို၏ တရားဝင်အခြေအနေသည် မိဘများ ကွယ်လွန်သောအခါ အမွေတောင်းနိုင်သည့်အခွင့်အလမ်းသာ ဖြစ်ကြောင်း ယင်းအခွင့်အလမ်းကို မွေးစားသားက ဖြစ်စေ၊ အခြားသူတစ်ဦးက ဖြစ်စေ ငြင်းကွယ်ခြင်း မပြုသဖြင့် အမှုစွဲဆိုခွင့်မရှိဟု အကြောင်းပြသည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ပဋိညာဉ်ပြုနိုင်သူတိုင်းသည် အခြားသူတစ်ဦးအား မွေးစားခွင့် ရှိပေသည်။ ယင်း အခွင့်အရေးကို မွေးစားသူ၏ သားသမီးများက ချုပ်ချယ်ခွင့် မရှိနိုင်ချေ။

---

(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၄၊ စာ-၂၂
(၃) ၁၉၄၀ ပြည့်နှစ်၊ ရန်ကုန် စီရင်ထုံးများ၊ စာ-၅၄

၁၉၈၆ ဦးတင်ထွန်း ပါ (၂) နှင့် ဒေါ်သန်းတင်လှ ပါ (၂)

လျှောက်ထားသူတို့က မသန်းတင်လှတို့သည် အဘွားဖြစ်သူအား အထင်လွဲမှားအောင် ပြောခြင်း၊ မလျော်သြဇာသုံးခြင်းကြောင့် အဘွားဖြစ်သူက မွေးစား စာချုပ်ကို လက်မှတ် ရေးထိုးခြင်း ဖြစ်သည်ဟု စွပ်စွဲသော်လည်း စာချုပ်ကို ပယ်ဖျက်ခွင့်ရှိသူ ဒေါ်စောခင်ကိုယ်တိုင်က ယင်းစွပ်စွဲချက်များ မမှန်ကန်ကြောင်း ၎င်း၏ ချေလွှာ၌ ငြင်းကွယ်ထားသည်ဖြစ်ရာ လျှောက်ထားသူတို့ စွဲဆိုသောအမှုမှာ အောင်မြင်ရန် အကြောင်း မရှိနိုင်တော့ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။ စရိတ် သတ်မှတ်ခြင်း ခွင့်မပြု။

# တရားမဒုတိယအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်(၂)၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၆ စက်တင်ဘာလ ၁၁ ရက်

ဦးဘကြည်ပါ (၂)

နှင့်

ဒေါ်ကြွယ် *

**ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၉၁–တရားလို၏ အခွင့်အရေးကို ထိပါးသည့် အချိန်ကစ၍ စည်းကမ်းသတ်ကာလကို ရေတွက်ရမည်ဖြစ်ခြင်း၊ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၄၁ နည်း ၂၃ အရ ချမှတ်သော အမိန့်သည် ဒီကရီ မဟုတ်ဘဲ အယူခံခွင့်ရှိသော အမိန့်သာဖြစ်ခြင်း–အယူခံအတွက် ဖွင့်လှစ်ရမည့် အမှုအမျိုးအစားနှင့် ထမ်းဆောင်ရမည့် ရုံးခွန်။**

ဒေါ်ချစ်ရ၏မြေး ဦးလှဦးနှင့် အယူခံတရားပြိုင် ဒေါ်ကြွယ်တို့ အိမ်ထောင်ကျစဉ်က ခန်းဝင်ပစ္စည်းအဖြစ်ပေးခဲ့သည်ဆိုသောမြေကို ဒေါ်ချစ်ရသည် အယူခံတရားလို ဦးဘကြည်နှင့် ဒေါ်ငွေရှင်တို့အား မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့သဖြင့် ယင်းအရောင်းအဝယ်စာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို ဒေါ်ကြွယ်က ရွှေဘိုမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၂/၇၃တွင် ၁၃-၁-၇၃ နေ့၌ တရားစွဲဆိုသည်။ ဒေါ်ကြွယ်စွဲဆိုသောအမှု မတိုင်မီ အယူခံတရားလို ဦးဘကြည်နှင့် ဒေါ်ငွေရှင်တို့က ရွှေဘိုမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၇/၇၃ တွင် အချင်းဖြစ်မြေသည် မိမိတို့ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် လက်ရောက်ပေးအပ်စေရန် ဒေါ်ကြွယ် အပေါ် တရားစွဲဆိုရာ အနိုင် ရရှိထားသည်။ ယင်းအမှုတွင် ၂၉-၁-၇၄ နေ့၌ ဒေါ်ကြွယ်တင်သွင်းသော ချေလွှာအရ အချင်းဖြစ်မြေကိုဦးဘကြည်တို့အားရောင်းချကြောင်းကို ဒေါ်ကြွယ်အနေဖြင့်

---

* ၁၉၇၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆၂

† ၁၉၇၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၄၇(ရွှေဘိုမြို့နယ်စု) တွင် ချမှတ်သော (၃၀-၃-၇၃) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆ ဦးဘကြည် ပါ (၂) နှင့် ဒေါ်ကြွယ်

နောက်အကျဆုံး ထိုနေ့တွင် သိရှိကြောင်းပေါ်ပေါက်သဖြင့် မြို့နယ်တရားရုံးက ဒေါ်ကြွယ် စွဲဆိုသော တရားမကြီးမှု အမှတ် ၂/၈၃ မှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ကောက်ယူ၍ အမှုကို ပလပ်သည်။ ဒေါ်ကြွယ်က စစ်ကိုင်းတိုင်းတရားရုံးသို့ အယူခံဝင်ရာတွင် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အမှုကို ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်လိုက်သဖြင့် ဦးဘကြည်တို့က ဗဟိုတရားရုံးတွင် ဤအယူခံမှုကို တင်သွင်းသည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်ကြွယ်သည် အချင်းဖြစ်စာချုပ်ကို ပယ်ဖျက်ခွင့်ရှိကြောင်း နောက်အကျဆုံး ၂၉-၁-၇၄ နေ့တွင် သိရှိသည်ဟု ပေါ်ပေါက်သည်ဖြစ်၍ သူ စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၉၁ တွင် သတ်မှတ်ထားသော ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ထင်ရှားပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။စစ်ကိုင်းတိုင်းတရားရုံးက ဒေါ်ကြွယ်စွဲဆိုသည့် အမှုကို ပလပ်သည့် ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး အမှုကို ဆက်လက် စစ်ဆေးရန် အယူခံမှုတွင် ချမှတ်သော အမိန့်မှာ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ချမှတ်သော အမိန့် ဖြစ်သဖြင့် ယင်းအမိန့်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၃၊ နည်း ၁ (ပ) အရ အယူခံဝင်ခွင့်ရှိသော အမိန့်ဖြစ်သဖြင့် ပုဒ်မ ၂ (၂) (က) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယင်းအမိန့်သည် ဒီကရီ မဟုတ်ချေ။ သို့ဖြစ်ရာ ဤ အယူခံ အတွက် ရုံးခွန်ကို ရုံးခွန်အက်ဥပဒေဇယား ၂၊ အမှတ်စဉ် ၁၁(ခ) အရ ရုံးခွန် ၅-ကျပ်သာ ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ထိုအယူခံအတွက် တရားမ အထွေထွေ အယူခံမှု ဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်သည်။

အယူခံတရားလိုအတွက် — ဦးထွန်းမြိုင်၊ ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်အတွက် — ဦးကျော်ကျော်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး — ဦးဘသန်းအောင်
ဦးမြဦး (အဆင့်မြင့်သင်တန်းသား)

ရွှေဘို မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၂/၈၃ တွင် အယူခံတရားပြိုင် ဒေါ်ကြွယ်က အယူခံ တရားလို ဦးဘကြည်နှင့် ဒေါ်ငွေရှင်တို့အပေါ် ဒေါ်ချစ်ရဆိုသူက ဦးဘကြည်နှင့် ဒေါ်ငွေရှင်တို့အား မြေရောင်းချသော မှတ်ပုံတင် စာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေရန် တရားစွဲဆိုရာ မြို့နယ် တရားရုံးက ဒေါ်ကြွယ် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ကောက်ယူ၍ ပလပ်လိုက်သည်။

၁၉၈၆
ဦးဘကြည် ပါ
(၂)
နှင့်
ဒေါ်ကြွယ်

ဒေါ်ကြွယ်က မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အမှုကို ဆက်လက် စစ်ဆေးစေရန် အမိန့် ချမှတ်လိုက်သောကြောင့် ဦးဘကြည်တို့က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်၊

မူလရုံးတရားလိုဒေါ်ကြွယ်က အချင်းဖြစ်မြေမှာ ဒေါ်ချစ်ရပိုင်ကြောင်း ယင်းမြေကို ဒေါ်ချစ်ရက ၁၂-၆-၇၁ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ ဦးဘကြည်နှင့် ဒေါ်ငွေရှင်တို့အား ရောင်းချခဲ့ကြောင်း၊ ယင်းမြေမှာ မိမိနှင့် ဒေါ်ချစ်ရ၏မြေး ဦးလှဦးတို့ အိမ်ထောင်ကျစဉ်က ခန်းဝင် ပစ္စည်း အဖြစ် ပေးခဲ့သောမြေ ဖြစ်ကြောင်း၊ ဒေါ်ချစ်ရသည် ယင်းမြေကို မိမိအား အသိမပေးဘဲ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ မြေရောင်းစဉ်က မိမိနှင့်ဒေါ်ချစ်ရတို့ မသင့်မြတ်ဖြစ်နေသည်ကိုအခွင့်အရေးယူကာ မမှန်မကန်ဆောင်ရွက်ခဲ့သည်ဖြစ်၍ ယင်းစာချုပ်သည်ပျက်ပြယ်ကြောင်း စသည်ဖြင့်အဆိုပြုကာ စာချုပ်တစ်ရပ်လုံး တရားမဝင်ကြောင်း မြွက်ဟကြေညာပေးစေရန် တရားစွဲဆိုလေသည်။

ဦးဘကြည်တို့က အခြားအချက်အလက်များအပြင် ဒေါ်ကြွယ်စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်း ထုချေသည်။

အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ ဦးဘကြည်နှင့်ဒေါ်ငွေရှင်တို့က တစ်ဘက်၊ ဒေါ်ကြွယ်က တစ်ဘက် အငြင်းပွားကြရာ ဦးဘကြည်တို့က ယင်း မြေမှာ မိမိတို့ပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် လက်ရောက် ပေးအပ်စေရန် ရွှေဘိုမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၇/၇၃ တွင် တရားစွဲဆိုသောအခါ အနိုင်ရရှိခဲ့သည်။ ဒေါ်ကြွယ်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ ဦးဘကြည်တို့ စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ ထိုအခါ ဦးဘကြည်တို့က ဗဟိုတရားရုံး (မန္တလေး ရုံးထိုင်) ၁၉၈၀ ပြည့်နှစ် တရားမ ဒုတိယ အယူခံမှုအမှတ် ၈၁ တွင် အယူခံဝင်သောအခါဗဟိုတရားရုံးကတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပြန်လည် အတည်ပြုခဲ့သည်။

အယူခံတရားလိုတို့၏ ရှေ့နေက ဒေါ်ကြွယ် စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၉၂ နှင့် သက်ဆိုင်သည် ဖြစ်ရာ စည်းကမ်းသတ်ကာလ ၃ နှစ်ကို ဦးဘကြည်တို့က ဒေါ်ကြွယ် အပေါ် တရားလို ပြုလုပ်၍ တရားစွဲဆိုသော ရွှေဘို မြို့နယ် တရားရုံး၊

၁၉၈၆
ဦးဘကြည် ပါ
(၂)
နှင့်
ဒေါ်ကြွယ်

တရားမကြီးမှုအမှတ် ၃၇/၇၃ တွင် ချေလွှာဘင်သွင်းသည့် ၂၉-၁-၇၄ နေ့မှစ၍ ရေတွက်ရမည်ဖြစ်သဖြင့် ၁၃-၁-၈၃ နေ့တွင် စွဲဆိုသော ယခု အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်း တင်ပြလျှောက်ထား သည်။ အဆိုပါ အမှတ်စဉ် ၉၂ သည် မှတ်ပုံတင်ပြီးသော စာချုပ်စာတမ်း သည် အတု ပြုလုပ် ထားသော စာချုပ် စာတမ်း ဖြစ် ကြောင်း အတည့်အလင်း ထင်ရှား စေ လိုမှု နှင့် သက်ဆိုင် သည်။ ဒေါ်ကြွယ်က အချင်းဖြစ်စာချုပ်မှာ အတုဖြစ်ကြောင်း အဆိုပြုထားခြင်း မရှိ၍ ကာလ စည်းကမ်းသတ် အလိုငှာ အဆိုပါ အမှတ်စဉ် ၉၂ ပါ ပြဋ္ဌာန်းချက် များသည် ဒေါ်ကြွယ် စွဲဆိုသော အမှုနှင့် မသက်ဆိုင်ကြောင်း ယုံမှားတွယ် မရှိချေ။

ဒေါ်ကြွယ် စွဲဆိုသော အမှုသည် အနှစ်သာရအားဖြင့် အချင်းဖြစ် စာချုပ်ကို သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၃၉ အရ ပယ်ဖျက် ပေးရန် စွဲဆိုသောအမှု ဖြစ်သည်။ သို့ဖြစ်၍လည်း ရုံးခွန်ကို ရောင်းဈေး ကျပ် ၂၀၀၀/- ပေါ်တွင် တန်ဘိုး အလျောက် ထမ်းဆောင် ထားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်ကြွယ်စွဲဆိုသော အမှုအတွက် ကာလစည်းကမ်း သတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၉၁ တွင် ပြဋ္ဌာန်းထားသည့် အတိုင်း တွက်ချက်ရမည်ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်များအရ စည်းကမ်း သတ် ကာလ ၃ နှစ်ကို "တရားလိုက စာချုပ်စာတမ်းကို ပယ်ဖျက်ပိုင် သော သို့တည်းမဟုတ် ပယ်ရှားပိုင်သော အကြောင်းအရာများကို တရား လိုက သိရသည့်အခါမှစ၍" ရေတွက်ရမည် ဖြစ်သည်။

အယူခံတရားပြိုင်၏ ရှေ့နေက ဒေါ်ကြွယ် စွဲဆိုသော အမှုသည် ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား၊ အမှတ်စဉ် ၁၂၀ နှင့် သက်ဆိုင် ကြောင်း၊ စည်းကမ်းသတ်ကာလကို ဗဟိုတရားရုံး တရားမ ဒုတိယအယူခံမှု အမှတ် ၈၁/၈၀ တွင် စီရင်ချက် ချမှတ်သော ၂၄-၆-၈၂ နေ့မှစ၍ ရေ တွက်ရမည် ဖြစ်သဖြင့် ဒေါ်ကြွယ်စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် မကျော်လွန်ကြောင်း တင်ပြလျှောက်ထားသည်။ အဆိုပါ အမှတ်စဉ် ၁၂၀ တွင် "ဤဇယား၏ အခြား နေရာများတွင် စည်းကမ်းသတ် ကာလ အပိုင်းအခြား ပြဋ္ဌာန်းချက် မပါရှိသည့် တရားမကြီးမှုကို **တရားစွဲဆိုပိုင်ခွင့် ရရှိသည့်အခါကစ၍** ခြောက်နှစ်" အတွင်း စွဲဆိုရမည်ဟု ပြဋ္ဌာန်း ထား သည်။ အယူခံတရားပြိုင်၏ ရှေ့နေက ဗဟိုတရားရုံးသည် အချင်းဖြစ်မြေမှာ ဦးဘကြည်တို့ ဝယ်ယူပိုင်ဆိုင်ကြောင်း ၂၄-၆-၈၂ နေ့တွင် အပြီးသတ် အဆုံးအဖြတ် ပေးခဲ့သည်ဖြစ်၍ ယင်းနေ့တွင် အချင်းဖြစ်စာချုပ် ပယ်ဖျက် ပေးရန် တရားစွဲဆိုခွင့်ကို ဒေါ်ကြွယ်က ရရှိကြောင်း တင်ပြလျှောက်ထား သည်။

၁၉၈၆
ဦးဘကြည် ပါ (၂) နှင့် ဒေါ်ကြွယ်

ဦးဘကြည်တို့ စွဲဆိုသော ရွှေဘိုမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၃၇/၇၃ တွင် ဒေါ်ကြွယ် တင်သွင်းသော ချေလွှာ အပိုဒ် (၁) တွင် အောက်ပါအတိုင်း ထုချေထားသည်-

"အဆိုလွှာ အပိုဒ် (၁) တွင် ဖော်ပြပါရှိသော အိမ်ယာမြေကို တရားလိုများက ဒေါ်ချစ်ရထံမှ ဝယ်ယူသည်ဆိုခြင်းမှာ လိမ်လည် ပြုလုပ်သော အရောင်း အဝယ် ဖြစ်ပါသည်။ ဒေါ်ချစ်ရသည် တရားလိုနှင့် ပူးပေါင်း၍ တရားပြိုင်၏ အခွင့်အရေးများ ဆုံးရှုံး စေရန် တရားပြိုင် အိမ်ယာမြေကို မတရား အရောင်းအဝယ် ပြုလုပ် ခဲ့ခြင်း ဖြစ်ပါသည်။"

၎င်းထုချေချက်အရဆိုလျှင် ဒေါ်ချစ်ရက ဦးဘကြည်တို့အား အချင်းဖြစ် မြေကွက်အား ရောင်းချကြောင်းကို ဒေါ်ကြွယ်အနေဖြင့် နောက်အကျဆုံး ၂၉-၁-၇၄ နေ့တွင် သိရှိကြောင်း ယင်း အရောင်းအဝယ် စာချုပ်သည် သူ၏ ပိုင်ရေးပိုင်ခွင့်များကို အတည့်အလင်းထိပါးသည်ဖြစ်၍ သူ့အနေဖြင့် ယင်း ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ အရေးဆိုခွင့်ကို နောက် အကျဆုံး အဆိုပါနေ့တွင် ရရှိသည်ဟု ကောက်ယူရပေမည်။ စစ်ကိုင်းတိုင်းတရားရုံးက တရားစွဲဆိုခွင့်မှာ ဗဟိုတရားရုံးက အယူခံကို စီရင်ဆုံးဖြတ်သည့်နေ့ဖြစ်သော ၂၄-၆-၈၂ နေ့တွင် ဒေါ်ကြွယ်သည် တရား စွဲဆိုပိုင်ခွင့် ရရှိသည်ဟု သုံးသပ်ခြင်းမှာ မှားယွင်းသည်။ အကြောင်းမူ ယင်းအမှုတွင် ဦးဘကြည် တို့၏ အခွင့်အရေးကို ဗဟိုတရားရုံးက ဆုံးဖြတ်ခြင်းသာ ဖြစ်သည်။ ဗဟို တရားရုံးက အချင်းဖြစ်မြေမှာ ဦးဘကြည်တို့အပိုင် ဖြစ်သည်ဟု ကောက်ယူ ဆုံးဖြတ်တော့မှ ဒေါ်ကြွယ်၏ အခွင့်အရေးကို ထိပါးခြင်း မဟုတ်ချေ။ ယခင် အမှုတွင် ဒေါ်ကြွယ် ထုချေခဲ့သည့် အတိုင်း အရောင်းအဝယ် စာချုပ်သည် သူ၏ အခွင့်အရေးကို ထိခိုက်သည်ဖြစ်၍ နောက်အကျဆုံး ထိုအချိန်ကပင် ဒေါ်ကြွယ် အနေဖြင့် တရားစွဲဆိုခွင့် ရရှိမည် ဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားပြိုင်၏ရှေ့နေ လျှောက်ထားသည့်အတိုင်း ဒေါ်ကြွယ် စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည်ဟု ကောက်ယူသည့် တိုင် အောင် စည်းကမ်းသတ် ကာလကို နောက်အကျဆုံး ၂၉-၁-၇၄ နေ့မှ စ၍ ရေတွက်ရမည် ဖြစ်သဖြင့် ၁၃-၁-၈၃ နေ့တွင် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်သည်ဟု ကောက်ယူရပေမည်။

အမှန်မှာ ဒေါ်ကြွယ်သည် အချင်းဖြစ် စာချုပ်ကို ပယ်ဖျက်ပိုင်ခွင့် ရှိကြောင်း နောက်အကျဆုံး ၂၉-၁-၇၄နေ့တွင်သိရှိသည်ဟု ပေါ်ပေါက်သည် ဖြစ်၍ သူစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၉၁ တွင် သတ်မှတ်ထားသော ကာလစည်းကမ်းသတ် ကျော်လွန် ကြောင်း ထင်ရှားပေမည်။

၁၉၈၆
ဦးဘကြည် ပါ
(၂)
နှင့်
ဒေါ်ကြွယ်

အယူခံ တရားလိုတို့၏ ရှေ့နေက ဦးဘကြည် စွဲဆိုသောအမှုတွင် ချမှတ်သော ဗဟိုတရားရုံး၏ စီရင်ချက်သည် ဒေါ်ကြွယ်စွဲဆိုသောအမှုကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ ပိတ်ပင်ကြောင်း တင်ပြလျှောက်ထားသည်။ ယင်း မီးသေသည့် ကိစ္စနှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ငြင်းချက် ထုတ်နုတ်၍ အဆုံးအဖြတ် ပေးထားခြင်း မရှိသည်က တစ်ကြောင်း၊ ဒေါ်ကြွယ် စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ခြင်းကြောင့် ပလပ်ရမည် ဖြစ်သည်က တစ်ကြောင်းကြောင့် ယင်း ဥပဒေ ပြဿနာကို အဆုံးအဖြတ်ပေးရန် မလိုတော့ချေ။

စစ်ကိုင်းတိုင်းတရားရုံးက ဒေါ်ကြွယ်စွဲဆိုသည့်အမှုကို ပလပ်သည့်ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး အမှုကို ဆက်လက်စစ်ဆေးရန် အယူခံအမှုတွင် ချမှတ်သောအမိန့်မှာ တရားမ ကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ချမှတ်သော အမိန့်ဖြစ်သဖြင့် ယင်းအမိန့်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၃၊ နည်း ၁ (ပ)အရ အယူခံဝင်ခွင့်ရှိသော အမိန့် ဖြစ်သဖြင့် ပုဒ်မ ၂ (၂) (က) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယင်းအမိန့်သည် ဒီကရီ မဟုတ်ချေ။ သို့ဖြစ်ရာ ဤအယူခံအတွက် ရုံးခွန်ကို ရုံးခွန် အက်ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၁ (ခ) အရ ရုံးခွန် ၅-ကျပ်သာ ထမ်းဆောင်ရမည် ဖြစ်သည်။ ထို့အပြင် ထိုအယူခံအတွက် တရားမအထွေထွေအယူခံမှု ဖွင့်လှစ်ဆောင်ရွက်ရန် ဖြစ်သည်။ အယူခံ တရားလိုတို့သည် ဤ အယူခံတွင် ရုံးခွန်ကျပ် ၂၅၀/- ထမ်းဆောင်ထားကြောင်း တွေ့ရသည်ဖြစ်၍ **ဒေါ်လှခင်ပါ (၂) နှင့် မသိန်းတင်**[၁] အမှုတွင် ထုံးဖွဲ့ထားသည့်အတိုင်း ပိုမိုထမ်းဆောင်ထားသော ၂၄၅ ကျပ်ကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရပြန်အမ်းရမည် ဖြစ်သည်။

စစ်ကိုင်းတိုင်းတရားရုံးက အယူခံမှုတွင် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ဆက်လက်စစ်ဆေးစေသည်ဖြစ်ရာ ယင်းအယူခံတွင် ဒေါ်ကြွယ် ထမ်းဆောင်ထားသော ရုံးခွန် ၂၅၀ ကျပ်ကို ရုံးခွန် အက်ဥပဒေ ပုဒ်မ ၁၃ အရ ပြန်လည်အမ်းရမည် ဖြစ်ပါလျက် တိုင်းတရားရုံးက ရုံးခွန် ပြန်အမ်းသည့် သက်သေခံ လက်မှတ်ကို ထုတ်ပေးခြင်း မရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် အတည်ပြုလိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ။ စာ-၂၄

၁၉၀၆
ဦးဘကြည်ပါ
(၂)
နှင့်
ဒေါ်ကြွယ်

ဤအယူခံတွင် ပိုမိုထမ်းဆောင်ထားသော ရုံးခွန် ၂၄၅ ကျပ်ကို ပြန်အမ်းရန်အတွက် သက်သေခံလက်မှတ်ကို ဦးဘကြည်တို့အား ထုတ်ပေးစေ။ စစ်ကိုင်းတိုင်းတရားရုံးတွင် ဒေါ်ကြွယ် ထမ်းဆောင်ခဲ့သည့် ရုံးခွန်နှင့် ပတ်သက်၍ ပြန်အမ်းရန် စစ်ကိုင်းတိုင်း တရားရုံးသို့ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားသည့်အခါ တိုင်းတရားရုံးက လက်မှတ် ထုတ်ပေးရမည် ဖြစ်သည်။

## တရားမပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဒေါက်တာမန်းသက်စုံ၊ အဖွဲ့ဝင်များအဖြစ် ဦးဘမော်နှင့် ဦးမျိုးမြင့်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ ရှေ့တွင်

ဒေါ်မာရီယမ်ဘီ(ခ)ဒေါ်မဂျမ်းပါ(၅)

နှင့်

ဒေါ်မဥ*

† ၁၉၇၆
စက်တင်ဘာလ
၃-ရက်

**ပစ္စည်း လွှဲပြောင်းရေး အက် ဥပဒေ ပုဒ်မ ၁၀၇ နှင့် စာချုပ်စာတမ်းမှတ်ပုံတင် အက်ဥပဒေ ပုဒ်မ၁၇(၁)(ဃ)-စာချုပ်ကို ဥပဒေပြဋ္ဌာန်းချက် အတိုင်း မှတ်ပုံတင်ထားခြင်း မရှိ၍ ယင်းစာချုပ်ကို အခြေခံ၍ ဥပစာ ကို လက်ရောက် ပေး အပ် ရန် တောင်းဆိုခွင့်မရှိခြင်း။**

အယူခံတရားလို ဒေါ်မာရီယမ်ဘီ(ခ)ဒေါ်မဂျမ်းက အိမ်ခန်းတစ်ခန်းကို အယူခံတရားပြိုင် ဒေါ်မဥအား ၁၀ နှစ် ငှားရန် သဘောတူညီရာ ဒေါ်မဥက ဒေါ်မာရီယမ်ဘီအား ငွေ ၁၃၀၀၀ိ/–ပေးရန် သူတို့နှစ်ဦး အိမ်ငှားစာချုပ် ချုပ်ဆိုသည်။ ယင်း ငှားရမ်းထားသည့် အိမ်ခန်းသည် ၁၀ နှစ် မပြည့်မီ မီးသင့်လောင်သွား၍ ယင်းမြေပေါ်တွင် ပြန်လည်ဆောက်လုပ်သည့် အိမ်ခန်းကို ဒေါ်မဥက စာချုပ်အရ ၎င်းအား လက်ရောက် ပေးစေရန် သို့တည်းမဟုတ် ၎င်းပေးထားသော ငွေ ၁၃၀၀၀ိ/–ကို ပြန်အမ်းစေရန် တရားစွဲဆိုသည်။ မူလတရားရုံးက ဒေါ်မဥအား ဒီကရီ ချမှတ် ပေးလိုက်သောကြောင့် ဒေါ်မာရီယမ်ဘီတို့က ဗဟိုတရားရုံးတွင် အယူခံခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။သက်သေခံ အငှားစာချုပ်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၁၇ (၁) (ဃ) အရ လိုအပ်သည့် အတိုင်း မှတ်ပုံတင်ထားခြင်း မရှိသဖြင့် (၁၀) နှစ် ကာလအတွက် ငှားရမ်းခြင်းမှာ အထမမြောက်ချေ။

---

* ၁၉၇၅ ခုနှစ် တရားမ ပထမအယူခံမှု အမှတ် ၁၁၉

† ၁၉၇၄ ခုနှစ် တရားမကြီးမှုအမှတ် ၁ တွင် ချမှတ်သော(၁၂-၃-၇၅) ရက် နေ့စွဲပါ ကရင် ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို **အယူခံမှု။**

၁၉၈၆
ဒေါ်မာရီယမ်ဘီ (ခ) ဒေါ်မဂျမ်းပါ (၅) နှင့် ဒေါ်မဉ

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | — | ဦးကြည်သိန်း၊ ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်အတွက် | — | ဦးကြည်ဝင်း (သန်လျင်)၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | — | ဦးကျော်ထွန်းအောင် |

အယူခံတရားလို ဒေါ်မာရီယမ်ဘီ (ခ) ဒေါ်မဂျမ်း၊ ဦးစိုးမြင့် (ခ) ဦးအမှတ်၊ ဦးခင်အောင် (ခ) ဦးမောင်မောင်နှင့် ဦးဝင်းအောင် (ခ) ဦးအိစွတ်တို့သည် လှိုင်းဘွဲ့မြို့၊ ကုန်သည်လမ်းနှင့် ဒေါနလမ်းအကြား၊ ကုန်သည်လမ်းနှင့် သီရိလမ်းဒေါင့်ရှိ အကွက်အမှတ် (၆) ဦးပိုင် အမှတ် (၈၆) ပေါ်ရှိ အိမ်ခန်း တစ်ခန်းကို အယူခံ တရားပြိုင် ဒေါ်မဉအား ငှားရမ်းကြောင်း ၁၉-၇-၈၂ နေ့တွင် ကတိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ဒေါ်မာရီယမ်ဘီတို့က အိမ်ခန်းကို ဒေါ်မဉအား ၁၀နှစ်ငှားရန် ဒေါ်မဉက ဒေါ်မာရီယမ်ဘီအား ငွေ ၁၃၀၀၀ိ/- ပေးရန် စသည်ဖြင့် ဖော်ပြထားသည်။ ယင်းအိမ်မှာ ၈-၅-၈၃ နေ့တွင် မီးသင့်လောင်သွားသည်။ နောက်ပိုင်းတွင် လှိုင်းဘွဲ့ မြို့နယ် ပြည်သူ့ကောင်စီက မြေကို ဦးဒေါ်လီ အမည်ဖြင့် ပြန်လည် ချထားခဲ့သည်။ မြေပေါ်တွင် ဦးဒေါ်လီ အမည်ဖြင့် အိမ်ဆောက်ခဲ့သည်။ ဒေါ်မဉက ယင်းအိမ်၏ တောင်ဘက်ခန်းကို ကတိအတိုင်း လက်ရောက်ပေးအပ်ရန် တောင်းဆိုရာ အယူခံ တရားလိုတို့က ငြင်းဆိုသောကြောင့် အိမ်၏ တောင်ဘက် ခန်းကို တရားလိုအား ပေးအပ်စေရန် သို့တည်းမဟုတ် ဒေါ်မဉ ပေးထားသော ငွေ ၁၃၀၀ိ/-ကို ပြန်အမ်းစေရန် ကရင်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၁/၈၄ တွင် တရားစွဲဆိုရာ ကရင်ပြည်နယ်တရားရုံးက နှစ်ဘက်ကို စစ်ဆေးပြီးနောက် ဒေါ်မဉ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်လိုက်သောကြောင့် ဒေါ်မာရီယမ်ဘီ တို့က ဗဟိုတရားရုံးတွင် ဤ အယူခံကို တင်သွင်းသည်။

ဤအယူခံကို တင်သွင်းရာ၌ ကာလ စည်းကမ်းသတ် ၁၈ ရက် ကျော်လွန်ခဲ့သည်။ ဒေါ်မာရီယမ်ဘီက မိမိနေထိုင်သော လှိုင်းဘွဲ့မှ ရန်ကုန်သို့ သွားလာရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်က တစ်ကြောင်း၊ မိမိ၏ ခင်ပွန်းသည် နိုင်ငံခြား သားဖြစ်၍ ရန်ကုန်မြို့သို့ သွားရန် အခက်အခဲရှိသည်က တစ်ကြောင်း၊မိမိမှာ ကျန်းမာရေးမကောင်းသည်က တစ်ကြောင်းကြောင့် ကြန့်ကြာရခြင်း ဖြစ်ကြောင်း တင်ပြ လျှောက်ထားသည်။ ယင်းအကြောင်းပြချက်များမှာ ကာလစည်းကမ်းသတ် ကျော်လွန်ရခြင်းအတွက် လုံလောက်သော အကြောင်းပြချက်များဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။

အယူခံ တရားလိုတို့၏ ရှေ့နေက အယူခံတရားပြိုင် အငှားချထားသော အဆောက်အအုံမှာ မီးသင့်လောင်ခဲ့သဖြင့် အငှားပဋိညာဉ်သည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ အရ ပျက် သည်း သွား သည် က တစ် ကြောင်း၊ နောက်ထပ်ပြန်လည်တည်ဆောက်သည့် အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ အယူခံတရားလိုတို့နှင့် အယူခံတရားပြိုင်တို့ အကြားတွင် အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု မရှိသည်က တစ်ကြောင်းကြောင့် ဒေါ်မဥသည် အချင်းဖြစ် အိမ်ခန်းကို လက်ရောက် ပေးအပ်ရန် အရေးဆိုခွင့် မရှိကြောင်းဖြင့် **ဒေါ်ကျင်မှုံ နှင့် ဒေါ်ကျင်ရီ** [၁] စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။ ၁၉၈၆ ဒေါ်မာရီယံဘီ(ခ) ဒေါ်မကျင်ပါ (၅) နှင့် ဒေါ်မဥ

အယူခံ တရားပြိုင်၏ ရှေ့နေက ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်များမှာ ပစ္စည်းတွင် အကျိုးခံစားခွင့် လွှဲပြောင်းပေးခြင်း မရှိသည့်အငှားချထားမှုမျိုးတွင်သာအသုံးပြုနိုင်ကြောင်း၊အမှုတွင်ပစ္စည်းပါ အကျိုးခံစားခွင့်ကို ရရှိလက်ခံပြီးဖြစ်၍ ယင်း ပြဋ္ဌာန်းချက်များကို အသုံး မပြုနိုင်ကြောင်း၊ တဖန် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၈ (င) ပါ ပြဋ္ဌာန်းချက်များသည် ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်များကို လွှမ်းမိုးကြောင်းဖြင့် **မောင်ကျော်ကျော်ပါ (၂) နှင့် မောင်ကျော်ငြိမ်း ပါ (၃)** [၂] စီရင်ထုံးကို ကိုးကား၍ လျှောက်ထားသည်။

အထက် ဖော်ပြပါ စီရင်ထုံး နှစ်ခုကို အပေါ်ယံကြော ဘတ်ရှုပါက ဝိရောဓိ ဖြစ်လျက်ရှိသည်ဟု ယူဆဘွယ်ရာ အကြောင်းရှိသည်။ အမှန်စင်စစ် အမှု နှစ်မှုတွင် ပေါ်ပေါက်သော ဖြစ်ရပ်များသည် တူညီခြင်း မရှိချေ။ **ဒေါ်ကျင်မှုံ** အမှုတွင် ငှားရမ်းထားသော အဆောက်အအုံ မီးလောင် ပြီးနောက် ပြန်လည် ဆောက်လုပ်သော အိမ်ခန်းကို ပြန်ငှားရမည်ဟု အိမ်ငှားက အရေးဆိုရာ ဗဟိုတရားရုံးက အငှားချထားသော အဆောက်အအုံမှာ မီးသင့်လောင်ပြီး ဖြစ်၍ ငှားရမ်းမှုမှာ ပျက်သုန်း သွားပြီး ဖြစ်ကြောင်း၊ လက်ရှိအဆောက်အအုံမှာ မူလအိမ်ငှားအား ငှားရမ်းရန်ပဋိညာဉ်မရှိသဖြင့် မူလပဋိညာဉ် အပေါ် အခြေခံ၍ အသစ်ပြန်လည်ဆောက်လုပ်သော အိမ်ကို ဆက်လက်ငှားရမ်းရန် အရေးဆိုခွင့်မရှိကြောင်း ထုံးဖွဲ့ထားခြင်း ဖြစ်သည်။ အငှားချထားသည့်အိမ် မတည်ရှိတော့ပါပဲလျက် အငှားချထားမှု ပဋိညာဉ် ဆက်လက်တည်ရှိနေသေးသည်ဆိုခြင်းသည် သဘာဝကျသည်ဟုမဆိုနိုင်ချေ။ အိမ်ရှင်က အသစ် ပြန်လည် ဆောက်လုပ်သော အိမ်ကို မူလအိမ်ငှားအား ဆက်လက်ငှားရမ်းရန်ကတိ ပဋိညာဉ်တစ်စုံတစ်ရာ မရှိပါပဲလျက် အိမ်ငှားက

---

(၁) ၁၉၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၈၆

(၂) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ ၄၃၅ (တရားရုံးချုပ်)

၁၉၈၆
ဒေါ်မာယဉ်ဘီ (ခ) ဒေါ်မရှမ်းပါ (၅) နှင့် ဒေါ်ဥမ

ယင်းအိမ်မှာ သူ့အား အငှားချထားသည့်အိမ် ဖြစ်သည်ဟုအရေးဆိုခြင်းသည် ယုတ္တိမတန်သော အချက်ဖြစ်သည်။

**မောင်ကျော်ကျော်** အမှုတွင် အိမ်ငှား မောင်ကျော်ငြိမ်း တို့သည် အငှားချထားသည့်အိမ် မီးလောင်ပြီးနောက် မီးလောင်ပြင် မြေပေါ်တွင် အိမ်ဆောက်နေထိုင်ရာ အိမ်ရှင် မောင်ကျော်ကျော်တို့က သူတို့အား ကျူးကျော်သူ အဖြစ်ဖြင့် ဖယ်ရှားပေးစေရန် တရားစွဲဆိုသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ အိမ်ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၂ (ဃ) တွင် 'ဥပစာ' ဆိုသည့် စကားရပ်ကို အနက် အဓိပ္ပာယ် ဖွင့်ဆိုရာ၌ အငှားချထားသည့် ဥပစာတွင် အဆောက်အအုံသာမက အဆောက်အအုံတည်ရာ မြေလည်းပါဝင်သည်။ သို့ဖြစ်ရာ အိမ်ငှားမောင်ကျော်ငြိမ်းတို့သည် ငှားရမ်းခဲ့သည့် မူလအိမ်တည်ရာမြေတွင် ဆက်လက် နေ ထိုင် ခြင်း သည် အဆိုပါ ဥပဒေ ပုဒ်မ ၂ (ဆ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း "အိမ်ငှား" အဖြစ် နေထိုင်ခြင်းဖြစ်၍ အိမ်ရှင် မောင်ကျော်ကျော် တို့ သည် အိမ်ငှား မောင်ကျော်ငြိမ်းတို့အား ကျူးကျော်သူအဖြစ်ဖြင့် ဖယ်ရှားခွင့်မရှိသည်မှာ ယုံမှားဘွယ်မရှိချေ။

ဤအမှုပါ ဖြစ်ရပ်များသည် ဒေါ်ကျင်မို့ အမှုပါ ဖြစ်ရပ်များနှင့်ထပ်တူ ထပ်မျှတူပေသည်။ သို့ဖြစ်၍ အချင်းဖြစ် အိမ်ခန်းကို ဒေါ်မဥအား လက်ရောက် ပေးအပ်ခြင်း မပြုရန် အယူခံတရားလိုတို့ အနေဖြင့် ငြင်းဆိုခွင့် ရှိပေသည်။

သို့ရာတွင် ဒေါ်မဥသည် သက်သေခံ (ခ) အိမ်ငှား ကတိ စာချုပ်ပါ အောက်ပါ ပဋိညာဉ်ကို အခြေခံ၍ ဤအမှုကို စွဲဆိုခြင်းဖြစ်သည်-

> "၅။ ၎င်းအိမ်မြေပြန်၊ ငွေပြန်သည်(၁၀)နှစ်အတွင်းသာ ဖြစ်ပါသည်။ (၁၀)နှစ်ကျော်က ဒေါ်မရီယမ်ဘီမှယူထားသော ငွေ၁၃၀၀၀/- (တသောင်း သုံးထောင်ကျပ်) တိတိ အခန်း ငှားနေထိုင်သူ ဒေါ်မဥသို့ ပေးပြီးမှ အိမ်ခန်းငှား နေထိုင်သူ ဒေါ်မဥမှ ဖယ်ရှား ပေးရပါမည်။ (၁၀) နှစ် အတွင်း မပြည့်မြောက်မီ ဒေါ်မရီယန်ဘီမှ မိမိငှားရမ်းသော အိမ်ခန်း ပြန်လည် ရယူလိုပါသည်ဟု လုံးဝပြောဆိုခြင်းနှင့် ဖယ်ရှားပေးခြင်း မပြောဆိုရ၊ မပြုလုပ်ရပါ။
> ၆။ ၎င်းအိမ် သည် ရန် သူ မျိုး ငါးပါးကြောင့် ပျက်စီးဆုံးရှုံးခဲ့သော် ရက်ပေါင်း(၃၀)အတွင်း အိမ်ပိုင်ရှင်မှသော်လည်းကောင်း၊ အိမ်ခန်းငှားနေထိုင်သူမှသော် လည်းကောင်း၊ ပြန်လည် ဆောက် လုပ် ကြ ရ ပါ မည်။ ၎င်းအိမ် ပြန်လည် ဆောက်လုပ်သည့် အတွက် ကုန်ကျငွေများကို အချိုးကျ တစ်ဝက်စီခံယူကြရပါမည်။"

၁၉၈၆ ဒေါ်မာရီယမ်ဘီ(ခ) ဒေါ်မရှမ်းပါ (၅) နှင့် ဒေါ်မဥ

အဆိုလွှာအပိုဒ်(၇)ပါ အဆိုပြုချက်များကို ဘတ်ရှုပါက ဒေါ်မဥသည် ဤကတိအတိုင်း ဆောင်ရွက်ရန် အရေးဆိုခြင်းဖြစ်ကြောင်း ထင်ရှားသည်။

အထက်ဖော်ပြပါ ပဋိညာဉ်ကို ခြုံ၍ လေ့လာမည်ဆိုပါက ဒေါ်မာရီယမ်ဘီတို့က ဒေါ်မဥအား အိမ်ခန်းကို (၁၀)နှစ် ကာလအတွက် ငှားရမ်းရာ၌ အိမ်ခန်း ပျက်စီးသွားစေကာမူ အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ပြီး ဒေါ်မဥအား (၁၀) နှစ်ပြည့်သည်အထိ ဆက်လက် ငှားရမ်းရန် သဘောတူညီခဲ့သည့် သဘော သက်ရောက်သည်။

အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဒေါ်မဥက အချင်းဖြစ်အိမ်ခန်းကို လက်ရောက်ပေးအပ်စေရန် အရေးဆိုခြင်းမှာ သက်သေခံ(ခ) စာချုပ်တွင် သဘောတူညီခဲ့သည့် အတိုင်း ဥပစာကို ဆက်လက် ငှားရမ်းရန် တောင်းဆိုသည့် သဘောဖြစ်သည်။ သို့ရာတွင် သက်သေခံ အငှားစာချုပ်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၇ နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၁၇ (၁) (ဃ) အရ လိုအပ်သည့် အတိုင်း မှတ်ပုံတင်ထားခြင်း မရှိသဖြင့် (၁၀) နှစ် ကာလ အတွက် ငှားရမ်းခြင်းမှာ အထမမြောက်ချေ။ သို့ဖြစ်ရာ ဒေါ်မဥ သည် သက်သေခံ (ခ) စာချုပ်ကို အခြေခံကာ အိမ်ခန်းသစ်ကို လက်ရောက်ပေးအပ်ရန် တောင်းဆိုခွင့်ရှိမည် မဟုတ်ချေ။ ဥပဒေအမြင်တွင် မူလက ဒေါ်မဥသည် မီးလောင်သွားသော အိမ်နှင့် စပ်လျဉ်း၍ လစဉ် ငှားရမ်းခပေး၍ ငှားသူသာ ဖြစ်သည်။ ၁၀နှစ် အထိ ငှားရမည်ဟု အရေးဆိုခွင့် မရှိချေ။ သို့ရာတွင် (၁၀) နှစ် မပြည့်မီ အိမ်ရှင်များက သူ့အား ဖယ်ရှားပေးရန် တရားစွဲဆိုပါက ဒေါ်မဥသည် သက်သေခံ(ခ)အိမ်ငှား စာချုပ်အပေါ် အခြေခံကာ ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃(က)ပါ အကျိုးခံစားခွင့်များကို တောင်းဆိုခွင့် ရှိပေလိမ့်မည်။ **ဦးသန်းညွန့် နှင့် ဦးသိန်း ပါ (၂)** [၃] စီရင်ထုံးကို ကြည့်ပါ။ တစ်နည်းအားဖြင့်ဆိုလျှင် ၁၀ နှစ်တာ ကာလ မကုန်ဆုံးမီ အိမ်ရှင်များက မီးလောင်သွားသော အိမ်ခန်းမှ ဒေါ်မဥအား ဖယ်ရှားရန် အားထုတ်လျှင် ဒေါ်မဥ အနေဖြင့် သက်သေခံ (ခ) စာချုပ်ကို အခြေပြု၍ ကာကွယ်ခွင့် ရှိသည်။ သို့ရာတွင် ငှားရမ်းထားသည့် ပစ္စည်းကို လက်လွှတ်လိုက်ရပြီးနောက် ဒေါ်မဥသည် သက်သေခံ (ခ) စာချုပ်ကို မှီငြမ်းပြု၍ ပစ္စည်းလက်ရောက် ရလိုမှု စွဲဆိုခွင့်မရှိတော့ချေ။ အကြောင်းမူ ပစ္စည်း လွှဲပြောင်းရေး ဥပဒေ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များသည် လက်ရှိထားသူကိုသာ အကာအကွယ် ပေးသည်။

---

(၃) ၀၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၁၁၀၁

၁၉၈၆
ဒေါ်မာရီယမ်ဘီ(ခ) ဒေါ်မကျွန်းပါ (၅) နှင့် ဒေါ်မဥ

သို့ရာတွင် ဒေါ်မဥသည် အိမ်ရှင် များအား ပေးထားသော စဘော်ငွေကို ပြန်ရခွင့် ရှိသည်။ ဒေါ်မဥက ငွေကျပ် ၄၀၀၀/- ပြန်ရပြီး ဖြစ်ကြောင်း ဝန်ခံထားသည်ဖြစ်၍ ငွေကျပ် ၉၀၀၀/-သာ ရရှိရန် ရှိတော့သည်။

သက်သေခံ (ခ) စာချုပ်ကို ချုပ်ဆိုသူများတွင် ဦးဒေါ်လီ မပါဝင်ချေ။ သို့ဖြစ်ရာ စဘော် လက်ကျန် ငွေ ကျပ် ၉၀၀၀/-ကို ပေးစေရန် သူ့အပေါ် ဒီကရီ ချမှတ်ခြင်း မပြုနိုင်ချေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ကရင်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်မာရီယမ်ဘီ၊ ဦးစိုးမြင့်၊ ဦးခင်အောင်နှင့် ဦးဝင်းအောင်တို့က ဒေါ်မဥအား ငွေ ကျပ် ၉၀၀၀/- ပေးစေရန် ပြင်ဆင်၍ ဒီကရီ ချမှတ်လိုက်သည်။ နှစ်ရုံးလုံးတွင် ကုန်ကျစရိတ်များကို နှစ်ဖက် အမှုသည်တို့သည် မိမိတို့ကိုယ်တိုင် ကျခံကြစေ။

# တရားမ မ ထ မံ အယူခံမှု

## ဉက္ကဋ္ဌအဖြစ် ဦးဝင်းမောင် (၂)၊ အဖွဲ့ဝင်များ အဖြစ် ဒေါက်တာ မောင်မောင်အေးနှင့် ဒေါက်တာမန်းသက်စံတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ ရှေ့တွင်

ဒေါ်သိန်းကြည်

ဦးလှဦး ပါ (၅) ဦး

နှင့်

ဦးလှဦး ပါ (၇) ဦး *

ဒေါ်သိန်းကြည်

† ၁၉၇၆ ဩဂုတ်လ ၂၅ ရက်

**ဆန့်ကျင် လက်ရှိ ထားခြင်း—မရွှေ့ မပြောင်း နိုင်သော ပစ္စည်းကို မှတ်ပုံတင် အရောင်း စာချုပ်ဖြင့် ဝယ်သူသည်၊ ဝယ်စဉ်က ထို ပစ္စည်းကို လက်ရောက်မရရှိခဲ့၍ ရောင်းသူက ထိုပစ္စည်းပေါ်တွင် ဆက်လက်နေခဲ့ရာ၌ ဝယ်သူ၏ အငှားချထားချက်၊ ခွင့်ပြုချက်တို့ အရ နေထိုင်ခြင်း မဟုတ်လျှင် ရောင်းသူသည် ဝယ်သူကို ဆန့် ကျင် လက်ရှိထားခဲ့သည်ဟု ယူဆရမည်ဖြစ်ခြင်း—ယခင် စွဲဆိုခဲ့ သော အမှုများသည် နောက်ဆုံး စွဲဆိုသော အမှုနှင့် အချင်း ဖြစ် အကြောင်းအရာချင်း မတူသဖြင့် ကာလ စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၄ (၁) အရ ထုတ်ပယ် ပေးရန် အရေး ဆိုခွင့် မရှိခြင်း။**

ဒေါ်သိန်းကြည်သည် ဦးမောင်ကြီးထံမှ အိမ်နှင့် မြေကို မှတ်ပုံတင် စာချုပ်ဖြင့် ဝယ်ယူခဲ့သော်လည်း လက်ရောက်မရရှိဘဲ ယင်းမြေနှင့်အိမ်တွင် ဦးမောင်ကြီးနှင့် သူ၏ သားသမီးများသာ ဆက်လက်နေထိုင်သည်။ ဒေါ် သိန်းကြည်က ယခင်ရန်ကုန်မြို့တော် တရားမရုံးတွင် ဦးမောင်ကြီး အပေါ်

* ၁၉၇၅ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၁၀ နှင့် ၁၆၇

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၅၁၀ (လသာ) တွင် ချမှတ်သော (၂၀-၁-၇၅) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံးအမှတ် (၄) ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု၊

၁၉၈၆
ဒေါ်သိန်းကြည်
ဦးလှဦး ပါ (၅) ဦး
နှင့်
ဦးလှဦး ပါ (၇) ဦး
ဒေါ်သိန်းကြည်

အိမ်ငှားအဖြစ်မှ ဖယ်ရှားပေးစေရန် တရားစွဲဆိုရာ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု မရှိသဖြင့် အမှုပလပ်ခြင်းခံရသည်။ ထို့နောက် ဒေါ်သိန်းကြည်က ကွယ်လွန်သူ ဦးမောင်ကြီး၏ သားသမီးများဖြစ်ကြသည့် ဦးလှဦးပါ (၇) ဦးတို့ပေါ် အချင်းဖြစ် ပစ္စည်းကို ပေါင်နှံသည့် အတွက် ကြွေးမြီ ကျပ်နှစ်သောင်း ရလိုမှုကို စွဲဆိုရာ အရေးနိမ့်ပြန်သည်။ ဒေါ်သိန်းကြည်သည် ယင်းအမှုများတွင် မအောင်မြင်သဖြင့် အချင်းဖြစ် မြေနှင့်အိမ်ကို လက်ရောက်ရလိုကြောင်း ထပ်မံ တရားစွဲဆိုပြန်ရာ ရန်ကုန်တိုင်း တရားရုံးက နှစ်ဖက်ကြားနာပြီးနောက် ဦးလှဦးတို့က ဒေါ်သိန်းကြည်သို့ ငွေ ကျပ်သုံးသောင်း တထောင် ပေးစေရန် ဒီကရီ ချမှတ်လိုက်သဖြင့် နှစ်ဖက် အမှုသည်များက မကျေနပ်၍ ဗဟိုတရားရုံးသို့ အပြန်အလှန် အယူခံ တင်သွင်းလာခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်သိန်းကြည်က အချင်းဖြစ် အိမ်နှင့် မြေကို ဦးမောင်ကြီးထံမှ ဝယ်ယူခဲ့သည်မှန်သော်လည်းယင်းအိမ်နှင့်မြေမှာ ဦးမောင်ကြီးနှင့် သူ၏သားသမီးများလက်ဝယ်၌ ဆက်လက် တည်ရှိခဲ့သည်။ သူတို့သည် ယင်းအိမ်နှင့်မြေတွင် ဒေါ်သိန်းကြည်၏ အိမ် ငှား များ အ ဖြစ် ဖြင့်လည်းကောင်း၊ ဒေါ်သိန်းကြည်၏ အခွင့်အမိန့်အရ နေထိုင်သူများအဖြစ်ဖြင့်လည်းကောင်း၊ နေထိုင်ခြင်းမဟုတ်ချေ။ ဒေါ်သိန်းကြည်က ဦးမောင်ကြီးအပေါ် ပထမစွဲဆိုသောအမှုတွင် ဦးမောင်ကြီးက အချင်းဖြစ် အိမ်နှင့်မြေကို ဒေါ်သိန်းကြည်အား ရောင်းချခဲ့ခြင်း မဟုတ်ကြောင်း၊ အိမ်ကို အပေါင်ထားခြင်းမျှသာဖြစ်ကြောင်း ထုချေခဲ့သည်။ သို့ဖြစ်ရာ ယင်းအမှုစွဲဆိုစဉ်ကပင် ဦးမောင်ကြီးက ယင်းအိမ်မှာ သူပိုင်ဖြစ်သည်ဟု အတိအလင်း ပြောဆိုခဲ့ကြောင်း ထင်ရှားသည်။ ဤအခြေအနေတွင် အချင်းဖြစ် အိမ်ကို ဒေါ်သိန်းကြည်အား ရောင်းချပြီးနောက် ဦးမောင်ကြီးနှင့်သူ၏သားသမီးများက ယင်းအိမ်တွင် ဆက် လက် နေ ထိုင် ခြင်း သည် ပစ္စည်းဝယ်ယူသူ ဒေါ်သိန်းကြည်အား ဆန့်ကျင်ရာရောက်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်သိန်းကြည် စွဲဆိုခဲ့သော ပထမ အမှုနှစ်မှုတွင် ပေါ်ပေါက်သည့် အချင်းဖြစ် အကြောင်း အရာ များ သည် ဒေါ်သိန်းကြည်စွဲဆိုသော နောက်ဆုံး အမှုတွင် ပေါ်ပေါက်သည့် အချင်းဖြစ် အကြောင်းအရာနှင့်မတူသဖြင့် ဒေါ်သိန်းကြည် အနေဖြင့် ယခင်အမှုများကို စွဲဆိုရာ၌ ကုန်လွန်ခဲ့သော အချိန်များကို ကာလ စည်းကမ်းသတ်အက် ဥပဒေ ပုဒ်မ ၁၄ (၁) အရ ထုတ်ပယ်ပေးရန် အရေးဆိုခွင့် မရှိချေ။

| | | | |
|---|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးမြင့်ထွန်း၊ဗဟိုတရားရုံးရှေ့နေ | ၁၉၈၆ |
| အယူခံတရားပြိုင်များအတွက် | – | (၁) (၂) (၄) (၅) (၆) ဦးလှကျော်၊ ဗဟို တရားရုံး ရှေ့နေ | ဒေါ်သိန်းကြည် |
| | – | (၃) (၇) ဦးဇော်သန်း၊ ဗဟိုတရားရုံး ရှေ့နေ | ဦးလှဦး ပါ (၅)ဦး နှင့် ဦးလှဦး ပါ (၇)ဦး |
| တရားရေးအကြံပေး | – | ဦးလှမြင့်ဝင်း | ဒေါ်သိန်းကြည် |

ဒေါ်သိန်းကြည် သည် ဦးလှဦး၊ ဦးလှဘူး၊ ဦးခင်မောင်ညွန့်၊ ဦးနီ ဒေါ်ရှမ်းကြည်၊ ဒေါ်လှမြင့်နှင့် မောင်လှထွန်းတို့၏ဖခင် ဦးမောင်ကြီးထံမှ ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ အိမ်အမှတ် (၇၀) နှင့် ယင်းအိမ်တည်ရာမြေကို ၄–၇–၅၀ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ ဝယ်ယူခဲ့သည်။ ထို့နောက် ယခင် ရန်ကုန် မြို့တော် တရားမရုံး ၁၉၆၁ ခုနှစ် တရားမကြီးမှု အမှတ် ၇၆၂ တွင် ဦးမောင်ကြီးအပေါ် ယင်းအိမ်မှ အိမ်ငှားအဖြစ် ဖယ်ရှားပေးစေရန် တရားစွဲဆိုသည်။ အမှုအတောအတွင်း ဦးမောင်ကြီး အနိစ္စ ရောက်သွားသဖြင့် သူ၏သားသမီးများက ဦးမောင်ကြီး၏ တရားဝင်ကိုယ်စားလှယ် အဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်သည်။ ဒေါ်သိန်းကြည်သည် မူလရုံးတွင် အနိုင်ရသော်လည်း ဦးလှဦးတို့က ယခင် နိုင်ငံတော် တရားရုံးချုပ် ၁၉၆၃ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၂၀ တွင် အယူခံဝင်သောအခါ နိုင်ငံတော်တရားရုံးချုပ်က ဒေါ်သိန်းကြည်နှင့် ဦးမောင်ကြီးတို့အကြားတွင် အိမ်ရှင် အိမ်ငှား ဆက်သွယ်မှု မရှိကြောင်း၊ ဒေါ်သိန်းကြည် အနေဖြင့် အရောင်း အဝယ် စာချုပ်အရ အချင်းဖြစ် အိမ်ကို ပိုင်ဆိုင်သူ ဖြစ်သဖြင့် အိမ်မှ ဦး မောင် ကြီး ၏ တ ရား ဝင် ကိုယ် စား လှယ် များ ကို ဖယ်ရှား၍ အိမ်ကို လက်ရောက် ပိုင်ဆိုင်ခွင့် ရလိုကြောင်း တရားစွဲဆိုရန် ဖြစ်ကြောင်း ကောက်ယူပြီး မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ ဒေါ်သိန်းကြည် စွဲဆိုသောအမှုကို ပလပ် လိုက်သည်။ ဒေါ်သိန်းကြည်က ယခင် နိုင်ငံတော် တရားရုံးချုပ် အခွင့်ထူး အယူခံမှု အမှတ် ၇/၆၅ တွင် ဆက်လက် အယူခံဝင်သော်လည်း မအောင်မြင်ချေ။

ထို့နောက် ဒေါ်သိန်းကြည်က ယခင် ရန် ကုန် မြို့ တော် တရား ရုံး တရားမကြီးမှုအမှတ် ၃၂၉/၇၀ တွင် ဦးလှဦးပါ ၇-ဦးတို့ထံမှ အချင်းဖြစ် ပစ္စည်းကို ပေါင်နှံသည့်အတွက် ကြေးမြီ ကျပ် ၂၀၀၀၀/–ရလိုကြောင်း တရားစွဲဆိုရာ ဒေါ်သိန်းကြည်ဝင် ထပ်မံအရေးနိမ့်ခဲ့သည်။ နောက်ဆုံးတွင် ဒေါ်သိန်းကြည်က ယခင် ရန်ကုန်မြို့တော်တရားရုံး တရားမကြီးမှု အမှတ် ၂၀၉/၇၁ ၌ ဦးလှဦးပါ ၇-ဦးတို့ အပေါ် အချင်း ဖြစ်အိမ်နှင့် မြေကို

၁၉၈၆
ဒေါ်သိန်းကြည်
ဦးလှဦး ပါ (၅)ဦး
နှင့်
ဦးလှဦးပါ (၇)ဦး
ဒေါ်သိန်းကြည်

လက်ရောက်ရလိုကြောင်း ထပ်မံတရားစွဲဆိုသည်။ နောက်ပိုင်းတွင် ယင်းအမှုမှာ ရန်ကုန်တိုင်းတရားရုံး ၁၉၇၇ခုနှစ်တရားမကြီးမှုအမှတ် ၅၁၀(လသာ) ဖြစ်လာသည်။ တိုင်းတရားရုံးက နှစ်ဘက်ကို စစ်ဆေးကြားနာပြီး နောက် ဦးလှဦး တို့က ဒေါ်သိန်းကြည်အား ငွေကျပ် ၃၁၀၀၀/– ပေးစေရန် ဒီကရီချမှတ်လိုက်ရာ နှစ်ဘက်အမှုသည်များက မကျေနပ်သဖြင့် ဒေါ်သိန်းကြည်က ဗဟိုတရားရုံး တရားမ ပထမ အယူခံမှု အမှတ် ၁၁၀/၈၅ တွင်လည်းကောင်း၊ ဦးလှဦး၊ ဦးလှဘူး၊ ဦးနီ၊ ဒေါ်ရှမ်းကြည်နှင့် ဒေါ်လှမြင့်တို့က ဗဟိုတရားရုံး၊ တရားမ ပထမ အယူခံမှု အမှတ် ၁၆၀/၈၅ တွင်လည်းကောင်း အယူခံဝင်သည်။ ဤအယူခံမှုများမှာ မူလမှု တစ်မှုတည်းမှ ပေါ်ပေါက်သည်ဖြစ်၍ အယူခံမှု နှစ်မှုလုံးကို ဤစီရင်ချက်တွင် တပေါင်းတည်း အဆုံးအဖြတ် ပေးမည် ဖြစ်သည်။

ဦးလှဦးတို့က အခြား အချက်အလက်များအပြင် ယခင်အမှုများတွင် ချမှတ်သော စီရင်ချက်များက ဒေါ်သိန်းကြည်တတိယ အကြိမ် စွဲဆိုသော အမှုကို ပိတ်ပင်ကြောင်း၊ ဒေါ်သိန်းကြည်သည် ၁၉၇၀ ပြည့်နှစ်၊ တရားမကြီးမှု အမှတ် ၃၂၉ တွင် အချင်းဖြစ်အိမ်ကို သူ့ထံ ပေါင်ထားသည်ဟု ဝန်ခံထားသည်ဖြစ်၍ ယခုအမှုတွင် ရောင်းချသည်ဟု ပြောဆိုခွင့်မရှိတော့ကြောင်း အမှုကို အကြိမ်ကြိမ်ခွဲ၍ စွဲဆိုခြင်းအား တရားမကျင့်ထုံး ဥပဒေ အမိန့် ၂ နည်း ၂ ပါပြဋ္ဌာန်းချက်များက ပိတ်ပင်ထားကြောင်း၊ ထို့ပြင် ဦးလှဦးတို့သည် အချင်းဖြစ် အိမ်ကို ဆန့်ကျင် လက် ရှိ ထား ခဲ့ သည် ဖြစ် ၍ ဒေါ်သိန်းကြည် စွဲဆိုသော အမှုများမှာ ကာလစည်းကမ်းသတ်ကျော်လွန်မည်ဖြစ်ကြောင်း စသည်ဖြင့် ထုချေသည်။

တိုင်းတရားရုံးက အမှုတွင် အငြင်းပွားသည့် အ ချက် အ လက် များကို ဒေါ်သိန်းကြည်အား အနိုင်ပေး၍ အဆုံးအဖြတ်ပေးသော်လည်း ဖြစ်ရပ်အမှန်မှာအချင်းဖြစ် အိမ်နှင့်မြေကို ပေါင်ခြင်းသာဖြစ်သည်ဟု အကြောင်းပြ၍ ဒေါ်သိန်းကြည် သည် ငွေကျပ် ၃၁၀၀၀/–သာ ရ ထိုက် သည် ဟု ကောက်ယူဆုံးဖြတ်သည်။

ဦးလှဦးတို့၏ရှေ့နေက အချင်းဖြစ်အကြောင်းအရာ တစ်ရပ်တည်းအပေါ် အမည်အမျိုးမျိုး၊ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် သက်သာခွင့် အမျိုးမျိုးတောင်းဆိုခဲ့သည်မှာ ထင်ရှားသည်ဖြစ်၍ ဒေါ်သိန်းကြည်စွဲဆိုသော အမှုကို တရားမကျင့်ထုံးဥပဒေ အမိန့် ၂ နည်း ၂ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်ကြောင်းအကျယ် တဝင့် တင် ပြ လျှောက် ထား သည်။ ဒေါ်သိန်း ကြည် ပထမဆုံး စွဲဆိုသော အမှုမှာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ

၁၉၈၆
ဒေါ်သိန်းကြည်
ဦးလှဦး ပါ (၅)ဦး နှင့် ဦးလှဦး ပါ (၇) ဦး
ဒေါ်သိန်းကြည်

ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ စွဲဆိုသော အမှု ဖြစ်သည်။ ယင်းအမှုမျိုးမှာ အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုအပေါ် အခြေခံသော အမှု ဖြစ်သည်။ ကွယ်လွန်သူ ဦးမောင်ကြီးက အိမ်လခ ပေးရန် ပျက်ကွက်သည်ကို အကြောင်းပြုပြီး ယင်းအမှုကို စွဲဆိုခြင်းဖြစ်သည်။

ဒေါ်သိန်းကြည် ဒုတိယ စွဲဆိုသောအမှုမှာ အချင်းဖြစ် အိမ်နှင့် မြေကို သူ့ထံ ပေါင်နှံထားသည်ဟုဆိုကာ ငွေကြေးမြီ ကျပ် ၂၀၀၀၀ ‘–ရလိုကြောင်း စွဲဆိုသော အမှု ဖြစ်သည်။ ယင်းအမှုတွင် အချင်းဖြစ် အကြောင်းအရာမှာ ဒေါ်သိန်းကြည်နှင့် ဦးမောင်ကြီးတို့ အကြား၌ ပေါင်သူနှင့် အပေါင်ခံသူတို့ ဆက်ဆံမှုရှိ၍ ပေါင်သူက ငွေကြေးမြီ ပေး ဆပ် ရန် ပျက် ကွက် ခြင်း ဖြစ်သည်။

ဒေါ်သိန်းကြည် နောက်ဆုံး စွဲဆိုသော အမှုမှာ အချင်းဖြစ် အိမ်နှင့် မြေကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူထားသည်ဟု အဆိုပြုပြီး လက်ရောက် ရလိုကြောင်း စွဲဆိုသည့် အမှုအမျိုးအစားဖြစ်သည်။ သို့ဖြစ်ရာ အမှုသုံးမှုတွင် ပေါ်ပေါက်သော အကြောင်းအရာများမှာ လုံးဝကွဲပြားခြားနားကြောင်း အထူးပြောရန် မလိုချေ။ အချင်းဖြစ်ပစ္စည်းမှာ အတူတူဖြစ်သည် မှန်သော်လည်း အမှုစွဲဆိုပုံ စွဲဆိုနည်း ကွဲပြားသည်ဖြစ်၍ တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၂ နည်း ၂ ပါ ပြဋ္ဌာန်းချက်များက ဒေါ်သိန်းကြည် စွဲဆိုသော အမှုကို ပိတ်ပင်ရန် အကြောင်း မရှိနိုင်ချေ။

ဒေါ်သိန်းကြည်သည် အချင်းဖြစ် အိမ်နှင့် မြေကို ဝယ်ယူခဲ့ကြောင်း သက်သေခံ မှတ်ပုံတင် စာချုပ် အရ ထင်ရှားသည်။ ဒေါ်သိန်းကြည်နှင့် ဦးမောင်ကြီးတို့မှတဆင့် ဦးလှဦးတို့ အကြားတွင် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှု မရှိကြောင်း တရားရုံးက အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ ပေါင်သူနှင့် အပေါင်ခံသူတို့ ဆက်ဆံရေးလည်း မရှိကြောင်း အဆုံးအဖြတ်ပေးပြီး ဖြစ်သည်။ ဤအခြေအနေတွင် အချင်းဖြစ် အိမ်နှင့်မြေကို ဝယ်ယူခဲ့သော ဒေါ်သိန်းကြည်သည် မိမိဝယ်ယူသောအိမ်ကို လက်ရောက်ရခွင့်ရှိပေသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၅ (၁) (စ) အရ ရောင်းသူဘက်မှလည်း လက်ရောက်ပေးအပ်ရန် တာဝန်ရှိပေသည်။

ဦးလှဦးတို့၏ ရှေ့နေက ဒေါ်သိန်းကြည် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၄၄ တွင် သတ်မှတ်ထားသော စည်းကမ်းသတ် ကာလ (၁၂) နှစ်ထက် ကျော်လွန်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

ဒေါ်သိန်းကြည်က အချင်းဖြစ်အိမ်နှင့်မြေကို ဦးမောင်ကြီးထံမှ ဝယ်ယူခဲ့သည် မှန်သော်လည်း ယင်းအိမ်နှင့် မြေမှာ ဦးမောင်ကြီးနှင့် သူ၏ သားသမီးများ လက်ဝယ်၌ ဆက်လက်တည်ရှိခဲ့သည်။ သူတို့သည် ယင်းအိမ်နှင့်မြေတွင် ဒေါ်သိန်းကြည်၏ အိမ်ငှားများအဖြစ်ဖြင့် လည်းကောင်း ဒေါ်သိန်းကြည်၏အခွင့်အမိန့်အရ နေထိုင်သူများ အဖြစ်ဖြင့်လည်းကောင်း၊ နေထိုင်ခြင်း မဟုတ်ချေ။ ဒေါ်သိန်းကြည်က ဦးမောင်ကြီးအပေါ် ပထမ စွဲဆိုသော အမှုတွင် ဦးမောင်ကြီးက အချင်းဖြစ် အိမ်နှင့် မြေကို ဒေါ်သိန်းကြည်အား ရောင်းချခဲ့ခြင်း မဟုတ်ကြောင်း၊ အိမ်ကို အပေါင်ထားခြင်းမျှသာ ဖြစ်ကြောင်း ထုချေခဲ့သည်။ သို့ဖြစ်ရာ ယင်းအမှုစွဲဆိုစဉ်ကပင် ဦးမောင်ကြီးက ယင်းအိမ်မှာ သူပိုင်ဖြစ်သည်ဟု အတည့်အလင်း ပြောဆိုခဲ့ကြောင်း ထင်ရှားသည်။ ဤအခြေအနေတွင် အချင်းဖြစ်အိမ်ကို ဒေါ်သိန်းကြည်အား ရောင်းချပြီးနောက် ဦးမောင်ကြီးနှင့် သူ၏ သားသမီးများက ယင်းအိမ်တွင် ဆက်လက်နေထိုင်ခြင်းသည် ပစ္စည်းဝယ်ယူသူ ဒေါ်သိန်းကြည်အား ဆန့်ကျင်ရာ ရောက်ပေသည်။ **ဦးအောင်ဆိုင်** နှင့် **ဦးစံရီ** [၁] စီရင်ထုံးကို ကြည့်ပါ။

ဒေါ်သိန်းကြည်၏ရှေ့နေက ဒေါ်သိန်းကြည်သည် ပထမ အမှုနှစ်မှုကို သဘောရိုးဖြင့် စွဲဆိုခဲ့သည်ဖြစ်၍ ယင်းအမှုများ စွဲဆိုသည့်ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄ (၁) အရ ထုတ်ပယ်သင့်ကြောင်း၊ ယင်းသို့ ထုတ်ပယ်လိုက်ပါက ဒေါ်သိန်းကြည် စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိကြောင်း တင်ပြ လျှောက်ထားသည်။ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၁၄ (၁) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"အချင်းဖြစ် အကြောင်းအရာ တစ်ခုအတွက် တရားစွဲဆိုသော တရားမကြီးမှုဆိုင်ရာ ပြဋ္ဌာန်းထားသည့် စည်းကမ်း သတ် ကာလ အပိုင်းအခြားကို ရေတွက်ရာတွင် တရားလိုသည် တရားခံအပေါ်၌ ဝီရိယ စိုက်ထုတ်သင့်သည့်အလျောက် စိုက်ထုတ်ကာ ထို အချင်းဖြစ် အကြောင်းအရာအတွက် ယခင်အခါက မူလတရားရုံး၌သော်လည်းကောင်း၊ အယူခံတရားရုံး၌ သော်လည်းကောင်း၊ သဘောရိုးဖြင့် တရားမကြောင်းစွဲဆိုဆောင်ရွက်ခဲ့၍အဆိုပါတရားရုံးတစ်ခုခုကလည်း စီရင်ပိုင်ခွင့် အာဏာမရှိခြင်းကြောင့် ဖြစ်စေ၊ အခြား အလားတူ သဘောရှိသောအကြောင်းကြောင့်ဖြစ်စေ၊အဆိုပါစွဲဆိုသော အမှုကို လက်မခံနိုင်ရှိသည့် ကိစ္စ၌တရားလိုသည် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတခုတွင် တရားဘက်အမှုသည် အပေါ်၌ ယခင်အချင်းဖြစ် အကြောင်းအရာအတွက် ထပ်မံစွဲဆိုဆောင်ရွက်လျှင် ယခင် တရား

(၁) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာ–၁၆၆ (၁၇၀–၁၇၁)

၁၉၈၆
ဒေါ်သိန်းကြည်
ဦးလှဦး ပါ
(၅) ဦး
နှင့်
ဦးလှဦး ပါ
(၇) ဦး
ဒေါ်သိန်းကြည်

ရုံး၌ ကုန်လွန်ခဲ့သော အချိန်ကာလကို ထည့်သွင်း ရေတွက်ခြင်း မပြုဘဲ ထုတ်ပယ်ရမည်။"

ဒေါ်သိန်းကြည် စွဲဆိုခဲ့သော ပထမ အမှုနှစ်မှုတွင် ပေါ်ပေါက်သည့် အချင်းဖြစ်အကြောင်းအရာများသည် ဒေါ်သိန်းကြည်စွဲဆိုသောနောက်ဆုံး အမှုတွင် ပေါ်ပေါက်သည့် အချင်းဖြစ် အကြောင်းအရာနှင့် မတူကြောင်း အထက်တွင် ရှင်းပြပြီးဖြစ်သည်။ သို့ဖြစ်ရာ ဒေါ်သိန်းကြည် အနေဖြင့် ယခင်အမှုများကိုစွဲဆိုရာ၌ ကုန်လွန်ခဲ့သော အချိန်များကို ကာလစည်းကမ်း သတ် အက်ဥပဒေပုဒ်မ ၁၄ (၁) အရ ထုတ်ပယ်ပေးရန် အရေးဆိုခွင့် မရှိချေ။ ဒေါ်သိန်းကြည်သည် အချင်းဖြစ်အိမ်နှင့်မြေကို ၄-၇-၅၀ နေ့တွင် ဝယ်ယူခဲ့သည်ဖြစ်ရာ ၁၃-၀-၇၁ နေ့တွင် စွဲဆိုသော ယခုအမှုမှာ ကာလ စည်းကမ်းသတ် အက်ဥပဒေပထမ ဇယားအမှတ်စဉ် ၁၄၄ တွင် သတ်မှတ် ထားသော (၁၂) နှစ် ကာလထက် ကျော်လွန်ကြောင်း ထင်ရှား နေ ပေသည်။

ဦးလှဦးတို့၏ ရှေ့နေက တရားလို ဒေါ်သိန်းကြည်သည် အချင်းဖြစ် အိမ်နှင့်မြေကို လက်ရောက်ရလိုကြောင်းသာ တောင်းဆိုထားပါလျက် မူလ ရုံးက ဒေါ်သိန်းကြည်အား ငွေ ကျပ် ၃၁၀၀၀/- ပေးစေရန် ဒီကရီ ချမှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားသည်။ အယူခံ တရားလို ဦးလှဦးတို့၏ တင်သွင်းသော အယူခံမှုမှာ သတ်မှတ်ထားသော စည်းကမ်းသတ်ကာလထက် (၁၂၅) ရက်ကျော်လွန်ကြောင်းတွေ့ရှိရသည်။ ယင်းသို့ စည်းကမ်းသတ်ကာလကျော်လွန်ရခြင်းနှင့် စပ်လျဉ်း၍အကြောင်း တစ်စုံတစ်ရာ ပြဆိုထားခြင်း မရှိချေ။

တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁ နည်း ၂၂ အရ ဦးလှဦးတို့ သည် ဒေါ်သိန်းကြည် တင်သွင်းသော အယူခံတွင် တန်ပြန်ကန့်ကွက်လွှာ တင်သွင်းခွင့်ရှိပေသည်။ သို့ရာတွင် သူတို့သည် ယင်းနည်းဥပဒေတွင် ခွင့်ပြု ထားသည့် အတိုင်း တန်ပြန်ကန့်ကွက်လွှာ တင်သွင်းခြင်း မပြုဘဲ အပြန် အလှန် အယူခံလွှာ တင်သွင်းခဲ့သည်။ ဒေါ်သိန်းကြည် တင်သွင်းသော အယူခံလွှာ၌ ဗဟိုတရားရုံးရှေ့နေ ဦးလှကျော်က ၂၉-၇-၇၅ ရက်စွဲပါ ရှေ့နေကိုယ်စားလှယ်စာ တင်သွင်းထား ကြောင်း တွေ့ ရ သည်။ တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁ နည်း ၂၂ အရ ဦးလှဦးတို့သည်ဒေါ်သိန်းကြည်၏ အယူခံလွှာကို ကြားနာမည့်အကြောင်း သူတို့ထံပေးပို့သော အကြောင်း ကြားစာကိုရရှိပြီးနောက် တစ်လအတွင်း တန်ပြန်ကန့်ကွက်လွှာတင်သွင်းရန် ကာလစည်းကမ်းသတ်သတ်မှတ်ထားသည်။ သို့ဖြစ်ရာ ဦးလှဦးတို့၏အယူခံကို တန်ပြန်ကန့်ကွက်လွှာအဖြစ် သတ်မှတ်နိုင်သည့် တိုင်အောင် ယင်းအယူခံ

လွှာကို ၁၈-၉-၈၅နေ့တွင် တင်သွင်းခဲ့သည်ဖြစ်၍ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း ထင်ရှားနေပေသည်။ ယင်းသို့ ကျော်လွန် ရခြင်းနှင့် စပ်လျဉ်း၍ ဦးလှဦးတို့က အကြောင်း တစ်စုံတစ်ရာ ပြထားခြင်း မရှိသဖြင့် တရားမကျင့်ထုံး ဥပဒေ အမိန့် ၄၁ နည်း ၂၂ တွင်ခွင့်ပြုထားသည့် အတိုင်း ဦးလှဦးတို့၏ အယူခံလွှာကို လက်ခံနိုင်ရန် အကြောင်းမမြင်ချေ။

ထို့ကြောင့် ဒေါ်သိန်းကြည်နှင့် ဦးလှဦးတို့ တင်သွင်းသော အယူခံမှုများကို ပလပ်လိုက်သည်။နှစ်ဘက်အမှုသည်တို့သည် မိမိတို့တင်သွင်းသော အယူခံမှုများအတွက် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

# တရားမ အထွေထွေ လျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းတင်နှင့် ဦးဝင်းမောင်(၂)တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၆ ဩဂုတ်လ ၂၅ရက်

ဒေါ်အေးရီ

နှင့်

ဒေါ်ခင်စန်းရီ*

**စီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန် တင်သွင်းသော လျှောက်လွှာ အတွက် ထမ်းဆောင်ရမည့် ရုံးခွန်–ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၂ (၂) ပါ ပြဋ္ဌာန်း ချက်များသည် ရုံးခွန် အက်ဥပဒေနှင့် သက်ဆိုင်ရန် အကြောင်းမရှိခြင်း။**

လျှောက်ထားသူ ဒေါ်အေးရီက ဗဟိုတရားရုံးက ချမှတ်သည့် စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်လွှာကို ကာလ စည်းကမ်း သတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၁၇၃ တွင် သတ်မှတ်ထားသည့် ရက် (၉၀) ထက် ကျော်လွန်၍ တင်သွင်းခြင်း ဖြစ်သော်လည်း၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၂(၂)ပါ ပြဋ္ဌာန်းချက် အရ ထုတ်ပယ်ရန် လိုအပ်သည့် ရက်များကို ထုတ်နုတ်လိုက်ပါက ၎င်း တင်သွင်းသည့် လျှောက်လွှာသည် စည်းကမ်းသတ် ကာလ အတွင်း ကျရောက်ကြောင်း၊ သို့ရာ တွင် ဒေါ်အေးရီ ထမ်းဆောင်သော ရုံးခွန်သည် လုံလောက်မှု မရှိဟု ရုံးခန်းမှ တင်ပြလာသဖြင့် ယင်း ဥပဒေပြဿနာကို အဆုံးအဖြတ်ပေးရန် အကြောင်း ပေါ်ပေါက်သည်။

**ဆုံးဖြတ်ချက်။** ။စီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်လွှာကို ဒီကရီ ချမှတ်သည့်နေ့မှ (၉၀) ရက် မြောက် နေ့ မကိုင်မီ တင်သွင်းသည့် အတွက် ရုံးခွန်ကို လျော့ပေါ့သည့်နှုန်းဖြင့် ထမ်းဆောင်ရန် ခွင့်ပြုထား

---

* ၁၉၇၆ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာ အမှတ် ၁၄

† ၁၉၇၄ ခုနှစ်၊ တရားမ ပထမ အယူခံမှု အမှတ် ၁၇၃ တွင် ချမှတ်သော (၂၀-၂-၇၆) နေ့စွဲပါ ဗဟိုတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည် သုံးသပ်ပေးပါရန် လျှောက်ထားခြင်း။

၁၉၈၆
ဒေါ်အေးရီ
နှင့်
ဒေါ်ခင်စန်းရီ

ကြောင်း ပေါ်ပေါက်သည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက ရှီးခွန်ကို ထမ်းဆောင်ရမြဲ နှုန်းအတိုင်း ထမ်းဆောင်ရန်ဖြစ်သည်။ သို့ဖြစ်ရာ လျော့ပေါ့သည့် နှုန်းဖြင့် ထမ်းဆောင်ခွင့် ရနိုင်ရန် အလို့ငှာ သတ်မှတ်သည့် နေ့ရက် အတွင်း လျှောက်လွှာကို တင်သွင်းဘို့ လိုကြောင်း ယုံမှားဘွယ် မရှိပေ။ ရှီးခွန် အက်ဥပဒေနှင့် ကာလ စည်းကမ်းသတ် အက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များမှာ အကြောင်းအရာချင်း မတူသည့်အလျှောက် မိတ္တူကူး ရက်ကို ထုတ်ပယ်ခွင့်ပြုသည့် ကာလ စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၂ (၂)ပါ ပြဋ္ဌာန်းချက်များသည် ရှီးခွန် အက်ဥပဒေနှင့် သက်ဆိုင်ရန် အကြောင်း မရှိနိုင်ချေ။

လျှောက်ထားသူအတွက် — ဦးတင်လှိုင်(တောင်တွင်းကြီး)၊ ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူအတွက် — —

တရားရေးအကြံပေး — ဦးဘသန်းအောင်

မကွေးတိုင်း တရားရုံး တရားမကြီးမှု အမှတ် ၉/၈၀ တွင် လျှောက်ထားခံရသူ ဒေါ်ခင်စန်းရီက လျှောက်ထားသူ ဒေါ်အေးရီ နှင့် အခြားသူများအပေါ် ကွယ်လွန်သူ ဒေါ်စောသိပိုင် မြေကွက်ကို လက်ရောက်ရလိုမှုနှင့် ယင်း မြေပေါ်ရှိအိမ်ကို မိမိနှင့် ဒေါ်အေးရီတို့အား ထက်ဝက်စီ ခွဲဝေပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ရရှိသည်။ ဒေါ်အေးရီက မကွေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ ဗဟိုတရားရုံး တရားမ ပထမ အယူခံမှု အမှတ် ၁၇၃/၈၄ တွင် အယူခံဝင်ရာ ဗဟိုတရားရုံးက နှစ်ဘက်ကိုကြားနာပြီးနောက် မကွေးတိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဒေါ်အေးရီ တင်သွင်းသော အယူခံမှုကို ပလပ်လိုက်လေသည်။ ဒေါ်အေးရီက ဗဟိုတရားရုံး စီရင်ချက်ကို ပြန်လည်း သုံးသပ်ပေးရန် တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄နှင့် အမိန့် ၄၇တို့ အရ ဤလျှောက်လွှာကို တင်သွင်းသည်။ ဤလျှောက်လွှာအတွက် ဒေါ်အေးရီ ထမ်းဆောင်သော ရှီးခွန်သည် လုံလောက်မှု မရှိဟု ရှီးခန်းမှ တင်ပြလာသဖြင့် ယင်း ဥပဒေ ပြဿနာကို အဆုံးအဖြတ်ပေးရန် အကြောင်း ပေါ်ပေါက်လာသည်။

လျှောက်ထားသူ၏ ရှေ့နေက ရှီးခွန် အက်ဥပဒေဇယား-၁၊ အမှတ်စဉ် ၅ အရ လျှောက်ထားသူ ထမ်းဆောင်းရမည့် ရှီးခွန်မှာ သာမန် ထမ်းဆောင်ရမည့် ရှီးခွန်၏ထက်ဝက်ဖြစ်ကြောင်း၊ စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်လွှာ အတွက် စည်းကမ်းသတ် ကာလကို ကာလ စည်းကမ်းသတ် အက် ဥပဒေ ပထမဇယား အမှတ်စဉ် ၁၇၃တွင် သတ်မှတ်

ထားရာ လျှောက်ထားသူအနေဖြင့် ဤလျှောက်လွှာကို တင်သွင်းရန် ကြန့်ကြာခဲ့ရသောကာလ၊ စီရင်ချက်ကို မိတ္တူကူးရာ၌ ကုန်လွန်သော ကာလကို ထုတ်နုတ်ရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ လျှောက်ထားသူ ထမ်းဆောင်သော ရုံးခွန်မှာ လုံလောက်ကြောင်း စသည်ဖြင့် တရားမကျင့်ထုံး ဥပဒေကျမ်း တစ်စောင်ကို ကိုးကား၍ လျှောက်ထားသည်။ ၁၉၇၆ ဒေါ်အေးရီ နှင့် ဒေါ်ခင်စန်းရီ

ကာလ စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၁၂(၂)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "အယူခံမှုအတွက် လည်းကောင်း၊ အယူခံခွင့်ရရန် လျှောက်ထားမှုအတွက် လည်းကောင်း၊ စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားမှု အတွက် လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ် ကာလအပိုင်းအခြားကို ရေတွက်ရာတွင် ထိုအမှုတစ်ခုခုအတွက် စီရင်ချက် ချမှတ်သည့် နေ့ရက်ကို လည်းကောင်း၊ အယူခံဝင်သော၊ သို့တည်းမဟုတ် ပြန်လည်သုံးသပ်ပေးစေလိုသော ဒီကရီ၏၊ သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ချက်၏ သို့တည်းမဟုတ် အမိန့်၏ မိတ္တူရရှိရေးအတွက် လိုအပ်သော အချိန်ကာလကို လည်းကောင်း ထုတ်ပယ်ရမည်။"

လျှောက်ထား သူသည် ဗဟို တရားရုံးက ချမှတ်ခဲ့သော စီရင် ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်လွှာကို ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၇၃ တွင် သတ်မှတ် ထား သော ရက် (၉၀) ထက် ကျော်လွန်၍ တင်သွင်းခဲ့သည် မှန်သော်လည်း အဆိုပါ ဥပဒေ ပုဒ်မ ၁၂(၂) တွင် ခွင့်ပြုထားသည့် အတိုင်း မိတ္တူကူးသည့် ရက်များကို ထုတ်နုတ်လိုက်ပါက လျှောက်လွှာမှာ ကာလ စည်း ကမ်း သတ် အတွင်း ကျရောက်သည် ။သို့ဖြစ်ရာ ကာလ စည်းကမ်းသတ်နှင့် စပ်လျဉ်း၍ ပြဿနာ ပေါ်ပေါက်နိုင်ဘွယ်ရာ အကြောင်း မရှိနိုင်ချေ။

စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်လွှာ အတွက် ထမ်းဆောင်ရမည့် ရုံးခွန်ကို အောက်ပါ အတိုင်း နှစ်မျိုး နှစ်စား သတ်မှတ်ထားသည်-

| Number | Proper Fee |
| --- | --- |
| 4. Application for review of judgment, if presented on or after the ninetieth day from the date of the decree. | The fee leviable on the plaint or memorandum of appeal. |

| ၁၉၈၆<br>ဒေါ်အေးရီ<br>နှင့်<br>ဒေါ်ခင်စန်းရီ | 5. Application for review of judgment, if presented before the ninetieth day from the date of the decree. | One half of the fee leviable on the plaint or memorandum of appeal. |
|---|---|---|

ဤ ပြဋ္ဌာန်းချက် နှစ်ရပ်ကို ပူးတွဲ ဖတ်ရှုပါက စီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်လွှာကို ဒီကရီ ချမှတ်သည့်နေ့မှ (၉၀)ရက်မြောက်နေ့ မတိုင်မီ တင်သွင်းသည့် အတွက် ရုံးခွန်ကို လျော့ပေါ့သည့် နှုန်းဖြင့် ထမ်းဆောင်ရန် ခွင့်ပြုထားကြောင်း ပေါ်ပေါက်သည်။ ထိုသတ်မှတ် ရက်ကျော်လွန်ပါက ရုံးခွန်ကို ထမ်းဆောင်ရမြဲ နှုန်းအတိုင်း ထမ်းဆောင်ရန် ဖြစ်သည်။ သို့ဖြစ်ရာ လျော့ပေါ့သည့်နှုန်းဖြင့် ထမ်းဆောင်ခွင့်ရနိုင်ရန် အလို့ငှာ သတ်မှတ်သည့် နေ့ရက်အတွင်း လျှောက် လွှာ ကို တင် သွင်း ဘို့လိုကြောင်း ယုံမှားဘွယ်မရှိပေ။ ရုံးခွန်အက်ဥပဒေနှင့် ကာလစည်းကမ်းသတ် အက် ဥပဒေတို့ပါ ပြဋ္ဌာန်း ချက် များ မှာ အကြောင်းအရာ ချင်းမတူသည့်အလျှောက်မိတ္တူကူးရက်ကို ထုတ်ပယ်ခွင့်ပြုသည့်ကာလ စည်း ကမ်းသတ် အက် ဥပဒေ ပုဒ်မ ၁၂ (၂) ပါ ပြဋ္ဌာန်းချက်များသည် ရုံးခွန်အက်ဥပဒေနှင့် သက်ဆိုင်ရန်အကြောင်းမရှိနိုင်ချေ။ ထို့ပြင် ရုံးခွန် အက်ဥပဒေတွင် ကာလစည်းကမ်းသတ် အက် ဥပဒေ ပုဒ်မ ၁၂ (၂) ပါ ပြဋ္ဌာန်းချက်မျိုးကို ပြဋ္ဌာန်းထားခြင်း မရှိကြောင်းတွေ့ရသည်။

လျှောက်ထားသူသည် စီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန်လျှောက်လွှာကို ဗဟိုတရားရုံးက စီရင်ချက်ချမှတ်ပြီးနောက် ရက် (၁၁၀) ကြာမှ တင်သွင်းခဲ့သည်ဖြစ်၍ ရုံးခွန် အက် ဥပဒေ ဇယား–၁၊ အမှတ်စဉ် ၄ တွင် သတ်မှတ်ထားသည့်အတိုင်း ရုံးခွန်ထမ်းဆောင်ရပေမည်။ **ကိုတား** ^(၁)^ အမှုကိစ္စ စီရင်ထုံးကို ကြည့်ပါ။

ထို့ကြောင့် လျှောက်ထားသူသည် ဤလျှောက်လွှာအတွက် ရုံးခွန်ကို ရုံးခွန် အက် ဥပဒေ ဇယား – ၁၊ အမှတ်စဉ် ၄ အရ ကျ သင့် သည့် ရုံးခွန်ကို ဖြည့်စွက်ထမ်းဆောင်ရန် ညွှန်ကြားလိုက်သည်။ စရိတ်မရှိ။

---

(၁) မဒရပ် စီရင်ထုံးများ၊ အတွဲ ၉၊ စာ ၁၃၄

# တရားမ ပထမ အယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များ အဖြစ် ဦးထွန်းတင်နှင့် ဦးအေးစန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ ရှေ့တွင်

ဦးအောင်ကြွယ်

နှင့်

ဒေါ်မြခွေပေါ (၂)*

† ၁၉၈၆ စက်တင်ဘာလ ၉ ရက်

**အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၈(၁)—အမွေထိန်းစာ ထုတ်ပေးရန် လျှောက်ထားသူအား အမွေထိန်းစာ ရထိုက်ခွင့်ရှိမရှိ သုံးသပ်ရာ၌ ၎င်းသည် အမွေပုံမှ ဖယ်ထုတ်ခြင်း ခံရသူ ဟုတ်မဟုတ် စိစစ်ရန်လိုခြင်း—ကန့်ကွက်သူသည် အမွေရထိုက်သူ ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်ရန် မလိုခြင်း။**

ရေဝတီတိုင်း တရားရုံး တရားမ အထွေထွေမှု အမှတ် ၁၂၄/၈၃ တွင် ကွယ်လွန်သူ ဦးသာစ ကျန်ရစ်သော အမွေပစ္စည်းများ အတွက် အမွေထိန်းစာ ထုတ်ပေးရန် ညီဖြစ်သူ ဦးအောင်ကြွယ်က လျှောက်ထားသည်ကို ဦးသာစ၏ မွေးစားသမီးဟု ဖော်ပြသူမလှလှက ကန့်ကွက်သည်။ တိုင်းတရားရုံးက ဦးအောင်ကြွယ်၏ လျှောက်လွှာကို ပလပ်လိုက်သဖြင့် ဦးအောင်ကြွယ်က ဗဟိုတရားရုံးတွင် အယူခံခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၁၈(၁)ပါ ပြဋ္ဌာန်းချက်များအရ ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရထိုက်သူအား အမွေထိန်းစာ ထုတ်ပေးနိုင်သည်။ အကယ်၍ မလှလှသည် ကွယ်လွန်သူ၏ ကိတ္တိမသမီးဖြစ်ပါမူ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကွယ်လွန်သူ၏ညီ ဦးအောင်ကြွယ်အား အမွေပုံမှ ပယ်ထုတ်မည်ဖြစ်၍ ဦးအောင်ကြွယ်သည် ကွယ်လွန်သူ ဦးသာစ၏အမွေကို

---

* ၁၉၈၅ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၁၂၃

† ၁၉၈၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃ (ဝါးခယ်မ) တွင် ချမှတ်သော (၈-၄-၈၅) ရက် စွဲပါ ဧရာဝတီတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၁၉၈၆
ဦးအောင်ကြွယ်
နှင့်
ဒေါ်မြရွှေ ပါ
(၂)

ထိန်းသိမ်းရန် အတွက် အမွေထိန်းစာ ရခွင့်ရှိမည် မဟုတ်ချေ။ သို့ဖြစ်ရာ ဦးအောင်ကြွယ် အနေဖြင့် အမွေထိန်းစာ ရထိုက်ခွင့်ရှိမရှိ သုံးသပ်ရာ၌ မလှလှသည် ဦးသာစ၏ ကိတ္တိမသမီး ဟုတ်မဟုတ်ကို စိစစ်ဆုံးဖြတ်ရမည် ဖြစ်သည်။

သို့ရာတွင် မလှလှသည် ဦးသာစ၏ကိတ္တိမသမီး မဟုတ်ဘဲ အပတိဋ္ဌသမီး သာ ဖြစ်ပါမူ ဦးအောင်ကြွယ်အား အမွေပုံမှ ပယ်ထုတ်ခြင်း မပြုနိုင်သဖြင့် ဦးအောင်ကြွယ်သည် အမွေထိန်းစာမရထိုက်သော အကြောင်းများမရှိပါက အမွေထိန်းစာကို သူ့အား ထုတ်ပေးနိုင်သည်။ သို့ဖြစ်၍ ဦးအောင်ကြွယ်အား အမွေထိန်းစာ ထုတ်ပေးသင့် မသင့်သုံးသပ်ရာ၌ မလှလှသည် ကွယ်လွန်သူ၏ အပတိဋ္ဌသမီး ဟုတ်မဟုတ် စိစစ်ဆုံးဖြတ်ရန် မလိုချေ။

အယူခံတရားလိုအတွက် – ဦးကျော်ငြိမ်း(ဖေါင်တော်သီ)၊
ဗဟိုတရားရုံးရှေ့နေ

အယူခံတရားပြိုင်များအတွက် – (၁) ကိုယ်တိုင်
(၂) ဦးစိုးဝင်း၊
ဗဟိုတရားရုံးရှေ့နေ

တရားရေးအကြံပေး – ဦးခင်စိုး

ဧရာဝတီတိုင်းတရားရုံး၊ တရားမ အထွေထွေမှု အမှတ် ၁၂၄/၈၃ တွင် ဝါးခယ်မမြို့၊ ဆေးရုံ ရပ်ကွက်၌ နေထိုင် ကွယ်လွန်ခဲ့သည့် ဦးသာစ ကျန် ရစ်သည့် အမွေပစ္စည်းများအတွက် အမွေထိန်းစာ ထုတ်ပေးရန် ညီဖြစ်သူ ဦးအောင်ကြွယ်က လျှောက်ထားသည်။ ဦးအောင်ကြွယ်အား အမွေထိန်း စာ ထုတ်ပေးရန် အစ်မ ဒေါ်မြရွှေက သဘောတူသော်လည်း မလှလှက သူသည် ဦးသာစ၏ တစ်ဦးတည်းသော အမွေဆိုင်မွေးစားသမီးဖြစ်ကြောင်း ဖော်ပြပြီး ဦးအောင်ကြွယ်၏ လျှောက်လွှာကို ကန့်ကွက်သည်။ သို့ဖြစ်၍ တိုင်းတရားရုံးက ဦးအောင်ကြွယ်၏ အမွေထိန်းစာ လျှောက်ထားခြင်းကို တရားမကြီးမှု အမှတ် ၃/၈၄ (ဝါးခယ်မ) အဖြစ် ပြောင်းလဲ စစ်ဆေး ပြီးနောက် ဦးအောင်ကြွယ်၏ လျှောက်လွှာကို ပလပ် လိုက်သောကြောင့် ဦးအောင်ကြွယ်က ဗဟိုတရားရုံးတွင် ဤတရားမ ပထမ အယူခံမှုကို တင် သွင်းခြင်း ဖြစ်သည်။

တိုင်းတရားရုံးက အမွေရှင်ဦးသာစတွင်မွေးစားသမီး ရှိနေသောကြောင့် ညီဖြစ်သူ ဦးအောင်ကြွယ်အား အမွေထိန်းစာ ထုတ်ပေးရန် မသင့်ဟု ကောက်ယူ သုံးသပ်သည်။

၁၉၈၆
ဦးအောင်ကြွယ်
နှင့်
ဒေါ်မြစ္မေ
(၂)

အယူခံ တရားလို၏ ရှေ့နေက အမွေပစ္စည်းများ မပျောက်ပျက် စေရန် အလို့ငှာ အမွေထိန်းစာကို ထုတ်ပေးခြင်း ဖြစ်ရာ အယူခံ တရားလို ဦးအောင်ကြွယ်သည် ကွယ်လွန်သူဦးသာစ၏ ညီအရင်းဖြစ်သည်မှာ အငြင်း မပွားကြောင်း၊ မလှလှသည် အပတိဋ္ဌသမီး ဖြစ်-မဖြစ် အငြင်း ပွားနေ ကြောင်း၊ ဤ အခြေအနေတွင် ညီအရင်းဟု အငြင်းမပွားသော ဦးအောင်ကြွယ်အား အမွေ ပစ္စည်းများ ထိန်းသိမ်းရန် အတွက် အမွေ ထိန်းစာ ထုတ်မပေးသည်မှာ မှားယွင်းကြောင်း စသည်ဖြင့် လျှောက် လဲသည်။

အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၁၈ (၁) ပါ ပြဋ္ဌာန်း ချက် များအရ ကွယ်လွန်သူ၏ အမွေတစ်ရပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ရထိုက်သူအား အမွေထိန်းစာ ထုတ်ပေးနိုင်သည်။ အကယ်၍ မလှလှသည် ကွယ်လွန်သူ၏ ကိတ္တိမသမီး ဖြစ်ပါမူ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ကွယ်လွန်သူ၏ညီ ဦးအောင်ကြွယ်အား အမွေပုံမှ ပယ်ထုတ်မည် ဖြစ်၍ ဦးအောင်ကြွယ်သည် ကွယ်လွန်သူဦးသာစ၏အမွေကို ထိန်းသိမ်းရန် အတွက် အမွေထိန်းစာရခွင့်ရှိမည် မဟုတ်ချေ။ သို့ဖြစ်ရာ ဦးအောင်ကြွယ် အနေဖြင့် အမွေထိန်းစာ ရထိုက်ခွင့် ရှိ-မရှိ သုံးသပ်ရာ၌ မလှလှသည် ဦးသာစ၏ ကိတ္တိမ သမီး ဟုတ်-မဟုတ်ကို စိစစ် ဆုံးဖြတ်ရမည် ဖြစ်သည်။ **မောင်ဘစင်နှင့် မောင်ဖိုးဟန်** [၁] နှင့်၊ **အောင်မနိုင် နှင့် မအာဘုံ** [၂] စီရင်ထုံးများကို ကြည့်ပါ။

သို့ရာတွင် မလှလှသည် ဦးသာစ၏ ကိတ္တိမသမီး မဟုတ်ဘဲ အပတိဋ္ဌ သမီးသာဖြစ်ပါမူ ဦးအောင်ကြွယ်အား အမွေပုံမှ ပယ်ထုတ်ခြင်း မပြုနိုင် သဖြင့် ဦးအောင်ကြွယ်သည် အမွေထိန်းစာ မရထိုက်သောအကြောင်းများ မရှိပါက အမွေထိန်းစာကို သူ့အား ထုတ်ပေးနိုင်သည်။ သို့ဖြစ်၍ ဦးအောင်ကြွယ်အား အမွေထိန်းစာ ထုတ်ပေးသင့် - မသင့် သုံးသပ်ရာ၌ မလှလှသည် ကွယ်လွန်သူ၏ အပတိဋ္ဌသမီး ဟုတ်-မဟုတ် စိစစ်ဆုံးဖြတ်ရန် မလိုချေ။ ယင်းပြဿနာနှင့် စပ်လျဉ်း၍ **မတုတ်နှင့် မသီ** [၃] အမှုတွင် အောက်ပါအတိုင်း သုံးသပ်ထားသည်—

**"When an application for letters of administration is made by a person who is by admitted natural**

(၁) ၁၉၁၄-၁၆ အသက်မြန်မာပြည် စီရင်ထုံးများ၊ စာ-၁၀၃။
(၂) အောက်မြန်မာပြည်စီရင်ထုံးများ၊ အတွဲ-၉၊ စာ-၁၆၃။
(၃) အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ-၅၊ စာ-၇၀။

၁၉၀၆
ဦးအောင်ကြွယ်
နှင့်
ဒေါ်မြရွှေပါ
(၂)

relationship entitled under section 23 of the Probate and Administration Act to make it, and whom the Court considers to be otherwise a proper person to administer the estate, the Court ought not to allow the proceedings to become protracted and costly by entering into disputed points such as questions of adoption of other persons by the deceased, which questions could be fought over again in suits for administration or for possession of the estate."

မလှလှ၏ ကန့်ကွက်လွှာ အပိုဒ်(၆)တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

"လွန်ခဲ့သော ၁၉၅၀ ခုနှစ်လောက်တွင် ကျမမှာ ၃ နှစ်ခန့် အရွယ်တွင် x x x ကျမ မိဘရင်းဦးသန်းရွှေနှင့် ဒေါ်ညွန့်တင်တို့က ကျမအား မိဘဖြစ်သူ ဦးသာစ၊ ဒေါ်တင်တို့က အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားကြောင်း ယုံကြည်ပြီး ပေးအပ်သကဲ့သို့ မိဘဖြစ်သူ ဦးသာစ၊ ဒေါ်တင်တို့ကလည်း ကျမအား အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခြင်း ဖြစ်ကြောင်း ပြော၍ လက်ခံခဲ့ခြင်း ဖြစ်ပါသည်။ x x x"

၎င်းဖော်ပြကန့်ကွက်ချက်အရဆိုလျှင် မလှလှအား မွေးစားသည့် ခုနှစ်မှာ ၁၉၄၇ ခုနှစ် ဖြစ်သည်ဟုဆိုရပေမည်။ ၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ရက်နေ့နောက်ပိုင်းတွင် ကိတ္တိမသားသမီးအဖြစ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုမွေးစားမှသာလျှင် မွေးစားမှုအထမြောက်သည်။ မလှလှသည် မှတ်ပုံတင်မွေးစားစာချုပ်ကို တင်ပြနိုင်သူမဟုတ်၍ ဦးသာစ၏ ကိတ္တိမသမီး မဖြစ်နိုင်ချေ။ သို့ဖြစ်ရာ ၎င်းသည် ကွယ်လွန်သူ၏ အပတိဋ္ဌသမီး ဟုတ်–မဟုတ် အဆုံးအဖြတ်ပေးရန် အကြောင်းမပေါ်ပေါက်တော့ချေ။

ထို့ကြောင့် ရေဝတီတိုင်း တရားရုံး၏အမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီး ဦးအောင်ကြွယ်အား အမွေထိန်းစာ ထုတ်ပေးရန် ညွှန်ကြားလိုက်သည်။ တိုင်းတရားရုံးသည် အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၉၁ အရ လိုအပ်သည့် အတိုင်း သင့်လျော် ထင်မြင်သည့် ငွေ ပမာဏ ဖြင့် ဦးအောင်ကြွယ်အား အာမခံချုပ်ဆိုစေရမည်။

ရှေ့နေခ ကျပ် ၁၀၀ / – သတ်မှတ်သည်။

# တရားမ အထွေထွေ အယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာ မောင်မောင်အေး၊ အဖွဲ့ဝင်များ အဖြစ် ဒေါက်တာမန်းသက်စံနှင့် ဦးဝင်းမောင်(၂)တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးအောင်သိန်းပါ(၂)

နှင့်

ဒေါ်မာမူဒါခါတွန်ပါ(၄)*

† ၁၉၇၆ စက်တင်ဘာလ ၉ ရက်

**၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅ (၁)–ငှားရမ်းမှု ရပ်စဲပြီးနောက် ငှားရမ်းသည့် ဥပစာတွင် ဆက်လက် နေထိုင်ခြင်း မရှိသူသည် ယင်း ဥပဒေ ပုဒ်မ ၂(ဆ)အရ အိမ်ငှားမဟုတ်တော့သဖြင့် ပုဒ်မ၁၅(၁)ပါ အခွင့်အရေးများကို တောင်းဆိုခွင့်မရှိခြင်း။**

အိမ်ရှင် ဒေါ်မာမူဒါခါတွန်တို့က တရားနိုင် အဖြစ်ဖြင့် ရရှိထားသော ဒီကရီကို အတည်ပြုရာတွင် အိမ်ငှားဦးအောင်သိန်းတို့က ငှားရမ်းခအကြွေးများကို အရစ်ကျပေးဆပ်ခွင့်ပြုရန်နှင့် ဇာရီမှုကို ပိတ်သိမ်းပေးရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသည်။ ရပ်ကွက် တရားရုံးက လျှောက်ထား ချက်ကို ခွင့်ပြုလိုက်၍ အိမ်ရှင်တရားနိုင်တို့က မြို့နယ်တရားရုံးတွင် အယူခံသော်လည်း မအောင်မြင်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် ဆက်လက် အယူခံဝင်သည်။ တိုင်းတရားရုံးက ဦးအောင်သိန်းတို့သည် အိမ်ငှားမဟုတ်တော့၍ ရပ်ကွက်နှင့် မြို့နယ်တရားရုံး အမိန့်များကို ပယ်ဖျက်ပြီး ဒီကရီကိုအတည်ပြုစေရန် အမိန့် ချမှတ်သောကြောင့် ဦးအောင်သိန်းတို့က ဗဟိုတရားရုံးသို့ အယူခံ တင်သွင်းခြင်း ဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဤအမှုတွင် အိမ်ရှင်နှင့်အိမ်ငှားတို့အကြား ငှားရမ်းမှု ရပ်စဲပြီးနောက် အိမ်ငှား ဦးအောင်သိန်းတို့သည် ငှားရမ်းသည့် ဥပစာတွင်

---

* ၁၉၇၆ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၃၀

† ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၂၅၀ (ကျောက်တံတား) တွင် ချမှတ်သော (၅-၂-၇၆) ရက်နေ့စွဲပါ ရန်ကုန်တိုင်း(၃)တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆
ဦးအောင်သိန်းပါ(၂)နှင့် ဒေါ်မာမူဒါခါတွန်ပါ(၄)

ဆက်လက်နေထိုင်တော့ခြင်း မရှိသဖြင့် အဆိုပါ ပုဒ်မ ၂(ဆ)တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည့် အတိုင်း အိမ်ရှင် ဒေါ်မာမူဒါခါတွန် တို့၏ အိမ်ငှား မဟုတ်တော့ချေ။ ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှား ရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့်ရှိသူသည် အိမ်ငှား သို့မဟုတ် အဆိုပါ ဥပဒေ ပုဒ်မ ၁၃ (၁) ပါ ပြဋ္ဌာန်းချက်များ အရ နေထိုင်ခွင့်ရှိသူဖြစ်ရန် လိုအပ်သည်။ အယူခံတရားလို ဦးအောင်သိန်းတို့သည် ယင်းပုဂ္ဂိုလ် တစ်ဦးဦး မဟုတ်သည့်အလျောက် ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့်မရှိဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုများအတွက် | – | ဦးကျော်ဇေယျ(ခ)ဂျော်နီယုံစိန် ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | ဦးသန်းတင်၊ ဗဟိုတရားရုံးရှေ့နေ |
| တရားရေးအကြံပေး | – | ဦးကျော်ထွန်းအောင် |

ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက်တရားရုံး၊ တရားမ ဇာရီမှုအမှတ် ၁/၈၅တွင် အယူခံတရားပြိုင် ဒေါ်မာမူဒါခါတွန်၊ ကနစ်ဖါတမာ၊ ရာမက်ဘာနူးနှင့် အာမက်တို့က ဝရားနိုင်များအဖြစ်ဖြင့် အယူခံတရားလို ဦးအောင်သိန်းနှင့် ဒေါ်ရှယ်လီတို့အပေါ် အဆိုပါ တရားရုံး တရားမကြီးမှု အမှတ်၄/၈၁တွင် ရရှိထားသော ဒီကရီကိုအတည်ပြုရာ တရားရှုံးများက ငှား ရမ်းခ အကြွေးများကို အရစ်ကျ ပေးဆပ်ခွင့်ပြုရန်နှင့် ဇာရီမှုကို ပိတ်သိမ်း ပေးရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသောအခါ ရပ်ကွက်တရားရုံးက လျှောက်ထားချက်ကို ခွင့်ပြုလိုက်သည်။ တရားနိုင်တို့က ကျောက်တံတား မြို့နယ် တရားရုံးတွင် ရပ်ကွက် တရားရုံး၏ အမိန့်ကို အယူခံသော်လည်း မအောင်မြင်သဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် ဆက်လက် အယူခံဝင်သော အခါ တိုင်းတရားရုံးက ရပ်ကွက် တရားရုံးနှင့် မြို့နယ် တရားရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး ဒီကရီကို ဥပဒေနှင့်အညီ ဆက်လက်အတည်ပြုစေရန် အမိန့်ချမှတ်သောကြောင့် ဦးအောင်သိန်းတို့က ဗဟိုတရားရုံးသို့ ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

တိုင်းတရားရုံးက ဦးအောင်သိန်းတို့သည် အချင်းဖြစ် ဥပစာ၌တွင် မနေထိုင်တော့၍ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅(၁)အရ လျှောက်ထားခွင့်မရှိဟု ကောက်ယူ၍ ရပ်ကွက် တရားရုံးနှင့် မြို့နယ်တရားရုံးတို့၏အမိန့်များကို ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။

ဤအယူခံတွင် တရားရှုံး ဦးအောင်သိန်းတို့က အချင်းဖြစ် ဥပစာ၌ နေထိုင်ခြင်းမပြုသည့် အချက်ကို ငြင်းပယ်ခြင်းမပြု။ သို့ရာတွင် တရားရှုံး

၁၉၈၆
ဦးအောင်သိန်းပါ(၂) နှင့် ဒေါ်မာမူဒါ ခါတွန်ပါ(၄)

အိမ်ငှားသည် ငှားရမ်းသည့် ဥပစာတွင် လက်ရှိနေထိုင်ခြင်း မပြုသည်ကို အကြောင်းပြုပြီး ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ အခွင့်အရေးကို မရရှိနိုင်ဟူ၍ ဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိသောကြောင့် တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်း ကြောင်း တင်ပြလျှောက်ထားသည်။

တရားရှိုး ဦးအောင်သိန်းတို့ ဇာရီမှုတွင် တင်သွင်းသော ၁၁-၂-၈၅ ရက်စွဲပါ ကန့်ကွက်လွှာ၌ ကျောက်တံတား မြို့နယ် ပြည်သူ့ ကောင်စီ ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့က ဦးရဲစိုးဆိုသူအား ၁၉၆၀ ပြည့်နှစ်၊ မြို့ပြ ဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃ (၁) အရ အချင်းဖြစ် အိမ်ခန်းတွင် နေထိုင်ခွင့်ပြုသည့်အမိန့် ချမှတ်ထားကြောင်း ဖော်ပြလျှောက် ထား၍ အဆိုပါ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအဖွဲ့၏၁၀-၁၀-၈၄ ရက်စွဲပါ အမိန့်၏ မိတ္တူကို ပူးတွဲ တင်ပြထားကြောင်း တွေ့ရှိရ သည်။ ထို့ပြင် အဆိုပါ ကန့်ကွက်လွှာ အပိုဒ် (၃) ၌ တရားနိုင်များ အမှုမစွဲဆိုမီကတည်းက အချင်းဖြစ် အခန်းကို ဦးရဲစိုးက လွှဲပြောင်းရယူ နေထိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ သို့ဖြစ်ရာ တရားရှုံး ဦးအောင်သိန်း တို့သည် အချင်းဖြစ် အိမ်ခန်းကို စွန့်ခွာ၍ အခြား အရပ်သို့ ပြောင်းရွှေ့ ခဲ့သည်ဖြစ်၍ အချင်းဖြစ် အိမ်ခန်းအား ငှားရမ်းခြင်းကို ပြန်လည် ပေး အပ်ရာ ရောက်သောကြောင့် အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုမှာ ပစ္စည်း လွှဲပြောင်းရေး အက် ဥပဒေ ပုဒ်မ ၁၁၁ (စ) အရ ရပ်စဲသွားသည်ဟု ကောက်ယူရပေမည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂ (ဆ)တွင် "အိမ်ငှား" ဆိုသည့် စကားရပ်ကို အနက် အဓိပ္ပာယ် ဖွင့်ဆိုထားရာ ဤအမှုနှင့် သက်ဆိုင်သမျှမှာ အောက်ပါအတိုင်း ဖြစ်သည်-

> "အိမ်ငှားဆိုသည်မှာ × × × အငှားချထားမှု သို့မဟုတ် အငှားစာချုပ် ကုန်ဆုံးပြီးနောက် မိမိအား ငှားရမ်းသည့်ဥပစာကို အိမ်ရှင်၏ သဘောတူညီချက်အရ ဖြစ်စေ၊ သဘောတူညီချက် အရ မဟုတ်ဘဲဖြစ်စေ၊ လက်ရှိနေထိုင်မြဲ နေထိုင်သူ × × × ပါ ဝင်သည်။"

ဤအမှုတွင် အိမ်ရှင်နှင့်အိမ်ငှားတို့အကြား ငှားရမ်းမှု ရပ်စဲပြီးနောက် အိမ်ငှားဦးအောင်သိန်းတို့သည် ငှားရမ်းသည့် ဥပစာတွင် ဆက်လက် နေ ထိုင်တော့ခြင်း မရှိသဖြင့် အဆိုပါ ပုဒ်မ ၂ (ဆ) တွင် အနက် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း အိမ်ရှင်ဒေါ်မာမူဒါခါတွန်တို့၏ အိမ်ငှား မဟုတ် တော့ချေ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၅(၁) အရ လျှောက်ထားခွင့်ရှိသူသည် အိမ်ငှား သို့မဟုတ် အဆိုပါ ဥပဒေပုဒ်မ ၁၃ (၁) ပါ ပြဋ္ဌာန်းချက်များ အရ နေထိုင်ခွင့် ရှိသူဖြစ်ရန် လိုအပ်သည်၊ အယူခံ တရားလို ဦးအောင်သိန်းတို့သည် ယင်း

၁၉၀၆
ဦးအောင်သိန်း
ပါ (၂)
နှင့်
ဒေါ်မာမှုဒါ
ခါတွန်ပါ(၄)

ပုဂ္ဂိုလ်တစ်ဦးဦး မဟုတ်သည့်အလျောက် ပုဒ်မ ၁၅ (၁) အရ လျှောက်ထားခွင့် မရှိဟု တိုင်းတရားရုံးက ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၅ ကို အကြောင်းကြောင်းကြောင့် ငှားရမ်းခပေးရန်ပျက်ကွက်သဖြင့် အဆိုပါ ဥပဒေ ပုဒ်မ ၁၂ (၁) (က) အရ ဒီကရီ ချမှတ်ခြင်းခံရသော အိမ်ငှားအား ငှားရမ်းသည့် ဥပစာမှ နှင်ထုတ်ခြင်း မပြုနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဥပစာတွင် နေထိုင်ခြင်းမပြုတော့သည့် အိမ်ငှားဟောင်း၏ အကျိုးကို အကာအကွယ် ပေးရန် ပြဋ္ဌာန်း ထားခြင်း မဟုတ်ချေ။ သို့ဖြစ်ရာ အိမ်ငှားများ အဖြစ်မှ ရပ်စဲသွားပြီ ဖြစ် သော ဦးအောင်သိန်းတို့သည် အဆိုပါ ဥပဒေပုဒ်မ ၁၅ (၁) ပါ အခွင့်အရေးများကို တောင်းဆိုခွင့် မရှိတော့ပြီဟု ကောက်ယူရပေမည်။

ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ် လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- သတ်မှတ်သည်။

# တရားမပြင်ဆင်မှု

## ဥက္ကဋ္ဌအဖြစ်ဦးဘမော်၊ အဖွဲ့ဝင်များအဖြစ် ဦးမျိုးမြင့်နှင့် ဦးဝင်းမောင်(၂)တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ ရှေ့တွင်

† ၁၉၇၆ စက်တင်ဘာလ ၉ ရက်

ဦးအုန်းမောင်ပါ(၂)

နှင့်

ဦးသိန်းလှ*

**ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၂၀- အမေးစာချုပ် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု- အမွေရှင်မိခင် အသက်ရှင်လျက်ရှိစဉ်က ပြုလုပ်ခဲ့သည့် အပေးစာချုပ်သည်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်ဆန့်ကျင်ကြောင်း သားဖြစ်သူက စွဲဆိုရာတွင် ကာလစည်းကမ်းသတ်ကို မည်သည့်အချိန်က စတင်ရေတွက်ရမည်ဖြစ်ခြင်း။**

မန္တလေးတိုင်း တရားရုံး တရားမကြီးမှုအမှတ် ၁၀၄/၇၄ (မိတ္ထီလာ) တွင် မိခင်ဖြစ်သူ ဒေါ်ရွှေဂုဏ်က သူပိုင်ပစ္စည်းများကို သားဖြစ်သူဦးသီဟန်နှင့် ချွေးမဖြစ်သူ ဒေါ်တင်လှတို့အား ပေးကမ်းသည့် စာချုပ်မှာပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် ယင်းစာချုပ်ကို ပယ်ဖျက်ပေးရန် အခြား သား တစ်ဦး ဖြစ်သူ ဦးသိန်းလှ (လျှောက်ထားခံရသူ) က တရားစွဲဆိုသည်။ ဦးသိန်းလှ စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း တစ်ဖက်က ထုချေသည်။

**ဆုံးဖြတ်ချက်။** ။ပစ္စည်းပိုင်ရှင် တစ်ဦးသည် မိမိပိုင်ပစ္စည်းကို မိမိကြိုက်နှစ်သက်သလို စီမံခန့်ခွဲခွင့်ရှိသည်ဖြစ်ရာ ဒေါ်ရွှေဂုဏ်က သူ၏သားနှင့် ချွေးမတို့အား ပစ္စည်းပေးကမ်းသည့်ကိစ္စကို အမွေရခွင့်ရှိသော ဩရသမှအပ ကျန်သားသမီးများက မိခင်အသက်ထင်ရှားရှိနေစဉ်အတွင်း ကန့်ကွက်ပြောဆိုခွင့်မရှိချေ။ ဩရသအနေဖြင့် အရေးဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေခဲ့သော ဦးသိန်းလှသည် မိခင်ကွယ်လွန်သောအခါ ထိုသို့ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိမရှိအရေးဆိုခွင့် ရရှိလာ

---

* ၁၉၇၅ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၄၆

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၀၄ တွင် ချမှတ်ထားသော (၂၆-၂-၇၅) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၆
ဦးအုန်းမောင
ပါ(၂)
နှင့်
ဦးသိန်းလှ

သည်။ သို့ဖြစ်ရာ တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းအရာသည် ဒေါ်ရွှေဂုဏ် ကွယ်လွန်သည့်အခါ ပေါ်ပေါက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်ရွှေဂုဏ်က ဦးသီဟန် တို့အား ပစ္စည်းပေးကမ်းခြင်းမှာ မြန်မာ့ ဓလေ့ ထုံးတမ်း ဥပဒေနှင့် ဆန့်ကျင်ကြောင်း အရေးဆိုခွင့်ကို မိခင်ကွယ်လွန်သည့် အခါကျမှသာ ဦးသိန်းလှက ရရှိသည် ဖြစ်၍ မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုပိုင်ခွင့်ကို မိခင်ကွယ်လွန်သည့်နေ့မှ စ၍ ရရှိသည်ဟု ဆိုရမည်ဖြစ်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | – | ဦးမောင်မောင်အုန်းမြိုင်၊ ဗဟိုတရားရုံးရှေ့နေ |
| လျှောက်ထားခံရသူအတွက် | – | ဦးညွန့်မြိုင်၊ ဗဟိုတရားရုံး ရှေ့နေ |
| တရားရေးအကြံပေး | – | ဦးမြ (ညွှန်ကြားရေးမှူး) ဦးကျော်လင်း (အဆင့်မြင့်သင်တန်းသား) |

မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ်၁၀၄/၈၄ (မိတ္ထီလာ)တွင် လျှောက်ထားခံရသူ ဦးသိန်းလှက မိခင်ဖြစ်သူ ဒေါ်ရွှေဂုဏ်က သူပိုင်ပစ္စည်းများကို ဦးသီဟန်နှင့် ဒေါ်တင်လှတို့အား ပေးကမ်းသည့်စာချုပ်မှာ ပျက်ပြယ်ကြောင်း မြွက်ဟ ကြေငြာ ပေးစေရန်နှင့် ယင်းစာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုရာ ဦးအုန်းမောင်တို့က ဦးသိန်းလှ စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်း ထုချေသည်။ တိုင်းတရားရုံးက ယင်းပြဿနာနှင့်စပ်လျဉ်း၍ ပဏာမ ငြင်းချက် ထုတ်နုတ်ကြားနာပြီးနောက် ဦးသိန်းလှ စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိဟု ကောက်ယူ ဆုံးဖြတ်သဖြင့် ဦးအုန်းမောင်တို့က ဤပြင်ဆင်မှုကို လျှောက်ထားခြင်း ဖြစ်သည်။ ဤပြင်ဆင်မှု လျှောက်ထားစဉ်အတွင်း ဒေါ်တင်လှ ကွယ်လွန်သောကြောင့် ဦးသီဟန်သည် ဒေါ်တင်လှ၏ကိုယ်စားလှယ်အဖြစ် ဆက်လက် ဆောင်ရွက်သည်။

ဦးသိန်းလှ၊ ဦးအုန်းမောင်နှင့် ဦးသီဟန်တို့သည် မြန်မာဗုဒ္ဓဘာသာများ ဖြစ်ကြသော ဦးရွှေအောင်နှင့် ဒေါ်ရွှေဂုဏ် (ခ)ဒေါ်ဒေါ်ရွှေတို့၏ သားသမီးများ ဖြစ်ကြသည်။ ဦးရွှေအောင်သည် ၁၉၅၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ဒေါ်ရွှေဂုဏ်သည် သူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဦးသီဟန်နှင့် ဇနီး ဒေါ်တင်လှ တို့အား ၁၄-၆-၇၃ နေ့စွဲပါ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ ပေးကမ်းခဲ့ပြီးနောက် ၈-၁၂-၈၁ နေ့တွင် ကွယ်လွန်သွားခဲ့သည်။ ဦးသိန်းလှက ယင်းသို့ ပေးကမ်းခြင်းမှာမြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်ဆန့်ကျင်သည်ဟုအကြောင်း

ပြကာ ယင်းမှတ်ပုံတင်စာချုပ်မှာ တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟ ကြေငြာပေးစေရန်နှင့် စာချုပ်ကို ပယ်ဖျက်ပေးရန် တရားစွဲဆိုလေသည်။ ၁၉၈၆ ဦးအုန်းမောင် ပါ(၂) နှင့် ဦးသိန်းလှ

ဦးအုန်းမောင်တို့က စည်းကမ်းသတ်ကာလကိုဦးရွှေအောင်ကွယ်လွန်သည့် ၁၉၅၉ ခုနှစ်မှ ရေတွက်သည် ဖြစ်စေ၊ စာချုပ်ချုပ်ဆိုသည့်နေ့မှ ရေတွက်သည်ဖြစ်စေ၊ စာချုပ်ချုပ်ဆိုကြောင်း သိသည့်နေ့မှ ရေတွက်သည် ဖြစ်စေ ဦးသိန်းလှ စွဲဆိုသောအမှုမှာ ကာလ စည်းကမ်းသတ် ကျော်လွန်ကြောင်း ထုချေသည်။

ကာလစည်းကမ်းသတ်ပြဿနာနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းတရားရုံးက ဦးသိန်းလှ စွဲဆိုသော အမှုမှာ ကာလ စည်းကမ်းသတ် အက်ဥပဒေပထမ ဇယား အမှတ်စဉ် ၉၁ နှင့် သက်ဆိုင်ကြောင်း၊ စည်းကမ်းသတ်ကာလကို ၃ နှစ်ကို ဒေါ်ရွှေဂုဏ်ကွယ်လွန်သည့် ၈-၁၂-၈၁ နေ့မှစ၍ ရေတွက်ရမည် ဖြစ်သဖြင့် ၂၇-၁၁-၈၄ နေ့တွင်စွဲဆိုသော ဦးသိန်းလှ၏အမှုမှာ ကာလ စည်းကမ်းသတ်အတွင်း ကျရောက်ကြောင်း ကောက်ယူဆုံးဖြတ်သည်။

အဆိုလွှာ အပိုဒ် (၉) တွင် အမှုစွဲဆိုရန် အကြောင်း ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ **အောက်ပါအတိုင်း** အဆိုပြုသည်—

"မြန်မာဗလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံမည့်သူများ၏ အမွေဆက်ခံခွင့်ကို ထိခိုက်စေရန် အမွေဆိုင်တစ်ဦးတစ်ယောက်အား ပေးခွင့်မရှိခြင်းနှင့် အမွေပေးကမ်းခြင်းနှင့် အမွေဆက်ခံမည့်သူများက သဘောမတူသဖြင့် ကန့်ကွက်ခဲ့ခြင်း၊ အမွေပေးသူမိခင်ကြီး အသက်ရှင်လျက်ရှိစဉ် အပေးစာချုပ်နှင့် ပတ်သက်၍ အရေးဆိုခွင့် မရှိခြင်းတို့ကြောင့် တရားလိုက တရားစွဲဆိုခြင်း မပြုခဲ့သော်လည်း မိခင်ကြီးသည် ၈-၁၂-၈၁ နေ့တွင် ကွယ်လွန်ခဲ့ပြီဖြစ်၍ တရားလို အနေနှင့် တရားစွဲဆိုရန် အခွင့်အရေး ပေါ်ပေါက်ခဲ့ပါသည်။"

လျှောက်ထားခံရသူ၏ ရှေ့နေက ဦးသိန်းလှသည် သြရသ အဖြစ်ဖြင့် မိခင်က ပစ္စည်းများ ပေးကမ်းခြင်းကို ပေးကမ်းစဉ်ကပင် ကန့်ကွက်ခွင့် ရှိသော်လည်း မိခင်စိတ်ဆင်းရဲခြင်း မဖြစ်စေရန် အရေးမဆိုဘဲ နေခဲ့ပြီး မိခင်ကွယ်လွန်မှ တရားစွဲဆိုခြင်းဖြစ်ကြောင်း လျှောက်ထားသည်။

လျှောက်ထားသူတို့၏ရှေ့နေက ဦးသိန်းလှသည် သြရသသားအနေဖြင့် အမွေရခွင့် ရှိပါလျက် ကနိဋ္ဌသား အနေဖြင့် အမွေတောင်းဆိုခြင်းမှာ သြရသကို ကနိဋ္ဌအရာသို့ ပို့ပေးသည့်သဘောဖြစ်၍ မမှန်ကြောင်း **မောင်မန်းအို နှင့် မောင်ထွန်းသာပါ (၅)** [၁] စီရင်ထုံးကိုကိုးကား၍ လျှောက်ထားသည်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ သြရသ သားသမီးသည်

(၁) **အောက်မြန်မာပြည် စီရင်ထုံးများ၊ အတွဲ ၁၁၊ စာ ၂၉၂**

၁၉၅၆
ဦးအုန်းမောင်
ပါ(၂)
နှင့်
ဦးသိန်းလှ

ဩရသသား အဖြစ်ဖြင့်သာ အမွေတောင်းခွင့်ရှိသည်ဟု ယင်းစီရင်ထုံးတွင် ပြဆိုထားခြင်း မရှိချေ။ မည်သည့်နည်းဖြင့် အမွေ တောင်းမည် ဆိုသော ပြဿနာမှာ သက်ဆိုင်ရာ အမွေဆိုင်က ဆုံးဖြတ်ရမည့် ကိစ္စ ဖြစ်ပေသည်။

အဆိုပါ အပိုဒ် (၉) ပါ အဆိုပြု ချက်များအရ မြန်မာ ဗုဒ္ဓ ဘာသာ ဖြစ်သည့် ဒေါ်ရွှေဂုဏ်က သူပိုင်ပစ္စည်းများကို သူ၏ သားနှင့် ချွေးမအား ပေးကမ်းခြင်းသည် မြန်မာ ဓလေ့ ထုံးတမ်း ဥပဒေနှင့် ဆန့်ကျင်သည်ဟု အကြောင်းပြု၍ ဤအမှုကို စွဲဆိုခြင်း ဖြစ်သည်။ ဩရသသား အနေဖြင့် ရထားသောဝေစုကို ဒေါ်ရွှေဂုဏ်က ဦးသိဟန်တို့အား လွှဲပြောင်း ပေးခြင်းကို အကြောင်းပြုပြီး စွဲဆိုခြင်း မဟုတ်ချေ။ ဒေါ်ရွှေဂုဏ်က သူပိုင် ပစ္စည်းအားလုံးကို ဦးသိဟန်နှင့် ဒေါ်တင်လှတို့အား ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရပျက်ပြယ်ခြင်း ရှိမရှိမှာအမွေရှင် ကွယ်လွန် ချိန်တွင် ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ပေသည်။ အကြောင်းမူ ပစ္စည်းပိုင်ရှင်တစ်ဦး သည် မိမိပိုင် ပစ္စည်းကို မိမိ ကြိုက်နှစ်သက်သလို စီမံခန့်ခွဲခွင့်ရှိသည်ဖြစ်ရာ ဒေါ်ရွှေဂုဏ်က သူ၏ သားနှင့်ချွေးမတို့အား ပစ္စည်းပေးကမ်းသည့်ကိစ္စကို အမွေရခွင့်ရှိသော ဩရသမှအပ ကျန် သားသမီးများက မိခင် အသက် ထင်ရှား ရှိနေစဉ်အတွင်း ကန့်ကွက်ပြောဆိုခွင့်မရှိချေ။ ဩရသ အနေဖြင့် အရေးဆိုခြင်းမပြုဘဲ ဆိတ်ဆိတ် နေခဲ့သော ဦးသိန်းလှသည် မိခင် ကွယ် လွန်သောအခါ ထိုသို့ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်ခြင်း ရှိမရှိ အရေးဆိုခွင့် ရရှိလာသည်။ သို့ဖြစ်ရာ တရားစွဲဆိုရန် အချင်းဖြစ် အကြောင်းအရာသည် ဒေါ်ရွှေဂုဏ် ကွယ် လွန် သည့် အခါ ပေါ်ပေါက်သည်။ **ဦးတင်ဝင်းပါ (၂) နှင့် ဦးတင်ညွန့်ပါ (၃)** [၂] စီရင်ထုံးကိုကြည့်ပါ။ လျှောက်ထားသူတို့၏ ရှေ့နေက **ဦးတင်ဝင်း** အမှုမှာ မိဘနှစ်ပါးအပေါ် စွဲဆိုသော အမှုဖြစ်ပြီး ဦးသိန်းလှ စွဲဆိုသော အမှုတွင် မိခင် ဒေါ်ရွှေဂုဏ်အပေါ်တွင်သာ အရေးဆိုနိုင်သည့် အမှုမျိုး ဖြစ်သော ကြောင့် အမှုဖြစ်ရပ်ခြင်း မတူကြောင်း တင်ပြ လျှောက်ထားသည်။ အမှု ၂ ရပ်လုံးတွင် ပေါ်ပေါက်သည့် ဥပဒေပြဿနာမှာ အတူတူပင်ဖြစ်သည်။ မိဘနှစ်ပါး အပေါ် စွဲဆိုခြင်း၊ မိဘ တပါးတည်း အပေါ် စွဲဆိုခြင်းသည် ပဓာနအချက် မဟုတ်ချေ။

လျှောက်ထားသူ၏ရှေ့နေက မြန်မာဓလေ့ထုံးတမ်းဥပဒေသည် ကာလ စည်းကမ်းသတ် အက်ဥပဒေနှင့် ဆန့်ကျင်လျှင် ကာလစည်းကမ်းသတ် အက် ဥပဒေကိုလိုက်နာရမည်ဖြစ်ကြောင်း စီရင်ထုံးများကို ကိုးကား၍ လျှောက် ထားသည်။ ယင်း ဥပဒေသကို အငြင်းပွားရန် အကြောင်း မရှိချေ။ ဤ အမှုတွင် စဉ်းစားရန် ပြဿနာမှာ ကာလစည်းကမ်းသတ်ရက်ကို မည်သည့် နေ့မှစ၍ ရေတွက်ရမည်ဆိုသောအချက်ဖြစ်သည်။ အထက်တွင် ရှင်းပြခဲ့သည့်

---

(၂) ၁၉၀၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ ၁၉၁

၁၉၈၆
ဦးအုန်းမောင် ပါ(၂) နှင့် ဦးသိန်းလှ

အတိုင်း ပေးကမ်းမှုမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပျက်ပြယ်ခြင်း ရှိမရှိ ဆိုသောအချက်သည် ဒေါ်ရွှေဂုဏ် ကွယ်လွန်သည့် အချိန်တွင် ပေါ်ပေါက်သည့် ပြဿနာ ဖြစ်သည်။ သို့ဖြစ်ရာ စည်းကမ်းသတ် ပြဿနာကို စိစစ်ရာ၌ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအပေါ် အခြေခံနေသည်ဖြစ်၍ ယင်း အခြေခံအရ ကာလ စည်းကမ်းသတ်ကို ရေတွက်ခြင်းသည် ကာလ စည်းကမ်းသတ် ဥပဒေကို လစ်လျူရှုရာ မရောက်နိုင်ချေ။ သို့ဖြစ်၍ ဤအမှုတွင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေသည် ကာလစည်းကမ်းသတ် အက်ဥပဒေနှင့် ဆန့်ကျင်သည့် ပြဿနာ မပေါ်ပေါက်ချေ။

လျှောက်ထားသူ၏ရှေ့နေက အပေးစာချုပ်ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေလိုမှုအတွက် စည်းကမ်းသတ် ကာလကို ကာလ စည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယားအမှတ်စဉ် ၁၂၀ တွင် သတ်မှတ်ထားသည့် အတိုင်း တွက်ချက်ရမည်ဖြစ်ကြောင်း ဝန်ခံသည်။ သို့ရာတွင် စတင်ရေတွက်ရမည့်နေ့နှင့် စပ်လျဉ်း၍ တိုင်းတရားရုံးနှင့် သဘောထားချင်း ကွဲလွဲသည်။ ယင်းအမှတ်စဉ် ၁၂၀ ပါ ပြဋ္ဌာန်းချက်များအရ စည်းကမ်းသတ်ကာလကို တရားလိုအနေဖြင့် "တရားစွဲဆို ပိုင်ခွင့် ရသည့် အခါက စ၍" ရေတွက်ရန် ဖြစ်သည်။ ဒေါ်ရွှေဂုဏ်က ဦးသိဟန်တို့အား ပစ္စည်းပေးကမ်းခြင်းမှာ မြန်မာ့ဓလေ့ ထုံးတမ်း ဥပဒေနှင့် ဆန့်ကျင်ကြောင်း အရေး ဆို ခွင့် ကို မိခင်ကွယ်လွန်သည့် အခါကျမှသာ ဦးသိန်းလှက ရရှိသည်ဖြစ်၍ မြွက်ဟကြေငြာပေးစေလိုမှု စွဲဆို ပိုင်ခွင့်ကို မိခင် ကွယ်လွန်သည့် နေ့မှ စ၍ ရရှိသည်ဟု ဆိုရမည် ဖြစ်သည်။ သို့ဖြစ်၍ ဦးသိန်းလှတောင်းဆိုသော ပထမ သက်သာခွင့်မှာ ကာလစည်းကမ်းသတ် ကျော်လွန်ခြင်း မရှိချေ။

စာချုပ်စာတမ်း ပယ်ဖျက် ပေးစေလိုမှုနှင့် စပ်လျဉ်းသည့် စည်းကမ်းသတ်ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယား အမှတ်စဉ် ၉၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

| | | | |
|---|---|---|---|
| ၉၁။ | အခြားနည်း ပြဋ္ဌာန်းထားခြင်း မရှိသည့် စာချုပ် စာတမ်း ကို ပယ်ဖျက်လိုမှု၊ သို့တည်း မဟုတ် ပယ်ရှားလိုမှု | သုံးနှစ် | တရားလိုက စာချုပ်စာတမ်းကို ပယ်ဖျက် ပိုင်သော သို့တည်းမဟုတ် ပယ်ရှား ပိုင်သောအကြောင်းအရာများကို တရားလိုက သိရသည့် အခါမှ စ၍ |

အချင်းဖြစ် စာချုပ်ကို မှတ်ပုံတင်ခဲ့သည် ဖြစ်၍ ယင်း သို့ မှတ်ပုံတင်ကြောင်းကို ဦးသိန်းလှအနေဖြင့် မှတ်ပုံတင်စဉ်က သိရှိကြောင်း လျှောက်ထားသူတို့၏ ရှေ့နေက ပစ္စည်းလွှဲပြောင်းရေး အက် ဥပဒေ ပုဒ်မ ၃ ကို ကိုးကား၍ လျှောက်ထားသည်။

၁၉၇၆
ဦးအုန်းမောင်
ပါ(၂)
နှင့်
ဦးသိန်းဖေ

ဒေါ်ရွှေဂုဏ်က မိမိ၏ပစ္စည်းများကို ဦးသီဟန်နှင့် ဒေါ်တင်လှတို့အား ပေးကမ်းခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ပျက်ပြယ်ခြင်း ရှိမရှိ ပြဿနာမှာ ဒေါ်ရွှေဂုဏ် ကွယ်လွန်သော အခါမှသာ ပေါ်ပေါက်သည် ဖြစ်ရာ ယင်းဥပဒေအရ အချင်းဖြစ်စာချုပ်အား ပယ်ဖျက်ပိုင်ခွင့်ရရှိသည့် နေ့မှာ ဒေါ်ရွှေဂုဏ် ကွယ်လွန်သည့် နေ့ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်၍ ဦးသိန်းလှ စွဲဆိုသော အမှုမှာ အထက် ဖေါ်ပြပါ ပြဋ္ဌာန်းချက် များတွင် သတ်မှတ်ထားသော စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်း မရှိဟု ဆိုရပေမည်။ ဤထူးခြားသော အခြေအနေအရ ဦးသိန်းလှသည် စာချုပ်ချုပ်ဆိုစဉ်ကပင် အပေးစာချုပ်ကို ပယ်ဖျက်ပိုင်သော အကြောင်း အရာ များကို သိသည်ဟု ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက် များကို အကြောင်းပြုပြီး စွပ်စွဲနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။
ရှေ့နေခ ကျပ် ၁၀၀/-သတ်မှတ်သည်။

# တရားမ ပထမအယူခံမှု

## ဥက္ကဋ္ဌအဖြစ် ဒေါက်တာမန်းသက်စံ အဖွဲ့ဝင်များအဖြစ် ဒေါက်တာ မောင်မောင်အေးနှင့် ဦးအေးစန်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ကျင်ငွေး

နှင့်

ဦးသိန်းတင်ပါ(၅) *

† ၁၉၇၆
နို ဝင် ဘာ လ
၁၀-ရက်

**မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ရလိုမှုတွင် ကာလစည်းကမ်းသတ်–တရားလိုက မိမိလက်ရှိဖြစ်သော မြေကို ဖွန့်လွှတ်ခြင်းဖြစ်သည် သို့မဟုတ် တရားပြိုင်က ဆန့်ကျင်လက်ရှိထားခြင်းဖြစ်သည်ဆိုသော အချက်များကို စိစစ်ရန် လိုအပ်ခြင်း။**

အယူခံတရားလို ဒေါ်ကျင်ငွေးပိုင်သော မြေနှင့်ကပ်လျက်ရှိသော မြေကို အယူခံ တရားပြိုင် ဒေါ်ဖွားကျင်၊ ဒေါ်စိန်ပုနှင့် ဒေါ်တင်တင်အေးတို့ ပိုင်ကြသည်။ ယင်းမြေကို ဒေါ်ဖွားကျင့်တို့က အယူခံတရားပြိုင်ဦးသိန်းတင်နှင့် ဒေါ်စန်းတို့အား ၁၉၇၀ ခုနှစ်က ရောင်းချခဲ့သည်။ မြေနယ်နိမိတ် အငြင်းပွားး၍ မြေစာရင်းဦးစီးဌာနက တိုင်းတာသောအခါ ဦးသိန်းတင်တို့ လက်ရှိဖြစ်သော မြေသည် မိမိမြေအတွင်း ကျူးကျော်နေကြောင်း တွေ့ရှိရသည်ဟုဆိုကာ ယင်းမြေကို မိမိ ပိုင်မြေ ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်း ဒေါ်ကျင်ငွေးက ကရင်ပြည်နယ်တရားရုံး တရားမကြီး မှုအမှတ် ၂/၇၄ တွင် တရားစွဲဆိုသည်။

ဦးသိန်းတင်တို့က ဒေါ်ကျင်ငွေးသည် လက်ရှိခြံစည်းရိုးကို တရားမစွဲမီ ၂၆ နှစ်ကျော်က ကာရံခဲ့သည်ဖြစ်၍ ဒေါ်ကျင်ငွေး စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းထုချေသည်။ ကရင်ပြည်နယ်

---

* ၁၉၇၅ ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ် ၂၀၀

† ၁၉၇၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် ချမှတ်သော (၂၀-၉-၇၅) ရက်နေ့စွဲပါ ကရင်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၆
ဒေါ်ကျင်ဌွေး
နှင့်
ဦးသိန်းတင်
ပါ (၅)

တရားရုံးက တရားပြိုင်များသည်၊ ယင်းမြေကို ဆန့်ကျင်လက်ရှိထားသည်မှာ ၁၂နှစ်ကျော်ပြီဖြစ်သဖြင့်၊ တရားလိုစွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ်ကျော်လွန်သည်ဟု ကောက်ယူဆုံးဖြတ်၍ အမှုကို ပဏာမအချက်အရ ပလပ်လိုက်သောကြောင့် ဒေါ်ကျင်ငွေးက ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်။** ။ဒေါ်ကျင်ငွေးသည် မိမိပိုင်ဆိုင်သည့်မြေကို ပိုင်ဆိုင်သည့် အတိုင်းအတာထက်လျော့၍ ခြံခတ်ခဲ့သည်ဆိုရာ၌ ခြံအပြင်တွင် ချန်ထားခဲ့သောမြေကို မိမိသဘောအဘိုင်း စွန့်လွှတ်ရာရောက်မရောက် စိစစ်ရန်လိုပေလိမ့်မည်။ အကယ်၍ အမှုကိုစစ်ဆေးကြည့်ရာ၌ ဒေါ်ကျင်ငွေးသည် မိမိလက်ရှိဖြစ်ခဲ့သော မြေကိုစွန့်လွှတ်ကြောင်း ပေါ်ပေါက်လျှင် ယင်းမြေကို ပြန်လည်လက်ရောက်ရလိုမှုစွဲဆိုသည့် **အမှု**မှာ အမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်မည်ဖြစ်သည်။ အကယ်၍ ခြံစည်းရိုးအပြင်တွင် ချန်ထားခဲ့သောမြေကို စွန့်လွှတ်ခဲ့ခြင်းမရှိပါမူ ယင်းမြေကို ၁၂ နှစ်ကျော် ဆန့်ကျင်လက်ရှိထားခဲ့ကြောင်း သက်သေပြရန် တာဝန်မှာ အယူခံတရားပြိုင်တို့အပေါ် ကျရောက်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | – | ဦးဘသန်း၊ဗဟိုတရားရုံးရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | – | (၁)(၂)(၅) ဦးသန်းငွေး၊ ဗဟိုတရားရုံးရှေ့နေ |
| | – | (၃)(၄)ကိုယ်တိုင်–မလာ |
| တရားရေးအကြံပေး | – | ဦးမြ (ညွှန်ကြားရေးမှူး)၊ |

ဘားအံမြို့ အမှတ် (၂) ရပ်ကွက်၊ ဈေးဟောင်း အကွက်၊ အကွက်အမှတ်(၅)ဦးပိုင် အမှတ်(၁၃၁) စာရင်းပေါက်သော မြေသည် အယူခံတရားလိုဒေါ်ကျင်ငွေးပိုင်ဖြစ်သည်။ထိုမြေနှင့်ကပ်လျက်ရှိသောဦးပိုင်အမှတ် ၁၃၂မှာ မူလကအယူခံတရားပြိုင်ဒေါ်ဖွားကျင်၊ ဒေါ်စိန်ပုနှင့်ဒေါ်တင်တင်အေးတို့ပိုင်ဖြစ်သည်။ ယင်းမြေကိုဒေါ်ဖွားကျင်တို့က အယူခံတရားပြိုင် ဦးသိန်းတင်နှင့်ဒေါ်စန်းမြင့်တို့အား **၁၉၇၈** ခုနှစ်တွင် ရောင်းချခဲ့သည်။ ဒေါ်ကျင်ငွေးက မြေနယ်နိမိတ်နှင့်စပ်လျဉ်း၍ ဦးသိန်းတင်တို့နှင့် အငြင်းပွားသဖြင့် မြို့နယ် မြေစာရင်း ဦးစီးဌာနက မိမိ၏ လျှောက်ထားချက် အရ တိုင်းတာကြည့်သောအခါ ဦးသိန်းတင်တို့လက်ရှိဖြစ်သောမြေသည် မိမိပိုင်မြေအတွင်းသို့ကျူးကျော်နေသည်ကိုတွေ့ရှိရကြောင်း စသည်ဖြင့် ဖော်ပြ၍ ယင်းမြေမှာ မိမိပိုင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့် လက်ရောက်ရလိုကြောင်း ကရင်ပြည်နယ်တရားရုံး တရားမကြီးမှု အမှတ် ၅/၈၄တွင် တရားစွဲဆိုခဲ့သည်။

၁၉၈၆
ဒေါ်ကျင်ဒွေး
နှင့်
ဦးသိန်းတင်
ပါ (၅)

ဦးသိန်းတင်တို့က ဒေါ်ကျင်ဒွေးသည် လက်ရှိခြံစည်းရိုးကိုတရားမစွဲဆိုမီ ၂၆-နှစ်ကျော်ခန့်က ကာရံခဲ့သည်ဖြစ်၍ ဒေါ်ကျင်ဒွေးစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းထုချေသည်။

အဆိုအချေများအရ ကရင်ပြည်နယ်တရားရုံးက "ချေလွှာ အပိုဒ် ၆ အရတရားလိုသည် ယခုမှုမြွက်ဟကြေညာမှုစွဲဆိုခြင်းမှာ ကာလ စည်းကမ်းသတ်ကျော်လွန်နေပြီး အမှုစွဲဆိုရန် အကြောင်းမပေါ်ပေါက် ဆိုသည်မှာ မှန်ပါသလား" ဟူသော ငြင်းချက်ကို ပဏာမ ငြင်းချက်အဖြစ် ထုတ်နုတ်ကြားနာပြီးနောက် တရားပြိုင်များက ဆန့်ကျင် လက်ရှိ ထားသည်မှာ ၁၂-နှစ်ကျော်ပြီဖြစ်သဖြင့် တရားလိုစွဲဆိုသော အမှုသည်ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ တွင် သတ်မှတ်ထားသော စည်းကမ်းသတ်ကျော်လွန်သည်ဟု ကောက်ယူ၍ အမှုကို ပလပ်လိုက်သောကြောင့် ဒေါ်ကျင်ဒွေးက ဗဟိုတရားရုံးတွင်ဤအယူခံကို တင်သွင်းသည်။

မြွက်ဟကြေညာပေးစေလိုမှုအတွက် စည်းကမ်းသတ်ကာလမှာ ကာလစည်းကမ်းသတ်အက်ဥပဒေပထမဇယားအမှတ်စဉ်၁၂၀နှင့်သက်ဆိုင်သည်။ ယင်း ပြဋ္ဌာန်းချက်များအရဆိုလျှင် ဒေါ်ကျင်ဒွေး၏ ပိုင်ရေးပိုင်ခွင့်ကို တရားပြိုင်များက ငြင်းဆိုသည့်နေ့မှစ၍ စည်းကမ်းသတ် ကာလကို ရေတွက်ရန်ဖြစ်သည်။ မည်သည့်နေ့ကငြင်းဆိုကြောင်း အဆိုအချေများအရ ပေါ်ပေါက်ခြင်း မရှိသဖြင့် အမှု စစ်ဆေးပြီးမှသာ ယင်း ဥပဒေပြဿနာကို အဆုံးအဖြတ် ပေးနိုင်မည် ဖြစ်သည်။

ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ ဒေါ်ကျင်ဒွေးသည် လက်ရှိခြံစည်းရိုးကို ၁၉၅၇ခုနှစ်တွင် ကာရံခဲ့ခြင်း ဖြစ်သည်။ ကရင်ပြည်နယ် တရားရုံးက ထိုသို့ကာရံသည့်နေ့မှစ၍ ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၄ တွင် သတ်မှတ်ထားသည့် ၁၂-နှစ် ကာလကို ရေတွက်ရမည်ဟု **ဦးသန်းငွေ ပါ-၃ နှင့် ဦးဘအေး (ခ) ဆရာအေး ပါ-၄**[၁] စီရင်ထုံးကို ကိုးကား၍ ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရသည်။ ယင်း ဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြခဲ့သော ငြင်းချက်နှင့် ညီညွတ်သည်ဟု မဆိုနိုင်ချေ။

အယူခံတရားလို၏ရှေ့နေကဒေါ်ကျင်ဒွေးသည် ဦးပိုင်အမှတ် ၁၃၂ ၏ လက်ရှိဖြစ်သူဦးသိန်းတင်နှင့် ဒေါ်စန်းမြင့်တို့အား အဓိကဦးတည်၍ အမှုစွဲဆိုခြင်းဖြစ်ကြောင်း၊ ဒေါ်ဖွားကျင်၊ဒေါ်စိန်ပုနှင့် ဒေါ်တင်တင်အေး တို့သည် မြေလက်ရှိဖြစ်သူများ မဟုတ်ကြောင်း၊ အကယ်၍ သူတို့ အပေါ်

(၁) ၁၉၆၀ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ-၂၀၃။

၁၉၀၆ ဒေါ်ကျော်ဋ္ဌေး နှင့် ဦးသိန်းဘင် ပါ (၅)

ဦးဘည်တရားစွဲဆိုခဲ့လျှင် စည်းကမ်းသတ်ကာလကို ၁၉၅၀ ခုနှစ်မှစ၍ ရေတွက်ရမည်ဆိုခြင်းမှာ မှန်ကန်ကြောင်း၊ သို့ရာတွင် ယခုအမှုတွင်မူစည်းကမ်းသတ်ကာလကို ဦးသိန်းတင်တို့အား ဦးပိုင်အမှတ် ၁၃၂ ကို ရောင်းချသည့် ၁၉၇၀ ခုနှစ်မှစ၍ ရေတွက်ရမည် ဖြစ်ကြောင်း အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၄၄ တွင် သတ်မှတ်ထားသော ၁၂-နှစ်ကာလကို တရားပြိုင် လက်ရှိ ဖြစ်ခြင်းသည် တရားလိုအား ဆန့်ကျင်သည့်နေ့မှစ၍ ရေတွက်ရန် အတိအလင်း ပြဋ္ဌာန်းထားသည်။ ယင်းဇယားစာတိုင် ၃-တွင် ဖော်ပြထားသည့် "တရားပြိုင်" ဟူသောစကားရပ်၏ အနက်အဓိပ္ပာယ်ကို ကာလ စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂(၄)တွင် အောက်ပါအတိုင်းဖွင့်ဆိုထားသည်-

> **"defendant" includes any person from or through whom a defendant derives his liability to be sued;**

အကယ်၍ ဒေါ်ဖွားကျင်၊ ဒေါ်စိန်ပုနှင့် ဒေါ်တင်တင်အေးတို့သည် အချင်းဖြစ်မြေကို ဒေါ်ကျင်ဋ္ဌေးအား ဆန့်ကျင်လက်ရှိထားခဲ့ပါမူ ဦးသိန်းတင်နှင့် ဒေါ်စန်းမြင့်တို့သည် ယင်းမြေကို ဒေါ်ဖွားကျင်တို့ထံမှ ဝယ်ယူခဲ့သည့်အလျောက် အထက်ဖော်ပြပါ အနက် အဓိပ္ပာယ် ဖွင့်ဆိုချက်အရစည်းကမ်းသတ်ကာလကို ဒေါ်ဖွားကျင်တို့ ဆန့်ကျင်လက်ရှိထားသည့် နေ့မှစ၍ ရေတွက်ရမည်ဖြစ်ပေသည်။ **မမိပါ ၆ နှင့် ဟာဒ်ဂျီမိုဟာမက် ဘင်ဟာဂျီပုလေး မိုဟာမက်**(၂) စီရင်ထုံးကိုကြည့်ပါ။

ကရင်ပြည်နယ် တရားရုံးက ကိုးကားသော **ဦးသန်းဋ္ဌေး** အမှုတွင် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြေများတွင် သူတစ်ပါး၏မြေကို မိမိပိုင်မြေဖြစ်သည်ဟု မှားယွင်းယူဆလျက်ဖြစ်စေ သို့တည်းမဟုတ် မပိုင်မှန်းသိလျက်နှင့် တမင် ကျူးကျော်လိုသည့် ဆန္ဒနှင့်ဖြစ်စေ မိမိပိုင်မြေအဖြစ်လက်ရှိအသုံးချခဲ့လျှင် ထိုသူသည် ပိုင်ရှင်အား ဆန့်ကျင်လျက် ဆန့်ကျင်ဘက်လက်ရှိရခဲ့သည်ဟုယူဆရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။ အကယ်၍သာ ဒေါ်ဖွားကျင်တို့သည် လက်ရှိခြံစည်းရိုးကိုတရားမစွဲဆိုမီ ၁၂-နှစ်ကျော်ကာလအတွင်း ကာရံ၍ အချင်းဖြစ်မြေကို အသုံးချခဲ့လျှင် ဒေါ်ကျင်ဋ္ဌေး စွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်မည်ဖြစ်သည်။ သို့ရာတွင် လက်ရှိခြံစည်းရိုးကို ကာရံသူသည် တရားပြိုင်များ

---

(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၁၊ စာ-၁၇၆။

၁၉၈၆
ဒေါ်ကျင်ဌေး နှင့် ဦးသိန်းတင် ပါ (၅)

မဟုတ်ဘဲ ဒေါ်ကျင်ဌေးဖြစ်သည်။ ဒေါ်ကျင်ဌေးသည် မိမိမြေကိုလျှော့၍ ကာရံရုံမျှဖြင့် ဦးပိုင်အမှတ် ၁၃၂၏ပိုင်ရှင်များဖြစ်ကြသောဒေါ်ဖွားကျင် တို့သည်လည်းကောင်း၊ သူတို့ထံမှ ဦးပိုင်အမှတ် ၁၃၂ကို ဝယ်ယူခဲ့သော ဦးသိန်းတင်တို့သည်လည်းကောင်း၊ အချင်းဖြစ်မြေကို ဒေါ်ကျင်ဌေးအား ဆန့်ကျင့်လက်ရှိ ထားခဲ့သည်ဟု တထစ်ချ ကောက်ယူ နိုင်မည် မဟုတ်ချေ။ အချင်းဖြစ်မြေကို ဒေါ်ဖွားကျင်တို့ကဖြစ်စေ၊ ဦးသိန်းတင်တို့က ဖြစ်စေ၊ လက်ရှိအသုံးချခဲ့ခြင်းရှိမရှိ စိစစ်ရန်လိုပေသည်။ **ဦးသန်းငွေ** အမှုတွင် ပေါ်ပေါက်သောဖြစ်ရပ်များသည် **ဒေါ်ကျင်ဌေး** အမှုတွင် ပေါ်ပေါက်သော ဖြစ်ရပ်များနှင့် တူညီခြင်း ရှိမရှိ မသိရသေးဘဲ **ဦးသန်းငွေ** အမှုတွင် ချမှတ်သော စီရင်ထုံးကို ကိုးကား၍ ဒေါ်ကျင်ဌေး၏ အမှုကို ဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို လက်ရောက်ရလိုကြောင်းစွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ်၁၄၂ သို့မဟုတ် အမှတ်စဉ် ၁၄၄ နှင့် သက်ဆိုင်နိုင်သည်။ တရားလိုအဖြစ် တရားစွဲဆိုသူသည် အချင်းဖြစ်မြေကို လက်ရှိထားစဉ် အခြားသူတစ်ဦးက အတင်းဖယ်ရှားလျှင်သော်လည်းကောင်း၊ မိမိ၏သဘောအတိုင်း ထိုလက်ရှိကိုစွန့်လွှတ်လျှင်သော်လည်းကောင်း၊ ပြန်လည် လက်ရောက်ရလိုမှု တရားစွဲဆိုသည့်အခါ၌ အမှတ်စဉ် ၁၄၂အရ ဖယ်ရှားခြင်းခံရသည့်နေ့ သို့တည်းမဟုတ် လက်ရှိစွန့်လွှတ်သည့်နေ့မှ ၁၂ နှစ် အတွင်း တရားစွဲဆိုရပေမည်။ ယင်းသို့မဟုတ်လျှင် တရားစွဲဆိုသူသည် အမှတ်စဉ် ၁၄၄ အရ သတ်မှတ်သည့်ကာလ စည်းကမ်းသတ်အတွင်း တရားစွဲဆိုရမည်ဖြစ်သည်။ ထိုသို့ တရားစွဲဆိုရာ၌ မြေလက်ရှိ ရသူတရားပြိုင်သည် တရားစွဲဆိုသူတရားလိုအား စတင်၍ ဆန့်ကျင်လက်ရှိထားသည့် နေ့မှ ၁၂ နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်သည်။

စွဲဆိုသောအမှုသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယား အမှတ်စဉ် ၁၄၂ နှင့် သက်ဆိုင်ပါက စွဲဆိုသောအမှုမှာ ကာလ စည်းကမ်း သတ်အတွင်း ကျရောက်ကြောင်း တရားလိုက သက်သေပြရန်ဖြစ်သည်။ အကယ်၍ ယင်းအမှုသည် အမှတ်စဉ် ၁၄၄ တွင် အကျုံးဝင်ပါမူ တရားလို စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း တရားပြိုင်က သက်သေပြရမည်ဖြစ်သည်။

ဒေါ်ကျင်ဌေးသည် မိမိပိုင်ဆိုင်သည့်မြေကို ပိုင်ဆိုင်သည့်အတိုင်းအတာ ထက်လျှော့၍ ခြံခတ်ခဲ့သည်ဆိုရာ၌ ခြံအပြင်တွင် ချန်ထားခဲ့သော မြေကို မိမိသဘောအတိုင်း စွန့်လွှတ်ရာရောက်မရောက် စိစစ်ရန်လိုပေလိမ့်မည်။ အကယ်၍ အမှုကို စစ်ဆေးကြည့်ရာ၌ ဒေါ်ကျင်ဌေးသည် မိမိလက်ရှိဖြစ်ခဲ့သော မြေကို စွန့်လွှတ်ကြောင်း ပေါ်ပေါက်လျှင် ယင်းမြေကိုပြန်လည်

၁၉၀၆
ဒေါ်ကျင်ဌေး
နှင့်
ဦးသိန်းတင်
ပါ (၅)

လက်ရောက်ရလိုကြောင်း စွဲဆိုသည့်အမှုမှာ အမှတ်စဉ် ၁၄၂နှင့် သက်ဆိုင်မည်ဖြစ်သည်။ အကယ်၍ ခြံစည်းရိုးအပြင်တွင် ချန်ထားခဲ့သော မြေကို စွန့်လွှတ်ခဲ့ခြင်းမရှိပါမူ ယင်းမြေကို ၁၂ နှစ်ကျော် ဆန့်ကျင်လက်ရှိထားခဲ့ကြောင်း သက်သေပြရန် တာဝန်မှာ အယူခံ တရားပြိုင်တို့ အပေါ် ကျရောက်သည်။ သို့ဖြစ်ရာ ဒေါ်ကျင်ဌေးက အချင်းဖြစ်မြေကိုလက်ရောက်ရလိုကြောင်းစွဲဆိုသော အမှုမှာ ကာလစည်းကမ်းသတ်အတွင်း ကျရောက်ခြင်း ရှိမရှိဆိုသည့်ပြဿနာကို သက်သေခံချက်များ ရယူပြီးမှသာ အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဤအယူခံကိုခွင့်ပြု၍ ကရင်ပြည်နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်လိုက်သည်။ ကရင်ပြည်နယ်တရားရုံးသည် ဒေါ်ကျင်ဌေး စွဲဆိုသောအမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည် ဖွင့်လှစ်၍ အမှုကို ဥပဒေနှင့်အညီ စစ်ဆေးအဆုံးအဖြတ်ပေးရန် တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ ဤအယူခံတွင် နှစ်ဘက်အမှုသည်တို့သည် မိမိတို့ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင်ကျခံကြစေ။

ဤအယူခံတွင် ထမ်းဆောင်သော ရှေ့နေခကို အယူခံ တရားလိုအား ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံလက်မှတ်ကို ရှေ့နေခအက်ဥပဒေ ပုဒ်မ ၁၃ အရ ထုတ်ပေးစေ။

# တရားမအထွေထွေလျှောက်လွှာ

## ဥက္ကဋ္ဌအဖြစ် ဦးဘမော်၊ အဖွဲ့ဝင်များ အဖြစ် ဦးမျိုးမြင့်နှင့် ဦးဝင်းမောင်(၂)တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်ခင်အေး

နှင့်

ဒေါ်စောမြင့်ပါ(၆) *

† ၁၉၇၆
နိုဝင်ဘာလ
၂၄—ရက်

**နိုင်ငံတော်ကောင်စီက ဥပဒေတစ်ရပ်ရပ်ပါ စကားရပ်တစ်ခုခုကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်း ဥပဒေပြဋ္ဌာန်းစဉ်ကပင် ဆောင်သည်ဟု ကောက်ယူခြင်း။**

**ဆုံးဖြတ်ချက်။** ။နိုင်ငံတော်ကောင်စီက ဥပဒေတစ်ရပ်ရပ်ပါစကားရပ်တစ်ခုခုကို အနက် အဓိပ္ပာယ် ဖွင့်ဆိုလိုက်သော အခါ ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းစဉ်ကပင် ယင်းအနက် အဓိပ္ပာယ် အတိုင်း ဆောင် သည် ဟု ဗဟို တရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည်သဘာဝကျသည်။ အကြောင်းမူ ယင်းအနက်အဓိပ္ပာယ်မှာ ဥပဒေ ပြဋ္ဌာန်းစဉ်ကပင် တည်ရှိခဲ့ပြီး နိုင်ငံတော်ကောင်စီက ယင်းတည်ရှိပြီးဖြစ်သော အဓိပ္ပာယ်ကို ဖော်ထုတ်ဖွင့်ဆိုခြင်း ဖြစ်သည်။

လျှောက်ထားသူအတွက် — ဦးရဲခေါင်ညွန့်၊ဗဟိုတရားရုံးရှေ့နေ

လျှောက်ထားခံရသူများအတွက် —

တရားရေးအကြံပေး — ဦးကျော်ထွန်းအောင်

လျှောက်ထားခံရသူဒေါ်မြသင်သည် လျှောက်ထားခံရသူဒေါ်စောမြင့်၊ ဒေါ်ခင်ရွှေ၊ ဦးအောင်သန်း၊ ဒေါ်အောင်ကြည်နှင့် ဦးလွင်ဦးတို့ အပေါ် ဖျာပုံမြို့၊ ဒုတိယလမ်း၊ အိမ်အမှတ် (၃) မှ ခွင့်ပြုချက်အရ နေထိုင်သူများ အဖြစ်ဖြင့် ဖယ်ရှားပေးစေရန်ချမှတ်သည့်ဒီကရီကို ရွှေဝတီတိုင်းတရားရုံး၊

---

* ၁၉၇၆ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၃၀

† ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၇၄ တွင် ချမှတ်သော (၂-၆-၇၆) ရက် နေ့စွဲပါ ဗဟိုတရားရုံး၏ စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားမှု။

၁၉၇၆
ဒေါ်ခင်အေး
နှင့်
ဒေါ်စောမြင့်
ပါ (၆)

၁၉၇၄ ခုနှစ်၊ တရားမ ဇာရီမှု အမှတ် ၂၅ (ဖျာပုံ) တွင် အတည်ပြုသည်။ ဇာရီမှုကိုဆောင်ရွက်ဆဲ၌ တရားရှုံးတစ်ဦးဖြစ်သူ ဦးလှင်ဦးအား ဖျာပုံမြို့၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့က အချင်းဖြစ်အိမ်တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက် နေထိုင်ခွင့်ပြုသည်ကို အကြောင်းပြုပြီး ဦးလှင်ဦးက ဇာရီမှုအား ဆက်လက် ဆောင်ရွက်ခြင်း မပြုရန် လျှောက်ထားသည်။ တိုင်းတရားရုံးက ယင်း လျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးလှင်ဦး နှင့် အခြားတရားရှုံးများက ဗဟိုတရားရုံး၊ ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၇၄ တွင် အယူခံ သော်လည်း မအောင်မြင်ချေ။ ယင်း အယူခံတွင် ဗဟိုတရားရုံးကချမှတ်သောအမိန့်သည် မိမိတို့အား နစ်နာစေသည်ဟု အကြောင်းပြကာ ဒေါ်ခင်အေးက ဗဟိုတရားရုံးတွင် အထက်ဖော်ပြပါ အမှု၌ ချမှတ်သော စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် ဤအမှုတွင် လျှောက်ထားလာသည်။

ရန်ကုန်တိုင်းတရားရုံး၊တရားမဇာရီမှုအမှတ် ၁၀၃/၇၇ တွင် စပ်ငယ်ဒူး နှင့် ဒေါ်ခင်လှ တို့က တရားနိုင်များ အဖြစ်ဖြင့် လျှောက်ထားသူ ဒေါ်ခင်အေး နှင့် အခြားသူအပေါ် ယခင် နိုင်ငံတော် တရားရုံးချုပ် ၁၉၆၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင် ချမှတ်ထားသော ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားရာဒေါ်ခင်အေးက မိမိတို့အား အချင်းဖြစ်အိမ်ခန်းတွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက်နေထိုင်ခွင့်ပြုထားခြင်းကို အကြောင်းပြုပြီး ဇာရီမှုကို အဆိုပါ ဥပဒေ ပုဒ်မ ၁၅ (၁) အရ ဆိုင်းငံ့ပေးရန် လျှောက်ထားရာ တိုင်းတရားရုံးက ခွင့်ပြုပြီး ဇာရီမှုကို ပလပ်လိုက်သဖြင့် စပ်ငယ်ဒူး တို့က ဗဟိုတရားရုံး၊ ၁၉၇၀ ပြည့်နှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၁၆ တွင် အယူခံ ဝင်သည်။ ဗဟိုတရားရုံးက လျှောက်ထားသူဒေါ်ခင်အေးအပေါ် ဒီကရီအတည်ပြုခြင်းကို ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ ဆိုင်းငံ့ထားရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။

ဒေါ်စောမြင့်တို့က ဒေါ်မြသင်တို့အပေါ် တင်သွင်းသော ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၇၄ တွင် အောက်ပါ အတိုင်း မှတ်ချက်ပြုခဲ့သည်—

"ဤစီရင်ချက်ကို အဆုံးမသတ်မီ မှတ်ချက်ပြုလိုသောအချက်မှာ အထက်ဖော်ပြပါ စီရင်ထုံးများကို ကိုးကား၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁) အရ ရပ်ဆိုင်းထားသော ဇာရီမှုများအနက် တရားရှုံးများအား အဆိုပါ ဥပဒေပုဒ်မ ၁၃ (၁) အရ ဆက်လက်နေထိုင်ခွင့်ပြုသောအမိန့်သည်

ယခုအမှုမှာကဲ့သို့ ဥပဒေနှင့်မညီညွတ်ခဲ့လျှင် သက်ဆိုင်ရာ တရားရုံးများသည် ဇာရီမှုကိုဆိုင်းငံ့ထားစေရန် ချမှတ်ခဲ့သည့်အမိန့်များအား တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပယ်ဖျက်ပြီး ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက် သွားရန် ဖြစ်ပေသည်။" ၁၉၈၆ ဒေါ်ခင်ခင်အေး နှင့် ဒေါ်စောမြင့် ပါ(၈)

ဤမှတ်ချက်များ နှင့် အခြား သုံးသပ်ချက်များ ကို မကျေနပ်၍ ဒေါ်ခင်အေးက ဤအမှုကို လျှောက်ထားလာခြင်း ဖြစ်သည်။

လျှောက်ထားသူဒေါ်ခင်အေးက ဗဟိုတရားရုံး၊ ၁၉၈၅ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၇၄ တွင် ချမှတ်သောစီရင်ချက်ကြောင့် မိမိသည် နစ်နာရသည့်အပြင် ယင်းအမိန့်ကို အယူခံဝင်ခွင့်မရှိသဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၄ တွင် ခွင့်ပြုထားသည့်အတိုင်း ဗဟိုတရားရုံး၏စီရင်ချက်ကို ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားခွင့် ရှိကြောင်း တင်ပြလာသည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ တွင် စီရင်ချက်ကိုပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခွင့် ရှိသူသည် သက်ဆိုင်ရာ စီရင်ချက် ချမှတ်သည့် အမှုတွင် ပါဝင်သော အမှုသည်များဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းမရှိချေ။ သို့ဖြစ်ရာ ဗဟိုတရားရုံး၊ ၁၉၈၅ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၇၄ တွင် ချမှတ်သောစီရင်ချက်သည် ဒေါ်ခင်အေးအားထိခိုက်နစ်နာစေမည်ဖြစ်ပါက ယင်းအမှုတွင် ချမှတ်သောစီရင်ချက်ကို ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခွင့်ရှိမည် ဖြစ်သည်။

၁၉၈၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၇၄ ၌ ဗဟိုတရားရုံးက နိုင်ငံတော်ကောင်စီ၏ ၁၁-၁၀-၈၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၈၅ တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) ပါ "အိမ်ငှားပင် မဟုတ်စေကာမူ" ဟူသော စကားရပ်နှင့် စပ်လျဉ်း၍ အဓိပ္ပာယ် ဖွင့်ဆိုချက်သည် အဆိုပါ ဥပဒေကို စတင်ပြဋ္ဌာန်းစဉ်ကပင် ပုဒ်မ ၁၃ (၁) ၌ နိုင်ငံတော်ကောင်စီက အဓိပ္ပာယ် ဖွင့်ဆိုသည့် အတိုင်း အဓိပ္ပာယ် ဆောင်သည်ဟု ဆိုရမည် ဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။ လျှောက်ထားသူ၏အကျိုးဆောင်က ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃(င)အရ ဥပဒေတစ်ရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုရှိစေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ယင်းဥပဒေသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု မရှိစေရဟု ပြဋ္ဌာန်းထားသည်က တစ်ကြောင်း၊ နိုင်ငံတော်ကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၈၅ တွင် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိစေရမည်ဟူ၍ ဖော်ပြထားခြင်း

၁၉၈၆
ဒေါ်ခင်အေး
နှင့်
ဒေါ်စောမြင့်
ပါ(၆)

မရှိသည်က တစ်ကြောင်းကြောင့် နိုင်ငံတော်ကောင်စီ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်သည် နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှုမရှိနိုင်ကြောင်း ထင်ရှားပါသည်ဟု လျှောက်လဲသည်။

၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၇၄ တွင် နိုင်ငံတော်ကောင်စီက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁) ပါ "အိမ်ငှားပင် မဟုတ်စေကာမူ" ဟူသော စကားရပ်နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ဖွင့်ဆိုချက်၏ အကျိုးသက်ရောက်မှုကို စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။ ၁၉၇၃ ခုနှစ်၊ စကားရပ်များ အနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ ၃ (င) သည် ဥပဒေ ပြဋ္ဌာန်းခြင်း၏ အကျိုးသက်ရောက်မှုနှင့် သက်ဆိုင်သည်။ ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၏ အကျိုးသက်ရောက်မှုနှင့် စပ်ဆိုင်ခြင်းမရှိချေ။ ဥပဒေကို ပြဋ္ဌာန်းခြင်းနှင့် ဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့သည် သီးခြားကိစ္စရပ်များ ဖြစ်ကြောင်း သတိချပ်ရန်လိုပေသည်။နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၅/၇၅ တွင် နိုင်ငံတော်ကောင်စီက အဓိပ္ပာယ်ဖွင့်ဆိုချက်သည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု ရှိစေရမည်ဟု ဖော်ပြထားခြင်း မရှိသည်မှာ မှန်သည်။ ဖော်ပြရန်လည်း လိုမည် မဟုတ်ချေ။ ဥပဒေတစ်ရပ်ရပ်ပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါ ယင်းသို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုသည့်နေ့မှစ၍ ဖွင့်ဆိုသည့် အတိုင်းဖြစ်ရမည်ဟူ၍လည်းကောင်း၊ နောက်ကြောင်းပြန်၍ အကျိုးသက်ရောက်မှုရှိရမည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။ ဤအခြေအနေတွင် နိုင်ငံတော်ကောင်စီက အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းသည် မည်သို့ အကျိုးသက်ရောက်မှု ရှိမည်ကို တရားရုံးက စိစစ် ဆုံးဖြတ်ရန် ဖြစ်ပေလိမ့်မည်။ နိုင်ငံတော်ကောင်စီက ဥပဒေတစ်ရပ်ရပ်ပါ စကားရပ်တစ်ခုခုကို အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါ ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းစဉ်ကပင် ယင်းအနက် အဓိပ္ပာယ် အတိုင်း ဆောင်သည်ဟု ဗဟိုတရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းသည် သဘာဝကျသည်ဟုကျွန်ုပ်တို့ယူဆသည်။အကြောင်းမူ ယင်းအနက်အဓိပ္ပာယ်မှာ ဥပဒေပြဋ္ဌာန်းစဉ်ကပင် တည်ရှိခဲ့ပြီး နိုင်ငံတော်ကောင်စီက ယင်းတည်ရှိပြီးဖြစ်သော အဓိပ္ပာယ်ကို ဖော်ထုတ်ဖွင့်ဆိုခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၁၄ တွင် ဥပဒေ တစ်ရပ်ရပ်ကို အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည်ဆိုင်ရာဥပဒေတွင်ယင်းဥပဒေကိုစတင်ပြဋ္ဌာန်းစဉ်ကပင် အဓိပ္ပာယ်ရောက်သည်ဟု ဆိုရပေမည်ဟူ၍ ဗဟိုတရားရုံးက သုံးသပ်ခဲ့သော်လည်း အဆိုပါ ဥပဒေပုဒ်မ ၁၄ တွင် ယင်းကဲ့သို့ ဖော်ပြထားခြင်း မရှိကြောင်း တင်ပြလျှောက်ထားသည်။ ဗဟိုတရားရုံးက နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၁၄ ကို ကိုးကားခြင်းမှာ ဥပဒေ တစ်ရပ်ရပ်ကို နိုင်ငံတော်

၁၉၈၆
ဒေါ်ခင်အေး နှင့် ဒေါ်စောမြင့် ပါ(၆)

ကောင်စီက အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် စပ်လျဉ်း၍ ကိုးကားခြင်းသာ ဖြစ်သည်။ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များ နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိကြောင်း ပေါ်လွင်စေရန် ကိုးကားခြင်း မဟုတ်ချေ။

လျှောက်ထားသူ၏ရှေ့နေက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ နေထိုင်ခွင့် ရရှိသူအပေါ် ဇာရီမှုပြုလုပ်ခွင့်မရှိကြောင်း ပုဒ်မ (၁၅) (၁)ကို ကိုးကား၍ အကျယ်တဝင့် တင်ပြ လျှောက်ထားသည်။ ပုဒ်မ ၁၃ (၁) ပါ ပြဋ္ဌာန်းချက်နှင့် အညီ နေထိုင်ခွင့် ရရှိသူ တစ်ဦးကို ပုဒ်မ ၁၄ (၁)ပါ ကိစ္စ တစ်ရပ်ရပ်အတွက်သာ နှင်ခွင့်ရှိသည်ဆိုသော အချက်မှာ အငြင်းပွားဖွယ် မရှိချေ။ သို့ရာတွင် ပုဒ်မ ၁၃ (၁) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ မဟုတ်ဘဲ ဆက်လက်နေထိုင်သော တရားရှုံးတစ်ဦးအပေါ် ချမှတ်ထားသည့် ဒီကရီအတိုင်း အတည်ပြု နိုင်မည် ဖြစ်သည်။ **မောင်မြထွန်းပါ (၂) နှင့် ဒေါ်ကျန်**[၁] အမှုတွင် တရားရှုံး တစ်ဦးအား ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ ဆက်လက်နေထိုင်ခွင့်ပေးခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ တရားရုံးက စိစစ်ဆုံးဖြတ်ခွင့်ရှိကြောင်း ထုံးဖွဲ့ထားသည်။

လျှောက်ထားသူ၏ရှေ့နေက ယခင် နိုင်ငံတော်တရားရုံးချုပ်၊ တရားမကြီးမှု အမှတ် ၁၀/၆၃ တွင် လျှောက်ထားသူ ဒေါ်ခင်အေးပေါ် ချမှတ်သောဒီကရီမှာ အိမ်ရှင်အချင်းချင်း အရောင်းအဝယ်ပြုလုပ်သည့်ပဋိညာဉ်အရ စပ်ငယ်ဒူးဘက်မှစွဲဆိုသဖြင့် ချမှတ်သောဒီကရီသာဖြစ်ပြီး ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ တရားစွဲဆိုသောအမှုတွင် ချမှတ်သော ဒီကရီမျိုးမဟုတ်သဖြင့် နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့သည် စပ်ငယ်ဒူးတို့နှင့်ဒေါ်ခင်အေးတို့အကြား ပေါ်ပေါက်လျက်ရှိသောအမှုနှင့် သက်ဆိုင်မှု မရှိကြောင်း တင်ပြ လျှောက် ထား သည်။ ဗဟိုတရားရုံးက ၁၉၈၅ ခုနှစ်၊ တရားမအထွေထွေ အယူခံမှု အမှတ် ၇၄ တွင် ၁၉၈၀ ပြည့်နှစ် တရားမ အထွေထွေ အယူခံမှုအမှတ် ၁၆ ၌ ပေါ်ပေါက်သော အမှုနှင့်စပ်လျဉ်း၍ အကျိုးအပြစ်များကို တစ်စုံတစ်ရာဝေဖန်ဆုံးဖြတ်ခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ အထက်ဖော်ပြပါ လျှောက်ထားချက်များကို အဆုံးအဖြတ်ပေးရန် အကြောင်း မပေါ်ပေါက်ချေ။

လျှောက်ထားသူ၏ ရှေ့နေက မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အဖွဲ့ကဖြစ်စေ၊ ငှားရမ်းခ ကြီးကြပ်ရေးဝန်ကဖြစ်စေ၊ ၁၉၆၀ ပြည့်နှစ်

---

(၁) ၁၉၆၂၊ မတစ၊ စာ ၉၂ (တရားလွှတ်တော်)

၁၉၇၀ ဒေါ်ခင်ခင်အေး နှင့် ဒေါ်စောမြင့် ပါ(၆)

မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ ချမှတ်သည့်အမိန့်ကို တရားရုံးကပယ်ဖျက်ခွင့်မရှိကြောင်း **ဒေါ်ဓာင်ရီနှင့် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအဖွဲ့အရှေ့ မြောက်မြို့နယ်ပြည်သူ့ကောင်စီ မန္တလေးပါ** (၂)[၂] နှင့် **မန္တတာ စီအိပ်ချ်ဒီရူဇာ** နှင့် **ဒေါ်လှသိန်း ပါ** (၃)[၃]၊ **ဦးထွေး** နှင့် **ဦးသက်ထွန်း ပါ** (၅)[၄]၊ **ဒေါ်မြင့်ပါ** (၇) နှင့် **ဦးစောလွင် ပါ** (၂)[၅] တို့ကို ကိုးကား၍ လျှောက်ထားသည်။ **ဒေါ်တင်ရီ** အမှုတွင် ဒေါ်တင်ရီက မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအဖွဲ့က မခင်မြဝင်းအား အချုပ်ဖြစ် ဥပစာတွင် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁)အရ ဆက်လက်နေထိုင်ခွင့်ပြုသည့် အမိန့်မှာ ပျက်ပြယ်ကြောင်း မြွက်ဟကြေငြာပေးစေရန်စွဲဆိုသည်။ ဦးထွေး အမှုတွင်လည်း အလားတူ မြွက်ဟကြေညာပေးရန် စွဲဆိုခဲ့ခြင်းဖြစ်သည်။ **မန္တတာ စီအိပ်ချ်ဒီရူဇာ** အမှုတွင် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးဝန်က ချမှတ်သော အမိန့်သည် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေရန် တရားစွဲဆိုသည်။ **ဒေါ်မြင့်** အမှုတွင် တရားရှုံးဒေါ်မြင့်တို့အား အချုပ်ဖြစ်ဥပစာတွင် ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁) အရ ဆက်လက်နေထိုင်ခွင့်ပြုသည့် လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်၏အမိန့်ကို တရားနိုင် ဦးစောလွင်တို့က မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံးသို့ တရားမ လွှဲအပ်လွှာ လျှောက်ထားသောအခါ တိုင်းတရားရုံးက လက်ထောက် ငှားရမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်လိုက်သဖြင့် ဒေါ်မြင့်တို့က ဗဟိုတရားရုံးသို့ လျှောက်ထားရာ ဗဟိုတရားရုံးက တိုင်းတရားရုံးသည် လက်ထောက်ငှားရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပယ်ဖျက်ခွင့်မရှိကြောင်းဆုံးဖြတ်ခဲ့သည်။ ယင်းအမှုများတွင် ပေါ်ပေါက်သော ဖြစ်ရပ်တို့သည် ဗဟိုတရားရုံး၊ ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှုအမှတ် ၇၄ တွင် ပေါ်ပေါက်သော ဖြစ်ရပ်နှင့် ခြားနားပေသည်။ **မောင်မြထွန်း** အမှုတွင် ဒီကရီ အတည်ပြုသော တရားရုံးအနေဖြင့် **တရားရှုံးအား** ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ **၁၃(၁)** အရ ဆက်လက် နေထိုင်ခွင့် ပြုခြင်းသည် ယင်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိမရှိစိစစ်ခွင့် ရှိကြောင်းထုံးဖွဲ့ထားရာ ကျွန်ုပ်တို့သည် ယင်းစီရင်ထုံးကို သဘောတူလက်ခံသည်။

---

(၂) ၁၉၇၄၊ မတစ၊ စာ ၂၆၇။

(၃) ၁၉၇၄၊ မတစ၊ စာ ၆၄။

(၄) ၁၉၇၄၊ မတစ၊ စာ ၁၅၇။

(၅) ၁၉၇၁၊ မတစ၊ စာ ၂၃။

၁၉၇၆
ဒေါ်ခင်အေး
နှင့်
ဒေါ်စောမြင့်
ဓါ (၆)

ဗဟိုတရားရုံးက ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၇၄ တွင် **ကေအီးအမ်အဗ္ဗဒူမရျစ်** နှင့် **အမ်အေမဒါးပါ (၃)**[၆]၊ **တီစီလျောင်ပါ (၂)** နှင့် **ဦးမိုးသိန်း**[၇]၊ **တန်ခြုကဲန် ပါ (၃)** နှင့် **စောချိန်ပွန်းပါ (၂)**[၈]၊ နှင့် **ဒေါ်မေ** နှင့် **ဦးမောင်ဟန်ပါ (၂)**[၉] အမှုများမှာ နိုင်ငံတော်ကောင်စီက အနက်အဓိပ္ပာယ် မဖွင့်ဆိုမီက ထုံးဖွဲ့ခဲ့သော စီရင်ထုံးများ ဖြစ်သဖြင့် ယခုအခါ ယင်းစီရင်ထုံးများကို လိုက်နာရန် အကြောင်း မရှိတော့ကြောင်း သုံးသပ်ခဲ့ရာ ပထမအမှု(၄)မှုမှာ ၁၉၄၇ ခုနှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ ဆုံးဖြတ်ခဲ့သောအမှုများဖြစ်သည့်အလျောက် နိုင်ငံတော်ကောင်စီ၏အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၅/၇၅ပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့သည် ၁၉၄၇ ခုနှစ် ဥပဒေအပေါ် အကျိုးသက်ရောက်မှု မရှိနိုင်သဖြင့် **ဒေါ်စောမြင့်** အမှု၌ ဖော်ပြပါ အမှုနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်များကို ပြင်ဆင်သင့်ကြောင်း တင်ပြလျှောက်ထားသည်။ နိုင်ငံတော်ကောင်စီ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ၁၉၄၇ ခုနှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး ဥပဒေနှင့် မသက်ဆိုင် ဟူသော တင်ပြချက်မှာ အငြင်းပွားဖွယ်မရှိချေ။ သို့ရာတွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များသည် ၁၉၄၇ ခုနှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့် တူညီသည် ဖြစ်ရာ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁) အရ လျှောက်ထားသည့် အမှုများတွင် ၁၉၄၇ခုနှစ် ဥပဒေအရ ထုံးဖွဲ့ခဲ့သော စီရင်ထုံးများကို ကိုးကားလေ့ရှိသဖြင့် အထက် ဖော်ပြပါ စီရင်ထုံးများကို ပြောင်းလဲလာသည့် အခြေအနေအရ လိုက် နာရန် အကြောင်း မရှိကြောင်း ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက ယခင်အမှုများတွင် ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်များကို ဗဟိုတရားရုံးက ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၇၄ တွင် ပယ်ဖျက်ရန်မသင့်ကြောင်း တင်ပြလျှောက်ထားသည်။ ယင်းအမှုတွင် ဗဟိုတရားစီရင်ရေး အဖွဲ့က ဒေါ်စောမြင့်တို့ တင်သွင်းသောအယူခံမှုနှင့် မသက်ဆိုင်သောအမှုများ၌ ချမှတ်သည့် အမိန့်စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ကြောင်း တစ်စုံ တစ်ရာဆုံးဖြတ်ခဲ့ခြင်းမရှိချေ။ ဆုံးဖြတ်ပြီးသော စီရင်ထုံး အချို့ကို

---

(၆) ၁၉၄၉ ခုနှစ်၊ မတစ၊ စာ ၅၇၇

(၇) ၁၉၅၃ ခုနှစ်၊ မတစ၊ စာ ၁ (တရားလွှတ်တော်)

(၈) ၁၉၅၄ ခုနှစ်၊ မတစ၊ စာ ၂၉ (တရားလွှတ်တော်ချုပ်)

(၉) ၁၉၇၁ ခုနှစ်၊ မတစ၊ စာ၇၂

၁၉၈၆ ဒေါ်ခင်အေး နှင့် ဒေါ်စောမြင့် ပါ (၆)

လိုက်နာရန် အကြောင်းမရှိတော့ကြောင်းသာ လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့လမ်းညွှန်ခြင်းမျိုးကို **ဒေါ်စန်းရီပါ(၂)** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံတော်** [၁၀] အမှုတွင် တွေ့မြင်နိုင်သည်။

လျှောက်ထားသူ၏ ရှေ့နေက ဗဟိုတရားရုံးက ၁၉၆၀ ပြည့်နှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၁၆ တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် မီးသေသော ဆုံးဖြတ်ချက် ဖြစ်ကြောင်း လျှောက်ထားသည်။ ယင်းကိစ္စကို ၁၉၇၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၇၄ တွင် ဆုံးဖြတ်ခဲ့ခြင်းမရှိ၍ ဤအမှုတွင် အဆုံးအဖြတ်ပေးရန် ပြဿနာ မပေါ် ပေါက်ချေ။

ဗဟိုတရားရုံးက ၁၉၇၅ ခုနှစ်၊ တရားမ အထွေထွေ အယူခံမှု အမှတ် ၇၄ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၅ (၁) အရ ရပ်ဆိုင်းထားသော ဇာရီမှုများ အနက် တရားရှုံး များအား အဆိုပါဥပဒေပုဒ်မ ၁၃(၁)အရ ဆက်လက်နေထိုင်ခွင့်ပြုသော အမိန့်သည် ဥပဒေနှင့်မညီညွတ်ကြောင်း တွေ့ရှိရလျှင် သက်ဆိုင်ရာ တရားရုံးများသည် ဇာရီမှုကိုဆိုင်းငံ့ထားစေသည့်အမိန့်များကို တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပယ်ဖျက်ပြီး ဥပဒေ နှင့် အညီ ဆက်လက် ဆောင်ရွက်သွားရန် မှတ်ချက်ပြုခဲ့ရာ ထိုအတိုင်း ဆောင်ရွက်ပါက အမှုများတိုးပွားနိုင်ခြင်း၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းတို့ကို ဖြစ်စေနိုင်သည် ဖြစ်၍ ယင်းမှတ်ချက်ကို ပြန်လည်စဉ်းစားသင့်ကြောင်း တင်ပြ လျှောက် ထားသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီမဟုတ်ဘဲ အချင်းဖြစ်ဥပစာတွင် ဆက်လက် နေထိုင်ခွင့်ရရှိသော တရားရှုံးအပေါ် သက်ဆိုင်ရာ ဒီကရီကို အတည်ပြုခွင့်ရှိပါလျက် ယင်းသို့ အတည် မပြုဘဲ အဆိုပါ ဥပဒေ ပုဒ်မ ၁၅ (၁) အရ ဇာရီမှုကိုဆိုင်းထားစေခြင်းသည် တရားရုံး၏ ယန္တရားကို အလွဲသုံးစားပြုရာရောက်သည်ဖြစ်၍ ယင်းသို့အလွဲသုံးစားပြုခြင်းကိုတားဆီး ပိတ်ပင်ရန် အလို့ငှာ ဗဟိုတရားရုံးက အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားသူ၏ ရှေ့နေ တင်ပြ ချက်ကို လက်ခံရန် အကြောင်း မရှိချေ။

---

(၁၀) ၁၉၄၀၊ မတ၈၊ စာ ၁၉၅

၁၉၈၆
ဒေါ်ခင်အေး
နှင့်
ဒေါ်စောမြင့်
ပါ(၆)

လျှောက်ထားသူ၏ ရှေ့နေက ငှားရမ်းခကြီးကြပ်ရေးအဖွဲ့၏ အမိန့်များကို နိုင်ငံတော်ကောင်စီကသာ အခြေခံ ဥပဒေပုဒ်မ ၇၃ (၃) အရ ပယ်ဖျက်နိုင်ကြောင်း ယင်းသို့လုပ်ပိုင်ခွင့်ကို နိုင်ငံတော် ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၈၅ ဖြင့် တရားရုံးများအား ထပ်ဆင့် လွှဲအပ်ထားခြင်းမရှိကြောင်း၊ သို့ဖြစ်၍ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအဖွဲ့များက ဥပဒေနှင့်အညီ ချမှတ်ခဲ့သောအမိန့်များကို နိုင်ငံတော်ကောင်စီက ပယ်ဖျက်ခြင်းမရှိဘဲ တရားရုံးက အသိအမှတ်မပြုသည့်သဘောသက်ရောက်သည့် အမိန့်မျိုးကို ချမှတ်ခွင့်ရှိမရှိ စဉ်းစားသင့်ကြောင်း တင်ပြ လျှောက်ထားသည်။ ယင်းလျှောက်ထားချက်၏ အဖြေကို **မောင်မြထွန်း**အမှုတွင် တွေ့မြင်နိုင်သည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤလျှောက်လွှာကို အကျဉ်းနည်းဖြင့် ပလပ်လိုက်သည်။

## ၁၉၇၆-ခုနှစ်(ပထမသုံးလပတ်)(ပြစ်မှု)အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| | ပြစ်မှုများ | | |
| (ဃ) | ၃ | ယင်းအမှုတွက် | ယင်းအမှုတွင် |
| (ဇ) | ၃၂ | အမိန့်ကိုသူတို့က လိုက်နာရန် | အမိန့်ကိုလိုက်နာရန် |
| ၆ | ၁၀ | သီခြားဖြစ်ရပ် | သီးခြားဖြစ်ရပ် |
| ၇ | ၂၃ | လျှောက်ထားရာတရားခွဲ | လျှောက်ထားတရားခွဲ |
| ၂၄ | ၁၀ | ၄(၁)/(၇)/၄(၂) | ၄(၁)(၇)/၄(၂) |
| ၂၄ | ၂၅ | လွှတ်ငြိမ်းချမ်းသာခွင့် အမှတ် | လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် အမှတ် |
| ၃၅ | ၅ | နိုင်ငံတော်ပါ | နိုင်ငံတော် |
| ၄၀ | ၃၂ | အယူခံများ | ဤအယူခံများ |
| ၄၂ | ၁၉ | (သက်သေခံအမှတ် င-5) | (သက်သေခံအမှတ်-၁) |
| ၄၆ | ၁၄ | နိုင်ငံတော်နှင့် | နိုင်ငံတော် |
| ၄၇ | ၁၄ | နိုင်ငံတော်နှင့် | နိုင်ငံတော် |
| ၄၉ | ၁၄ | နိုင်ငံတော်နှင့် | နိုင်ငံတော် |

## ၁၉၇၆-ခုနှစ် (ပထမသုံးလပတ်)(တရားမ)အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| (ဃ) | ၂၁ | သတ်မှတ်ရုံဖြင့် | သတ်မှတ်ရုံမျှဖြင့် |
| (ဇ) | ၁၁ | အကျုံးပင်သည် | အကျုံးဝင်သည် |
| (ဈ) | ၅ | ဆောင်ရွက်ပြီးမှ | ဆောင်ရွက်ပြီးမှသာ |
| (ဈ) | ၁၂ | စာထုက် | စာထုတ် |
| ၃ | ၁၁ | ဒေါ်လှလရီ | ဒေါ်လှလှရီ |
| ၃ | ၁၁ | တိင်း | တိုင်း |
| ၃ | ၁၅ | ထိပျက်ကွက်မှု | ထိုပျက်ကွက်မှု |
| ၁၀ | ၁၅ | ပစ္စည်းလက်ရောက် | ပစ္စည်းကိုလက်ရောက် |
| ၁၂ | ၂ | ဇန်နာဝါရီလ | ဇန်နဝါရီလ |
| ၁၅ | ၁၃ | တရားရုံး | တရားရုံးက |
| ၁၅ | ၁၆ | တရားရုံး | တရားရှုံး |
| ၁၇ | ၁၁ | ဥဂဒေ | ဥပဒေ |
| ၁၉ | ၂၅ | စောဒကကမှု | စောဒကမှု |
| ၂၀ | ၁၈ | လက်မှက်စာ | လက်မှတ်စာ |

## ၁၉၈၆–ခုနှစ်(ပထမသုံးလပတ်)(တရားမ)အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၂ | ၃ | **eshall** | **Shall** |
| ၂၇ | ၂၂ | ကျော်လွှန်း | ကျော်လွန် |
| ၂၉ | ၁၂ | **to act....** | **to act , ...** |
| ၂၉ | ၃၀ | ရီးဟန်ရီ | ဦးဟန်ရီ |
| ၃၃ | ၂၁ | (ပြည်သူ့ဥပဒေအကျိုး | (ပြည်သူ့ ဥပဒေအကျိုးဆောင် |
| | ၉ | ဆောင်အဖွဲ့) | အဖွဲ့)နှင့် |
| ၃၃ | ၂၆ | အယူခံတရာပြိုင် | အယူခံတရားပြိုင် |
| ၄၀ | ၃ | မြို့ ပြဆိုင်ရာ | မြို့ပြဆိုင်ရာ |
| ၄၁ | ၂၆ | တင်ပြလာသော | တင်ပြလာသော |
| ၄၉ | ၁၃ | ပြဒန်းချက်များသည် | ပြဋ္ဌာန်းချက်များကို |
| ၅၄ | ၂၀ | လျှောက်ထားခဲ့ခြင်း | လျှောက်ထားခြင်း |
| ၅၅ | ၂၁ | မရှိသည့်အလျှောတ် | မရှိသည့်အလျှောက် |
| ၅၆ | ၂၉ | စီရင်ချက်နှနှ | စီရင်ချက်နှင့် |
| ၅၇ | ၃ | သတ်မှတ်ရုံဖြင့် | သတ်မှတ်ရုံမျှဖြင့် |
| ၅၉ | ၂၂ | ဖော်ပြလျှတ် | ဖော်ပြလျက် |
| ၆၀ | ၂၁ | ရုံးခွန်အက်ဥပဒေ | ရုံးခွန်ကိုရုံးခွန်အက်ဥပဒေ |
| ၆၄ | ၁၂ | ဦးဘသိန်းပါ(၁) | ဦးဘသိန်းပါ-၂(၁) |
| ၆၇ | ၆ | ပေးဖြေဆို၍ဖြေဆိုကာ | ပေး၍ဖြေဆိုကာ |
| ၆၈ | ၁၅ | မိခင်ရင်း | မိခင်အရင်း |
| ၆၈ | ၂၃ | မယားဒေါ်သန်းမြင့် | ဒေါ်သန်းမြင့် |
| ၆၈ | ၂၄ | မယားပါသား | လင်ပါသား |
| ၆၉ | ၂၄ | ဒေါ်သန်းမြင့် | ဒေါ်သန်းရင် |
| ၇၀ | ၉ | စာထုက် | စာထုတ် |
| ၇၁ | ၃၀ | ၁၉၅၆ | ၁၉၅၉ |
| ၇၄ | ၁၁ | မရွှတ် | မရွက် |
| ၇၄ | ၁၅ | ဦးဘချို | ဦးချို |
| ၈၁ | ၂၆ | ကောက်ယူရပေလိမ့်မည် | ကောက်ယူရပေမည် |
| ၈၂ | ၇ | ကိုယ်စားလှယ်ပါ ၆ | ကိုယ်စားလှယ်)ပါ၆ |
| ၈၃ | ၉ | (ကွယ်လွန်သူ | ကွယ်လွန်သူ) |
| ၈၃ | ၁၆ | ဦးမြတ်လိုး | ဦးမြတ်စိုး |
| ၈၄ | ၁၄ | ပြဋ္ဌာန်းချက် | ဤပြဋ္ဌာန်းချက် |
| ၈၅ | ၇ | တရားရုံး | တရားရုံး၏ |

## ပြည်သူ့တရားသူကြီးအဖွဲ့ညွှန်ကြားချက်များ

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| မာတိကာ | ၄ | ၃ | ၁ |
| ၁ | ၁၂ | ကတဖ | တတဖ |

### ၁၉၇၆-ခုနှစ်(ဒုတိယသုံးလပတ်) (ပြစ်မှု)အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| ၅၆ | ၆ | ပြည်ဆောင်စု | ပြည်ထောင်စု |
| ၅၆ | ၁၅ | တွန်းထွန်းလွင် | ထွန်းထွန်းလွင် |
| ၅၇ | ၂၃ | မြို့နယ်တရားရုံ | မြို့နယ်တရားရုံး |
| ၆၁ | ၂၇ | အယူခံတရာလို | အယူခံတရားလို |

### ၁၉၇၆-ခုနှစ်(ဒုတိယသုံးလပတ်)(တရားမ) အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| (ဠ) | ၂၉ | အတည့်အလင်း | အတိအလင်း |
| ၇၃ | ၁၂ | အတည့်အလင်း | အတိအလင်း |
| ၉၄ | ၆ | ဆိုင်းဝံ | ဆိုင်းငံ |
| (ဏ) | ၁၃ | အတည့်အလင်း | အတိအလင်း |
| (ဏ) | ၉ | ပြောင်လဲဆုံးဖြတ်ခြင်း | ပြောင်းလဲဆုံးဖြတ်ခြင်း |
| (ထ) | ၂၂ | အတည့်အလင်း | အတိအလင်း |
| ၁၁၆ | ၆ | အတည့်အလင်း | အတိအလင်း |
| ၁၁၃ | ၁၅ | အတည့်အလင်း | အတိအလင်း |
| ၁၂၁ | ၁၀ | မြန်မာ့ဓလေ့ | မြန်မာဓလေ့ |
| ၁၂၁ | ၃၅ | ဦးအေးဝမ်း | ဦးအေဝမ်း |

### ၁၉၇၆ခုနှစ် (တတိယသုံးလပတ်) (တရားမ) အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| (န) | ၉ | အတည့်အလင်း | အတိအလင်း |
| (ပ) | ၃၂ | ရုံးခွန်း | ရုံးခွန် |
| (ဖ) | ၁၃ | စိမ | စီမံ |
| ၃ | ၁၀ | အမွေးပုံ | အမွေပုံ |
| ၃ | ၁၀ | စည်းကမ်သတ် | စည်းကမ်းသတ် |
| ၁၄၅ | ၂၃ | ဦးကြည်ဝင်းမာ | ဦးကြည်ဝင်းမှာ |
| ၁၅၉ | ၆ | အတည့်အလင်း | အတိအလင်း |
| ၁၆၀ | ၁၃ | အတည့်အလင်း | အတိအလင်း |
| ၁၆၄ | ၁၅ | ချထားခဲ့သည့် | ချထားခဲ့သည် |

## ၁၉၈၆-ခုနှစ် (တတိယသုံးလပတ်) (တရားမ)အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၆၆ | ၂၃ | ဒေါ်မရီယမ်ဘီ | ဒေါ်မာရီယမ်ဘီ |
| ၁၆၆ | ၂၇ | ဒေါ်မရီယမ်ဘီ | ဒေါ်မာရီယမ်ဘီ |
| ၁၇၄ | ၁၈ | အတည့်အလင်း | အတိအလင်း |
| ၁၇၈ | ၃၁ | လျှောက်လွှား | လျှောက်လွှာ |

## ၁၉၈၆-ခုနှစ် (တတိယသုံးလပတ်) (ပြစ်မှု) အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| ၇၁ | ၃၂ | ဦးနန့်ဇင်းလတ် | ဦးနန့်ဇင်းလတ် |

## ၁၉၈၆-ခုနှစ်(စတုတ္ထသုံးလပတ်)အမှားပြင်ဆင်ချက်

| | | | |
|---|---|---|---|
| ညွှန်းချက်(မ) | ၁၉ | အလျှင်းမရှိ | အလျဉ်းမရှိ |
| ၈၃ | ၇ | တရားစွဲဆိုခွင် | တရားစွဲဆိုခွင့် |
| ၈၉ | ၂၁ | ဝင်းသောင်း | ဝင်းသောင် |
| ၁၉၇ | ၂၃ | သတ်မှတ်တားသည့် | သတ်မှတ်ထားသည့် |
| ၁၉၇ | ၁၈ | အမှု | အမှု |
| ၂၀၂ | ၃၃ | ငါးရမ်းခ | ငှားရမ်းခ |

## အထွေထွေကဏ္ဍ

| | | | |
|---|---|---|---|
| ၂၅ | ၂၆ | စပ်လျှင်း | စပ်လျဉ်း |